# အနှိုင်းမဲ့ဗုဒ္ဓ
# ၏
# အနှိုင်းမဲ့တရားတော်များ

မူလပဏ္ဏာသ

**အရှင်သာသနဝရ**

**(ဓမ္မာစရိယ၊ M.A.)**

**(တတိယအကြိမ်)**



အနှိုင်းမဲ့ဗုဒ္ဓ၏ အနှိုင်းမဲ့တရားတော်များ ● အရှင်သာသနဝရ

# အနှိုင်းမဲ့ဗုဒ္ဓ
# ၏
# အနှိုင်းမဲ့တရားတော်များ

## မူလပဏ္ဏာသ

တိုက်တွန်းချက်

အနှိုင်းမဲ့ဗုဒ္ဓ၏အနှိုင်းမဲ့ သာသနာတော်ကို

အနှိုင်းမဲ့ပြုသူ ဖြစ်လိုလျှင်

အနှိုင်းမဲ့ဗုဒ္ဓ၏ အနှိုင်းမဲ့တရားတော်များကို ဖတ်ပါ ။

# အနှိုင်းမဲ့ဗုဒ္ဓ

# ၏

# အနှိုင်းမဲ့တရားတော်များ


## မူလပဏ္ဏာသ

**(တတိယအကြိမ်)**

အရှင်သာသနဝရ
(ဓမ္မာစရိယ၊ M.A.,)

ပုံနှိပ်ခြင်း
၂၀၁၅–ခုနှစ်၊ မတ်လ

ရန်ကုန်မြို့၊ ကမ္ဘာအေး၊ သာသနာရေးဝန်ကြီးဌာန
သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးဦးဝင်းနိုင်
(မှတ်ပုံတင်အမှတ်–၀၃၈၄၃/၀၂၄၀၅) ကထုတ်ဝေ၍
သာသနာရေးဦးစီးဌာနအတွက်
ဦးနိုင်လေး(မှတ်ပုံတင်အမှတ်–၀၈၈၅၀)
သီရိတိပိဋကပုံနှိပ်တိုက်
အမှတ်–၃၃၃၊ ဗိုလ်ဆွန်ပက်လမ်း၊
ပန်းပဲတန်းမြို့နယ်၊ ရန်ကုန်မြို့က ပုံနှိပ်သည်။



ဆရာတော် ဘဒ္ဒန္တသာသနဝရ

# နိဒါန်း

## နမော အနန္တဗုဒ္ဓါနံ

**ခူးပြီးသား ထမင်းပွဲ ။** ။ စာရေးသူဟာ ဆယ့်ငါးနှစ်သား အရွယ်မှာ စာသင်တိုက်သို့ စတင်ရောက်ရှိပါတယ်။ ၁၆၊ ၁၇၊ ၁၈ နှစ်သား အရွယ်မှာ ပထမငယ်၊ ပထမလတ်၊ ပထမကြီးတန်းတို့ကို ပါဠိဘာသာဖြင့် အောင်မြင်ခဲ့ပါတယ်။ ၂၀၊ ၂၁၊ ၂၂ နှစ်အရွယ်မှာ ဓမ္မာစရိယတန်းကျမ်းရင်းသုံးကျမ်းကို (၁) နှစ်၊ (၁) ကျမ်း အောင်မြင်ပြီး ဓမ္မာစရိယဘွဲ့ရရှိခဲ့ပါတယ်။ ဒီတော့ ပေါင်းလိုက်ရင် စာသင်တိုက်မှာ စာသင်နှစ် ရှစ်နှစ်ပေါ့။ ဓမ္မာစရိယတန်းအောင်တော့ ပါဠိအခြေခံ နည်းနည်းရလာ ပါပြီ။ ဒါပေမဲ့ အဲဒီအချိန်က ပါဠိတော်ကြီးတွေကို မြန်မာမပြန်နိုင်သေးပါဘူး၊ ဓမ္မာစရိယ အောင်ပြီးနောက် ပါဠိဘာသာကို ဆက်လက်လေ့လာခဲ့တာ ဆယ့်ငါးနှစ် ရှိပါပြီ။ စာသင်နှစ်တွေနဲ့ ပေါင်းလိုက်ရင် (၂၃)နှစ် ရှိပြီပေါ့။ အခုမှ ပါဠိတော်ကြီးတွေကို မြန်မာပြန်နိုင်တာပါ။ ဒီအကြောင်းအရာတွေကို ရေးနေရတာက

ပါဠိတော်ဘာသာပြန်စာအုပ် တစ်အုပ်ဖြစ်ဖို့ ဘယ်လောက်ကြိုးစားခဲ့ရတယ်ဆိုတာ သိစေချင်လို့ပါ။ စာရှုသူတို့ဟာ ကံကောင်းကြပါတယ်။ ဘာလို့လဲဆိုတော့ စာရေးသူတို့ နှစ်ပေါင်းများစွာ လေ့လာဆည်းပူးလာခဲ့ရတဲ့ ပါဠိတော်ကြီးရဲ့ အဓိပ္ပါယ်ကို တစ်ထိုင်တည်းနဲ့ သိခွင့်ရ ကြတော့မှာ ဖြစ်လို့ပါပဲ။ ဒါ့ကြောင့် စာရေးသူတို့ ခူးပြီးသား ထမင်းပွဲကို စာရှုသူတို့ အသာစားကြရတာပါ။

**အစမှာခက်လို့ စိတ်မပျက်ပါနဲ့ ။** ။ ဒီကျမ်းစာထဲမှာ အစသုတ္တန်တွေဟာ စာရှုသူတို့အတွက် နည်းနည်းခက်ကောင်း ခက်ပါလိမ့်မယ်။ ဥပမာ- အစဦးဆုံးသုတ် ဖြစ်တဲ့ မူလပရိယာယသုတ်ဆိုရင် မြတ်စွာဘုရားက သက်သက် ခက်အောင် ဟောကြားထားခဲ့တာပါ။ ဘာလို့လဲဆိုတော့ တချို့ ရဟန်းတွေရဲ့ မာနကို ရိုက်ချိုးလိုတဲ့အတွက် ဖြစ်ပါတယ်။ မြတ်စွာဘုရား လက်ထက်တော်က ပုဏ္ဏားငါးရာဟာ ဗေဒင်သုံးပုံကို တစ်ဘက်ကမ်းရောက် တတ်မြောက်ခဲ့ကြတယ်။ သူတို့ဟာ မြတ်စွာဘုရားရဲ့ တရားတော်ကို နာကြားရပြီး မြတ်စွာဘုရား အထံတော်မှာ ရဟန်းပြုခဲ့ကြတယ်။ သူတို့ဟာ ပိဋကတ်သုံးပုံကို အချိန်တိုတိုအတွင်းမှာ သင်ယူတတ်မြောက်ခဲ့ကြတယ်။ ဒါနဲ့ ပရိယတ္တိကို အကြောင်းပြုပြီး ပညာမာန်တက်ခဲ့ကြတယ်။ "မြတ်စွာဘုရား ဟောတိုင်း ဟောတိုင်း ငါတို့ အလွယ်တကူ သိကြတာပဲ။ ငါတို့

အတွက် ဘာခက်တာ ရှိသလဲ" ဆိုပြီး မြတ်စွာဘုရားကိုတောင်မှ အထင်သေးခဲ့ကြတယ်။ မလေးမစား ပြုမူခဲ့ကြတယ်။ မြတ်စွာဘုရားအထံ ဆည်းကပ်ရန်၊ တရားနာရန်ပင် သိပ်မသွားချင်ကြတော့ဘူး။ မြတ်စွာဘုရားက အဲဒီရဟန်းတွေ့ရဲ့ စိတ်ဖြစ်ပုံ အခြေအနေကို ကောင်းစွာသိတော်မူပါတယ်။ ဒါ့ကြောင့် အဲဒီရဟန်းတွေရဲ့ မာနကို ရိုက်ချိုးဖို့ မူလပရိယာယသုတ္တန်ကို သက်သက် ခက်အောင် ဟောတော်မူခဲ့ပါတယ်။ အဲဒီလို တစ်ချို့ သုတ္တန်တွေကတော့ စာရှုသူတို့အတွက် နည်းနည်း ခက်ကောင်း ခက်ပါလိမ့်မယ်။ ဒါပေမဲ့ စိတ်မပျက်ဘဲ ဆက်ဖတ်သင့်ပါတယ်။ ဓမ္မဒါယာဒသုတ်၊ မဟာသီဟနာဒသုတ်၊ ကကစူပမသုတ် အစရှိတဲ့ သုတ်တွေကျတော့ ဥပမာ ဥပမေယျတွေ ဝေဝေဆာဆာနဲ့ ဟောကြားထားတာကို စိတ်ဝင်စားဖွယ်ရာ ဖတ်ရှုရပါလိမ့်မယ်။ အဲဒီအခါမှာ ဖတ်လို့လဲကောင်း၊ အနှစ်သာရလဲရှိတဲ့အရာမှာ ပါဠိတော်ကို မီတဲ့ ကျမ်းစာ မရှိဘူး ဆိုတာ လက်တွေ့ခံစားရပါလိမ့်မယ်။ ရတနာသိုက်ကို တွေ့ရသလိုပဲလို့လဲ ခံစားရပါလိမ့်မယ်။ ဆရာတော်ကြီး တစ်ပါးက မိန့်တော်မူဖူးပါတယ်။ ငါ့ရှင်တို့. . . အရွယ်ကောင်းတုန်းတော့ နိုင်ငံခြားဘာသာတွေ သင်ကြဦးပေါ့ကွာ၊ ဒါပေမဲ့ နောက်ဆုံးတော့ ပါဠိတော်သာ အကောင်းဆုံး ဆိုတာ သိကြပါလိမ့်မယ် - တဲ့။

**ဘုရားနဲ့ တွေ့ချင်ရင် ပါဠိတော်ကိုသင်**

ပညာရှင်တွေ ရေးတဲ့ စာအုပ်တွေဟာ များသောအားဖြင့် လောကီကြီးပွားရေးကို ဦးတည်ကြပါတယ်။ စီးပွားရေး၊ လူမှုရေး၊ ပေါင်းသင်း ဆက်ဆံရေး၊ ပညာရေး၊ ကျန်းမာရေး စသည်ဖြင့် စုံလို့ပါပဲ။ သံသရာဝဋ်အတွင်းမှ လွတ်ကင်းရေး ဦးတည်တဲ့ စာအုပ်ကတော့ အတော်နည်းပါတယ်။ ဒါကလည်း သဘာဝ ကျပါတယ်၊ အပြစ်မဆိုသာပါဘူး၊ ကိုယ်သိတာကို အများနဲ့ မျှဝေခံစားကြတာပါ။ ပုထုဇဉ်ပညာရှင်ဆိုတာ ပုထုဇဉ်တွေး တွေးပြီး၊ ပုထုဇဉ်ရေး ရေးကြပေမှာပဲ။ ကိုယ်တိုင်က နွံနစ်နေတဲ့ ဆင်ကြီးတစ်ကောင်ဟာ နွံနစ်နေကြတဲ့ တခြားဆင်တွေကို နွံထဲမှ ထုတ်ဆောင်ကယ်တင်ချင်တယ် ဆိုတာ မဖြစ်နိုင်သလို ကိုယ်တိုင်က သံသရာနွံထဲမှာ နစ်နေကြတော့ သူတစ်ပါးကို သံသရာနွံထဲမှ ထုတ်ဆောင်ကယ်တင်ချင်တယ် ဆိုတာ မဖြစ်နိုင်ပေဘူးပေါ့။ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကတော့ ကိုယ်တော်တိုင်က သံသရာနွံထဲမှ လွတ်မြောက်တော်မူပြီး နိဗ္ဗာန်ဆိုတဲ့ ကြည်းကုန်းပေါ်မှာ ရောက်နေသူ ဆိုတော့ သံသရာနွံထဲက သတ္တဝါတွေကို ကြည့်ပြီး သနားတော်မူတာပေါ့။ ဒါ့ကြောင့် သုတ္တန်ပေါင်းများစွာမှာ နိဗ္ဗာန် ဆိုတဲ့ ကြည်းကုန်းထက်သို့ ရောက်ရာရောက်ကြောင်း နည်းလမ်းကောင်းတွေကိုသာ အထပ်ထပ် အခါခါ ညွှန်ပြတော်မူခဲ့ပါတယ်။ ဒီကျမ်းစာမှာ ပါတဲ့ မဟာ

သတိပဋ္ဌာန်သုတ်မှာ ဆိုရင် **အနည်းဆုံး ခုနစ်ရက်၊ အများဆုံး ခုနစ်နှစ် ကျင့်ရင် ရဟန္တာ၊ သို့မဟုတ် အနာဂါမ်ဖြစ်ဖို့ ငါဘုရား အာမခံတော် မူပါတယ်**-တဲ့။ ဒါ့ကြောင့် ပါဠိတော်ဘာသာပြန်ဖြစ်တဲ့ ဒီကျမ်းစာ လေးဟာ အသုံးချတတ်တဲ့ စာရှုသူတို့အတွက် နိဗ္ဗာန်လက်မှတ် လေးပါ။ ရှေးဆရာတော်ကြီးများက ဘုရားနဲ့ တွေ့ချင်ရင် ပါဠိတော်ကို သင်ဖို့ မိန့်တော်မူလေ့ရှိကြပါတယ်။ ယခုအချိန်မှာတော့ ဒီကျမ်းစာမျိုးကို ဖတ်ရုံနဲ့ ဘုရားနဲ့ တွေ့ခွင့် ရကြပါပြီ။ မြတ်စွာဘုရားရှင် ကိုယ်တော်တိုင်က မဟာပရိနိဗ္ဗာန-သုတ်မှာ "အာနန္ဒာ. . . မပူနဲ့၊ ငါဘုရား ဟောကြားထားတဲ့ ပဋိကတ် သုံးပုံဟာ ငါဘုရား မရှိတဲ့ နောက်မှာ သင်တို့ရဲ့ ဆရာဘုရား ဖြစ်ရစ်လိမ့်မယ်"လို့ ဟောကြားတော်မူခဲ့တယ် မဟုတ်ပါလား? ဒါ့ကြောင့် ဒီကျမ်းစာကို အမြဲလက်ကိုင်ထားသူရဲ့ အနီးမှာ ဘုရားရှင် အမြဲ သီတင်းသုံးနေတော့တာပါပဲ။ ဒီကျမ်းစာကို ဆောင်ထားတဲ့ အိမ်ဟာ ဘုရားရှင်ရဲ့ ကျောင်းတော်နဲ့ တူနေ ပါလိမ့်မယ်။ ဒါ့ကြောင့် ဒီကျမ်းစာကို ဖတ်ရှုတဲ့အခါမှာ ဘုရားရှင်ရဲ့ ရှေ့တော်မှောက်မှာ တရားနာနေရသလို သဘော ထားပြီး လေးလေးစားစား ဖတ်ရှုသင့်ပါတယ်။ ဖတ်ပြီးရင်လဲ အိမ်တွင်းပိဋကတ်ပဲ လို့ သဘောထားပြီး တရိုတသေ သိမ်းထားသင့်ပါတယ်။ ဒီကျမ်းစာက စာရှုသူတို့ရဲ့ သားစဉ်မြေးဆက်အတွက် တန်ဖိုးမဖြတ်နိုင်တဲ့ အသိဉာဏ်၊ သာမန်လူတို့ ရခဲတဲ့ အသိဉာဏ်တွေကို ကေန် ပေးပါလိမ့်မယ်။

**လိုလျှင် ဖြည့်ကာ ဖတ်ရှုပါ ။** ။ ပါဠိတော်ကြီးကို ဘာသာပြန်တဲ့အခါ တချို့သုတ္တန်တွေဟာ အတော်ခက်ပါတယ်။ ဥပမာ- ဝိတက္ကသဏ္ဌာနသုတ် စာပိုဒ်အမှတ် (၂၁၈)နှင့် (၂၁၉) ဆိုရင် လက်ရှိပါဠိတော်အတိုင်း အဓိပ္ပါယ် ပြည့်စုံအောင် ဘာသာပြန်ဖို့ မလွယ်ကူပါဘူး။ (ပညာရှင်များ အထူး သတိချပ်သင့်တဲ့ အချက်ပါ။) ဒါပေမဲ့ ပြည့်စုံနိုင်သမျှ ပြည့်စုံအောင် အထူး ကြိုးစားပြီး ဘာသာပြန်ဆိုထားပါတယ်။ တချို့သုတ္တန်တွေကိုတော့ ပါဠိတော်ရဲ့ အာဘော်ကို ခြုံမိငုံမိအောင် အနှစ်ချုပ်ပြီး ဘာသာပြန်ဆိုထားပါတယ်။ တိတ္ထိတို့ရဲ့ ဝါဒ စတဲ့ မလိုအပ်တဲ့ အဓိပ္ပါယ်တွေကိုတော့ ချန်လှပ်ထားခဲ့ပါတယ်။ အဓိပ္ပါယ် ပြည့်ပြည့်စုံစုံ သိချင်ရင်တော့ သာသနာရေးဦးစီးဌာနက ပုံနှိပ် ထုတ်ဝေတဲ့ ပါဠိတော် ဘာသာပြန်ကြီးတွေကို ဖတ်ရှုကြဖို့ အကြံပြုလိုပါတယ်။ ဒီကျမ်းစာရဲ့ အဓိက ရည်ရွယ်ချက်ကတော့ ပါဠိတော်ရဲ့ လိုရင်း အဓိပ္ပါယ်ကို စာဖတ်ပရိသတ် မြန်မြန်သိရှိရေးပဲ ဖြစ်ပါတယ်။ အသိနောက်မှ အကျင့် လိုက်လာပါလိမ့်မယ်။ အဲဒီလို စာဖတ်ပရိသတ် နားလည်လွယ်ရန် ဘာသာပြန်ရတာ မလွယ်ကူလှပါဘူး။ စကားလုံး ဝေါဟာရ ရွေးချယ် သုံးနှုန်းရတာ၊ ရှေ့နောက် အထားအသို အဆင်ပြေအောင် စီစဉ်ရတာကအစ အတော်ခက်ပါတယ်။ အကယ်၍ စကားလုံးဝေါဟာရ မမှန်ကန်မှု၊ ရှေ့နောက် အထားအသို

အဆင်မပြေမှု၊ အဓိပ္ပါယ် မပြည့်စုံမှု စတဲ့ အားနည်းချက်များ တွေ့ရှိခဲ့ပါက ပညာရှင်များ ပြင်ဆင် ဖြည့်စွက်၍ ဖတ်ရှုကြပါရန် ကြိုတင် ပန်ကြားလိုက်ပါတယ်။

**ပူဇော်လေးမြတ် ကျေးဇူးဆပ်** ။ ။ ဒီကျမ်းစာဖြင့် ဘုရား၊ တရား သံဃာ ရတနာမြတ်သုံးပါးနှင့် ကျေးဇူးတော်ရှင် ဆရာသခင်တို့အား ရိုသေလေးမြတ်စွာ ပူဇော်လိုက်ပါတယ်။ ကျေးဇူးရှင် မယ်တော်၊ ခမည်းတော်၊ ရဟန်းဒကာ၊ ရဟန်းအမတို့အားလည်းကောင်း၊ ဒီကျမ်းစာနှင့်တကွ ပစ္စည်းလေးပါးအလှူရှင် ဒေါက်တာခင်ခင်ရီ မိသားစုအား လည်းကောင်း အထူး ကျေးဇူးဆပ်လိုက်ပါတယ်။

သုံးဆယ့်တစ်ဘုံသားအားလုံး

ကိုယ်စိတ်နှစ်ဖြာ

အေးချမ်းသာယာကြပါစေ

အရှင်သာသနဝရ

၁၀၊ ၁၊ ၂၀၀၂

## အမြတ်ဆုံးအလှူ

သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ၊
သဗ္ဗရသံ ဓမ္မရသော ဇိနာတိ။
သဗ္ဗရတိံ ဓမ္မရတိ ဇိနာတိ၊
တဏှက္ခယော သဗ္ဗဒုက္ခံ ဇိနာတိ။

တရားအလှူသည် အလှူအားလုံးကို အောင်နိုင်၏။
တရားအရသာသည် အရသာ အားလုံးကို အောင်နိုင်၏။
တရား၌မွေ့လျော်ခြင်းသည် မွေ့လျော်ခြင်းအားလုံးကို အောင်နိုင်၏။
တဏှာကုန်ရာ အရဟတ္တဖိုလ်သည် အလုံးစုံဆင်းရဲကို အောင်နိုင်၏။

(ဓမ္မပဒ)

## ဓမ္မဒါနကုသိုလ်ရှင်

ဖခင်ကြီး (ဦးတင်လှ) နှင့် မိခင်ကြီးဒေါ်စန်းရီ ကို
အမှူးထား၍
ဒေါက်တာခင်ခင်ရီ မိသားစု ကောင်းမှု။

# မာတိကာ

အစဉ် အကြောင်းအရာ စာမျက်နှာ

## ၁ – မူလပဏ္ဏာသပါဠိ


၁။ မူလပရိယာယသုတ် -------------------------- ၁
အမှတ်(၁) ပုထုဇဉ်အပိုင်း -------------------- ၁
အမှတ် (၂) သေက္ခပုဂ္ဂိုလ်အပိုင်း ----------------- ၅
အမှတ် (၃) ရဟန္တာပုဂ္ဂိုလ်အပိုင်း ----------------- ၆
အမှတ်(၄) မြတ်စွာဘုရားအပိုင်း ----------------- ၇
၂။ သဗ္ဗာသဝသုတ် -------------------------- ၉
နှလုံးသွင်းမှားသူ နှင့် နှလုံးသွင်းမှန်သူ ------------ ၉
သိမြင်ခြင်းဖြင့် ပယ်ထိုက်တဲ့ အာသဝေါများ ------ ၁၀
စောင့်စည်းခြင်းဖြင့် ပယ်ထိုက်တဲ့ အာသဝေါများ -- ၁၄
မှီဝဲခြင်းဖြင့် ပယ်ထိုက်တဲ့ အာသဝေါများ --------- ၁၅
သည်းခံခြင်းဖြင့် ပယ်ထိုက်တဲ့ အာသဝေါများ----- ၁၆
ရှောင်ကြဉ်ခြင်းဖြင့် ပယ်ထိုက်တဲ့ အာသဝေါများ -- ၁၇
ပယ်ဖျောက်ခြင်းဖြင့် ပယ်ထိုက်တဲ့ အာသဝေါများ - ၁၈
ပွားများခြင်းဖြင့် ပယ်ထိုက်တဲ့ အာသဝေါများ----- ၁၉
၃။ ဓမ္မဒါယာဒသုတ် ------------------------ ၂၀
တရားအမွေခံသူ နှင့် ပစ္စည်းအမွေခံသူ --------- ၂၀
မြတ်စွာဘုရားအား အတုလိုက်၍ မကျင့်သူ ----- ၂၄

မြတ်စွာဘုရားအား အတုလိုက်၍ ကျင့်သူ ------- ၂၅
လောဘစသည် ပယ်ကြောင်းတရား ------------- ၂၆
၄။ **ဘယဘေရဝသုတ်** ------------------------ ၂၉
တောထဲမှာနေ၍ ဘေး မကင်းကြောင်း/
ကင်းကြောင်းများ --------------------------- ၃၀
၅။ **အနင်္ဂဏသုတ်** ------------------------ ၃၇
အညစ်အကြေးနှင့်စပ်သော ပုဂ္ဂိုလ် ၄ မျိုး -------- ၃၇
အညစ်အကြေးဆိုတာ ဘာလဲ ? -------------- ၄၂
၆။ **အာကင်္ခေယျသုတ်** ------------------------ ၄၇
လို, တ, ရ ကြောင်း နည်းလမ်းကောင်း ---------- ၄၇
၇။ **ဝတ္ထသုတ်** ------------------------------- ၅၀
အဝတ်အထည် ဥပမာ ------------------------ ၅၀
စိတ်ရဲ့ညစ်နွမ်းကြောင်းတရားများ --------------- ၅၁
၈။ **သလ္လေခသုတ်** ------------------------------ ၅၄
မိစ္ဆာအယူကို ပယ်စွန့်နည်း ---------------------- ၅၄
စိတ်ရဲ့ အညစ်အကြေးကို ခြစ်ခွာနည်းများ ------- ၅၅
၉။ **သမ္မာဒိဋ္ဌိသုတ်** ---------------------------- ၆၃
မှန်ကန်တဲ့ အမြင် ရှိသူ ------------------------ ၆၃
၁၀။ **မဟာသတိပဋ္ဌာနသုတ်** --------------------- ၈၃
ကာယာနုပဿနာသတိပဋ္ဌာန် အကျယ်
(၁) ထွက်သက်ဝင်သက်ကို ရှုဆင်ခြင်ပုံအပိုင်း ---- ၈၄
(၂) ဣရိယာပုတ်ကို ဆင်ခြင်ပုံအပိုင်း ------------ ၈၆

(၃) သတိသမ္ပဇဉ်ဖြင့် ဆင်ခြင်ပုံအပိုင်း ----------- ၈၈
(၄) စက်ဆုပ်ဖွယ် - ဟု နှလုံးသွင်းပုံအပိုင်း ------- ၉၀
(၅) ဓာတ်ခွဲ၍ နှလုံးသွင်းပုံအပိုင်း -------------- ၉၂
(၆) သူသေကောင်ကိုးမျိုးကဲ့သို့ ဆင်ခြင်ပုံ -------- ၉၃
ဝေဒနာနုပဿနာသတိပဋ္ဌာန်အကျယ် ----------- ၉၃
စိတ္တာနုပဿနာသတိပဋ္ဌာန် အကျယ် ----------- ၉၉
ဓမ္မာနုပဿနာသတိပဋ္ဌာန်အကျယ်
နီဝရဏအပိုင်း ---------------------------- ၁၀၁
ခန္ဓာအပိုင်း ----------------------------- ၁၀၃
အာယတနအပိုင်း -------------------------- ၁၀၅
ဗောဇ္ဈင်အပိုင်း -------------------------- ၁၀၆
သစ္စာအပိုင်း ---------------------------- ၁၀၈
ဒုက္ခသစ္စာအကျယ် ------------------------ ၁၀၉
သမုဒယသစ္စာအကျယ် ---------------------- ၁၁၂
နိရောဓသစ္စာအကျယ် ---------------------- ၁၁၄
မဂ္ဂသစ္စာအကျယ် ------------------------ ၁၁၄

## ၂ - သီဟနာဒဝဂ်

၁။ စူဠသီဟနာဒသုတ် ---------------------- ၁၁၉
ခြင်္သေ့ဟိန်းသံ ဟိန်းရန်အကြောင်းများ --------- ၁၁၉
ဘဝဒိဋ္ဌိနှင့် ဝိဘဝဒိဋ္ဌိ ------------------------ ၁၂၀
ဥပါဒါန် လေးမျိုး -------------------------- ၁၂၂

**၂။ မဟာသီဟနာဒသုတ်** ---------- ၁၂၅

အားတော် ဆယ်ပါး ---------- ၁၂၆

ဝေသာရဇ္ဇဉာဏ်တော် လေးပါး ---------- ၁၂၈

ပရိသတ် ရှစ်မျိုး ---------- ၁၂၉

ယောနိ (သတ္တဝါ) လေးမျိုး ---------- ၁၃၀

ဂတိ (ဘုံ) ငါးမျိုး ---------- ၁၃၁

မီးကျီးတွင်းဥပမာ ---------- ၁၃၁

မစင်တွင်းဥပမာ ---------- ၁၃၂

သစ်ပင်အိုဥပမာ ---------- ၁၃၃

သစ်ပင်ကောင်းဥပမာ ---------- ၁၃၄

အိမ်ကြီးဥပမာ ---------- ၁၃၄

ရေကန်ကြီးဥပမာ ---------- ၁၃၆

ဘုရားရှင်၏ ဉာဏ်တော် ---------- ၁၃၈

**၃။ မဟာဒုက္ခက္ခန္ဓသုတ်** ---------- ၁၄၁

ကာမဂုဏ်၊ ရုပ်၊ ဝေဒနာတို့ရဲ့ အပြစ်စသည် ----- ၁၄၁

**၄။ စူဠဒုက္ခက္ခန္ဓသုတ်** ---------- ၁၅၁

ကာမဂုဏ်ရဲ့ အပြစ်စသည် ---------- ၁၅၂

မြတ်စွာဘုရားနှင့် ဗိမ္ဗိသာရမင်းတို့၏ ချမ်းသာ --- ၁၅၆

**၅။ အနုမာနသုတ်** ---------- ၁၅၉

ပြောရခက်ကြောင်းတရားများ ---------- ၁၅၉

မိမိကိုယ်ကို စစ်ဆေးနည်း ---------- ၁၆၂

မှန်ဥပမာ ---------- ၁၆၃

**၆။ စေတောခိလသုတ်** ---------------------- ၁၆၅
စိတ်၏ ဆူးငြောင့် ငါးမျိုး ---------------------- ၁၆၅
စိတ်၏ အနှောင်အဖွဲ့ ငါးမျိုး ---------------------- ၁၆၅
**၇။ ဝနပတ္ထသုတ်** ---------------------- ၁၆၈
နေသင့်သော တောအုပ် စသည် ---------------------- ၁၆၈
မှီဝဲသင့်သော ပုဂ္ဂိုလ် စသည် ---------------------- ၁၇၁
**၈။ မဓုပိဏ္ဍိကသုတ်** ---------------------- ၁၇၅
ဘုရားဟောသော တရား ---------------------- ၁၇၆
**၉။ ဒွေဓာဝိတက္ကသုတ်** ---------------------- ၁၈၃
ဝိတက် နှစ်အုပ်စု ---------------------- ၁၈၃
မိစ္ဆာမဂ္ဂင် ရှစ်ပါး ---------------------- ၁၉၀
အရိယမဂ္ဂင် ရှစ်ပါး ---------------------- ၁၉၀
**၁၀။ ဝိတက္ကသဏ္ဍာနသုတ်** ---------------------- ၁၉၃
ဝိတက်ဆိုးရပ်ကြောင်း ငါးပါး ---------------------- ၁၉၃

## ၃ – သြပမ္မဝဂ်

**၁။ ကကစူပမသုတ်** ---------------------- ၂၀၁
မေတ္တာထားနည်းများ ---------------------- ၂၀၂
အာဇာနည်မြင်းရထား ဥပမာ ---------------------- ၂၀၄
အင်ကြင်းတော ဥပမာ ---------------------- ၂၀၅
ဝေဒေဟိကာ ဝတ္ထု ---------------------- ၂၀၆

စကား ငါးမျိုး ---------------------------- ၂၁၀
မြေကြီး ဥပမာ ---------------------------- ၂၁၁
ဂင်္ဂါမြစ် ဥပမာ ---------------------------- ၂၁၃
ကြောင်ရေအိတ် ဥပမာ -------------------- ၂၁၄
လွှ ဥပမာ ဩဝါဒကထာ -------------------- ၂၁၅
**၂။ အလဂဒ္ဒူပမသုတ်** -------------------- ၂၁၇
အရိဋ္ဌရဟန်း အယူမှားပုံ -------------------- ၂၁၇
ကာမဂုဏ်၏ အပြစ်များ -------------------- ၂၂၀
မြွေဖမ်းသူ ဥပမာ -------------------------- ၂၂၁
ဖောင်ဥပမာ တရားတော် -------------------- ၂၂၄
ဒိဋ္ဌိ ခြောက်မျိုး ---------------------------- ၂၂၅
မြက်, ထင်း စသည် ဥပမာ ------------------ ၂၃၅
**၃။ ဝမ္မိကသုတ်** -------------------------- ၂၃၇
တောင်ပို့ ဥပမာ ---------------------------- ၂၃၉
**၄။ ရထဝိနီတသုတ်** ---------------------- ၂၄၃
ချီးမွမ်းကြောင်း ဆယ်ပါး -------------------- ၂၄၃
ဝိသုဒ္ဓိ ခုနစ်ပါး ---------------------------- ၂၄၇
မြင်းရထား ခုနစ်စီး ဥပမာ ------------------ ၂၅၀
**၅။ နိဝါပသုတ်** -------------------------- ၂၅၅
သမင်အုပ် လေးမျိုး ------------------------ ၂၅၅
ရဟန်းပုဏ္ဏား လေးမျိုး -------------------- ၂၅၉

၆။ ပါသရာသိသုတ် ------------------------ ၂၆၅
ရှာမှီးခြင်း နှစ်မျိုး ------------------------ ၂၆၇
ဘုရားအလောင်းတော် ရှာမှီးခြင်း
နှစ်မျိုးဖြင့် ရှာမှီးခဲ့ပုံ ------------------------ ၂၆၈
ကျော့ကွင်းဥပမာ ------------------------ ၂၈၁
၇။ စူဠဟတ္ထိပဒေါပမသုတ် ------------------ ၂၈၃
ဆင်ခြေရာ ဥပမာနှင့် ဉာဏ်ခြေရာ ----------- ၂၈၄
ဆင်ခြေရာ ဥပမာ အပြည့်အစုံ -------------- ၂၈၇
၈။ မဟာဟတ္ထိပဒေါပမသုတ် ---------------- ၂၉၇
ဆင်ခြေရာ ဥပမာနှင့် သစ္စာလေးပါး --------- ၂၉၇
ဓာတ်ကမ္မဋ္ဌာန်း ------------------------ ၂၉၈
ဥပါဒါနက္ခန္ဓာဟူသည် --------------------- ၂၉၈
၉။ မဟာသာရောပမသုတ် ------------------ ၃၀၉
သာသနာတော်၏ အနှစ်, အကာ,
အခေါက်, အပွေး, အခက်အရွက် ----------- ၃၀၉
၁၀။ စူဠသာရောပမသုတ် ------------------- ၃၁၂

## ၄–မဟာယမကဝဂ်

၁။ စူဠဂေါသိင်္ဂသုတ် ----------------------- ၃၁၃
ဂေါသိင်္ဂတောမှာ အရှင်အနုရုဒ္ဓါတို့
နေထိုင်ကြပုံ ------------------------------ ၃၁၄

အရှင်အနုရုဒ္ဓါတို့၏ ဂုဏ်ကို
ကြည်ညိုရကျိုး ------------------------------ ၃၁၈
၂။ **မဟာဂေါသိင်္ဂသုတ်** ------------------------- ၃၁၉
ဂေါသိင်္ဂအင်ကြင်းတောကြီး
တင့်တယ်ကြောင်း ------------------------- ၃၁၉
၃။ **မဟာဂေါပါလကသုတ်** -------------------- ၃၂၃
မကြီးပွားနိုင်သော နွားကျောင်းသားကဲ့သို့
မကြီးပွားနိုင်သော ရဟန်း-------------------- ၃၂၃
၄။ **စူဠဂေါပါလကသုတ်** ---------------------- ၃၂၉
ပညာမရှိသော နွားကျောင်းသားနှင့်
တူသော ရဟန်းပုဂ္ဂိုလ်များ ------------------- ၃၂၉
ပညာရှိသော နွားကျောင်းသားနှင့်
တူတော်မူသော ဘုရားရှင် ------------------- ၃၃၁
၅။ **စူဠသစ္စကသုတ်** -------------------------- ၃၃၃
သစ္စကပရိဗိုဇ်အား ချွတ်တော်မူပုံ ------------- ၃၃၄
ပုစ္ဆာန်လုံး ဥပမာ --------------------------- ၃၄၁
သာသနာပြုသူ ----------------------------- ၃၄၂
ရဟန္တာဟူသည် ---------------------------- ၃၄၃
၆။ **မဟာသစ္စကသုတ်** ------------------------- ၃၄၇
ကာယကျင့်စဉ်နှင့် စိတ္တကျင့်စဉ် ----------------- ၃၄၈
ဘုရားအလောင်းတော် ဆရာရှာ၍
ကျင့်တော်မူပုံ ------------------------------ ၃၅၄

ထင်းဥပမာ သုံးမျိုး ------------------------ ၃၅၇
ဒုက္ကရစရိယာ ကျင့်ခဲ့ပုံ ---------------------- ၃၆၀
အာနာပါနသဿတိသည် သစ္စာသိကြောင်း
လမ်းစဉ် ---------------------------------- ၃၆၄
၇။ **စူဠတဏှာသင်္ခယသုတ်** ------------------ ၃၆၉
ရဟန္တာဖြစ်ကြောင်း တရားတော် ------------- ၃၆၉
အရှင်မဟာမောဂ္ဂလာန် ဝေဇယန္တာ
ပြသာဒ်ကို ခြေမနဲ့ တို့ကာ
တုန်လှုပ်စေတော်မူခဲ့ပုံ --------------------- ၃၇၂
၈။ **မဟာတဏှာသင်္ခယသုတ်** ---------------- ၃၇၅
မီးအမျိုးမျိုးနှင့်တူသော
ဝိညာဏ်အမျိုးမျိုး ------------------------ ၃၇၆
အာဟာရလေးပါး ------------------------ ၃၇၈
တရားတော်၏ သန္ဒိဋ္ဌိက စသော
ဂုဏ်တော် ခြောက်ပါးနှင့် ပြည့်စုံပုံ ------------ ၃၇၉
တဏှာကုန်ရာ နိဗ္ဗာန်ကို ပြတဲ့ ဒေသနာ ------ ၃၈၀
၉။ **မဟာအဿပုရသုတ်** ---------------------- ၃၈၁
ရဟန်းဖြစ်ကြောင်းတရားများကို ကျင့်ကြံပုံ ------ ၃၈၁
၁၀။ **စူဠအဿပုရသုတ်** ----------------------- ၃၈၅
ရဟန်းကျင့်ဝတ်များကို မကျင့်သူနှင့် ကျင့်သူ --- ၃၈၅

## ၅–စူဠယမကဝဂ်


၁။ **သာလေယျကသုတ်** ---------------------- ၃၈၉

ငရဲကျကြောင်းတရားနှင့်

နတ်ပြည်ရောက်ကြောင်းတရား-------------- ၃၈၉

ဖြစ်လိုရာ ဖြစ်စေနိုင်သော တရားများ --------- ၃၉၂

၂။ **ဝေရဉ္စကသုတ်** ----------------------- ၃၉၃

၃။ **မဟာဝေဒလ္လသုတ်**--------------------- ၃၉၃

ပညာရှိ ပညာမဲ့ စသည် ------------------- ၃၉၃

ကွယ်လွန်သူနှင့် နိရောဓသမာပတ်ကို

ဝင်စားသူတို့ ကွဲပြားမှု --------------------- ၃၉၈

၄။ **စူဠဝေဒလ္လသုတ်**---------------------- ၃၉၉

ဝိသာခဉပါသကာနှင့် ဓမ္မဒိန္နာရဟန္တာ

ထေရီတို့ တရားဆွေးနွေးကြပုံ --------------- ၃၉၉

၅။ **စူဠဓမ္မသမာဒါနသုတ်** ------------------ ၄၀၅

တရားဆောက်တည်ခြင်းလေးမျိုး ------------ ၄၀၅

မာလောနွယ်နှင့် တူသော ကာမဂုဏ် --------- ၄၀၅

၆။ **မဟာဓမ္မသမာဒါနသုတ်** ----------------- ၄၁၃

လိုတာ မရဘဲ မလိုတာရကြောင်း တရားများ -- ၄၁၃

တရားဆောက်တည်ခြင်း လေးမျိုး ----------- ၄၁၄

၇။ **ဝီမံသကသုတ်**------------------------ ၄၂၅

ဘုရားရှင်အား ဓမ္မဖြင့် စူးစမ်းနည်း ----------- ၄၂၅

၈။ ကောသမ္ဗိယသုတ် ---------------------- ၄၃၁
အမြဲ ပွားများရမည့်တရား ခြောက်ပါး --------- ၄၃၂
သောတာပန်အင်္ဂါ ခုနစ်ပါး ----------------- ၄၃၃
၉။ ဗြဟ္မနိမန္တနိကသုတ် -------------------- ၄၃၉
ဗကဗြဟ္မာအား ချွတ်တော်မူပုံ--------------- ၄၃၉
၁၀။ မာရတဇ္ဇနီယသုတ်--------------------- ၄၄၉
မာရ်နတ်က အရှင်မဟာမောဂ္ဂလာန်၏
အူထဲ ဝင်နေပုံ---------------------------- ၄၄၉
ဒူသီမာရ်နတ်အကြောင်း-------------------- ၄၅၀
မာရ်နတ်က အရှင်မောဂ္ဂလာန်၏ တူဖြစ်ခဲ့ပုံ --- ၄၅၀
ဝိဓုရမထေရ် အမည်ရပုံ -------------------- ၄၅၀
သဉ္ဇီဝမထေရ် အမည်ရပုံ ------------------- ၄၅၀
ပါဠိနာမည်များ ရှင်းလင်းချက် ---------------- ၄၆၀


**မာတိကာ ပြီးပြီ။**

❊❊❊

# ကြိုတင်၍ ပြောထားပါရစေ

ဤကျမ်းစာ၌ . . .

**ဓမ္မဒါယာဒ**သုတ်ကို ဖတ်လျှင် ပစ္စည်းဥစ္စာထက် တရားတော်ကို ပို၍ မြတ်နိုးတတ်မည်။ (စာ-၂၁)

**သလ္လေခ** သုတ်ကို ဖတ်လျှင် ဘယ်သူ မကောင်း ကောင်းကောင်း ကိုယ်ကောင်းအောင် နေတတ်မည်။ (စာ-၅၄)

**မဟာသတိပဋ္ဌာန**သုတ်ကို ဖတ်လျှင် ဝိပဿနာ တရားတော်ကို ဗုဒ္ဓအလိုတော်ကျ အားထုတ်တတ်မည်။ (စာ -၈၃)

**မဟာသီဟနာဒ**သုတ်ကို ဖတ်လျှင် ဘုရားရှင်၏ ဂုဏ်တော်များကို ပို၍ ပို၍ ကြည်ညိုလာမည်။ (စာ - ၁၂၅)

**ကကစူပမ**သုတ်ကို ဖတ်လျှင် မည်သူ့ကို မဆို သည်းခံ၍ မေတ္တာ ထားတတ်မည်။ (စာ - ၂၀၁)

**အရှင်သာသနဝရ**

# ၁ – မူလပရိယာယဝဂ်

## ၁ – မူလ ပရိယာယသုတ်

၁။ အခါတစ်ပါးမှာ ဥက္ကဋ္ဌာမြို့အနီး သုဘဂတောအုပ်ထဲက တောစိုးသစ်ပင်ကြီးရဲ့ အောက်မှာ မြတ်စွာဘုရား သီတင်းသုံးနေတော်မူပါတယ်။ အဲဒီအခါမှာ မြတ်စွာဘုရားက "ရဟန်းတို့ သဗ္ဗဓမ္မမူလပရိယာယသုတ်ကို သင်တို့အား ငါဘုရား ဟောကြားတော်မူမယ်။ အဲဒီသုတ်ကို နာယူကြ၊ ကောင်းမွန်စွာ နှလုံးသွင်းဆင်ခြင်ကြ"လို့ မိန့်ကြားတော်မူပြီး အခုလို ဟောကြားတော်မူခဲ့ပါတယ်။

### အမှတ်(၁) ပုထုဇဉ်အပိုင်း

၂။ ရဟန်းတို့. . . ပုထုဇဉ်ပုဂ္ဂိုလ်ဟာ ပထဝီဓာတ်ကို ပထဝီဓာတ်လို့ (အမည်ပညတ်အားဖြင့်သာ) မှတ်သားထားတယ်။ (ပထဝီဓာတ်ဆိုတာ - ကိုယ်တွင်းမှာရှိတဲ့ ဆံပင်၊ အမွေး၊ ခြေသည်း၊ လက်သည်း၊ သွား၊ အရေ၊ အသား၊ အကြော၊ အရိုး၊ ရိုးတွင်းချဉ်ဆီ၊ အညှို့၊ နှလုံး၊ အသည်း၊ အမြှေး၊ အဖျဉ်း၊ အဆုတ်၊ အူမ၊ အူသိမ်၊ အစာသစ်၊ အစာဟောင်း -နှင့် ကျန်တဲ့ ခက်မာခြင်း သဘောမှန်သမျှ ဖြစ်တယ်။)

( ၂ )

ပထဝီဓာတ်ကို ပထဝီဓာတ်လို့ (အမည်ပညတ်အားဖြင့်သာ) မှတ်သားပြီး ပထဝီဓာတ်ကို (ငါ လို့) ထင်မှတ်တယ်။ ပထဝီဓာတ်ထဲမှာ (ငါ ရှိတယ် - လို့) ထင်မှတ်တယ်။ ပထဝီဓါတ်ထဲမှ (ဖြစ်ပေါ်လာသော ငါ-လို့) ထင်မှတ်တယ်။ ပထဝီဓာတ်ကို ငါ့ဥစ္စာ-လို့ ထင်မှတ်တယ်။ ပထဝီဓာတ်ကို ငမ်းငမ်းတက် နှစ်သက်မက်မောတယ်။ အဲဒါ ဘာ့ကြောင့်လဲဆိုတော့ - အဲဒီပုထုဇဉ် ပုဂ္ဂိုလ်ဟာ ပထဝီဓာတ်ကို ကွဲကွဲပြားပြား ပိုင်းခြားပြီး မသိသေးသောကြောင့် (သေချာ သဘောမပေါက်သေးသောကြောင့်) ဖြစ်တယ် - လို့ ငါဘုရား ဟောကြားတော်မူတယ်။

(ပုထုဇဉ်ပုဂ္ဂိုလ်ဟာ) အာပေါဓာတ်ကို အာပေါဓာတ် လို့ (အမည်ပညတ်အားဖြင့်သာ) မှတ်သားထားတယ်။

(အာပေါဓာတ်ဆိုတာ - ကိုယ်တွင်းမှာရှိတဲ့ သည်းခြေ၊ သလိပ်၊ ပြည်၊ သွေး၊ ချွေး၊ အဆီခဲ၊ မျက်ရည်၊ အဆီကြည်၊ တံတွေး၊ နှပ်၊ အစေး၊ ကျင်ငယ်- နှင့် ကျန်တဲ့ ဖွဲ့စည်းခြင်း သဘောများ ဖြစ်တယ်။)

အာပေါဓာတ်ကို အာပေါဓာတ် - လို့ (အမည် ပညတ် အားဖြင့်သာ) မှတ်သားပြီး အာပေါဓာတ်ကို (ငါ - လို့)

ထင်မှတ်တယ်။ အာပေါခေတ်ထဲမှာ (ငါ ရှိတယ် - လို့) ထင်မှတ်တယ်။ အာပေါ-ခေတ်ထဲမှ (ဖြစ်ပေါ်လာတဲ့ ငါ - လို့) ထင်မှတ်တယ်။ အာပေါခေတ်ကို ငါ့ဥစ္စာ - လို့ ထင်မှတ်တယ်။ အာပေါခေတ်ကို ငမ်းငမ်းတက် နှစ်သက်မက်မောတယ်။ အဲဒါ ဘာ့ကြောင့်လဲ ဆိုတော့ - အဲဒီပုထုဇဉ် ပုဂ္ဂိုလ်ဟာ အာပေါခေတ်ကို ကွဲကွဲပြားပြား ပိုင်းခြားပြီး မသိသေးသောကြောင့် (သေချာ သဘော မပေါက် သေးသောကြောင့်) ဖြစ်တယ် - လို့ ငါဘုရား ဟောကြားတော်မူတယ်။

ပုထုဇဉ်ပုဂ္ဂိုလ်ဟာ တေဇောခေတ်ကို တေဇောခေတ် လို့ (အမည်ပညတ်အားဖြင့်သာ) မှတ်သားထားတယ်။ (တေဇောခေတ် ဆိုတာ - ကိုယ်တွင်းမှာရှိတဲ့ ပူနွေးကြောင်း၊ ဆွေးမြေ့ကြောင်း၊ လောင်မြိုက်ကြောင်း ဖြစ်တဲ့ သဘော၊ စားအပ်, သောက်အပ်, ခဲအပ်, လျက်အပ်တဲ့ အစာအာဟာရများ ကောင်းစွာကျေညက်ကြောင်း သဘောနှင့် ကျန်တဲ့ အပူအအေး သဘောများ ဖြစ်တယ်။)

တေဇောခေတ်ကို တေဇောခေတ် - လို့ (အမည် ပညတ် အားဖြင့်သာ) မှတ်သားပြီး တေဇောခေတ်ကို (ငါ - လို့) ထင်မှတ်တယ်။ တေဇောခေတ်ထဲမှာ (ငါ ရှိတယ် - လို့) ထင်မှတ်တယ်။ တေဇောခေတ်ထဲမှ (ဖြစ်ပေါ်လာတဲ့ ငါလို့) ထင်မှတ်တယ်။ တေဇောခေတ်ကို ငါ့ ဥစ္စာ - လို့ ထင်မှတ်တယ်။

တေဇောဓာတ်ကို ငမ်းငမ်းတက် နှစ်သက် မက်မောတယ်။ အဲဒါ ဘာကြောင့်လဲ ဆိုတော့ - အဲဒီ ပုထုဇဉ်ပုဂ္ဂိုလ်ဟာ တေဇောဓာတ်ကို ကွဲကွဲပြားပြား ပိုင်းခြားပြီး မသိသောကြောင့် (သေချာ သဘော မပေါက်သောကြောင့်) ဖြစ်တယ် - လို့ ငါဘုရား ဟောကြားတော်မူတယ်။

ပုထုဇဉ်ပုဂ္ဂိုလ်ဟာ ဝါယောဓာတ်ကို ဝါယောဓာတ် - လို့ (အမည်ပညတ်အားဖြင့်သာ) မှတ်သားထားတယ်။ (ဝါယောဓာတ် ဆိုတာ - ကိုယ်တွင်းမှာ ရှိတဲ့ အထက်သို့ ဆန်တက်တဲ့လေ၊ အောက်သို့ စုန်ဆင်းတဲ့လေ၊ ဝမ်းဗိုက်အတွင်းမှာ ရှိတဲ့လေ၊ အူတွင်းမှာ ရှိတဲ့လေ၊ အင်္ဂါကြီးငယ်သို့ လျှောက်တဲ့လေ၊ ထွက်သက်လေ၊ ဝင်သက်လေ စသည်နှင့် ကျန်တဲ့ တွန်းကန်ခြင်း သဘောများ ဖြစ်တယ်။)

ဝါယောဓာတ်ကို ဝါယောဓာတ်လို့ (အမည် ပညတ် အားဖြင့်သာ) မှတ်သားပြီး ဝါယောဓာတ်ကို (ငါ - လို့) ထင်မှတ်တယ်။ ဝါယောဓာတ်ထဲမှာ (ငါ ရှိတယ် - လို့) ထင်မှတ်တယ်။ ဝါယောဓာတ်ထဲမှ (ဖြစ်ပေါ်လာတဲ့ ငါ - လို့) ထင်မှတ်တယ်။ ဝါယောဓာတ်ကို ငါ့ဥစ္စာ - လို့ ထင်မှတ်တယ်။ ဝါယောဓာတ်ကို ငမ်းငမ်းတက် နှစ်သက် မက်မောတယ်။ အဲဒါ ဘာ့ကြောင့်လဲ ဆိုတော့ - အဲဒီ ပုထုဇဉ်ပုဂ္ဂိုလ်ဟာ ဝါယောဓာတ်ကို ကွဲကွဲ ပြားပြား ပိုင်းခြားပြီး မသိသောကြောင့် (သေချာ သဘော

မပေါက်သေး သောကြောင့်) ဖြစ်တယ် - လို့ဂါဘုရား ဟောကြားတော်မူတယ်။

ပုထုဇဉ်ပုဂ္ဂိုလ်ဟာ သတ္တဝါ၊ နတ်၊ မာရ်နတ်၊ ဗြဟ္မာ၊ အာဘဿရဗြဟ္မာ၊ သုဘကိဏှဗြဟ္မာ၊ ဝေဟပ္ဖိုလ်ဗြဟ္မာ၊ အဘိဘူဗြဟ္မာ၊ အရူပဗြဟ္မာ၊ အမြင်၊ အကြား၊ အတွေ့၊ အသိ၊ တစ်ခုတည်း ဖြစ်ခြင်း၊ အမျိုးမျိုး ဖြစ်ခြင်း၊ အလုံးစုံနှင့် ဒိဋ္ဌဓမ္မနိဗ္ဗာန် (လောကနိဗ္ဗာန်)တို့ကိုလည်း ပထဝီဓာတ် စသည်ကိုကဲ့သို့ မှတ်သားတယ်၊ ထင်မှတ်တယ်၊ နှစ်သက် မက်မောတယ်။ အဲဒါ ဘာ့ကြောင့်လဲ ဆိုတော့ - အဲဒီပုထုဇဉ်ပုဂ္ဂိုလ်ဟာ သတ္တဝါ စသည်ကို ကွဲကွဲပြားပြား ပိုင်းခြားပြီး မသိသောကြောင့် (သေချာ သဘောမပေါက်သောကြောင့်) ဖြစ်တယ်လို့ ငါဘုရား ဟောကြားတော်မူတယ်။

**အမှတ်(၁) ပုထုဇဉ်အပိုင်း ပြီးပြီ။**

* * * * *

## အမှတ် (၂) သေက္ခပုဂ္ဂိုလ်အပိုင်း

၇။ ရဟန်းတို့ . . သေက္ခပုဂ္ဂိုလ် (သောတာပန်/သကဒါဂါမ်/အနာဂါမ်ပုဂ္ဂိုလ်) ရဟန်းဟာ ပထဝီဓာတ် စသည်ကို ပထဝီဓာတ် စသည် - လို့ ထူးသောဉာဏ်ဖြင့် သိတယ်။ အဲဒီလို သိပြီး

ပထဝီဓာတ် စသည်ကို (ငါ - လို့) ထင်မှတ်မှု နည်းပါးသွားတယ်။ ပထဝီဓာတ် စသည်မှာ (ငါ ရှိတယ် - လို့) ထင်မှတ်မှု နည်းပါး သွားတယ်။ ပထဝီဓာတ်စသည်မှ (ဖြစ်ပေါ်လာတဲ့ ငါ - လို့) ထင်မှတ်မှု နည်းပါးသွားတယ်။ ပထဝီဓာတ်စသည်ကို ငါ့ဥစ္စာ လို့ ထင်မှတ်မှု နည်းပါးသွားတယ်။ပထဝီဓာတ်စသည်ကို နှစ်သက် မက်မောမှု နည်းပါးသွားတယ်။ အဲဒါ ဘာ့ကြောင့်လဲဆိုတော့ - အဲဒီ သေက္ခပုဂ္ဂိုလ်ဟာ ပထဝီဓာတ်စသည်ကို ကွဲကွဲပြားပြား ပိုင်းခြား၍ သိနိုင်သောကြောင့် (သေချာ သဘောပေါက်နိုင် သောကြောင့်) ဖြစ်တယ် - လို့ ငါဘုရား ဟောကြားတော်မူတယ်။

## အမှတ် (၂) သေက္ခပုဂ္ဂိုလ်အပိုင်း ပြီးပြီ။

* * * * *

## အမှတ် (၃) ရဟန္တာပုဂ္ဂိုလ်အပိုင်း

၈။ ရဟန်းတို့ . . ရဟန္တာဖြစ်တဲ့ ရဟန်းဟာ ပထဝီ စသည်ကို ပထဝီစသည် - လို့ ထူးသောဉာဏ်ဖြင့် သိတယ်။ ပထဝီဓာတ် စသည်ကို ပထဝီဓာတ်လို့ ထူးသောဉာဏ်ဖြင့် သိ၍ ပထဝီဓာတ် စသည်ကို (ငါ - လို့) မထင်မှတ်။ ပထဝီဓာတ် စသည်ထဲမှာ (ငါ ရှိတယ် - လို့) မထင်မှတ်။ ပထဝီဓာတ် စသည်ထဲမှ (ဖြစ်ပေါ်လာတဲ့ ငါ - လို့) မထင်မှတ်။ ပထဝီဓာတ်စသည်ကို ငါ့ဥစ္စာ - လို့ မထင်မှတ်။

ပထဝီဓာတ် စသည်ကို မနှစ်သက် မမက်မော။ အဲဒါ ဘာ့ကြောင့်လဲ ဆိုတော့ - အဲဒီ ရဟန္တာ ရဟန်းဟာ ပထဝီဓာတ် စသည်ကို ကွဲကွဲပြားပြား ပိုင်းခြား၍ သိပြီးသူ ဖြစ်ခြင်း၊ ရာဂ, ဒေါသ, မောဟတို့ အကြွင်းမဲ့ ကုန်ခန်းခြင်းအားဖြင့် ရာဂ, ဒေါသ, မောဟ ကင်းသူ ဖြစ်ခြင်းတို့ကြောင့် ဖြစ်တယ်လို့ ငါဘုရား ဟောကြားတော် မူတယ်။

## အမှတ်(၃) ရဟန္တာပုဂ္ဂိုလ်အပိုင်း ပြီးပြီ။

* * * * *

## အမှတ်(၄) မြတ်စွာဘုရားအပိုင်း

၁၂။ ရဟန်းတို့ . . မြတ်စွာဘုရားလည်း ပထဝီဓာတ် စသည်ကို ပထဝီဓာတ် စသည် - လို့ ထူးသော ဉာဏ်ဖြင့် သိတော်မူတယ်။ ပထဝီဓာတ် စသည်ကို ပထဝီဓာတ်စသည် - လို့ ထူးသော ဉာဏ်ဖြင့် သိတော်မူ၍ ပထဝီဓာတ်စသည်ကို (ငါ - လို့) ထင်မှတ်တော်မမူ။ ပထဝီဓာတ်စသည်မှာ (ငါ - ရှိတယ် - လို့) ထင်မှတ်တော်မမူ။ ပထဝီဓာတ်စသည်ထဲမှ (ဖြစ်ပေါ် လာတဲ့ ငါ - လို့) ထင်မှတ်တော် မမူ။ ပထဝီဓာတ် စသည်ကို ငါ့ဥစ္စာ - လို့ ထင်မှတ်တော်မမူ။ ပထဝီဓာတ် စသည်ကို နှစ်သက်မက်မောတော်မမူ။ အဲဒါ ဘာ့ကြောင့်လဲဆိုတော့ မြတ်စွာဘုရားဟာ ပထဝီဓာတ် စသည်ကို ကမ်းကုန်အောင် အကြွင်းမဲ့ ပိုင်းခြား၍ သိပြီးသူ ဖြစ်တော်မူတယ်။

"ရှေးဘဝ တဏှာဟာ ဒီဘဝ ဆင်းရဲရဲ့ အကြောင်း ဖြစ်တယ်။ ရှေးကံကြောင့် ပဋိသန္ဓေ နေရတယ်။ ပဋိသန္ဓေ နေပြီးသူဟာ အိုရ၊ သေရတယ်" လို့ သိတော်မူတဲ့အတွက် တဏှာကို အကြွင်းမဲ့ ပယ်ပြီးတော်မူသောကြောင့် အတုမရှိသော အရဟတ္တမဂ်ဉာဏ်ကို ရတော်မူ ခဲ့တယ်။ ဒ့ါကြောင့် ပထဝီဓာတ် စည်ကို (ငါ, ငါ့ ဥစ္စာ - လို့) ထင်မှတ်တော်မမူ၊ နှစ်သက် မက်မောတော်မမူ - လို့ ငါ့ဘုရားဟောကြားတော်မူတယ်။

**အမှတ် (၄) မြတ်စွာဘုရားအပိုင်း ပြီးပြီ။**

* * * * *

မြတ်စွာဘုရားဟာ ဒီတရားတော်ကို ဟောကြားတော်မူပြီးတဲ့အခါ ရဟန်းများဟာ (နားမလည် သဘော မပေါက်ကြ၍) မနှစ်သက် သဘောမကျခဲ့ကြပါ။

**မူလပရိယာယသုတ် ပြီးပြီ။**

❊ ❊ ❊

## ၂ – သမ္မာသဝသုတ်

၁၄။ အခါတစ်ပါးမှာ သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်မှာ မြတ်စွာဘုရား သီတင်းသုံးနေတော်မူပါတယ်။ အဲဒီအခါမှာ မြတ်စွာဘုရားဟာ ရဟန်းတို့အား အခုလို ဟောကြားတော်မူ ခဲ့ပါတယ်။

၁၅။ ရဟန်းတို့ . . နှလုံးသွင်းအမှားအမှန်ကို ခွဲခြား သိမြင်သော ပုဂ္ဂိုလ်မှာ အာသဝေါ (**လောဘ, ဒိဋ္ဌိ, မောဟ**) ကုန်ခန်းနိုင်တယ်၊ နှလုံးသွင်းအမှားအမှန်ကို ခွဲခြား မသိမမြင်သော ပုဂ္ဂိုလ်မှာ အာသဝေါ မကုန်ခန်းနိုင် - လို့ ငါဘုရား ဟောကြား တော်မူတယ်။

ရဟန်းတို့ . . နှလုံးသွင်းမှားသော ပုဂ္ဂိုလ်မှာ မဖြစ်သေးတဲ့ အာသဝေါများလည်း ဖြစ်ပေါ်လာကြတယ်။ ဖြစ်ပြီးတဲ့ အာသဝေါများလည်း တိုးပွားလာကြတယ်။

နှလုံးသွင်းမှန်သော ပုဂ္ဂိုလ်မှာ မဖြစ်သေးသော အာသဝေါ များလည်း မဖြစ်ပေါ်လာကြ၊ ဖြစ်ပြီးတဲ့ အာသဝေါများလည်း ကင်းပျောက်သွားကြတယ်။

၁၆။ ရဟန်းတို့ . .

- သိမြင်ခြင်းဖြင့် ပယ်ထိုက်တဲ့ အာသဝေါများ
- စောင့်စည်းခြင်းဖြင့် ပယ်ထိုက်တဲ့ အာသဝေါများ
- မှီဝဲခြင်းဖြင့် ပယ်ထိုက်တဲ့ အာသဝေါများ

- သည်းခံခြင်းဖြင့် ပယ်ထိုက်တဲ့ အာသဝေါများ
- ရှောင်ကြဉ်ခြင်းဖြင့် ပယ်ထိုက်တဲ့ အာသဝေါများ
- ပယ်ဖျောက်ခြင်းဖြင့် ပယ်ထိုက်တဲ့ အာသဝေါများ
- ပွားများခြင်းဖြင့် ပယ်ထိုက်တဲ့ အာသဝေါများ

ရှိကြတယ်။

## သိမြင်ခြင်းဖြင့် ပယ်ထိုက်တဲ့ အာသဝေါများ

၁၇။ ရဟန်းတို့ . . သိမြင်ခြင်းဖြင့် ပယ်ထိုက်တဲ့ အာသဝေါများဆိုတာ - လောကမှာ ပုထုဇဉ်ပုဂ္ဂိုလ်ဟာ နှလုံးသွင်းသင့်တဲ့ တရား၊ နှလုံးမသွင်းသင့်တဲ့ တရားတို့ကို ခွဲခြား၍ မသိဘူး။ ဒါ့ကြောင့် သူဟာ နှလုံးမသွင်းသင့်တဲ့ တရားတို့ကို နှလုံးသွင်းပြီး နှလုံးသွင်းသင့်တဲ့ တရားတို့ကို နှလုံးမသွင်းဘူး။

ရဟန်းတို့ . . နှလုံးမသွင်းသင့်တဲ့ အဘယ်တရားတို့ကို နှလုံးသွင်းသလဲ ဆိုတော့ - မဖြစ်ပေါ်သေးတဲ့ ကာမာသဝ (လောဘ)၊ ဘဝါသဝ (လောဘ)၊ အဝိဇ္ဇာသဝ (မောဟ) တို့ ဖြစ်ပေါ်ကြောင်း ဖြစ်ပြီး၊ ဖြစ်ပေါ်ပြီးတဲ့ ကာမာသဝ၊ ဘဝါသဝ၊ အဝိဇ္ဇာသဝတို့ တိုးပွားကြောင်းဖြစ်တဲ့ တရားတို့ကို နှလုံးသွင်းတယ်။

ရဟန်းတို့ . . နှလုံးသွင်းသင့်တဲ့ အဘယ်တရားတို့ကို နှလုံးမသွင်းဘူးလဲဆိုတော့ - မဖြစ်ပေါ်သေးတဲ့ ကာမာသဝ၊ ဘဝါသဝ၊ အဝိဇ္ဇာသဝ - တို့ မဖြစ်ပေါ်ကြောင်း ဖြစ်ပြီး၊ ဖြစ်ပေါ်ပြီးတဲ့ ကာမာဘဝ၊ ဘဝါသဝ၊ အဝိဇ္ဇာသဝတို့ ကင်းပျောက်ကြောင်း ဖြစ်တဲ့ တရားတို့ကို နှလုံးမသွင်းဘူး။

ဒါ့ကြောင့် အဲဒီ ပုထုဇဉ်ပုဂ္ဂိုလ်မှာ မဖြစ်ပေါ်သေးတဲ့ အာသဝေါများ ဖြစ်ပြီး၊ ဖြစ်ပေါ်ပြီးတဲ့ အာသဝေါများ တိုးပွား လာကြတော့တယ်။

၁၈။ အဲဒီ ပုထုဇဉ်ပုဂ္ဂိုလ်ဟာ အခုလို မသင့်မတင့် နှလုံးသွင်းတယ်။

- "ငါသည် အတိတ်ကာလက ဖြစ်ခဲ့လေသလော?"
- "ငါသည် အတိတ်ကာလက မဖြစ်ခဲ့ဘူးလေလော?"
- "ငါသည် အတိတ်ကာလက ဘာများဖြစ်ခဲ့ လေသနည်း?"
- "ငါသည် အတိတ်ကာလက အဘယ်သို့များ ဖြစ်ခဲ့လေသနည်း?"
- "ငါသည် အတိတ်ကာလက ဘာဖြစ်ပြီး ဘာဖြစ်ခဲ့ လေသနည်း?"
- "ငါသည် အနာဂတ်ကာလမှာ ဖြစ်လိမ့်မည်လော?"
- "ငါသည် အနာဂတ်ကာလမှာ မဖြစ်တော့ လိမ့်မည်လော?"
- "ငါသည် အနာဂတ်ကာလမှာ ဘာများ ဖြစ်လိမ့် မည်နည်း?"
- "ငါသည် အနာဂတ်ကာလမှာ အဘယ်သို့များ ဖြစ်လိမ့် မည်နည်း?"
- "ငါသည် အနာဂတ်ကာလမှာ ဘာဖြစ်ပြီး ဘာများ ဆက်ဖြစ်လိမ့်မည်နည်း?"

(၁၂)

- "ငါသည် အခု ပစ္စုပ္ပန်ကာလမှာ ဖြစ်နေဆဲလေလော?"
- "ငါသည် အခု ပစ္စုပ္ပန်ကာလမှာ ဖြစ်နေဆဲ မဟုတ်လေသလော?"
- "ငါသည် အခု ပစ္စုပ္ပန်ကာလမှာ အဘယ်သို့များ ဖြစ်နေလေသနည်း?"
- "ဒီသတ္တဝါသည် ဘယ်က လာခဲ့လေသနည်း?"
- "အဲဒီသတ္တဝါသည် အဘယ်သို့ သွားလိမ့်မည်နည်း?"

အဲဒီလို မသင့်မတင့် နှလုံးသွင်းတဲ့ ပုထုဇဉ်ပုဂ္ဂိုလ်ဟာ အယူမှားတဲ့ ပုဂ္ဂိုလ် ဖြစ်တယ်။ အယူမှားတဲ့ ပုထုဇဉ်ပုဂ္ဂိုလ်ဟာ ပဋိသန္ဓေနေရခြင်း၊ အိုရခြင်း၊ သေရခြင်း၊ စိုးရိမ်ပူဆွေး ငိုကြွေးရခြင်း၊ ကိုယ်ဆင်းရဲရခြင်း၊ စိတ်ဆင်းရဲရခြင်းတို့မှ မလွတ်မြောက်နိုင်၊ ဒုက္ခမှ မလွတ်မြောက်နိုင် - လို့ ငါဘုရား ဟောကြားတော်မူတယ်။

၂၀။ ရဟန်းတို့ . . . အရိယာပုဂ္ဂိုလ်ဟာ နှလုံးသွင်းသင့်တဲ့ တရား၊ နှလုံးမသွင်းသင့်တဲ့ တရားတို့ကို ခွဲခြား၍ သိတယ်။ ဒါ့ကြောင့် သူဟာ နှလုံးမသွင်းသင့်တဲ့ တရားတို့ကို နှလုံးမသွင်းဘဲ နှလုံးသွင်းသင့်တဲ့ တရားတို့ကိုသာ နှလုံးသွင်းတယ်။

နှလုံးမသွင်းသင့်တဲ့ အဘယ်တရားတို့ကို နှလုံးမသွင်းဘူးလဲဆိုတော့ - မဖြစ်ပေါ်သေးတဲ့ ကာမာသဝ၊ ဘဝါသဝ၊ အဝိဇ္ဇာသဝ - တို့ ဖြစ်ပေါ်ကြောင်း၊ ဖြစ်ပေါ်ပြီးတဲ့ ကာမာသဝ၊ ဘဝါသဝ၊ အဝိဇ္ဇာသဝ - တို့ တိုးပွားကြောင်း ဖြစ်တဲ့ တရားတို့ကို နှလုံးမသွင်းဘူး။

နှလုံးသွင်းသင့်တဲ့ အဘယ်တရားတို့ကို နှလုံးသွင်းသလဲဆိုတော့ - မဖြစ်ပေါ်သေးတဲ့ ကာမာသဝ၊ ဘဝါသဝ၊ အဝိဇ္ဇာသဝ - တို့ မဖြစ်ပေါ်ကြောင်း ဖြစ်ပြီး၊ ဖြစ်ပေါ်ပြီးတဲ့ ကာမာသဝ၊ ဘဝါသဝ၊ အဝိဇ္ဇာသဝတို့ ကင်းပျောက်ကြောင်း ဖြစ်တဲ့ တရားတို့ကို နှလုံးသွင်းတယ်။

ဒါ့ကြောင့် အဲဒီ အရိယာပုဂ္ဂိုလ်မှာ မဖြစ်ပေါ်သေးတဲ့ အာသဝေါများလည်း မဖြစ်လာကြ။ ဖြစ်ပြီးတဲ့ အာသဝေါများလည်း ကင်းပျောက်သွားကြတယ်။

၂၁။ အဲဒီ အရိယာပုဂ္ဂိုလ်ဟာ "ဒီခန္ဓာငါးပါးဟာ ဒုက္ခပဲ"လို့ သင့်တင့်စွာ နှလုံးသွင်းတယ်။ "ဒီတဏှာဟာ ဒုက္ခဖြစ်ကြောင်းပဲ" လို့ သင့်တင့်စွာ နှလုံးသွင်းတယ်။ "ဒီ နိဗ္ဗာန်ဟာ ဒုက္ခအကြွင်းမဲ့ ကင်းပြတ်ရာပဲ"လို့ သင့်တင့်စွာ နှလုံးသွင်းတယ်။ "ဒီမဂ္ဂင် ရှစ်ပါးဟာ နိဗ္ဗာန်ရောက်ကြောင်း အကျင့်ပဲ"လို့ သင့်တင့်စွာ နှလုံးသွင်းတယ်။

အဲဒီလို နှလုံးသွင်းတဲ့ အရိယာပုဂ္ဂိုလ်မှာ ပရမတ်အားဖြင့် ထင်ရှားရှိတဲ့ ခန္ဓာငါးပါးမှာ ငါ, ငါ့ ဥစ္စာ, ငါ ဖြစ်စေချင်တိုင်း ဖြစ်တဲ့အရာ - လို့ အမှားမြင်ခြင်းဆိုတဲ့ သက္ကာယဒိဋ္ဌိ၊ ဘုရား စသည်မှာ ယုံမှားခြင်းဆိုတဲ့ ဝိစိကိစ္ဆာ၊ နွား ခွေးစသည်တို့ရဲ့ အလေ့အကျင့်ဖြင့် စင်ကြယ်နိုင်၏ - ဟု အလေ့အကျင့်တို့ကို မှားမှား ယွင်းယွင်း သုံးသပ်ခြင်းဆိုတဲ့ သီလဗ္ဗတပရာမာသ အဲဒီ သံယောဇဉ် သုံးပါး ကင်းပျောက်သွားကြတော့တယ်။

ရဟန်းတို့. . . ဒီအာသဝေါတရားများဟာ သိမြင်ခြင်းဖြင့် ပယ်ထိုက်တဲ့ အာသဝေါများ ဖြစ်ကြတယ်။

(ဒီသုတ်မှာ ဝိစိကိစ္ဆာကိုလည်း အာသဝေါ - လို့ ဟောတော်မူတယ်။)

## စောင့်စည်းခြင်းဖြင့် ပယ်ထိုက်တဲ့ အာသဝေါများ

ရဟန်းတို့. . . စောင့်စည်းခြင်းဖြင့် ပယ်ထိုက်တဲ့ အာသဝေါများ ဆိုတာ - မျက်စိကို မစောင့်စည်းဘဲ နေသူမှာ အာသဝေါများ ပင်ပန်းပူလောင်မှုများ ဖြစ်နိုင်စရာရှိတယ်။ မျက်စိကို စောင့်စည်း၍ နေသူမှာ အဲဒီ အာသဝေါများ ပင်ပန်းပူလောင်မှုများ မဖြစ်ကြ။ ဒါ့ကြောင့် ဒီသာသနာတော်မှာ ရဟန်းတစ်ပါးဟာ မျက်စိကို စောင့်စည်း၍ နေတယ်။

ထို့အတူ

- နား
- နှာခေါင်း
- လျှာ
- ကိုယ်
- စိတ် -တို့ကိုလည်း စောင့်စည်း၍ နေတယ်။

အဲဒီလို နေတဲ့ ရဟန်းမှာ အာသဝေါများ ပင်ပန်းပူလောင်မှုများ မဖြစ်ကြ။

ရဟန်းတို့. . . ဒီအာသဝေါများဟာ စောင့်စည်းခြင်းဖြင့် ပယ်ထိုက်တဲ့ အာသဝေါများ ဖြစ်ကြတယ်။

(၁၅)

## မှီဝဲခြင်းဖြင့် ပယ်ထိုက်တဲ့ အာသဝေါများ

၂၃။ ရဟန်းတို့ . . မှီဝဲခြင်းဖြင့် ပယ်ထိုက်တဲ့ အာသဝေါများဆိုတာ - ဒီသာသနာတော်မှာ ရဟန်းတစ်ပါးဟာ သင့်တင့်အောင် ပညာဖြင့် ဆင်ခြင်ပြီး သင်္ကန်းကို မှီဝဲဝတ်ရုံတယ်။ အအေး အပူကို ပယ်ဖျောက်ရုံအတွက်သာ မှီဝဲဝတ်ရုံတယ်။ မှက်, ခြင်, ယင်, လေ, နေပူ, မြွေ, ကင်း, သန်း စသည်တို့ရဲ့ အတွေ့အထိတို့ကို ပယ်ဖျောက်ရုံ အတွက်သာ မှီဝဲဝတ်ရုံတယ်။ ရှက်ကြောက်ဖွယ်ကို ဖုံးလွှမ်းရုံ အတွက်သာ မှီဝဲဝတ်ရုံတယ်။

သင့်တင့်အောင် ပညာဖြင့် ဆင်ခြင်ပြီး ဆွမ်းကို မှီဝဲဘုန်းပေးတယ်။

မြူးထူးပျော်ပါးရန်၊ မာန်မာနကြီးရန်၊ အသားတိုးရန်၊ အဆင်းလှရန် မမှီဝဲ မဘုဉ်းပေး။ ဒီခန္ဓာကိုယ် တည်တံ့ရန်သာ မှီဝဲဘုဉ်းပေးတယ်။ ဆာလောင်မွတ်သိပ်ခြင်းကို ပယ်ဖျောက်ရန်သာ မှီဝဲဘုဉ်းပေးတယ်။ မြတ်သောအကျင့်ကို ကျင့်ကြံအားထုတ်ရန်သာ မှီဝဲဘုဉ်းပေးတယ်။

"ဒီလို မှီဝဲဘုဉ်းပေးခြင်းကြောင့် ဝေဒနာဟောင်းလည်း ပျောက်ကင်းပါစေ၊ ဝေဒနာသစ်လည်း မဖြစ်ပါစေနှင့်၊ ငါ့အား မျှတခြင်း၊ ကိုယ်ခန္ဓာ အပြစ်ကင်းခြင်း၊ ပေါ့ပါးချမ်းသာစွာ နေထိုင်ရခြင်းတို့ ဖြစ်ပါစေ"လို့သာ ဆင်ခြင်ပြီး မှီဝဲဘုဉ်းပေးတယ်။

သင့်တင့်အောင် ပညာဖြင့် ဆင်ခြင်ပြီး ကျောင်းကို မှီဝဲနေထိုင်တယ်။ အအေးအပူကို ပယ်ဖျောက်ရုံအတွက်သာ မှီဝဲနေထိုင်တယ်။ မှက်, ခြင်, ယင်, လေ, နေပူ, မြွေ, ကင်း, သန်း စသည်တို့ရဲ့ အတွေ့အထိတို့ကို ပယ်ဖျောက်ရုံ အတွက်သာ မှီဝဲ နေထိုင်တယ်။ ရာသီဥတုဒဏ်ကို ကာကွယ်ရန်၊ အေးဆေးဆိတ်ငြိမ်စွာ နေထိုင်ရန်အတွက်သာ မှီဝဲ နေထိုင်တယ်။

သင့်တင့်အောင် ပညာဖြင့် ဆင်ခြင်ပြီး ဆေးကို မှီဝဲ ဘုဉ်းပေးတယ်။ ဖြစ်ပေါ်ပြီးတဲ့ အနာရောဂါများ ပျောက်ကင်းရန်အတွက်၊ ဆင်းရဲဒုက္ခ ကင်းရန်အတွက်သာ မှီဝဲဘုဉ်းပေးတယ်။

ရဟန်းတို့. . . ပစ္စည်းလေးပါးကို အဲဒီလို ဆင်ခြင်၍ မမှီဝဲသော ရဟန်းမှာ အာသဝေါများ ပင်ပန်းပူလောင်မှုများ ဖြစ်ပေါ်လာနိုင်စရာ ရှိတယ်။

ပစ္စည်းလေးပါးကို အဲဒီလို ဆင်ခြင်ပြီး မှီဝဲတဲ့ ရဟန်းမှာတော့ အာသဝေါများ ပင်ပန်းပူလောင်မှုများ မဖြစ်ကြတော့။

ရဟန်းတို့. . . ဒီအာသဝေါများဟာ မှီဝဲခြင်းဖြင့် ပယ်ထိုက်တဲ့ အာသဝေါများ ဖြစ်ကြတယ်။

## သည်းခံခြင်းဖြင့် ပယ်ထိုက်တဲ့ အာသဝေါများ

၂၄။ ရဟန်းတို့. . . သည်းခံခြင်းဖြင့် ပယ်ထိုက်တဲ့ အာသဝေါများ ဆိုတာ - ဒီသာသနာတော်မှာ ရဟန်းတစ်ပါးဟာ သင့်တင့်အောင်

ပညာဖြင့် ဆင်ခြင်ပြီး သည်းခံတယ်။ အေးခြင်း၊ ပူခြင်း၊ အစာဆာခြင်း၊ ရေဆာခြင်း၊ မှက်၊ ခြင်၊ ယင်၊ လေ၊ နေပူ၊ မြွေ၊ ကင်း၊ သန်း စသည်တို့ရဲ့ အတွေ့ အထိတို့ကို သည်းခံတယ်။ မကောင်းသဖြင့် ပြောဆိုအပ်တဲ့ ကြမ်းတမ်းတဲ့ စကားတို့ကို လည်း သည်းခံတယ်။ သေလုမျှောပါး ခံစားရတဲ့ နာကျင်ကိုက်ခဲ ဆင်းရဲ ပြင်းထန်တဲ့ ကိုယ်ဆင်းရဲမှုတို့ကိုလည်း သည်းခံတယ်။

ရဟန်းတို့. . . အဲဒီလို သည်းမခံတဲ့ ရဟန်းမှာ အာသဝေါ များ ပင်ပန်းပူလောင်မှုများ ဖြစ်လာနိုင်စရာရှိတယ်။ အဲဒီလို သည်းခံတဲ့ ရဟန်းမှာတော့ အာသဝေါများ ပင်ပန်း ပူလောင်မှုများ မဖြစ်ကြတော့။

ရဟန်းတို့. . . ဒီ အာသဝေါများဟာ သည်းခံခြင်းဖြင့် ပယ်ထိုက်တဲ့ အာသဝေါများ ဖြစ်ကြတယ်။

## ရှောင်ကြဉ်ခြင်းဖြင့် ပယ်ထိုက်တဲ့ အာသဝေါများ

၂၅။ ရဟန်းတို့. . . ရှောင်ကြဉ်ခြင်းဖြင့် ပယ်ထိုက်တဲ့ အာသဝေါ များဆိုတာ - ဒီသာသနာတော်မှာ ရဟန်းတစ်ပါးဟာ သင့်တင့်အောင် ပညာဖြင့် ဆင်ခြင်ပြီး ကြမ်းတမ်းတဲ့ ဆင်၊ မြင်း၊ နွား၊ ခွေးတို့ကို ရှောင်ကြဉ်တယ်။ ကြမ်းတမ်းတဲ့ မြွေ၊ သစ်ငုတ်၊ ဆူးရှိတဲ့ အရပ်၊ ချောက်၊ ကမ်းပါး၊ အညစ်အကြေး စွန့်ရာအရပ်၊ အညစ်အကြေး စီးဆင်းရာ တံစီးတွင်းတို့ကို ရှောင်ကြဉ်တယ်။ ပညာရှိ သီတင်းသုံးဖော်များ အထင်သေးခံရနိုင်စရာရှိတဲ့

မသင့်တော်သော နေရာမှာ နေထိုင်ခြင်း၊ မသင့်တော်သော အရပ်သို့ သွားရောက်လှည့်လည်ခြင်း၊ မကောင်းသော အပေါင်းအဖော်တို့နှင့် ပေါင်းသင်းဆက်ဆံခြင်းတို့ကို ရှောင်ကြဉ်တယ်။

ရဟန်းတို့. . . အဲဒီလို မရှောင်ကြဉ်တဲ့ ရဟန်းမှာ အာသဝေါများ ပင်ပန်းပူလောင်မှုများ ဖြစ်လာနိုင်စရာ ရှိတယ်။

အဲဒီလို ရှောင်ကြဉ်တဲ့ ရဟန်းမှာတော့ အာသဝေါများ ပင်ပန်းပူလောင်မှုများ မဖြစ်ကြတော့။

ရဟန်းတို့. . . ဒီအာသဝေါများဟာ ရှောင်ကြဉ်ခြင်းဖြင့် ပယ်ထိုက်တဲ့ အာသဝေါများ ဖြစ်ကြတယ်။

## ပယ်ဖျောက်ခြင်းဖြင့် ပယ်ထိုက်တဲ့ အာသဝေါများ

၂၆။ ရဟန်းတို့. . . ပယ်ဖျောက်ခြင်းဖြင့် ပယ်ထိုက်တဲ့ အာသဝေါများ ဆိုတာ - ဒီသာသနာတော်မှာ ရဟန်း တစ်ပါးဟာ သင့်တင့်အောင် ပညာဖြင့် ဆင်ခြင်ပြီး ကာမဂုဏ်နှင့် စပ်ယှဉ်တဲ့ အကြံ၊ ပျက်စီးမှုနှင့် စပ်ယှဉ်တဲ့ အကြံ၊ ညှဉ်းဆဲမှုနှင့် စပ်ယှဉ်တဲ့ အကြံတို့ကို ပယ်ဖျောက်တယ်။

ရဟန်းတို့. . . အဲဒီလို မပယ်ဖျောက်တဲ့ ရဟန်းမှာ အာသဝေါများ ပင်ပန်းပူလောင်မှုများ ဖြစ်လာနိုင်စရာ ရှိတယ်။

အဲဒီလို ပယ်ဖျောက်တဲ့ ရဟန်းမှာတော့ အာသဝေါများ ပင်ပန်းပူလောင်မှုများ မဖြစ်ကြတော့။

ရဟန်းတို့ . . ဒီအာသဝေါများဟာ ပယ်ဖျောက်ခြင်းဖြင့် ပယ်ထိုက်တဲ့ အာသဝေါများ ဖြစ်ကြတယ်။

## ပွားများခြင်းဖြင့် ပယ်ထိုက်တဲ့ အာသဝေါများ

၂၇။ ရဟန်းတို့ . . ပွားများခြင်းဖြင့် ပယ်ထိုက်တဲ့ အာသဝေါများဆိုတာ - ဒီသာသနာတော်မှာ ရဟန်းတစ်ပါးဟာ သင့်တင့်အောင် ပညာဖြင့် ဆင်ခြင်ပြီး ဗောဇ္ဈင်ခုနစ်ပါးကို ပွားများတယ်။ အဲဒီ ဗောဇ္ဈင်ခုနစ်ပါးဟာ ဒုက္ခခပ်သိမ်း အေးငြိမ်းရာ၊ ပျက်ရာ၊ ချုပ်ရာ ဖြစ်တဲ့ နိဗ္ဗာန်သို့ရောက်ကြောင်း ဖြစ်တယ်။ အဲဒီ ဗောဇ္ဈင်ခုနစ်ပါးဆိုတာ –

(၁) သတိသမ္ဗောဇ္ဈင် (သတိ)

(၂) ဓမ္မဝိစယသမ္ဗောဇ္ဈင် (ပညာ)

(၃) ဝီရိယသမ္ဗောဇ္ဈင် (ဝီရိယ)

(၄) ပီတိသမ္ဗောဇ္ဈင် (ပီတိ)

(၅) ပဿဒ္ဓိသမ္ဗောဇ္ဈင် (ပဿဒ္ဓိ)

(၆) သမာဓိသမ္ဗောဇ္ဈင် (ဧကဂ္ဂတာ)

(၇) ဥပေက္ခာသမ္ဗောဇ္ဈင် (တတြမဇ္ဈတ္တတာ)တို့ ဖြစ်ကြတယ်။

ရဟန်းတို့ . . အဲဒီ ဗောဇ္ဈင် ခုနစ်ပါးကို မပွားများတဲ့ ရဟန်းမှာ အာသဝေါများ ပင်ပန်းပူလောင်မှုများ ဖြစ်လာနိုင်စရာ ရှိတယ်။

အဲဒီ ဗောဇ္ဈင် ခုနစ်ပါးကို ပွားများတဲ့ ရဟန်းမှာတော့ အာသဝေါများ ပင်ပန်းပူလောင်မှုများ မဖြစ်ကြတော့။

ရဟန်းတို့. . . ဒီ အာသဝေါများဟာ ပွားများခြင်းဖြင့် ပယ်ထိုက်တဲ့ အာသဝေါများ ဖြစ်ကြတယ်။

၂၈။ ရဟန်းတို့. . . အဲဒီ အာသဝေါ အသီးသီးကို ပယ်ပြီးတဲ့ ရဟန်းဟာ အာသဝေါအားလုံးကို ပိတ်ဆို့ပြီး နေထိုင်သူ ဖြစ်တယ်။ တဏှာကို ဖြတ်တောက်ပြီးသူ ဖြစ်တယ်။ သံယောဇဉ် အနှောင်အဖွဲ့ကို ဖြေပြီးသူ ဖြစ်တယ်။ မာနကို သိပြီး ပယ်ပြီးသူ ဖြစ်တယ်။ ဒါ့ကြောင့် သူ့မှာ ဒုက္ခခပ်သိမ်း အေးငြိမ်းသွားတော့တယ်။

ဒီတရားတော်ကို မြတ်စွာဘုရား ဟောကြားပြီးတဲ့အခါ ရဟန်းများဟာ ဝမ်းမြောက်ဝမ်းသာ သာဓု ခေါ်ဆိုခဲ့ကြပါတယ်။

**သဗ္ဗာသဝသုတ် ပြီးပြီ။**

❊ ❊ ❊

**မှတ်ချက်** ။ ။ဒီသုတ်အလို ဝိစိကိစ္ဆာနှင့် ဝိဃာတပရိဠာဟ တို့လည်း အာသဝ - လို့ အမိပ္ပါယ်ရတယ်။

## ၃ – ဓမ္မဒါယာဒသုတ်

၂၉။ အခါတစ်ပါးမှာ သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်မှာ မြတ်စွာဘုရား သီတင်းသုံးနေတော်မူပါတယ်။ အဲဒီအခါက မြတ်စွာဘုရားဟာ ရဟန်းတော်တို့အား အခုလို ဟောကြားတော်မူခဲ့ပါတယ်။

ရဟန်းတို့ . . ငါဘုရားရဲ့ တရားအမွေခံသူများသာ ဖြစ်ကြ၊ ပစ္စည်းအမွေခံများတော့ မဖြစ်ကြကုန်လင့်။ "အဘယ်သို့လျှင် ငါ့တပည့်များ တရားအမွေခံသူများ ဖြစ်ကြပါ့မလဲ? အဘယ်သို့လျှင် ငါ့ တပည့်များ ပစ္စည်းအမွေခံ မဟုတ်သူများ ဖြစ်ကြပါ့မလဲ?"လို့ သင်တို့အပေါ်မှာ ငါဘုရားရဲ့ သနားကြင်နာမှု ရှိတော်မူတယ်။

ရဟန်းတို့ . . အကယ်၍ သင်တို့ ငါဘုရားရဲ့ ပစ္စည်းအမွေခံများသာ ဖြစ်ကြပြီး တရားအမွေခံများ မဖြစ်ကြလျှင် "ဘုရားတပည့် သာဝကများဟာ ပစ္စည်းအမွေခံပြီးသာ နေကြတယ်၊ တရားအမွေခံပြီး မနေကြဘူး"လို့ သင်တို့လည်း အကဲ့ရဲ့ခံရနိုင်စရာ ရှိတယ်။ ငါဘုရားလည်း အကဲ့ရဲ့ခံရနိုင်စရာရှိတယ်။

ရဟန်းတို့ . . အကယ်၍ သင်တို့ ငါဘုရားရဲ့ တရားအမွေခံများသာ ဖြစ်ကြပြီး ပစ္စည်းအမွေခံများ မဖြစ်ကြလျှင် သင်တို့လည်း အကဲ့ရဲ့ မခံရနိုင်၊ ငါဘုရားလည်း အကဲ့ရဲ့ မခံရနိုင်။

ရဟန်းတို့ . . ဒါ့ကြောင့် ငါဘုရားရဲ့ တရားအမွေခံများသာ ဖြစ်ကြ၊ ပစ္စည်းအမွေခံများတော့ မဖြစ်ကြကုန်လင့်။

# (၂၂)

"အဘယ်သို့လျှင် ငါ့ တပည့်များ တရားအမွေခံသူများ ဖြစ်ကြပါ့မလဲ? အဘယ်သို့လျှင် ငါ့တပည့်များ ပစ္စည်းအမွေခံ မဟုတ်သူများ ဖြစ်ကြပါ့မလဲ"လို့ သင်တို့အပေါ်မှာ ငါဘုရားရဲ့ သနားကြင်နာမှု ရှိတော်မူတယ်။

၃၀။ ရဟန်းတို့. . . ငါဘုရား တင်းတိမ်အောင် ဆွမ်းဘုဉ်းပေးပြီးတော်မူလို့ ဆွမ်းတွေဟာ ပိုနေတယ်၊ စွန့်ပစ်ရတော့မယ့် အနေအထားမှာ ရှိတယ်ဆိုပါတော့။ အဲဒီအခါမှာ ဆွမ်းဆာနေတဲ့ ရဟန်းနှစ်ပါး ရောက်လာကြတယ်။ ဒါနဲ့ ငါဘုရားက အဲဒီရဟန်း နှစ်ပါးအား "ရဟန်းတို့. . . ငါဘုရား ပြည့်စုံတော်မူပြီ။ ဒီဆွမ်းတွေကို စားလိုက စားကြ။ မစားလိုက စိမ်းစိုတဲ့ မြက်သစ်ပင် မရှိတဲ့ နေရာမှာ ဖြစ်စေ၊ ပိုးမွှားမရှိတဲ့ ရေထဲမှာ ဖြစ်စေ စွန့်ပစ်လိုက်တော့မယ်" လို့ မိန့်ကြားတော်မူတယ်။

အဲဒီအခါမှာ ရဟန်းတစ်ပါးက "ဒီဆွမ်းတွေကို ငါတို့ မစားကြလျှင် မြတ်စွာဘုရား စွန့်ပစ်တော်မူတော့မယ်။ ဒါပေမဲ့ ပစ္စည်းအမွေမခံဘဲ တရားအမွေသာ ခံကြရန်လည်း မြတ်စွာ ဘုရားက ဟောကြားထားတော်မူပြန်တယ်။ ဒီဆွမ်းဆိုတာလည်း ပစ္စည်းတစ်မျိုးပဲ ဖြစ်တယ်။ ဒီတော့ ဒီဆွမ်းကို မစားဘဲ ဒီအတိုင်း ဆာဆာနဲ့ပဲ ဒီတစ်ရက်တော့ ကုန်စေလိုက်တာ ကောင်းပါတယ်"

လို့ စဉ်းစားတယ်။ အဲဒီရဟန်းဟာ အဲဒီဆွမ်းကို မစားဘဲ ဒီအတိုင်း ဆာဆာနဲ့ပဲ အဲဒီတစ်ရက်ကို ကုန်လွန်စေခဲ့တယ်။

ဒုတိယရဟန်းကတော့ "ငါတို့ မစားကြလျှင် ဒီဆွမ်း တွေကို စွန့်ပစ်တော်မူတော့မယ်။ ဒီဆွမ်းကို စားပြီး ဆာလောင်မှုကို ပယ်ဖျောက်ကာ ဒီတစ်ရက်ကို ကုန်လွန်စေတာ ကောင်းပါတယ်"လို့ စဉ်းစားတယ်။ အဲဒီ ရဟန်းဟာ အဲဒီ ဆွမ်းကိုစားပြီး ဆာလောင်မှုကို ပယ်ဖျောက်ကာ အဲဒီ တစ်ရက်ကို ကုန်လွန်စေခဲ့တယ်။

ရဟန်းတို့. . . အဲဒီရဟန်းနှစ်ပါးအနက် ငါဘုရားရဲ့ ပထမရဟန်းကိုသာ ပိုပြီး ချီးမွမ်းထိုက်တယ်။ ဘာ့ကြောင့်လဲ ဆိုတော့ - အဲဒီလို မစားခြင်းကြောင့် အဲဒီရဟန်းဟာ ကြာမြင့်စွာ အလိုနည်းသူ ဖြစ်လိမ့်မယ်၊ ရောင့်ရဲလွယ်သူ ဖြစ်လိမ့်မယ်၊ ကိလေသာကို ခေါင်းပါးစေသူ ဖြစ်လိမ့်မယ်၊ မွေးမြူလွယ်သူ ဖြစ်လိမ့်မယ်၊ ကြိုးစားအားထုတ်သူ ဖြစ်လိမ့်မယ်။

အဲဒီလို ဟောကြားတော်မူပြီး မြတ်စွာဘုရားဟာ နေရာမှာ ထတော်မူကာ ကျောင်းတော်သို့ ဝင်သွားတော်မူခဲ့ပါတယ်။

၃၁။ အဲဒီအခါမှာ အရှင်သာရိပုတ္တရာက ရဟန်းတို့အား အခုလို ဆက်လက် ဟောကြားတော်မူခဲ့ပါတယ်။

ငါ့ရှင်တို့ . . . ဘယ်လိုကျင့်တဲ့ တပည့်သာဝကများဟာ ကင်းဆိတ်စွာ သီတင်းသုံးနေတော်မူတဲ့ မြတ်စွာဘုရားအား အတုလိုက်၍ မကျင့်ကြသလဲ ဆိုတော့ - မြတ်စွာဘုရားက လောဘစသည်ကို ပယ်စွန့်ရန် ဟောကြားတော်မူတယ်။ တပည့်သာဝကတို့က လောဘ စသည်ကို မပယ်စွန့်ကြဘူး။ လာဘ်များရန်သာ ကြိုးစားကြတယ်။ ဘုရားအဆုံးအမတော်ကို လျော့ရဲရဲသာ ခံယူကြတယ်။ လောဘစသည် ပွားရန်သာ ဦးတည်ကြတယ်။ နိဗ္ဗာန်အတွက်တော့ ကြောင့်ကြမဲ့ နေကြတယ်။

ငါ့ရှင်တို့ . . . အဲဒီအခါမှာ "မြတ်စွာဘုရားက ကင်းဆိတ်စွာ သီတင်းသုံးနေတော်မူပါလျက် တပည့် သာဝကများက အတုလိုက်၍ မကျင့်ကြဘူး"လို့လည်း မထေရ်ကြီး ရဟန်းများဟာ အကဲ့ရဲ့ခံကြရတယ်။

"မြတ်စွာဘုရားက လောဘစသည်ကို ပယ်စွန့်ရန် ဟောထားပါလျက် တပည့်သာဝကများက လောဘစသည်ကို မပယ်စွန့်ကြဘူး"လို့လည်း မထေရ်ကြီးရဟန်းများဟာ အကဲ့ရဲ့ခံကြရတယ်။

"လာဘ်များရန်သာ ကြိုးစားနေကြတယ်၊ ဘုရား အဆုံးအမတော်ကို လျော့ရဲရဲသာ ခံယူကြတယ်၊ လောဘ စသည် ပွားရန်သာ ဦးတည်ကြတယ်၊ နိဗ္ဗာန်အတွက်တော့ ကြောင့်ကြမဲ့

နေရက်ကြတယ်”လို့လည်း မထေရ်ကြီး ရဟန်းများဟာ အကဲ့ရဲ့ ခံကြရတယ်။

ရဟန်းလတ်၊ ရဟန်းငယ်များလည်း ထို့အတူပဲ အကဲ့ရဲ ခံကြရတယ်။

ငါ့ရှင်တို့ . . အဲဒီ တပည့်သာဝကများဟာ ကင်းဆိတ်စွာ သီတင်းသုံးတော်မူတဲ့ မြတ်စွာဘုရားအား အတုလိုက်၍ မကျင့်ကြဘူး။

၃၂။ ငါ့ရှင်တို့ . . ဘယ်လိုကျင့်တဲ့ တပည့်သာဝကများဟာ ကင်းဆိတ်စွာ သီတင်းသုံးတော်မူတဲ့ မြတ်စွာဘုရားအား အတုလိုက်၍ ကျင့်ကြသလဲဆိုတော့ မြတ်စွာဘုရားက လောဘစသည်ကို ပယ်စွန့်ရန် ဟောတော်မူတယ်။ တပည့်သာဝကများကလည်း လောဘ စသည်ကို ပယ်စွန့်ကြတယ်။ လာဘ်များရန်သာ ကြိုးစားကြသူများ မဟုတ်ဘူး။ ဘုရားအဆုံးအမတော်ကို လျှော့ရဲရဲ ခံယူကြသူများလည်း မဟုတ်ဘူး။ လောဘစသည် ပွားရန် ဦးမတည်ကြဘဲ နိဗ္ဗာန်ရရန်အတွက်သာ ဦးတည်ထားကြတယ်။

ငါ့ရှင်တို့ . . အဲဒီအခါမှာ “ကင်းဆိတ်စွာ သီတင်းသုံးတော်မူတဲ့ မြတ်စွာဘုရားအား တပည့်သာဝကများက အတုလိုက်၍ ကျင့်ကြပါပေတယ်”လို့ မထေရ်ကြီး ရဟန်းများဟာ အချီးမွမ်းခံကြရတယ်။

"လောဘစသည်ကို ပယ်စွန့်ရန် မြတ်စွာဘုရား ဟောကြားတော်မူတဲ့ အတိုင်း တပည့်သာဝကများဟာ လောဘ စသည်ကို ပယ်စွန့်ကြပါပေတယ်"လို့လည်း မထေရ်ကြီး ရဟန်းများဟာ အချီးမွမ်းခံကြရတယ်။

ရဟန်းလတ်၊ ရဟန်းငယ်များလည်း ထို့အတူပဲ အချီးမွမ်းခံကြရတယ်။

၃၃။ ငါ့ရှင်တို့ . .

- လောဘ - လိုချင်တပ်မက်ခြင်း
  ဒေါသ - မုန်းတီးခြင်း
- ကောဓ - အမျက်ထွက်ခြင်း
  ဥပနာဟ - ရန်ငြိုးဖွဲ့ခြင်း
- မက္ခ - ဂုဏ်ကျေးဇူးကို ချေဖျက်ခြင်း
  ပဠာသ - ဂုဏ်ပြိုင်ခြင်း
- ဣဿာ - မနာလိုခြင်း
  မစ္ဆေရ - ဝန်တိုခြင်း
- မာယာ - လှည့်ပတ်ခြင်း
  သာဌေယျ - ဟန်ဆောင်ခြင်း

- ထမ္ဘ - ခက်ထန်ခြင်း

သာရမ္ဘ - ချုပ်ချယ်ခြင်း

- မာန - မောက်မာခြင်း

အတိမာန - အလွန်မောက်မာခြင်း

- မဒ - မာန်ယစ်ခြင်း

ပမာဒ - မေ့လျော့ခြင်း - တို့ဟာ ယုတ်ညံ့ကြတယ်။

အဲဒီ လောဘစသည်ကို ပယ်ဖို့ရာ မဇ္ဈိမပဋိပဒါ အလယ်အလတ်ကျင့်စဉ်ကို ကျင့်သင့်တယ်။ အဲဒီ အလယ်အလတ်ကျင့်စဉ်ဟာ နိဗ္ဗာန်ရောက်ကြောင်းလည်း ဖြစ်တယ်။ **အဲဒီ** အလယ်အလတ်ကျင့်စဉ်ဆိုတာ မဂ္ဂင်ရှစ်ပါး ဖြစ်တယ်။ မဂ္ဂင်ရှစ်ပါး ဆိုတာက–

(၁) သမ္မာဒိဋ္ဌိ - မှန်စွာ သိမြင်ခြင်း

(၂) သမ္မာသင်္ကပ္ပ - မှန်စွာ ကြံစည်ခြင်း

(၃) သမ္မာဝါစာ - မှန်စွာ ပြောဆိုခြင်း

(၄) သမ္မာကမ္မန္တ - မှန်စွာ ပြုလုပ်ခြင်း

(၅) သမ္မာအာဇီဝ - မှန်စွာ အသက်မွေးခြင်း

(၆) သမ္မာဝါယာမ - မှန်စွာ အားထုတ်ခြင်း

(၇) သမ္မာသတိ - မှန်စွာ အမှတ်ရခြင်း

(၂၈)

(၈) သမ္မာသမာဓိ - မှန်စွာ တည်ကြည်ခြင်းတို့ ဖြစ်တယ်။

အရှင်သာရိပုတ္တရာက အဲဒီလို ဟောကြားတော်မူတဲ့အခါ ရဟန်းများဟာ ဝမ်းမြောက်ဝမ်းသာ သာဓု ခေါ်ဆိုခဲ့ကြပါတယ်။

**ဓမ္မဒါယာဒသုတ် ပြီးပြီ။**

❊ ❊ ❊

## ၄ – ဘယဘေရဝသုတ်

၃၄။ အခါတစ်ပါးမှာ သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်မှာ မြတ်စွာဘုရား သီတင်းသုံး နေတော်မူပါတယ်။ အဲဒီအခါမှာ ဇာဏုဿောဏိ ပုဏ္ဏားဟာ မြတ်စွာဘုရားအထံတော်သို့ ချဉ်းကပ်ပြီး အခုလို လျှောက်ထားခဲ့ပါတယ်။

"အရှင်ဂေါတမ. . . အရှင်ဂေါတမဟာ အရှင်ဂေါတမကို ရည်မှန်း၍ ရဟန်းပြုလာကြတဲ့ အမျိုးကောင်းသားများရဲ့ ရှေ့သွားခေါင်းဆောင် ဖြစ်ပါတယ်ဘုရား၊ အဲဒီအမျိုးကောင်းသား တို့အတွက် အရှင်ဂေါတမဟာ အလွန်ကျေးဇူးများပါတယ် ဘုရား။ အရှင်ဂေါတမဟာ အဲဒီ အမျိုးကောင်းသားတို့အား သင်ကြားပေးတော် မူပါတယ်ဘုရား။ အဲဒီ အမျိုးကောင်းသားများဟာ အရှင်ဂေါတမ နောက်သို့ အတုလိုက်ကြပါတယ် ဘုရား။"

"မှန်တယ် ပုဏ္ဏား မှန်တယ်"

"အရှင်ဂေါတမ. . . တောအုပ်တောနက်ကြီးများ၊ အစွန်အဖျားကျတဲ့ ကျောင်းများဟာ သွားရောက်နေထိုင်ရန် ခက်ခဲလှပါတယ်ဘုရား၊ ဆိတ်ငြိမ်စွာ နေရန်၊ တစ်ပါးတည်း ပျော်မွေ့ရန် ခက်ခဲလှပါတယ်ဘုရား၊ တောအုပ်တွေဟာ သမာဓိ မရတဲ့ ရဟန်းရဲ့ စိတ်ကို ခြောက်လှန့်နေသကဲ့သို့ ဖြစ်ကြပါတယ် ဘုရား"

၃၅။ မှန်တယ် ပုဏ္ဏားမှန်တယ်။

ငါဘုရားလည်း ဘုရားမဖြစ်မီ ဘုရားအလောင်းဘဝက "တောအုပ်တောနက်ကြီးများ၊ အစွန်အဖျားကျတဲ့ ကျောင်းများဟာ သွားရောက်နေထိုင်ရန် ခက်ခဲလှတယ်။ ဆိတ်ငြိမ်စွာ နေထိုင်ရန်၊ တစ်ပါးတည်း ပျော်မွေ့ရန် ခက်ခဲလှတယ်။ တောအုပ်တွေဟာ သမာဓိမရတဲ့ ရဟန်းရဲ့ စိတ်ကို ခြောက်လှန့်နေသကဲ့သို့ ဖြစ်ကြတယ်"လို့ စဉ်းစားခဲ့ဖူးတယ်။

ဆက်လက်ပြီး အခုလို စဉ်းစားခဲ့ပြန်တယ်။

(၁) တချို့ရဟန်းပုဏ္ဏားတို့ဟာ မစင်ကြယ်တဲ့ ကိုယ်အမှုအရာ ရှိကြတယ်။

(၂) တချို့ရဟန်းပုဏ္ဏားတို့ဟာ မစင်ကြယ်တဲ့ နှုတ်အမှုအရာ ရှိကြတယ်။

(၃) တချို့ရဟန်းပုဏ္ဏားတို့ဟာ မစင်ကြယ်တဲ့ စိတ်အမှုအရာ ရှိကြတယ်။

(၄) တချို့ရဟန်းပုဏ္ဏားတို့ဟာ မစင်ကြယ်တဲ့ အသက်မွေးမှု ရှိကြတယ်။

(၅) တချို့ရဟန်းပုဏ္ဏားတို့ဟာ သူတစ်ပါးရဲ့ စည်းစိမ်ဥစ္စာကို မတရား လိုချင်ကြတယ်၊ ကာမဂုဏ်ကို အလွန်အမင်း တပ်မက်ကြတယ်။

(၆) တချို့ရဟန်းပုဏ္ဏားတို့ဟာ ဖျက်ဆီးလိုစိတ် ရှိကြတယ်၊ သူတစ်ပါးရဲ့ အကျိုးမဲ့ကို ကြံစည်လိုစိတ် ရှိကြတယ်။

(၇) တချို့ရဟန်းပုဏ္ဏားတို့ဟာ ထိုင်းမှိုင်း တွေဝေကြတယ်။

(၈) တချို့ရဟန်းပုဏ္ဏားတို့ဟာ ပျံ့လွင့်ကြတယ်၊ မငြိမ်းအေးတဲ့စိတ် ရှိကြတယ်။

(၉) တချို့ရဟန်းပုဏ္ဏားတို့ဟာ သို့လော သို့လော တွေးတောယုံမှားမှု ရှိကြတယ်။

(၁၀) တချို့ရဟန်းပုဏ္ဏားတို့ဟာ မိမိကိုယ်ကို မြှင့်တင်၍ သူတစ်ပါးကို နှိမ့်ချကြတယ်။

(၁၁) တချို့ရဟန်းပုဏ္ဏားတို့ဟာ ထိတ်လန့် ကြောက်ရွံ့ကြတယ်။

(၁၂) တချို့ရဟန်းပုဏ္ဏားတို့ဟာ လာဘ်ရချင်ကြ၊ အပူဇော်ခံချင်ကြ၊ နာမည်ကြီးချင်ကြတယ်။

(၁၃) တချို့ရဟန်းပုဏ္ဏားတို့ဟာ ပျင်းရိကြတယ်၊ ဝီရိယ နည်းကြတယ်။

(၁၄) တချို့ရဟန်းပုဏ္ဏားတို့ဟာ သတိလွတ်ကင်းကြတယ်၊ ဆင်ခြင်ဉာဏ် နည်းကြတယ်။

(၁၅) တချို့ရဟန်းပုဏ္ဏားတို့ဟာ သမာဓိ နည်းကြတယ်၊ ပျာယာခတ်တဲ့စိတ် ရှိကြတယ်။

(၁၆) တချို့ရဟန်းပုဏ္ဏားတို့ဟာ ပညာနည်းကြတယ်၊ ညံ့ဖျင်းကြတယ်။

အဲဒီ ရဟန်းပုဏ္ဏားတို့ဟာ မစင်ကြယ်တဲ့ ကိုယ်အမူအရာစတဲ့ အပြစ်များတန်းလန်းနဲ့ တောအုပ် တောနက်အစွန်အဖျားကျတဲ့ ကျောင်းများမှာ နေထိုင်ကြတယ်။ မစင်ကြယ်တဲ့ ကိုယ်အမူအရာ စတဲ့ အပြစ်များကြောင့် အဲဒီ ရဟန်းပုဏ္ဏားတို့ဟာ အပြစ်မကင်း ဘေးမကင်းတဲ့ ထိတ်လန့် ကြောက်ရွံ့ဖွယ်အာရုံကို လက်ယပ် ခေါ်နေသကဲ့သို့ ဖြစ်ကြတယ်။ ငါဘုရားကတော့ အဲဒီ အပြစ် ၁၆-ပါးလုံးကင်းပြီး တောအုပ် တောနက်များ၊ အစွန်အဖျားကျတဲ့ ကျောင်းများမှာ သီတင်းသုံးတော်မူခဲ့တယ်။ အပြစ်ကင်းစွာ တောအုပ်တောနက် အစွန်အဖျားကျတဲ့ ကျောင်းများမှာ နေထိုင်သော အရိယာပုဂ္ဂိုလ်တို့တွင် ငါဘုရားဟာ တစ်ပါး အပါအဝင် ဖြစ်ခဲ့တယ်။ ပုဏ္ဏား. . . ငါဘုရားဟာ အဲဒီလို မိမိရဲ့ အပြစ်ကင်းပုံကို တွေ့မြင်ရတော့ တောမှာ နေရတာ ပိုပြီး စိတ်အေးလက်အေး (စိတ်ချမ်းသာ ကိုယ်ချမ်းသာ) ရှိခဲ့တယ်။

၄၉။ ပုဏ္ဏားႇ . . အဲဒီနောက် ငါဘုရားဟာ "အများကိုးကွယ်နေကြတဲ့ ဥယျာဉ်၊ တောနှင့် သစ်ပင်များဟာ ဥပုသ်နေ့ညများမှာ ကြောက်စရာကောင်းကြတယ်။ အဲဒီလို ညတွေမှာ အဲဒီလို နေရာတွေမှာ ငါ နေရရင် ကောင်းမှာပဲ၊ ဒါမှ ကြောက်စရာကောင်းတဲ့ အာရုံတွေကို မြင်ရမှာပဲ"လို့ စဉ်းစားမိပြန်တယ်။ ပုဏ္ဏားငါဘုရားဟာ နောင်တစ်ချိန်ကျတော့ ဥပုသ်နေ့ညတွေမှာ အဲဒီလိုနေရာမျိုးတွမှာ နေခဲ့တယ်။ အဲဒီလို နေတဲ့အခါမှာ တစ်ခါတစ်ခါ သားကောင်တွေ လာကြတယ်။ တစ်ခါ တစ်ခါ ဒေါင်းတွေက သစ်ကိုင်းခြောက်ကို ချိုးချကြတယ်။ တစ်ခါတစ်ခါ လေက သစ်ရွက်မှိုက်တွေကို တိုက်ချတယ်။ ပုဏ္ဏားႇ . . အဲဒီအခါမှာ ငါဘုရားဟာ "ဒါ ကြောက်စရာအာရုံ လာတာလေလား"လို့ စဉ်းစားမိတယ်။ ပုဏ္ဏားႇ . . ငါဘုရားဟာ "ငါ တကယ်တော့ ကြောက်စရာ အာရုံကို မျှော်လင့်တောင့်တပြီး နေရာများ ရောက်နေသလား? ဖြစ်ပေါ်လာတဲ့ ကြောက်စရာအာရုံကို ဖြစ်ပေါ်လာတဲ့ အချိန်မှာပဲ ဖျောက်ပစ်ရရင် ကောင်းမှာပဲ"လို့ စဉ်းစားမိပြန်တယ်။

ပုဏ္ဏားႇ . . ငါဘုရား စင်္ကြံကြွနေစဉ် ကြောက်စရာအာရုံ ဖြစ်ပေါ်လာလျှင် မရပ်၊ မထိုင်၊ မလျောင်းသေးဘဲ စင်္ကြံကြွလျက်ပဲ အဲဒီ ကြောက်စရာအာရုံကို ပယ်ဖျောက်ပစ်တယ်။

ငါဘုရား ရပ်နေစဉ် ကြောက်စရာအာရုံ ဖြစ်ပေါ်လာလျှင် မကြွ၊ မထိုင်၊ မလျောင်းသေးဘဲ ရပ်လျက်ပဲ အဲဒီ ကြောက်စရာ အာရုံကို ပယ်ဖျောက်ပစ်တယ်။

ငါဘုရား ထိုင်နေစဉ် ကြောက်စရာအာရုံ ဖြစ်ပေါ် လာလျှင် မလျောင်း၊ မရပ်၊ မကြွသေးဘဲ ထိုင်လျက်ပဲ အဲဒီ ကြောက်စရာ အာရုံကို ပယ်ဖျောက်ပစ်တယ်။

ငါဘုရား လျောင်းနေစဉ် ကြောက်စရာအာရုံ ဖြစ်ပေါ် လာလျှင် မထိုင်၊ မရပ် မကြွသေးဘဲ လျောင်းလျက်ပဲ အဲဒီ ကြောက်စရာအာရုံကို ပယ်ဖျောက်ပစ်တယ်။

၅၀။ ပုဏ္ဏား. . . ညဉ့်ဖြစ်ပါလျက် နေ့လို့ ထင်မှတ်ပြီး နေ့-ဖြစ်ပါလျက် ညဉ့်လို့ ထင်မှတ်နေကြတဲ့ ရဟန်းပုဏ္ဏားများ ရှိကြတယ်။ အဲဒါကို သူတို့ရဲ့ တွေဝေစွာ နေခြင်းလို့ ငါဘုရား ဟောကြားတော်မူတယ်။ ပုဏ္ဏား. . . ငါဘုရားကတော့ ညဉ့်ဖြစ်လျှင် ညဉ့်လို့သာ သိပြီး နေ့ဖြစ်လျှင် နေ့လို့သာ သိတော်မူတယ်။ ပုဏ္ဏာ. . . "လောကမှာ မတွေဝေတဲ့ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ် ပေါ်ပေါက်နေတယ်၊ သူဟာ နတ်လူအများ ကြီးပွား ချမ်းသာကြောင်း ဖြစ်တယ်" လို့ အမှန်အတိုင်း ပြောလိုသူဟာ ငါဘုရားကိုသာ ရည်ညွှန်း ပြောဆိုသင့်တယ်။

၅၁။ ပုဏ္ဏား. . . ငါဘုရားဟာ ဝီရိယကို စိုက်ထုတ်တော်မူပြီးပြီ။ ငါဘုရားမှာ သတိ ကောင်းစွာ တည်ခဲ့ပြီ။ ခန္ဓာကိုယ်လည်း ငြိမ်းအေးခဲ့ပြီ။ ငါဘုရားရဲ့ စိတ်ဟာ ကောင်းစွာ တည်ကြည်ခဲ့ပြီ။

ငါဘုရားဟာ ပထမစျာန်၊ ဒုတိယစျာန်၊ တတိယစျာန်၊ စတုတ္ထစျာန်၊ ပုဗ္ဗေနိဝါသာနုဿတိဉာဏ်၊ ဒိဗ္ဗစက္ခုဉာဏ်နှင့် အာသဝက္ခယဉာဏ်တို့ကို ရတော်မူခဲ့ပြီ။

၅၅။ ပုဏ္ဏား. . . "ဒီနေ့အထိ ရဟန်းဂေါတမဟာ ရာဂ၊ ဒေါသ၊ မောဟ မကင်းသေးဘူး၊ ဒါ့ကြောင့် တောအုပ်၊ တောနက်၊ အစွန်အဖျားကျတဲ့ ကျောင်းတို့မှာ သီတင်းသုံးလျက် ရှိသေးတယ်" လို့ သင် ထင်မှတ်ကောင်း ထင်မှတ်လိမ့်မယ်။ ပုဏ္ဏား. . . အဲဒီလို မထင်မှတ်လေနှင့်။ ပုဏ္ဏား. . . တကယ်ကတော့ ငါဘုရားဟာ လွတ်လပ်ချမ်းသာစွာ သီတင်းသုံးတော်မူလိုခြင်းနှင့် နောင်လာနောက်သားတို့ကို သနားတော်မူခြင်း (အတုလိုက်စေလိုတော်မူခြင်း) တို့ကြောင့် ယခုထက်တိုင် တောအုပ်၊ တောနက်၊ အစွန်အဖျားကျတဲ့ ကျောင်းတို့မှာ သီတင်းသုံးတော်မူနေတာ ဖြစ်တယ်။

၅၆။ အပူဇော်ခံ သမ္မာသမ္ဗုဒ္ဓဘုရား ပီပီ မြတ်စွာဘုရားဟာ နောင်လာနောက်သား တပည့်များအား သနားတော်မူပါပေစွ ဘုရား။

အရှင်ဂေါတမ. . . ဘုရား၊ တရား၊ သံဃာ ရတနာ သုံးပါးအား တပည့်တော် အသက်ထက်ဆုံး ဆည်းကပ် ကိုးကွယ်ပါတယ် ဘုရား။

**ဘယဘေရဝသုတ် ပြီးပြီ။**

❁ ❁ ❁

## ၅ – အနင်္ဂဏသုတ်

၅၇။ အခါတစ်ပါးမှာ သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်-မှာ မြတ်စွာဘုရား သီတင်းသုံးနေတော်မူပါတယ်။ အဲဒီ အခါမှာ အရှင်သာရိပုတ္တရာက ရဟန်းတို့အား အခုလို ဟောကြားတော်မူခဲ့ပါတယ်။

ငါ့ရှင်တို့. . . လောကမှာ ပုဂ္ဂိုလ်လေးမျိုးရှိတယ်။ အဲဒီ လေးမျိုးဆိုတာက –

(၁) မိမိစိတ်အစဉ်မှာ အညစ်အကြေးရှိပါလျက် အညစ်အကြေးရှိတယ်လို့ အမှန်အတိုင်း သိတဲ့ ပုဂ္ဂိုလ်၊
(၂) မိမိစိတ်အစဉ်မှာ အညစ်အကြေးရှိ၍သာ အညစ်အကြေးရှိတယ်လို့ အမှန်အတိုင်း မသိတဲ့ ပုဂ္ဂိုလ်၊
(၃) မိမိစိတ်အစဉ်မှာ အညစ်အကြေးမရှိ၍မှ အညစ်အကြေးမရှိလို့ အမှန်အတိုင်း မသိတဲ့ ပုဂ္ဂိုလ်၊
(၄) မိမိစိတ်အစဉ်မှာ အညစ်အကြေးမရှိ၍သာ အညစ်အကြေးမရှိလို့ အမှန်အတိုင်း သိတဲ့ ပုဂ္ဂိုလ်တို့ ဖြစ်တယ်။

ငါ့ရှင်တို့. . . အဲဒီပုဂ္ဂိုလ်လေးမျိုးအနက် မိမိစိတ်အစဉ်မှာ အညစ်အကြေးရှိပါလျက် အညစ်အကြေး ရှိတယ်လို့ အမှန်အတိုင်း မသိတဲ့ပုဂ္ဂိုလ်ဟာ အညစ်အကြေးရှိသူ နှစ်ယောက်တို့တွင် ယုတ်ညံ့တဲ့ပုဂ္ဂိုလ် ဖြစ်တယ်။

မိမိစိတ်အစဉ်မှာ အညစ်အကြေးရှိ၍ အညစ်အကြေး ရှိတယ်လို့ အမှန်အတိုင်း သိတဲ့ပုဂ္ဂိုလ်ဟာ အညစ်အကြေး ရှိသူ နှစ်ယောက်တို့တွင် မြင့်မြတ်တဲ့ ပုဂ္ဂိုလ် ဖြစ်တယ်။

မိမိစိတ်အစဉ်မှာ အညစ်အကြေးမရှိ၍မှ အညစ် အကြေး မရှိ - လို့ အမှန်အတိုင်း မသိတဲ့ ပုဂ္ဂိုလ်ဟာ အညစ်အကြေးမရှိသူ နှစ်ယောက်တို့တွင် ယုတ်ညံ့တဲ့ ပုဂ္ဂိုလ် ဖြစ်တယ်။

မိမိစိတ်အစဉ်မှာ အညစ်အကြေးမရှိ၍သာ အညစ်အကြေး မရှိ - လို့ အမှန်အတိုင်း သိတဲ့ ပုဂ္ဂိုလ်ဟာ အညစ် အကြေး မရှိသူ နှစ်ယောက်တို့တွင် မြင့်မြတ်တဲ့ ပုဂ္ဂိုလ်ဖြစ်တယ် လို့ ဟောကြားတော် မူခဲ့ပါတယ်။

၅၈။ အဲဒီအခါမှာ အရှင်မဟာမောဂ္ဂလ္လာန်က "အရှင်ဘုရား သာရိပုတ္တရာ. . . အညစ်အကြေးရှိသူ နှစ်ယောက်အနက် တစ်ယောက်က ယုတ်ညံ့ပြီး ကျန်တစ်ယောက်က မြင့်မြတ်တယ်၊ အညစ်အကြေးမရှိသူ နှစ်ယောက်အနက် တစ်ယောက်က ယုတ်ညံ့ပြီး ကျန်တစ်ယောက်က မြင့်မြတ်တယ်။ အဲဒါ ဘာ့ကြောင့်ပါလဲ ဘုရား"လို့ အရှင်သာရိပုတ္တရာအား မေးမြန်း လျှောက်ထားခဲ့ပါတယ်။

၅၉။ "ငါ့ရှင် မောဂ္ဂလ္လာန်. . . ဥပမာအားဖြင့် ဈေးမှ ဖြစ်စေ၊ ပန်းတဉ်းသမား (ကြေးခွက်၊ ကြေးဇွန်းစသည် ပြုလုပ်သူ) အိမ်မှ ဖြစ်စေ မြူမှုန့် အညစ်အကြေးတွေ ပေပွနေတဲ့ ကြေးခွက်ကို

ဆောင်ယူခဲ့တယ် ဆိုပါတော့။ အဲဒီကြေးခွက်ကို ပိုင်ရှင်တွေဟာ သုံးလဲ မသုံးစွဲကြဘူး၊ စင်ကြယ်အောင်လည်း မသုတ်သင်ကြဘူး၊ မြူမှုန့်ရှိတဲ့ နေရာမှာလည်း ထားကြတယ်ဆိုလျှင် အဲဒီကြေးခွက်ဟာ နောင်အခါမှာ ပိုပြီး အညစ်အကြေး ပေပွရာသည် မဟုတ်လော?"

" မှန်ပါ၊ ပိုပြီး အညစ်အကြေး ပေပွရာပါသည် ဘုရား"

" ငါ့ရှင် မောဂ္ဂလ္လာန်. . . အဲဒီဥပမာအတိုင်းပဲ မိမိစိတ်အစဉ်မှာ အညစ်အကြေး ရှိပါလျက် ရှိတယ် - လို့ အမှန်အတိုင်း မသိတဲ့ ပုဂ္ဂိုလ်ဟာ အဲဒီ အညစ်အကြေးကို ပယ်ဖို့ရာ ကြိုးစားအားထုတ်လိမ့်မယ် မဟုတ်။ ဒါ့ကြောင့် သူဟာ ရာဂ, ဒေါသ, မောဟ တန်းလန်းနဲ့ သေရလိမ့်မယ်၊ အညစ်အကြေး ပေပွလျက် သေရလိမ့်မယ်၊ ညစ်နွမ်းတဲ့စိတ်နဲ့ သေရလိမ့်မယ်။" (၁)

"ငါ့ရှင်မောဂ္ဂလ္လာန်. . . ဥပမာအားဖြင့် ဈေးမှဖြစ်စေ၊ ပန်းတဉ်းသမားအိမ်မှဖြစ်စေ မြူမှုန့်အညစ်အကြေးတွေ ပေပွနေတဲ့ ကြေးခွက်ကို ဆောင်ယူခဲ့တယ်ဆိုပါတော့။ အဲဒီ ကြေးခွက်ကို ပိုင်ရှင်တွေဟာ သုံးလဲသုံးစွဲကြတယ်၊ စင်ကြယ်အောင်လည်း သုတ်သင်ကြတယ်၊ မြူမှုန့် မရှိတဲ့ နေရာမှာလည်း ထားကြတယ် ဆိုလျှင် အဲဒီ ကြေးခွက်ဟာ နောင်အခါမှာ အညစ်အကြေးကင်း၍ သန့်ရှင်းစင်ကြယ်ရာသည် မဟုတ်လော?"

"မှန်ပါ၊ အညစ်အကြေးကင်း၍ သန့်ရှင်း စင်ကြယ်ရာပါသည် ဘုရား။"

" ငါ့ရှင် မောဂ္ဂလ္လာန်. . . အဲဒီ ဥပမာအတိုင်းပဲ မိမိစိတ်အစဉ်မှာ အညစ်အကြေးရှိ၍ ရှိတယ် - လို့ အမှန်အတိုင်း သိတဲ့ ပုဂ္ဂိုလ်ဟာ အဲဒီ အညစ်အကြေးကို ပယ်ဖို့ရာ ကြိုးစား အားထုတ်လိမ့်မယ်။ ရာဂ, ဒေါသ, မောဟ ကင်းပြီး သေရလိမ့်မယ်၊ အညစ်အကြေးကင်းပြီး သေရလိမ့်မယ်၊ မညစ်နွမ်းတဲ့ စိတ်နဲ့ သေရလိမ့်မယ်။" (၂)

"ငါ့ရှင် မောဂ္ဂလ္လာန်. . . ဥပမာအားဖြင့် ဈေးမှ ဖြစ်စေ၊ ပန်းတဉ်းသမားအိမ်မှ ဖြစ်စေ သန့်ရှင်းစင်ကြယ်တဲ့ ကြေးခွက်ကို ဆောင်ယူခဲ့တယ်ဆိုပါတော့။ အဲဒီ ကြေးခွက်ကို ပိုင်ရှင်တွေဟာ သုံးလည်း မသုံးစွဲကြဘူး၊ စင်ကြယ်အောင်လည်း မသုတ်သင်ကြဘူး၊ မြူမှုန်ရှိတဲ့ နေရာမှာလည်း ထားကြတယ်ဆိုလျှင် အဲဒီကြေးခွက်ဟာ နောင်အခါမှာ အညစ်အကြေး ပေပွရာသည် မဟုတ်လော?"

"မှန်ပါ၊ အညစ်အကြေး ပေပွရာပါသည် ဘုရား။"

" ငါ့ရှင်မောဂ္ဂလ္လာန်. . . အဲဒီဥပမာအတိုင်းပဲ မိမိစိတ်အစဉ်မှာ အညစ်အကြေးမရှိပါဘဲ အညစ်အကြေး မရှိဘူး -လို့ အမှန်အတိုင်း မသိတဲ့ပုဂ္ဂိုလ်ဟာ လိုချင် တပ်မက်စရာ အာရုံကို နှလုံးသွင်းလိမ့်မယ်။ အဲဒီလို နှလုံးသွင်းခြင်းကြောင့် သူ့ရဲ့စိတ်ကို ရာဂက လွှမ်းမိုး ဖျက်ဆီးလိမ့်မယ်။ ဒါ့ကြောင့် သူဟာ ရာဂ, ဒေါသ, မောဟ တန်းလန်းနဲ့ သေရလိမ့်မယ်၊ အညစ်အကြေး ပေပွလျက် သေရလိမ့်မယ်၊ ညစ်နွမ်းတဲ့ စိတ်နဲ့ သေရလိမ့်မယ်။" (၃)

"ငါ့ရှင်မောဂ္ဂလ္လာန်. . . ဥပမာအားဖြင့် ဈေးမှဖြစ်စေ၊ ပန်းတဉ်းသမားအိမ်မှ ဖြစ်စေ၊ သန့်ရှင်းစင်ကြယ်တဲ့ ကြေးခွက်ကို ဆောင်ယူခဲ့တယ်ဆိုပါတော့။ အဲဒီ ကြေးခွက်ကို ပိုင်ရှင်တွေဟာ သုံးလည်းသုံးစွဲကြတယ်၊ စင်ကြယ်အောင်လည်း သုတ်သင်ကြတယ်၊ မြူမှုန့်မရှိတဲ့ နေရာမှာလည်း ထားကြတယ်ဆိုလျှင် အဲဒီကြေးခွက်ဟာ နောင်အခါမှာ ပိုပြီး အညစ်အကြေးကင်း၍ သန့်ရှင်းစင်ကြယ်ရာသည် မဟုတ်လော ?"

"မှန်ပါ၊ ပိုပြီး အညစ်အကြေးကင်း၍ သန့်ရှင်းစင်ကြယ်ရာပါသည် ဘုရား။"

"ငါ့ရှင် မောဂ္ဂလ္လာန်. . . အဲဒီ ဥပမာအတိုင်းပဲ မိမိစိတ်အစဉ်မှာ အညစ်အကြေး မရှိ၍ အညစ်အကြေး မရှိဘူး လို့ အမှန်အတိုင်း သိတဲ့ပုဂ္ဂိုလ်ဟာ လိုချင်တပ်မက်စရာ အာရုံကို နှလုံးသွင်းလိမ့်မယ်မဟုတ်။ အဲဒီလို နှလုံးမသွင်းခြင်းကြောင့် သူ့ရဲ့ စိတ်ကို ရာဂက လွှမ်းမိုးဖျက်ဆီးလိမ့်မယ် မဟုတ်။ ဒါ့ကြောင့် သူဟာ ရာဂ, ဒေါသ, မောဟ ကင်းပြီး သေရ လိမ့်မယ်။ အညစ်အကြေး ကင်းပြီး သေရလိမ့်မယ်။ မညစ်နွမ်းတဲ့ စိတ်နဲ့ သေရလိမ့်မယ်။" (၄)

"ငါ့ရှင် မောဂ္ဂလ္လာန်. . . အခု ပြောခဲ့တာတွေဟာ အညစ်အကြေးရှိသူ နှစ်ယောက်အနက် တစ်ယောက်က မြင့်မြတ်ပြီး ကျန်တစ်ယောက်က ယုတ်ညံ့ခြင်း၊ အညစ်အကြေးမရှိသူ နှစ်ယောက်အနက် တစ်ယောက်က ယုတ်ညံ့ပြီး ကျန် တစ်ယောက်က မြင့်မြတ်ခြင်းရဲ့ အကြောင်းတွေ ဖြစ်တယ်။"

၆၀။ "အရှင်ဘုရား သာရိပုတ္တရာ... ဘာကို အညစ်အကြေးလို့ ခေါ်ပါသလဲ ? "

"ငါ့ရှင် မောဂ္ဂလ္လာန်... မကောင်းမှု အကုသိုလ်ဖြစ်တဲ့ အလိုမကျမှု အမျက်ထွက်မှုတို့ကို အညစ်အကြေးလို့ခေါ်တယ်။"

ငါ့ရှင် မောဂ္ဂလ္လာန်... တချို့ရဟန်းမှာ "ငါ အာပတ် သင့်လျှင် ငါ့ကို အာပတ်သင့်သူလို့ တခြားရဟန်းများ မသိကြလျှင် ကောင်းမှာပဲ"ဆိုတဲ့ အလိုဆိုး ဖြစ်ပေါ်နေတယ်။ ဒါပေမဲ့ သူ့ကို အာပတ်သင့်သူ - လို့ တခြားရဟန်းများက သိကြတယ်။ အဲဒီအခါမှာ 'ငါ့ကို အာပတ်သင့်သူ - လို့ တခြားရဟန်းများ သိသွားပါပေါ့ တကား' လို့ အဲဒီရဟန်းဟာ အမျက်ထွက်တော့တယ်၊ အလိုမကျ ဖြစ်တော့တယ်။ ငါ့ရှင် မောဂ္ဂလ္လာန်... အဲဒီ အမျက်ထွက်မှု အလိုမကျမှု နှစ်မျိုးလုံးကို အညစ်အကြေး - လို့ ခေါ်တယ်။

ငါ့ရှင် မောဂ္ဂလ္လာန်... တချို့ရဟန်းမှာ 'ငါ အာပတ် သင့်တဲ့အခါ တခြားရဟန်းများက ငါ့ကို ဆိတ်ကွယ်ရာမှာ အပြစ်တင်ကြ၍ သံဃာ့အလယ်မှာ အပြစ်မတင်ကြလျှင် ကောင်းမှာပဲ' ဆိုတဲ့ အလိုဆိုး ဖြစ်ပေါ်တယ်။

တချို့ရဟန်းမှာ "ငါ အာပတ်သင့်တဲ့အခါ အာပတ် ရှိသူချင်းတူတဲ့ ပုဂ္ဂိုလ်က အပြစ်တင်၍ အာပတ်ရှိသူချင်း မတူတဲ့ ပုဂ္ဂိုလ်က အပြစ်မတင်ပါမူ ကောင်းလေစွ" ဆိုတဲ့ အလိုဆိုး ဖြစ်ပေါ်တယ်။

တချို့ရဟန်းမှာ "မြတ်စွာဘုရားက တခြားရဟန်းကို မမေးဘဲ ငါ့ကိုသာ မေး၍ မေး၍ ရဟန်းတို့အား တရားဟော ကြားတော်မူလျှင် ကောင်းမှာပဲ"ဆိုတဲ့ အလိုဆိုး ဖြစ်တယ်။

တချို့ရဟန်းမှာ "ရဟန်းတို့သည် တခြားရဟန်းကို ရှေ့ကမထားပဲ ငါ့ကိုသာ ရှေ့ကထား၍ ဆွမ်းခံကြွကြလျှင် ကောင်းမှာပဲ"ဆိုတဲ့ အလိုဆိုး ဖြစ်တယ်။

တချို့ရဟန်းမှာ "ဆွမ်းစားကျောင်းမှာ နေရာဦး, ရေဦး, ဆွမ်းဦးကို တခြားရဟန်း မရဘဲ ငါသာ ရလျှင် ကောင်းမှာပဲ" ဆိုတဲ့ အလိုဆိုး ဖြစ်တယ်။

တချို့ရဟန်းမှာ "ဆွမ်းစားကျောင်းမှာ ဆွမ်းစားပြီးတဲ့အခါ တခြားရဟန်း တရားမဟောရဘဲ ငါသာ တရားဟောရလျှင် ကောင်းမှာပဲ"ဆိုတဲ့ အလိုဆိုး ဖြစ်တယ်။

တချို့ရဟန်းမှာ "ကျောင်းရောက်လာတဲ့ ရဟန်းတို့အား တခြားရဟန်း တရားမဟောရဘဲ ငါသာ တရားဟောရလျှင် ကောင်းမှာပဲ" ဆိုတဲ့ အလိုဆိုး ဖြစ်တယ်။

တချို့ရဟန်းမှာ "ကျောင်းရောက်လာတဲ့ ရဟန်းမ၊ ဒကာ၊ ဒကာမ တို့အား တခြားရဟန်း တရားမဟောရဘဲ ငါသာ တရားဟောရလျှင် ကောင်းမှာပဲ" ဆိုတဲ့ အလိုဆိုး ဖြစ်တယ်။

တချို့ရဟန်းမှာ "ရဟန်းတို့သည် တခြားရဟန်းကို အရိုအသေမပြုကြ၊ မလေးစားကြ၊ မမြတ်နိုးကြ၊ မပူဇော်ကြဘဲ

ငါ့ကိုသာ ရှိသေ၊ လေးစား၊ မြတ်နိုး၊ ပူဇော်ကြလျှင် ကောင်းမှာပဲ” ဆိုတဲ့ အလိုဆိုး ဖြစ်တယ်။

တချို့ရဟန်းမှာ “ရဟန်းမ၊ ဒကာ၊ ဒကာမတို့သည် တခြားရဟန်းကို အရှိအသေ မပြုကြ၊ မလေးစားကြ မမြတ်နိုးကြ၊ မပူဇော်ကြဘဲ ငါ့ကိုသာ ရှိသေ၊ လေးစား၊ မြတ်နိုး၊ ပူဇော်ကြလျှင် ကောင်းမှာပဲ”ဆိုတဲ့ အလိုဆိုး ဖြစ်တယ်။

တချို့ရဟန်းမှာ “ကောင်းတဲ့ သင်္ကန်း၊ ဆွမ်း၊ ကျောင်း၊ ဆေး တို့ကို တခြားရဟန်း မရဘဲ ငါသာ ရလျှင် ကောင်းမှာပဲ” ဆိုတဲ့ အလိုဆိုး ဖြစ်တယ်။

အဲဒီလို အလိုဆိုးများ အသီးအသီး ဖြစ်ကြပြီး ကိုယ်ဖြစ်စေချင်တဲ့ အတိုင်း မဖြစ်တဲ့အခါ အဲဒီရဟန်းများဟာ အမျက်ထွက်ကြတယ်၊ အလိုမကျ ဖြစ်ကြတယ်။

ငါ့ရှင် မောဂ္ဂလ္လာန်. . . အဲဒီ အမျက်ထွက်မှု၊ အလိုမကျမှု နှစ်မျိုးလုံးကို အညစ်အကြေးလို့ ခေါ်တယ်။

၆၁။ငါ့ရှင် မောဂ္ဂလ္လာန်. . . ဥပမာအားဖြင့် ဈေးမှ ဖြစ်စေ ပန်းတဉ်းသမားအိမ်မှဖြစ်စေ စင်ကြယ်ဖြူဖွေးတဲ့ ကြေးခွက်ကို ယူဆောင်လာတယ်ဆိုပါတော့။ ပိုင်ရှင်တို့ဟာ အဲဒီကြေးခွက်ထဲမှာ မြွေကောင်ပုပ်ကိုဖြစ်စေ၊ ခွေးကောင်ပုပ်ကို ဖြစ်စေ၊ လူကောင်ပုပ်ကို ဖြစ်စေ ပြည့်အောင် ထည့်ပြီး အခြားကြေးခွက် တစ်ခုဖြင့် ဖုံးပိတ်ကာ ဈေးထဲသို့ ယူဆောင်သွားကြတယ်။ လူတွေဟာ အဲဒီ ကြေးခွက်ကို **မြင်တဲ့အခါ “ဟေ့လူ. . . အဲဒါ ဘာတွေလဲ? လက်ဖွဲ့ပစ္စည်း**

သယ်လာတာ ကျနေတာပဲ"လို့ ပြောကြတယ်၊ အဲဒီနောက် ထပြီး ဖွင့်ကြည့်ကြတယ်။ အဲဒီ အကောင်ပုပ်ကို မြင်လိုက်သည်နှင့် တစ်ပြိုင်နက် အဲဒီလူများမှာ မနှစ်မြို့စိတ်၊ ရွံရှာစိတ်၊ စက်ဆုပ်စိတ်များ ဖြစ်ပေါ်လာတယ်။ ဆာနေသူများပင် စားချင်စိတ် ပျောက်သွားတယ်။ အစာဝနေသူတို့မှာ ပြောစရာပင် မရှိတော့။

ငါ့ရှင် မောဂ္ဂလ္လာန်. . . အဲဒီ ဥပမာအတိုင်းပဲ တချို့ ရဟန်းမှာ အလိုဆိုးကြောင့်ဖြစ်တဲ့ အမျက်ထွက်မှု၊ အလိုမကျမှု ရှိနေတာကို တွေ့မြင်ကြရ၊ ကြားသိကြရတယ်။ အဲဒီ ရဟန်းဟာ တောထဲမှာသာ နေတဲ့ အာရညကင်ဓုတင် စသည်ကို ဆောင်၍ ကျင့်သူ ဖြစ်စေကာမူ အဲဒီရဟန်းကို သီတင်းသုံးဖော်များက မရိုသေကြ၊ မလေးစားကြ၊ မမြတ်နိုးကြ၊ မပူဇော်ကြဘူး။ ဘာ့ကြောင့်လဲဆိုတော့ သူ့မှာရှိတဲ့ အလိုဆိုးကြောင့် ဖြစ်တဲ့ အမျက်ထွက်မှု၊ အလိုမကျမှုတို့ကို တွေ့မြင် ကြားသိကြရသောကြောင့် ဖြစ်တယ်။

၆၂။ ငါ့ရှင် မောဂ္ဂလ္လာန်. . . ဥပမာအားဖြင့် ဈေးမှဖြစ်စေ၊ ပန်းတဉ်းသမားအိမ်မှ ဖြစ်စေ စင်ကြယ်ဖြူဖွေးတဲ့ ကြေးခွက်ကို ယူဆောင်လာတယ် ဆိုပါတော့။ ပိုင်ရှင်တို့ဟာ အဲဒီ ကြေးခွက်ထဲမှာ ဖြူဖွေးကော့နေတဲ့ သလေးထမင်းများနှင့် (ကြက်သား၊ ဝက်သား စတဲ့) ဟင်းကောင်းများကို ပြည့်အောင် ထည့်ပြီး တခြားကြေးခွက် တစ်ခုဖြင့် ဖုံးပိတ်ကာ ဈေးထဲသို့ ယူဆောင်သွားကြတယ်။ လူတွေက အဲဒီကြေးခွက်ကို မြင်ကြတဲ့အခါ "ဟော့လူ. . . အဲဒါ ဘာတွေလဲ? လက်ဖွဲ့ပစ္စည်း သယ်လာတာ ကျနေတာပဲ" လို့ ပြောကြတယ်။ အဲဒီနောက် ထပြီး ဖွင့်ကြည့်ကြတယ်။ (အဲဒီ ဖြူဖွေးကော့နေတဲ့

သလေးထမင်းနှင့် ဟင်းကောင်းများကို) မြင်လိုက်သည်နှင့် တစ်ပြိုင်နက် အဲဒီလူများမှာ နှစ်သက်စိတ်၊ မက်မောစိတ်များ ဖြစ်ပေါ်လာတယ်။ အစာဝပြီးသူတို့ပင် စားချင်စိတ် ပေါက်လာတယ်။ ဆာလောင်နေသူတို့မှာ ပြောဖွယ်ပင် မရှိတော့။

ငါ့ရှင် မောဂ္ဂလ္လာန်. . . အဲဒီ ဥပမာအတိုင်းပဲ တချို့ ရဟန်းမှာ အလိုဆိုးကြောင့်ဖြစ်တဲ့ အမျက်ထွက်မှု၊ အလိုမကျမှု များ ကင်းနေတာကို တွေ့မြင်ကြရ၊ ကြားသိကြရတယ်။ အဲဒီရဟန်းဟာ ရွာလယ်ကျောင်း (မြို့လယ်ကျောင်း)မှာ နေစေကာမူ အဲဒီ ရဟန်းကို သီတင်းသုံးဖော်များက ရိုသေ၊ လေးစား၊ မြတ်နိုး၊ ပူဇော်ကြတယ်။ ဘာ့ကြောင့်လဲဆိုတော့ သူ့မှာရှိတဲ့ အလိုဆိုးကင်းပုံနှင့် အလိုဆိုးကြောင့်ဖြစ်တဲ့ အမျက် ထွက်မှု၊ အလိုမကျမှုကင်းပုံတို့ကို တွေ့မြင် ကြားသိကြရသောကြောင့် ဖြစ်တယ်။

၆၃။ အဲဒီအခါမှာ အရှင်မောဂ္ဂလ္လာန်ဟာ အရှင်သာရိပုတ္တရာရဲ့ တရားတော်ကို ချီးမွမ်းတော်မူ၍ ဝမ်းမြောက်ဝမ်းသာ သာဓု ခေါ်တော်မူခဲ့ပါတယ်။

**အနင်္ဂဏသုတ် ပြီးပြီ။**

❊ ❊ ❊

## ၆ – အာကင်္ခေယျသုတ်

၆၄။ အခါတစ်ပါးမှာ သာဝတ္ထိမြို့၊ ဇေတဝန်ကျောင်းတော်မှာ မြတ်စွာဘုရား သီတင်းသုံး နေတော်မူပါတယ်။ အဲဒီအခါက မြတ်စွာဘုရားဟာ ရဟန်းတို့အား အခုလို ဟောကြားတော်မူခဲ့ပါတယ်။

ရဟန်းတို့ . . သီလနှင့် ပြည့်စုံအောင်နေကြ၊ အသေးအမွှား အပြစ်ကလေးများကိုပင် ဘေး - လို့ ရှုမြင်ပြီး သိက္ခာပုဒ်တွေကို ကျင့်ကြ။

၆၅။ ရဟန်းတို့ . . ရဟန်းတစ်ပါးဟာ (၁) "ငါသည် သီတင်းသုံးဖော်တို့၏ ချစ်ခင်လေးစားမှုကို ခံရပါလို၏"လို့ တောင့်တခဲ့လျှင် အဲဒီ ရဟန်းဟာ သီလကို ပြည့်စုံအောင် စောင့်ထိန်းရမယ်။ မိမိရဲ့ စိတ်ကို ငြိမ်သက်အောင် ကြိုးစားရမယ်။ ဈာန်ရသူ ဖြစ်ရမယ်။ သမထဝိပဿနာ ကမ္မဋ္ဌာန်းကို အားထုတ်၍ ဆိတ်ငြိမ်ရာမှာ နေ့ရောညပါ နေထိုင်သူ ဖြစ်ရမယ်။

ထို့အတူ

(၂) သင်္ကန်း၊ ဆွမ်း၊ ကျောင်း၊ ဆေး - ဆိုတဲ့ ပစ္စည်းလေးပါးကို ရ ရပါလို၏ - လို့ ဖြစ်စေ၊

(၃) ငါရဲ့ ပစ္စည်းလေးပါး အလှူရှင်များအား ကောင်းကျိုးများကြပါစေ - လို့ ဖြစ်စေ၊

(၄) ငါ့ရဲ့ ကွယ်လွန်ပြီးတဲ့ ဆွေမျိုးသားချင်းများ ငါ့ကို ကြည်ညိုစိတ်ဖြင့် အောက်မေ့ အမှတ်ရကြ၍ ကောင်းကျိုးများစွာ ရကြပါစေလို့ ဖြစ်စေ၊

(၅) ငါသည် မပျော်မွေ့မှုကို လွှမ်းမိုးနိုင်ရ ပါလို၏- လို့ ဖြစ်စေ၊

(၆) ငါသည် ထိတ်လန့် ကြောက်ရွံ့ဖွယ်အာရုံကို လွှမ်းမိုးနိုင်ရပါလို၏ - လို့ ဖြစ်စေ၊

(၇) ရူပါဝစရစျာန်လေးပါးကို ရ ရပါလို၏ - လို့ ဖြစ်စေ၊

(၈) အရူပါဝစရစျာန်လေးပါးကို ရ ရပါလို၏ - လို့ ဖြစ်စေ၊

(၉) သောတာပန်ပုဂ္ဂိုလ် ဖြစ်ရပါလို၏ - လို့ ဖြစ်စေ၊

(၁၀) သကဒါဂါမ်ပုဂ္ဂိုလ် ဖြစ်ရပါလို၏ - လို့ ဖြစ်စေ၊

(၁၁) အနာဂါမ်ပုဂ္ဂိုလ် ဖြစ်ရပါလို၏ - လို့ ဖြစ်စေ၊

(၁၂) ဣဒ္ဓိဝိဓအဘိညာဉ်ကို ရ ရပါလို၏ - လို့ ဖြစ်စေ၊

(၁၃) ဒိဗ္ဗသောတအဘိညာဉ်ကို ရ ရပါလို၏ - လို့ ဖြစ်စေ၊

(၁၄) ပရစိတ္တဝိဇာနနအဘိညာဉ်ကို ရ ရပါလို၏ - လို့ ဖြစ်စေ၊

(၁၅) ပုဗ္ဗေနိဝါသာနုဿတိအဘိညာဉ်ကို ရ ရပါလို၏ လို့ ဖြစ်စေ၊

(၁၆) ဒိဗ္ဗစက္ခုအဘိညာဉ်ကို ရ ရပါလို၏ - လို့ ဖြစ်စေ၊

(၁၇) အာသဝက္ခယဉာဏ်ကို ရ၍ ရဟန္တာ ဖြစ်ရပါ လို၏
- လို့ ဖြစ်စေ၊

တောင့်တတဲ့ ရဟန်းဟာ သီလကို ပြည့်စုံအောင် စောင့်ထိန်းရမယ်။ မိမိရဲ့ စိတ်ကို ငြိမ်သက်အောင် ကြိုးစား ရမယ်။ ဈာန်ရသူ ဖြစ်ရမယ်။ သမထဝိပဿနာ ကမ္မဋ္ဌာန်းကို အားထုတ်၍ ဆိတ်ငြိမ်ရာမှာ နေ့ရောညပါ နေထိုင်သူ ဖြစ်ရမယ်။

မြတ်စွာဘုရားက အဲဒီလို ဟောကြားတော်မူတဲ့အခါ ရဟန်းများဟာ မြတ်စွာဘုရားရဲ့ တရားတော်ကို သဘောကျ နှစ်သက်ကြပြီး ဝမ်းမြောက်ဝမ်းသာ သာဓု ခေါ်ဆိုခဲ့ကြပါတယ်။

**အာကင်္ခေယျသုတ် ပြီးပြီ။**

❊ ❊ ❊

## ၇ – ဝတ္ထသုတ်

၇၁။ အခါတစ်ပါးမှာ သာဝတ္ထိမြို့၊ ဇေတဝန်ကျောင်းတော်မှာ မြတ်စွာဘုရား သီတင်းသုံးနေတော်မူပါတယ်။ အဲဒီအခါမှာ မြတ်စွာဘုရားက ရဟန်းတို့အား အခုလို ဟောကြားတော်မူခဲ့ပါတယ်။

ရဟန်းတို့. . . ဥပမာအားဖြင့် ဆေးဆိုးသမားတစ်ယောက်ဟာ ညစ်နွမ်းတဲ့ အညစ်အကြေးစွဲကပ်နေတဲ့ အဝတ်ကို အညိုရောင်ဖြစ်စေ၊ အဝါရောင်ဖြစ်စေ၊ အနီရောင် ဖြစ်စေ၊ ပန်းရောင်ဖြစ်စေ ဆိုးခဲ့လျှင် အဲဒီအဝတ်ရဲ့ အရောင်ဟာ မကောင်းတဲ့အရောင် ဖြစ်မှာ သေချာတယ်။ ဘာ့ကြောင့်လဲ ဆိုတော့ မူလအဝတ်ရဲ့ မသန့်ရှင်းမစင်ကြယ်မှုကြောင့် ဖြစ်တယ်။

ရဟန်းတို့. . . ထို့အတူပဲ စိတ်ထားမကောင်းသူရဲ့ လားရောက်ရမည့် ဘဝဟာ မကောင်းတဲ့ဘဝ ဖြစ်မှာ သေချာတယ်။

ရဟန်းတို့. . . ဥပမာအားဖြင့် ဆေးဆိုးသမား တစ်ယောက်ဟာ သန့်ရှင်းစင်ကြယ်တဲ့ အဝတ်ကို အညိုရောင် ဖြစ်စေ၊ အဝါရောင်ဖြစ်စေ၊ အနီရောင်ဖြစ်စေ၊ ပန်းရောင် ဖြစ်စေ ဆိုးခဲ့လျှင် အဲဒီအဝတ်ရဲ့ အရောင်ဟာ ကောင်းတဲ့ အရောင် ဖြစ်မှာ သေချာတယ်၊ ဘာ့ကြောင့်လဲဆိုတော့ - မူလအဝတ်ရဲ့ သန့်ရှင်းစင်ကြယ်မှုကြောင့် ဖြစ်တယ်။

ရဟန်းတို့. . . ထိုအတူပဲ စိတ်ထားကောင်းသူရဲ့ လားရောက်ရမည့်ဘဝဟာ ကောင်းတဲ့ဘဝဖြစ်မှာ သေချာတယ်။

၇၁။ ရဟန်းတို့ . . . စိတ်ရဲ့ ညစ်နွမ်းကြောင်းတရားများဟာ ဘာတွေလဲဆိုတော့ –

- အဘိဇ္ဈာဝိသမလောဘ - သူတစ်ပါးရဲ့ စည်းစိမ်ကို မတရားသဖြင့် လိုချင်ခြင်း
- ဗျာပါဒ - သူတစ်ပါးကို ဆုတ်ယုတ်ဆုံးရှုံး ပျက်စီးစေလိုခြင်း
- ကောဓ - အမျက်ထွက်ခြင်း
- ဥပနာဟ - ရန်ငြိုးဖွဲ့ခြင်း
- မက္ခ - သူ့ကျေးဇူးကို ချေဖျက်ခြင်း
- ပဠာသ - ဂုဏ်ပြိုင်ခြင်း
- ဣဿာ - မနာလိုခြင်း
- မစ္ဆရိယ - ဝန်တိုခြင်း (နှမြောခြင်း)
- မာယာ - လှည့်ပတ်ခြင်း
- သာဌေယျ - ကောက်ကျစ်စဉ်းလဲခြင်း
- ထမ္ဘ - ခက်ထန်ခြင်း
- သာရမ္ဘ - သာလို နိုင်လို လွှမ်းမိုးလိုခြင်း
- မာန - မောက်မာခြင်း
- အတိမာန - အလွန်မောက်မာခြင်း
- မဒ - မာန်ယစ်ခြင်း
- ပမာဒ - မေ့လျော့ခြင်း - တို့ဖြစ်တယ်။

၇၂။ အဲဒီ စိတ်ရဲ့ ညစ်နွမ်းကြောင်းတရားများကို သိတဲ့ရဟန်းဟာ အဲဒီတရားများကို ပယ်စွန့်တော့တယ်။ အဲဒီ စိတ်ရဲ့ ညစ်နွမ်းကြောင်း တရားများကို ပယ်စွန့်ပြီးတဲ့ ရဟန်းဟာ ရတနာသုံးပါးအား ခိုင်ခိုင်မြဲမြဲ သက်ဝင်ကြည်ညိုတော့တယ်။ ကိလေသာများကို အတိုင်းအတာ တစ်ခုအထိ ပယ်စွန့်ပြီးတော့တယ်။

၇၃။ အဲဒီရဟန်းဟာ ရတနာသုံးပါးအား ကြည်ညိုပုံ၊ ကိလေသာ တို့ကို ပယ်စွန့်ပုံတို့ကို တွေး၍ ဝမ်းမြောက် ဝမ်းသာ ဖြစ်ရတယ်။ ကိုယ်ခန္ဓာ ငြိမ်းချမ်းအေးမြတယ်။ ချမ်းသာသုခကို ခံစားရတယ်။ စိတ်ထား တည်ကြည်လာတယ်။

၇၄။ ရဟန်းတို့ . . ဥပမာအားဖြင့် အညစ်အကြေး စွဲကပ်၍ ညစ်နွမ်းနေတဲ့ အဝတ်ဟာ စင်ကြယ်တဲ့ရေကို အကြောင်းပြု၍ သန့်ရှင်းစင်ကြယ်ရသကဲ့သို့၊ ရွှေဟာ မိုက်ဝကို အကြောင်းပြု၍ သန့်ရှင်းစင်ကြယ် ကြည်လင်ဝင်းပရသကဲ့သို့ ဒီလို သီလ, ဓမ္မ, ပညာရှိတဲ့ ရဟန်းဟာ ဟင်းကောင်းဟင်းလျာများစွာနဲ့ ဆန်မည်းမဖက် (ဖြူဖွေးကော့နေတဲ့) သလေးဆွမ်း သက်သက်ကို ဘုဉ်းပေးသော်လည်း အဲဒီလို ဘုဉ်းပေးခြင်းကြောင့် သူ့မှာ အန္တရာယ် မဖြစ်နိုင်တော့။ သူဟာ အရပ်ဆယ်မျက်နှာလုံးကို မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ စိတ်တို့ဖြင့် ဖြန့်နှံ့၍ နေတယ်။ သူဟာ အာသဝေါကုန်ခန်း ရဟန္တာ ဖြစ်တော့တယ်။

ရဟန်းတို့. . . အဲဒီရဟန်းဟာ ကိုယ်တွင်း ကိလေသာ အညစ်အကြေးတို့ကို ရေဆေးပြီးတဲ့ရဟန်း ဖြစ်တယ် - လို့ မိန့်ကြားတော်မူခဲ့ပါတယ်။

အဲဒီနောက် ကိုယ်တွင်းကိလေသာ အညစ်အကြေးကို မြစ်ရေဖြင့် ဆေး၍ မစင်ကြယ်နိုင်ဘဲ အကျင့်ရေဖြင့် ဆေးမှသာ စင်ကြယ်နိုင်ကြောင်းကို သုန္ဒရိကဘာရဒွါဇပုဏ္ဏားအား ဟောပြတော်မူခဲ့ပါတယ်။ သုန္ဒရိကဘာရဒွါဇပုဏ္ဏားဟာ မြတ်စွာဘုရားရဲ့ တရားတော်ကို နာကြားရ၍ ရဟန္တာတစ်ပါး ဖြစ်ခဲ့ပါတယ်။

ဝတ္ထသုတ် ပြီးပြီ

❊ ❊ ❊

## ၈ – သလ္လေခသုတ်

၈၁။ အခါတစ်ပါးမှာ သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်မှာ မြတ်စွာဘုရား သီတင်းသုံးနေတော်မူပါတယ်။ အဲဒီအခါမှာ အရှင်စုန္ဒဟာ ညနေပိုင်း တစ်ပါးတည်း သီတင်းသုံးရာမှ ထတော်မူလာပြီး မြတ်စွာဘုရားအထံတော်သို့ ချဉ်းကပ် ပါတယ်။ မြတ်စွာဘုရားအထံတော်သို့ ရောက်တဲ့အခါ မြတ်စွာဘုရားအား ရှိခိုးဦးချပြီး အခုလို လျှောက်ထားပါတယ်။

"မြတ်စွာဘုရား. . . လောကမှာ အတ္တဝါဒနှင့် စပ်ယှဉ်တဲ့ မိစ္ဆာအယူ၊ လောကဝါဒနှင့် စပ်ယှဉ်တဲ့ မိစ္ဆာအယူဆိုတဲ့ မိစ္ဆာအယူများ ပေါ်ပေါက်နေပါတယ် ဘုရား။ ရဟန်းတစ်ပါးဟာ နှလုံးသွင်းရုံနဲ့ အဲဒီ မိစ္ဆာအယူများကို ပယ်နိုင်စွန့်နိုင်ပါသလား ဘုရား?"

၈၂။ စုန္ဒ. . . အဲဒီမိစ္ဆာအယူများဟာ ခန္ဓာငါးပါးမှာ သန္ဓေတည်ကြတယ်။ ခန္ဓာငါးပါးမှာ ကိန်းဝပ်နေကြတယ်။ ခန္ဓာငါးပါးမှ ပေါက်ဖွားလာကြတယ်။ အဲဒီခန္ဓာငါးပါးကို "ဒါ ငါ့ဥစ္စာမဟုတ်၊ ငါ မဟုတ်၊ ငါ ဖြစ်စေချင်တဲ့အတိုင်း ဖြစ်တဲ့ အရာ မဟုတ်"လို့ အမှန်မြင်တတ်တဲ့ပညာဖြင့် အမှန်အတိုင်း ရှုမြင်တဲ့ ရဟန်းဟာ အဲဒီမိစ္ဆာအယူများကို ပယ်စွန့်နိုင်တယ်။

စုန္ဒ. . . ဈာန်ရှစ်ပါးကိုရတဲ့ ရဟန်းများဟာ "ငါတို့ဟာ စိတ်ရဲ့ အညစ်အကြေးကို ခြစ်ခွာပြီး နေကြတာပဲ"လို့ သူတို့ကိုယ်သူတို့

ထင်ကောင်းထင်ကြမယ်။ ဒါပေမဲ့ မြတ်စွာဘုရားရဲ့ သာသနာတော်မှာ အဲဒီစျာန်များကို "စိတ်ရဲ့ အညစ် အကြေးကို ခြစ်ခွာကြောင်း တရားများ" လို့ မခေါ်ဘူး။ "လက်တွေ့ချမ်းသာစွာနေရကြောင်း တရားများ၊ ငြိမ်းချမ်းစွာ နေရကြောင်းတရားများ" လို့သာ ခေါ်တယ်။

၈၃။ စုန္ဒ. . . ဒီသာသနာတော်မှာ သင်တို့ စိတ်ရဲ့ အညစ်-အကြေးတွေကို အခုလို ခြစ်ခွာကြရမယ်။

တခြားသူတွေက ညှဉ်းဆဲသူများ ဖြစ်ကြသော်လည်း ငါတို့က မညှဉ်းဆဲသူများ ဖြစ်ကြမယ်။

တခြားသူတွေက သူတစ်ပါးအသက်ကို သတ်ကြသော်လည်း ငါတို့က သူတစ်ပါးအသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်ကြမယ်။

တခြားသူတွေက သူတစ်ပါးဥစ္စာကို ခိုးကြသော်လည်း ငါတို့က သူတစ်ပါးဥစ္စာကို ခိုးယူခြင်းမှ ရှောင်ကြဉ်ကြမယ်။

တခြားသူတွေက မမြတ်သောအကျင့်ကို ကျင့်ကြသော်လည်း ငါတို့က မမြတ်သောအကျင့်ကို ကျင့်ခြင်းမှ ရှောင်ကြဉ်ကြမယ်။

တခြားသူတွေက လိမ်ညာ ပြောကြသော်လည်း ငါတို့က လိမ်ညာပြောခြင်းမှ ရှောင်ကြဉ်ကြမယ်။

တခြားသူတွေက ကုန်းတိုက်စကားကို ပြောကြသော်လည်း ငါတို့က ကုန်းတိုက်စကားပြောဆိုခြင်းမှ ရှောင်ကြဉ်ကြမယ်။

တခြားသူတွေက ကြမ်းတမ်းတဲ့စကားကို ပြောကြသော်လည်း ငါတို့က ကြမ်းတမ်းတဲ့စကားကို ပြောခြင်းမှ ရှောင်ကြဉ်ကြမယ်။

တခြားသူတွေက အကျိုးမဲ့စကားကို ပြောကြသော်လည်း ငါတို့က အကျိုးမဲ့စကားကို ပြောခြင်းမှ ရှောင်ကြဉ်ကြမယ်။

တခြားသူတွေက သူတစ်ပါးရဲ့ ပစ္စည်းကို ရရန် မတရားကြံစည်ကြသော်လည်း ငါတို့က သူတစ်ပါးရဲ့ ပစ္စည်းကိုရရန် မတရားကြံစည်ခြင်းမှ ရှောင်ကြဉ်ကြမယ်။

တခြားသူတွေက သူတစ်ပါးရဲ့ ကြီးပွားမှုကို ဖျက်ဆီးလိုစိတ်ရှိကြသော်လည်း ငါတို့က သူတစ်ပါးရဲ့ ကြီးပွားမှုကို ဖျက်ဆီးခြင်းမှ ရှောင်ကြဉ်ကြမယ်။

တခြားသူတွေက မှားယွင်းတဲ့ အမြင်ရှိသူများ ဖြစ်ကြသော်လည်း ငါတို့က မှန်ကန်တဲ့ အမြင်ရှိသူများ ဖြစ်ကြမယ်။

တခြားသူတွေက မှားယွင်းတဲ့အကြံအစည် ရှိသူများ ဖြစ်ကြသော်လည်း ငါတို့က မှန်ကန်တဲ့ အကြံအစည်ရှိသူများ ဖြစ်ကြမယ်။

တခြားသူတွေက မှားယွင်းတဲ့စကားရှိသူများ ဖြစ်ကြသော်လည်း ငါတို့က မှန်ကန်တဲ့စကားရှိသူများ ဖြစ်ကြမယ်။

တခြားသူတွေက မှားယွင်းတဲ့ ပြုလုပ်မှုရှိသူများ ဖြစ်ကြသော်လည်း ငါတို့က မှန်ကန်တဲ့ ပြုလုပ်မှု ရှိသူများ ဖြစ်ကြမယ်။

တခြားသူတွေက မှားယွင်းတဲ့ အသက်မွေးမှု (စီးပွား ရှာမှု) ရှိသူများ ဖြစ်ကြသော်လည်း ငါတို့က မှန်ကန်တဲ့ အသက်မွေးမှု (စီးပွားရှာမှု) ရှိသူများ ဖြစ်ကြမယ်။

တခြားသူတွေက မှားယွင်းတဲ့အားထုတ်မှု ရှိသူများ ဖြစ်ကြသော်လည်း ငါတို့က မှန်ကန်တဲ့ အားထုတ်မှု ရှိသူများ ဖြစ်ကြမယ်။

တခြားသူတွေက မှားယွင်းတဲ့ သတိရှိသူများ ဖြစ်ကြသော်လည်း ငါတို့က မှန်ကန်တဲ့ သတိရှိသူများ ဖြစ်ကြမယ်။

တခြားသူတွေက မှားယွင်းတဲ့ တည်ကြည်မှု ရှိသူများ ဖြစ်ကြသော်လည်း ငါတို့က မှန်ကန်တဲ့ တည်ကြည်မှုရှိသူများ ဖြစ်ကြမယ်။

တခြားသူတွေက မှားယွင်းတဲ့ ဉာဏ်ရှိသူများ ဖြစ်ကြသော်လည်း ငါတို့က မှန်ကန်တဲ့ ဉာဏ်ရှိသူများ ဖြစ်ကြမယ်။

တခြားသူတွေက မှားယွင်းတဲ့ လွတ်မြောက်မှု ရှိသူများ ဖြစ်ကြသော်လည်း ငါတို့က မှန်ကန်တဲ့ လွတ်မြောက်မှု ရှိသူများ ဖြစ်ကြမယ်။

တခြားသူတွေက ထိုင်းမှိုင်းမှု အားကြီးသူများ ဖြစ်ကြသော်လည်း ငါတို့က ထိုင်းမှိုင်းမှု ကင်းသူများ ဖြစ်ကြမယ်။

တခြားသူတွေက ပျံ့လွင့်သူများ ဖြစ်ကြသော်လည်း ငါတို့က မပျံ့လွင့်သူများ ဖြစ်ကြမယ်။

တခြားသူတွေက ယုံမှားမှုရှိသူများ ဖြစ်ကြသော်လည်း ငါတို့က ယုံမှားမှုကို ကျော်လွန်ပြီးသူများ ဖြစ်ကြမယ်။

တခြားသူတွေက အမျက်ထွက်သူများ ဖြစ်ကြသော်လည်း ငါတို့က အမျက်မထွက်သူများ ဖြစ်ကြမယ်။

တခြားသူတွေက ရန်ငြိုးဖွဲ့သူများ ဖြစ်ကြသော်လည်း ငါတို့က ရန်ငြိုးမဖွဲ့သူများ ဖြစ်ကြမယ်။

တခြားသူတွေက ကျေးဇူးကန်းသူများ ဖြစ်ကြသော်လည်း ငါတို့က ကျေးဇူးမကန်းသူများ ဖြစ်ကြမယ်။

တခြားသူတွေက မနာလိုသူများ ဖြစ်ကြသော်လည်း ငါတို့က မနာလိုခြင်း ကင်းသူများ ဖြစ်ကြမယ်။

တခြားသူတွေက နှမြောဝန်တိုသူများ ဖြစ်ကြသော်လည်း ငါတို့က မနှမြော ဝန်မတိုသူများ ဖြစ်ကြမယ်။

တခြားသူတွေက စဉ်းလဲကောက်ကျစ်သူများ ဖြစ်ကြသော်လည်း ငါတို့က မစဉ်းလဲ မကောက်ကျစ်သူများ ဖြစ်ကြမယ်။

တခြားသူတွေက လှည့်ပတ်သူများ ဖြစ်ကြသော်လည်း ငါတို့က မလှည့်ပတ်သူများ ဖြစ်ကြမယ်။

တခြားသူတွေက ခက်ထန်သူများ ဖြစ်ကြသော်လည်း ငါတို့က မခက်ထန်သူများ ဖြစ်ကြမယ်။

တခြားသူတွေက မာနကြီးသူများ ဖြစ်ကြသော်လည်း ငါတို့က မာနမကြီးသူများ ဖြစ်ကြမယ်။

တခြားသူတွေက အပြောခက် အဆိုခက်သူများ ဖြစ်ကြသော်လည်း ငါတို့က ပြောလွယ် ဆိုလွယ်သူများ ဖြစ်ကြမယ်။

တခြားသူတွေက မိတ်ဆွေယုတ်ရှိသူများ ဖြစ်ကြသော်လည်း ငါတို့က မိတ်ဆွေကောင်းရှိသူများ ဖြစ်ကြမယ်။

(၅၉)

တခြားသူတွေက မေ့လျော့သူများ ဖြစ်ကြသော်လည်း ငါတို့က မမေ့မလျော့သူများ ဖြစ်ကြမယ်။

တခြားသူတွေက ယုံကြည်မှုသဒ္ဓါတရား မရှိသူများ ဖြစ်ကြသော်လည်း ငါတို့က ယုံကြည်မှုသဒ္ဓါတရား ရှိသူများ ဖြစ်ကြမယ်။

တခြားသူတွေက မကောင်းမှုမှ ရှက်စိတ် မရှိသူများ ဖြစ်ကြသော်လည်း ငါတို့က မကောင်းမှုမှ ရှက်စိတ် ရှိသူများ ဖြစ်ကြမယ်။

တခြားသူတွေက မကောင်းမှုကို မကြောက်သူများ ဖြစ်ကြသော်လည်း ငါတို့က မကောင်းမှုကို ကြောက်သူများ ဖြစ်ကြမယ်။

တခြားသူတွေ အကြားအမြင်နည်းသူများ ဖြစ်ကြသော်လည်း ငါတို့က အကြာအမြင်များသူများ ဖြစ်ကြမယ်။

တခြားသူတွေက ပျင်းရိသူများ ဖြစ်ကြသော်လည်း ငါတို့က ကြိုးစားသူများ ဖြစ်ကြမယ်။

တခြားသူတွေက သတိမရှိသူများ ဖြစ်ကြသော်လည်း ငါတို့က သတိရှိသူများ ဖြစ်ကြမယ်။

တခြားသူတွေက ပညာမရှိသူများ ဖြစ်ကြသော်လည်း ငါတို့က ပညာရှိသူများ ဖြစ်ကြမယ်။

တခြားသူတွေက မိမိအယူကိုသာ အလွန်အကဲ သုံးသပ်သူများ၊ ခိုင်ခိုင်မြဲမြဲ ကိုင်စွဲထားသူများ၊ စွန့်နိုင်ခဲ သူများ ဖြစ်ကြသော်လည်း ငါတို့က မိမိအယူကိုသာ အလွန်အကဲ မသုံးသပ်သူများ၊ ခိုင်ခိုင်မြဲမြဲ ကိုင်စွဲမထားသူများ၊ စွန့်နိုင်လွယ် သူများ ဖြစ်ကြမယ်။

စုန္ဒ . . . သင်တို့ စိတ်ရဲ့ အညစ်အကြေးတွေကို အဲဒီလို ခြစ်ခွာကြရမယ်။

၈၄။ စုန္ဒ . . . ကုသိုလ်တရားတို့၌ စိတ်ဖြစ်ရုံမျှကိုပင် ကျေးဇူးများလှပြီ - လို့ ငါဘုရား ဟောကြားတော်မူတယ်။ ကိုယ်ဖြင့် ပြုလုပ်၊ နှုတ်ဖြင့် ပြောဆိုရင်တော့ (ကိုယ်နှုတ်တို့ဖြင့် အကောင်အထည်ဖော်ရင်တော့) ပြောဖွယ်ပင်မရှိတော့။ စုန္ဒ . . . ဒါ့ကြောင့် တခြားသူတွေက ညှဉ်းဆဲသူများဖြစ်ကြသော်လည်း ငါတို့ကား မညှဉ်းဆဲ သူများ ဖြစ်ကြမယ် - စသည်အားဖြင့် စိတ်ကို ဖြစ်စေရမယ်။ (၄၄ - ခုလုံးကို အကျယ်ချဲ့ပါ။)

၈၅။ စုန္ဒ . . . ညီတဲ့လမ်းဟာ မညီတဲ့လမ်းကို ရှောင်ကြဉ်ဖို့ရာ ဖြစ်သကဲ့သို့၊ ညီတဲ့ဆိပ်ကမ်းဟာ မညီတဲ့ ဆိပ်ကမ်းကို ရှောင်ကြဉ်ဖို့ရာ ဖြစ်သကဲ့သို့ မညှဉ်းဆဲမှုစသည်ဟာ ညှဉ်းဆဲမှုစသည်ကို ရှောင်ကြဉ်ဖို့ရာ ဖြစ်တယ်။

၈၆။ စုန္ဒ . . . အကုသိုလ်မှန်သမျှဟာ အောက်ကျကြောင်း (အောက်တန်းကျကြောင်း) ဖြစ်ပြီး ကုသိုလ်မှန်သမျှဟာ အဆင့်မြင့်ကြောင့် (အဆင့်အတန်းမြင့်ကြောင်း) ဖြစ်တယ်။

၈၇။ စုန္ဒ . . . ကိုယ်တိုင်က ညွှန်ထဲမှာ နစ်နေသူဟာ ညွှန်နစ်နေတဲ့ သူတစ်ပါးကို ညွှန်ထဲမှ ထုတ်ဆောင်မယ်ဆိုတာ မဖြစ်နိုင်။ ကိုယ်တိုင်က မငြိမ်းအေး၊ မယဉ်ကျေး၊ မသိမ်မွေ့သူဟာ **သူတစ်ပါးအား ငြိမ်းအေး၊ ယဉ်ကျေး၊ သိမ်မွေ့အောင် ဆုံးမမယ်**

ဆိုတာ မဖြစ်နိုင်။ ကိုယ်တိုင်က ငြိမ်းအေး၊ ယဥ်ကျေး၊ သိမ်မွေ့သူသာ သူတစ်ပါးအားလည်း ငြိမ်းအေး၊ ယဥ်ကျေး၊ သိမ်မွေ့အောင် ဆုံးမမယ် - ဆိုတာ ဖြစ်နိုင်တယ်။ စုန္ဒ. . . ညှဥ်းဆဲတတ်သူ စသည်တို့ရဲ့ မညှဥ်းဆဲတော့ခြင်း စသည်ဟာ ငြိမ်းအေးကြောင်း ဖြစ်တယ်။

၈၈။ စုန္ဒ. . . အခု ဟောပြတော်မူခဲ့တဲ့အတိုင်း စိတ်ရဲ့ အညစ်အကြေးများကို ခြစ်ခွာချနည်း ဒေသနာတော်ကိုလည်း ငါဘုရား ဟောကြားတော်မူပြီးပြီ။ စိတ်ထားနည်းဒေသနာတော်ကိုလည်း ငါဘုရား ဟောကြားတော်မူပြီးပြီ။ အထက်တန်းကျကြောင်း ဒေသနာတော်ကိုလည်း ငါဘုရား ဟောကြားတော်မူပြီးပြီ။

တပည့်တို့ရဲ အကျိုးစီးပွားကို လိုလားပြီး သနားကြင်နာတတ်တဲ့ ဆရာတစ်ပါး ပြုသင့်ပြုထိုက်တာကို သင်တို့အတွက် ငါဘုရား ပြုတော်မူပြီးပြီ။

စုန္ဒ. . . ဒါတွေဟာ သစ်ပင်ရင်းတွေပဲ။ ဒါတွေဟာ ဆိတ်ငြိမ်တဲ့ နေရာတွေပဲ။ စုန္ဒ. . . တရားကို ရှုမှတ်ပွားများကြကုန်လော့။ အမှတ်တမဲ့ မေ့မေ့လျော့လျော့ ပေါ့ပေါ့ဆဆ လုံးဝ မနေကြကုန်လင့်။ နောင်ကျမှ နောင်တ မရကြကုန်လင့်။ ဒါဟာ သင်တို့အတွက် ငါဘုရားတို့ရဲ့ အဆုံးအမတော် ဖြစ်တယ်။

(၆၂)

မြတ်စွာဘုရား ဒီတရားတော်ကို ဟောကြားတော်မူတဲ့အခါ အရှင်မဟာစုန္ဒဟာ မြတ်စွာဘုရားရဲ့ တရားတော်ကို သဘောကျ နှစ်သက်ပြီး သာဓုခေါ် ဆိုခဲ့ပါတယ်။

**သလ္လေခသုတ် ပြီးပြီ။**

❊ ❊ ❊

## ၉ – သမ္မာဒိဋ္ဌိသုတ်

၈၉။ အခါတစ်ပါးမှာ သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်မှာ မြတ်စွာဘုရား သီတင်းသုံးနေတော်မူပါတယ်။ အဲဒီအခါမှာ အရှင်သာရိပုတ္တရာက ရဟန်းတို့အား အခုလို မေးမြန်းတော်မူခဲ့ပါတယ်။

"ငါ့ရှင်တို့ . . ဘုရားသားတော်တစ်ပါးကို သမ္မာဒိဋ္ဌိ သမ္မာဒိဋ္ဌိ (မှန်ကန်တဲ့ အမြင်ရှိသူ မှန်ကန်တဲ့ အမြင်ရှိသူ)- လို့ ခေါ်လေ့ရှိတယ်။ ဘုရားသားတော် တစ်ပါးဟာ ဘာ့ကြောင့် မှန်ကန်တဲ့အယူရှိသူ ဖြစ်သလဲ?"

"အရှင်ဘုရား သာရိပုတ္တရာ. . . အရှင်ဘုရားရဲ့ အထံတော်မှ အဲဒီစကားရဲ့ အနက်အဓိပ္ပါယ်ကို သိချင်လွန်းလို့ အဝေးကြီးမှပင် တပည့်တော်များ လာခဲ့ကြပါတယ်ဘုရား။ တောင်းပန်ပါတယ် အရှင်ဘုရား၊ အဲဒီစကားရဲ့ အနက်အဓိပ္ပါယ်ကို မိန့်ကြားတော်မူပါ။ အရှင်ဘုရားအထံမှ ကြားနာပြီး ရဟန်းများ မှတ်သားကြရမှာပါ ဘုရား။"

"ငါ့ရှင်တို့. . . ဒါဆိုလျှင် နာယူကြ၊ ကောင်းမွန်စွာ နှလုံးသွင်းကြ၊ ငါဟောပြမယ်"။

ငါ့ရှင်တို့. . . ဘုရားသားတော်တစ်ပါးဟာ အကုသိုလ်ကိုလည်း သိတယ်။ အကုသိုလ်ဖြစ်ကြောင်းကိုလည်း သိတယ်။ ကုသိုလ်ကိုလည်း သိတယ်၊ ကုသိုလ် ဖြစ်ကြောင်းကိုလည်း သိတယ်။

ငါ့ရှင်တို့ . . အကုသိုလ်ဆိုတာ ဘာလဲ? အကုသိုလ်ဖြစ်ကြောင်းဆိုတာ ဘာလဲ? ကုသိုလ်ဆိုတာ ဘာလဲ? ကုသိုလ်ဖြစ်ကြောင်းဆိုတာ ဘာလဲ ဆိုတော့ –

ငါ့ရှင်တို့ . . သူတစ်ပါးရဲ့ အသက်ကို သတ်ခြင်း၊ သူတစ်ပါးရဲ့ ဥစ္စာကို ခိုးခြင်း၊ သူတစ်ပါးရဲ့ သားမယားကို ပြစ်မှားခြင်း၊ လိမ်ညာပြောခြင်း၊ ကုန်းတိုက်ခြင်း၊ ကြမ်းတမ်းတဲ့ စကားကို ပြောခြင်း၊ အကျိုးမဲ့စကားကို ပြောခြင်း၊ သူတစ်ပါးပစ္စည်းကို ရရန်မတရားသဖြင့် ကြံစည်ခြင်း၊ သူတစ်ပါးရဲ့ စီးပွားချမ်းသာကို ဖျက်ဆီးခြင်း၊ အယူမှားခြင်းတို့ဟာ အကုသိုလ်များ ဖြစ်ကြတယ်။

လောဘ၊ ဒေါသ၊ မောဟ တို့ဟာ အကုသိုလ် ဖြစ်ကြောင်းများ ဖြစ်ကြတယ်။

သူတစ်ပါးရဲ့ အသက်ကို မသတ်ခြင်း၊ သူတစ်ပါးရဲ့ ဥစ္စာကို မခိုးခြင်း၊ သူတစ်ပါးရဲ့ သားမယားကို မပြစ်မှားခြင်း၊ လိမ်ညာမပြောခြင်း၊ ကုန်း မတိုက်ခြင်း၊ ကြမ်းတမ်းတဲ့ စကားကို မပြောခြင်း၊ အကျိုးမဲ့စကားကို မပြောခြင်း၊ သူတစ်ပါးရဲ့ ပစ္စည်းကိုရရန် မတရားသဖြင့် မကြံစည်ခြင်း၊ သူတစ်ပါးရဲ့ စီးပွားချမ်းသာကို မဖျက်ဆီးခြင်း၊ အယူမှန်ခြင်း တို့ဟာ ကုသိုလ်များ ဖြစ်ကြတယ်။

အလောဘ၊ အဒေါသ၊ အမောဟတို့ဟာ ကုသိုလ်ဖြစ်ကြောင်းများ ဖြစ်ကြတယ်။

ငါ့ရှင်တို့ . . ဘုရားသားတော်ဟာ အကုသိုလ်စသည်ကို အဲဒီလိုသိပြီး လောဘကို ပယ်၊ ဒေါသကို ဖျောက်၊ ဒိဋ္ဌိနှင့် မာနကို နုတ်၍ အဝိဇ္ဇာကို ကင်းစေတယ်။ ဝိဇ္ဇာ (အရဟတ္တ မဂ်ဉာဏ်)ကို ဖြစ်စေတယ်။ မျက်မှောက်ဘဝမှာပဲ ဒုက္ခကို အဆုံးသတ်နိုင်တယ်။

ငါ့ရှင်တို့ . . ဒါ့ကြောင့် သူဟာ သမ္မာဒိဋ္ဌိ - မှန်ကန်တဲ့ အမြင်ရှိသူ (လောကုတ္တရာ သမ္မာဒိဋ္ဌိရှိသူ) ဖြစ်တော့တယ်။

၉၁။ "ကောင်းပါပြီ အရှင်ဘုရား၊ တခြားနည်းနဲ့ကော ဘုရားသားတော်ကို သမ္မာဒိဋ္ဌိ - မှန်ကန်တဲ့ အမြင်ရှိသူ လို့ ခေါ်ဆိုနိုင်ပါသေးသလား ဘုရား ?"

"ခေါ်ဆိုနိုင်သေးတယ် ငါ့ရှင်တို့၊ ဘုရားသားတော် တစ်ပါးဟာ အာဟာရကိုလည်း သိတယ်။ (ဒီနေရာမှာ အာဟာရဆိုတာ အကြောင်းတရား ဖြစ်တယ်။) အာဟာရ ဖြစ်ကြောင်းကိုလည်း သိတယ်။ အာဟာရ ချုပ်ပြတ်ကြောင်း အကျင့်ကိုလည်း သိတယ်။

ငါ့ရှင်တို့ . . အာဟာရဆိုတာ ဘာလဲ ? အာဟာရ ဖြစ်ကြောင်းဆိုတာ ဘာလဲ ? အာဟာရ ချုပ်ပြတ်ခြင်း ဆိုတာ ဘာလဲ ? အာဟာရချုပ်ပြတ်ကြောင်း အကျင့်ဆိုတာ ဘာလဲ ဆိုတော့ —

ငါ့ရှင်တို့ . . အာဟာရဟာ လေးမျိုးရှိတယ်။ လေးမျိုး အနက် ပဌမအာဟာရက စားသောက်ဖွယ်ရာ အစားအစာ

ဖြစ်တယ်။ ဒုတိယအာဟာရက ဖဿ - တွေ့ထိ ပေါင်းဆုံမှု ဖြစ်တယ်။ တတိယအာဟာရက မနောသဉ္စေတနာဟာရ - စိတ်ရဲ့တွန်းအား ဖြစ်တယ်။ စတုတ္ထအာဟာရက ဝိညာဉ်- သိစိတ် ဖြစ်တယ်။

တဏှာဖြစ်ခြင်းကြောင့် အာဟာရဖြစ်တယ်။ တဏှာ ချုပ်ပြတ်ခြင်းကြောင့် အာဟာရချုပ်ပြတ်တယ်။

မဂ္ဂင်ရှစ်ပါးဟာ တဏှာချုပ်ပြတ်ကြောင်းအကျင့် ဖြစ်တယ်။ မဂ္ဂင်ရှစ်ပါးဆိုတာ သမ္မာဒိဋ္ဌိ - မှန်စွာ သိမြင်ခြင်း၊ သမ္မာသင်္ကပ္ပ - မှန်စွာ ကြံစည်ခြင်း၊ သမ္မာဝါစာ - မှန်စွာ ပြောဆိုခြင်း၊ သမ္မာကမ္မန္တ- မှန်စွာ ပြုလုပ်ခြင်း၊ သမ္မာအာဇီဝ မှန်စွာ အသက်မွေးခြင်း၊ သမ္မာဝါယာမ - မှန်စွာ အားထုတ်ခြင်း၊ သမ္မာသတိ - မှန်စွာ အမှတ်ရခြင်း၊ သမ္မာသမာဓိ- မှန်စွာ တည်ကြည်ခြင်းတို့ ဖြစ်တယ်။

ငါ့ရှင်တို့. . . ဘုရားသားတော်ဟာ အာဟာရ စသည်ကို အဲဒီလိုသိပြီး လောဘကို ပယ်၊ ဒေါသကို ဖျောက်၊ ဒိဋ္ဌိနှင့် မာနကို နုတ်၍ အဝိဇ္ဇာကို ကင်းစေတယ်။ ဝိဇ္ဇာ (အရဟတ္တမဂ်ဉာဏ်)ကို ဖြစ်စေတယ်။ မျက်မှောက်ဘဝမှာပဲ ဒုက္ခကို အဆုံးသတ်နိုင်တယ်။

ငါ့ရှင်တို့. . . ဒါ့ကြောင့် သူဟာ သမ္မာဒိဋ္ဌိ - မှန်ကန်တဲ့ မြင်ရှိသူ (လောကုတ္တရာ သမ္မာဒိဋ္ဌိရှိသူ) ဖြစ်တော့တယ်။

၉၁။ "ကောင်းပါပြီ အရှင်ဘုရား၊ တခြားနည်းနဲ့ကော ဘုရားသားတော်ကို သမ္မာဒိဋ္ဌိ - မှန်ကန်တဲ့ အမြင်ရှိသူလို့ ခေါ်ဆိုနိုင်ပါသေးသလား ဘုရား?"

"ခေါ်ဆိုနိုင်သေးတယ် ငါ့ရှင်တို့၊ ဘုရားသားတော်ဟာ ဒုက္ခကိုလည်း သိတယ်။ ဒုက္ခဖြစ်ကြောင်းကိုလည်း သိတယ်၊ ဒုက္ခကင်းကြောင်းကိုလည်း သိတယ်၊ ဒုက္ခ ကုန်ဆုံးကြောင်း အကျင့်ကိုလည်း သိတယ်။

ဒုက္ခဆိုတာ ဘာလဲ? ဒုက္ခဖြစ်ကြောင်း ဆိုတာ ဘာလဲ? ဒုက္ခကုန်ဆုံးရာဆိုတာ ဘာလဲ ? ဒုက္ခကုန်ဆုံးကြောင်း အကျင့် ဆိုတာ ဘာလဲ ဆိုတော့ –

ပဋိသန္ဓေ နေရခြင်း၊ အိုရခြင်း၊ သေရခြင်း၊ စိုးရိမ်ရခြင်း၊ ငိုကြွေးရခြင်း၊ ကိုယ်ဆင်းရဲရခြင်း၊ စိတ်ဆင်းရဲရခြင်း၊ ပူဆွေးရခြင်း၊ မချစ်မနှစ်သက်သူတို့နှင့် ပေါင်းသင်းရခြင်း၊ ချစ်နှစ်သက်သူတို့နှင့် ကွေကွင်းရခြင်း၊ လိုတာကို မရခြင်း၊ အကျဉ်းချုပ်အားဖြင့် ခန္ဓာငါးပါးကို ရခြင်းတို့ဟာ ဒုက္ခများ ဖြစ်ကြတယ်။

ကာမဂုဏ်ကို တပ်မက်တတ်တဲ့ ကာမတဏှာ၊ ဘဝဆိုတာ ဆုံးသည် ပြတ်သည် မရှိလို့ ယူပြီး တပ်မက်တဲ့ ဘဝတဏှာ၊ နောင်ဘဝဆိုတာ မရှိ - လို့ ယူပြီး တပ်မက်တဲ့ ဝိဘဝတဏှာတို့ဟာ ဒုက္ခဖြစ်ကြောင်းများ ဖြစ်ကြတယ်။

တဏှာလောဘရဲ့ အကြွင်းမဲ့ ကင်းပြတ်ချုပ်ငြိမ်း ကုန်ဆုံးခြင်းဟာ ဒုက္ခကုန်ဆုံးခြင်း ဖြစ်တယ်။

မဂ္ဂင်ရှစ်ပါး အကျင့်တရားဟာ ဒုက္ခကုန်ဆုံးကြောင်း အကျင့် ဖြစ်တယ်။

ငါ့ရှင်တို့ . . ဘုရားသားတော်ဟာ ဒုက္ခ စသည်ကို အဲဒီလို သိပြီး လောဘကို ပယ်၊ ဒေါသကို ဖျောက်၊ ဒိဋ္ဌိနှင့် မာနကို နုတ်၍ အဝိဇ္ဇာကို ကင်းစေတယ်၊ ဝိဇ္ဇာ (အရဟတ္တ မဂ်ဉာဏ်) ကို ဖြစ်စေတယ်၊ မျက်မှောက်ဘဝမှာပဲ ဒုက္ခကို အဆုံးသတ်နိုင်တယ်။

ငါ့ရှင်တို့ . . ဒါ့ကြောင့် သူဟာ သမ္မာဒိဋ္ဌိ - မှန်ကန်တဲ့ အမြင်ရှိသူ (လောကုတ္တရာ သမ္မာဒိဋ္ဌိရှိသူ) ဖြစ်တော့တယ်။"

၉၂။ "ကောင်းပါပြီ အရှင်ဘုရား၊ တခြားနည်းနဲ့ကော ဘုရား သားတော်ကို သမ္မာဒိဋ္ဌိ - မှန်ကန်တဲ့ အမြင်ရှိသူလို့ ခေါ်ဆို နိုင်ပါသေးသလားဘုရား ?"

"ခေါ်ဆိုနိုင်သေးတယ် ငါ့ရှင်တို့၊ ဘုရားသားတော်ဟာ ဇရာမရဏကိုလည်း သိတယ်။ ဇရာမရဏ ဖြစ်ကြောင်းကိုလည်း သိတယ်။ ဇရာမရဏ ကင်းပြတ်ခြင်းကိုလည်းသိတယ်။ ဇရာမရဏကင်းပြတ်ကြောင်း အကျင့်ကိုလည်း သိတယ်။

ဇရာမရဏဟာ ဘာလဲ ? ဇရာမရဏ ဖြစ်ကြောင်းဟာ ဘာလဲ ? ဇရာမရဏ ကင်းပြတ်ခြင်းဟာ ဘာလဲ? ဇရာမရဏ

ကင်းပြတ်ကြောင်း အကျင့်ဟာ ဘာလဲ ဆိုတော့ - သတ္တဝါ အမျိုးမျိုးရဲ့ ဘဝအမျိုးမျိုးမှာ အိုရခြင်းဟာ ဇရာ၊ သေရခြင်းဟာ မရဏ ဖြစ်တယ်။ ပဋိသန္ဓေ နေရခြင်းကြောင့် အိုရ သေရတယ်။ ပဋိသန္ဓေ မနေရခြင်းကြောင့် အိုခြင်း သေခြင်း ကင်းတယ်။ အိုခြင်း သေခြင်း ကင်းကြောင်း အကျင့်ဟာ မဂ္ဂင်ရှစ်ပါး ဖြစ်တယ်။ ငါ့ရှင်တို့ ဘုရားသားတော်ဟာ ဇရာမရဏ စသည်ကို အဲဒီလို သိပြီး လောဘကို ပယ်၊ ဒေါသကို ဖျောက်၊ ဒိဋ္ဌိနှင့် မာနကို နုတ်၍ အဝိဇ္ဇာကို ကင်းစေတယ်၊ ဝိဇ္ဇာ (အရဟတ္တမဂ်ဉာဏ်)ကို ဖြစ်စေတယ်၊ မျက်မှောက်ဘဝမှာပဲ ဒုက္ခကို အဆုံးသတ်နိုင်တယ်။

ငါ့ရှင်တို့. . . ဒါ့ကြောင့် သူဟာ သမ္မာဒိဋ္ဌိ - မှန်ကန်တဲ့ အမြင်ရှိသူ (လောကုတ္တရာ သမ္မာဒိဋ္ဌိရှိသူ) ဖြစ်တော့တယ်။"

၉၃။ "ကောင်းပါပြီ အရှင်ဘုရား၊ တခြားနည်းနဲ့ကော ဘုရားသားတော်ကို သမ္မာဒိဋ္ဌိ - မှန်ကန်တဲ့ အမြင်ရှိသူလို့ ခေါ်ဆိုနိုင်ပါသေးသလားဘုရား ?"

"ခေါ်ဆိုနိုင်သေးတယ် ငါ့ရှင်တို့၊ ဘုရားသားတော်ဟာ ဇာတိကိုလည်း သိတယ်။ ဇာတိဖြစ်ကြောင်းကိုလည်း သိတယ်။ ဇာတိကင်းပြတ်ခြင်းကိုလည်း သိတယ်။ ဇာတိကင်းပြတ်ကြောင်း အကျင့်ကိုလည်း သိတယ်။

ဇာတိဆိုတာ ဘာလဲ ? ဇာတိဖြစ်ကြောင်း ဆိုတာ ဘာလဲ? ဇာတိကင်းပြတ်ခြင်း ဆိုတာ ဘာလဲ ? ဇာတိ ကင်းပြတ်ကြောင်း

အကျင့်ဆိုတာ ဘာလဲ ဆိုတော့ - သတ္တဝါ အမျိုးမျိုးရဲ့ ဘဝ အမျိုးမျိုးမှာ ပဋိသန္ဓေနေခြင်းဟာ ဇာတိ ဖြစ်တယ်။ ကံကို ပြုလုပ်အားထုတ်ခဲ့ခြင်းကြောင့် ဇာတိ ဖြစ်ရတယ်။ ကံကို ပြုလုပ်အားထုတ်မှု မရှိခြင်းကြောင့် ဇာတိ ကင်းပြတ်ရတယ်။ ဇာတိကင်းပြတ်ကြောင်း အကျင့်ဟာ မဂ္ဂင်ရှစ်ပါး ဖြစ်တယ်။

ငါ့ရှင်တို့ . . ဘုရားသားတော်ဟာ ဇာတိစသည်ကို အဲဒီလို သိပြီး လောဘကို ပယ်၊ ဒေါသကို ဖျောက်၊ ဒိဋ္ဌိနှင့် မာနကို နုတ်၍ အဝိဇ္ဇာကို ကင်းစေတယ်၊ ဝိဇ္ဇာ (အရဟတ္တမဂ်ဉာဏ်)ကို ဖြစ်စေတယ်၊ မျက်မှောက်ဘဝမှာပဲ ဒုက္ခကို အဆုံးသတ်နိုင်တယ်။

ငါ့ရှင်တို့ . . ဒါ့ကြောင့် သူဟာ သမ္မာဒိဋ္ဌိ - မှန်ကန်တဲ့ အမြင်ရှိသူ (လောကုတ္တရာ သမ္မာဒိဋ္ဌိရှိသူ) ဖြစ်တော့တယ်။"

၉၄။ "ကောင်းပါပြီ အရှင်ဘုရား၊ တခြားနည်းနဲ့ကော ဘုရားသားတော်ကို သမ္မာဒိဋ္ဌိ- မှန်ကန်တဲ့ အမြင်ရှိသူလို့ ခေါ်ဆိုနိုင်ပါသေးသလားဘုရား ?"

"ခေါ်ဆိုနိုင်သေးတယ် ငါ့ရှင်တို့၊ ဘုရားသားတော်ဟာ ဘဝကိုလည်း သိတယ်။ ဘဝဖြစ်ကြောင်းကိုလည်း သိတယ်။ ဘဝပြတ်ခြင်းကိုလည်း သိတယ်။ ဘဝပြတ်ကြောင်းအကျင့်ကိုလည်း သိတယ်။ ဘဝဆိုတာ ဘာလဲ? ဘဝဖြစ်ကြောင်းဆိုတာ ဘာလဲ? ဘဝပြတ်ခြင်းဆိုတာ ဘာလဲ ? ဘဝပြတ်ကြောင်း အကျင့်ဆိုတာ ဘာလဲ ဆိုတော့ - ကာမဘဝ, ရူပဘဝ, အရူပဘဝ

တို့ဟာ ဘဝ ဖြစ်တယ်။ ဥပါဒါန်ကြောင့် ဘဝ ဖြစ်တယ်။ ဥပါဒါန် ကင်းခြင်းကြောင့် ဘဝ ပြတ်တယ်။ ဘဝပြတ်ကြောင်း အကျင့် ဆိုတာ မဂ္ဂင်ရှစ်ပါး ဖြစ်တယ်။

ငါ့ရှင်တို့. . . ဘုရားသားတော်ဟာ ဘဝစသည်ကို အဲဒီလို သိပြီး လောဘကို ပယ်၊ ဒေါသကို ဖျောက်၊ ဒိဋ္ဌိနှင့် မာနကို နုတ်၍ အဝိဇ္ဇာကို ကင်းစေတယ်၊ ဝိဇ္ဇာ (အရဟတ္တမဂ်ဉာဏ်) ကို ဖြစ်စေတယ်။ မျက်မှောက်ဘဝမှာပဲ ဒုက္ခကို အဆုံးသတ်နိုင်တယ်။

ငါ့ရှင်တို့. . . ဒါ့ကြောင့် သူဟာ သမ္မာဒိဋ္ဌိ - မှန်ကန်တဲ့ အမြင်ရှိသူ (လောကုတ္တရာ သမ္မာဒိဋ္ဌိရှိသူ) ဖြစ်တော့တယ်။"

၉၅။ "ကောင်းပါပြီ အရှင်ဘုရား၊ တခြားနည်းနဲ့ကော ဘုရားသားတော်ကို သမ္မာဒိဋ္ဌိ - မှန်ကန်တဲ့ အမြင်ရှိသူလို့ ခေါ်ဆိုနိုင်ပါသေးသလားဘုရား ?"

"ခေါ်ဆိုနိုင်သေးတယ် ငါ့ရှင်တို့၊ ဘုရားသားတော်ဟာ ဥပါဒါန်ကိုလည်း သိတယ်၊ ဥပါဒါန် ဖြစ်ကြောင်းကိုလည်း သိတယ်၊ ဥပါဒါန် ကင်းပြတ်ခြင်းကိုလည်း သိတယ်၊ ဥပါဒါန် ကင်းပြတ်ကြောင်း အကျင့်ကိုလည်း သိတယ်။

ဥပါဒါန်ဆိုတာ ဘာလဲ? ဥပါဒါန် ဖြစ်ကြောင်းဆိုတာ ဘာလဲ? ဥပါဒါန် ကင်းပြတ်ခြင်းဆိုတာ ဘာလဲ ? ဥပါဒါန်ကင်း ပြတ်ကြောင်း အကျင့်ဆိုတာ ဘာလဲ ဆိုတော့ - ကာမုပါဒါန် ကာမဂုဏ်အာရုံကို စွဲလမ်းကြောင်းတဏှာ၊ ဒိဋ္ဌုပါဒါန် -

မိစ္ဆာအယူကို စွဲလမ်းကြောင်းတဏှာ၊ သီလဗ္ဗတုပါဒါန် - နွားကျင့် ခွေးကျင့် စသည်ကျင့်၍ ကိလေသာ စင်ကြယ်နိုင်သည် ဟု ယူဆသော ဒိဋ္ဌိ၊ အတ္တဝါဒုပါဒါန် - အတ္တရှိ၏ဟု ပြောဆို စွဲလမ်းကြောင်း ဒိဋ္ဌိတို့ဟာ ဥပါဒါန် ဖြစ်တယ်။ တဏှာ ဖြစ်ခြင်းကြောင့် ဥပါဒါန် ဖြစ်တယ်။ တဏှာကင်းပြတ်ခြင်းကြောင့် ဥပါဒါန် ကင်းပြတ်တယ်။ မဂ္ဂင်ရှစ်ပါးဟာ ဥပါဒါန် ကင်းပြတ်ကြောင်း အကျင့် ဖြစ်တယ်။

ငါ့ရှင်တို့. . . ဘုရားသားတော်ဟာ ဥပါဒါန်စသည်ကို အဲဒီလို သိပြီး လောဘကို ပယ်၊ ဒေါသကို ဖျောက်၊ ဒိဋ္ဌိနှင့် မာနကို နုတ်၍ အဝိဇ္ဇာကို ကင်းစေတယ်၊ ဝိဇ္ဇာ (အရဟတ္တ မဂ်ဉာဏ်)ကို ဖြစ်စေတယ်၊ မျက်မှောက်ဘဝမှာပဲ ဒုက္ခကို အဆုံးသတ်နိုင်တယ်။

ငါ့ရှင်တို့. . . ဒါ့ကြောင့် သူဟာ သမ္မာဒိဋ္ဌိ - မှန်ကန်တဲ့ အမြင်ရှိသူ (လောကုတ္တရာ သမ္မာဒိဋ္ဌိရှိသူ) ဖြစ်တော့တယ်။"

၉၆။ "ကောင်းပါပြီ အရှင်ဘုရား၊ တခြားနည်းနဲ့ကော ဘုရားသားတော်ကို သမ္မာဒိဋ္ဌိ - မှန်ကန်တဲ့ အမြင်ရှိသူလို့ ခေါ်ဆိုနိုင်ပါသေးသလားဘုရား ?"

"ခေါ်ဆိုနိုင်သေးတယ် ငါ့ရှင်တို့၊ ဘုရားသားတော်ဟာ တဏှာကိုလည်း သိတယ်။ တဏှာဖြစ်ကြောင်းကိုလည်း သိတယ်၊ တဏှာကင်းပြတ်ခြင်းကိုလည်း သိတယ်၊ တဏှာ ကင်းပြတ်ကြောင်း အကျင့်ကိုလည်း သိတယ်။

တဏှာဆိုတာ ဘာလဲ? တဏှာဖြစ်ကြောင်းဆိုတာ ဘာလဲ? တဏှာကင်းပြတ်ခြင်းဆိုတာ ဘာလဲ ? တဏှာကင်းပြတ်ကြောင်း အကျင့်ဆိုတာဘာလဲ ဆိုတော့ - အဆင်းကို တပ်မက်ခြင်း, အသံကို တပ်မက်ခြင်း, အနံ့ကို တပ်မက်ခြင်း, အရသာကို တပ်မက်ခြင်း အတွေ့အထိကို တပ်မက်ခြင်း, သိစရာသဘောကို တပ်မက်ခြင်း - ဆိုတဲ့ တပ်မက်ခြင်း "၆" ပါးဟာ တဏှာ ဖြစ်တယ်။ ဝေဒနာ ဖြစ်ခြင်းကြောင့် တဏှာ ဖြစ်တယ်။ ဝေဒနာ ကင်းပြတ်ခြင်းကြောင့် တဏှာကင်းပြတ်တယ်။ မဂ္ဂင်ရှစ်ပါးဟာ တဏှာကင်းပြတ်ကြောင်း အကျင့် ဖြစ်တယ်။

ငါ့ရှင်တို့. . . ဘုရားသားတော်ဟာ တဏှာစသည်ကို အဲဒီလို သိပြီး လောဘကို ပယ်၊ ဒေါသကို ဖျောက်၊ ဒိဋ္ဌိနှင့် မာနကို နုတ်၍ အဝိဇ္ဇာကို ကင်းစေတယ်၊ ဝိဇ္ဇာ (အရဟတ္တမဂ်ဉာဏ်)ကို ဖြစ်စေတယ်၊ မျက်မှောက်ဘဝမှာပဲ ဒုက္ခကို အဆုံးသတ်နိုင်တယ်။

ငါ့ရှင်တို့. . . ဒါ့ကြောင့် သူဟာ သမ္မာဒိဋ္ဌိ - မှန်ကန်တဲ့ အမြင်ရှိသူ (လောကုတ္တရာ သမ္မာဒိဋ္ဌိရှိသူ) ဖြစ်တော့တယ်။"

၉၃။ "ကောင်းပါပြီ အရှင်ဘုရား၊ တခြားနည်းနဲ့ကော ဘုရားသားတော်ကို သမ္မာဒိဋ္ဌိ - မှန်ကန်တဲ့ အမြင်ရှိသူလို့ ခေါ်ဆိုနိုင်ပါသေးသလားဘုရား ? "

"ခေါ်ဆိုနိုင်သေးတယ် ငါ့ရှင်တို့၊ ဘုရားသားတော်ဟာ ဝေဒနာကိုလည်း သိတယ်၊ ဝေဒနာဖြစ်ကြောင်းကိုလည်း သိတယ်၊

ဝေဒနာကင်းပြတ်ခြင်းကိုလည်း သိတယ်၊ ဝေဒနာ ကင်းပြတ်ကြောင်း အကျင့်ကိုလည်း သိတယ်။

ဝေဒနာ ဆိုတာ ဘာလဲ ? ဝေဒနာဖြစ်ကြောင်းဆိုတာ ဘာလဲ ? ဝေဒနာကင်းပြတ်ခြင်းဆိုတာ ဘာလဲ ? ဝေဒနာ ကင်းပြတ်ကြောင်း အကျင့်ဆိုတာ ဘာလဲဆိုတော့ - ဝေဒနာဟာ ခြောက်ပါးရှိတယ်။ ခြောက်ပါး ဆိုတာက မျက်စိအတွေ့ ကြောင့်ဖြစ်တဲ့ ဝေဒနာ၊ နားအတွေ့ကြောင့် ဖြစ်တဲ့ ဝေဒနာ၊ နှာခေါင်းအတွေ့ကြောင့်ဖြစ်တဲ့ ဝေဒနာ၊ လျှာအတွေ့ ကြောင့်ဖြစ်တဲ့ ဝေဒနာ၊ ကိုယ်အတွေ့ကြောင့်ဖြစ်တဲ့ ဝေဒနာ၊ စိတ်အတွေ့ကြောင့် ဖြစ်တဲ့ ဝေဒနာတို့ ဖြစ်တယ်။ ဖဿ (တွေ့ထိပေါင်းဆုံမှု)ကြောင့် ဝေဒနာ ဖြစ်တယ်။ ဖဿ ကင်းပြတ်ခြင်းကြောင့် ဝေဒနာ ကင်းပြတ်တယ်။ မဂ္ဂင်ရှစ်ပါးဟာ ဝေဒနာကင်းပြတ်ကြောင်း အကျင့်ဖြစ်တယ်။

ငါ့ရှင်တို့. . . ဘုရားသားတော်ဟာ ဝေဒနာစသည်ကို အဲဒီလို သိပြီး လောဘကို ပယ်၊ ဒေါသကို ဖျောက်၊ ဒိဋ္ဌိနှင့် မာနကို နုတ်၍ အဝိဇ္ဇာကို ကင်းစေတယ်၊ ဝိဇ္ဇာ (အရဟတ္တ မဂ်ဉာဏ်)ကို ဖြစ်စေတယ်၊ မျက်မှောက်ဘဝမှာပဲ ဒုက္ခကို အဆုံးသတ်နိုင်တယ်။

ငါ့ရှင်တို့. . . ဒါ့ကြောင့် သူဟာ သမ္မာဒိဋ္ဌိ - မှန်ကန်တဲ့ အမြင်ရှိသူ (လောကုတ္တရာ သမ္မာဒိဋ္ဌိရှိသူ) ဖြစ်တော့တယ်။”

၉၈။ "ကောင်းပါပြီ အရှင်ဘုရား၊ တခြားနည်းနဲ့ကော ဘုရားသားတော်ကို သမ္မာဒိဋ္ဌိ မှန်ကန်တဲ့ အမြင်ရှိသူလို့ ခေါ်ဆိုနိုင်ပါသေးသလားဘုရား ?"

"ခေါ်ဆိုနိုင်သေးတယ် ငါ့ရှင်တို့၊ ဘုရားသားတော်ဟာ ဖဿကိုလည်း သိတယ်၊ ဖဿ ဖြစ်ကြောင်းကိုလည်း သိတယ်၊ ဖဿကင်းပြတ်ခြင်းကိုလည်း သိတယ်၊ ဖဿ ကင်းပြတ်ကြောင်းအကျင့်ကိုလည်း သိတယ်။

ဖဿ ဆိုတာ ဘာလဲ ? ဖဿ ဖြစ်ကြောင်းဆိုတာ ဘာလဲ ? ဖဿ ကင်းပြတ်ခြင်းဆိုတာ ဘာလဲ ? ဖဿ ကင်းပြတ်ကြောင်းအကျင့်ဆိုတာ ဘာလဲ ဆိုတော့ - (အတွေ့ အထိဟာ ဖဿဖြစ်တယ်။) အဲဒီဖဿဟာ ခြောက်မျိုးရှိတယ်။ ခြောက်မျိုးဆိုတာက-မျက်စိအတွေ့၊ နားအတွေ့၊ နှာခေါင်းအတွေ့၊ လျှာအတွေ့၊ ကိုယ်အတွေ့နှင့် စိတ်အတွေ့ တို့ဖြစ်တယ်။ မျက်စိ, နား, နှာ, လျှာ, ကိုယ်, စိတ်တို့ ဖြစ်ခြင်းကြောင့် ဖဿ ဖြစ်တယ်။ မျက်စိ, နား, နှာ, လျှာ, ကိုယ်, စိတ်တို့ ကင်းပြတ်ခြင်းကြောင့် ဖဿကင်းပြတ်တယ်။ မဂ္ဂင်ရှစ်ပါးဟာ ဖဿကင်းပြတ်ကြောင်း အကျင့် ဖြစ်တယ်။

ငါ့ရှင်တို့ . . . ဘုရားသားတော်ဟာ ဖဿစသည်ကို အဲဒီ**လို** သိပြီး လောဘကို ပယ်၊ ဒေါသကို ဖျောက်၊ ဒိဋ္ဌိနှင့် မာနကို နုတ်၍ အဝိဇ္ဇာကို ကင်းစေတယ်၊ ဝိဇ္ဇာ (အရဟတ္တမဂ်ဉာဏ်)ကို ဖြစ်စေတယ်၊ မျက်မှောက်ဘဝမှာပဲ ဒုက္ခကို အဆုံးသတ်နိုင်တယ်။

ငါ့ရှင်တို့ . . ဒါ့ကြောင့် သူဟာ သမ္မာဒိဋ္ဌိ - မှန်ကန်တဲ့ အမြင်ရှိသူ (လောကုတ္တရာ သမ္မာဒိဋ္ဌိရှိသူ) ဖြစ်တော့တယ်။"

၉၉။ "ကောင်းပါပြီ အရှင်ဘုရား၊ တခြားနည်းနဲ့ကော ဘုရားသားတော်ကို သမ္မာဒိဋ္ဌိ - မှန်ကန်တဲ့ အမြင်ရှိသူလို့ ခေါ်ဆိုနိုင်ပါသေးသလားဘုရား ?"

"ခေါ်ဆိုနိုင်သေးတယ် ငါ့ရှင်တို့၊ ဘုရားသားတော်ဟာ သဠာယတနကိုလည်း သိတယ်၊ သဠာယတနဖြစ်ကြောင်း ကိုလည်း သိတယ်။ သဠာယတန ကင်းပြတ်ခြင်းကိုလည်း သိတယ်၊ သဠာယတန ကင်းပြတ်ကြောင်းအကျင့်ကိုလည်း သိတယ်။

သဠာယတနဆိုတာ ဘာလဲ ? သဠာယတနဖြစ်ကြောင်း ဆိုတာ ဘာလဲ ? သဠာယတနကင်းပြတ်ခြင်း ဆိုတာ ဘာလဲ ? သဠာယတနကင်းပြတ်ကြောင်း အကျင့်ဆိုတာ ဘာလဲ ဆိုတော့-မျက်စိ, နား, နှာ, လျှာ, ကိုယ်, စိတ် တို့ဟာ သဠာယတန ဖြစ်တယ်။ နာမ်ရုပ်ကြောင့် သဠာယတန ကင်းပြတ်တယ်။ နာမ်ရုပ် ကင်းပြတ်ခြင်းကြောင့် သဠာယတန ကင်းပြတ်တယ်။ မဂ္ဂင်ရှစ်ပါးဟာ သဠာယတန ကင်းပြတ်ကြောင်း အကျင့် ဖြစ်တယ်။

ငါ့ရှင်တို့ . . ဘုရားသားတော်ဟာ သဠာယတနစသည်ကို အဲဒီလို သိပြီး လောဘကို ပယ်၊ ဒေါသကို ဖျောက်၊ ဒိဋ္ဌိနှင့် မာနကို နုတ်၍ အဝိဇ္ဇာကို ကင်းစေတယ်၊ ဝိဇ္ဇာ (အရဟတ္တမဂ်ဉာဏ်)ကို ဖြစ်စေတယ်။ မျက်မှောက်ဘဝမှာပဲ ဒုက္ခကို အဆုံးသတ်နိုင်တယ်။

ငါ့ရှင်တို့ . . . ဒါ့ကြောင့် သူဟာ သမ္မာဒိဋ္ဌိ - မှန်ကန်တဲ့ အမြင်ရှိသူ (လောကုတ္တရာ သမ္မာဒိဋ္ဌိရှိသူ) ဖြစ်တော့တယ်။"

၁၀၀။ "ကောင်းပါပြီ အရှင်ဘုရား၊ တခြားနည်းနဲ့ကော ဘုရားသားတော်ကို သမ္မာဒိဋ္ဌိ - မှန်ကန်တဲ့ အမြင်ရှိသူလို့ ခေါ်ဆိုနိုင်ပါသေးသလားဘုရား ?"

"ခေါ်ဆိုနိုင်သေးတယ် ငါ့ရှင်တို့၊ ဘုရားသားတော်ဟာ နာမ်ရုပ်ကိုလည်း သိတယ်၊ နာမ်ရုပ်ဖြစ်ကြောင်းကိုလည်း သိတယ်၊ နာမ်ရုပ်ကင်းပြတ်ခြင်းကိုလည်း သိတယ်၊ နာမ်ရုပ် ကင်းပြတ်ကြောင်း အကျင့်ကိုလည်း သိတယ်။

နာမ်ရုပ်ဆိုတာ ဘာလဲ? နာမ်ရုပ်ဖြစ်ကြောင်း ဆိုတာ ဘာလဲ? နာမ်ရုပ်ကင်းပြတ်ခြင်းဆိုတာ ဘာလဲ ? နာမ်ရုပ် ကင်းပြတ်ကြောင်း အကျင့်ဆိုတာ ဘာလဲ ဆိုတော့ ဝေဒနာ, သညာ, စေတနာ, ဖဿ, မနသိကာရတို့ဟာ နာမ် ဖြစ်တယ်။ မဟာဘုတ် လေးပါး (ပထဝီ, အာပေါ, တေဇော, ဝါယော)နှင့် အဲဒီလေးပါးကို မှီ၍ ဖြစ်တဲ့ ရုပ် (နှစ်ဆယ့်လေးပါး)ဟာ ရုပ် ဖြစ်တယ်။ ဝိညာဉ် (သိစိတ်)ကြောင့် နာမ်ရုပ် ဖြစ်တယ်။ ဝိညာဉ် ကင်းပြတ်ခြင်းကြောင့် နာမ်ရုပ် ကင်းပြတ်တယ်။ မဂ္ဂင်ရှစ်ပါးဟာ နာမ်ရုပ် ကင်းပြတ်ကြောင်း အကျင့် ဖြစ်တယ်။

ငါ့ရှင်တို့ . . . ဘုရားသားတော်ဟာ နာမ်ရုပ်စသည်ကို အဲဒီလို သိပြီး လောဘကို ပယ်၊ ဒေါသကို ဖျောက်၊ ဒိဋ္ဌိနှင့် မာနကို

နုတ်၍ အဝိဇ္ဇာကို ကင်းစေတယ်၊ ဝိဇ္ဇာ (အရဟတ္တ မဂ်ဉာဏ်)ကို ဖြစ်စေတယ်၊ မျက်မှောက်ဘဝမှာပဲ ဒုက္ခကို အဆုံးသတ်နိုင်တယ်။

ငါ့ရှင်တို့. . . ဒါ့ကြောင့် သူဟာ သမ္မာဒိဋ္ဌိ - မှန်ကန်တဲ့ အမြင်ရှိသူ (လောကုတ္တရာ သမ္မာဒိဋ္ဌိရှိသူ) ဖြစ်တော့တယ်။"

၁၀၁။ "ကောင်းပါပြီ အရှင်ဘုရား၊ တခြားနည်းနဲ့ကော ဘုရားသားတော်ကို သမ္မာဒိဋ္ဌိ - မှန်ကန်တဲ့ အမြင်ရှိသူလို့ ခေါ်ဆိုနိုင်ပါသေးသလားဘုရား ?"

"ခေါ်ဆိုနိုင်သေးတယ် ငါ့ရှင်တို့၊ ဘုရားသားတော်ဟာ ဝိညာဉ်ကိုလည်း သိတယ်၊ ဝိညာဉ်ဖြစ်ကြောင်းကိုလည်း သိတယ်၊ ဝိညာဉ်ချုပ်ခြင်းကိုလည်း သိတယ်၊ ဝိညာဉ်ချုပ်ကြောင်း အကျင့်ကိုလည်း သိတယ်။

ဝိညာဉ်ဆိုတာ ဘာလဲ ? ဝိညာဉ်ဖြစ်ကြောင်း ဆိုတာ ဘာလဲ ? ဝိညာဉ်ချုပ်ခြင်းဆိုတာ ဘာလဲ ? ဝိညာဉ် ချုပ်ကြောင်း အကျင့်ဆိုတာ ဘာလဲ ဆိုတော့ - မြင်သိစိတ်, ကြားသိစိတ်, ရှူသိစိတ်, လျက်သိစိတ်, တွေ့သိစိတ်, ကြံသိစိတ်တို့ဟာ ဝိညာဉ် ဖြစ်တယ်။ လှုံ့လပြုခြင်းကြောင့် ဝိညာဉ် ဖြစ်တယ်။ လှုံ့လပြုမှုကင်းခြင်းကြောင့် ဝိညာဉ်ချုပ်တယ်, မဂ္ဂင်ရှစ်ပါးဟာ ဝိညာဉ်ချုပ်ကြောင်း အကျင့် ဖြစ်တယ်။

ငါ့ရှင်တို့. . . ဘုရားသားတော်ဟာ ဝိညာဉ်စသည်ကို အဲဒီလိုသိပြီး လောဘကို ပယ်၊ ဒေါသကို ဖျောက်၊ ဒိဋ္ဌိနှင့် မာနကို

နုတ်၍ အဝိဇ္ဇာကို ကင်းစေတယ်၊ ဝိဇ္ဇာ (အရဟတ္တ မဂ်ဉာဏ်)ကို ဖြစ်စေတယ်၊ မျက်မှောက်ဘဝမှာပဲ ဒုက္ခကို အဆုံးသတ်နိုင်တယ်။

ငါ့ရှင်တို့. . . ဒါ့ကြောင့် သူဟာ သမ္မာဒိဋ္ဌိ - မှန်ကန်တဲ့ အမြင်ရှိသူ (လောကုတ္တရာ သမ္မာဒိဋ္ဌိရှိသူ) ဖြစ်တော့တယ်။"

၁၀၂။ "ကောင်းပါပြီ အရှင်ဘုရား၊ တခြားနည်းနဲ့ကော ဘုရားသားတော်ကို သမ္မာဒိဋ္ဌိ - မှန်ကန်တဲ့ အမြင်ရှိသူလို့ ခေါ်ဆိုနိုင်ပါသေးသလားဘုရား ?"

"ခေါ်ဆိုနိုင်သေးတယ် ငါ့ရှင်တို့၊ ဘုရားသားတော်ဟာ သင်္ခါရကိုလည်း သိတယ်၊ သင်္ခါရဖြစ်ကြောင်းကိုလည်း သိတယ်၊ သင်္ခါရချုပ်ခြင်းကိုလည်း သိတယ်၊ သင်္ခါရချုပ်ကြောင်း အကျင့်ကိုလည်း သိတယ်။

သင်္ခါရဆိုတာ ဘာလဲ? သင်္ခါရဖြစ်ကြောင်း ဆိုတာ ဘာလဲ? သင်္ခါရချုပ်ခြင်း ဆိုတာ ဘာလဲ ? သင်္ခါရချုပ်ကြောင်း အကျင့်ဆိုတာ ဘာလဲဆိုတော့ - ကိုယ်ဖြင့် လှုံ့လပြုမှု, နှုတ်ဖြင့် လှုံ့လပြုမှု, စိတ်ဖြင့် လှုံ့လပြုမှုတို့ဟာ သင်္ခါရ ဖြစ်တယ်။ အဝိဇ္ဇာ (မသိမှု)ကြောင့် သင်္ခါရ ဖြစ်တယ်။ အဝိဇ္ဇာ (မသိမှု) ချုပ်ခြင်းကြောင့် သင်္ခါရ ချုပ်တယ်။ မဂ္ဂင်ရှစ်ပါးဟာ သင်္ခါရ ချုပ်ကြောင်းအကျင့် ဖြစ်တယ်။

ငါ့ရှင်တို့. . . ဘုရားသားတော်ဟာ သင်္ခါရစသည်ကို အဲဒီလိုသိပြီး လောဘကို ပယ်၊ ဒေါသကို ဖျောက်၊ ဒိဋ္ဌိနှင့် မာနကို

နုတ်၍ အဝိဇ္ဇာကို ကင်းစေတယ်၊ ဝိဇ္ဇာ (အရဟတ္တ မဂ်ဉာဏ်)ကို ဖြစ်စေတယ်၊ မျက်မှောက်ဘဝမှာပဲ ဒုက္ခကို အဆုံးသတ်နိုင်တယ်။

ငါ့ရှင်တို့. . . ဒါ့ကြောင့် သူဟာ သမ္မာဒိဋ္ဌိ - မှန်ကန်တဲ့ အမြင်ရှိသူ (လောကုတ္တရာ သမ္မာဒိဋ္ဌိရှိသူ) ဖြစ်တော့တယ်။”

၁၀၃။ “ကောင်းပါပြီ အရှင်ဘုရား၊ တခြားနည်းနဲ့ကော ဘုရားသားတော်ကို သမ္မာဒိဋ္ဌိ - မှန်ကန်တဲ့ အမြင်ရှိသူလို့ ခေါ်ဆိုနိုင်ပါသေးသလားဘုရား ?”

“ခေါ်ဆိုနိုင်သေးသည် ငါ့ရှင်တို့၊ ဘုရားသားတော်ဟာ အဝိဇ္ဇာကိုလည်း သိတယ်၊ အဝိဇ္ဇာ ဖြစ်ကြောင်းကိုလည်း သိတယ်၊ အဝိဇ္ဇာချုပ်ခြင်းကိုလည်း သိတယ်၊ အဝိဇ္ဇာ ချုပ်ကြောင်း အကျင့်ကိုလည်း သိတယ်။

အဝိဇ္ဇာဆိုတာ ဘာလဲ ? အဝိဇ္ဇာဖြစ်ကြောင်း ဆိုတာ ဘာလဲ ? အဝိဇ္ဇာချုပ်ခြင်း ဆိုတာ ဘာလဲ ? အဝိဇ္ဇာ ချုပ်ကြောင်းအကျင့်ဆိုတာ ဘာလဲ ဆိုတော့ - ဒုက္ခကို မသိခြင်း, ဒုက္ခဖြစ်ကြောင်းကို မသိခြင်း, ဒုက္ခချုပ်ခြင်းကို မသိခြင်း၊ ဒုက္ခချုပ်ကြောင်းအကျင့်ကို မသိခြင်းဟာ အဝိဇ္ဇာ ဖြစ်တယ်။ အာသဝ (လောဘ, မောဟ) ဖြစ်ခြင်းကြောင့် အဝိဇ္ဇာ ဖြစ်တယ်။ အာသဝ ချုပ်ခြင်းကြောင့် အဝိဇ္ဇာချုပ်တယ်၊ မဂ္ဂင်ရှစ်ပါးဟာ အဝိဇ္ဇာချုပ်ကြောင်းအကျင့် ဖြစ်တယ်။

ငါ့ရှင်တို့. . . ဘုရားသားတော်ဟာ အဝိဇ္ဇာစသည်ကို အဲဒီလို သိပြီး လောဘကို ပယ်၊ ဒေါသကို ဖျောက်၊ ဒိဋ္ဌိနှင့် မာနကို နုတ်၍

အဝိဇ္ဇာကို ကင်းစေတယ်၊ ဝိဇ္ဇာ (အရဟတ္တမဂ်ဉာဏ်)ကို ဖြစ်စေတယ်၊ မျက်မှောက်ဘဝမှာပဲ ဒုက္ခကို အဆုံးသတ်နိုင်တယ်။

ငါ့ရှင်တို့. . . ဒါ့ကြောင့် သူဟာ သမ္မာဒိဋ္ဌိ - မှန်ကန်တဲ့ အမြင်ရှိသူ (လောကုတ္တရာ သမ္မာဒိဋ္ဌိရှိသူ) ဖြစ်တော့တယ်။"

၁ဝ၄။ "ကောင်းပါပြီ အရှင်ဘုရား၊ တခြားနည်းနဲ့ကော ဘုရားသားတော်ကို သမ္မာဒိဋ္ဌိ - မှန်ကန်တဲ့ အမြင်ရှိသူလို့ ခေါ်ဆိုနိုင်ပါသေးသလားဘုရား ?"

"ခေါ်ဆိုနိုင်သေးတယ် ငါ့ရှင်တို့၊ ဘုရားသားတော်ဟာ အာသဝကိုလည်း သိတယ်၊ အာသဝဖြစ်ကြောင်းကိုလည်း သိတယ်၊ အာသဝကင်းပြတ်ခြင်းကိုလည်း သိတယ်၊ အာသဝ ကင်းပြတ်ကြောင်း အကျင့်ကိုလည်း သိတယ်။

အာသဝဆိုတာ ဘာလဲ? အာသဝဖြစ်ကြောင်းဆိုတာ ဘာလဲ ? အာသဝကင်းပြတ်ခြင်းဆိုတာ ဘာလဲ ? အာသဝ ကင်းပြတ်ကြောင်းအကျင့်ဆိုတာ ဘာလဲဆိုတော့ - ကာမာသဝ, ဘဝါသဝ, အဝိဇ္ဇာသဝတို့ဟာ (လောဘ, မောဟ တို့ဟာ) အာသဝ ဖြစ်တယ်။ အဝိဇ္ဇာကြောင့် အာသဝ ဖြစ်တယ်။ အဝိဇ္ဇာ ကင်းပြတ်ခြင်းကြောင့် အာသဝကင်းပြတ်တယ်။ မဂ္ဂင်ရှစ်ပါးဟာ အာသဝ ကင်းပြတ်ကြောင်း အကျင့် ဖြစ်တယ်။

ငါ့ရှင်တို့. . . ဘုရားသားတော်ဟာ အာသဝ စသည်ကို အဲဒီလိုသိပြီး လောဘကို ပယ်၊ ဒေါသကို ဖျောက်၊ ဒိဋ္ဌိနှင့် မာနကို

နုတ်၍ အဝိဇ္ဇာကို ကင်းစေတယ်၊ ဝိဇ္ဇာ (အရဟတ္တ မဂ်ဉာဏ်)ကို ဖြစ်စေတယ်၊ မျက်မှောက်ဘဝမှာပဲ ဒုက္ခကို အဆုံးသတ်နိုင်တယ်။

ငါ့ရှင်တို့ . . ဒါ့ကြောင့် သူဟာ သမ္မာဒိဋ္ဌိ - မှန်ကန်တဲ့ အမြင်ရှိသူ (လောကုတ္တရာ သမ္မာဒိဋ္ဌိရှိသူ) ဖြစ်တော့တယ်။"

အရှင်သာရိပုတ္တရာဟာ အဲဒီလို ဟောပြတော်မူတဲ့အခါ ရဟန်းများဟာ ဝမ်းမြောက်ဝမ်းသာ သာဓုခေါ် ဆိုခဲ့ကြပါတယ်။

**သမ္မာဒိဋ္ဌိသုတ် ပြီးပြီ။**

❊ ❊ ❊

## ၁၀ – မဟာသတိပဋ္ဌာနသုတ်

၁၀၅။ အခါတစ်ပါးမှာ ကုရုတိုင်း၊ ကမ္မာသဓမ္မနိဂုံးမှာ မြတ်စွာဘုရား သီတင်းသုံးနေတော်မူပါတယ်။ အဲဒီအခါမှာ မြတ်စွာဘုရားက ရဟန်းတို့အား ဒီမဟာသတိပဋ္ဌာန်သုတ်ကို ဟောကြားတော်မူခဲ့ပါတယ်။

ရဟန်းတို့ . . သတ္တဝါတွေ နိဗ္ဗာန်ရောက်ကြောင်းလမ်းစဉ်ဟာ ဒီတစ်ခုတည်းသာ ရှိတယ်။ အဲဒီလမ်းစဉ်က ရာဂစတဲ့ အညစ်အကြေးတွေ စင်ကြယ်ကြောင်းလည်း ဖြစ်တယ်။ စိုးရိမ်ရခြင်း၊ ငိုကြွေးရခြင်းတို့ကို လွန်မြောက်ကြောင်းလည်း ဖြစ်တယ်။ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲတို့ ချုပ်ငြိမ်းကြောင်းလည်း ဖြစ်တယ်။ မဂ်ဉာဏ်ကို ရကြောင်းလည်း ဖြစ်တယ်။ အဲဒီ လမ်းစဉ်ဆိုတာ **သတိပဋ္ဌာန်လေးပါး**ပဲ ဖြစ်တယ်။ အဲဒီ လေးပါးဟာ ဘာတွေလဲဆိုတော့ –

၁၀၆။ ရဟန်းတို့ . . ဒီသာသနာတော်မှာ ရဟန်းတစ်ပါးဟာ ကိုယ်ထဲက အစိတ်အပိုင်းတစ်ခုကို အဖန်ဖန် ရှုမှတ်ပြီး နေတယ်။ ပြင်းပြင်းထန်ထန် ကြိုးစားတယ်။ အသိနှင့် သတိကို ကပ်ယှဉ်ထားတယ်။ လောကအပေါ်မှာ မက်မောမှု မုန်းတီးမှုတို့ကို ပယ်ဖျောက်ထားတယ်။

ဝေဒနာထဲက ဝေဒနာတစ်ပါးကို အဖန်ဖန် ရှုမှတ်ပြီး နေတယ်။ ပြင်းပြင်းထန်ထန် ကြိုးစားတယ်။ အသိနှင့် သတိကို

ကပ်ယှဉ်ထားတယ်။ လောကအပေါ်မှာ မက်မောမှု မုန်းတီးမှုတို့ကို ပယ်ဖျောက်ထားတယ်။

စိတ်ထဲက စိတ်တစ်မျိုးကို အဖန်ဖန် ရှုမှတ်ပြီး နေတယ်။ ပြင်းပြင်းထန်ထန် ကြိုးစားတယ်။ အသိနှင့် သတိကို ကပ်ယှဉ်ထားတယ်။ လောကအပေါ်မှာ မက်မောမှု မုန်းတီးမှုတို့ကို ပယ်ဖျောက်ထားတယ်။

သဘောတရားထဲက သဘောတရားတစ်မျိုးကို အဖန်ဖန် ရှုမှတ်ပြီး နေတယ်။ ပြင်းပြင်းထန်ထန် ကြိုးစားတယ်။ အသိနှင့် သတိကို ကပ်ယှဉ်ထားတယ်။ လောကအပေါ်မှာ တပ်မက်မှု မုန်းတီးမှုတို့ကို ပယ်ဖျောက်ထားတယ်။

**ကာယာနုပဿနာသတိပဋ္ဌာန်အကျယ်**
**(၁) ထွက်သက်ဝင်သက်ကို ရှုဆင်ခြင်ပုံအပိုင်း**

၁၀၇။ ရဟန်းတို့ . . ရဟန်းတစ်ပါးဟာ ကိုယ်ထဲက အစိတ်အပိုင်း ကိုယ်ကို ဘယ်လို အဖန်ဖန် ရှုမှတ်ပြီး နေသလဲဆိုတော့-တောသို့ဖြစ်စေ၊ သစ်ပင်ရင်းသို့ဖြစ်စေ၊ ဆိတ်ငြိမ်တဲ့ တစ်နေရာရာသို့ဖြစ်စေ သွားရောက်ပြီး တင်ပလ္လင်ခွေကာ ကမ္မဋ္ဌာန်းထိုင်တယ်။ အဲဒီအခါမှာ အထက်ပိုင်း ခန္ဓာကိုယ်ကို ဖြောင့်ဖြောင့်မတ်မတ် ထားတယ်။ သတိကို ကမ္မဋ္ဌာန်းမှာ ဦးတည်ထားတည်။ အဲဒီရဟန်းဟာ သတိထားလျက်သာ ဝင်လေကို ရှူတယ်၊ သတိထားလျက်သာ ထွက်လေကို ရှိုက်တယ်။

ကျွမ်းကျင်တဲ့ ပန်းပွတ်သမားတစ်ယောက်ဟာ (ပွတ်ကြိုးကို) ရှည်ရှည်ဆွဲလျှင် ရှည်ရှည်ဆွဲတယ် - လို့ သိပြီး တိုတိုဆွဲလျှင် တိုတိုဆွဲတယ်လို့ သိသကဲ့သို့ ရှည်ရှည်ရှူလျှင် ရှည်ရှည်ရှူတယ်လို့ သိတယ်။ ရှည်ရှည်ရှိုက်လျှင် ရှည်ရှည်ရှိုက်တယ်လို့ သိတယ်။ တိုတိုရှူလျှင် တိုတိုရှူတယ်လို့ သိတယ်။ တိုတိုရှိုက်လျှင် တိုတိုရှိုက်တယ်လို့ သိတယ်။

ဝင်လေတစ်ခုလုံးရဲ့ အစ, အလယ်, အဆုံး သုံးပါးလုံးကို ပီပြင်ထင်ရှား ကွဲပြားစွာသိလျက် ရှူအံ့ - လို့ အားထုတ်တယ်။

ထွက်လေတစ်ခုလုံးရဲ့ အစ, အလယ်, အဆုံး သုံးပါး လုံးကို ပီပြင်ထင်ရှား ကွဲပြားစွာ သိလျက် ရှိုက်အံ့ - လို့ အားထုတ်တယ်။

ကြမ်းတမ်းတဲ့ ဝင်လေကို ငြိမ်းလျက် ရှူအံ့ - လို့ အားထုတ်တယ်။

အဲဒီနည်းအတိုင်း ရံခါ မိမိကိုယ်ခန္ဓာထဲက ကိုယ်ခန္ဓာ အစိတ်အပိုင်းကို အဖန်ဖန် ရှုမှတ်ပြီး နေတယ်။

ရံခါ သူတပါးကိုယ်ခန္ဓာထဲက ကိုယ်ခန္ဓာအစိတ်အပိုင်းကို အဖန်ဖန် ရှုမှတ်ပြီး နေတယ်။

ရံခါ မိမိကိုယ်ခန္ဓာထဲက ကိုယ်ခန္ဓာအစိတ်အပိုင်းကိုရော သူတပါးကိုယ်ခန္ဓာထဲက ကိုယ်ခန္ဓာအစိတ်အပိုင်းကိုပါ အဖန်ဖန် ရှုမှတ်ပြီး နေတယ်။

ရံခါ ကိုယ်ခန္ဓာရဲ့ ဖြစ်ခြင်းသဘောကို အဖန်ဖန် ရှုမှတ်ပြီး နေတယ်။

ရံခါ ကိုယ်ခန္ဓာရဲ့ ပျက်ခြင်းသဘောကို အဖန်ဖန် ရှုမှတ်ပြီး နေတယ်။

ရံခါ ကိုယ်ခန္ဓာရဲ့ ဖြစ်ခြင်း, ပျက်ခြင်းသဘောကို အဖန်ဖန် ရှုမှတ်ပြီး နေတယ်။

"ကိုယ်ခန္ဓာမျှသာ ရှိပါတကား"ဆိုတဲ့ သတိ အဲဒီရဟန်းမှာ စွဲကပ်တည်လာတယ်။ အဲဒီသတိဟာ အသိဉာဏ်နှင့် ထပ်ဆင့် သတိတရား တိုးပွားကြောင်း ဖြစ်တယ်။ သူဟာ ခင်တွယ်မှုကင်းစွာ နေထိုင်တယ်။ လောကမှာ ဘာကိုမျှ မစွဲလမ်းတော့။

ရဟန်းတို့. . . အဲဒီနည်းအတိုင်း ရဟန်းတစ်ပါးဟာ ကိုယ်ထဲက အစိတ်အပိုင်းကိုယ်ကို အဖန်ဖန် ရှုမှတ်ပြီး နေတယ်။

## (၂) ဣရိယာပုထ်ကို ဆင်ခြင်ပုံအပိုင်း

၁၀၈။ ရဟန်းတို့. . . နောက်တစ်မျိုးကတော့- ရဟန်းဟာ သွားလျှင် သွားတယ်လို့ သိတယ်။ ရပ်လျှင် ရပ်တယ်လို့ သိတယ်။ ထိုင်လျှင် ထိုင်တယ်လို့ သိတယ်။ လျောင်းလျှင် လျောင်းတယ်လို့ **သိ**တယ်၊ သူ့ရဲ့ကိုယ်ကို ထားတိုင်းထားတိုင်းသော အနေအထားအတိုင်း **သိ**တယ်။

အဲဒီနည်းအတိုင်း ရံခါ မိမိကိုယ်ခန္ဓာထဲက ကိုယ်ခန္ဓာအစိတ်အပိုင်းကို အဖန်ဖန် ရှုမှတ်ပြီး နေတယ်။

ရံခါ သူတစ်ပါးကိုယ်ခန္ဓာထဲက ကိုယ်ခန္ဓာအစိတ်အပိုင်းကို အဖန်ဖန် ရှုမှတ်ပြီး နေတယ်။

ရံခါ မိမိကိုယ်ခန္ဓာထဲက ကိုယ်ခန္ဓာအစိတ်အပိုင်းကိုရော သူတစ်ပါးကိုယ်ခန္ဓာထဲက ကိုယ်ခန္ဓာအစိတ်အပိုင်းကိုပါ အဖန်ဖန် ရှုမှတ်ပြီး နေတယ်။

ရံခါ ကိုယ်ခန္ဓာရဲ့ ဖြစ်ခြင်းသဘောကို အဖန်ဖန် ရှုမှတ်ပြီး နေတယ်။

ရံခါ ကိုယ်ခန္ဓာရဲ့ ပျက်ခြင်းသဘောကို အဖန်ဖန် ရှုမှတ်ပြီး နေတယ်။

ရံခါ ကိုယ်ခန္ဓာရဲ့ ဖြစ်ခြင်း, ပျက်ခြင်းသဘောကို အဖန်ဖန် ရှုမှတ်ပြီး နေတယ်။

"ကိုယ်ခန္ဓာမျှသာ ရှိပါတကား" ဆိုတဲ့ သတိ အဲဒီရဟန်းမှာ စွဲကပ် တည်လာတယ်။ အဲဒီသတိဟာ အသိဉာဏ်နှင့် ထပ်ဆင့် သတိတရား တိုးပွားကြောင်း ဖြစ်တယ်။ သူဟာ ခင်တွယ်မှုကင်းစွာ နေထိုင်တယ်။ လောကမှာ ဘာကိုမျှ မစွဲလမ်းတော့။

ရဟန်းတို့. . . အဲဒီနည်းအတိုင်း ရဟန်းတစ်ပါးဟာ ကိုယ်ထဲက အစိတ်အပိုင်း ကိုယ်ကို အဖန်ဖန် ရှုမှတ်ပြီး နေတယ်။

## (၃) သတိသမ္ပဇဉ်ဖြင့် ဆင်ခြင်ပုံအပိုင်း

၁၀၉။ ရဟန်းတို့ . . နောက်တစ်မျိုးကတော့ ရဟန်းဟာ ရှေ့သို့ တိုးရာ နောက်သို့ ဆုတ်ရာတို့မှာ ဆင်ခြင်စဉ်းစားပြီးမှ တိုးလေ့ ဆုတ်လေ့ရှိတယ်။ (အကုသိုလ်ဖြစ်စရာ မရှိမှ တိုးလေ့ ဆုတ်လေ့ ရှိတယ်။)

တည့်တည့်ကြည့်ရာ စောင်းငဲ့ကြည့်ရာမှာလည်း ဆင်ခြင် စဉ်းစားပြီးမှ ကြည့်လေ့ရှိတယ်။

ကွေးရာ ဆန့်ရာမှာလည်း ဆင်ခြင်စဉ်းစားပြီးမှ ကွေးလေ့ ဆန့်လေ့ရှိတယ်။

သပိတ်သင်္ကန်းကို သုံးစွဲဝတ်ရုံရာမှာလည်း ဆင်ခြင် စဉ်းစားပြီးမှ သုံးစွဲဝတ်ရုံလေ့ရှိတယ်။

စားရာ၊ သောက်ရာ၊ ခဲရာ၊ လျက်ရာတို့မှာလည်း ဆင်ခြင်စဉ်းစားပြီးမှ စား၊ သောက်၊ ခဲ၊ လျက်လေ့ရှိတယ်။

ကျင်ကြီးကျင်ငယ် စွန့်ရာမှာလည်း ဆင်ခြင်စဉ်းစားပြီးမှ စွန့်လေ့ရှိတယ်။

သွားရာ၊ ရပ်ရာ၊ ထိုင်ရာမှလည်း ဆင်ခြင်စဉ်းစားပြီးမှ သွား၊ ရပ်၊ ထိုင်လေ့ရှိတယ်။

အိပ်တဲ့အခါ ထတဲ့အခါမှာလည်း ဆင်ခြင်စဉ်းစားပြီးမှ အိပ်လေ့ ထလေ့ရှိတယ်။

စကားပြောတဲ့အခါ ဆိတ်ဆိတ်နေတဲ့အခါမှာလည်း ဆင်ခြင်စဉ်းစားပြီးမှ စကားပြောလေ့ ဆိတ်ဆိတ်နေလေ့ ရှိတယ်။

အဲဒီနည်းအတိုင်း ရံခါမိမိကိုယ်ခန္ဓာထဲက ကိုယ်ခန္ဓာအစိတ်အပိုင်းကို အဖန်ဖန် ရှုမှတ်ပြီး နေတယ်။

ရံခါ သူတစ်ပါးကိုယ်ခန္ဓာထဲက ကိုယ်ခန္ဓာအစိတ်အပိုင်းကို အဖန်ဖန် ရှုမှတ်ပြီး နေတယ်။

ရံခါ မိမိကိုယ်ခန္ဓာထဲက ကိုယ်ခန္ဓာအစိတ်အပိုင်းကိုရော သူတစ်ပါးကိုယ်ခန္ဓာထဲက ကိုယ်ခန္ဓာအစိတ်အပိုင်းကိုပါ အဖန်ဖန် ရှုမှတ်ပြီး နေတယ်။

ရံခါ ကိုယ်ခန္ဓာရဲ့ ဖြစ်ခြင်းသဘောကို အဖန်ဖန် ရှုမှတ်ပြီး နေတယ်။

ရံခါ ကိုယ်ခန္ဓာရဲ့ ပျက်ခြင်းသဘောကို အဖန်ဖန် ရှုမှတ်ပြီး နေတယ်။

ရံခါ ကိုယ်ခန္ဓာရဲ့ ဖြစ်ခြင်း, ပျက်ခြင်းသဘောကို အဖန်ဖန် ရှုမှတ်ပြီး နေတယ်။

"ကိုယ်ခန္ဓာမျှသာ ရှိပါတကား" ဆိုတဲ့ သတိ အဲဒီ ရဟန်းမှာ စွဲကပ် တည်လာတယ်။ အဲဒီသတိဟာ အသိဉာဏ်နှင့် ထပ်ဆင့် သတိတရား တိုးပွားကြောင်း ဖြစ်တယ်။ သူဟာ ခင်တွယ်မှုကင်းစွာ နေထိုင်တယ်။ လောကမှာ ဘာကိုမျှ မစွဲလမ်းတော့။

ရဟန်းတို့ . . . အဲဒီနည်းအတိုင်း ရဟန်းတစ်ပါးဟာ ကိုယ်ထဲက အစိတ်အပိုင်း ကိုယ်ကို အဖန်ဖန် ရှုမှတ်ပြီး နေတယ်။

## (၃) စက်ဆုပ်ဖွယ် – ဟု နှလုံးသွင်းပုံအပိုင်း

၁၁၀။ ရဟန်းတို့ . . နောက်တစ်မျိုးကတော့ - ဥပမာအားဖြင့် ကောက်ကြီးစပါး၊ ကောက်လတ်စပါး၊ ပဲနောက်၊ မတ်ပဲ၊ နှမ်း၊ ဆန် စသည်တို့ဖြင့် ပြည့်နေသော နှစ်ဘက်အဝပါရှိတဲ့ အိတ်တစ်လုံး ရှိတယ် ဆိုပါတော့။ အဲဒီအိတ်ကို မျက်စိမြင်တဲ့ လူတစ်ယောက်ဟာ ဖြေပြီး "ဒါတွေဟာ ကောက်ကြီးစပါးတွေပဲ။ ဒါတွေ ဒါတွေဟာ ပဲနောက်၊ မတ်ပဲ၊ နှမ်း၊ ဆန်တွေပဲ . . ." စသည်ဖြင့် ဆင်ခြင်သကဲ့သို့ ရဟန်းတို့ . . ထို့အတူပဲ မစင်မကြယ် ရွံစဖွယ်အမျိုးမျိုးဖြင့် ပြည့်၍ ခြေဆုံး ခေါင်းဆုံး အရေဖုံးထားတဲ့ ဒီခန္ဓာကိုယ်ကို ရဟန်းဟာ ရှုဆင်ခြင်တယ်။

"ဤငါ၏ ခန္ဓာကိုယ်မှာ ဆံပင်၊ အမွေး၊ ခြေသည်း လက်သည်း၊ သွား၊ အရေ၊ အသား၊ အကြော၊ အရိုး၊ ရိုးတွင်းချဉ်ဆီ၊ အညို့၊ နှလုံး၊ အသည်း၊ အမြှေး၊ အဖျဉ်း၊ အဆုတ်၊ အူမ၊ အူသိမ်၊ အစာသစ်၊ အစာဟောင်း၊ (ဦးနှောက်) သည်းခြေ၊ သလိပ်၊ ပြည်၊ သွေး၊ ချွေး၊ အဆီခဲ၊ မျက်ရည်၊ ဆီကြည်၊ တံတွေး၊ နှပ်၊ အစေး၊ ကျင်ငယ်တို့သာ ရှိကြပါတကား"လို့ ရှုကြည့် ဆင်ခြင်တယ်။

အဲဒီနည်းအတိုင်း ရံခါ မိမိကိုယ်ခန္ဓာထဲက ကိုယ်ခန္ဓာ အစိတ်အပိုင်းကို အဖန်ဖန် ရှုမှတ်ပြီး နေတယ်။

ရံခါ သူတစ်ပါးကိုယ်ခန္ဓာထဲက ကိုယ်ခန္ဓာအစိတ်အပိုင်းကို အဖန်ဖန် ရှုမှတ်ပြီး နေတယ်။

ရံခါ မိမိကိုယ်ခန္ဓာထဲက ကိုယ်ခန္ဓာအစိတ်အပိုင်းကိုရော သူတစ်ပါးကိုယ်ခန္ဓာထဲက ကိုယ်ခန္ဓာအစိတ်အပိုင်းကိုပါ အဖန်ဖန် ရှုမှတ်ပြီး နေတယ်။

ရံခါ ကိုယ်ခန္ဓာရဲ့ ဖြစ်ခြင်းသဘောကို အဖန်ဖန် ရှုမှတ်ပြီး နေတယ်။

ရံခါ ကိုယ်ခန္ဓာရဲ့ ပျက်ခြင်းသဘောကို အဖန်ဖန် ရှုမှတ်ပြီး နေတယ်။

ရံခါ ကိုယ်ခန္ဓာရဲ့ ဖြစ်ခြင်း, ပျက်ခြင်းသဘောကို အဖန်ဖန် ရှုမှတ်ပြီး နေတယ်။

"ကိုယ်ခန္ဓာမျှသာ ရှိပါတကား" ဆိုတဲ့ သတိ အဲဒီရဟန်းမှာ စွဲကပ် တည်လာတယ်။ အဲဒီသတိဟာ အသိဉာဏ်နှင့် ဆပ်ဆင့် သတိတရား တိုးပွားကြောင်း ဖြစ်တယ်။ သူဟာ ခင်တွယ်မှုကင်းစွာ နေထိုင်တယ်။ လောကမှာ ဘာကိုမျှ မစွဲလမ်းတော့။

ရဟန်းတို့. . . အဲဒီနည်းအတိုင်း ရဟန်းတစ်ပါးဟာ ကိုယ်ထဲက အစိတ်အပိုင်း ကိုယ်ကို အဖန်ဖန် ရှုမှတ်ပြီး နေတယ်။

## (၅) ဓာတ်ခွဲ၍ နှလုံးသွင်းပုံအပိုင်း

၁၁၁။ ရဟန်းတို့ . . နောက်တစ်မျိုးကတော့ - ဥပမာအားဖြင့် ကျွမ်းကျင်တဲ့ နွားသတ်သမားတစ်ယောက်ဟာ နွားကို သတ်ပြီး လမ်းဆုံးလမ်းမ လမ်းလေးခွမှာ တစ်ပုံစီ တစ်ပုံစီ ပုံ၍ ထိုင်နေသကဲ့သို့ ရဟန်းဟာ ထားမြဲတိုင်း ဖြစ်တည်မြဲတိုင်း ဖြစ်တဲ့ ဒီခန္ဓာကိုယ်ကို

**"ဒီခန္ဓာကိုယ်မှာ**

**- ပထဝီဓာတ် - ခက်မာခြင်းသဘော**

**- အာပေါဓာတ် - ဖွဲ့စည်းခြင်းသဘော**

**- တေဇောဓာတ် - အေးခြင်း၊ ပူခြင်းသဘော**

**- ဝါယောဓာတ် - တွန်းကန်ခြင်းသဘော**

တို့သာ **ရှိကြပါတကား** လို့ ဓာတ်ခွဲပြီး ရှုကြည့်ဆင်ခြင်တယ်။

အဲဒီနည်းအတိုင်း ရံခါ မိမိကိုယ်ခန္ဓာထဲက ကိုယ်ခန္ဓာအစိတ်အပိုင်းကို အဖန်ဖန် ရှုမှတ်ပြီး နေတယ်။

ရံခါ သူတပါးကိုယ်ခန္ဓာထဲက ကိုယ်ခန္ဓာအစိတ်အပိုင်းကို အဖန်ဖန် ရှုမှတ်ပြီး နေတယ်။

ရံခါ မိမိကိုယ်ခန္ဓာထဲက ကိုယ်ခန္ဓာအစိတ်အပိုင်းကိုရော သူတပါးကိုယ်ခန္ဓာထဲက ကိုယ်ခန္ဓာအစိတ်အပိုင်းကိုပါ အဖန်ဖန် ရှုမှတ်ပြီး နေတယ်။

ရုံခါ ကိုယ်ခန္ဓာရဲ့ ဖြစ်ခြင်းသဘောကို အဖန်ဖန် ရှုမှတ်ပြီး နေတယ်။

ရုံခါ ကိုယ်ခန္ဓာရဲ့ ပျက်ခြင်းသဘောကို အဖန်ဖန် ရှုမှတ်ပြီး နေတယ်။

ရုံခါ ကိုယ်ခန္ဓာရဲ့ ဖြစ်ခြင်း, ပျက်ခြင်းသဘောကို အဖန်ဖန် ရှုမှတ်ပြီး နေတယ်။

"ကိုယ်ခန္ဓာမျှသာ ရှိပါတကား" ဆိုတဲ့ သတိ အဲဒီရဟန်းမှာ စွဲကပ် တည်လာတယ်။ အဲဒီသတိဟာ အသိဉာဏ်နှင့် ထပ်ဆင့်သတိတရား တိုးပွားကြောင်း ဖြစ်တယ်။ **သူဟာ** ခင်တွယ်မှုကင်းစွာ နေထိုင်တယ်။ လောကမှာ ဘာကိုမျှ မစွဲလမ်းတော့။

ရဟန်းတို့ . . . အဲဒီနည်းအတိုင်း ရဟန်းတစ်ပါးဟာ ကိုယ်ထဲက အစိတ်အပိုင်း ကိုယ်ကို အဖန်ဖန် ရှုမှတ်ပြီး နေတယ်။

## (၆) သူသေကောင်ကိုးမျိုးကဲ့သို့ ဆင်ခြင်ပုံအပိုင်း

ရဟန်းတို့ . . . နောက်တစ်မျိုးကတော့ သေပြီး တစ်ရက်၊ နှစ်ရက်၊ သုံးရက်ကြာ၍ သင်းချိုင်းမှာ စွန့်ပစ်ထားအပ်တဲ့ ပုပ်ပွ ညိုမဲ ပြည်ယိုရွဲနေတဲ့ အလောင်းကောင်ကဲ့သို့ ရဟန်းဟာ မိမိကိုယ်ကို ရှုဆင်ခြင်တယ်။ "ငါရဲ့ ခန္ဓာကိုယ်ဟာလည်း ဒီအလောင်းကောင်ကဲ့သို့ သဘောရှိပါတကား။ ဒီ အလောင်းကောင်ကဲ့သို့သော သဘောကို မကျော်လွန်နိုင် ပါတကား"လို့ ရှုဆင်ခြင်တယ်။

အဲဒီနည်းအတိုင်း ရံခါ မိမိကိုယ်ခန္ဓာထဲက ကိုယ်ခန္ဓာအစိတ်အပိုင်းကို အဖန်ဖန် ရှုမှတ်ပြီး နေတယ်။

ရံခါ သူတပါးကိုယ်ခန္ဓာထဲက ကိုယ်ခန္ဓာအစိတ်အပိုင်းကို အဖန်ဖန် ရှုမှတ်ပြီး နေတယ်။

ရံခါ မိမိကိုယ်ခန္ဓာထဲက ကိုယ်ခန္ဓာအစိတ်အပိုင်းကိုရော သူတစ်ပါးကိုယ်ခန္ဓာထဲက ကိုယ်ခန္ဓာအစိတ်အပိုင်းကိုပါ အဖန်ဖန် ရှုမှတ်ပြီး နေတယ်။

ရံခါ ကိုယ်ခန္ဓာရဲ့ ဖြစ်ခြင်းသဘောကို အဖန်ဖန် ရှုမှတ်ပြီး နေတယ်။

ရံခါ ကိုယ်ခန္ဓာရဲ့ ပျက်ခြင်းသဘောကို အဖန်ဖန် ရှုမှတ်ပြီး နေတယ်။

ရံခါ ကိုယ်ခန္ဓာရဲ့ ဖြစ်ခြင်း, ပျက်ခြင်းသဘောကို အဖန်ဖန် ရှုမှတ်ပြီး နေတယ်။

"ကိုယ်ခန္ဓာမျှသာ ရှိပါတကား" ဆိုတဲ့ သတိ အဲဒီရဟန်းမှာ စွဲကပ် တည်လာတယ်။ အဲဒီသတိဟာ အသိဉာဏ်နှင့် ထပ်ဆင့်သတိတရား တိုးပွားကြောင်း ဖြစ်တယ်။ သူဟာ ခင်တွယ်မှုကင်းစွာ နေထိုင်တယ်။ လောကမှာ ဘာကိုမျှ မစွဲလမ်းတော့။

ရဟန်းတို့. . . အဲဒီနည်းအတိုင်း ရဟန်းတစ်ပါးဟာ ကိုယ်ထဲက အစိတ်အပိုင်း ကိုယ်ကို အဖန်ဖန် ရှုမှတ်ပြီး နေတယ်။

ထို့အတူ

သင်းချိုင်းမှာ စွန့်ပစ်ထား၍ ကျီး၊ လင်းတ၊ ခွေး စသည်တို့ ခဲစားထားအပ်တဲ့ အလောင်းကောင်

သင်းချိုင်းမှာ စွန့်ပစ်ထားတဲ့ သွေးသားမပျက် အကြောယှက်၍ အရိုးဆက်လျက်ရှိသေးတဲ့ အလောင်းကောင်

အသားမရှိတော့ဘဲ သွေးပေပွလျက် အကြောယှက်၍ အရိုးကွင်းဆက်လျက်ရှိသေးတဲ့ အလောင်းကောင်

သွေးသားကင်းလျက် အကြောယှက်၍ အရိုး ဆက်လျက် ရှိသေးတဲ့ အလောင်းကောင်

လက်ရိုးတခြား၊ ခြေရိုးတခြား၊ ခေါင်းရိုးတခြား၊ နံရိုး တခြား စသည်အားဖြင့် အရိုးများ အစိတ်အစိတ်ဖြစ်သွားတဲ့ အလောင်းကောင်

ခရုသင်းအဆင်းကဲ့သို့ဖြူဖွေးတဲ့ အရိုးအဖြစ်သို့ ရောက်သွားတဲ့ အလောင်းကောင်

နှစ်လွန်ပြီးကြာ၍ အရိုးဆွေးအဖြစ်သို့ ရောက်သွားတဲ့ အလောင်းကောင်

ပုပ်ပွ၍ အရိုးမှုန့်အဖြစ်သို့ ရောက်သွားတဲ့ အလောင်း ကောင်။

အဲဒီအလောင်းကောင် အသီးအသီးကဲ့သို့ ရဟန်းဟာ မိမိကိုယ်ကို ရှုဆင်ခြင်တယ်။ “ငါရဲ့ ဒီခန္ဓာကိုယ်ဟာလဲ

ဒီအလောင်းကောင် ဒီအလောင်းကောင်ကဲ့သို့ သဘောရှိပါတကား၊ ဒီအလောင်းကောင် ဒီအလောင်းကောင်ကဲ့သို့သော သဘောကို မကျော်လွန်နိုင်ပါတကား”လို့ ရှုဆင်ခြင်တယ်။

အဲဒီနည်းအတိုင်း ရံခါ မိမိကိုယ်ခန္ဓာထဲက ကိုယ်ခန္ဓာအစိတ်အပိုင်းကို အဖန်ဖန် ရှုမှတ်ပြီး နေတယ်။

ရံခါ သူတစ်ပါးကိုယ်ခန္ဓာထဲက ကိုယ်ခန္ဓာအစိတ်အပိုင်းကို အဖန်ဖန် ရှုမှတ်ပြီး နေတယ်။

ရံခါ မိမိကိုယ်ခန္ဓာထဲက ကိုယ်ခန္ဓာအစိတ်အပိုင်းကို ရောသူတစ်ပါးကိုယ်ခန္ဓာထဲက ကိုယ်ခန္ဓာအစိတ်အပိုင်းကိုပါ အဖန်ဖန် ရှုမှတ်ပြီး နေတယ်။

ရံခါ ကိုယ်ခန္ဓာရဲ့ ဖြစ်ခြင်းသဘောကို အဖန်ဖန် ရှုမှတ်ပြီး နေတယ်။

ရံခါ ကိုယ်ခန္ဓာရဲ့ ပျက်ခြင်းသဘောကို အဖန်ဖန် ရှုမှတ်ပြီး နေတယ်။

ရံခါ ကိုယ်ခန္ဓာရဲ့ ဖြစ်ခြင်း, ပျက်ခြင်းသဘောကို အဖန်ဖန် ရှုမှတ်ပြီး နေတယ်။

“ကိုယ်ခန္ဓာမျှသာ ရှိပါတကား” ဆိုတဲ့ သတိ အဲဒီ ရဟန်းမှာ စွဲကပ် တည်လာတယ်။ အဲဒီသတိဟာ အသိဉာဏ်နှင့် ထပ်ဆင့် သတိတရား တိုးပွားကြောင်း ဖြစ်တယ်။ သူဟာ ခင်တွယ်မှုကင်းစွာ နေထိုင်တယ်။ လောကမှာ ဘာကိုမျှ မစွဲလမ်းတော့။

ရဟန်းတို့ . . . အဲဒီနည်းအတိုင်း ရဟန်းတစ်ပါးဟာ ကိုယ်ထဲက အစိတ်အပိုင်း ကိုယ်ကို အဖန်ဖန် ရှုမှတ်ပြီး နေတယ်။

ရဟန်းတို့ . . ဒါဟာ ကိုယ်ခန္ဓာထဲက ကိုယ်ခန္ဓာအစိတ် အပိုင်းကို အဖန်ဖန် ရှုမှတ်ပြီးနေပုံ ဖြစ်တယ်။

## ဝေဒနာနုပဿနာသတိပဋ္ဌာန်အကျယ်

၁၁၃။ ရဟန်းတို့ . . . ရဟန်းတစ်ပါးဟာ ဝေဒနာထဲက ဝေဒနာ တစ်ပါးကို ဘယ်လို အဖန်ဖန်ရှုမှတ်ပြီးနေသလဲ ဆိုတော့ ချမ်းသာဝေဒနာကို ခံစားလျှင် ချမ်းသာဝေဒနာကို ခံစားတယ်လို့ သိတယ်။

ဆင်းရဲဝေဒနာကို ခံစားလျှင် ဆင်းရဲဝေဒနာကို ခံစားတယ်လို့ သိတယ်။

မဆင်းရဲ မချမ်းသာ ဝေဒနာကို ခံစားလျှင် မဆင်းရဲ မချမ်းသာ ဝေဒနာကို ခံစားတယ်လို့ သိတယ်။

ငါးပါးအာရုံကာမဂုဏ်နှင့် စပ်ယှဉ်တဲ့ချမ်းသာဝေဒနာကို ခံစားလျှင် ငါးပါးအာရုံ ကာမဂုဏ်နှင့် စပ်ယှဉ်တဲ့ ချမ်းသာ ဝေဒနာကို ခံစားတယ် - လို့ သိတယ်။

ငါးပါးအာရုံ ကာမဂုဏ်နှင့် မစပ်ယှဉ်တဲ့ ချမ်းသာ ဝေဒနာကို ခံစားလျှင် ငါးပါးအာရုံ ကာမဂုဏ်နှင့် မစပ်ယှဉ်တဲ့ ချမ်းသာ ဝေဒနာလို့ ခံစားတယ် - လို့ သိတယ်။

ငါးပါးအာရုံ ကာမဂုဏ်နှင့် စပ်ယှဉ်တဲ့ ဆင်းရဲဝေဒနာကို ခံစားလျှင် ငါးပါးအာရုံ ကာမဂုဏ်နှင့် စပ်ယှဉ်တဲ့ ဆင်းရဲ ဝေဒနာကို ခံစားတယ် - လို့ သိတယ်။

ငါပါးအာရုံကာမဂုဏ်နှင့် မစပ်ယှဉ်တဲ့ ဆင်းရဲဝေဒနာကို ခံစားလျှင် ငါးပါးအာရုံ ကာမဂုဏ်နှင့် မစပ်ယှဉ်တဲ့ ဆင်းရဲ ဝေဒနာကို ခံစားတယ် - လို့ သိတယ်။

ငါးပါးအာရုံကာမဂုဏ်နှင့် စပ်ယှဉ်တဲ့ မဆင်းရဲမချမ်းသာ ဝေဒနာကို ခံစားလျှင် ငါးပါးအာရုံကာမဂုဏ်နှင့် စပ်ယှဉ်တဲ့ မဆင်းရဲမချမ်းသာ ဝေဒနာကို ခံစားတယ် - လို့ သိတယ်။

ငါးပါးအာရုံကာမဂုဏ်နှင့် မစပ်ယှဉ်တဲ့ မဆင်းရဲ မချမ်းသာ ဝေဒနာကို ခံစားလျှင် ငါးပါးအာရုံကာမဂုဏ်နှင့် မစပ်ယှဉ်တဲ့ မဆင်းရဲမချမ်းသာ ဝေဒနာကို ခံစားတယ် - လို့ သိတယ်။

အဲဒီနည်းအတိုင်း ရံခါ မိမိသန္တာန်က ဝေဒနာ တစ်ပါးကို အဖန်ဖန်ရှုမှတ်ပြီး နေတယ်။

ရံခါ သူတစ်ပါးသန္တာန်က ဝေဒနာတစ်ပါးကို အဖန်ဖန် ရှုမှတ်ပြီးနေတယ်။

ရံခါ မိမိသန္တာန်က ဝေဒနာကိုရော သူတစ်ပါးသန္တာန်က ဝေဒနာကိုပါ အဖန်ဖန် ရှုမှတ်ပြီး နေတယ်။

ရံခါ ဝေဒနာရဲ့ ဖြစ်ခြင်းသဘောကို အဖန်ဖန် ရှုမှတ်ပြီး နေတယ်။

ရုံခါ ဝေဒနာရဲ့ ပျက်ခြင်းသဘောကို အဖန်ဖန် ရှုမှတ်ပြီး နေတယ်။

ရုံခါ ဝေဒနာရဲ့ဖြစ်ခြင်း, ပျက်ခြင်း သဘောကို အဖန်ဖန် ရှုမှတ်ပြီးနေတယ်။

"ဝေဒနာသာ ရှိပါတကား" ဆိုတဲ့ သတိ အဲဒီ ရဟန်းမှာ စွဲကပ်တည်လာတယ်။ အဲဒီသတိဟာ အသိဉာဏ်နှင့် ထပ်ဆင့် သတိတရား တိုးပွားကြောင်း ဖြစ်တယ်။ သူဟာ ခင်တွယ်မှု ကင်းစွာ နေထိုင်တယ်။ လောကမှာ ဘာကိုမျှ မစွဲလမ်းတော့။

ရဟန်းတို့. . . ဒါဟာ ဝေဒနာထဲက ဝေဒနာတစ်ပါးကို အဖန်ဖန် ရှုမှတ်ပြီး နေပုံ ဖြစ်တယ်။

## စိတ္တာနုပဿနာသတိပဋ္ဌာန် အကျယ်

၁၁၄။ ရဟန်းတို့. . . ရဟန်းတစ်ပါးဟာ စိတ်ထဲက စိတ်တစ်ပါးကို ဘယ်လို အဖန်ဖန်ရှုမှတ်ပြီး နေသလဲဆိုတော့ လောဘပါတဲ့ စိတ်ကို လောဘပါတဲ့စိတ်လို့ သိတယ်။

လောဘကင်းတဲ့စိတ်ကို လောဘကင်းတဲ့ စိတ်လို့ သိတယ်။

ဒေါသပါတဲ့စိတ်ကို ဒေါသပါတဲ့စိတ်လို့ သိတယ်။

ဒေါသကင်းတဲ့စိတ်ကို ဒေါသကင်းတဲ့စိတ်လို့ သိတယ်။

မောဟပါတဲ့စိတ်ကို မောဟပါတဲ့စိတ်လို့ သိတယ်။

မောဟကင်းတဲ့ စိတ်ကို မောဟကင်းတဲ့စိတ်လို့ သိတယ်။

ကျုံ့တဲ့ (ထိုင်းမှိုင်းတဲ့) စိတ်ကို ကျုံ့တဲ့ (ထိုင်းမှိုင်းတဲ့) စိတ်လို့ သိတယ်။

ပျံ့လွင့်တဲ့စိတ်ကို ပျံ့လွင့်တဲ့စိတ်လို့ သိတယ်။

မဟဂ္ဂုတ်စိတ်ကို မဟဂ္ဂုတ်စိတ်လို့ သိတယ်။

မဟဂ္ဂုတ်စိတ်မှ တစ်ပါးသောစိတ်ကို မဟဂ္ဂုတ်စိတ်မှ တစ်ပါးသောစိတ်လို့ သိတယ်။

လောကီစိတ်ကို လောကီစိတ်လို့ သိတယ်။

လောကုတ္တရာစိတ်ကို လောကုတ္တရာစိတ်လို့ သိတယ်။

တည်ကြည်တဲ့စိတ်ကို တည်ကြည်တဲ့စိတ်လို့ သိတယ်။

မတည်ကြည်တဲ့စိတ်ကို မတည်ကြည်တဲ့စိတ်လို့ သိတယ်။

လွတ်မြောက်တဲ့စိတ်ကို လွတ်မြောက်တဲ့စိတ်လို့ သိတယ်။

မလွတ်မြောက်သေးတဲ့စိတ်ကို မလွတ်မြောက်သေးတဲ့ စိတ်လို့ သိတယ်။

အဲဒီနည်းအတိုင်း ရံခါ မိမိရဲ့စိတ်ကို အဖန်ဖန် ရှုမှတ်ပြီး နေတယ်။

ရံခါ သူတစ်ပါးရဲ့စိတ်ကို အဖန်ဖန် ရှုမှတ်ပြီး နေတယ်။

ရံခါ မိမိရဲ့စိတ်ကိုရော သူတစ်ပါးရဲ့စိတ်ကိုပါ အဖန်ဖန် ရှုမှတ်ပြီး နေတယ်။

ရံခါ စိတ်ရဲ့ ဖြစ်ခြင်းသဘောကို အဖန်ဖန် ရှုမှတ်ပြီး နေတယ်။

ရုံခါ စိတ်ရဲ့ ပျက်ခြင်းသဘောကို အဖန်ဖန် ရှုမှတ်ပြီး နေတယ်။

ရုံခါ စိတ်ရဲ့ ဖြစ်ခြင်း, ပျက်ခြင်းသဘောကို အဖန်ဖန် ရှုမှတ်ပြီး နေတယ်။

"စိတ်သာ ရှိပါတကား" ဆိုတဲ့ သတိ အဲဒီရဟန်းမှာ စွဲကပ်တည်လာတယ်။ အဲဒီအသိဟာ အသိဉာဏ်နှင့် ထပ်ဆင့် သတိတရား တိုးပွားကြောင်း ဖြစ်တယ်။ သူဟာခင်တွယ်မှု ကင်းစွာ နေထိုင်တယ်။ လောကမှာ ဘာကိုမျှ မစွဲလမ်းတော့။

ရဟန်းတို့ . ဒါဟာ စိတ်ထဲက စိတ်တစ်ပါးကို အဖန်ဖန် ရှုမှတ်ပြီး နေပုံ ဖြစ်ပါတယ်။

## ဓမ္မာနုပဿနာသတိပဋ္ဌာန်အကျယ်
## နီဝရဏအပိုင်း

၁၁၅။ ရဟန်းတို့ . . ရဟန်းတစ်ပါးဟာ တရားထဲက တရား တစ်ပါးကို ဘယ်လို အဖန်ဖန် ရှုမှတ်ပြီး နေသလဲဆိုတော့- နီဝရဏငါးပါးထဲက နီဝရဏတစ်ပါးပါးကို အဖန်ဖန် ရှုမှတ်ပြီး နေတယ်။ ဘယ်လိုနေသလဲဆိုတော့ - မိမိသန္တာန်မှာ ကာမစ္ဆန္ဒ (လောဘ) ထင်ရှားရှိနေတာကို "ငါ့သန္တာန်မှာ ကာမစ္ဆန္ဒ (လောဘ) ထင်ရှားရှိပါတကား"လို့ သိတယ်။

မိမိသန္တာန်မှာ ကာမစ္ဆန္ဒ (လောဘ) ထင်ရှားမရှိတာကို "ငါ့သန္တာန်မှာ ကာမစ္ဆန္ဒ (လောဘ) ထင်ရှားမရှိပါတကား" လို့ သိတယ်။

မဖြစ်သေးတဲ့ ကာမစ္ဆန္ဒရဲ့ ဖြစ်ပေါ်ကြောင်းကိုလည်း သိတယ်။

ဖြစ်ပြီးတဲ့ ကာမစ္ဆန္ဒရဲ့ ကင်းပြတ်ကြောင်းကိုလည်း သိတယ်။

ကင်းပြီးတဲ့ ကာမစ္ဆန္ဒရဲ့ နောက်ထပ် မဖြစ်တော့ကြောင်း ကိုလည်း သိတယ်။

ဗျာပါဒ၊ ထိနမိဒ္ဓ၊ ဥဒ္ဓစ္စ ကုက္ကုစ္စ၊ ဝိစိကိစ္ဆာတို့ကိုလည်း ထို့အတူပဲ သိတယ်။

အဲဒီနည်းအတိုင်း ရံခါ မိမိသန္တာန်က တရားသဘောကို **အဖန်**ဖန် ရှုမှတ်ပြီး နေတယ်။ ရံခါ သူတစ်ပါးသန္တာန်က **တရား**သဘောကို အဖန်ဖန် ရှုမှတ်ပြီး နေတယ်။ ရံခါ မိမိ သန္တာန်က တရားသဘောကိုရော သူတစ်ပါးသန္တာန်က တရား သဘောကိုပါ အဖန်ဖန် ရှုမှတ်ပြီး နေတယ်။

ရံခါ တရားသဘောရဲ့ ဖြစ်ခြင်းသဘောကို အဖန်ဖန် ရှုမှတ်ပြီး နေတယ်။

ရံခါ တရားသဘောရဲ့ ပျက်ခြင်းသဘောကို အဖန်ဖန် ရှုမှတ်ပြီး နေတယ်။

ရုံခါ တရားသဘောရဲ့ ဖြစ်ခြင်း, ပျက်ခြင်း သဘောကို အဖန်ဖန် ရှုမှတ်ပြီး နေတယ်။

"တရားသဘောတို့သာ ရှိကြပါတကား" ဆိုတဲ့သတိ အဲဒီရဟန်းမှာ စွဲကပ်တည်လာတယ်။ အဲဒီ သတိဟာ အသိဉာဏ်နှင့် ထပ်ဆင့်သတိတရား တိုးပွားကြောင်း ဖြစ်တယ်။ သူဟာ ခင်တွယ်မှုကင်းမဲ့စွာ နေထိုင်တယ်။ လောကမှာ ဘာကိုမျှ မစွဲလမ်းတော့။

ရဟန်းတို့. . . ဒါဟာ နီဝရဏငါးပါးထဲက နီဝရဏ တစ်ပါးပါးကို အဖန်ဖန် ရှုမှတ်ပြီး နေပုံ ဖြစ်တယ်။

## ခန္ဓာအပိုင်း

၁၁၆။ ရဟန်းတို့. . . နောက်တစ်မျိုးကတော့ - ရဟန်းဟာ ခန္ဓာငါးပါးထဲက တစ်ပါးပါးကို အဖန်ဖန် ရှုမှတ်ပြီးနေတယ်။ ဘယ်လိုနေသလဲ ဆိုတော့ –

ဒါဟာ ရုပ်ပဲ၊ ဒါဟာ ရုပ်ရဲ့ဖြစ်ခြင်းပဲ၊ ဒါဟာ ရုပ်ရဲ့ ပျက်ခြင်းပဲ။

ဒါဟာ ဝေဒနာပဲ၊ ဒါဟာ ဝေဒနာရဲ့ဖြစ်ခြင်းပဲ၊ ဒါဟာ ဝေဒနာရဲ့ ပျက်ခြင်းပဲ။

ဒါဟာ သညာပဲ၊ ဒါဟာ သညာရဲ့ ဖြစ်ခြင်းပဲ၊ ဒါဟာ သညာရဲ့ ပျက်ခြင်းပဲ။

ဒါဟာ သညာရဲ့၊ ဒါဟာ သညာရဲ့ ဖြစ်ခြင်းပဲ၊ ဒါဟာ သညာရဲ့ ပျက်ခြင်းပဲ။

ဒါဟာ ဝိညာဏ်ပဲ၊ ဒါဟာ ဝိညာဏ်ရဲ့ ဖြစ်ခြင်းပဲ၊ ဒါဟာ ဝိညာဏ်ရဲ့ ပျက်ခြင်းပဲ - လို့ အဖန်ဖန် ရှုမှတ်ပြီး နေတယ်။

အဲဒီနည်းအတိုင်း ရံခါ မိမိသန္တာန်က တရားသဘောကို အဖန်ဖန် ရှုမှတ်ပြီး နေတယ်။ ရံခါ သူတစ်ပါးသန္တာန်က တရားသဘောကို အဖန်ဖန် ရှုမှတ်ပြီး နေတယ်။ ရံခါ မိမိသန္တာန်က တရားသဘောကိုရော သူတစ်ပါးသန္တာန်က တရားသဘောကိုပါ အဖန်ဖန် ရှုမှတ်ပြီး နေတယ်။

ရံခါ တရားသဘောရဲ့ ဖြစ်ခြင်းသဘောကို အဖန်ဖန် ရှုမှတ်ပြီး နေတယ်။

ရံခါ တရားသဘောရဲ့ ပျက်ခြင်းသဘောကို အဖန်ဖန် ရှုမှတ်ပြီး နေတယ်။

ရံခါ တရားသဘောရဲ့ ဖြစ်ခြင်း, ပျက်ခြင်းသဘောကို အဖန်ဖန် ရှုမှတ်ပြီး နေတယ်။

"တရားသဘောတို့သာ ရှိကြပါတကား" ဆိုတဲ့သတိ အဲဒီ ရဟန်းမှာ စွဲကပ်တည်လာတယ်။ အဲဒီ သတိဟာ အသိဉာဏ်နှင့် ထပ်ဆင့်သတိတရား တိုးပွားကြောင်း ဖြစ်တယ်။ သူဟာ ခင်တွယ်မှု ကင်းမဲ့စွာ နေထိုင်တယ်။ လောကမှာ ဘာကိုမျှ မစွဲလမ်းတော့။

ရဟန်းတို့. . . ဒါဟာ ခန္ဓာငါးပါးထဲက တစ်ပါးပါးကို အဖန်ဖန် ရှုမှတ်ပြီး နေပုံ ဖြစ်တယ်။

**အာယတနအပိုင်း**

၁၁၇။ ရဟန်းတို့. . . နောက်တစ်မျိုးကတော့ - ရဟန်းဟာ ကိုယ်တွင်းကိုယ်ပ အာယတန ခြောက်ပါးထဲက တစ်ပါးပါးကို အဖန်ဖန် ရှုမှတ်ပြီး နေတယ်။ ဘယ်လို နေသလဲဆိုတော့–

မျက်စိကိုလည်း သိတယ်။ အဆင်းကိုလည်း သိတယ်။ အဲဒီ မျက်စိနှင့် အဆင်းကို အစွဲပြုပြီး ဖြစ်ပေါ်လာတဲ့ သံယောဇဉ်ကိုလည်း သိတယ်။ မဖြစ်သေးတဲ့ သံယောဇဉ်ရဲ့ ဖြစ်ပေါ်ကြောင်းကိုလည်း သိတယ်။ ဖြစ်ပြီးတဲ့ သံယောဇဉ်ရဲ့ ကင်းပျောက်ကြောင်းကိုလည်း သိတယ်။ ကင်းပြီးတဲ့ သံယောဇဉ်ရဲ့ နောက်ထပ်မဖြစ်တော့ကြောင်း ကိုလည်း သိတယ်။ ထို့အတူပဲ နား နှင့် အသံ

နှာခေါင်း နှင့် အနံ့

လျှာ နှင့် အရသာ

ကိုယ် နှင့် အတွေ့အထိ

စိတ် နှင့် သိစရာသဘော-

စသည်တို့ကိုလည်း သိတယ်။

အဲဒီနည်းအတိုင်း ရံခါ မိမိသန္တာန်က တရားသဘောကို အဖန်ဖန် ရှုမှတ်ပြီး နေတယ်။ ရံခါ သူတစ်ပါးသန္တာန်က တရား

သဘောကို အဖန်ဖန် ရှုမှတ်ပြီး နေတယ်။ ရံခါ မိမိသန္တာန်က တရားသဘောကိုရော သူတစ်ပါးသန္တာန်က တရားသဘောကိုပါ အဖန်ဖန် ရှုမှတ်ပြီး နေတယ်။

ရံခါ တရားသဘောရဲ့ ဖြစ်ခြင်းသဘောကို အဖန်ဖန် ရှုမှတ်ပြီး နေတယ်။

ရံခါ တရားသဘောရဲ့ ပျက်ခြင်းသဘောကို အဖန်ဖန် ရှုမှတ်ပြီး နေတယ်။

ရံခါ တရားသဘောရဲ့ ဖြစ်ခြင်း, ပျက်ခြင်းသဘောကို အဖန်ဖန် ရှုမှတ်ပြီး နေတယ်။

"တရားသဘောတို့သာ ရှိကြပါတကား" ဆိုတဲ့သတိ အဲဒီရဟန်းမှာ စွဲကပ်တည်လာတယ်။ အဲဒီ သတိဟာ အသိဉာဏ်နှင့် ထပ်ဆင့်သတိတရား တိုးပွားကြောင်း ဖြစ်တယ်။ သူဟာ ခင်တွယ်မှုကင်းမဲ့စွာ နေထိုင်တယ်။ လောကမှာ ဘာကိုမျှ မစွဲလမ်းတော့။

ရဟန်းတို့. . . ဒါဟာ ကိုယ်တွင်းကိုယ်ပ အာယတန ခြောက်ပါးထဲက တစ်ပါးပါးကို အဖန်ဖန် ရှုမှတ်ပြီး နေပုံ ဖြစ်တယ်။

## ဗောဇ္ဈင်အပိုင်း

၁၁၈။ ရဟန်းတို့. . . နောက်တစ်မျိုးကတော့ - ရဟန်းဟာ ဗောဇ္ဈင် ခုနစ်ပါးထဲက တစ်ပါးပါးကို အဖန်ဖန် ရှုမှတ်ပြီးနေတယ်။

ဘယ်လို နေသလဲဆိုတော့ - မိမိသန္တာန်မှာ သတိသမ္ဗောဇ္ဈင် ရှိနေတာကို "ငါ့သန္တာန်မှာ သတိမ္ဗောဇ္ဈင် ရှိပါတကား"လို့ သိတယ်။ မိမိသန္တာန်မှာ သတိသမ္ဗောဇ္ဈင် မရှိတာကို "ငါ့သန္တာန်မှာ သတိသမ္ဗောဇ္ဈင် မရှိပါတကား" လို့ သိတယ်။ မဖြစ်သေးတဲ့ သတိသမ္ဗောဇ္ဈင်ရဲ့ ဖြစ်ပေါ် ကြောင်းကိုလည်း သိတယ်။ ဖြစ်ပြီးတဲ့ သတိသမ္ဗောဇ္ဈင်ရဲ့ တိုးပွားပြည့်စုံကြောင်း (ဘာဝနာ ပါရိပူရိ ?) ကိုလည်း သိတယ်။

ထို့အတူပဲ

- ဓမ္မဝိစယသမ္ဗောဇ္ဈင်
- ဝီရိယသမ္ဗောဇ္ဈင်
- ပီတိသမ္ဗောဇ္ဈင်
- ပဿဒ္ဓိသမ္ဗောဇ္ဈင်
- သမာဓိသမ္ဗောဇ္ဈင်
- ဥပေက္ခာသမ္ဗောဇ္ဈင်တို့ကိုလည်း သိတယ်။

အဲဒီနည်းအတိုင်း ရံခါ မိမိသန္တာန်က တရားသဘောကို အဖန်ဖန် ရှုမှတ်ပြီး နေတယ်။ ရံခါ သူတစ်ပါးသန္တာန်က တရားသဘောကို အဖန်ဖန် ရှုမှတ်ပြီး နေတယ်။ ရံခါ မိမိသန္တာန်က တရားသဘောကိုရော သူတစ်ပါးသန္တာန်က တရားသဘောကိုပါ အဖန်ဖန် ရှုမှတ်ပြီး နေတယ်။

ရံခါ တရားသဘောရဲ့ ဖြစ်ခြင်းသဘောကို အဖန်ဖန် ရှုမှတ်ပြီး နေတယ်။

ရံခါ တရားသဘောရဲ့ ပျက်ခြင်းသဘောကို အဖန်ဖန် ရှုမှတ်ပြီး နေတယ်။

ရံခါ တရားသဘောရဲ့ ဖြစ်ခြင်း, ပျက်ခြင်းသဘောကို အဖန်ဖန် ရှုမှတ်ပြီး နေတယ်။

"တရားသဘောတို့သာ ရှိကြပါတကား" ဆိုတဲ့သတိ အဲဒီရဟန်းမှာ စွဲကပ်တည်လာတယ်။ အဲဒီ သတိဟာ အသိဉာဏ်နှင့် ထပ်ဆင့်သတိတရား တိုးပွားကြောင်း ဖြစ်တယ်။ သူဟာ ခင်တွယ်မှုကင်းမဲ့စွာ နေထိုင်တယ်။ လောကမှာ ဘာကိုမျှ မစွဲလမ်းတော့။

ရဟန်းတို့. . . ဒါဟာ ဗောဇ္ဈင်ခုနစ်ပါးထဲက တစ်ပါးပါးကို အဖန်ဖန် ရှုမှတ်ပြီး နေပုံ ဖြစ်တယ်။

## သစ္စာအပိုင်း

၁၁၉။ ရဟန်းတို့. . . နောက်တစ်မျိုးတတော့ - ရဟန်းဟာ သစ္စာလေးပါးထဲက တစ်ပါးပါးကို အဖန်ဖန် ရှုမှတ်ပြီး နေတယ်။ ဘယ်လိုနေသလဲဆိုတော့ - "ဒါဟာ ဒုက္ခပဲ"လို့ အမှန်အတိုင်း သိတယ်။ "ဒါဟာ ဒုက္ခဖြစ်ကြောင်းပဲ" လို့ အမှန်အတိုင်း သိတယ်။ "ဒါဟာ ဒုက္ခချုပ်ခြင်းပဲ" လို့ အမှန်အတိုင်း သိတယ်။ "ဒါဟာ ဒုက္ခချုပ်ငြိမ်းကြောင်း အကျင့်ပဲ" လို့ အမှန်အတိုင်း သိတယ်။

## ဒုက္ခသစ္စာအကျယ်

၁၂၀။ ရဟန်းတို့ . . ဒုက္ခသစ္စာဆိုတာ ဘာလဲဆိုတော့- ဇာတိလည်း ဒုက္ခ ဖြစ်တယ်။ ဇာရာလည်း ဒုက္ခ ဖြစ်တယ်။ မရဏလည်း ဒုက္ခ ဖြစ်တယ်။ သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ, ဥပါယာသတို့လည်း ဒုက္ခ ဖြစ်ကြတယ်။ မချစ် မနှစ်သက်သူတို့နှင့် ပေါင်းသင်းရခြင်းလည်း ဒုက္ခ ဖြစ်တယ်။ ချစ်နှစ်သက်သူတို့နှင့် ကွေကွင်းရခြင်းလည်း ဒုက္ခ ဖြစ်တယ်။ လိုတာကို မရခြင်းလည်း ဒုက္ခ ဖြစ်တယ်။ အကျဉ်းချုပ်အားဖြင့် ဥပါဒါနက္ခန္ဓာငါးပါးဟာ ဒုက္ခ ဖြစ်ကြတယ်။ (ဇာတိ စသည်ဟာ ဒုက္ခသစ္စာ ဖြစ်တယ်လို့ ဆိုလိုတယ်။)

၁၂၁။ ရဟန်းတို့ . . **ဇာတိ** ဆိုတာ ဘာလဲဆိုတော့ - သတ္တဝါ (သက်ရှိပုဂ္ဂိုလ်) အမျိုးမျိုးရဲ့ ဘဝအမျိုးမျိုးမှာ ဖြစ်ခြင်း (ပဋိသန္ဓေ နေရခြင်း) ဖြစ်တယ်။

၁၂၂။ **ဇရာ** ဆိုတာ ဘာလဲဆိုတော့ - သတ္တဝါ (သက်ရှိပုဂ္ဂိုလ်) အမျိုးမျိုးရဲ့ ဘဝအမျိုးမျိုးမှာ အိုမင်းဆွေးမြေ့ရခြင်း ဖြစ်တယ်။

၁၂၃။ **မရဏ** ဆိုတာ ဘာလဲဆိုတော့ - သတ္တဝါ (သက်ရှိ ပုဂ္ဂိုလ်) အမျိုးမျိုးရဲ့ ဘဝအမျိုးမျိုးမှာ စုတေ ရွေ့လျော သေရခြင်း သဘော ဖြစ်တယ်။

၁၂၄။ **သောက** ဆိုတာ ဘာလဲဆိုတော့ - ပျက်စီးခြင်း တစ်မျိုးမျိုး၊ ဒုက္ခတစ်မျိုးမျိုးနှင့် ကြုံရတဲ့အခါ စိုးရိမ်ခြင်း ဖြစ်တယ်။

၁၂၅။ **ပရိဒေဝ** ဆိုတာ ဘာလဲဆိုတော့ - ပျက်စီးခြင်း တစ်မျိုးမျိုး၊ ဒုက္ခတစ်မျိုးမျိုးနှင့် ကြုံရတဲ့အခါ ငိုကြွေး မြည်တမ်းခြင်း ဖြစ်တယ်။

၁၂၆။ **ဒုက္ခ** ဆိုတာ ဘာလဲဆိုတော့ -ကိုယ်ဆင်းရဲခြင်းဖြစ်တယ်။

၁၂၇။ **ဒေါမနဿ** ဆိုတာ ဘာလဲဆိုတော့ -စိတ်ဆင်းရဲခြင်း ဖြစ်တယ်။

၁၂၈။ **ဥပါယာသ** ဆိုတာ ဘာလဲဆိုတော့ - ပျက်စီးခြင်း တစ်မျိုးမျိုး၊ ဒုက္ခတစ်မျိုးမျိုးနှင့် ကြုံရတဲ့အခါ ပြင်းထန်စွာ ပင်ပန်းခြင်း (ဆွေးမြေ့ခြင်း) ဖြစ်တယ်။

၁၂၉။ **မချစ်မနှစ်သက်သူတို့နှင့် ပေါင်းသင်းရခြင်း** ဆိုတာ ဘာလဲဆိုတော့ - အလိုမရှိအပ်၊ မနှစ်သက်အပ်၊ မမြတ်နိုးအပ်တဲ့ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိ၊ သိစရာသဘောတို့နှင့် ပေါင်းဆုံရခြင်း၊ မိမိရဲ့အကျိုးမဲ့ကို လိုလားကြသည့် ပုဂ္ဂိုလ်တို့နှင့် ပေါင်းဆုံရခြင်းတို့ ဖြစ်တယ်။

၁၃၀။ **ချစ်နှစ်သက်သူတို့နှင့် ကွေကွင်းရခြင်း** ဆိုတာ ဘာလဲ ဆိုတော့ - အလိုရှိအပ်၊ နှစ်သက်အပ်၊ မြတ်နိုးအပ်တဲ့ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိ၊ သိစရာ သဘောတို့နှင့် မပေါင်းဆုံ ရခြင်း၊ မိမိရဲ့အကျိုးစီးပွားကို လိုလားကြသည့် ဆွေမျိုး သားချင်း၊ မိတ်ဆွေ အပေါင်း အသင်းတို့နှင့် မပေါင်းဆုံရခြင်းတို့ ဖြစ်တယ်။

၁၃၁။ **လိုတာကို မရတဲ့ဒုက္ခ** ဆိုတာ ဘာလဲဆိုတော့ - ပဋိသန္ဓေ နေရခြင်း သဘောရှိတဲ့ သတ္တဝါ (သက်ရှိပုဂ္ဂိုလ်) တို့မှာ

"ငါတို့ ပဋိသန္ဓေ နေရခြင်းကင်းမှု ကောင်းလေစွ၊ ပဋိသန္ဓေ နေရခြင်း သဘောသည် ငါတို့အထံသို့ မရောက်လာပါမူ ကောင်းလေစွ" ဆိုတဲ့ အလိုဆန္ဒ ဖြစ်ပေါ်လာတယ်။ ဒါပေမဲ့ အဲဒီအလိုဆန္ဒ ဖြစ်ရုံနဲ့ ပဋိသန္ဓေနေရခြင်း မကင်းနိုင်ဘူး။ ဒါဟာ လိုတာကို မရတဲ့ ဒုက္ခ ဖြစ်တယ်။

အိုခြင်း သဘောရှိကြတဲ့ သတ္တဝါတို့မှာ "ငါတို့ အိုခြင်း ကင်းကြမှု ကောင်းလေစွ၊ အိုခြင်းသဘောသည် ငါတို့ အထံသို့ မရောက်လာပါမူ ကောင်းလေစွ" ဆိုတဲ့ အလိုဆန္ဒ ဖြစ်ပေါ် လာတယ်။ ဒါပေမဲ့ အဲဒီအလိုဆန္ဒ ဖြစ်ရုံနဲ့ အိုခြင်း မကင်းနိုင်ဘူး။ ဒါဟာ လိုတာကို မရတဲ့ ဒုက္ခ ဖြစ်တယ်။

နာခြင်း၊ သေခြင်း၊ စိုးရိမ်ရခြင်း၊ ငိုကြွေးရခြင်း၊ ကိုယ်ဆင်းရဲရခြင်း၊ စိတ်ဆင်းရဲရခြင်း၊ ပြင်းစွာပင်ပန်းရခြင်း သဘောရှိကြတဲ့ သတ္တဝါတို့မှာလည်း အဲဒီနာခြင်းစသည် ကင်းလိုတဲ့ဆန္ဒ ဖြစ်ကြတယ်။ ဒါပေမဲ့ အဲဒီဆန္ဒဖြစ်ရုံနဲ့ နာခြင်း စသည် မကင်းကြဘူး။ ဒါဟာ လိုတာကို မရတဲ့ ဒုက္ခဖြစ်တယ်။

၁၃၂။ **အကျဉ်းချုပ်အားဖြင့် ဥပါဒါနက္ခန္ဓာငါးပါး** ဆိုတာ ဘာလဲဆိုတော့ - ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်တို့ ဖြစ်ကြတယ်။

ရဟန်းတို့. . . ဒါဟာ ဒုက္ခသစ္စာ ဖြစ်တယ်။

## သမုဒယသစ္စာအကျယ်

၁၃၃။ ရဟန်းတို့ . . သမုဒယသစ္စာဆိုတာ ဘာလဲဆိုတော့ - ကာမဂုဏ်ကို တပ်မက်တတ်တဲ့ ကာမတဏှာ၊ ဘဝဆိုတာ ဆုံးသည် ပြတ်သည် မရှိ - လို့ ယူပြီး တပ်မက်တဲ့ ဘဝတဏှာ၊ နောင်ဘဝ ဆိုတာ မရှိ - လို့ ယူပြီး တပ်မက်တဲ့ ဝိဘဝတဏှာတို့ဟာ သမုဒယ သစ္စာ ဖြစ်တယ်။ အဲဒီတဏှာဟာ ဘဝသစ်ကို ဖြစ်စေတယ်တယ်။ တပ်မက်စွဲလမ်းတတ်တယ်။ အာရုံ အမျိုးမျိုးကို လွန်လွန်ကဲကဲ တပ်မက်တတ်တယ်။

ရဟန်းတို့ . . အဲဒီတဏှာဟာ ဘယ်အပေါ်မှာ ဖြစ်သလဲ? ဘယ်အပေါ်မှာ စွဲသလဲဆိုတော့ - လောကထဲက ချစ်စရာ သဘော, သာယာဖွယ်သဘောတို့မှာ ဖြစ်တယ်၊ စွဲတယ်။

လောကမှာ ချစ်စရာသဘော, သာယာဖွယ်သဘော ဆိုတာ ဘာလဲဆိုတော့ —

မျက်စိ, နား, နှာ, လျှာ, ကိုယ်, စိတ်၊

အဆင်း, အသံ, အနံ့, အရသာ, အတွေ့အထိ, သိစရာသဘော၊

မြင်သိစိတ်, ကြားသိစိတ်, နံသိစိတ်, လျက်သိစိတ်, တွေ့သိစိတ်, ကြံသိစိတ်၊

မျက်စိအတွေ့, နားအတွေ့, နှာခေါင်းအတွေ့, လျှာအတွေ့, ကိုယ်အတွေ့, စိတ်အတွေ့၊

မျက်စိအတွေ့ကြောင့်ဖြစ်တဲ့ ဝေဒနာ, နားအတွေ့ကြောင့်ဖြစ်တဲ့ ဝေဒနာ, နှာခေါင်းအတွေ့ ကြောင့်ဖြစ်တဲ့ ဝေဒနာ, လျှာအတွေ့ကြောင့်ဖြစ်တဲ့ ဝေဒနာ, ကိုယ်အတွေ့ ကြောင့်ဖြစ်တဲ့ ဝေဒနာ, စိတ်အတွေ့ကြောင့်ဖြစ်တဲ့ ဝေဒနာ၊

အဆင်းကို မှတ်သားတဲ့ သညာ, အသံကို မှတ်သားတဲ့ သညာ, အနံ့ကို မှတ်သားတဲ့ သညာ, အရသာကို မှတ်သားတဲ့ သညာ, အတွေ့အထိကို မှတ်သားတဲ့ သညာ၊ သိစရာသဘောကို မှတ်သားတဲ့ သညာ၊

အဆင်းကို ကြောင့်ကြစိုက်ခြင်း, အသံကို ကြောင့်ကြစိုက်ခြင်း, အနံ့ကို ကြောင့်ကြစိုက်ခြင်း, အရသာကို ကြောင့်ကြစိုက်ခြင်း, အတွေ့အထိကို ကြောင့်ကြစိုက်ခြင်း, သိစရာသဘောကို ကြောင့်ကြစိုက်ခြင်း၊

အဆင်းကို တပ်မက်ခြင်း, အသံကို တပ်မက်ခြင်း, အနံ့ကို တပ်မက်ခြင်း, အရသာကို တပ်မက်ခြင်း, အတွေ့အထိကို တပ်မက်ခြင်း, သိစရာသဘောကို တပ်မက်ခြင်း၊

အဆင်းကို ကြံစည်ခြင်း, အသံကို ကြံစည်ခြင်း, အနံ့ကို ကြံစည်ခြင်း, အရသာကို ကြံစည်ခြင်း, အတွေ့အထိကို ကြံစည်ခြင်း, သိစရာသဘောကို ကြံစည်ခြင်း၊

အဆင်းကို သုံးသပ်ခြင်း, အသံကို သုံးသပ်ခြင်း, အနံ့ကို သုံးသပ်ခြင်း, အရသာကို သုံးသပ်ခြင်း, အတွေ့အထိကို သုံးသပ်ခြင်း, သိစရာသဘောကို သုံးသပ်ခြင်းတို့ ဖြစ်တယ်။

ရဟန်းတို့. . . ဒါဟာ သမုဒယသစ္စာ ဖြစ်တယ်။

## နိရောဓသစ္စာအကျယ်

၁၃၄။ ရဟန်းတို့ . . နိရောဓသစ္စာဆိုတာ ဘာလဲဆိုတော့ အဲဒီတဏှာရဲ့ အကြွင်းမဲ့ ကင်းပြတ်ချုပ်ငြိမ်းခြင်းဟာ နိရောဓသစ္စာ ဖြစ်တယ်။

ရဟန်းတို့ . . အဲဒီတဏှာ ဘယ်မှာ ကင်းပြတ်ချုပ်ငြိမ်း သလဲဆိုတော့ လောကထဲက ချစ်စရာသဘော, သာယာဖွယ် သဘောမှာ ကင်းပြတ်ချုပ်ငြိမ်းတယ်။

လောကထဲက ချစ်စရာသဘော, သာယာဖွယ်သဘောဟာ ဘာလဲဆိုတော့ - မျက်စိ, နား, နှာ စသည်တို့ ဖြစ်တယ်။ (သိစရာသဘောကို သုံးသပ်ခြင်းအထိ သမုဒယသစ္စာတုန်းက အတိုင်း ဖြစ်တယ်။)

ရဟန်းတို့ . . ဒါဟာ နိရောဓသစ္စာ ဖြစ်တယ်။

## မဂ္ဂသစ္စာအကျယ်

၁၃၅။ ရဟန်းတို့ . . ဒုက္ခချုပ်ငြိမ်းကြောင်းအကျင့် (မဂ္ဂသစ္စာ) ဆိုတာ ဘာလဲဆိုတော့ - မဂ္ဂင်ရှစ်ပါးပဲ ဖြစ်တယ်။ မဂ္ဂင်ရှစ်ပါး ဆိုတာက —

သမ္မာဒိဋ္ဌိ - မှန်စွာ သိမြင်ခြင်း
သမ္မာသင်္ကပ္ပ - မှန်စွာ ကြံစည်ခြင်း
သမ္မာဝါစာ - မှန်စွာ ပြောဆိုခြင်း

သမ္မာကမ္မန္တ - မှန်စွာ ပြုလုပ်ခြင်း
သမ္မာအာဇီဝ - မှန်စွာ အသက်မွေးခြင်း
သမ္မာဝါယာမ - မှန်စွာ အားထုတ်ခြင်း
သမ္မာသတိ - မှန်စွာ အမှတ်ရခြင်း
သမ္မာသမာဓိ - မှန်စွာ တည်ကြည်ခြင်းတို့ ဖြစ်တယ်။

**သမ္မာဒိဋ္ဌိ** ဆိုတာ - ဒုက္ခကို သိခြင်း၊ ဒုက္ခဖြစ်ကြောင်းကို သိခြင်း၊ ဒုက္ခချုပ်ငြိမ်းခြင်းကို သိခြင်း၊ ဒုက္ခချုပ်ငြိမ်းကြောင်း အကျင့်ကို သိခြင်းတို့ ဖြစ်တယ်။

**သမ္မာသင်္ကပ္ပ** ဆိုတာ - ကာမဂုဏ်မှ ထွက်မြောက်ရန် ကြံစည်ခြင်း၊ မဖျက်ဆီးရန် ကြံစည်ခြင်း၊ မညှဉ်းဆဲရန် ကြံစည်ခြင်းတို့ ဖြစ်တယ်။

**သမ္မာဝါစာ** ဆိုတာ - မုသားမပြောခြင်း၊ ကုန်း မတိုက်ခြင်း၊ ကြမ်းတမ်းတဲ့စကားကို မပြောခြင်း၊ အကျိုးမဲ့ စကားကို မပြောခြင်းတို့ ဖြစ်တယ်။

**သမ္မာကမ္မန္တ** ဆိုတာ - သူတစ်ပါးအသက်ကို မသတ်ခြင်း၊ သူတပါးဥစ္စာကို မခိုးခြင်း၊ သူတစ်ပါးသားမယားကို မပြစ်မှားခြင်းတို့ ဖြစ်တယ်။

**သမ္မာအာဇီဝ** ဆိုတာ - မှားယွင်းတဲ့ အသက်မွေးမှုကို ပယ်၍ မှန်ကန်တဲ့ အသက်မွေးမှုဖြင့် အသက်မွေးခြင်း ဖြစ်တယ်။*

---

* ဇီဝိကံ ကပ္ပေတိ ?

**သမ္မာဝါယာမ** ဆိုတာ - မဖြစ်သေးတဲ့ အကုသိုလ်များ မဖြစ်စေရန် အားထုတ်ခြင်း၊ ဖြစ်ပြီးတဲ့ အကုသိုလ်များကို ပယ်ရန် အားထုတ်ခြင်း၊ မဖြစ်သေးတဲ့ ကုသိုလ်များ ဖြစ်စေရန် အားထုတ်ခြင်း၊ ဖြစ်ပြီးတဲ့ ကုသိုလ်များ တိုးပွားရန် အားထုတ်ခြင်း တို့ ဖြစ်တယ်။

**သမ္မာသတိ** ဆိုတာ - ကိုယ်ခန္ဓာထဲက ကိုယ်ခန္ဓာ အစိတ်အပိုင်းတစ်ခုကို အဖန်ဖန် ရှုမှတ်၍ နေခြင်း၊ ဝေဒနာထဲက ဝေဒနာတစ်ခုကို အဖန်ဖန် ရှုမှတ်၍ နေခြင်း၊ စိတ်ထဲက စိတ်တစ်ခုကို အဖန်ဖန် ရှုမှတ်၍နေခြင်း၊ တရားသဘောထဲက တရားသဘောတစ်ခုကို အဖန်ဖန် ရှုမှတ်၍နေခြင်းတို့ ဖြစ်တယ်။

**သမ္မာသမာဓိ** ဆိုတာ - ဈာန်လေးပါးကို ဝင်စား၍ နေခြင်း ဖြစ်တယ်။

ရဟန်းတို့ . . ဒါဟာ မဂ္ဂသစ္စာ ဖြစ်တယ်။

၁၃၆။ အဲဒီနည်းအတိုင်း ရံခါ မိမိသန္တာန်က တရားသဘောကို အဖန်ဖန် ရှုမှတ်ပြီး နေတယ်။ ရံခါ သူတစ်ပါးသန္တာန်က တရားသဘောကို အဖန်ဖန် ရှုမှတ်ပြီး နေတယ်။ ရံခါ မိမိသန္တာန်က တရားသဘောကိုရော သူတစ်ပါးသန္တာန်က တရားသဘောကိုပါ အဖန်ဖန် ရှုမှတ်ပြီး နေတယ်။

ရံခါ တရားသဘောရဲ့ ဖြစ်ခြင်းသဘောကို အဖန်ဖန် ရှုမှတ်ပြီး နေတယ်။

ရံခါ တရားသဘောရဲ့ ပျက်ခြင်းသဘောကို အဖန်ဖန် ရှုမှတ်ပြီး နေတယ်။

ရံခါ တရားသဘောရဲ့ ဖြစ်ခြင်း, ပျက်ခြင်းသဘောကို အဖန်ဖန် ရှုမှတ်ပြီး နေတယ်။

"တရားသဘောတို့သာ ရှိကြပါတကား" ဆိုတဲ့သတိ အဲဒီရဟန်းမှာ စွဲကပ်တည်လာတယ်။ အဲဒီသတိဟာ အသိဉာဏ်နှင့် ထပ်ဆင့်သတိတရား တိုးပွားကြောင်း ဖြစ်တယ်။ သူဟာ ခင်တွယ်မှုကင်းမဲ့စွာ နေထိုင်တယ်။ လောကမှာ ဘာကိုမျှ မစွဲလမ်းတော့။

ရဟန်းတို့. . . ဒါဟာ သစ္စာလေးပါးထဲက တစ်ပါးပါးကို အဖန်ဖန် ရှုမှတ်ပြီးနေပုံ ဖြစ်တယ်။

၁၃၇။ ရဟန်းတို့. . . ဘယ်သူမဆို ဒီသတိပဋ္ဌာန်တရား လေးပါးကို ဒီနည်းအတိုင်း (၇)နှစ် ပွားများလျှင် မျက်မှောက် ဘဝမှာပဲ အရဟတ္တဖိုလ်၊ သို့မဟုတ် အနာဂါမိဖိုလ်ကို ရနိုင်တယ်။

ရဟန်းတို့. . . (၇)နှစ်ဆိုတာ ထားဦး။ ၆-နှစ်၊ ၅-နှစ်၊ ၄-နှစ်၊ ၃-နှစ်၊ ၂-နှစ်၊ ၁-နှစ်၊ (၇) လ၊ (၆) လ၊ (၅) လ၊ (၄) လ၊ (၃) လ၊ (၂) လ၊ (၁) လ၊ (၁၅) ရက်၊ (၇) ရက် ပွားများလျှင်ပင် ဒီဘဝမှာပဲ အရဟတ္တဖိုလ်၊ သို့မဟုတ် အနာဂါမိဖိုလ်ကို ရနိုင်တယ်။

၁၃၈။ ရဟန်းတို့ . . . ဒါ့ကြောင့် ငါဘုရားဟာ "ရဟန်းတို့ သတ္တဝါတွေ နိဗ္ဗာန်ရောက်ကြောင်း လမ်းစဉ်ဟာ ဒီတစ်ခုတည်းသာ ရှိတယ်။ အဲဒီလမ်းစဉ်ဟာ ချာဂစတဲ့ အညစ်အကြေးတွေ စင်ကြယ်ကြောင်းလည်း ဖြစ်တယ်။ စိုးရိမ်ရခြင်း၊ ငိုကြွေးရခြင်းတို့ကို လွန်မြောက်ကြောင်းလည်း ဖြစ်တယ်။ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲတို့ ချုပ်ငြိမ်းကြောင်းလည်း ဖြစ်တယ်။ မဂ်ဉာဏ်ကို ရကြောင်းလည်း ဖြစ်တယ်။ အဲဒီလမ်းစဉ် ဆိုတာ သတိပဋ္ဌာန် လေးပါးပဲ ဖြစ်တယ်" လို့ ဟောကြားတော်မူခဲ့တယ်။

မြတ်စွာဘုရား ဒီတရားတော်ကို ဟောတော်မူပြီးတဲ့အခါ ရဟန်းများဟာ ဝမ်းမြောက်ဝမ်းသာ သာဓုခေါ် ဆိုခဲ့ကြပါတယ်။

**မဟာသတိပဋ္ဌာန်သုတ် ပြီးပြီ။**

**မူလပရိယာယဝဂ် ပြီးပြီ။**

❊ ❊ ❊

# ၂ – သီဟနာဒဝဂ်

## ၁ – စူဠသီဟနာဒသုတ်

၁၃၉။ အခါတစ်ပါးမှာ သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်မှာ မြတ်စွာဘုရား သီတင်းသုံးနေတော်မူပါတယ်။ အဲဒီအခါမှာ မြတ်စွာဘုရားက ရဟန်းတို့အား အခုလို မိန့်ကြားတော်မူခဲ့ပါတယ်။

ရဟန်းတို့. . . "ဤငါတို့ဘုရားသာသနာတော်၌သာ သောတာပန်, သကဒါဂါမ်, အနာဂါမ်, ရဟန္တာ ရဟန်းတို့ ရှိကြကုန်၏။ တခြားသော တိတ္ထိတို့၏ အယူဝါဒ၌ကား မရှိကြကုန်၊ တိတ္ထိတို့၏ အယူဝါဒတို့သည် ဤအရိယာ ရဟန်းတို့နှင့် တခြားစီသာ ဖြစ်ကြကုန်၏။ အချည်းနှီးသာ ဖြစ်ကြကုန်၏" လို့ အမှန်အတိုင်း ခြင်္သေ့ဟိန်းသံကို ဟိန်းကြကုန်လော့။

၁၄၀။ ရဟန်းတို့ . . အဲဒီအခါမှာ တိတ္ထိပရိဗိုဇ်များက "ဘာကို ထောက်ထားပြီး သင်တို့အဲဒီလို ပြောကြသလဲ"လို့ မေးနိုင်စရာရှိတယ်။

အဲဒီလို မေးခဲ့လျှင် "ငါတို့အား မြတ်စွာဘုရားက တရားလေးပါးကို ဟောပြထားတယ်။ အဲဒီလေးပါးဆိုတာက-

(၁) ဆရာဘုရား၌ ကြည်ညိုခြင်း
(၂) တရားတော်၌ ကြည်ညိုခြင်း
(၃) သီလကို ပြည့်ပြည့်စုံစုံ (လုံလုံခြုံခြုံ) ဖြည့်ကျင့်ခြင်း
(၄) ချစ်ခင် (ကြည်ညို)ဖွယ်၊ မြတ်နိုးဖွယ်ကောင်းတဲ့ သီတင်းသုံးဖော် ရဟန်းရှင်လူတို့ ရှိခြင်းတို့ ဖြစ်တယ်။

ငါတို့ (သာသနာ)မှာ အဲဒီလေးပါးရှိပုံကို တွေ့မြင်ကြရတယ်။ အဲဒီလေးပါးရှိပုံကို ထောက်ထား၍ ငါတို့ အဲဒီလို ပြောခြင်း ဖြစ်တယ်”လို့ ဖြေဆိုကြရမယ်။

၁၄၁။ ရဟန်းတို့ . . အဲဒီအခါမှာလည်း တိတ္ထိပရိဗိုဇ်တို့က “ငါတို့မှာလည်း ငါတို့ရဲ့ ဆရာဘုရားကို ကြည်ညိုမှု၊ ငါတို့ရဲ့ တရားကို ကြည်ညိုမှု၊ ငါတို့ရဲ့ သီလကို ပြည့်ပြည့်စုံစုံ လုံလုံ ခြုံခြုံ ဖြည့်ကျင့်မှု၊ ငါတို့ရဲ့ ချစ်ခင် (ကြည်ညို) မြတ်နိုးဖွယ် ကောင်းတဲ့ သီတင်းသုံးဖော် ရဟန်းရှင်လူများ ရှိမှု - ဆိုတာ ရှိကြတယ်။ ဒီတော့ ဒီနေရာမှာ သင်တို့နှင့် ငါတို့ ဘယ်လို ထူးသလဲ”လို့ ထပ်ဆင့် မေးနိုင်စရာ ရှိတယ်။

ရဟန်းတို့ . . အဲဒီအခါမှာ “အဆုံးသတ်ပန်းတိုင် (သံသရာရဲ့ ပြီးဆုံးခြင်း)ဟာ တစ်ခုတည်း ရှိသလား? သို့မဟုတ် များစွာ ရှိသလား”လို့ ပြန်မေးကြရမယ်။ အဲဒီအခါမှာ အမှန်အတိုင်း ဖြေမည့် တိတ္ထိပရိဗိုဇ်တို့ဟာ “အဆုံးသတ်ပန်းတိုင်ဟာ တစ်ခုတည်းသာ ရှိပါတယ်”လို့ ဖြေကြားလိမ့်မယ်။

ရဟန်းတို့ . . အဲဒီအခါမှာ “အဲဒီ အဆုံးသတ်ပန်းတိုင်သို့ ရာဂရှိသူ၊ ဒေါသရှိသူ၊ မောဟရှိသူ၊ တဏှာရှိသူ၊ ဥပါဒါန်ရှိသူ၊ ပညာမရှိသူ၊ ချစ်ခြင်းမုန်းခြင်းရှိသူ၊ သံသရာချဲ့တရား၌ မွေ့လျော် ပျော်ပိုက်သူတို့ ရောက်ရှိကြသလား ?

သို့မဟုတ် ရာဂကင်းသူ၊ ဒေါသကင်းသူ၊ မောဟ ကင်းသူ၊ တဏှာကင်းသူ၊ ဥပါဒါန်မရှိသူ၊ ပညာရှိသူ၊ ချစ်ခြင်း မုန်းခြင်း မရှိသူ၊

သံသရာခဲ့တရား၌ မွေ့လျော်ပျော်ပိုက်ခြင်း မရှိသူတို့ ရောက်ရှိကြသလား? လို့ မေးကြရမယ်။

အဲဒီအခါမှာ အမှန်အတိုင်းဖြေမည့် တတ္ထိပရိဗိုဇ်တို့ဟာ "ရာဂကင်းသူ၊ ဒေါသကင်းသူ၊ မောဟကင်းသူ၊ တဏှာကင်းသူ၊ ဥပါဒါန်မရှိသူ၊ ပညာရှိသူ၊ ချစ်ခြင်းမုန်းခြင်း မရှိသူ၊ သံသရာခဲ့တရား၌ မွေ့လျော်ပျော်ပိုက်ခြင်း မရှိသူတို့ဟာ ရောက်ရှိကြပါတယ်" လို့ ဖြေကြားကြလိမ့်မယ်။

၁၄၂။ ရဟန်းတို့ . . ဒိဋ္ဌိဟာ နှစ်မျိုးရှိတယ်။ နှစ်မျိုးဆိုတာက ဘဝဒိဋ္ဌိ(ဘဝဆိုတာ ဆုံးသည် ပြတ်သည် မရှိ - လို့ ယူခြင်း)နှင့် ဝိဘဝဒိဋ္ဌိ (နောင်ဘဝဆိုတာ မရှိ - လို့ ယူခြင်း) တို့ ဖြစ်တယ်။

ရဟန်းတို့ . . ဘဝဒိဋ္ဌိကို ယူထားကြတဲ့ ပရိဗိုဇ်ပုဏ္ဏားတို့ဟာ ဝိဘဝဒိဋ္ဌိနှင့် ဆန့်ကျင်သူများ ဖြစ်ကြတယ်။

ဝိဘဝဒိဋ္ဌိကို ယူထားကြတဲ့ ပရိဗိုဇ်ပုဏ္ဏားတို့ဟာ ဘဝဒိဋ္ဌိနှင့် ဆန့်ကျင်သူများ ဖြစ်ကြတယ်။

ရဟန်းတို့ . . ဒီ ဒိဋ္ဌိနှစ်မျိုးရဲ့ ဖြစ်ကြောင်း၊ ချုပ်ကြောင်း၊ သာယာဖွယ်၊ အပြစ်နှင့် ထွက်မြောက်ရာ ထွက်မြောက်ကြောင်းတို့ကို ဟုတ်တိုင်းမှန်စွာ မသိကြတဲ့ ပရိဗိုဇ်ပုဏ္ဏားတို့ဟာ ရာဂရှိသူများ၊ ဒေါသရှိသူများ၊ မောဟရှိသူများ၊ တဏှာရှိသူများ၊ ဥပါဒါန်ရှိသူများ၊ ပညာမရှိသူများ၊ ချစ်ခြင်းမုန်းခြင်း ရှိသူများ၊ သံသရာခဲ့ တရား၌ မွေ့လျော်လျော်ပိုက်ခြင်း ရှိသူများ ဖြစ်ကြတယ်။ သူတို့ဟာ ပဋိသန္ဓေနေရ၊ အိုရ၊ သေရ၊ သောကရောက်ရ၊ ငိုကြွေးရ၊

ကိုယ်စိတ်ဆင်းရဲရ၊ ပူဆွေးရခြင်း တို့မှ မလွတ်မြောက်နိုင်ကြ၊ ဒုက္ခမှ မလွတ်မြောက်နိုင်ကြ - လို့ ငါဘုရား ဟောတော်မူတယ်။

ရဟန်းတို့ . . . ဒီ ဒိဋ္ဌိနှစ်မျိုးရဲ့ ဖြစ်ကြောင်း၊ ချုပ်ကြောင်း၊ သာယာဖွယ်၊ အပြစ်နှင့် ထွက်မြောက်ရာ ထွက်မြောက်ကြောင်းကို သိကြတဲ့ ရဟန်းပုဏ္ဏားတို့ဟာ ရာဂကင်းသူ၊ ဒေါသကင်းသူ၊ မောဟကင်းသူ၊ တဏှာကင်းသူ၊ ဥပါဒါန်မရှိသူ၊ ပညာရှိသူ၊ ချစ်ခြင်းမုန်းခြင်းမရှိသူ၊ သံသရာချဲ့ တရား၌ မွေ့လျော် ပျော်ပိုက်ခြင်း မရှိသူများ ဖြစ်ကြတယ်။ သူတို့ဟာ ပဋိသန္ဓေ နေရ၊ အိုရ၊ သေရ၊ သောကရောက်ရ၊ ငိုကြွေးရ၊ ကိုယ်စိတ် ဆင်းရဲရ၊ ပူဆွေးရခြင်းတို့မှ လွတ်မြောက်နိုင်ကြတယ်၊ ဒုက္ခမှ လွတ်မြောက်နိုင်ကြတယ် - လို့ ငါဘုရား ဟောတော်မူတယ်။

၁၄၃။ ရဟန်းတို့ . . . ဥပါဒါန်ဟာ လေးမျိုးရှိတယ်။ လေးမျိုး ဆိုတာက - ကာမုပါဒါန် (ကာမဂုဏ်ကို စွဲလမ်းခြင်း)၊ ဒိဋ္ဌုပါဒါန် (ပေးလှူခြင်းသည် အကျိုးမရှိ - စသည်ဖြင့် အယူမှားကို စွဲလမ်းခြင်း)၊ သီလဗ္ဗတုပါဒါန် (နွားကျင့် ခွေးကျင့် ကျင့်လျှင် ကိလေသာစင်ကြယ်၍ သံသရာမှ လွတ်မြောက် နိုင်တယ် - လို့ ယူဆခြင်း) နှင့် အတ္တဝါဒုပါဒါန် (အတ္တရှိ၏ - ဟု ပြောဆို စွဲလမ်းခြင်း)တို့ ဖြစ်တယ်။

ရဟန်းတို့ . . . ဥပါဒါန်အားလုံးတို့နှင့် ကင်းနေနိုင်ပုံကို ပြောဆိုဝန်ခံကြတဲ့ ပရိဗိုဇ်ပုဏ္ဏား အချို့ရှိတယ်။ ဒါပေမဲ့ သူတို့ဟာ ဥပါဒါန်အားလုံးနှင့်ကင်း၍ နေနိုင်ပုံကို ကောင်းစွာ မပြနိုင်ကြ။ ကာမုပါဒါန်၊ ဒိဋ္ဌုပါဒါန်၊ သီလဗ္ဗတုပါဒါန်တို့နှင့် ကင်း၍ နေနိုင်ပုံကိုသာ ပြနိုင်ကြတယ်။ အဲဒါ ဘာ့ကြောင့်လဲဆိုတော့ ဒီအရာတစ်ခုကို

(အတ္တဝါဒုပါဒါန် ပယ်ပုံပယ်နည်းကို) သူတို့ အမှန်အတိုင်း မသိနိုင်ကြသောကြောင့် ဖြစ်တယ်။

ရဟန်းတို့. . . အဲဒီလို ဥပါဒါန်အားလုံး မကင်းသော သာသနာမှာ ဆရာ၌ ကြည်ညိုခြင်း၊ တရား၌ ကြည်ညိုခြင်း၊ သီလကို ပြည့်ပြည့်စုံစုံ လုံလုံခြုံခြုံ ဖြည့်ကျင့်ခြင်း၊ သီတင်းသုံးဖော်တို့အား ချစ်ခင်မြတ်နိုးခြင်းတို့ကို အကျင့်မှန်တို့ ဟူ၍ မခေါ်ဆိုထိုက်ဘူး၊ ဘာ့ကြောင့်လဲဆိုတော့ အဲဒီသာသနာဟာ မကောင်းသဖြင့် ဟောကြားထားအပ်တဲ့ သာသနာ၊ ဝဋ္ဋဒုက္ခမှ လွတ်မြောက်ကြောင်း မဟုတ်တဲ့ သာသနာ၊ ငြိမ်းအေးမှုကို မဖြစ်စေနိုင်တဲ့သာသနာ၊ ဘုရားတု ဘုရားယောင်တို့ ဟောပြထားတဲ့သာသနာ ဖြစ်သောကြောင့် ဖြစ်တယ်။

၁၄၄။ ရဟန်းတို့. . . မြတ်စွာဘုရားဟာ ဥပါဒါန်အားလုံးနှင့် ကင်း၍ နေနိုင်ပုံကို ဟောပြ ဝန်ခံတော်မူတယ်။ ဝန်ခံတော်မူသည့် အတိုင်းလည်း ဥပါဒါန်အားလုံးနှင့် ကင်း၍ နေနိုင်ပုံကို ကောင်းကောင်းကြီး ပြတော်မူနိုင်တယ်။ ရဟန်းတို့. . . အဲဒီလို ဥပါဒါန်အားလုံးကင်းသော သာသနာတော်မှာ ဘုရား၌ ကြည်ညိုခြင်း၊ တရားတော်၌ ကြည်ညိုခြင်း၊ သီလကို ပြည့်ပြည့်စုံစုံ လုံလုံခြုံခြုံ ဖြည့်ကျင့်ခြင်းတို့ကို အကျင့်မှန်လို့ ခေါ်ဆိုထိုက်တယ်။ အဲဒါဘာ့ကြောင့်လဲဆိုတော့ ဒီသာသနာတော်ဟာ ကောင်းစွာဟောကြားအပ်တဲ့ သာသနာတော်၊ ဝဋ္ဋဒုက္ခမှ လွတ်မြောက်ကြောင်း အစစ်ဖြစ်တဲ့ သာသနာတော်၊ ငြိမ်းအေးမှုကို

ဖြစ်စေနိုင်တဲ့ သာသနာတော်၊ ဘုရားစစ် ဘုရားမှန်က ဟောပြ ထားအပ်တဲ့ သာသနာတော် ဖြစ်သောကြောင့် ဖြစ်တယ်။

၁၄၅။ ရဟန်းတို့. . . ဥပါဒါန်လေးပါးရဲ့ အကြောင်းဟာ တဏှာ ဖြစ်တယ်။ တဏှာရဲ့ အကြောင်းဟာ ဝေဒနာ၊ ဝေဒနာရဲ့ အကြောင်းဟာ ဖဿ၊ ဖဿရဲ့ အကြောင်းဟာ သဠာယတန၊ သဠာယတနရဲ့ အကြောင်းဟာ နာမ်ရုပ်၊ နာမ်ရုပ်ရဲ့ အကြောင်းဟာ ဝိညာဏ်၊ ဝိညာဏ်ရဲ့ အကြောင်းဟာ သင်္ခါရ၊ သင်္ခါရရဲ့ အကြောင်းဟာ အဝိဇ္ဇာ ဖြစ်တယ်။

ရဟန်းတို့. . . အဝိဇ္ဇာကင်းပြတ်တဲ့အခါ ဝိဇ္ဇာ (အရဟတ္တ မဂ်ဉာဏ်) ဖြစ်ပေါ်လာတယ်။ ဒါ့ကြောင့် သူဟာ ဥပါဒါန် လေးပါးကို မစွဲလမ်းတော့။ မစွဲလမ်းခြင်းကြောင့် (တဏှာဖြင့်) မတမ်းတတော့။ မတမ်းတခြင်းကြောင့် ဒီဘဝမှာပဲ ကိလေသာ အပူဝေး၍ ငြိမ်းအေးတော့တယ်။ "ပဋိသန္ဓေ နေစရာကုန်ပြီ။ မြတ်သော အကျင့်ကို ကျင့်သုံးပြီးပြီ။ ပြုဖွယ်မဂ်ကိစ္စကို ပြုပြီးပြီ။ ဒီလိုမဂ်ကိစ္စမျိုး အတွက် တခြားပြုကျင့်စရာ မရှိတော့ပြီ"လို့ သိတော့တယ်။

အဲဒီလို ဟောကြားတော်မူပြီး မြတ်စွာဘုရားဟာ တရားတော်ကို နိဂုံးချုပ်တော်မူခဲ့ပါတယ်။

ရဟန်းများဟာ မြတ်စွာဘုရားရဲ့ တရားတော်ကို နှစ်သက် သဘောကျပြီး သာဓုခေါ် ဆိုခဲ့ကြပါတယ်။

**စူဠသီဟနာဒသုတ် ပြီးပြီ။**

❊ ❊ ❊

## ၂ – မဟာသီဟနာဒသုတ်

၁၄၆။ အခါတစ်ပါးမှာ ဝေသာလီမြို့ရဲ့ အနောက်ဘက်က အပရပုရတောအုပ်မှာ မြတ်စွာဘုရား သီတင်းသုံးနေတော်မူပါတယ်။ အဲဒီအချိန်ဟာ လိစ္ဆဝီမင်းသား သုနက္ခတ္တရဟန်းလူထွက်သွားလို့ မကြာသေးမီအချိန် ဖြစ်ပါတယ်။ တစ်နေ့မှာ အဲဒီသုနက္ခတ္တရဟန်းလူထွက်ဟာ ဝေသာလီမြို့ထဲ ပရိသတ်များရဲ့ အလယ်မှာ အခုလို ပြောကြားနေပါတယ်။

"ရဟန်းဂေါတမမှာ တရားထူးမရှိ၊ သူ့မှာရှိတဲ့ တရားများဟာ သာမန်လူတို့မှာရှိတဲ့ ကုသလကမ္မပထတရား ဆယ်ပါးထက် မသာလွန်၊ ရဟန်းဂေါတမ ဟောပြတဲ့ တရားများဟာ ကြံစည်ယူဆထားတဲ့ တရားများသာ ဖြစ်တယ်။ စူးစမ်းလေ့လာထားတဲ့ တရားများသာ ဖြစ်တယ်။ ဒါပေမဲ့ သူဟောပြတဲ့ တရားကို ကျင့်လျှင်တော့ ဝဋ်ဒုက္ခမှ ကောင်းကောင်း လွတ်မြောက်နိုင်တယ်။"

အဲဒီအခါမှာ အရှင်သာရိပုတ္တရာက ဝေသာလီမြို့ထဲမှာ ဆွမ်းခံ ကြွနေတော်မူပါတယ်။ ဒါနဲ့ အရှင်သာရိပုတ္တရာဟာ သုနက္ခတ္တရဲ့ အဲဒီစကားကို ကြားတော်မူခဲ့ပါတယ်။ ဆွမ်းခံပြန်ကြွလာတဲ့အခါမှာ အဲဒီစကားကို မြတ်စွာဘုရားအား လျှောက်ထားပါတော့တယ်။

၁၄၇။ အဲဒီအခါမှာ မြတ်စွာဘုရားက အခုလို မိန့်ကြားတော်မူခဲ့ပါတယ်။

သာရိပုတ္တာ. . . အလကားလူဖြစ်တဲ့ အဲဒီသုနက္ခတ္တဟာ အမျက်ထွက်လေ့ရှိသူ ဖြစ်တယ်။

သာရိပုတ္တရာ. . . အလကားလူဖြစ်တဲ့ သုနက္ခတ္တဟာ "အပြစ်ကို ပြောမယ်"လို့ ကြံပြီး ငါဘုရားရဲ့ ဂုဏ်တော်ကိုသာ ပြောမိလျက်သား ဖြစ်နေတယ်။ ငါဘုရား ဟောထားတဲ့တရားကို ကျင့်လျှင် ဝဋ္ဋဒုက္ခမှ လွတ်မြောက်နိုင်တယ်ဆိုတာ ငါဘုရားရဲ့ ဂုဏ်တော်သာ ဖြစ်တယ်။

သာရိပုတ္တရာ. . . အလကားလူဖြစ်တဲ့ သုနက္ခတ္တဟာ ငါဘုရားရဲ့ ဂုဏ်တော်ကိုးပါး၊ ဣဒ္ဓိဝိဓ (တန်ခိုးအမျိုးမျိုးကို ဖန်ဆင်းနိုင်သော) အဘိညာဉ်၊ ဒိဗ္ဗသောတ (နတ်တို့၏ နားကဲ့သို့ ကြားနိုင်သော) အဘိညာဉ်၊ ပရစိတ္တ ဝိဇာနန (သူတစ်ပါးတို့၏ စိတ်ကို သိနိုင်သော) အဘိညာဉ်တို့ကိုပင် မသိနိုင်၊ မကြည်ညိုနိုင်ရှာပေ။

၁၄၈။ သာရိပုတ္တရာ. . . မြတ်စွာဘုရားမှာ အားတော်ဆယ်မျိုး ရှိတယ်။ အဲဒီဆယ်မျိုးဆိုတာက–

(၁) ဖြစ်နိုင်သည်ကို ဖြစ်နိုင်သောအားဖြင့် မဖြစ်နိုင်သည်ကို မဖြစ်နိုင်သောအားဖြင့် အမှန်အတိုင်း သိတော်မူခြင်း

(၂) အတိတ်, အနာဂတ်, ပစ္စုပ္ပန်ကံတို့၏ အကျိုးတရားကို အမှန်အတိုင်း သိတော်မူခြင်း

(၃) ဂတိငါးပါး (ဘဝငါးမျိုး)သို့ ရောက်ကြောင်း အကျင့်၊ နိဗ္ဗာန်သို့ ရောက်ကြောင်းအကျင့်တို့ကို အမှန်အတိုင်း သိတော်မူခြင်း
(၄) များစွာသော ဓာတ်၊ အမျိုးမျိုးသော ဓာတ်တို့ကို အမှန်အတိုင်း သိတော်မူခြင်း
(၅) သတ္တဝါ (သက်ရှိပုဂ္ဂိုလ်)တို့၏ စိတ်ထား အမျိုးမျိုးကို အမှန်အတိုင်း သိတော်မူခြင်း
(၆) သူတပါးတို့၏ ဣန္ဒြေ (ပါရမီ) အနုအရင့်ကို အမှန်အတိုင်း သိတော်ခြင်း
(၇) ဈာန်, ဝိမောက္ခ, သမာဓိ, သမာပတ်တို့၏ ညစ်နွမ်းကြောင်း၊ ဖြူစင်ကြောင်း၊ ထမြောက်-ကြောင်းတို့ကို အမှန်အတိုင်း သိတော်မူခြင်း
(၈) ရှေး၌ နေဖူး (ဖြစ်ဖူးသော) ဘဝများစွာ၊ ကမ္ဘာများစွာတို့ကို အောက်မေ့ အမှတ်ရတော်မူနိုင်ခြင်း
(၉) စုတေကြ၊ ပဋိသန္ဓေနေကြသော သတ္တဝါ အမျိုးမျိုးကို ဒိဗ္ဗစက္ခု အဘိညာဉ်ဖြင့် မြင်တော်မူခြင်း
(၁၀) အာသဝေါ (အကုသိုလ်) ကုန်ကြောင်း အရဟတ္တဖိုလ်ကို ရတော်မူခြင်းတို့ ဖြစ်တယ်။

သာရိပုတ္တရာ... မြတ်စွာဘုရားဟာ အဲဒီအားတော်ဆယ်ပါးနှင့် ပြည့်စုံတော်မူသောကြောင့် အမြင့်မြတ်ဆုံးဟု ဝန်ခံတော်မူတယ်။ ပရိသတ်အလယ်မှာ ခြင်္သေ့ဟိန်းသံ ဟိန်းတော်မူတယ်။

ဓမ္မစကြာ ရတနာကို လည်စေတော်မူတယ်။ (ဓမ္မစကြာတရားကို ဟောပြတော် မူတယ်။)

၁၅၀။ သာရိပုတ္တရာ. . . မြတ်စွာဘုရားမှာ ဝေသာရဇ္ဇ (ရဲရင့်ကြောင်း) ဉာဏ်တော် လေးပါးရှိတော်မူတယ်။ လေးပါး ဆိုတာက-

(၁) တရားအားလုံးကို သင်ကိုယ်တိုင် အမှန်အတိုင်း သိ၏ဟု ဝန်ခံထားပေမယ့် ဒီတရားတွေကိုကား သင်မသိသေးဟု လောကမှာ တစ်စုံတစ်ယောက်သောသူက ယုတ္တိအထောက်အထားနှင့်တကွ ငါဘုရားကို အပြစ်တင်လိမ့်မယ်ဆိုတဲ့ အရိပ်အယောင်မျှကိုပင် ငါဘုရား မြင်တော်မမူ။ ဒို့ကြောင့် ငါဘုရားဟာ ဘေးကင်းရန်ကွာ ရဲရင့်စွာ သီတင်းသုံးနေတော်မူတယ်။

(၂) သင့်မှာ အာသဝေါများ ကုန်ပြီ - ဟု ဝန်ခံထားပေမယ့် သင့်မှာ အာသဝေါများ မကုန်သေးဟု လောကမှာ တစ်စုံတစ်ယောက်သောသူက ယုတ္တိအထောက်အထားနှင့်တကွ ငါဘုရားကို အပြစ်တင်လိမ့်မယ်ဆိုတဲ့ အရိပ်အယောင်မျှကိုပင် ငါဘုရား မြင်တော်မမူ။ ဒို့ကြောင့် ငါဘုရားဟာ ဘေးကင်းရန်ကွာ ရဲရင့်စွာ သီတင်းသုံးနေတော်မူတယ်။

(၃) ကျူးလွန်သူအတွက် ဈာန်မဂ်ဖိုလ်ရဲ့ အန္တရာယ်ဖြစ်စေနိုင်တဲ့အပြစ်တွေကို သင်ဟောထားပေမယ့် အဲဒီအပြစ်တွေကို ကျူးလွန်သူမှာ ဈာန်မဂ်ဖိုလ်ရဲ့ အန္တရာယ် မဖြစ်နိုင်ဟု လောကမှာ တစ်စုံတစ်ယောက်သောသူက ယုတ္တိအထောက်

အထားနှင့်တကွ ငါဘုရားကို အပြစ်တင်လိမ့်မယ်ဆိုတဲ့ အရိပ်အယောင်မျှကိုပင် ငါဘုရား မြင်တော်မမူ။ ဒါ့ကြောင့် ငါဘုရားဟာ ဘေးကင်းရန်ကွာ ရဲရင့်စွာ သီတင်းသုံး နေတော်မူတယ်။

(၄) လိုက်နာကျင့်သုံးသူကို ဝဋ္ဋဒုက္ခမှ လွတ်မြောက် စေနိုင်တဲ့ တရားတွေကို သင်ဟောထားပေမယ့် အဲဒီတရားတွေကို လိုက်နာကျင့်သုံးသူဟာ ဝဋ္ဋဒုက္ခမှ မလွတ်မြောက်နိုင်ဟု လောကမှာ တစ်စုံတစ်ယောက်သောသူက ယုတ္တိ အထောက်အထားနှင့်တကွ ငါဘုရားကို အပြစ်တင်လိမ့်မယ်ဆိုတဲ့ အရိပ်အယောက်မျှကိုပင် ငါဘုရား မြင်တော်မမူ။ ဒါ့ကြောင့် ငါဘုရားဟာ ဘေးကင်းရန်ကွာ ရဲရင့်စွာ သီတင်း သုံးနေတော်မူတယ်။

သာရိပုတ္တရာ. . .မြတ်စွာဘုရားဟာ အဲဒီဝေသာရဇ္ဇ ဉာဏ်တော် လေးပါးနှင့် ပြည့်စုံတော်မူသောကြောင့်လည်း အမြင့်မြတ်ဆုံးဟု ဝန်ခံတော်မူတယ်။ ပရိသတ်အလယ်မှာ ခြင်္သေ့ဟိန်းသံ ဟိန်းတော်မူတယ်။ ဓမ္မစကြာရတနာကို လည်စေတော်မူတယ်။

၁၅၁။ သာရိပုတ္တရာ. . . ပရိသတ်ဟာ ရှစ်မျိုးရှိတယ်။ ရှစ်မျိုးဆိုတာက - မင်းမျိုးပရိသတ်၊ ပုဏ္ဏားမျိုးပရိသတ်၊ သူကြွယ် ပရိသတ်၊ ရဟန်းပရိသတ်၊ စာတုမဟာရာဇ်နတ်ပရိသတ်၊ တာဝတိံသာနတ်ပရိသတ်၊ မာရ်နတ်ပရိသတ်နှင့် ဗြဟ္မာပရိသတ်တို့ ဖြစ်တယ်။

သာရိပုတ္တရာ. . . ဝေသာရဇ္ဇဉာဏ်တော်လေးပါးနှင့် ပြည့်စုံတော်မူတဲ့ မြတ်စွာဘုရားဟာ အဲဒီ ပရိသတ်ရှစ်မျိုးသို့ ကြွရောက်တော်မူတယ်။

သာရိပုတ္တရာ. . . ငါဘုရားဟာ ရာပေါင်းများစွာသော မင်မျိုးပရိသတ်ထဲသို့ ကြွရောက်တော်မူဖူးတယ်။ အဲဒီပရိသတ် အလယ်မှာ ထိုင်လည်း ထိုင်ဖူးတယ်၊ စကားလည်း ပြောဖူးတယ်၊ တရားလည်း ဆွေးနွေးဖူးတယ်။ သာရိပုတ္တရာ. . . အဲဒီ ပရိသတ် အလယ်မှာ ငါဘုရားအတွက် ကြောက်စရာ၊ ရွံ့စရာ အရိပ်အယောင် မျှကိုပင် မတွေ့မြင်ခဲ့။ ဒါ့ကြောင့် ငါဘုရားဟာ ဘေးရန်ကင်းကွာ ရဲရင့်စွာ သီတင်းသုံးနေတော်မူခဲ့တယ်။

သာရိပုတြာ. . . ကျန်တဲ့ ပရိသတ် ခုနစ်မျိုးသို့ ကြွရောက် တဲ့အခါမှာလည်း ထို့အတူပဲ ဘေးရန်ကင်းကွာ ရဲရင့်စွာ သီတင်းသုံးနေတော်မူခဲ့တယ်။

၁၅၂။ သာရိပုတ္တရာ. . . ယောနိ (သတ္တဝါတွေ) ဟာ လေးမျိုး ရှိတယ်။ လေးမျိုးဆိုတာက –

(၁) ဥထဲမှာဖြစ်တဲ့ သတ္တဝါ

(၂) သားအိမ်ထဲမှာ ဖြစ်တဲ့ သတ္တဝါ

(၃) အညှိထဲမှာဖြစ်တဲ့ သတ္တဝါနှင့်

(၄) ဖြစ်လျှင်ဖြစ်ချင်း ၁၅ - နှစ်အရွယ်ခန့် ကိုယ် ထင်ရှားဖြစ်တဲ့ သတ္တဝါတို့ ဖြစ်တယ်။

သာရိပုတ္တရာ. . . ဥထဲမှာဖြစ်တဲ့ သတ္တဝါဆိုတာ ဥခွံကို ခွဲထွက်ပြီး ဖြစ်ပေါ်လာတဲ့ သတ္တဝါ ဖြစ်တယ်။

သားအိမ်ထဲမှာဖြစ်တဲ့ သတ္တဝါဆိုတာ သားအိမ်ကို ခွဲထွက်ပြီး ဖြစ်ပေါ်လာတဲ့ သတ္တဝါ ဖြစ်တယ်။

အညှိထဲမှာဖြစ်တဲ့ သတ္တဝါဆိုတာ ငါးပုပ်၊ အသေကောင်ပုပ်၊ မုယောမုန့်ပုပ်၊ အညစ်အကြေး စွန့်ပစ်ရာ အရပ်၊ အညစ်အကြေး စီးဆင်းရာအရပ်တို့မှာ ဖြစ်ပေါ်လာတဲ့ သတ္တဝါ ဖြစ်တယ်။

ဖြစ်လျှင်ဖြစ်ချင်း ၁၅-နှစ်အရွယ်ခန့် ကိုယ်ထင်ရှား ဖြစ်တဲ့ သတ္တဝါဆိုတာ နတ်၊ ငရဲသား၊ အချို့သောလူနှင့် အချို့သော ဝိနိပါတိကအသုရာတို့ ဖြစ်တယ်။

၁၅၃။ သာရိပုတ္တရာ. . . လားရာဂတိ (ဘုံ) တွေဟာ ငါးမျိုး ရှိတယ်။ ငါးမျိုးဆိုတာက - ငရဲဘုံ၊ တိရစ္ဆာန်ဘုံ၊ ပြိတ္တာဘုံ၊ လူ့ဘုံနှင့် နတ်ဘုံတို့ ဖြစ်တယ်။

သာရိပုတ္တရာ. . . အဲဒီဂတိငါးမျိုးနှင့် ဂတိငါးမျိုးသို့ ရောက်ကြောင်း အကျင့်ကိုလည်း ငါဘုရား သိတော်မူတယ်။ နိဗ္ဗာန်နှင့် နိဗ္ဗာန်သို့ရောက်ကြောင်း အကျင့်ကိုလည်း ငါဘုရား သိတော်မူတယ်။

၁၅၄။ သာရိပုတ္တရာ. . . ဥပမာအားဖြင့် မီးကျီးတွင်းတစ်တွင်း ရှိတယ်ဆိုပါတော့။ အဲဒီ မီးကျီးတွင်းဟာ တစ်သူ (ငါးတောင်) မက နက်တယ်။ မီးတောက်မီးခိုးကင်းတဲ့ မီးကျီးခဲရဲရဲတွေနဲ့ ပြည့်နေတယ်။ နွေနေပူဒဏ်ကြီးကို အပြင်းအထန် ခံရပြီး ပင်ပန်းနွမ်းနယ်၊ ဆာလောင်မွတ်သိပ်လာတဲ့ လူတစ်ယောက်ဟာ အဲဒီ မီးကျီးတွင်းဆီသို့

ဦးတည်ပြီး တစ်ကြောင်းတည်းသော လမ်းဖြင့် လာနေတယ်။ အဲဒီလို လာနေတဲ့လူကို မျက်စိကောင်းတဲ့ လူတစ်ယောက်က တွေ့မြင်ပြီး "ဒီလူဟာ မီးကျီးတွင်းသို့ ရောက်မည့်လမ်းကို လျှောက်နေတယ်" လို့ ပြောတယ်။ သူပြောတဲ့အတိုင်း မကြာမီမှာ မီးကျီးတွင်းဆီသို့ ဦးတည် လျှောက်လာတဲ့သူ မီးကျီးတွင်းထဲမှာ ကျပြီး ဆင်းရဲဝေဒနာ ပြင်းစွာခံစားနေရတာကို တွေ့မြင်ရတယ်။ သာရိပုတ္တရာ. . . ထို့အတူပဲ သေလျှင် ငရဲကျကြောင်းလမ်းကို လျှောက်နေတဲ့ တချို့ပုဂ္ဂိုလ်ကို ငါဘုရား သိတော်မူတယ်။ ငါဘုရား သိတော်မူတဲ့အတိုင်း မကြာမီမှာ အဲဒီပုဂ္ဂိုလ်သေတော့ ငရဲမှာ ကျပြီး ဆင်းရဲဝေဒနာ ပြင်းစွာခံစားနေရတာကို ဒိဗ္ဗစက္ခုအဘိညာဉ်ဖြင့် ငါဘုရား တွေ့မြင်တော်မူတယ်။

သာရိပုတ္တရာ. . . ဥပမာအားဖြင့် မစင်တွင်းကြီးတစ်တွင်း ရှိတယ်ဆိုပါတော့။ အဲဒီမစင်တွင်းကြီးဟာ တစ်သူ (ငါးတောင်) မက နက်တယ်။ မစင်တွေနဲ့ ပြည့်နေတယ်။ နွေနေပူဒဏ်ကြီးကို အပြင်းအထန်ခံရပြီး ပင်ပန်းနွမ်းနယ်၊ ဆာလောင်မွတ်သိပ် လာတဲ့ လူတစ်ယောက်ဟာ အဲဒီမစင်တွင်းဆီသို့ ဦးတည်ပြီး တစ်ကြောင်းတည်းသော လမ်းဖြင့် လာနေတယ်။ အဲဒီလို လာနေတဲ့လူကို မျက်စိကောင်းတဲ့ လူတစ်ယောက်က တွေ့မြင်ပြီး "ဒီလူဟာ မစင်တွင်းသို့ ရောက်မည့်လမ်းကို လျှောက်နေတယ်"လို့ ပြောတယ်။ သူပြောတဲ့အတိုင်း မကြာမီမှာ မစင်တွင်းဆီသို့ ဦးတည်လျှောက်လာတဲ့သူ မစင်တွင်းထဲမှာ ကျပြီး ဆင်းရဲဝေဒနာ ပြင်းစွာခံစားနေရတာကို

တွေ့မြင်ရတယ်။ သာရိပုတ္တရာ. . . ထို့အတူပဲ သေလျှင်တိရစ္ဆာန်ဖြစ်ကြောင်းလမ်းကို လျှောက်နေတဲ့ တချို့ပုဂ္ဂိုလ်ကို ငါဘုရား သိတော်မူတယ်။ ငါဘုရား သိတော်မူတဲ့အတိုင်း မကြာမီမှာ အဲဒီပုဂ္ဂိုလ်သေတော့ တိရစ္ဆာန်ဖြစ်ပြီး ဆင်းရဲဝေဒနာ ပြင်းစွာခံစားနေရတာကို ဒိဗ္ဗစက္ခုအဘိညာဉ်ဖြင့် ငါဘုရား တွေ့မြင်တော်မူတယ်။

သာရိပုတ္တရာ. . . ဥပမာအားဖြင့် သစ်ပင်တစ်ပင်ရှိတယ်ဆိုပါတော့။ အဲဒီသစ်ပင်ဟာ မညီတဲ့မြေပေါ်မှာ ပေါက်နေ တယ်။ အရွက်အလက်က ခပ်ပါးပါးဖြစ်တယ်။ အရိပ်က ခပ်ကျဲကျဲဖြစ်တယ်။ နွေနေပူဒဏ်ကြီးကို အပြင်းအထန်ခံရပြီး ပင်ပန်းနွမ်းနယ်၊ ဆာလောင်၊ မွတ်သိပ်လာတဲ့ လူတစ်ယောက်ဟာ အဲဒီသစ်ပင်ဆီသို့ ဦးတည်ပြီး တစ်ကြောင်းတည်းသော လမ်းဖြင့် လာနေတယ်။ အဲဒီလို လာနေတဲ့လူကို မျက်စိကောင်းတဲ့ လူတစ်ယောက်က တွေ့မြင်ပြီး "ဒီလူဟာ ဒီသစ်ပင်သို့ ရောက်မည့်လမ်းကို လျှောက်နေတယ်" လို့ ပြောတယ်။ သူပြောတဲ့အတိုင်း မကြာမီမှာ သစ်ပင်သို့ ဦးတည်လျှောက်လာတဲ့လူ အဲဒီ သစ်ပင်ရိပ်မှာ ထိုင်လိုက် အိပ်လိုက်နဲ့ ဆင်းရဲများတဲ့ ဝေဒနာ ခံစားနေရတာကို တွေ့မြင်ရတယ်။ သာရိပုတ္တရာ. . . ထို့အတူပဲ သေလျှင် ပြိတ္တာဖြစ်ကြောင်းလမ်းကို လျှောက်နေတဲ့ တချို့ပုဂ္ဂိုလ်ကို ငါဘုရား သိတော်မူတယ်။ ငါဘုရား သိတော်မူတဲ့အတိုင်း မကြာမီမှာ အဲဒီပုဂ္ဂိုလ်သေတော့ ပြိတ္တာဖြစ်ပြီး ဆင်းရဲများတဲ့ ဝေဒနာ

ခံစားနေရတာကို ဒိဗ္ဗစက္ခုအဘိညာဉ်ဖြင့် ငါဘုရား တွေ့မြင့်တော်မူတယ်။

သာရိပုတ္တရာ . . . ဥပမာအားဖြင့် သစ်ပင်တစ်ပင် ရှိတယ်ဆိုပါတော့။ အဲဒီသစ်ပင်ဟာ ညီတဲ့ မြေပြင်မှာ ပေါက်နေတယ်။ အရွက်အလက်ကလည်း ထူထူပိန်းပိန်း အုတ်အုတ်သဲသဲ ရှိတယ်။ အရိပ်ကလည်း အလွန်အေးမြတယ်။ နွေနေပူဒဏ်ကြီးကို အပြင်းအထန်ခံရပြီး ပင်ပန်းနွမ်းနယ်၊ ဆာလောင်၊ မွတ်သိပ်လာတဲ့ လူတစ်ယောက်ဟာ အဲဒီသစ်ပင်ဆီသို့ ဦးတည်ပြီး တစ်ကြောင်း-တည်းသောလမ်းဖြင့် လာနေတယ်။ အဲဒီလို လာနေတဲ့လူကို မျက်စိကောင်းတဲ့ လူတစ်ယောက်က တွေ့မြင်ပြီး "ဒီလူဟာ ဒီသစ်ပင်သို့ ရောက်မည့်လမ်းကို လျှောက်နေတယ်"လို့ ပြောတယ်။ သူပြောတဲ့အတိုင်း မကြာမီမှာ သစ်ပင်သို့ ဦးတည်လျှောက်လာတဲ့လူ အဲဒီ သစ်ပင်ရိပ်မှာ ထိုင်လိုက် အိပ်လိုက်နဲ့ ချမ်းသာများတဲ့ ဝေဒနာ ခံစားနေရတာကို တွေ့မြင်ရတယ်။ သာရိပုတ္တရာ . . . ထို့အတူပဲ သေလျှင် လူဖြစ်ကြောင်းလမ်းကို လျှောက်နေတဲ့ တချို့ ပုဂ္ဂိုလ်ကို ငါဘုရား သိတော်မူတယ်။ ငါဘုရား သိတော်မူတဲ့အတိုင်း မကြာမီမှာ အဲဒီပုဂ္ဂိုလ်သေတော့ လူဖြစ်ပြီး ချမ်းသာများတဲ့ ဝေဒနာ ခံစားနေရတာကို ဒိဗ္ဗစက္ခု အဘိညာဉ်ဖြင့် ငါဘုရား တွေ့မြင်တော်မူတယ်။

သာရိပုတ္တရာ . . . ဥပမာအားဖြင့် အိမ်ကြီးတစ်ဆောင် ရှိတယ်ဆိုပါတော့။ အဲဒီအိမ်ကြီးရဲ့ အတွင်းမှာ (ခေါင်ပါတဲ့

အိမ်ကလေးကဲ့သို့) သီးသန့်ခန်းမဆောင် တစ်ဆောင် ပါရှိတယ်။ အဲဒီခန်းမဆောင်ကို အတွင်းအပြင် ဆေးသုတ်ထားတယ်၊ လေမတိုးနိုင်အောင် တံခါးရွက်တံခါးပေါင်များက စေ့နေတယ်။ ပိတ်လို့ကောင်းတဲ့ ပြတင်းပေါက်များကို တပ်ဆင်ထားတယ်။ အဲဒီခန်းမဆောင်ရဲ့ အတွင်းမှာ ပလ္လင် ခင်းထားတယ်။ အဲဒီ ပလ္လင်ပေါ်မှာ မွေးရှည်ကော်ဇောကြီးကိုလည်း ခင်းထားတယ်၊ ဆန်းကြယ်တဲ့ သားမွေးအခင်းကိုလည်း ခင်းထားတယ်၊ ပန်းပြောက်ခြယ်ထားတဲ့ သားမွေးအခင်းကိုလည်း ခင်းထားတယ်၊ ကောင်းမွန်တဲ့ ဝံပိုင်ရေအခင်းကိုလည်း ခင်းထားတယ်၊ အထက်မှာ မျက်နှာကြက်ကိုလည်း တပ်ဆင်ထားတယ်၊ နီမြန်းတဲ့ ခြေအုံး ခေါင်းအုံးတို့ကိုလည်း စီစဉ်ထားတယ်။ နွေနေပူဒဏ်ကြီးကို အပြင်းအထန်ခံရပြီး ပင်ပန်းနွမ်းနယ်၊ ဆာလောင်၊ မွတ်သိပ်လာတဲ့ လူတစ်ယောက်က အဲဒီ အိမ်ကြီးဆီသို့ ဦးတည်ပြီး တစ်ကြောင်း တည်းသော လမ်းဖြင့် လာနေတယ်။ အဲဒီလို လာနေတဲ့လူကို မျက်စိကောင်းတဲ့ လူတစ်ယောက်က တွေ့မြင်ပြီး "ဒီလူဟာ ဒီအိမ်ကြီးဆီသို့ရောက်မည့်လမ်းကို လျှောက်နေတယ်" လို့ပြောတယ်။ သူပြောတဲ့အတိုင်း မကြာမီမှာ အိမ်ကြီးဆီသို့ ဦးတည်လျှောက် လာတဲ့လူ အဲဒီအိမ်ကြီးထဲက ခန်းမဆောင်ထဲမှာ ပလ္လင်ပေါ်တက်ပြီး ထိုင်လိုက် အိပ်လိုက်နဲ့ တကယ်ချမ်းသာတဲ့ ဝေဒနာ ခံစားနေရတာကို တွေ့မြင်ရတယ်။

သာရိပုတ္တရာ. . . ထို့အတူပဲ သေလျှင် နတ်ပြည်ရောက် ကြောင်းလမ်းကို လျှောက်နေတဲ့ တချို့ပုဂ္ဂိုလ်ကို ငါဘုရား

သိတော်မူတယ်။ ငါဘုရား သိတော်မူတဲ့အတိုင်း မကြာမီမှာ အဲဒီပုဂ္ဂိုလ်သေတော့ နတ်ပြည်သို့ ရောက်ပြီး တကယ်ချမ်းသာတဲ့ ဝေဒနာ ခံစားနေရတာကို ဒိဗ္ဗစက္ခုအဘိညာဉ်ဖြင့် ငါဘုရား တွေ့မြင်တော်မူတယ်။

သာရိပုတ္တရာ. . . ဥပမာအားဖြင့် ရေကန်ကြီးတစ်ကန် ရှိတယ်ဆိုပါတော့။ အဲဒီရေကန်ကြီးထဲမှာ ကြည်လင်ဖြူဖွေး ချိုအေးတဲ့ ရေတွေ ရှိတယ်၊ ဆိပ်ကမ်းကောင်းကောင်းလည်း ရှိတယ်၊ မွေ့လျော်ဖွယ်လည်း ကောင်းတယ်။ အဲဒီ ရေကန်ကြီးရဲ့အနီးမှာ အုံ့ဆိုင်း ညို့မှိုင်းနေတဲ့ ကြီးမားတဲ့ တောအုပ်ကြီး တစ်ခုလည်း ရှိတယ်။ နွေနေပူဒဏ်ကြီးကို အပြင်းအထန် ခံရပြီး ပင်ပန်းနွမ်းနယ်၊ ဆာလောင်၊ မွတ်သိပ်လာတဲ့ လူတစ်ယောက်ဟာ အဲဒီ ရေကန်ကြီး ဆီသို့ ဦးတည်ပြီး တစ်ကြောင်းတည်းသော လမ်းဖြင့် လာနေတယ်။ အဲဒီလို လာနေတဲ့လူကို မျက်စိကောင်းတဲ့ လူတစ်ယောက်က တွေ့မြင်ပြီး "ဒီလူဟာ ဒီရေကန်ကြီးသို့ ရောက်မည့် လမ်းကို လျှောက်နေတယ်" လို့ ပြောတယ်။ သူပြောတဲ့အတိုင်း မကြာမီမှာ ရေကန်ကြီးဆီသို့ ဦးတည် လျှောက်လာတဲ့လူ အဲဒီ ရေကန်ထဲသို့ ဆင်းပြီး ရေချိုး ရေသောက်လျက် ပူလောင်ခြင်း၊ ပင်ပန်းခြင်း၊ အိုက်စပ်ခြင်း အားလုံးကို ဖြေဖျောက်၍ ပြန်တက်လာကာ အဲဒီတောအုပ်ကြီးထဲမှာ ထိုင်လိုက်အိပ်လိုက်နဲ့ တကယ်ချမ်းသာတဲ့ ဝေဒနာ ခံစားနေရတာကို တွေ့မြင်ရတယ်။ သာရိပုတ္တရာ. . . ထို့အတူပဲ

ဒီဘဝမှာပဲ ရဟန္တာ ဖြစ်ကြောင်းလမ်းကို လျှောက်နေတဲ့ တချို့ပုဂ္ဂိုလ်ကို ငါဘုရား သိတော်မူတယ်။ ငါဘုရား သိတော်မူတဲ့အတိုင်း ဒီဘဝမှာပဲ မကြာမီမှာ အဲဒီပုဂ္ဂိုလ် ရဟန္တာဖြစ်ပြီး တကယ်ချမ်းသာတဲ့ အချမ်းသာဆုံး ဝေဒနာ ခံစားနေရတာကို တွေ့မြင်တော်မူတယ်။

သာရိပုတ္တရာ. . . အခုပြောပြခဲ့တာဟာ ဂတိငါးမျိုး ဖြစ်တယ်။

သာရိပုတ္တရာ. . . အခုဟောပြခဲ့တဲ့ အားတော်ဆယ်ပါး၊ ဝေသာရဇ္ဇဉာဏ်တော်လေးပါး၊ ပရိသတ်ရှစ်မျိုး၊ ယောနိ လေးမျိုး၊ ဂတိငါးမျိုးကို သိတော်မူ၊ မြင်တော်မူတဲ့ ငါဘုရားကို "ရဟန်းဂေါတမမှာ တရားထူးမရှိ၊ သူ့မှာရှိတဲ့ တရားများဟာ သာမန်လူတို့မှာရှိတဲ့ ကုသလကမ္မပထတရား ဆယ်ပါးထက် မသာလွန်။ ရဟန်းဂေါတမ ဟောပြတဲ့ တရားများဟာ ကြံစည် ယူဆထားတဲ့ တရားများသာ ဖြစ်တယ်။ စူးစမ်းလေ့လာထားတဲ့ တရားများသာ ဖြစ်တယ်၊ အလိုလိုပေါ်လာ ထင်မြင်လာတဲ့ တရားများသာ ဖြစ်တယ်"လို့ စွပ်စွဲပြောဆိုသူဟာ အဲဒီစကား၊ အဲဒီစိတ်ထား၊ အဲဒီအယူကို မစွန့်လျှင် ငရဲမှာ ပစ်ချခံရသလို မချွတ်မလွဲ ကျလိမ့်မယ်။ ဥပမာအားဖြင့် လောကုတ္တရာ သီလ, သမာဓိ, ပညာနှင့် ပြည့်စုံတဲ့ရဟန်းဟာ မျက်မှောက်ဘဝမှာပဲ အရဟတ္တဖိုလ်ကို မချွတ်မလွဲ ရသကဲ့သို့ ဖြစ်တယ်။ (ငရဲကျမှာ မချွတ်မလွဲသေချာပုံကို ဥပမာ ပြတော်မူခြင်း ဖြစ်တယ်။)

၁၅၅။ အဲဒီနောက် မြတ်စွာဘုရားက ဒုက္ကရစရိယာ (အကျင့်ကြမ်း) အလွန်ပြင်းထန်စွာ ကျင့်တော်မူခဲ့ပုံကို ကြားနာရသူတို့ ကြက်သီးမွေးညင်းထလောက်အောင် ဟောပြတော်မူခဲ့ပါတယ်။ အဲဒီလိုကျင့်ခြင်းကြောင့် တရားထူး မရခဲ့ပုံကို ဟောပြတော်မူပြီး အခုလို ဆက်လက် ဟောပြတော်မူခဲ့ပါတယ်။

၁၆၁။ သာရိပုတ္တရာ. . .“ဒီပုဂ္ဂိုလ်ဟာ ငယ်ရွယ်နုပျိုစဉ်မှာသာ ပညာဉာဏ် အလွန်ထက်မြက် လျှင်မြန်မှုနှင့် ပြည့်စုံနိုင်တယ်။ ကြီးရင့်ယိုယွင်း အိုမင်းတဲ့ အခါကျလျှင် အဲဒီဉာဏ်ပညာ ထက်မြက်လျှင်မြန်မှုဟာ ဆုတ်ယုတ်သွားမှာပဲ”လို့ ပြောဆိုကြတဲ့ ပရိဗိုဇ်-ပုဏ္ဏားများ ရှိကြတယ်။ သာရိပုတ္တရာ. . . အဲဒီလို မမှတ်နှင့်။ သာရိပုတ္တရာ. . . ငါဘုရားဟာ ကြီးရင့်ယိုယွင်း အိုမင်းတော်မူလှပြီ၊ သက်တော်ရှစ်ဆယ် ရှိနေပြီ။ သာရိပုတ္တရာ. . . ဥပမာအားဖြင့် ကျွမ်းကျင်တဲ့ လေးသမားရဲ့ ကန့်လန့်ဖြတ် ထန်းပင်ရိပ်ကို ဖြတ်ပစ်လိုက်တဲ့ မြားရဲ့ အလွန်လျှင်မြန်တဲ့ အရှိန်အဟုန်ကဲ့သို့ အလွန်လျှင်မြန်ထက်မြက်တဲ့ ဉာဏ်ပညာနှင့် ပြည့်စုံကြတဲ့ တပည့်လေးယောက် ငါဘုရားမှာ ရှိတယ်ဆိုပါတော့။ သူတို့က သူတို့ရဲ့ စားရာအခါ၊ သောက်ရာအခါ၊ ခဲရာအခါ၊ လျက်ရာအခါ၊ ကျင်ကြီးကျင်ငယ် စွန့်ရာအခါ၊ အိပ်ရာအခါ၊ အပန်းဖြေရာ အခါတို့မှတပါး ငါဘုရားအား သတိပဋ္ဌာန်တရား လေးပါးအကြောင်းကို ထောက်၍ ထောက်၍ ပြဿနာ မေးကြတယ်။ ငါဘုရားဖြေကြားတော်မူတဲ့အတိုင်း သူတို့က မှတ်သားကြတယ်။ ငါဘုရားအား နှစ်ကြိမ်

သဘောကို အဖန်ဖန် ရှုမှတ်ပြီး နေတယ်။ ရံခါ မိမိသန္တာန်က တရားသဘောကိုရော သူတစ်ပါးသန္တာန်က တရားသဘောကိုပါ အဖန်ဖန် ရှုမှတ်ပြီး နေတယ်။

ရံခါ တရားသဘောရဲ့ ဖြစ်ခြင်းသဘောကို အဖန်ဖန် ရှုမှတ်ပြီး နေတယ်။

ရံခါ တရားသဘောရဲ့ ပျက်ခြင်းသဘောကို အဖန်ဖန် ရှုမှတ်ပြီး နေတယ်။

ရံခါ တရားသဘောရဲ့ ဖြစ်ခြင်း, ပျက်ခြင်းသဘောကို အဖန်ဖန် ရှုမှတ်ပြီး နေတယ်။

"တရားသဘောတို့သာ ရှိကြပါတကား" ဆိုတဲ့သတိ အဲဒီရဟန်းမှာ စွဲကပ်တည်လာတယ်။ အဲဒီ သတိဟာ အသိဉာဏ်နှင့် ထပ်ဆင့်သတိတရား တိုးပွားကြောင်း ဖြစ်တယ်။ သူဟာ ခင်တွယ်မှုကင်းမဲ့စွာ နေထိုင်တယ်။ လောကမှာ ဘာကိုမျှ မစွဲလမ်းတော့။

ရဟန်းတို့ . . ဒါဟာ ကိုယ်တွင်းကိုယ်ပ အာယတန ခြောက်ပါးထဲက တစ်ပါးပါးကို အဖန်ဖန် ရှုမှတ်ပြီး နေပုံ ဖြစ်တယ်။

**ဗောဇ္ဈင်အပိုင်း**

၁၁၈။ ရဟန်းတို့ . . နောက်တစ်မျိုးကတော့ - ရဟန်းဟာ ဗောဇ္ဈင် ခုနစ်ပါးထဲက တစ်ပါးပါးကို အဖန်ဖန် ရှုမှတ်ပြီးနေတယ်။

ရဟန်းတို့ . . . ဒါဟာ ခန္ဓာငါးပါးထဲက တစ်ပါးပါးကို အဖန်ဖန် ရှုမှတ်ပြီး နေပုံ ဖြစ်တယ်။

**အာယတနအပိုင်း**

၁၁၇။ ရဟန်းတို့ . . . နောက်တစ်မျိုးကတော့ - ရဟန်းဟာ ကိုယ်တွင်းကိုယ်ပ အာယတန ခြောက်ပါးထဲက တစ်ပါးပါးကို အဖန်ဖန် ရှုမှတ်ပြီး နေတယ်။ ဘယ်လို နေသလဲဆိုတော့–

မျက်စိကိုလည်း သိတယ်။ အဆင်းကိုလည်း သိတယ်။ အဲဒီ မျက်စိနှင့် အဆင်းကို အစွဲပြုပြီး ဖြစ်ပေါ်လာတဲ့ သံယောဇဉ်ကိုလည်း သိတယ်။ မဖြစ်သေးတဲ့ သံယောဇဉ်ရဲ့ ဖြစ်ပေါ်ကြောင်းကိုလည်း သိတယ်။ ဖြစ်ပြီးတဲ့ သံယောဇဉ်ရဲ့ ကင်းပျောက်ကြောင်းကိုလည်း သိတယ်။ ကင်းပြီးတဲ့ သံယောဇဉ်ရဲ့ နောက်ထပ်မဖြစ်တော့ကြောင်း ကိုလည်း သိတယ်။ ထို့အတူပဲ နား နှင့် အသံ

နှာခေါင်း နှင့် အနံ့

လျှာ နှင့် အရသာ

ကိုယ် နှင့် အတွေ့အထိ

စိတ် နှင့် သိစရာသဘော-

စသည်တို့ကိုလည်း သိတယ်။

အဲဒီနည်းအတိုင်း ရံခါ မိမိသန္တာန်က တရားသဘောကို အဖန်ဖန် ရှုမှတ်ပြီး နေတယ်။ ရံခါ သူတစ်ပါးသန္တာန်က တရား

ဒါဟာ သညာရဲ့၊ ဒါဟာ သညာရဲ့ ဖြစ်ခြင်းပဲ၊ ဒါဟာ သညာရဲ့ ပျက်ခြင်းပဲ။

ဒါဟာ ဝိညာဏ်ပဲ၊ ဒါဟာ ဝိညာဏ်ရဲ့ ဖြစ်ခြင်းပဲ၊ ဒါဟာ ဝိညာဏ်ရဲ့ ပျက်ခြင်းပဲ - လို့ အဖန်ဖန် ရှုမှတ်ပြီး နေတယ်။

အဲဒီနည်းအတိုင်း ရုံခါ မိမိသန္တာန်က တရားသဘောကို အဖန်ဖန် ရှုမှတ်ပြီး နေတယ်။ ရုံခါ သူတစ်ပါးသန္တာန်က တရားသဘောကို အဖန်ဖန် ရှုမှတ်ပြီး နေတယ်။ ရုံခါ မိမိသန္တာန်က တရားသဘောကိုရော သူတစ်ပါးသန္တာန်က တရားသဘောကိုပါ အဖန်ဖန် ရှုမှတ်ပြီး နေတယ်။

ရုံခါ တရားသဘောရဲ့ ဖြစ်ခြင်းသဘောကို အဖန်ဖန် ရှုမှတ်ပြီး နေတယ်။

ရုံခါ တရားသဘောရဲ့ ပျက်ခြင်းသဘောကို အဖန်ဖန် ရှုမှတ်ပြီး နေတယ်။

ရုံခါ တရားသဘောရဲ့ ဖြစ်ခြင်း, ပျက်ခြင်းသဘောကို အဖန်ဖန် ရှုမှတ်ပြီး နေတယ်။

"တရားသဘောတို့သာ ရှိကြပါတကား" ဆိုတဲ့သတိ အဲဒီ ရဟန်းမှာ စွဲကပ်တည်လာတယ်။ အဲဒီ သတိဟာ အသိဉာဏ်နှင့် ထပ်ဆင့်သတိတရား တိုးပွားကြောင်း ဖြစ်တယ်။ သူဟာ ခင်တွယ်မှု ကင်းမဲ့စွာ နေထိုင်တယ်။ လောကမှာ ဘာကိုမျှ မစွဲလမ်းတော့။

ရုံခါ တရားသဘောရဲ့ ဖြစ်ခြင်း, ပျက်ခြင်း သဘောကို အဖန်ဖန် ရှုမှတ်ပြီး နေတယ်။

"တရားသဘောတို့သာ ရှိကြပါတကား" ဆိုတဲ့သတိ အဲဒီရဟန်းမှာ စွဲကပ်တည်လာတယ်။ အဲဒီ သတိဟာ အသိဉာဏ်နှင့် ထပ်ဆင့်သတိတရား တိုးပွားကြောင်း ဖြစ်တယ်။ သူဟာ ခင်တွယ်မှုကင်းမဲ့စွာ နေထိုင်တယ်။ လောကမှာ ဘာကိုမျှ မစွဲလမ်းတော့။

ရဟန်းတို့. . . ဒါဟာ နီဝရဏငါးပါးထဲက နီဝရဏ တစ်ပါးပါးကို အဖန်ဖန် ရှုမှတ်ပြီး နေပုံ ဖြစ်တယ်။

## ခန္ဓာအပိုင်း

၁၁၆။ ရဟန်းတို့. . . နောက်တစ်မျိုးကတော့ - ရဟန်းဟာ ခန္ဓာငါးပါးထဲက တစ်ပါးပါးကို အဖန်ဖန် ရှုမှတ်ပြီးနေတယ်။ ဘယ်လိုနေသလဲ ဆိုတော့ —

ဒါဟာ ရုပ်ပဲ၊ ဒါဟာ ရုပ်ရဲ့ဖြစ်ခြင်းပဲ၊ ဒါဟာ ရုပ်ရဲ့ ပျက်ခြင်းပဲ။

ဒါဟာ ဝေဒနာပဲ၊ ဒါဟာ ဝေဒနာရဲ့ဖြစ်ခြင်းပဲ၊ ဒါဟာ ဝေဒနာရဲ့ ပျက်ခြင်းပဲ။

ဒါဟာ သညာပဲ၊ ဒါဟာ သညာရဲ့ ဖြစ်ခြင်းပဲ၊ ဒါဟာ သညာရဲ့ ပျက်ခြင်းပဲ။

မိမိသန္တာန်မှာ ကာမစ္ဆန္ဒ (လောဘ) ထင်ရှားမရှိတာကို "ငါ့သန္တာန်မှာ ကာမစ္ဆန္ဒ (လောဘ) ထင်ရှားမရှိပါတကား" လို့ သိတယ်။

မဖြစ်သေးတဲ့ ကာမစ္ဆန္ဒရဲ့ ဖြစ်ပေါ်ကြောင်းကိုလည်း သိတယ်။

ဖြစ်ပြီးတဲ့ ကာမစ္ဆန္ဒရဲ့ ကင်းပြတ်ကြောင်းကိုလည်း သိတယ်။

ကင်းပြီးတဲ့ ကာမစ္ဆန္ဒရဲ့ နောက်ထပ် မဖြစ်တော့ကြောင်းကိုလည်း သိတယ်။

ဗျာပါဒ၊ ထိနမိဒ္ဓ၊ ဥဒ္ဓစ္စ ကုက္ကုစ္စ၊ ဝိစိကိစ္ဆာတို့ကိုလည်း ထို့အတူပဲ သိတယ်။

အဲဒီနည်းအတိုင်း ရံခါ မိမိသန္တာန်က တရားသဘောကို **အဖန်**ဖန် ရှုမှတ်ပြီး နေတယ်။ ရံခါ သူတစ်ပါးသန္တာန်က **တရား**သဘောကို အဖန်ဖန် ရှုမှတ်ပြီး နေတယ်။ ရံခါ မိမိ သန္တာန်က တရားသဘောကိုရော သူတစ်ပါးသန္တာန်က တရား သဘောကိုပါ အဖန်ဖန် ရှုမှတ်ပြီး နေတယ်။

ရံခါ တရားသဘောရဲ့ ဖြစ်ခြင်းသဘောကို အဖန်ဖန် ရှုမှတ်ပြီး နေတယ်။

ရံခါ တရားသဘောရဲ့ ပျက်ခြင်းသဘောကို အဖန်ဖန် ရှုမှတ်ပြီး နေတယ်။

ရုံခါ စိတ်ရဲ့ ပျက်ခြင်းသဘောကို အဖန်ဖန် ရှုမှတ်ပြီး နေတယ်။

ရုံခါ စိတ်ရဲ့ ဖြစ်ခြင်း, ပျက်ခြင်းသဘောကို အဖန်ဖန် ရှုမှတ်ပြီး နေတယ်။

"စိတ်သႏ္တာန် ရှိပါတကား" ဆိုတဲ့ သတိ အဲဒီရဟန်းမှာ စွဲကပ်တည်လာတယ်။ အဲဒီအသိဟာ အသိဉာဏ်နှင့် ထပ်ဆင့် သတိတရား တိုးပွားကြောင်း ဖြစ်တယ်။ သူဟာခင်တွယ်မှု ကင်းစွာ နေထိုင်တယ်။ လောကမှာ ဘာကိုမျှ မစွဲလမ်းတော့။

ရဟန်းတို့ . . ဒါဟာ စိတ်ထဲက စိတ်တစ်ပါးကို အဖန်ဖန် ရှုမှတ်ပြီး နေပုံ ဖြစ်ပါတယ်။

## ဓမ္မာနုပဿနာသတိပဋ္ဌာန်အကျယ်
## နီဝရဏအပိုင်း

၁၁၅။ ရဟန်းတို့ . . ရဟန်းတစ်ပါးဟာ တရားထဲက တရား တစ်ပါးကို ဘယ်လို အဖန်ဖန် ရှုမှတ်ပြီး နေသလဲဆိုတော့- နီဝရဏငါးပါးထဲက နီဝရဏတစ်ပါးပါးကို အဖန်ဖန် ရှုမှတ်ပြီး နေတယ်။ ဘယ်လိုနေသလဲဆိုတော့ - မိမိသန္တာန်မှာ ကာမစ္ဆန္ဒ (လောဘ) ထင်ရှားရှိနေတာကို "ငါ့သန္တာန်မှာ ကာမစ္ဆန္ဒ (လောဘ) ထင်ရှားရှိပါတကား"လို့ သိတယ်။

ကျုံ့တဲ့ (ထိုင်းမှိုင်းတဲ့) စိတ်ကို ကျုံ့တဲ့ (ထိုင်းမှိုင်းတဲ့) စိတ်လို့ သိတယ်။

ပျံ့လွင့်တဲ့စိတ်ကို ပျံ့လွင့်တဲ့စိတ်လို့ သိတယ်။

မဟဂ္ဂုတ်စိတ်ကို မဟဂ္ဂုတ်စိတ်လို့ သိတယ်။

မဟဂ္ဂုတ်စိတ်မှ တစ်ပါးသောစိတ်ကို မဟဂ္ဂုတ်စိတ်မှ တစ်ပါးသောစိတ်လို့ သိတယ်။

လောကီစိတ်ကို လောကီစိတ်လို့ သိတယ်။

လောကုတ္တရာစိတ်ကို လောကုတ္တရာစိတ်လို့ သိတယ်။

တည်ကြည်တဲ့စိတ်ကို တည်ကြည်တဲ့စိတ်လို့ သိတယ်။

မတည်ကြည်တဲ့စိတ်ကို မတည်ကြည်တဲ့စိတ်လို့ သိတယ်။

လွတ်မြောက်တဲ့စိတ်ကို လွတ်မြောက်တဲ့စိတ်လို့ သိတယ်။

မလွတ်မြောက်သေးတဲ့စိတ်ကို မလွတ်မြောက်သေးတဲ့ စိတ်လို့ သိတယ်။

အဲဒီနည်းအတိုင်း ရံခါ မိမိရဲ့စိတ်ကို အဖန်ဖန် ရှုမှတ်ပြီး နေတယ်။

ရံခါ သူတစ်ပါးရဲ့စိတ်ကို အဖန်ဖန် ရှုမှတ်ပြီး နေတယ်။

ရံခါ မိမိရဲ့စိတ်ကိုရော သူတစ်ပါးရဲ့စိတ်ကိုပါ အဖန်ဖန် ရှုမှတ်ပြီး နေတယ်။

ရံခါ စိတ်ရဲ့ ဖြစ်ခြင်းသဘောကို အဖန်ဖန် ရှုမှတ်ပြီး နေတယ်။

ရုံခါ ဝေဒနာရဲ့ ပျက်ခြင်းသဘောကို အဖန်ဖန် ရှုမှတ်ပြီး နေတယ်။

ရုံခါ ဝေဒနာရဲ့ဖြစ်ခြင်း, ပျက်ခြင်း သဘောကို အဖန်ဖန် ရှုမှတ်ပြီးနေတယ်။

"ဝေဒနာသာ ရှိပါတကား" ဆိုတဲ့ သတိ အဲဒီ ရဟန်းမှာ စွဲကပ်တည်လာတယ်။ အဲဒီသတိဟာ အသိဉာဏ်နှင့် ထပ်ဆင့် သတိတရား တိုးပွားကြောင်း ဖြစ်တယ်။ သူဟာ ခင်တွယ်မှု ကင်းစွာ နေထိုင်တယ်။ လောကမှာ ဘာကိုမျှ မစွဲလမ်းတော့။

ရဟန်းတို့. . . ဒါဟာ ဝေဒနာထဲက ဝေဒနာတစ်ပါးကို အဖန်ဖန် ရှုမှတ်ပြီး နေပုံ ဖြစ်တယ်။

## စိတ္တာနုပဿနာသတိပဋ္ဌာန် အကျယ်

၁၁၄။ ရဟန်းတို့. . . ရဟန်းတစ်ပါးဟာ စိတ်ထဲက စိတ်တစ်ပါးကို ဘယ်လို အဖန်ဖန်ရှုမှတ်ပြီး နေသလဲဆိုတော့ လောဘပါတဲ့ စိတ်ကို လောဘပါတဲ့စိတ်လို့ သိတယ်။

လောဘကင်းတဲ့စိတ်ကို လောဘကင်းတဲ့ စိတ်လို့ သိတယ်။

ဒေါသပါတဲ့စိတ်ကို ဒေါသပါတဲ့စိတ်လို့ သိတယ်။

ဒေါသကင်းတဲ့စိတ်ကို ဒေါသကင်းတဲ့စိတ်လို့ သိတယ်။

မောဟပါတဲ့စိတ်ကို မောဟပါတဲ့စိတ်လို့ သိတယ်။

မောဟကင်းတဲ့ စိတ်ကို မောဟကင်းတဲ့စိတ်လို့ သိတယ်။

ငါးပါးအာရုံ ကာမဂုဏ်နှင့် စပ်ယှဉ်တဲ့ ဆင်းရဲဝေဒနာကို ခံစားလျှင် ငါးပါးအာရုံ ကာမဂုဏ်နှင့် စပ်ယှဉ်တဲ့ ဆင်းရဲ ဝေဒနာကို ခံစားတယ် - လို့ သိတယ်။

ငါပါးအာရုံကာမဂုဏ်နှင့် မစပ်ယှဉ်တဲ့ ဆင်းရဲဝေဒနာကို ခံစားလျှင် ငါးပါးအာရုံ ကာမဂုဏ်နှင့် မစပ်ယှဉ်တဲ့ ဆင်းရဲ ဝေဒနာကို ခံစားတယ် - လို့ သိတယ်။

ငါးပါးအာရုံကာမဂုဏ်နှင့် စပ်ယှဉ်တဲ့ မဆင်းရဲမချမ်းသာ ဝေဒနာကို ခံစားလျှင် ငါးပါးအာရုံကာမဂုဏ်နှင့် စပ်ယှဉ်တဲ့ မဆင်းရဲမချမ်းသာ ဝေဒနာကို ခံစားတယ် - လို့ သိတယ်။

ငါးပါးအာရုံကာမဂုဏ်နှင့် မစပ်ယှဉ်တဲ့ မဆင်းရဲ မချမ်းသာ ဝေဒနာကို ခံစားလျှင် ငါးပါးအာရုံကာမဂုဏ်နှင့် မစပ်ယှဉ်တဲ့ မဆင်းရဲမချမ်းသာ ဝေဒနာကို ခံစားတယ် - လို့ သိတယ်။

အဲဒီနည်းအတိုင်း ရံခါ မိမိသန္တာန်က ဝေဒနာ တစ်ပါးကို အဖန်ဖန်ရှုမှတ်ပြီး နေတယ်။

ရံခါ သူတစ်ပါးသန္တာန်က ဝေဒနာတစ်ပါးကို အဖန်ဖန် ရှုမှတ်ပြီးနေတယ်။

ရံခါ မိမိသန္တာန်က ဝေဒနာကိုရော သူတစ်ပါးသန္တာန်က ဝေဒနာကိုပါ အဖန်ဖန် ရှုမှတ်ပြီး နေတယ်။

ရံခါ ဝေဒနာရဲ့ ဖြစ်ခြင်းသဘောကို အဖန်ဖန် ရှုမှတ်ပြီး နေတယ်။

ရဟန်းတို့ . . . အဲဒီနည်းအတိုင်း ရဟန်းတစ်ပါးဟာ ကိုယ်ထဲက အစိတ်အပိုင်း ကိုယ်ကို အဖန်ဖန် ရှုမှတ်ပြီး နေတယ်။

ရဟန်းတို့ . . . ဒါဟာ ကိုယ်ခန္ဓာထဲက ကိုယ်ခန္ဓာအစိတ်အပိုင်းကို အဖန်ဖန် ရှုမှတ်ပြီးနေပုံ ဖြစ်တယ်။

## ဝေဒနာနုပဿနာသတိပဋ္ဌာန်အကျယ်

၁၁၃။ ရဟန်းတို့ . . . ရဟန်းတစ်ပါးဟာ ဝေဒနာထဲက ဝေဒနာ တစ်ပါးကို ဘယ်လို အဖန်ဖန်ရှုမှတ်ပြီးနေသလဲ ဆိုတော့ ချမ်းသာဝေဒနာကို ခံစားလျှင် ချမ်းသာဝေဒနာကို ခံစားတယ်လို့ သိတယ်။

ဆင်းရဲဝေဒနာကို ခံစားလျှင် ဆင်းရဲဝေဒနာကို ခံစားတယ်လို့ သိတယ်။

မဆင်းရဲ မချမ်းသာ ဝေဒနာကို ခံစားလျှင် မဆင်းရဲ မချမ်းသာ ဝေဒနာကို ခံစားတယ်လို့ သိတယ်။

ငါးပါးအာရုံကာမဂုဏ်နှင့် စပ်ယှဉ်တဲ့ချမ်းသာဝေဒနာကို ခံစားလျှင် ငါးပါးအာရုံ ကာမဂုဏ်နှင့် စပ်ယှဉ်တဲ့ ချမ်းသာ ဝေဒနာကို ခံစားတယ် - လို့ သိတယ်။

ငါးပါးအာရုံ ကာမဂုဏ်နှင့် မစပ်ယှဉ်တဲ့ ချမ်းသာ ဝေဒနာကို ခံစားလျှင် ငါးပါးအာရုံ ကာမဂုဏ်နှင့် မစပ်ယှဉ်တဲ့ ချမ်းသာ ဝေဒနာလို့ ခံစားတယ် - လို့ သိတယ်။

ဒီအလောင်းကောင် ဒီအလောင်းကောင်ကဲ့သို့ သဘောရှိပါတကား၊ ဒီအလောင်းကောင် ဒီအလောင်းကောင်ကဲ့သို့သောသဘောကို မကျော်လွှန်နိုင်ပါတကား”လို့ ရှုဆင်ခြင်တယ်။

အဲဒီနည်းအတိုင်း ရံခါ မိမိကိုယ်ခန္ဓာထဲက ကိုယ်ခန္ဓာအစိတ်အပိုင်းကို အဖန်ဖန် ရှုမှတ်ပြီး နေတယ်။

ရံခါ သူတစ်ပါးကိုယ်ခန္ဓာထဲက ကိုယ်ခန္ဓာအစိတ်အပိုင်းကို အဖန်ဖန် ရှုမှတ်ပြီး နေတယ်။

ရံခါ မိမိကိုယ်ခန္ဓာထဲက ကိုယ်ခန္ဓာအစိတ်အပိုင်းကို ရောသူတစ်ပါးကိုယ်ခန္ဓာထဲက ကိုယ်ခန္ဓာအစိတ်အပိုင်းကိုပါ အဖန်ဖန် ရှုမှတ်ပြီး နေတယ်။

ရံခါ ကိုယ်ခန္ဓာရဲ့ ဖြစ်ခြင်းသဘောကို အဖန်ဖန် ရှုမှတ်ပြီး နေတယ်။

ရံခါ ကိုယ်ခန္ဓာရဲ့ ပျက်ခြင်းသဘောကို အဖန်ဖန် ရှုမှတ်ပြီး နေတယ်။

ရံခါ ကိုယ်ခန္ဓာရဲ့ ဖြစ်ခြင်း, ပျက်ခြင်းသဘောကို အဖန်ဖန် ရှုမှတ်ပြီး နေတယ်။

“ကိုယ်ခန္ဓာမျှသာ ရှိပါတကား” ဆိုတဲ့ သတိ အဲဒီ ရဟန်းမှာ စွဲကပ် တည်လာတယ်။ အဲဒီသတိဟာ အသိဉာဏ်နှင့် ထပ်ဆင့် သတိတရား တိုးပွားကြောင်း ဖြစ်တယ်။ သူဟာ ခင်တွယ်မှုကင်းစွာ နေထိုင်တယ်။ လောကမှာ ဘာကိုမျှ မစွဲလမ်းတော့။

ထို့အတူ

သင်းချိုင်းမှာ စွန့်ပစ်ထား၍ ကျီး၊ လင်းတ၊ ခွေး စသည်တို့ ခဲစားထားအပ်တဲ့ အလောင်းကောင်

သင်းချိုင်းမှာ စွန့်ပစ်ထားတဲ့ သွေးသားမပျက် အကြောယှက်၍ အရိုးဆက်လျက်ရှိသေးတဲ့ အလောင်းကောင်

အသားမရှိတော့ဘဲ သွေးပေပွလျက် အကြောယှက်၍ အရိုးကွင်းဆက်လျက်ရှိသေးတဲ့ အလောင်းကောင်

သွေးသားကင်းလျက် အကြောယှက်၍ အရိုး ဆက်လျက် ရှိသေးတဲ့ အလောင်းကောင်

လက်ရိုးတခြား၊ ခြေရိုးတခြား၊ ခေါင်းရိုးတခြား၊ နံရိုး တခြား စသည်အားဖြင့် အရိုးများ အစိတ်အစိတ်ဖြစ်သွားတဲ့ အလောင်းကောင်

ခရုသင်းအဆင်းကဲ့သို့ဖြူဖွေးတဲ့ အရိုးအဖြစ်သို့ ရောက်သွားတဲ့ အလောင်းကောင်

နှစ်လွန်ပြီးကြာ၍ အရိုးဆွေးအဖြစ်သို့ ရောက်သွားတဲ့ အလောင်းကောင်

ပုပ်ပွ၍ အရိုးမှုန့်အဖြစ်သို့ ရောက်သွားတဲ့ အလောင်း ကောင်။

အဲဒီအလောင်းကောင် အသီးအသီးကဲ့သို့ ရဟန်းဟာ မိမိကိုယ်ကို ရှုဆင်ခြင်တယ်။ "ငါရဲ့ ဒီခန္ဓာကိုယ်ဟာလဲ

အဲဒီနည်းအတိုင်း ရဟန်း မိမိကိုယ်ခန္ဓာထဲက ကိုယ်ခန္ဓာအစိတ်အပိုင်းကို အဖန်ဖန် ရှုမှတ်ပြီး နေတယ်။

ရဟန်း သူတပါးကိုယ်ခန္ဓာထဲက ကိုယ်ခန္ဓာအစိတ်အပိုင်းကို အဖန်ဖန် ရှုမှတ်ပြီး နေတယ်။

ရဟန်း မိမိကိုယ်ခန္ဓာထဲက ကိုယ်ခန္ဓာအစိတ်အပိုင်းကိုရော သူတစ်ပါးကိုယ်ခန္ဓာထဲက ကိုယ်ခန္ဓာအစိတ်အပိုင်းကိုပါ အဖန်ဖန် ရှုမှတ်ပြီး နေတယ်။

ရဟန်း ကိုယ်ခန္ဓာရဲ့ ဖြစ်ခြင်းသဘောကို အဖန်ဖန် ရှုမှတ်ပြီး နေတယ်။

ရဟန်း ကိုယ်ခန္ဓာရဲ့ ပျက်ခြင်းသဘောကို အဖန်ဖန် ရှုမှတ်ပြီး နေတယ်။

ရဟန်း ကိုယ်ခန္ဓာရဲ့ ဖြစ်ခြင်း, ပျက်ခြင်းသဘောကို အဖန်ဖန် ရှုမှတ်ပြီး နေတယ်။

"ကိုယ်ခန္ဓာမျှသာ ရှိပါတကား" ဆိုတဲ့ သတိ အဲဒီရဟန်းမှာ စွဲကပ် တည်လာတယ်။ အဲဒီသတိဟာ အသိဉာဏ်နှင့် ထပ်ဆင့်သတိတရား တိုးပွားကြောင်း ဖြစ်တယ်။ သူဟာ ခင်တွယ်မှုကင်းစွာ နေထိုင်တယ်။ လောကမှာ ဘာကိုမျှ မစွဲလမ်းတော့။

ရဟန်းတို့. . . အဲဒီနည်းအတိုင်း ရဟန်းတစ်ပါးဟာ ကိုယ်ထဲက အစိတ်အပိုင်း ကိုယ်ကို အဖန်ဖန် ရှုမှတ်ပြီး နေတယ်။

ရံခါ ကိုယ်ခန္ဓာရဲ့ ဖြစ်ခြင်းသဘောကို အဖန်ဖန် ရှုမှတ်ပြီး နေတယ်။

ရံခါ ကိုယ်ခန္ဓာရဲ့ ပျက်ခြင်းသဘောကို အဖန်ဖန် ရှုမှတ်ပြီး နေတယ်။

ရံခါ ကိုယ်ခန္ဓာရဲ့ ဖြစ်ခြင်း, ပျက်ခြင်းသဘောကို အဖန်ဖန် ရှုမှတ်ပြီး နေတယ်။

"ကိုယ်ခန္ဓာမျှသာ ရှိပါတကား" ဆိုတဲ့ သတိ အဲဒီရဟန်းမှာ စွဲကပ် တည်လာတယ်။ အဲဒီသတိဟာ အသိဉာဏ်နှင့် ထပ်ဆင့်သတိတရား တိုးပွားကြောင်း ဖြစ်တယ်။ **သူဟာ** ခင်တွယ်မှုကင်းစွာ နေထိုင်တယ်။ လောကမှာ ဘာကိုမျှ မစွဲလမ်းတော့။

ရဟန်းတို့. . . အဲဒီနည်းအတိုင်း ရဟန်းတစ်ပါးဟာ ကိုယ်ထဲက အစိတ်အပိုင်း ကိုယ်ကို အဖန်ဖန် ရှုမှတ်ပြီး နေတယ်။

## (၆) သူသေကောင်ကိုးမျိုးကဲ့သို့ ဆင်ခြင်ပုံအပိုင်း

ရဟန်းတို့. . . နောက်တစ်မျိုးကတော့ သေပြီး တစ်ရက်၊ နှစ်ရက်၊ သုံးရက်ကြာ၍ သင်းချိုင်းမှာ စွန့်ပစ်ထားအပ်တဲ့ ပုပ်ပွ ညိုမဲ ပြည်ယိုရွဲနေတဲ့ အလောင်းကောင်ကဲ့သို့ ရဟန်းဟာ မိမိကိုယ်ကို ရှုဆင်ခြင်တယ်။ "ငါရဲ့ ခန္ဓာကိုယ်ဟာလည်း ဒီအလောင်းကောင်ကဲ့သို့ သဘောရှိပါတကား။ ဒီ အလောင်းကောင်ကဲ့သို့သော သဘောကို မကျော်လွန်နိုင် ပါတကား"လို့ ရှုဆင်ခြင်တယ်။

## (၅) ခေတ်ခွဲ၍ နှလုံးသွင်းပုံအပိုင်း

၁၁၁။ ရဟန်းတို့ . . နောက်တစ်မျိုးကတော့ - ဥပမာအားဖြင့် ကျွမ်းကျင်တဲ့ နွားသတ်သမားတစ်ယောက်ဟာ နွားကို သတ်ပြီး လမ်းဆုံးလမ်းမ လမ်းလေးခွမှာ တစ်ပုံစီ တစ်ပုံစီ ပုံ၍ ထိုင်နေသကဲ့သို့ ရဟန်းဟာ ထားမြဲတိုင်း ဖြစ်တည်မြဲတိုင်း ဖြစ်တဲ့ ဒီခန္ဓာကိုယ်ကို

**"ဒီခန္ဓာကိုယ်မှာ**

**- ပထဝီဓာတ် - ခက်မာခြင်းသဘော**

**- အာပေါဓာတ် - ဖွဲ့စည်းခြင်းသဘော**

**- တေဇောဓာတ် - အေးခြင်း၊ ပူခြင်းသဘော**

**- ဝါယောဓာတ် - တွန်းကန်ခြင်းသဘော**

တို့သာ ရှိကြပါတကား လို့ ဓာတ်ခွဲပြီး ရှုကြည့်ဆင်ခြင်တယ်။

အဲဒီနည်းအတိုင်း ရံခါ မိမိကိုယ်ခန္ဓာထဲက ကိုယ်ခန္ဓာအစိတ်အပိုင်းကို အဖန်ဖန် ရှုမှတ်ပြီး နေတယ်။

ရံခါ သူတပါးကိုယ်ခန္ဓာထဲက ကိုယ်ခန္ဓာအစိတ်အပိုင်းကို အဖန်ဖန် ရှုမှတ်ပြီး နေတယ်။

ရံခါ မိမိကိုယ်ခန္ဓာထဲက ကိုယ်ခန္ဓာအစိတ်အပိုင်းကိုရော သူတပါးကိုယ်ခန္ဓာထဲက ကိုယ်ခန္ဓာအစိတ်အပိုင်းကိုပါ အဖန်ဖန် ရှုမှတ်ပြီး နေတယ်။

ရုံခါ သူတစ်ပါးကိုယ်ခန္ဓာထဲက ကိုယ်ခန္ဓာအစိတ်အပိုင်းကို အဖန်ဖန် ရှုမှတ်ပြီး နေတယ်။

ရုံခါ မိမိကိုယ်ခန္ဓာထဲက ကိုယ်ခန္ဓာအစိတ်အပိုင်းကိုရော သူတစ်ပါးကိုယ်ခန္ဓာထဲက ကိုယ်ခန္ဓာအစိတ်အပိုင်းကိုပါ အဖန်ဖန် ရှုမှတ်ပြီး နေတယ်။

ရုံခါ ကိုယ်ခန္ဓာရဲ့ ဖြစ်ခြင်းသဘောကို အဖန်ဖန် ရှုမှတ်ပြီး နေတယ်။

ရုံခါ ကိုယ်ခန္ဓာရဲ့ ပျက်ခြင်းသဘောကို အဖန်ဖန် ရှုမှတ်ပြီး နေတယ်။

ရုံခါ ကိုယ်ခန္ဓာရဲ့ ဖြစ်ခြင်း, ပျက်ခြင်းသဘောကို အဖန်ဖန် ရှုမှတ်ပြီး နေတယ်။

"ကိုယ်ခန္ဓာမျှသာ ရှိပါတကား" ဆိုတဲ့ သတိ အဲဒီရဟန်းမှာ စွဲကပ် တည်လာတယ်။ အဲဒီသတိဟာ အသိဉာဏ်နှင့် ဆပ်ဆင့် သတိတရား တိုးပွားကြောင်း ဖြစ်တယ်။ သူဟာ ခင်တွယ်မှုကင်းစွာ နေထိုင်တယ်။ လောကမှာ ဘာကိုမျှ မစွဲလမ်းတော့။

ရဟန်းတို့. . . အဲဒီနည်းအတိုင်း ရဟန်းတစ်ပါးဟာ ကိုယ်ထဲက အစိတ်အပိုင်း ကိုယ်ကို အဖန်ဖန် ရှုမှတ်ပြီး နေတယ်။

ရဟန်းတို့. . . အဲဒီနည်းအတိုင်း ရဟန်းတစ်ပါးဟာ ကိုယ်ထဲက အစိတ်အပိုင်း ကိုယ်ကို အဖန်ဖန် ရှုမှတ်ပြီး နေတယ်။

## (၄) စက်ဆုပ်ဖွယ် – ဟု နှလုံးသွင်းပုံအပိုင်း

၁၁၀။ ရဟန်းတို့ . . နောက်တစ်မျိုးကတော့ - ဥပမာအားဖြင့် ကောက်ကြီးစပါး၊ ကောက်လတ်စပါး၊ ပဲနောက်၊ မတ်ပဲ၊ နှမ်း၊ ဆန် စသည်တို့ဖြင့် ပြည့်နေသော နှစ်ဘက်အဝပါရှိတဲ့ အိတ်တစ်လုံး ရှိတယ် ဆိုပါတော့။ အဲဒီအိတ်ကို မျက်စိမြင်တဲ့ လူတစ်ယောက်ဟာ ဖြေပြီး "ဒါတွေဟာ ကောက်ကြီးစပါးတွေပဲ။ ဒါတွေ ဒါတွေဟာ ပဲနောက်၊ မတ်ပဲ၊ နှမ်း၊ ဆန်တွေပဲ . . ." စသည်ဖြင့် ဆင်ခြင်သကဲ့သို့ ရဟန်းတို့. . .ထို့အတူပဲ မစင်မကြယ် ရွံစဖွယ်အမျိုးမျိုးဖြင့် ပြည့်၍ ခြေဆုံး ခေါင်းဆုံး အရေဖုံးထားတဲ့ ဒီခန္ဓာကိုယ်ကို ရဟန်းဟာ ရှုဆင်ခြင်တယ်။

"ဤငါ၏ ခန္ဓာကိုယ်မှာ ဆံပင်၊ အမွေး၊ ခြေသည်း လက်သည်း၊ သွား၊ အရေ၊ အသား၊ အကြော၊ အရိုး၊ ရိုးတွင်းချဉ်ဆီ၊ အညို့၊ နှလုံး၊ အသည်း၊ အမြှေး၊ အဖျဉ်း၊ အဆုတ်၊ အူမ၊ အူသိမ်၊ အစာသစ်၊ အစာဟောင်း၊ (ဦးနှောက်) သည်းခြေ၊ သလိပ်၊ ပြည်၊ သွေး၊ ချွေး၊ အဆီခဲ၊ မျက်ရည်၊ ဆီကြည်၊ တံတွေး၊ နှပ်၊ အစေး၊ ကျင်ငယ်တို့သာ ရှိကြပါတကား"လို့ ရှုကြည့် ဆင်ခြင်တယ်။

အဲဒီနည်းအတိုင်း ရံခါ မိမိကိုယ်ခန္ဓာထဲက ကိုယ်**ခန္ဓာ** အစိတ်အပိုင်းကို အဖန်ဖန် ရှုမှတ်ပြီး နေတယ်။

စကားပြောတဲ့အခါ ဆိတ်ဆိတ်နေတဲ့အခါမှာလည်း ဆင်ခြင်စဉ်းစားပြီးမှ စကားပြောလေ့ ဆိတ်ဆိတ်နေလေ့ ရှိတယ်။

အဲဒီနည်းအတိုင်း ရံခါမိမိကိုယ်ခန္ဓာထဲက ကိုယ်ခန္ဓာအစိတ်အပိုင်းကို အဖန်ဖန် ရှုမှတ်ပြီး နေတယ်။

ရံခါ သူတစ်ပါးကိုယ်ခန္ဓာထဲက ကိုယ်ခန္ဓာအစိတ်အပိုင်းကို အဖန်ဖန် ရှုမှတ်ပြီး နေတယ်။

ရံခါ မိမိကိုယ်ခန္ဓာထဲက ကိုယ်ခန္ဓာအစိတ်အပိုင်းကိုရော သူတစ်ပါးကိုယ်ခန္ဓာထဲက ကိုယ်ခန္ဓာအစိတ်အပိုင်းကိုပါ အဖန်ဖန် ရှုမှတ်ပြီး နေတယ်။

ရံခါ ကိုယ်ခန္ဓာရဲ့ ဖြစ်ခြင်းသဘောကို အဖန်ဖန် ရှုမှတ်ပြီး နေတယ်။

ရံခါ ကိုယ်ခန္ဓာရဲ့ ပျက်ခြင်းသဘောကို အဖန်ဖန် ရှုမှတ်ပြီး နေတယ်။

ရံခါ ကိုယ်ခန္ဓာရဲ့ ဖြစ်ခြင်း, ပျက်ခြင်းသဘောကို အဖန်ဖန် ရှုမှတ်ပြီး နေတယ်။

"ကိုယ်ခန္ဓာမျှသာ ရှိပါတကား" ဆိုတဲ့ သတိ အဲဒီ ရဟန်းမှာ စွဲကပ် တည်လာတယ်။ အဲဒီသတိဟာ အသိဉာဏ်နှင့် ထပ်ဆင့် သတိတရား တိုးပွားကြောင်း ဖြစ်တယ်။ သူဟာ ခင်တွယ်မှုကင်းစွာ နေထိုင်တယ်။ လောကမှာ ဘာကိုမျှ မစွဲလမ်းတော့။

## (၃) သတိသမ္ပဇဉ်ဖြင့် ဆင်ခြင်ပုံအပိုင်း

၁၀၉။ ရဟန်းတို့ . . နောက်တစ်မျိုးကတော့ ရဟန်းဟာ ရှေ့သို့ တိုးရာ နောက်သို့ ဆုတ်ရာတို့မှာ ဆင်ခြင်စဉ်းစားပြီးမှ တိုးလေ့ ဆုတ်လေ့ရှိတယ်။ (အကုသိုလ်ဖြစ်စရာ မရှိမှ တိုးလေ့ ဆုတ်လေ့ ရှိတယ်။)

တည့်တည့်ကြည့်ရာ စောင်းငဲ့ကြည့်ရာမှာလည်း ဆင်ခြင် စဉ်းစားပြီးမှ ကြည့်လေ့ရှိတယ်။

ကွေးရာ ဆန့်ရာမှာလည်း ဆင်ခြင်စဉ်းစားပြီးမှ ကွေးလေ့ ဆန့်လေ့ရှိတယ်။

သပိတ်သင်္ကန်းကို သုံးစွဲဝတ်ရုံရာမှာလည်း ဆင်ခြင် စဉ်းစားပြီးမှ သုံးစွဲဝတ်ရုံလေ့ရှိတယ်။

စားရာ၊ သောက်ရာ၊ ခဲရာ၊ လျက်ရာတို့မှာလည်း ဆင်ခြင်စဉ်းစားပြီးမှ စား၊ သောက်၊ ခဲ၊ လျက်လေ့ရှိတယ်။

ကျင်ကြီးကျင်ငယ် စွန့်ရာမှာလည်း ဆင်ခြင်စဉ်းစားပြီးမှ စွန့်လေ့ရှိတယ်။

သွားရာ၊ ရပ်ရာ၊ ထိုင်ရာမှလည်း ဆင်ခြင်စဉ်းစားပြီးမှ သွား၊ ရပ်၊ ထိုင်လေ့ရှိတယ်။

အိပ်တဲ့အခါ ထတဲ့အခါမှာလည်း ဆင်ခြင်စဉ်းစားပြီးမှ အိပ်လေ့ ထလေ့ရှိတယ်။

အဲဒီနည်းအတိုင်း ရံခါ မိမိကိုယ်ခန္ဓာထဲက ကိုယ်ခန္ဓာ အစိတ်အပိုင်းကို အဖန်ဖန် ရှုမှတ်ပြီး နေတယ်။

ရံခါ သူတစ်ပါးကိုယ်ခန္ဓာထဲက ကိုယ်ခန္ဓာအစိတ်အပိုင်းကို အဖန်ဖန် ရှုမှတ်ပြီး နေတယ်။

ရံခါ မိမိကိုယ်ခန္ဓာထဲက ကိုယ်ခန္ဓာအစိတ်အပိုင်းကိုရော သူတစ်ပါးကိုယ်ခန္ဓာထဲက ကိုယ်ခန္ဓာအစိတ်အပိုင်းကိုပါ အဖန်ဖန် ရှုမှတ်ပြီး နေတယ်။

ရံခါ ကိုယ်ခန္ဓာရဲ့ ဖြစ်ခြင်းသဘောကို အဖန်ဖန် ရှုမှတ်ပြီး နေတယ်။

ရံခါ ကိုယ်ခန္ဓာရဲ့ ပျက်ခြင်းသဘောကို အဖန်ဖန် ရှုမှတ်ပြီး နေတယ်။

ရံခါ ကိုယ်ခန္ဓာရဲ့ ဖြစ်ခြင်း, ပျက်ခြင်းသဘောကို အဖန်ဖန် ရှုမှတ်ပြီး နေတယ်။

"ကိုယ်ခန္ဓာမျှသာ ရှိပါတကား" ဆိုတဲ့ သတိ အဲဒီရဟန်းမှာ စွဲကပ် တည်လာတယ်။ အဲဒီသတိဟာ အသိဉာဏ်နှင့် ထပ်ဆင့် သတိတရား တိုးပွားကြောင်း ဖြစ်တယ်။ သူဟာ ခင်တွယ်မှုကင်းစွာ နေထိုင်တယ်။ လောကမှာ ဘာကိုမျှ မစွဲလမ်းတော့။

ရဟန်းတို့. . . အဲဒီနည်းအတိုင်း ရဟန်းတစ်ပါးဟာ ကိုယ်ထဲက အစိတ်အပိုင်း ကိုယ်ကို အဖန်ဖန် ရှုမှတ်ပြီး နေတယ်။

ရုံခါ ကိုယ်ခန္ဓာရဲ့ ဖြစ်ခြင်းသဘောကို အဖန်ဖန် ရှုမှတ်ပြီး နေတယ်။

ရုံခါ ကိုယ်ခန္ဓာရဲ့ ပျက်ခြင်းသဘောကို အဖန်ဖန် ရှုမှတ်ပြီး နေတယ်။

ရုံခါ ကိုယ်ခန္ဓာရဲ့ ဖြစ်ခြင်း, ပျက်ခြင်းသဘောကို အဖန်ဖန် ရှုမှတ်ပြီး နေတယ်။

"ကိုယ်ခန္ဓာမျှသာ ရှိပါတကား"ဆိုတဲ့ သတိ အဲဒီရဟန်းမှာ စွဲကပ်တည်လာတယ်။ အဲဒီသတိဟာ အသိဉာဏ်နှင့် ထပ်ဆင့် သတိတရား တိုးပွားကြောင်း ဖြစ်တယ်။ သူဟာ ခင်တွယ်မှုကင်းစွာ နေထိုင်တယ်။ လောကမှာ ဘာကိုမျှ မစွဲလမ်းတော့။

ရဟန်းတို့. . . အဲဒီနည်းအတိုင်း ရဟန်းတစ်ပါးဟာ ကိုယ်ထဲက အစိတ်အပိုင်းကိုယ်ကို အဖန်ဖန် ရှုမှတ်ပြီး နေတယ်။

## (၂) ဣရိယာပုတ်ကို ဆင်ခြင်ပုံအပိုင်း

၁၀၈။ ရဟန်းတို့. . . နောက်တစ်မျိုးကတော့- ရဟန်းဟာ သွားလျှင် သွားတယ်လို့ သိတယ်။ ရပ်လျှင် ရပ်တယ်လို့ သိတယ်။ ထိုင်လျှင် ထိုင်တယ်လို့ သိတယ်။ လျောင်းလျှင် လျောင်းတယ်လို့ **သိ**တယ်၊ သူရဲ့ကိုယ်ကို ထားတိုင်းထားတိုင်းသော အနေအထားအတိုင်း **သိ**တယ်။

ကျွမ်းကျင်တဲ့ ပန်းပွတ်သမားတစ်ယောက်ဟာ (ပွတ်ကြိုးကို) ရှည်ရှည်ဆွဲလျှင် ရှည်ရှည်ဆွဲတယ် - လို့ သိပြီး တိုတိုဆွဲလျှင် တိုတိုဆွဲတယ်လို့ သိသကဲ့သို့ ရှည်ရှည်ရှူလျှင် ရှည်ရှည်ရှူတယ်လို့ သိတယ်။ ရှည်ရှည်ရှိုက်လျှင် ရှည်ရှည်ရှိုက်တယ်လို့ သိတယ်။ တိုတိုရှူလျှင် တိုတိုရှူတယ်လို့ သိတယ်။ တိုတိုရှိုက်လျှင် တိုတိုရှိုက်တယ်လို့ သိတယ်။

ဝင်လေတစ်ခုလုံးရဲ့ အစ, အလယ်, အဆုံး သုံးပါးလုံးကို ပီပြင်ထင်ရှား ကွဲပြားစွာသိလျက် ရှူအံ့ - လို့ အားထုတ်တယ်။

ထွက်လေတစ်ခုလုံးရဲ့ အစ, အလယ်, အဆုံး သုံးပါး လုံးကို ပီပြင်ထင်ရှား ကွဲပြားစွာ သိလျက် ရှိုက်အံ့ - လို့ အားထုတ်တယ်။

ကြမ်းတမ်းတဲ့ ဝင်လေကို ငြိမ်းလျက် ရှူအံ့ - လို့ အားထုတ်တယ်။

အဲဒီနည်းအတိုင်း ရံခါ မိမိကိုယ်ခန္ဓာထဲက ကိုယ်ခန္ဓာ အစိတ်အပိုင်းကို အဖန်ဖန် ရှုမှတ်ပြီး နေတယ်။

ရံခါ သူတပါးကိုယ်ခန္ဓာထဲက ကိုယ်ခန္ဓာအစိတ်အပိုင်းကို အဖန်ဖန် ရှုမှတ်ပြီး နေတယ်။

ရံခါ မိမိကိုယ်ခန္ဓာထဲက ကိုယ်ခန္ဓာအစိတ်အပိုင်းကိုရော သူတပါးကိုယ်ခန္ဓာထဲက ကိုယ်ခန္ဓာအစိတ်အပိုင်းကိုပါ အဖန်ဖန် ရှုမှတ်ပြီး နေတယ်။

ကပ်ယှဉ်ထားတယ်။ လောကအပေါ်မှာ မက်မောမှု မုန်းတီးမှုတို့ကို ပယ်ဖျောက်ထားတယ်။

စိတ်ထဲက စိတ်တစ်မျိုးကို အဖန်ဖန် ရှုမှတ်ပြီး နေတယ်။ ပြင်းပြင်းထန်ထန် ကြိုးစားတယ်။ အသိနှင့် သတိကို ကပ်ယှဉ်ထားတယ်။ လောကအပေါ်မှာ မက်မောမှု မုန်းတီးမှုတို့ကို ပယ်ဖျောက်ထားတယ်။

သဘောတရားထဲက သဘောတရားတစ်မျိုးကို အဖန်ဖန် ရှုမှတ်ပြီး နေတယ်။ ပြင်းပြင်းထန်ထန် ကြိုးစားတယ်။ အသိနှင့် သတိကို ကပ်ယှဉ်ထားတယ်။ လောကအပေါ်မှာ တပ်မက်မှု မုန်းတီးမှုတို့ကို ပယ်ဖျောက်ထားတယ်။

## ကာယာနုပဿနာသတိပဋ္ဌာန်အကျယ်
## (၁) ထွက်သက်ဝင်သက်ကို ရှုဆင်ခြင်ပုံအပိုင်း

၁၀၇။ ရဟန်းတို့ . . ရဟန်းတစ်ပါးဟာ ကိုယ်ထဲက အစိတ်အပိုင်း ကိုယ်ကို ဘယ်လို အဖန်ဖန် ရှုမှတ်ပြီး နေသလဲဆိုတော့- တောသို့ဖြစ်စေ၊ သစ်ပင်ရင်းသို့ဖြစ်စေ၊ ဆိတ်ငြိမ်တဲ့ တစ်နေရာရာသို့ဖြစ်စေ သွားရောက်ပြီး တင်ပလ္လင်ခွေကာ ကမ္မဋ္ဌာန်းထိုင်တယ်။ အဲဒီအခါမှာ အထက်ပိုင်း ခန္ဓာကိုယ်ကို ဖြောင့်ဖြောင့်မတ်မတ် ထားတယ်။ သတိကို ကမ္မဋ္ဌာန်းမှာ ဦးတည်ထားတည်။ အဲဒီရဟန်းဟာ သတိထားလျက်သာ ဝင်လေကို ရှူတယ်၊ သတိထားလျက်သာ ထွက်လေကို ရှိုက်တယ်။

## ၁၀ – မဟာသတိပဋ္ဌာနသုတ်

၁၀၅။ အခါတစ်ပါးမှာ ကုရုတိုင်း၊ ကမ္မာသဓမ္မနိဂုံးမှာ မြတ်စွာဘုရား သီတင်းသုံးနေတော်မူပါတယ်။ အဲဒီအခါမှာ မြတ်စွာဘုရားက ရဟန်းတို့အား ဒီမဟာသတိပဋ္ဌာန်သုတ်ကို ဟောကြားတော်မူခဲ့ပါတယ်။

ရဟန်းတို့ . . သတ္တဝါတွေ နိဗ္ဗာန်ရောက်ကြောင်းလမ်းစဉ်ဟာ ဒီတစ်ခုတည်းသာ ရှိတယ်။ အဲဒီလမ်းစဉ်က ရာဂစတဲ့ အညစ်အကြေးတွေ စင်ကြယ်ကြောင်းလည်း ဖြစ်တယ်။ စိုးရိမ်ရခြင်း၊ ငိုကြွေးရခြင်းတို့ကို လွန်မြောက်ကြောင်းလည်း ဖြစ်တယ်။ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲတို့ ချုပ်ငြိမ်းကြောင်းလည်း ဖြစ်တယ်။ မဂ်ဉာဏ်ကို ရကြောင်းလည်း ဖြစ်တယ်။ အဲဒီ လမ်းစဉ်ဆိုတာ **သတိပဋ္ဌာန်လေးပါး**ပဲ ဖြစ်တယ်။ အဲဒီ လေးပါးဟာ ဘာတွေလဲဆိုတော့ –

၁၀၆။ ရဟန်းတို့ . . ဒီသာသနာတော်မှာ ရဟန်းတစ်ပါးဟာ ကိုယ်ထဲက အစိတ်အပိုင်းတစ်ခုကို အဖန်ဖန် ရှုမှတ်ပြီး နေတယ်။ ပြင်းပြင်းထန်ထန် ကြိုးစားတယ်။ အသိနှင့် သတိကို ကပ်ယှဉ်ထားတယ်။ လောကအပေါ်မှာ မက်မောမှု မုန်းတီးမှုတို့ကို ပယ်ဖျောက်ထားတယ်။

ဝေဒနာထဲက ဝေဒနာတစ်ပါးကို အဖန်ဖန် ရှုမှတ်ပြီး နေတယ်။ ပြင်းပြင်းထန်ထန် ကြိုးစားတယ်။ အသိနှင့် သတိကို

မေးရတယ်လို့ မရှိဘူး။ သာရိပုတ္တရာ. . . ကုန်ကုန်ပြောရလျှင် ငါဘုရားရဲ့ အဲဒီတပည့်လေးယောက်ဟာ အသက်တစ်ရာ ပြည့်ကြပြီး သေကုန်နိုင်စရာရှိတယ်။ ငါဘုရားရဲ့ တရားဟောပြမှု၊ တရား ပုဒ်ဗျည်းနှင့် ပြဿနာဖြေကြားမှုတို့ကတော့ လုံးဝမကုန်ခန်းနိုင်ဘူး။ သာရိပုတ္တရာ...ငါဘုရားကို ညောင်စောင်း (ခုတင်)ဖြင့် သယ်ဆောင်ရစေဦးတော့ ငါဘုရားရဲ့ ပညာဉာဏ်တော်ရဲ့ လျှင်မြန်ထက်မြက်မှုကတော့ မဖောက်ပြန်နိုင်သည်သာ။ သာရိပုတ္တရာ. . . "လူနတ်ဗြဟ္မာ သတ္တဝါတို့ရဲ့ ကောင်းကျိုးအတွက် လောကမှာ မတွေ့ဝေတဲ့ပုဂ္ဂိုလ်တစ်ယောက် ပေါ်ပေါက်လာတယ်" လို့ အမှန်အတိုင်း ပြောကြားလိုတဲ့ ပုဂ္ဂိုလ်ဟာ ငါဘုရားကိုသာ အဲဒီအတိုင်း ပြောကြားသင့်တယ်။

၁၆၂။ အဲဒီအခါမှာ အရှင်နာဂသမာလမထေရ်ဟာ မြတ်စွာဘုရားရဲ့ နောက်တော်မှာ ရပ်လျက် မြတ်စွာဘုရားအား ယပ်ခတ်ပေးနေပါတယ်။ အဲဒီလို ယပ်ခတ်ပေးရင်းနဲ့ မြတ်စွာဘုရားအား–

"မြတ်စွာဘုရား. . . အံ့ဩဖွယ်ကောင်းလိုက်၊ ထူးဆန်းလိုက်တာဘုရား။ ဒီတရားဒေသနာတော်ကို နားကြားရင်း တပည့်တော်မှာ ကြက်သီးမွေးညင်းများပင် ထနေပါတယ်ဘုရား။ ဒီတရားဒေသနာတော်ရဲ့ နာမည်ကို ဘယ်လိုခေါ်ရပါ့မလဲဘုရား"လို့ လျှောက်ထားခဲ့ပါတယ်။

အဲဒီအခါမှာ မြတ်စွာဘုရားက "နာဂသမာလ. . . ဒါဆိုလျှင် ဒီတရားဒေသနာတော်ရဲ့ နာမည်ကို "**လောမဟံသနပရိယာယ-ကြက် သီးမွေးညင်းထစေတတ် တဲ့ ဒေသနာတော်**"လို့ မှတ်ပေ့ါ"လို့ မိန့်ကြားတော်မူခဲ့ပါတယ်။

အဲဒီလိုမိန့်တော်မူတဲ့အခါ အရှင်နာဂသမာလမထေရ်ဟာ ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်ဆိုခဲ့ပါတယ်။

**မဟာသီဟနာဒသုတ် ပြီးပြီ။**

❊ ❊ ❊

## ၃ – မဟာဒုက္ခက္ခန္ဓသုတ်

၁၆၃။ အခါတစ်ပါးမှာ သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်မှာ မြတ်စွာဘုရား သီတင်းသုံးနေတော်မူပါတယ်။ အဲဒီအခါက တစ်ခုသော နံနက်ခင်းမှာ ရဟန်းများစွာဟာ သာဝတ္ထိမြို့သို့ ဆွမ်းခံကြွတော်မူကြပါတယ်။ အဲဒီလို ကြွကြတဲ့အခါ နည်းနည်း စောနေသေးတာနဲ့ ရဟန်းများဟာ တိတ္ထိပရိဗိုဇ်တို့ရဲ့ ကျောင်းသို့ ကြွသွားတော်မူကြပါတယ်၊ တိတ္ထိပရိဗိုဇ်တို့ကျောင်း ရောက်တဲ့အခါ တိတ္ထိပရိဗိုဇ်တို့က "ငါ့ရှင်တို့ . . ကာမဂုဏ်၊ ရုပ်၊ ဝေဒနာတို့ကို ပိုင်းခြား၍ သိပုံကို ရဟန်းဂေါတမလည်း ဟောပြတယ်၊ ငါတို့လည်း ဟောပြကြတယ်။ ငါ့ရှင်တို့ . . ဒီနေရာမှာ ရဟန်း ဂေါတမရဲ့ ဟောပြမှု၊ ဆုံးမမှုနှင့် ငါတို့ရဲ့ ဟောပြမှု၊ ဆုံးမမှု ဘယ်လို ထူးသလဲ"လို့ မေးမြန်းကြပါတယ်။ အဲဒီအခါမှာ ရဟန်းများက တိတ္ထိပရိဗိုဇ်တို့ရဲ့ စကားကို လက်လည်း မခံ၊ ပယ်လည်း မပယ်ခဲ့ကြသေးဘဲ သာဝတ္ထိမြို့ထဲသို့ ဆွမ်းခံ လှည့်လည်ရန် ဆက်ကြွတော်မူခဲ့ကြ ပါတယ်။ ဆွမ်းခံပြန်လို့ ကျောင်းရောက်ကြတဲ့ အခါ တိတ္ထိပရိဗိုဇ်တို့ရဲ့ စကားကို မြတ်စွာဘုရားအား လျှောက်ထား ခဲ့ကြပါတယ်။

၁၆၅။ အဲဒီအခါမှာ မြတ်စွာဘုရားက ရဟန်းတို့အား အခုလို မိန့်ကြားတော်မူခဲ့ပါတယ်။

ရဟန်းတို့ . . အဲဒီလို မေးကြတဲ့ တိတ္ထိပရိဗိုဇ်တို့အား "ငါ့ရှင်တို့ . . ကာမဂုဏ်, ရုပ်, ဝေဒနာတို့ရဲ့ သာယာဖွယ်၊ အပြစ်နှင့်

ထွက်မြောက်ရာတို့ကား ဘာလဲ”လို့ ပြန်မေးကြရမယ်။ အဲဒီလို မေးလျှင် သူတို့ ကောင်းစွာ ဖြေဆိုနိုင်ကြလိမ့်မယ် မဟုတ်။ မဖြေဆိုနိုင်ရုံသာမက အလွန် ပင်ပန်းကြလိမ့်မယ်။ ဘာ့ကြောင့် လဲဆိုတော့ အဲဒီပုစ္ဆာဟာ သူတို့ရဲ့အရာ မဟုတ်သောကြောင့် ဖြစ်တယ်။ ရဟန်းတို့. . . မြတ်စွာဘုရားနှင့် မြတ်စွာဘုရားရဲ့ တပည့်သာဝက၊ ဒီနှစ်ဦးအထံမှ ကြားနာရသူ၊ သူတို့ သုံးဦးမှ တစ်ပါး လောကမှာ ဒီပုစ္ဆာကို ဖြေနိုင်မည့်သူ တစ်စုံတစ်ယောက်ကိုမျှ ငါဘုရား မြင်တော်မမူ။

၁၆၆။ ရဟန်းတို့. . .ကာမဂုဏ်တို့ရဲ့ သာယာဖွယ် ဆိုတာဘာလဲ ဆိုတော့ - ကာမဂုဏ်ဟာ ငါးမျိုးရှိတယ်။ အဲဒီငါးမျိုးဆိုတာ လိုချင်နှစ်သက်ဖွယ်ကောင်းတဲ့ အဆင်း၊ အသံ၊ အနံ့၊ အရသာနှင့် အတွေ့အထိတို့ ဖြစ်တယ်။ အဲဒီကာမဂုဏ်ငါးပါးကို အစွဲပြုပြီး ဖြစ်တဲ့ ချမ်းသာမှု ဝမ်းမြောက်မှုဟာ ကာမဂုဏ်တို့ရဲ့ သာယာဖွယ် ဖြစ်တယ်။

၁၆၇။ ရဟန်းတို့. . . ကာမဂုဏ်တို့ရဲ့ အပြစ်ဟာ ဘာလဲ ဆိုတော့ လောကမှာ အမျိုးကောင်းသား တစ်ယောက်ဟာ အတတ်ပညာ တစ်မျိုးမျိုးဖြင့် အသက်မွေးနေတယ်။ (စီးပွားရေး လုပ်ကိုင်နေတယ်။) သူဟာ အအေးကိုလည်း ရင်ဆိုင်ရတတ်တယ်၊ အပူကိုလည်း ရင်ဆိုင်ရတတ်တယ်၊ မှတ်, ခြင်, လေ, နေပူ, မြွေ, ကင်း စသည်တို့ရဲ့ဒဏ်ကိုလည်း ခံရတတ်တယ်။ ငတ်မွတ်ခြင်းကြောင့်သော်လည်း သေရတတ်တယ်။ ရဟန်းတို့. . . ဒါဟာ ကာမဂုဏ်တို့ရဲ့ အပြစ်

ဖြစ်တယ်။ ကာမဂုဏ်ကြောင့် မျက်မှောက်ထင်ထင် တွေ့မြင်ရတဲ့ ဒုက္ခအစု ဖြစ်တယ်။

ရဟန်းတို့ . . အဲဒီအမျိုးကောင်းသားဟာ အဲဒီလို ကြိုးစားအားထုတ်ပါလျက် စည်းစိမ်ဥစ္စာများ မပြည့်စုံခဲ့လျှင် (စီးပွားရေးအဆင်မပြေခဲ့လျှင်) "ငါရဲ့ ကြိုးစားအားထုတ်မှုဟာ အလကားဖြစ်ပါတကား၊ အကျိုးမရှိပါတကား" လို့ သောကရောက်ရ၊ ပင်းပန်းရ၊ ငိုကြွေးရတယ်။ ရင်ဘတ်စည်တီး မြည်ဟီးအော်ဟစ်ရတယ်၊ တွေဝေမိန်းမောသွားတော့တယ်။ ရဟန်းတို့ . . ဒါဟာလည်း ကာမဂုဏ်တို့ရဲ့ အပြစ် ဖြစ်တယ်။ ကာမဂုဏ်တို့ကြောင့် မျက်မှောက်ထင်ထင် တွေ့မြင်ရတဲ့ ဒုက္ခအစု ဖြစ်တယ်။

ရဟန်းတို့ . . အဲဒီအမျိုးကောင်းသား အဲဒီလို ကြိုးစားအားထုတ်လို့ စည်းစိမ်ဥစ္စာများ ပြည့်စုံလာပြန်တော့ (စီးပွားရေးအဆင်ပြေလာပြန်တော့) အဲဒီစည်းစိမ်ဥစ္စာများကို ရန်သူမျိုး ငါးပါးမဖျက်ဆီးအောင် ထိန်းသိမ်းစောင့်ရှောက်ရတဲ့ ကိုယ်ဆင်းရဲမှု၊ စိတ်ဆင်းရဲမှုဒုက္ခကို ခံစားရပြန်တယ်။ အဲဒီလို ထိန်းသိမ်းစောင့်ရှောက်ပါလျက် စည်းစိမ်ဥစ္စာတို့ကို ရန်သူမျိုး ငါးပါးရဲ့ ဖျက်ဆီးမှုဒုက္ခ ခံရတဲ့အခါ "ငါပိုင်ခဲ့တာတွေ မရှိတော့ပါတကား" လို့ သောကရောက်ရ၊ ငိုကြွေးရ၊ ပင်ပန်းရတယ်၊ ရင်ဘတ်စည်တီး မြည်ဟီး အော်ဟစ်ရတယ်၊ တွေဝေ မိန်းမောသွားတော့တယ်။ ရဟန်းတို့ . . ဒါဟာလည်း ကာမဂုဏ်တို့ရဲ့ အပြစ် ဖြစ်တယ်။ ကာမဂုဏ်တို့ကြောင့် မျက်မှောက်ထင်ထင် တွေ့မြင်ရတဲ့ ဒုက္ခအစု ဖြစ်တယ်။

၁၆၈။ ရဟန်းတို့ . . နောက်တစ်မျိုးကတော့ ကာမဂုဏ်ကြောင့် မင်းအချင်းချင်းလည်း ငြင်းခုံကြတယ်၊ မင်းမျိုးအချင်းချင်းလည်း ငြင်းခုံကြတယ်၊ ပုဏ္ဏားအချင်းချင်းလည်း ငြင်းခုံကြတယ်၊ သူကြွယ်အချင်းချင်းလည်း ငြင်းခုံကြတယ်၊ သားအမိချင်းလည်း ငြင်းခုံကြတယ်၊ သားအဖချင်းလည်း ငြင်းခုံကြတယ်၊ ညီအစ်ကို မောင်နှမချင်းလည်း ငြင်းခုံကြတယ်။ အပေါင်းအဖော်ချင်းလည်း ငြင်းခုံကြတယ်။ အဲဒီလို ငြင်းခုံရာက သဘောထားကွဲလွဲကြ၊ ရန်ဖြစ်ကြပြီး အချင်းချင်း လက်နဲ့လည်း ထိုးကြ ကြိတ်ကြတယ်၊ ခဲနဲ့လည်း ထုကြတယ်၊ တုတ်နဲ့လည်း ရိုက်ကြတယ်၊ ဓားနဲ့လည်း ထိုးကြတယ်။ အဲဒီအခါမှာ သေကြ ကျေကြ၊ သေလုမြောပါး ဒုက္ခရောက်ကြတယ်။ ရဟန်းတို့ . . ဒါဟာလည်း ကာမဂုဏ်တို့ရဲ့ အပြစ်ဖြစ်တယ်။ ကာမဂုဏ်ကြောင့် မျက်မှောက်ထင်ထင် တွေ့မြင်ရတဲ့ ဒုက္ခအစု ဖြစ်တယ်။

ရဟန်းတို့ . . နောက်တစ်မျိုးကတော့ - ကာမဂုဏ်ကြောင့် တစ်ဘက်နှင့်တစ်ဘက် စစ်တိုက်ကြတယ်၊ တစ်နိုင်ငံနှင့် တစ်နိုင်ငံ ကျူးကျော်တိုက်ခိုက်ကြတယ်။ လက်နက်အမျိုးမျိုးဖြင့် ရိုက်ကြ၊ ပုတ်ကြ၊ ထိုးကြ၊ နှက်ကြ၊ ပစ်ကြ၊ ခုတ်ကြ၊ သတ်ကြ၊ ဖြတ်ကြတယ်။ အဲဒီအခါမှာ သေကြ၊ ကျေကြ၊ သေလုမြောပါး ဒုက္ခရောက်ကြတယ်။ ရဟန်းတို့ . . ဒါဟာလည်း ကာမဂုဏ်တို့ရဲ့ အပြစ်ဖြစ်တယ်။ ကာမဂုဏ်ကြောင့် မျက်မှောက်ထင်ထင် တွေ့မြင်ရတဲ့ ဒုက္ခအစု ဖြစ်တယ်။

၁၆၉။ ရဟန်းတို့ . . နောက်တစ်မျိုးကတော့ - ကာမဂုဏ်ကြောင့် အိမ်ကိုလည်း ဖောက်ထွင်းခိုးယူကြတယ်၊ ရွာလုံးကျွတ်ကိုလည်း တိုက်ခိုက်လုယူကြတယ်၊ တစ်အိမ်တည်းကိုလည်း တိုက်ခိုက် လုယူကြတယ်။ လမ်းခရီးမှာလည်း စောင့်၍ လုယူကြတယ်။ သူတပါးရဲ့ သားမယားကိုလည်း သွားလာ ကျူးလွန်ကြတယ်။ အဲဒီပုဂ္ဂိုလ်တွေကို မင်းတို့က ဖမ်းယူ၍ ညှဉ်းပန်းမှု အမျိုးမျိုးကို ပြုကြတယ်။ အဲဒီအခါမှာ သေကြ၊ ကျေကြ၊ သေလုမြောပါး ဒုက္ခရောက်ကြတယ်။ ရဟန်းတို့ . . ဒါဟာလည်း ကာမဂုဏ်တို့ရဲ့ အပြစ် ဖြစ်တယ်။ ကာမဂုဏ်ကြောင့် မျက်မှောက်ထင်ထင် တွေ့မြင်ရတဲ့ ဒုက္ခအစု ဖြစ်တယ်။

ရဟန်းတို့ . . နောက်တစ်မျိုးကတော့ - ကာမဂုဏ်ကြောင့် ကိုယ်, နှုတ်, စိတ်တို့ဖြင့် မကောင်းမှုကို ပြုကြတယ်။ အဲဒီလို ပြုသူတို့ သေတဲ့အခါ ငရဲမှာ ကျကြတယ်။ ရဟန်းတို့ . . ဒါဟာလည်း ကာမဂုဏ်တို့ရဲ့ အပြစ် ဖြစ်တယ်၊ ကာမဂုဏ်ကြောင့် မျက်မှောက် ထင်ထင် တွေ့မြင်ရတဲ့ ဒုက္ခအစု ဖြစ်တယ်။

၁၇၀။ ရဟန်းတို့ . . ကာမဂုဏ်တို့မှ ထွက်မြောက်ရာ ထွက်မြောက်ကြောင်းဟာ ဘာလဲဆိုတော့ - ကာမဂုဏ်တို့အပေါ်မှာ တပ်မက်မှုကို ဖျောက်ခြင်း၊ တပ်မက်မှုကို ပယ်ခြင်း ဖြစ်တယ်။

၁၇၁။ ရဟန်းတို့ . . ရုပ်တို့ရဲ့ သာယာဖွယ်ဟာ ဘာလဲ ဆိုတော့ ဥပမာအားဖြင့် မိန်းကလေးတစ်ယောက်ရှိတယ် ဆိုပါတော့၊ အဲဒီမိန်းကလေးဟာ မရှည်လွန်း၊ မတိုလွန်း၊ မပိန်လွန်း၊ မဝလွန်း၊

မမည်းလွန်း၊ မဖြူလွန်းသူ ဖြစ်တယ်။ ဆယ့်ငါးနှစ် ဆယ့်ခြောက်နှစ်ခန့် အရွယ်ရှိသူ ဖြစ်တယ်။ ရဟန်းတို့ . . . အဲဒီအချိန်မှာ အဲဒီမိန်းကလေးရဲ့ ရုပ်အဆင်းဟာ အလွန်နုပျို လှပနေတယ် မဟုတ်လား?

"မှန်ပါ၊ လှပပါတယ် အရှင်ဘုရား"

ရဟန်းတို့ . . . အဲဒီရုပ်အဆင်း နုပျိုလှပမှုကို အစွဲပြု၍ ဖြစ်ပေါ်လာတဲ့ ချမ်းသာမှု ဝမ်းမြောက်မှုဟာ ရုပ်တို့ရဲ့ သာယာဖွယ် ဖြစ်တယ်။

ရဟန်းတို့ . . . ရုပ်တို့ရဲ့ အပြစ်ဟာ ဘာလဲဆိုတော့- အဲဒီမိန်းကလေးကိုပင် နောင်တစ်ချိန် အသက်ရှစ်ဆယ်၊ ကိုးဆယ်၊ တစ်ရာရှိတဲ့အခါ အိုမင်းယိုယွင်းသွားတာကို တွေ့မြင်နိုင်တယ်။ အဲဒီအခါမှာ အဲဒီအဖွားကြီးဟာ ခါးကိုင်းလာတော့တယ်၊ တောင်ဝှေးကို အားထားရရှာတယ်၊ တုန်တုန်ယင်ယင် သွားလာရရှာတယ်၊ နာကျင်ကိုက်ခဲမှုဒဏ်ကို အလူးအလဲ ခံရရှာတယ်၊ ရွတ်တွလာတော့တယ်၊ သွားကျိုး၊ ဆံဖြူ၊ ဆံပင်ကျွတ်၊ ထိပ်ပြောင်၊ အရေတွန့်၊ မှဲ့မည်း စွဲလာတော့တယ်။ ရဟန်းတို့ . . . အဲဒါကို ဘယ်လိုထင်ကြသလဲ? ရှေးက သူရဲ့ ရုပ်အဆင်း နုပျိုလှပခြင်းဟာ ကွယ်ပျောက်ခဲ့ပြီ မဟုတ်လော? အပြစ်သာ ထင်ရှားဖြစ်ပေါ်လာခဲ့ပြီ မဟုတ်လော ?

"မှန်ပါ အရှင်ဘုရား"။

ရဟန်းတို့ . . . ဒါဟာ ရုပ်တို့ရဲ့ အပြစ် ဖြစ်တယ်။

ရဟန်းတို့ . . . နောက်တစ်မျိုးကတော့ - အနာရောဂါ ရနေတဲ့ အဲဒီမိန်းကလေးကို တွေ့မြင်နိုင်တယ်။ အဲဒီအခါမှာ အဲဒီမိန်းကလေးဟာ အလွန်ဆင်းရဲစွာ ရောဂါဝေဒနာဒဏ်ကို ခံစားရတယ်၊ မိမိရဲ့ ကျင်ကြီးကျင်ငယ်ထဲမှာ လူးလှိမ့်နေရတယ်၊ သူတစ်ပါးတို့ရဲ့ ထူပေး၊ သိပ်ပေးမှုကို ခံယူနေရတယ်။ ရဟန်းတို့ အဲဒါကို ဘယ်လို ထင်ကြသလဲ ? ရှေးက သူရဲ့ ရုပ်အဆင်း နုပျိုလှပခြင်းဟာ ကွယ်ပျောက်ခဲ့ပြီ မဟုတ်လော? အပြစ်သာ ထင်ရှားစွာ ဖြစ်ပေါ်လာခဲ့ပြီး မဟုတ်လော?

"မှန်ပါ အရှင်ဘုရား"

ရဟန်းတို့ . . . ဒါဟာလည်း ရုပ်တို့ရဲ့ အပြစ် ဖြစ်တယ်။

၁၇၂။ ရဟန်းတို့. . .နောက်တစ်မျိုးကတော့ - အဲဒီမိန်းကလေး ကိုပင် သေပြီး တစ်ရက်၊ နှစ်ရက်၊ သုံးရက်ကြာလို့ သင်္ချိုင်းမှာ စွန့်ပစ်ခံရပြီး ပုပ်ပွညိုမဲ ပြည်ယိုရွဲနေတဲ့ အလောင်းကောင် ဖြစ်သွားတာကို တွေ့မြင်ရနိုင်တယ်။ ရဟန်းတို့ . . . အဲဒါကို ဘယ်လို ထင်ကြသလဲ? ရှေးက သူရဲ့ ရုပ်အဆင်း နုပျိုလှပခြင်းဟာ ကွယ်ပျောက်ခဲ့ပြီ မဟုတ်လော?

"မှန်ပါ အရှင်ဘုရား"။

ရဟန်းတို့ . . . ဒါဟာလည်း ရုပ်တို့ရဲ့အပြစ် ဖြစ်တယ်။

ရဟန်းတို့ . . . နောက်တစ်မျိုးကတော့ - အဲဒီမိန်းကလေး သည်ပင် သေလို့ သင်္ချိုင်းမှာ စွန့်ပစ်ခံရပြီး ကျီး၊ လင်းတ၊ ခွေး

စသည်တို့ ခဲစားထားအပ်တဲ့ အလောင်းကောင်လည်း ဖြစ်သွားနိုင်တယ်။

သွေးသားမပျက် အကြောယှက်၍ အရိုးဆက်လျက်ရှိသေးတဲ့ အလောင်းကောင်လည်း ဖြစ်သွားနိုင်တယ်။

အသားမရှိတော့ဘဲ သွေးပေပွလျက် အကြောယှက်၍ အရိုးကွင်းဆက်လျက်ရှိသေးတဲ့ အလောင်းကောင်လည်း ဖြစ်သွားနိုင်တယ်။

သွေးသားကင်းလျက် အကြောယှက်၍ အရိုးဆက်လျက်ရှိသေးတဲ့ အလောင်းကောင်လည်း ဖြစ်သွားနိုင်တယ်။

လက်ရိုးတခြား၊ ခြေရိုးတခြား၊ ခေါင်းရိုတခြား၊ နံရိုး တခြားစသည်အားဖြင့် အရိုးများ အစိတ်စိတ် ပြန့်ကျဲသွားတဲ့ အလောင်းကောင်လည်း ဖြစ်သွားနိုင်တယ်။

ခရုသင်းအဆင်းကဲ့သို့ ဖြူဖွေးတဲ့ အရိုးအဖြစ်သို့ ရောက်သွားတဲ့ အလောင်းကောင်လည်း ဖြစ်သွားနိုင်တယ်။

နှစ်လွန်ပြီး ကြာ၍ အရိုးဆွေး အဖြစ်သို့ ရောက်သွားတဲ့ အလောင်းကောင်လည်း ဖြစ်သွားနိုင်တယ်။

ပုပ်ပွ၍ အရိုးမှုန့်အဖြစ်သို့ ရောက်သွားတဲ့ အလောင်းကောင်လည်း ဖြစ်သွားနိုင်တယ်။

ရဟန်းတို့. . . အဲဒါကို ဘယ်လိုထင်ကြသလဲ? ရှေးက သူ့ရဲ့ ရုပ်အဆင်း နုပျိုလှပခြင်းဟာ ကွယ်ပျောက်ခဲ့ပြီ မဟုတ် လော? အပြစ်သာ ထင်ရှားစွာ ဖြစ်ပေါ်လာခဲ့ပြီ မဟုတ်လော?

"မှန်ပါ အရှင်ဘုရား"။

ရဟန်းတို့ . . . ဒါဟာလည်း ရုပ်တို့ရဲ့ အပြစ် ဖြစ်တယ်။

ရဟန်းတို့ . . . ရုပ်တို့မှ ထွက်မြောက်ရာ ထွက်မြောက်ကြောင်းဟာ ဘာလဲဆိုတော့ - ရုပ်တို့အပေါ်၌ တပ်မက်မှုကို ဖျောက်ခြင်း၊ တပ်မက်မှုကို ပယ်ခြင်း ဖြစ်တယ်။

၁၇၃။ ရဟန်းတို့ . . . ဝေဒနာတို့ရဲ့ သာယာဖွယ်ဟာ ဘာလဲဆိုတော့ - ဈာန်လေးပါး ဝင်စားနေတဲ့အချိန် အသီးအသီးမှာ မိမိဆင်းရဲဖို့ရာလည်း ကြောင့်ကြမစိုက်၊ သူတပါး ဆင်းရဲဖို့ရာလည်း ကြောင့်ကြမစိုက်၊ မိမိ သူတပါး နှစ်ဦးသားလုံး ဆင်းရဲဖို့ရာလည်း ကြောင့်ကြမစိုက်။ အဲဒီအချိန်မှာ ဆင်းရဲမရှိတဲ့ ဝေဒနာကိုသာ ခံစားနေရတယ်။ ရဟန်းတို့ . . . ဆင်းရဲ မရှိခြင်းဟာ ဝေဒနာတို့ရဲ့ သာယာဖွယ် အစစ် ဖြစ်တယ်။

၁၇၄။ ရဟန်းတို့ . . . ဝေဒနာတို့ရဲ့ အပြစ်ဟာ ဘာလဲဆိုတော့- ဝေဒနာတို့ဟာ မမြဲကြ၊ ဆင်းရဲကြောင်း ဖြစ်ကြတယ်၊ ဖောက်ပြန်ခြင်း သဘောရှိကြတယ်။ ရဟန်းတို့ . . . ဒါဟာ ဝေဒနာတို့ရဲ့ အပြစ် ဖြစ်တယ်။

ရဟန်းတို့ . . . ဝေဒနာတို့မှ ထွက်မြောက်ရာ ထွက်မြောက်ကြောင်းဟာ ဘာလဲဆိုတော့ - ဝေဒနာတို့ အပေါ်မှာ တပ်မက်မှုကို ဖျောက်ခြင်း၊ တပ်မက်မှုကို ပယ်ခြင်း ဖြစ်တယ်။

ရဟန်းတို့ . . . အခုဟောပြခဲ့တဲ့အတိုင်း ကာမဂုဏ်၊ ရုပ်၊ ဝေဒနာတို့ရဲ့ သာယာဖွယ်ကို သာယာဖွယ်အားဖြင့်၊ အပြစ်ကို

အပြစ်အားဖြင့်၊ ထွက်မြောက်ရာ ထွက်မြောက်ကြောင်းကို ထွက်မြောက်ရာ ထွက်မြောက်ကြောင်းအားဖြင့် အမှန်အတိုင်း မသိကြတဲ့ ပရိဗိုဇ်, ပုဏ္ဏားတို့ဟာ ကိုယ်တိုင် ကာမဂုဏ်၊ ရုပ်၊ ဝေဒနာတို့ကို ပိုင်းခြား၍ (ကွဲကွဲပြားပြား) သိကြလိမ့်မယ် ဆိုတာလည်း မဖြစ်နိုင်။ သူတပါးကို ကာမဂုဏ်၊ ရုပ်၊ ဝေဒနာ သိကြောင်း အကျင့်ကို ဟောပြနိုင်လိမ့်မယ် ဆိုတာလည်း မဖြစ်နိုင်။

အခု ဟောပြခဲ့တဲ့အတိုင်း ကာမဂုဏ်၊ ရုပ်၊ ဝေဒနာတို့ရဲ့ သာယာဖွယ်ကို သာယာဖွယ်အားဖြင့်၊ အပြစ်ကို အပြစ်အားဖြင့်၊ ထွက်မြောက် ရာထွက်မြောက်ကြောင်းကို ထွက်မြောက်ရာ ထွက်မြောက်ကြောင်းအားဖြင့် အမှန်အတိုင်း သိကြတဲ့ ပရိဗိုဇ်, ပုဏ္ဏားတို့ကတော့ ကိုယ်တိုင် ကာမဂုဏ်၊ ရုပ်၊ ဝေဒနာတို့ကို ပိုင်းခြား၍ (ကွဲကွဲပြားပြား) သိကြလိမ့်မယ် ဆိုတာလည်း ဖြစ်နိုင်တယ်။ သူတစ်ပါးကို ကာမဂုဏ်၊ ရုပ်၊ ဝေဒနာ သိကြောင်း အကျင့်ကို ဟောပြနိုင်လိမ့်မယ် ဆိုတာလည်း ဖြစ်နိုင်တယ်။

အဲဒီလိုဟောပြတဲ့ မြတ်စွာဘုရားရဲ့ တရားတော်ကို ရဟန်းများ နှစ်သက်သဘောကျပြီး သာဓုခေါ် ဆိုခဲ့ကြပါတယ်။

**မဟာဒုက္ခက္ခန္ဓသုတ် ပြီးပြီ။**

❊ ❊ ❊

## ၄ - စူဠဒုက္ခက္ခန္ဓသုတ်

၁၇၅။ အခါတစ်ပါးမှာ သက္ကတိုင်း၊ ကပိလဝတ်မြို့၊ နိဂြောဓာရုံ ကျောင်းတိုက်မှာ မြတ်စွာဘုရား သီတင်းသုံးနေတော်မူပါတယ်။ အဲဒီအခါမှာ မဟာနာမ်ဆိုတဲ့ သာကီဝင်မင်းဟာ မြတ်စွာဘုရား အထံတော်သို့ သွားရောက်ပြီး အခုလို လျှောက်ထားပါတယ်။

"မြတ်စွာဘုရား. . . လောဘ, ဒေါသ, မောဟတို့ဟာ စိတ်ရဲ့ ညစ်နွမ်းကြောင်းများ ဖြစ်ကြတယ်"လို့ မြတ်စွာဘုရား ဟောကြားထားတော်မူအပ်သော တရားတော်ကို တပည့်တော် (သကဒါဂါမ် ဖြစ်သည်မှစ၍) ကြာမြင့်စွာကပင် သိပါတယ် ဘုရား။ မြတ်စွာဘုရား. . . ဒါပေမဲ့ တစ်ခါတစ်ရံ တပည့်တော်ရဲ့ ပင်ကိုယ်စိတ်ရဲ့ နေရာမှာ လောဘ, ဒေါသ, မောဟတို့က အစားထိုးဝင်ရောက်တတ်ကြပါတယ် ဘုရား။ ဒါနဲ့ "ငါရဲ့ သန္တာန်မှာ အဘယ်သဘောကို မပယ်ရသေးသောကြောင့် တစ်ခါတစ်ရံ ငါရဲ့ ပင်ကိုယ်စိတ်နေရာမှာ လောဘ, ဒေါသ, မောဟတို့ အစားထိုး ဝင်ရောက်လာကြသလဲ"လို့ တပည့်တော် စဉ်းစားမိပါတယ်ဘုရား။"

၁၇၆။ မဟာနာမ်. . . သင်ရဲ့ သန္တာန်မှာရှိတဲ့ တပ်မက်မှု သဘောကို သင် မပယ်ရသေးသောကြောင့်သာ တစ်ခါတစ်ရံ သင်ရဲ့ ပင်ကိုယ်စိတ်နေရာမှာ လောဘ, ဒေါသ, မောဟတို့က အစားထိုးဝင်ရောက်လာကြတယ်။ အကယ်၍ သင်ရဲ့ သန္တာန် မှာရှိတဲ့ တပ်မက်မှုသဘောကို သင် ပယ်ပြီးလျှင် သင်ဟာ

အိမ်ရာတည်ထောင် လူတို့ဘောင်မှာ နေတော့လိမ့်မည် မဟုတ်၊ ကာမဂုဏ်တို့ကိုလည်း ခံစားတော့လိမ့်မယ်မဟုတ်။ သင်ရဲ့ သန္တာန်မှာရှိတဲ့ တပ်မက်မှုသဘောကို မပယ်ရသေးသော ကြောင့်သာ သင်ဟာ အိမ်ရာတည်ထောင် လူတို့ဘောင်မှာလည်း နေထိုင်တယ်။ ကာမဂုဏ်တို့ကိုလည်း ခံစားနေတယ်။

၁၇၇။ မဟာနာမ်. . . "ကာမဂုဏ်တို့ကား သာယာဖွယ် နည်းကြတယ်၊ ဆင်းရဲဒုက္ခ များကြတယ်၊ ပူဆွေးရမှု များကြတယ်၊ အပြစ်များကြတယ်"လို့ ဘုရားသားတော်ဟာ အမှန်ကို သိနိုင်တဲ့ ပညာနဲ့ အမှန်အတိုင်း သိမြင်တယ်၊ ဒါပေမယ့် သူဟာ ကာမဂုဏ်တို့ကို ရှောင်ကြဉ်မှု၊ အကုသိုလ်တရားတို့ကို ရှောင်ကြဉ်မှု ရနိုင်တဲ့ အောက်စျာန်နှစ်ပါးကို ဖြစ်စေ၊ အဲဒီ အောက်စျာန်နှစ်ပါးထက် ပိုပြီး ငြိမ်သက်တဲ့ အထက်စျာန် အထက်မဂ်ကို ဖြစ်စေ မရသေး၊ အဲဒီလိုဖြစ်လျှင် သူဟာ ကာမဘဝတို့၌ ပြန်လည်၍ ဖြစ်ခြင်းမရှိသူ မဖြစ်နိုင်သေး၊ အဲဒီ အောက်စျာန်နှစ်ပါးကိုဖြစ်စေ၊ အထက်စျာန် အထက်မဂ်ကို ဖြစ်စေ ရမှသာ သူဟာ ကာမဘဝတို့၌ ပြန်လည်၍ ဖြစ်ခြင်း မရှိသူ ဖြစ်နိုင်တယ်။

မဟာနာမ်. . . ငါဘုရားဟာ ဘုရားမဖြစ်မီ ဘုရား အလောင်းသာ ဖြစ်စဉ်အခါက "ကာမဂုဏ်တို့ဟာ သာယာဖွယ် နည်းကြတယ်၊ ဆင်းရဲဒုက္ခ များကြတယ်၊ ပူဆွေးရမှု များကြတယ်၊ အပြစ်များကြတယ်"လို့ အမှန်ကို သိနိုင်တဲ့ ပညာနဲ့ အမှန်အတိုင်း သိပြီး ကာမဂုဏ်ကို ရှောင်ကြဉ်မှု၊ အကုသိုလ်တရားတို့ကို

ရှောင်ကြဉ်မှု ရနိုင်တဲ့ အောက်ချောက်နှစ်ပါးကို ဖြစ်စေ၊ အဲဒီ အောက်ချောက်နှစ်ပါးထက် ပိုပြီး ငြိမ်သက်တဲ့ အထက်ချောက်၊ အထက်မဂ်ကိုဖြစ်စေ မရသေးတဲ့အခါ “ငါဟာ ကာမဘဝတို့၌ ပြန်လည်၍ ဖြစ်ခြင်း မရှိသူ ဖြစ်ပြီ”လို့ ဝန်မခံခဲ့သေး။ အဲဒီ အောက်ချောက်နှစ်ပါးကို ဖြစ်စေ၊ အထက်ချောက် အထက်မဂ်ကိုဖြစ်စေ ရမှသာ “ငါဟာ ကာမဘဝတို့၌ ပြန်လည်၍ ဖြစ်ခြင်းမရှိသူ ဖြစ်ပြီ”ဟု ဝန်ခံတော်မူခဲ့တယ်။

၁၇၈။ မဟာနာမ် . . . ကာမဂုဏ်တို့ရဲ့ သာယာဖွယ်ဆိုတာ ဘာဘဲဆိုတော့ - ကာမဂုဏ်ဟာ ငါးမျိုးရှိတယ်။ အဲဒီငါးမျိုးဆိုတာ လိုချင်နှစ်သက်ဖွယ်ကောင်းတဲ့ အဆင်း၊ အသံ၊ အနံ့၊ အရသာနှင့် အတွေ့အထိတို့ ဖြစ်တယ်။ အဲဒီကာမဂုဏ် ငါးပါးကို အစွဲပြုပြီး ဖြစ်တဲ့ချမ်းသာမှု ဝမ်းမြောက်မှုဟာ ကာမဂုဏ်တို့ရဲ့ သာယာဖွယ် ဖြစ်တယ်။

မဟာနာမ် . . . ကာမဂုဏ်တို့ရဲ့ အပြစ်ဟာ ဘာလဲဆိုတော့ လောကမှာ အမျိုးကောင်းသားတစ်ယောက်ဟာ အတတ် ပညာတစ်မျိုးမျိုးနဲ့ အသက်မွေးနေတယ်။ (စီးပွားရေး လုပ်ကိုင် နေတယ်။) သူဟာ အအေးကိုလည်း ရင်ဆိုင်ရတတ်တယ်၊ အပူကိုလည်း ရင်ဆိုင်ရတတ်တယ်၊ မှက်၊ ခြင်၊ လေ၊ နေပူ၊ မြွေ၊ ကင်း စသည်တို့ရဲ့ ဒဏ်ကိုလည်း ခံရတတ်တယ်။ ငတ်မွတ်ခြင်း ကြောင့်သော်လည်း သေရတတ်တယ်။ မဟာနာမ် . . . ဒါဟာ

ကာမဂုဏ်တို့ရဲ့ အပြစ် ဖြစ်တယ်။ ကာမဂုဏ်ကြောင့် မျက်မှောက် ထင်ထင် တွေ့မြင်ရတဲ့ ဒုက္ခအစု ဖြစ်တယ်။

မဟာနာမ်. . . အဲဒီအမျိုးကောင်းသားဟာ အဲဒီလို ကြိုးစား အားထုတ်ပါလျက် စည်းစိမ်ဥစ္စာများ မပြည့်စုံခဲ့လျှင် (စီးပွားရေး အဆင်မပြေခဲ့လျှင်) "ငါရဲ့ ကြိုးစားအားထုတ်မှုဟာ အလကား ဖြစ်ပါတကား၊ အကျိုးမရှိပါတကား"လို့ သောက ရောက်ရ၊ ပင်ပန်းရ၊ ငိုကြွေးရတယ်။ ရင်ဘတ်စည်တီး မြည်ဟီး အော်ဟစ် ရတယ်၊ တွေဝေမိန်းမောသွားတော့တယ်။ မဟာနာမ်. . . ဒါဟာလည်း ကာမဂုဏ်တို့ရဲ့ အပြစ်ဖြစ်တယ်။ ကာမဂုဏ်တို့ကြောင့် မျက်မှောက်ထင်ထင် တွေ့မြင်ရတဲ့ ဒုက္ခအစု ဖြစ်တယ်။

မဟာနာမ်. . . အဲဒီအမျိုးကောင်းသား အဲဒီလို ကြိုးစား အားထုတ်လို့ စည်းစိမ်ဥစ္စာများ ပြည့်စုံလာပြန်တော့ (စီးပွားရေး အဆင်ပြေလာပြန်တော့) အဲဒီစည်းစိမ်ဥစ္စာများကို ရန်သူမျိုး ငါးပါး မဖျက်ဆီးအောင် ထိန်းသိမ်းစောင့်ရှောက်ရတဲ့ ကိုယ် ဆင်းရဲမှု၊ စိတ် ဆင်းရဲမှုဒဏ်ကို ခံစားရပြန်တယ်။ အဲဒီလို ထိန်းသိမ်းစောင့်ရှောက် ပါလျက် စည်းစိမ်ဥစ္စာတို့ကို ရန်သူမျိုး ငါးပါးရဲ့ ဖျက်ဆီးမှုဒဏ် ခံရတဲ့အခါ "ငါပိုင်ခဲ့တာတွေ မရှိတော့ပါတကား"လို့ သောကရောက်ရ၊ ငိုကြွေးရ၊ ပင်ပန်း ရတယ်၊ ရင်ဘတ်စည်တီး မြည်ဟီးအော်ဟစ်ရတယ်၊ တွေဝေ မိန်းမောသွားတော့တယ်။ မဟာနာမ်. . . ဒါဟာလည်း ကာမဂုဏ်တို့ရဲ့ အပြစ် ဖြစ်တယ်။

ကာမဂုဏ်တို့ကြောင့် မျက်မှောက် ထင်ထင် တွေ့မြင်ရတဲ့ ဒုက္ခအစု ဖြစ်တယ်။

မဟာနာမ် . . . နောက်တစ်မျိုးကတော့ ကာမဂုဏ်ကြောင့် မင်းအချင်းချင်းလည်း ငြင်းခုံကြတယ်၊ မင်းမျိုးအချင်းချင်းလည်း ငြင်းခုံကြတယ်၊ ပုဏ္ဏားအချင်းချင်းလည်း ငြင်းခုံကြတယ်၊ သူကြွယ် အချင်းချင်းလည်း ငြင်းခုံကြတယ်၊ သားအမိချင်းလည်း ငြင်းခုံကြတယ်၊ သားအဖချင်းလည်း ငြင်းခုံကြတယ်၊ ညီအစ်ကို မောင်နှမချင်းလည်း ငြင်းခုံကြတယ်။ အဲဒီလို ငြင်းခုံရာက သဘောထားကွဲလွဲကြ၊ ရန်ဖြစ်ကြပြီး အချင်းချင်း လက်နဲ့လည်း ထိုးကြကြိတ်ကြတယ်၊ ခဲနဲ့လည်းထုကြတယ်၊ တုတ်နဲ့လည်း ရိုက်ကြတယ်၊ ဓားနဲ့လည်း ထိုးကြတယ်။ အဲဒီအခါမှာ သေကြ ကျေကြ၊ သေလုမြောပါး ဒုက္ခရောက်ကြတယ်။ မဟာနာမ် ဒါဟာလည်း ကာမဂုဏ်တို့ရဲ့ အပြစ် ဖြစ်တယ်။ ကာမဂုဏ်ကြောင့် မျက်မှောက်ထင်ထင် တွေ့မြင်ရတဲ့ ဒုက္ခအစု ဖြစ်တယ်။

မဟာနာမ် . . . နောက်တစ်မျိုးကတော့ - ကာမဂုဏ်ကြောင့် တစ်ဖက်နှင့်တစ်ဖက် စစ်တိုက်ကြတယ်၊ တစ်နိုင်ငံနှင့် တစ်နိုင်ငံ ကျူးကျော်တိုက်ခိုက်ကြတယ်။ လက်နက် အမျိုးမျိုးနဲ့ ရိုက်ကြ၊ ပုတ်ကြ၊ ထိုးကြ၊ နှက်ကြ၊ ပစ်ကြ၊ ခုတ်ကြ၊ သတ်ကြ၊ ဖြတ်ကြတယ်။ အဲဒီအခါမှာ သေကြ၊ ကျေကြ၊ သေလုမြောပါး ဒုက္ခရောက်ကြ တယ်။ မဟာနာမ် . . . ဒါဟာလည်း ကာမဂုဏ်တို့ရဲ့ အပြစ်

ဖြစ်တယ်။ ကာမဂုဏ်ကြောင့် မျက်မှောက်ထင်ထင် တွေ့မြင်ရတဲ့ ဒုက္ခအစု ဖြစ်တယ်။

မဟာနာမ် . . . နောက်တစ်မျိုးကတော့ - ကာမဂုဏ်ကြောင့် အိမ်ကိုလည်း ဖောက်ထွင်းခိုးယူကြတယ်၊ ရွာလုံးကျွတ်ကိုလည်း တိုက်ခိုက်လုယူကြတယ်၊ တစ်အိမ်တည်းကိုလည်း တိုက်ခိုက် လုယူကြတယ်။ လမ်းခရီးမှာလည်း စောင့်၍ လုယူကြတယ်။ သူတစ်ပါးရဲ့ သားမယားကိုလည်း သွားလာ ကျူးလွန်ကြကယ်။ အဲဒီပုဂ္ဂိုလ်တွေကို မင်းတို့က ဖမ်းယူ၍ ညှဉ်းပန်းမှု အမျိုးမျိုးကို ပြုကြတယ်။ အဲဒီအခါမှာ သေကြ ကျေကြ၊ သေလုမြောပါး ဒုက္ခရောက်ကြတယ်။ မဟာနာမ် . . . ဒါဟာလည်း ကာမဂုဏ်တို့ရဲ့ အပြစ် ဖြစ်တယ်။ ကာမဂုဏ်ကြောင့် မျက်မှောက်ထင်ထင် တွေ့မြင်ရတဲ့ ဒုက္ခအစု ဖြစ်တယ်။

မဟာနာမ် . . . နောက်တစ်မျိုးကတော့ - ကာမဂုဏ်ကြောင့် ကိုယ်, နှုတ်, စိတ်တို့ဖြင့် မကောင်းမှုကို ပြုကြတယ်။ အဲဒီလို ပြုသူတို့ သေတဲ့အခါ ငရဲမှာ ကျကြတယ်။ မဟာနာမ် . . . ဒါဟာလည်း ကာမဂုဏ်တို့ရဲ့ အပြစ် ဖြစ်တယ်၊ ကာမဂုဏ်ကြောင့် မျက်မှောက်ထင်ထင် တွေ့မြင်ရတဲ့ **ဒုက္ခ**အစု ဖြစ်တယ်။

၁၇၉။ မဟာနာမ် . . . **အခါ**တစ်ပါးမှာ ငါဘုရားဟာ ရာဇဂြိုဟ်မြို့၊ ဂိဇ္ဈကုဋ်တောင်မှာ သီတင်းသုံးနေတော်မူတယ်။ အဲဒီအခါမှာ နိဂဏ္ဌ (တိတ္ထိ) များစွာက ငါဘုရားအား လျှောက်ထား ခဲ့ကြတယ်။

(၁၅၇)

"ငါ့ရှင် ဂေါတမ. . . သုခဖြင့် သုခ (ဒုက္ခကုန်ဆုံးမှု)ကို မရနိုင်။ ဒုက္ခဖြင့်သာ သုခကို ရနိုင်တယ်။ ငါ့ရှင် ဂေါတမ. . . အကယ်၍ သုခဖြင့်သုခကို ရနိုင်လျှင် ဗိမ္ဗိသာရမင်းဟာ သုခကို ရနိုင်စရာ ရှိတယ်၊ ဘာလို့လဲဆိုတော့ - ဗိမ္ဗိသာရမင်းဟာ အရှင်ဂေါတမထက် ပိုပြီး ချမ်းချမ်းသာသာ နေရလို့ပဲ။"

"အရှင် နိဂဏ္ဌတို့. . . မဆင်မခြင် သတိလက်လွတ် အဲဒီစကားကို ပြောကြားကြတာပဲ၊ တကယ်တော့ အဲဒီ ပြဿနာမှာ 'ဗိမ္ဗိသာရမင်းနှင့် အရှင်ဂေါတမ၊ ဘယ်သူကပိုပြီး ချမ်းသာစွာ နေရပါသလဲ'လို့ ငါ့ကိုသာ အရင် မေးသင့်တယ်။"

"အရှင်ဂေါတမ. . . အကျွန်ုပ်တို့ မဆင်မခြင် သတိလက်လွတ် အဲဒီစကားကို ပြောကြားမိကြပါတယ်။ အဲဒါ ရှိပါစေတော့။ အခုလည်း အရှင်ဂေါတမကို မေးပါတယ်၊ ဗိမ္ဗိသာရမင်းနှင့် အရှင်ဂေါတမ ဘယ်သူက ပိုပြီး ချမ်းသာစွာ နေရပါသလဲ?"

"ငါ့ရှင် နိဂဏ္ဌတို့. . . ဒါဆိုလျှင် ဒီနေရာမှာ သင်တို့ကိုပဲ ပြန်မေးဦးမယ်၊ သင်တို့ ကြိုက်သလို ဖြေကြ၊ ငါ့ရှင် နိဂဏ္ဌတို့. . အဲဒါကို ဘယ်လို ထင်ကြသလဲ? ဗိမ္ဗိသာရမင်းဟာ ကိုယ်ကိုလည်း မလှုပ်ရှား၊ စကားလည်း မပြောကြားဘဲ ခုနစ်ရက်တိတိ ချမ်းသာ သက်သက်ချည်း ခံစားပြီး နေနိုင်သလား?"

"မနေနိုင်ပါ ငါ့ရှင်။"

"ခြောက်ရက်၊ ငါးရက်၊ လေးရက်၊ သုံးရက်၊ နှစ်ရက်၊ တစ်ရက်တိတိ အဲဒီလို ချမ်းသာသက်သက်ချည်း ခံစားပြီး နေနိုင်သလား ?"

"မနေနိုင်ပါ ငါ့ရှင်။"

"ငါ့ရှင် နိဂဏ္ဌတို့ . . ငါဘုရားကား ကိုယ်ကိုလည်း မလှုပ်ရှား၊ စကားလည်း မပြောကြားဘဲ တစ်ရက်တိတိ၊ နှစ်ရက်၊ သုံးရက်၊ လေးရက်၊ ငါးရက်၊ ခြောက်ရက်၊ ခုနစ်ရက်တိတိ ချမ်းသာ သက်သက်ချည်း ခံစားပြီး နေတော်မူနိုင်တယ်။ ငါ့ရှင် နိဂဏ္ဌတို့ . . အဲဒါကို ဘယ်လိုထင်ကြသလဲ ? ဒီလိုဆိုတော့ ဗိမ္ဗိသာရမင်းနှင့် ငါဘုရား ဘယ်သူကပိုပြီး ချမ်းသာစွာ နေနိုင်သလဲ ?"

"ဒီလိုဆိုတော့ အရှင်ဂေါတမကသာ ဗိမ္ဗိသာရမင်းထက် ပိုပြီး ချမ်းသာစွာ နေနိုင်ပါတယ်။"

အဲဒီလို မြတ်စွာဘုရားက ဟောပြတော်မူတဲ့အခါ မဟာနာမ် သာကီဝင်မင်းဟာ နှစ်သက်သဘောကျပြီး ဝမ်းမြောက်ဝမ်းသာ သာဓုခေါ် ဆိုခဲ့ပါတယ်။

**စူဠဒုက္ခက္ခန္ဓသုတ် ပြီးပြီ။**

❊ ❊ ❊

## ၅ - အနုမာနသုတ်

၁၈၁။ အခါတစ်ပါးမှာ အရှင်မဟာမောဂ္ဂလ္လာန်မထေရ်ဟာ ဘဂ္ဂတိုင်း၊ သုသုမာရဂိရမြို့၊ ဘေသကဠာဆိုတဲ့ မိဂဒါဝုန်တောမှာ သီတင်းသုံးနေတော်မူပါတယ်။ အဲဒီတောမှာ အရှင်မဟာမောဂ္ဂလ္လာန်မထေရ်က ရဟန်းတို့အား အခုလို ဟောကြားတော်မူခဲ့ပါတယ်။

ငါ့ရှင်တို့ . . . ရဟန်းတစ်ပါးဟာ "အရှင်ဘုရားတို့ တပည့်တော်ကို ပြောဆိုဆုံးမကြပါ၊ တပည့်တော်ဟာ အရှင်ဘုရားတို့ရဲ့ ပြောဆိုဆုံးမထိုက်သူ ဖြစ်ပါတယ်"လို့ လျှောက်ထားဖိတ်မန်တယ်။ ဒါပေမဲ့ အဲဒီရဟန်းဟာ ပြောရဆိုရခက်သူ၊ ပြောရဆိုရခက်ကြောင်းတရားတို့နှင့် ပြည့်စုံသူ၊ သည်းမခံသူ၊ အဆုံးအမကို ရိုသေစွာ မနာယူသူ ဖြစ်နေတယ်။ အဲဒီလို ဖြစ်လျှင် သီတင်းသုံးဖော်တို့က အဲဒီ ရဟန်းကို ပြောဆိုဆုံးမထိုက်သူလို့ မမှတ်ထင်ကြ၊ အဲဒီရဟန်းနှင့် ရောနှောပေါင်းသင်းထိုက်တယ်လို့လည်း မမှတ်ထင်ကြ။

ငါ့ရှင်တို့ . . . ပြောရဆိုရခက်ကြောင်းတရားတွေဟာ ဘာတွေလဲဆိုတော့ –

- ရဟန်းတစ်ပါးဟာ အလိုဆိုးရှိသူ၊ အလိုဆိုးနောက်သို့ လိုက်သူ ဖြစ်တယ်။

- မိမိကိုယ်ကိုမြှင့်တင်၍ သူတစ်ပါးကို ရှုတ်ချသူ ဖြစ်တယ်။
- အမျက်ဒေါသ ထွက်လေ့ရှိသူ၊ အမျက်ဒေါသရဲ့ လွှမ်းမိုးမှုကို ခံရသူ ဖြစ်တယ်။
- အမျက်ဒေါသ ထွက်လေ့ရှိသူ၊ အမျက်ဒေါသ ကြောင့် ရန်ငြိုးဖွဲ့လေ့ရှိသူ ဖြစ်တယ်။
- အမျက်ဒေါသ ထွက်လေ့ရှိသူ၊ အမျက်ဒေါသ ကြောင့် အစွဲကြီးသူ ဖြစ်တယ်။
- အမျက်ဒေါသ ထွက်လေ့ရှိသူ၊ အမျက်ဒေါသ နှင့် နီးစပ်တဲ့စကားကို ပြောဆိုတတ်သူ ဖြစ်တယ်။
- အပြစ်တင်ခံရလျှင် အပြစ်တင်သူကို ဆန့်ကျင်ဘက် ပြုတတ်တယ်။
- အပြစ်တင်ခံရလျှင် အပြစ်တင်သူကို ကြိမ်း-မောင်းတတ်တယ်။
- အပြစ်တင်ခံရလျှင် အပြစ်တင်သူကို အပြစ် ပြန်တင်တတ်တယ်။
- အပြစ်တင်ခံရလျှင် တခြားစီဖြစ်တဲ့ အကြောင်း ကို ပြောပြ၍ ဖုံးလွှမ်းတတ်တယ်။ စကားကို အပြင်ပသို့ လွှဲတတ်တယ်။ အမျက်ထွက်တတ်၊ ပြစ်မှားတတ်၊ စိတ်ဆိုးတတ်တယ်။

- အပြစ်တင်ခံရလျှင် မိမိရဲ့ ဖြစ်စဉ် (အဖြစ်အပျက်)ကို ရှင်းမပြနိုင်။
- ကျေးဇူးကန်းသူ၊ ဂုဏ်ပြိုင်တတ်သူ ဖြစ်တယ်။
- မနာလိုသူ၊ နှမြောဝန်တိုသူ ဖြစ်တယ်။
- ကောက်ကျစ်စဉ်းလဲသူ၊ လှည့်ပတ်တတ်သူ ဖြစ်တယ်။
- ခက်ထန်သူ၊ မာနကြီးသူ ဖြစ်တယ်။
- အယူသီးသူ၊ တစ်ယူသန်သူ၊ စွန့်နိုင်ခဲသူ ဖြစ်တယ်။

ငါ့ရှင်တို့. . . ဒါတွေဟာ ပြောရဆိုရခက်ကြောင်း တရားများ ဖြစ်ကြတယ်။

၁၈၂။ ငါ့ရှင်တို့. . . ရဟန်းတစ်ပါးဟာ "အရှင်ဘုရားတို့ တပည့်တော်ကို ပြောဆိုဆုံးမကြပါ၊ တပည့်တော်ဟာ အရှင်ဘုရားတို့ရဲ့ ပြောဆိုဆုံးမထိုက်သူ ဖြစ်ပါတယ်"လို့တော့ မဖိတ်မန်၊ ဒါပေမဲ့ အဲဒီရဟန်းဟာ ပြောရဆိုရလွယ်သူ၊ ပြောရ ဆိုရလွယ်ကြောင်း တရားများနှင့် ပြည့်စုံသူ၊ သည်းခံသူ၊ အဆုံး အမကို ရိုသေစွာ နာယူသူ ဖြစ်တယ်။ ဒါ့ကြောင့် သီတင်းသုံးဖော်များက အဲဒီရဟန်းကို ပြောဆိုဆုံးမထိုက်သူလို့ မှတ်ထင်ကြတယ်။ အဲဒီရဟန်းနှင့် ရောနှောပေါင်းသင်းထိုက်တယ်လို့ မှတ်ထင်ကြတယ်။

ငါ့ရှင်တို့ . . . ပြောရဆိုရလွယ်ကြောင်းတရားတွေဟာ ဘာတွေလဲဆိုတော့ –

ရဟန်းတစ်ပါးဟာ အလိုဆိုးကင်းသူ၊ အလိုဆိုးနောက် မလိုက်သူ ဖြစ်တယ် - စသည်ဖြင့် ပြောရဆိုရခက်ကြောင်း တရားများရဲ့ ဆန့်ကျင်ဘက် ဖြစ်တယ်။

၁၈၃။ ငါ့ရှင်တို့ . . . ဒီတရားတွေမှာ ရဟန်းတစ်ပါးဟာ "အလိုဆိုးရှိတဲ့၊ အလိုဆိုးရဲ့နောက်သို့ လိုက်တဲ့ပုဂ္ဂိုလ်ကို ငါ မချစ်ခင်၊ မမြတ်နိုး။ အကယ်၍ ငါ အလိုဆိုးရှိသူ၊ အလိုဆိုးနောက်သို့ လိုက်သူ ဖြစ်ခဲ့လျှင် ငါ့ကိုလည်း သူတစ်ပါးတို့က ချစ်ခင်မြတ်နိုး ကြလိမ့်မယ်မဟုတ်"လို့ မိမိကိုယ်ကို ကိုယ်တိုင်ပင် နှိုင်းယှဉ် ကြည့်ရမယ်။ ငါ့ရှင်တို့ . . . အဲဒီလိုသိတဲ့ ရဟန်းဟာ "ငါသည် အလိုဆိုး မရှိသူ၊ အလိုဆိုးနောက်သို့ မလိုက်သူ ဖြစ်အောင် ကြိုးစားမည်"ဆိုတဲ့ စိတ်ဓာတ်ကို မွေးမြူရမယ်။ (ကျန်တဲ့ အချက်တွေကိုလည်း ထို့အတူပဲ နှိုင်းယှဉ်ကြည့်၍ ပြုပြင်ကြရမယ်။)

၁၈၄။ ငါ့ရှင်တို့ . . . အဲဒီတရားတွေမှာ ရဟန်းတစ်ပါးဟာ "ငါသည် အလိုဆိုးရှိသူ၊ အလိုဆိုးနောက်သို့လိုက်သူ ဖြစ်လေ သလော"လို့ မိမိကိုယ်ကို ကိုယ်တိုင်ပင် ဆင်ခြင်ကြည့်ရမယ်။ ငါ့ရှင်တို့ . . . ရဟန်းဟာ အဲဒီလို ဆင်ခြင်ကြည့်တဲ့အခါ "ငါသည် အလိုဆိုးရှိသူ၊ အလိုဆိုးနောက်သို့ လိုက်နေသူ ဖြစ်နေ၏" လို့ သိခဲ့လျှင် အဲဒီ မကောင်းမှု အကုသိုလ်တရားတို့ကို ပယ်ဖို့ရာ

ကြိုးစားအားထုတ်ရမယ်။ "ငါသည် အလိုဆိုးမရှိသူ၊ အလိုဆိုး နောက်သို့ မလိုက်သူ ဖြစ်၏" လို့ သိခဲ့လျှင် ကုသိုလ်တရားတို့ကို နေ့ရောညဥ့်ပါ ကြိုးစားအားထုတ်လျက် အဲဒီနှစ်သက် ဝမ်းမြောက်မှုဖြင့်သာ နေရမယ်။ (ကျန်တဲ့အချက်များကိုလည်း ထို့အတူပင် ဆင်ခြင်၍ ကြည့်ရမယ်။)

ငါ့ရှင်တို့ . . ဥပမာအားဖြင့် ငယ်ရွယ်နုပျို၍ အလှပြင်လေ့ ရှိတဲ့ မိန်းမပျို၊ သို့မဟုတ် ယောကျ်ားပျိုဟာ သန့်ရှင်းစင်ကြယ်တဲ့ မှန်ထဲမှာဖြစ်စေ၊ ကြည်လင်တဲ့ ရေခွက်ထဲမှာ ဖြစ်စေ မိမိရဲ့ မျက်နှာရိပ်ကို ဆင်ခြင်ကြည့်တဲ့အခါ မျက်နှာပေါ်မှာ မြူမှုန်ကို ဖြစ်စေ၊ အညစ်အကြေးကို ဖြစ်စေ တွေ့မြင် ရလျှင် အဲဒီ မြူမှုန် အညစ်အကြေးကို ပယ်ဖို့ရာ ကြိုးစား အားထုတ်ပြီး၊ မြူမှုန်ကို ဖြစ်စေ၊ အညစ်အကြေးကို ဖြစ်စေ မတွေ့မြင်ရလျှင် "ငါ့မှာ ဟန်ကျ လိုက်တာ၊ ငါ့မှာ သန့်ရှင်းစင်ကြယ်လိုက်တာ" လို့ ဝမ်းမြောက် ဝမ်းသာ ဖြစ်သကဲ့သို့ ရဟန်းဟာ ဆင်ခြင်ကြည့်လို့ ဒီမကောင်းမှု အကုသိုလ် တရားအားလုံး မပယ်ရသေးတာကို မိမိသန္တာန်မှာ တွေ့မြင် ရလျှင် အဲဒီမကောင်းမှု အကုသိုလ်တရားအားလုံးကို ပယ်ဖို့ရာ ကြိုးစားအားထုတ်ပြီး အဲဒီမကောင်းမှု အကုသိုလ်တရား အားလုံးပယ်ပြီးတာကို မိမိသန္တာန်မှာ တွေ့မြင်ရလျှင် ကုသိုလ်တရား တို့ကို နေ့ရောညဥ့်ပါ ကြိုးစားအားထုတ်လျက် အဲဒီနှစ်သက် ဝမ်းမြောက်မှုဖြင့်သာ နေရမယ်။

အရှင်မဟာမောဂ္ဂလ္လာန်မထေရ်က အဲဒီလို ဟောပြတဲ့ အခါမှာ ရဟန်းများဟာ ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်ဆို ခဲ့ကြပါတယ်။

**အနုမာနသုတ် ပြီးပြီ။**

❊ ❊ ❊

## ၆ – စေတောခိလသုတ်

၁၈၅။ အခါတစ်ပါးမှာ သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်မှာ မြတ်စွာဘုရား သီတင်းသုံးနေတော်မူပါတယ်။ အဲဒီအခါမှာ မြတ်စွာဘုရားက ရဟန်းတို့အား အခုလို မိန့်ကြားတော်မူခဲ့ပါတယ်။

ရဟန်းတို့ . . စိတ်ရဲ့ ဆူးငြောင့်ခလုတ်ငါးမျိုးကို မပယ်နုတ်ရသေး၊ စိတ်ရဲ့ အနှောင်အဖွဲ့ ငါးမျိုးကို မဖြတ်တောက်ရသေးတဲ့ ရဟန်းဟာ ဒီသာသနာတော်မှာ ကြီးပွား၊ စည်ပင်၊ ပြန့်ပြောခြင်းသို့ ရောက်နိုင်စရာအကြောင်း မရှိ။

ရဟန်းတို့ . . စိတ်ရဲ့ဆူးငြောင့်ခလုတ်ငါးမျိုးဟာ ဘာတွေလဲဆိုတော့ - ဒီသာသနာတော်မှာ ရဟန်းတစ်ပါးဟာ ဘုရား၊ တရား၊ သံဃာ (အစစ်ရှိ/မရှိ)၌ ယုံမှားသံသယ ဖြစ်တယ်။ ကျင့်စရာအကျင့်သိက္ခာ (ရှိ/မရှိ) ၌ ယုံမှားသံသယ ဖြစ်တယ်။ သီတင်းသုံးဖော်တို့၌ အမျက်ဒေါသ ဖြစ်တယ်။ ရဟန်းတို့ . . ဒီငါးမျိုးရှိတဲ့ ရဟန်းရဲ့စိတ်ဟာ ကျင့်ကြံကြိုးကုတ် အားထုတ်ဖို့ရာ မညွတ်တော့ဘူး။ ရဟန်းတို့ . . ဒီငါးမျိုးဟာ စိတ်ရဲ့ ဆူးငြောင့်ခလုတ်များ ဖြစ်ကြတယ်။

၁၈၆။ ရဟန်းတို့ . . စိတ်ရဲ့ အနှောင်အဖွဲ့ ငါးမျိုးဟာ ဘာတွေ လဲဆိုတော့ –

(၁) ဒီသာသနာတော်မှာ ရဟန်းဟာ ကာမဂုဏ်မှာ တပ်မက်မှု မကင်းသူ ဖြစ်တယ်။

(၂) မိမိခန္ဓာကိုယ်မှာ တပ်မက်မှု မကင်းသူ ဖြစ်တယ်။
(၃) အပြင်ပ ရုပ်မှာ တပ်မက်မှု မကင်းသူ ဖြစ်တယ်။
(၄) စားချင်တိုင်း ဗိုက်ကားအောင် စား၍ လျောင်းခြင်း ချမ်းသာ၊ စောင်းခြင်း ချမ်းသာ၊ အိပ်ခြင်း ချမ်းသာကို ခံစားလျက် နေတယ်။
(၅) နတ်ပြည်ကို တောင့်တ၍ မြတ်သောအကျင့်ကို ကျင့်သုံးတယ်။

ရဟန်းတို့ . . . ဒီငါးမျိုးရှိတဲ့ ရဟန်းရဲ့ စိတ်ဟာ ကျင့်ကြံကြိုးစား အားထုတ်ဖို့ရာ မညွတ်တော့ဘူး။ ဒီငါးမျိုးဟာ စိတ်ရဲ့ အနှောင်အဖွဲ့များ ဖြစ်တယ်။

၁၈၇။ ရဟန်းတို့ . . . စိတ်ရဲ့ ဆူးငြောင့်ခလုတ် ငါးမျိုးကို ပယ်နုတ်ပြီး၊ စိတ်ရဲ့ အနှောင်အဖွဲ့ငါးမျိုးကို ဖြတ်တောက်ပြီးတဲ့ ရဟန်းဟာ ဒီသာသနာတော်မှာ ကြီးပွားစည်ပင်၊ ပြန့်ပြော ခြင်းသို့ ရောက်နိုင်စရာ အကြောင်းရှိတယ်။

၁၈၉။ ရဟန်းတို့ . . . အဲဒီရဟန်းဟာ ဆန္ဒိဒ္ဓိပါဒ်၊ ဝီရိယိဒ္ဓိပါဒ်၊ စိတ္တိဒ္ဓိပါဒ်၊ ဝီမံသိဒ္ဓိပါဒ်တို့ကို ပွားများတယ်။ လွန်လွန်ကဲကဲ ကြိုးစားအားထုတ်တယ်။ ရဟန်းတို့ . . . ဥပမာအားဖြင့် ကြက်မမှာ ရှစ်လုံးဖြစ်စေ၊ ဆယ်လုံးဖြစ်စေ၊ ဆယ့်နှစ်လုံးဖြစ်စေ ဥများ ရှိတယ် ဆိုပါတော့။ အဲဒီဥတွေကို ကြက်မက ကောင်းစွာ ဝပ်ပေးထားတယ်။ အငွေ့ကို ထက်ဝန်းကျင်မှ ကောင်းစွာ ပေးထားတယ်။ ကြက်နံ့ကို

ထက်ဝန်းကျင်မှ ကောင်းစွာ ထုံပေးထားတယ် - ဆိုလျှင် အဲဒီကြက်မမှာ "ဒီဥတွေထဲက ကြက်ငယ် ကလေးတွေဟာ ခြေသည်းများနဲ့ဖြစ်စေ၊ နှုတ်သီးဖျားနဲ့ ဖြစ်စေ၊ ဥခွံကို ဖောက်ခွဲပြီး ချမ်းချမ်းသာသာ ပေါက်ဖွားလာနိုင်ရင် ကောင်းမှာပဲ" ဆိုတဲ့ အလိုဆန္ဒ မရှိပေမယ့် အဲဒီဥတွေထဲက ကြက်ငယ်ကလေးများဟာ ခြေသည်းများနဲ့ ဖြစ်စေ၊ နှုတ်သီးများနဲ့ ဖြစ်စေ ဥခွံကို ဖောက်ခွဲပြီး ချမ်းချမ်း သာသာ ပေါက်ဖွားလာနိုင်သကဲ့သို့ ဆယ့်ငါးပါးမြောက်မှာပါတဲ့ လွန်လွန် ကဲကဲ ကြိုးစား အားထုတ်မှုနှင့်တကွ အဲဒီအင်္ဂါဆယ့်ငါးပါး ရှိတဲ့ ရဟန်းဟာ (မဂ်ဉာဏ်ဖြင့်) ကိလေသာကို ဖျက်ဆီးနိုင်သူ ဖြစ်တယ်၊ သစ္စာလေးပါးကို ကိုယ်တိုင်သိနိုင်သူ ဖြစ်တယ်၊ ယောဂလေးပါးတို့ရဲ့ ကုန်ရာ (အရဟတ္တဖိုလ်) ကို ရထိုက်သူ ဖြစ်တယ်။

အဲဒီလို မြတ်စွာဘုရားက ဟောပြတော်မူတဲ့အခါ ရဟန်း များဟာ မြတ်စွာဘုရားရဲ့ တရားတော်ကို နှစ်သက် သဘောကျပြီး ဝမ်းမြောက်ဝမ်းသာ သာဓုခေါ် ဆိုခဲ့ကြပါတယ်။

**စေတောခိလသုတ် ပြီးပြီ။**

❊ ❊ ❊

## ၇ - ဝနပတ္ထသုတ်

၁၉၀။ အခါတစ်ပါးမှာ သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်မှာ မြတ်စွာဘုရား သီတင်းသုံးနေတော်မူပါတယ်။ အဲဒီအခါမှာ မြတ်စွာဘုရားက ရဟန်းတို့အား ဒီဝနပတ္ထသုတ်ကို ဟောကြားတော်မူခဲ့ပါတယ်။

၁၉၀။ ရဟန်းတို့ . . ဒီသာသနာတော်မှာ ရဟန်းတစ်ပါးဟာ တောအုပ်ကြီးတစ်ခုခုကို အမှီပြုပြီးနေတယ်။ အဲဒီရဟန်းမှာ မရှိသေးတဲ့ သတိလည်း ရှိမလာဘူး၊ မတည်ကြည်သေးတဲ့ စိတ်လည်း တည်ကြည်မလာဘူး၊ မကုန်ခန်းသေးတဲ့ အာသဝေါများလည်း ကုန်ခန်းမသွားကြဘူး၊ မရသေးတဲ့ အရဟတ္တဖိုလ်ကိုလည်း မရဘူး။ အဲဒီရဟန်းမှာ ပစ္စည်းလေးပါးလည်း အလွန်ရှားပါးတယ်။ ရဟန်းတို့ . . အဲဒီရဟန်းဟာ "ဒီတောအုပ်ကို အမှီပြုပြီးနေတဲ့ ငါ့မှာ မရှိသေးတဲ့ သတိလည်း ရှိမလာပါလား မတည်ကြည်သေးတဲ့ စိတ်လည်း တည်ကြည်မလာပါလား. . ၊ မကုန်ခန်းသေးတဲ့ အာသဝေါများလည်း ကုန်ခန်းမသွားကြပါလား. . ၊ မရသေးတဲ့ အရဟတ္တဖိုလ်ကိုလည်း မရပါလား၊ ငါ့မှာ ပစ္စည်းလေးပါးလည်း အလွန်ရှားပါးလှပါလား. . "လို့ ဆင်ခြင်သုံးသပ်သင့်တယ်။ ရဟန်းတို့. . . အဲဒီလိုဆင်ခြင်သုံးသပ်ပြီး အဲဒီရဟန်းဟာ နေ့ချင်းညချင်း အဲဒီတောအုပ်မှ ထွက်ခွာသွားသင့်တယ်။ ဆက်မနေသင့်ဘူး။

၁၉၂။ ရဟန်းတို့ . . နောက်တစ်မျိုးကတော့ - ဒီသာသနာတော်မှာ ရဟန်းတစ်ပါးဟာ တောအုပ်ကြီးတစ်ခုခုကို အမှီပြုပြီး နေတယ်။ အဲဒီရဟန်းမှာ မရှိသေးတဲ့ သတိလည်း ရှိမလာဘူး၊ မတည်ကြည်သေးတဲ့ စိတ်လည်း တည်ကြည်မလာဘူး၊ မကုန်ခန်းသေးတဲ့ အာသဝေါများလည်း ကုန်ခန်းမသွားကြဘူး၊ မရသေးတဲ့ အရဟတ္တဖိုလ်ကိုလည်း မရဘူး။ ဒါပေမဲ့ အဲဒီရဟန်းမှာ ပစ္စည်းလေးပါးတော့ မရှားပါး၊ ပေါများတယ်။ ရဟန်းတို့ . . . အဲဒီရဟန်းဟာ "ဒီတောအုပ်ကို အမှီပြုပြီး နေတဲ့ ငါ့မှာ မရှိသေးတဲ့ သတိလည်း မရှိလာပါလား . . .၊ မတည် ကြည်သေးတဲ့ စိတ်လည်း တည်ကြည် မလာပါလား. . .၊ မကုန်မခန်းသေးတဲ့ အာသဝေါများလည်း ကုန်ခန်းမသွားကြပါလား . . .၊ မရသေးတဲ့ အရဟတ္တဖိုလ်ကိုလည်း မရပါလား။ ငါ့မှာ ပစ္စည်းလေးပါးတော့ မရှားပါး (ပေါများတယ်)။ ဒါပေမဲ့ ငါဟာ ပစ္စည်းလေးပါးကြောင့် ရဟန်းပြုလာသူ မဟုတ်ဘူး" လို့ ဆင်ခြင်သုံးသပ်သင့်တယ်။ ရဟန်းတို့ . . . အဲဒီလို ဆင်ခြင်သုံးသပ်ကာ နှိုင်းယှဉ်တွက်ဆ ချင့်ချိန်ပြီး အဲဒီ ရဟန်းဟာ အဲဒီ တောအုပ်မှ ထွက်ခွာသွားသင့်တယ်၊ ဆက် မနေသင့်ဘူး။

၁၉၃။ ရဟန်းတို့ . . နောက်တစ်မျိုးကတော့ - ရဟန်းတစ်ပါးဟာ တောအုပ်ကြီး တစ်ခုခုကို အမှီပြုပြီးနေတယ်။ အဲဒီရဟန်းမှာ မရှိသေးတဲ့ သတိလည်း ရှိလာတယ်၊ မတည်ကြည်သေးတဲ့ စိတ်လည်း တည်ကြည်လာတယ်၊ မကုန်ခန်းသေးတဲ့ အာသဝေါများလည်း ကုန်ခန်းသွားကြတယ်၊ မရသေးတဲ့ အရဟတ္တဖိုလ်ကိုလည်း ရတယ်။

ဒါပေမဲ့ အဲဒီ ရဟန်းမှာ ပစ္စည်းလေးပါးတော့ ရှားပါးတယ်။ ရဟန်းတို့ . . အဲဒီရဟန်းဟာ "ဒီတောအုပ်ကို အမှီပြုပြီးနေတဲ့ငါ့မှာ မရှိသေးတဲ့ သတိလည်း ရှိလာပါလား. . .၊ မတည်ကြည်သေးတဲ့ စိတ်လည်း တည်ကြည်လာပါလား. . .၊ မကုန်ခန်းသေးတဲ့ အာသဝေါများလည်း ကုန်ခန်းသွားကြပါလား. . .၊ မရသေးတဲ့ အရဟတ္တဖိုလ်ကိုလည်း ရလာပါလား. . .။ ငါ့မှာ ပစ္စည်း လေးပါးတော့ ရှားပါးတယ်။ ဒါပေမဲ့ ငါဟာ ပစ္စည်းလေးပါးကြောင့် ရဟန်းပြုလာတာ မဟုတ်ဘူး" လို့ ဆင်ခြင်သုံးသပ်သင့်တယ်။ ရဟန်းတို့. . . အဲဒီလိုဆင်ခြင်သုံးသပ်ကာ နှိုင်းယှဉ်တွက်ဆ ချင့်ချိန်ပြီး အဲဒီရဟန်းဟာ အဲဒီတောအုပ်မှာပဲ ဆက်နေသင့်တယ်၊ ထွက်ခွာမသွားသင့်ဘူး။

၁၉၄။ ရဟန်းတို့. . . နောက်တစ်မျိုးကတော့ - ဒီသာသနာ တော်မှာ ရဟန်းတစ်ပါးဟာ တောအုပ်ကြီး တစ်ခုခုကို အမှီပြုပြီး နေတယ်။ အဲဒီရဟန်းမှာ မရှိသေးတဲ့ သတိလည်း ရှိလာတယ်၊ မတည်ကြည်သေးတဲ့ စိတ်လည်း တည်ကြည်လာတယ်၊ မကုန်ခန်းသေးတဲ့ အာသဝေါများလည်း ကုန်ခန်းသွားကြတယ်၊ မရသေးတဲ့ အရဟတ္တဖိုလ်ကိုလည်း ရတယ်။ အဲဒီ ရဟန်းမှာ ပစ္စည်းလေးပါးလည်း မရှားပါ။ (ပေါများတယ်။) ရဟန်းတို့ အဲဒီရဟန်းဟာ "ဒီတောအုပ်ကို အမှီပြုပြီး နေတဲ့ငါ့မှာ မရှိသေးတဲ့ သတိလည်း ရှိလာပါလား. . .၊ မတည်ကြည်သေးတဲ့ စိတ်လည်း တည်ကြည်လာပါလား. . .၊ မကုန်ခန်းသေးတဲ့ အာသဝေါ

များလည်း ကုန်ခန်းသွားကြရပါလား. . .၊ မရသေးတဲ့ အရဟတ္တဖိုလ်ကိုလည်း ရလာပါလား. . .၊ ငါ့မှာ ပစ္စည်းလေးပါးလည်း မရှားပါးပါလား. . .၊ (ပေါများလှ ပါလား. . .၊)"လို့ ဆင်ခြင်သုံးသပ်သင့်တယ်။ ရဟန်းတို့. . . အဲဒီလို ဆင်ခြင်သုံးသပ်ပြီး အဲဒီရဟန်းဟာ အဲဒီတောအုပ်မှာပဲ တစ်သက်လုံးတောင်မှ နေသင့်တယ်၊ ထွက်ခွာမသွားသင့်ဘူး။

၁၉၅။ ရဟန်းတို့. . . ရွာ၊ နိဂုံး၊ မြို့၊ ဇနပုဒ်တို့ကို အမှီပြု နေတဲ့ ရဟန်းဟာလည်း ထို့အတူပဲ ဆင်ခြင်သုံးသပ် ဆုံးဖြတ် စီစဉ်သင့်တယ်။

ရဟန်းတို့. . . ဒီသာသနာတော်မှာ ရဟန်းတစ်ပါးဟာ ပုဂ္ဂိုလ်တစ်ဦးဦးကို အမှီပြုပြီးနေတယ်။ အဲဒီရဟန်းမှာ မရှိသေးတဲ့ သတိလည်း ရှိမလာဘူး၊ မတည်ကြည်သေးတဲ့ စိတ်လည်း တည်ကြည်မလာဘူး၊ မကုန်ခန်းသေးတဲ့ အာသဝေါများလည်း ကုန်ခန်းမသွားကြဘူး၊ မရသေးတဲ့ အရဟတ္တဖိုလ် ကိုလည်း မရဘူး။ အဲဒီရဟန်းမှာ ပစ္စည်းလေးပါးလည်း အလွန်ရှားပါးတယ်။ ရဟန်းတို့ အဲဒီရဟန်းဟာ "ဒီပုဂ္ဂိုလ်ကို အမှီပြုပြီးနေတဲ့ ငါ့မှာ မရှိသေးတဲ့ သတိလည်း ရှိမလာပါလား. . .၊ မတည်ကြည်သေးတဲ့ စိတ်လည်း တည်ကြည်မလာ ပါလား. . .၊ မကုန်ခန်းသေးတဲ့ အာသဝေါများလည်း ကုန်ခန်းမသွားကြပါလား. . .၊ မရသေးတဲ့ အရဟတ္တဖိုလ်ကိုလည်း မရပါလား. . .။ ငါ့မှာ ပစ္စည်းလေးပါးလည်း အလွန်ရှားပါးလှပါလား. . . "လို့ ဆင်ခြင်သုံးသပ်သင့်တယ်။ ရဟန်းတို့. . . အဲဒီလို ဆင်ခြင်သုံးသပ်ပြီး အဲဒီရဟန်းဟာ

အဲဒီပုဂ္ဂိုလ်ကို မပန်ကြား မလျှောက်ထားဘဲ ခွဲခွာသင့်ဘူး။ အဲဒီပုဂ္ဂိုလ်ရဲ့ နောက်သို့ ဆက်မလိုက်သင့်ဘူး။

၁၉၆။ ရဟန်းတို့ . . နောက်တစ်မျိုးကတော့ - ဒီသာသနာတော်မှာ ရဟန်းတစ်ပါးဟာ ပုဂ္ဂိုလ်တစ်ဦးဦးကို အမှီပြုပြီးနေတယ်။ အဲဒီရဟန်းမှာ မရှိသေးတဲ့ သတိလည်း ရှိမလာဘူး၊ မတည်ကြည်သေးတဲ့ စိတ်လည်း တည်ကြည်မလာဘူး၊ မကုန်ခန်းသေးတဲ့ အာသဝေါများလည်း ကုန်ခန်းမသွားကြဘူး၊ မရသေးတဲ့ အရဟတ္တဖိုလ်ကိုလည်း မရဘူး။ အဲဒီရဟန်းမှာ ပစ္စည်းလေးပါးတော့ မရှားပါး (ပေါများတယ်။) ရဟန်းတို့ . . အဲဒီရဟန်းဟာ "ဒီပုဂ္ဂိုလ်ကို အမှီပြုပြီးနေတဲ့ ငါ့မှာ မရှိသေးတဲ့ သတိလည်း ရှိမလာပါလား . . ၊ မတည်ကြည်သေးတဲ့ စိတ်လည်း တည်ကြည်မလာပါလား . . ၊ မကုန်ခန်းသေးတဲ့ အာသဝေါများလည်း ကုန်ခန်းမသွားကြပါလား . . ၊ မရသေးတဲ့ အရဟတ္တဖိုလ်ကိုလည်း မရပါလား . . ၊ ငါ့မှာ ပစ္စည်းလေးပါးတော့ မရှားပါး (ပေါများတယ်)။ ဒါပေမဲ့ ငါဟာ ပစ္စည်းလေးပါးကြောင့် ရဟန်းပြုလာသူ မဟုတ်ဘူး"လို့ ဆင်ခြင်သုံးသပ်သင့်တယ်။ ရဟန်းတို့ အဲဒီလို ဆင်ခြင်သုံးသပ်ကာ နှိုင်းယှဉ်တွက်ဆ ချင့်ချိန်ပြီး အဲဒီရဟန်းဟာ အဲဒီပုဂ္ဂိုလ်ကို ပန်ကြားလျှောက်ထား၍ ခွဲခွာသင့်တယ်။ အဲဒီပုဂ္ဂိုလ်ရဲ့ နောက်သို့ ဆက်မလိုက်သင့်ဘူး။

၁၉၇။ ရဟန်းတို့ . . နောက်တစ်မျိုးကတော့ - ဒီသာသနာတော်မှာ ရဟန်းတစ်ပါးဟာ ပုဂ္ဂိုလ်တစ်ဦးဦးကို အမှီပြုပြီး နေတယ်။ အဲဒီရဟန်းမှာ မရှိသေးတဲ့ သတိလည်း ရှိလာတယ်၊ မတည်ကြည်သေးတဲ့ စိတ်လည်း တည်ကြည်လာတယ်၊ မကုန်ခန်းသေးတဲ့ အာသဝေါများလည်း ကုန်ခန်းသွားကြတယ်၊ မရသေးတဲ့ အရဟတ္တဖိုလ်ကိုလည်း ရတယ်။ ဒါပေမဲ့ အဲဒီ ရဟန်းမှာ ပစ္စည်းလေးပါးတော့ ရှားပါးတယ်။ ရဟန်းတို့ . . အဲဒီရဟန်းဟာ "ဒီပုဂ္ဂိုလ်ကို အမှီပြုပြီးနေတဲ့ ငါ့မှာ မရှိသေးတဲ့ သတိလည်း ရှိလာပါလား. . .၊ မတည်ကြည် သေးတဲ့ စိတ်လည်း တည်ကြည်လာပါလား. . .၊ မကုန်ခန်းသေးတဲ့ အာသဝေါများလည်း ကုန်ခန်းသွားကြပါလား. . .၊ မရသေးတဲ့ အရဟတ္တဖိုလ်ကိုလည်း ရလာပါလား. . .။ ငါ့မှာ ပစ္စည်း လေးပါးတော့ ရှားပါးတယ်။ ဒါပေမဲ့ ငါဟာ ပစ္စည်း လေးပါးကြောင့် ရဟန်းပြုလာသူ မဟုတ်ဘူး" လို့ ဆင်ခြင် သုံးသပ်သင့်တယ်။ ရဟန်းတို့. . . အဲဒီလို ဆင်ခြင် **သုံး**သပ်ကာ နှိုင်းယှဉ်တွက်ဆ ချင့်ချိန်ပြီး အဲဒီရဟန်း**ဟာ** **အဲဒီ**ပုဂ္ဂိုလ်ရဲ့ နောက်သို့ ဆက်လိုက်သင့်တယ်၊ ခွဲခွာမသွားသင့်**ဘူး**။

၁၉၈။ ရဟန်းတို့ . . နောက်တစ်မျိုးကတော့ - ဒီသာသ**နာ**တော်မှာ ရဟန်းတစ်ပါးဟာ ပုဂ္ဂိုလ်တစ်ဦးဦးကို အမှီပြုပြီး နေတယ်။ အဲဒီရဟန်းမှာ မရှိသေးတဲ့ သတိလည်း ရှိလာတယ်၊ မတည်ကြည်သေးတဲ့ စိတ်လည်း တည်ကြည်လာတယ်၊ မကုန်ခန်းသေးတဲ့

အာသဝေါများလည်း ကုန်ခန်းသွားကြတယ်၊ မရသေးတဲ့ အရဟတ္တဖိုလ်ကိုလည်း ရတယ်။ အဲဒီရဟန်းမှာ ပစ္စည်းလေးပါးလည်း မရှားပါး။ (ပေါများတယ်။) ရဟန်းတို့. . . အဲဒီရဟန်းဟာ "ဒီပုဂ္ဂိုလ်ကို အမှီပြုပြီး နေတဲ့ငါ့မှာ မရှိသေးတဲ့ သတိလည်း ရှိလာပါလား. . .၊ မတည်ကြည်သေးတဲ့ စိတ်လည်း တည်ကြည်လာပါလား. . .၊ မကုန်ခန်းသေးတဲ့ အာသဝေါများလည်း ကုန်ခန်းသွားကြပါလား. . .၊ မရသေးတဲ့ အရဟတ္တဖိုလ်ကိုလည်း ရလာပါလား. . .၊ ငါ့မှာ ပစ္စည်း လေးပါးလည်း မရှားပါးပါလား. . .၊ (ပေါများလှပါလား. . .၊)" လို့ ဆင်ခြင်သုံးသပ်သင့်တယ်။ ရဟန်းတို့. . . အဲဒီလို ဆင်ခြင် သုံးသပ်ပြီး အဲဒီရဟန်းဟာ အဲဒီပုဂ္ဂိုလ်ရဲ့ နောက်သို့ တစ်သက် လုံးတောင်မှ လိုက်သင့်တယ်၊ နှင်ထုတ်ခံရတောင်မှ ခွဲခွာ (ထွက်ခွာ) မသွားသင့်ဘူး။

မြတ်စွာဘုရားက အဲဒီလို ဟောကြားတော်မူခဲ့ပါတယ်။ ရဟန်းများက မြတ်စွာဘုရားရဲ့ တရားတော်ကို နှစ်သက် သဘောကျပြီး သာဓုခေါ်ဆိုခဲ့ကြပါတယ်။

**ဝနပတ္ထသုတ် ပြီးပြီ။**

❊ ❊ ❊

## ၈ – မဓုပိဏ္ဍိကသုတ်

၁၉၉။ အခါတစ်ပါးမှာ သက္ကတိုင်း၊ ကပိလဝတ်မြို့၊ နိဂြော-ဓာရုံကျောင်းတိုက်မှာ မြတ်စွာဘုရား သီတင်းသုံး နေတော်မူပါတယ်။ အဲဒီအခါ တစ်ခုသော နံနက်ခင်းမှာ ကပိလဝတ်မြို့ထဲသို့ မြတ်စွာဘုရား ဆွမ်းခံကြွတော်မူပါတယ်။ ဆွမ်းခံပြန်လာတော်မူတဲ့အခါ နေ့ခင်းပိုင်း သီတင်းသုံးတော်မူရန် (အေးဆေးစွာ အနားယူတော်မူရန်) မဟာဝုန်တောသို့ ကြွတော်မူပါတယ်။ မဟာဝုန်တောသို့ ရောက်တော်မူတဲ့အခါ ဥသျှစ်ပင်ရင်းမှာ နေ့ခင်းပိုင်း အေးဆေးစွာ အနားယူတော်မူရန် ထိုင်နေတော်မူပါတယ်။ ဒဏ္ဍပါဏိ (ရွှေတုတ်ချောင်းကို ကိုင်ထားသူ၊ ဝါ ကိုရွှေတုတ်)ဆိုတဲ့ သာကီဝင်မင်းသားဟာလည်း အညောင်းပြေ လမ်းလျှောက်လာရင်း မဟာဝုန်တောသို့ ရောက်ရှိလာပါတယ်၊ မဟာဝုန်တော ရောက်တဲ့အခါ ဥသျှစ်ပင်ရင်းမှာ သီတင်းသုံး နေတော်မူတဲ့ မြတ်စွာဘုရားအထံတော်သို့ ရောက်တော့ နှုတ်ဆက်စကားများ အပြန်အလှန်ပြောကြားပြီး တုတ်ကို ထောက်လျက် တစ်နေရာမှာ ရပ်နေပါတယ်။ အဲဒီ ဒဏ္ဍပါဏိ ဆိုတဲ့ သာကီဝင်မင်းသားက မြတ်စွာဘုရားအား အခုလို လျှောက်ထားပါတယ်။

"(အသင်) ရဟန်းသည် ဘယ်လို အယူရှိသူ၊ ဘယ်လို ဟောကြားလေ့ရှိသူ ဖြစ်ပါသလဲ ?"

"ဒါယကာ. . . ငါဟာ လောကမှာ ဘယ်သူနှင့်မျှ မငြင်းခုံဘဲ နေတော်မူတယ်။ ကာမဂုဏ်တို့နှင့် ကင်း၍ နေတော်မူတယ်။ ယုံမှားသံသယ ရှင်းတော်မူတယ်။ နောင်တတစ်ဖန် ပူပန်ခြင်း၊ ခြေလက်မငြိမ်မသက်ခြင်း ကင်းတော်မူတယ်။ ဘဝအဆက်ဆက်၌ တပ်မက်မှု ကင်းတော်မူတယ်။ ရဟန္တာဖြစ်ပြီးသော ငါဘုရားမှာ ကိလေသာများ မကိန်းဝပ်ကြတော့။ ဒါယကာ. . . ငါဟာ ဒီလိုဖြစ်ကြောင်းအယူကို ယူသူ ဖြစ်တယ်၊ ဒီလိုဖြစ်ကြောင်း တရားကို ဟောကြားလေ့ရှိသူ ဖြစ်တယ်။"

မြတ်စွာဘုရားက အဲဒီလို ဟောပြတော်မူတဲ့အခါ ဒဏ္ဍပါဏိဆိုတဲ့ သာကီဝင်မင်းသားဟာ နဖူးမှာ နဖူးရေး သုံးကြောင်းထအောင် လျှာကို ထုတ်ပြ၊ ဦးခေါင်းကို လှုပ်ပြကာ တုတ်ကို ထောက်၍ ထောက်၍ ထွက်ခွာသွားခဲ့ပါတယ်။

၂၀၀။ ညနေပိုင်းရောက်တဲ့အခါ မြတ်စွာဘုရားဟာ တစ်ပါးတည်း နားနေသီတင်းသုံးရာမှ ထတော်မူလာပြီး နိဂြောဓာရုံကျောင်းသို့ ကြွတော်မူပါတယ်။ နိဂြောဓာရုံကျောင်း ရောက်တဲ့အခါ အသင့် ခင်းထားနှင့်တဲ့ နေရာမှာ သီတင်းသုံး ထိုင်နေတော်မူပြီး ရဟန်းတို့အား ဒဏ္ဍပါဏိနှင့် အမေးအဖြေ ပြုလုပ်တော်မူခဲ့ပုံကို ဟောပြတော်မူခဲ့ပါတယ်။

၂၀၁။ အဲဒီအခါမှာ ရဟန်းတစ်ပါးက "မြတ်စွာဘုရား. . မြတ်စွာဘုရားဟာ ဘယ်လို အယူရှိတော်မူ၍ လောကမှာ ဘယ်သူနှင့်မျှ မငြင်းခုံဘဲ နေတော်မူနိုင်ပါသလဲ ဘုရား ? ဘယ်အကြောင်းကြောင့် ကာမဂုဏ်တို့နှင့် ကင်း၍ နေတော်မူနိုင် ပါသလဲ ဘုရား? ယုံမှားသံသယ ကင်းရှင်းတော်မူပါသလဲ ဘုရား? နောင်တတစ်ဖန် ပူပန်ခြင်း၊ ခြေလက်မငြိမ်သက်ခြင်း ကင်းတော်မူပါသလဲ ဘုရား? ဘဝအဆက်ဆက်၌ တပ်မက်မှု ကင်းတော်မူပါသလဲ ဘုရား? ရဟန္တာဖြစ်ပြီး မြတ်စွာဘုရားမှာ ကိလေသာများ မကိန်းဝပ်ကြပါသလဲဘုရား" လို့ မြတ်စွာ ဘုရားအား လျှောက်ထားခဲ့ပါတယ်။

အဲဒီအခါမှာ မြတ်စွာဘုရားက "ရဟန်း. . . အာယတနဆယ့်နှစ်ပါးဆိုတဲ့ အကြောင်းရင်းကြောင့် ပုဂ္ဂိုလ်သတ္တဝါမှာ ခွဲ့ထွင်မှတ်သားမှု အစုစုတို့ ဖြစ်ကြတယ်၊ အကြောင်းရင်း ဖြစ်တဲ့ အဲဒီအာယတန ဆယ့်နှစ်ပါးမှာ နှစ်သက်မှု၊ စွဲလမ်းမှု မရှိလျှင် ရာဂါနုသယ (တပ်မက်မှုအကိန်းဓာတ်) စတဲ့ အနုသယအားလုံး ကုန်ဆုံးတော့တယ်။ တုတ်ကို ဆွဲယူခြင်း၊ ဓားလက်နက်ကို ဆွဲယူခြင်း၊ ရန်ဖြစ်ခြင်း၊ သဘောထား ကွဲလွဲခြင်း၊ ငြင်းခုံခြင်း၊ နင်နင် -ဟု ပြောဆိုခြင်း၊ ကုန်းချောခြင်း၊ မုသားပြောခြင်းတို့လည်း ကုန်ဆုံးတော့တယ်။ အဲဒီအာယတနများအပေါ်မှာ မကောင်းမှု အကုသိုလ်တရားများ အကြွင်းမဲ့ ချုပ်ပျက်ကြတော့တယ်"လို့

ဖြေကြားတော်မူပြီး မြတ်စွာဘုရားဟာ နေရာမှ ထတော်မူကာ ကျောင်းထဲသို့ ဝင်သွားတော်မူပါတယ်။

၂၀၂။ အဲဒီအခါမှာ ရဟန်းများဟာ မြတ်စွာဘုရား ဟောပြတဲ့ တရားတော်ရဲ့ အကျယ်အဓိပ္ပါယ်ကို အရှင်မဟာကစ္စည်း မထေရ်အား မေးမြန်းလျှောက်ထားခဲ့ကြပါတယ်။

အဲဒီအခါမှာ အရှင်မဟာကစ္စည်းမထေရ်က အခုလို ဖြေကြားတော်မူခဲ့ပါတယ်။

ငါ့ရှင်တို့. . . မျက်စိနှင့်အဆင်းကို အစွဲပြု၍ မြင်သိစိတ် (စက္ခုဝိညာဉ်) ဖြစ်တယ်၊ မျက်စိ, အဆင်းနှင့် မြင်သိစိတ် ဆိုတဲ့ သုံးပါးတို့ရဲ့ ပေါင်းဆုံမှုဟာ ဖဿ ဖြစ်တယ်။ ဖဿကြောင့် ခံစားမှုဝေဒနာ ဖြစ်တယ်၊ ခံစားပြီးတဲ့အာရုံကို မှတ်သားတယ်၊ မှတ်သားပြီးတဲ အာရုံကို ကြံစည်တယ်၊ ကြံစည်ပြီးတဲ့ အာရုံကို ချဲ့ထွင်တယ်၊ ဒါ့ကြောင့် အတိတ်, အနာဂတ်, ပစ္စုပ္ပန် ဖြစ်တဲ့ အဆင်းတို့မှာ ချဲ့ထွင်မှတ်သားမှု အစုစုတို့ ပုဂ္ဂိုလ်သတ္တဝါမှာ ဖြစ်ပွားကြတယ်။

နားနှင့် အသံ
နှာခေါင်းနှင့် အနံ့
လျှာနှင့် အရသာ
ကိုယ်နှင့် တွေ့ထိစရာ
စိတ်နှင့် ကြံသိစရာ တို့မှာလည်း ထို့အတူပဲ ဖြစ်တယ်။

ငါ့ရှင်တို့ . . အဲဒီပုဂ္ဂိုလ်ဟာ မျက်စိ, အဆင်းနှင့် မြင်သိစိတ်တို့ ရှိခြင်းကြောင့် ဖဿဆိုတဲ့ အသုံးအနှုန်းကို သုံးနှုန်းနိုင်စရာရှိတယ်။ ဖဿဆိုတဲ့ အသုံးအနှုန်း ရှိခြင်းကြောင့် ဝေဒနာဆိုတဲ့ အသုံးအနှုန်းကို သုံးနှုန်းနိုင်စရာ ရှိတယ်၊ ဝေဒနာဆိုတဲ့ အသုံးအနှုန်းရှိခြင်းကြောင့် သညာဆိုတဲ့ အသုံးအနှုန်းကို သုံးနှုန်းနိုင်စရာရှိတယ်၊ သညာဆိုတဲ့ အသုံးအနှုန်းရှိခြင်းကြောင့် ဝိတက်ဆိုတဲ့ အသုံးအနှုန်းကို သုံးအနှုန်းနိုင်စရာ ရှိတယ်၊ ဝိတက်ဆိုတဲ့ အသုံးအနှုန်းရှိခြင်းကြောင့် ချဲ့ထွင်မှတ်သားမှုအစုစုတို့ဖြစ်ပုံ အသုံးအနှုန်းကို သုံးနှုန်းနိုင်စရာ ရှိတယ်။

နားနှင့်အသံစသည်မှာလည်း ထို့အတူပဲ ဖြစ်တယ်။

(ဖဿကြောင့် ဝေဒနာ၊ ဝေဒနာကြောင့် သညာ၊ သညာကြောင့် ဝိတက်၊ ဝိတက်ကြောင့် ချဲ့ထွင်မှတ်သားမှုများ ဖြစ်ကြတယ်လို့ ဆိုလိုတယ်။)

ငါ့ရှင်တို့ . . . အဲဒီပုဂ္ဂိုလ်ဟာ မျက်စိ, အဆင်းနှင့် မြင်သိစိတ်တို့ မရှိလျှင် ဖဿဆိုတဲ့ အသုံးအနှုန်းကို သုံးနှုန်းနိုင်စရာမရှိ၊ ဖဿဆိုတဲ့ အသုံးအနှုန်းမရှိလျှင် ဝေဒနာဆိုတဲ့ အသုံးအနှုန်းကို သုံးနှုန်းနိုင်စရာမရှိ၊ ဝေဒနာဆိုတဲ့ အသုံးအနှုန်း မရှိလျှင် သညာဆိုတဲ့ အသုံးအနှုန်းကို သုံးနှုန်းနိုင်စရာမရှိ သညာဆိုတဲ့ အသုံးအနှုန်းမရှိလျှင် ဝိတက်ဆိုတဲ့ အသုံးအနှုန်းကို သုံးနှုန်းနိုင်စရာမရှိ၊

ဝိတက်ဆိုတဲ့ အသုံးအနှုန်းမရှိလျှင် ချဲ့ထွင် မှတ်သားမှု အစုစုတို့ ဖြစ်ပုံ အသုံးအနှုန်းကို သုံးနှုန်းနိုင်စရာမရှိ။

နားနှင့်အသံ စသည်မှာလည်း ထို့အတူပဲ ဖြစ်တယ်။

ငါ့ရှင်တို့. . . မြတ်စွာဘုရား ဟောထားတော်မူတဲ့ အဲဒီ အကျဉ်းတရားတော်ရဲ့ အကျယ်အဓိပ္ပါယ်ကို အခုပြောခဲ့တဲ့ အတိုင်း ငါ သိတယ်။ သင်တို့ မြတ်စွာဘုရားအထံတော်သို့ ချဉ်းကပ်ပြီး ဒီအကြောင်းအရာကို မေးမြန်းလျှောက်ထားလိုက မေးမြန်းလျှောက် ထားကြပါ။ မြတ်စွာဘုရား ဖြေကြားတော်မူတဲ့အတိုင်း မှတ်သား ထားကြပါ - လို့ အရှင်မဟာကစ္စည်းမထေရ်က မိန့်ကြားတော် မူခဲ့ပါတယ်။

၂၀၅။ အဲဒီနောက် ရဟန်းများဟာ မြတ်စွာဘုရားအထံတော်သို့ ချဉ်းကပ်ကြပြီး အရှင်မဟာကစ္စည်းမထေရ်ရဲ့ ဖြေကြားပုံကို လျှောက်ထားခဲ့ကြပါတယ်။

အဲဒီအခါမှာ မြတ်စွာဘုရားက "ရဟန်းတို့. . . ကစ္စည်း ရဟန်းဟာ ပညာရှိသူ၊ ပညာကြီးသူ ဖြစ်တယ်။ သင်တို့ ဒီအနက် အဓိပ္ပါယ်ကို ငါဘုရားအား မေးမြန်းခဲ့လျှင်လည်း ငါဘုရားလည်း ကစ္စည်းရဟန်း ဖြေကြားသည့်အတိုင်းပင် ဖြေကြားတော်မူမှာ ဖြစ်တယ်။ ဒီတရားတော်ရဲ့ အနက်အဓိပ္ပါယ်ဟာ ကစ္စည်းရဟန်း

ဖြေကြားတဲ့အတိုင်း ဖြစ်တယ်။ ဒီတရားတော်ရဲ့ အဓိပ္ပါယ်ကို ကစ္စည်းရဟန်း ဖြေကြားထားတဲ့အတိုင်း မှတ်သားထားကြ” လို့ အတည်ပြု ပေးတော်မူခဲ့ပါတယ်။

အဲဒီအခါမှာ အရှင်အာနန္ဒာက မြတ်စွာဘုရားအား အခုလို လျှောက်ထားပါတယ်။ “မြတ်စွာဘုရား. . . အလွန် ဆာလောင်မှုဒဏ် ခံနေရတဲ့ လူတစ်ယောက်ဟာ ပျားမုန့်ချပ်ကို ရတဲ့အခါ အဲဒီမုန့်ရဲ့ ပတ်ပတ်လည်မှာ လျက်ကြည့်တိုင်း လျက်ကြည့်တိုင်း ဖြည့်စွက်စရာမလို အလွန်ချိုမြိန် ကောင်းမြတ်တဲ့ အရသာကို ရသည်ချည်းသာ ဖြစ်သကဲ့သို့

ထို့အတူပါပဲ မြတ်စွာဘုရား. . . ပင်ကိုဉာဏ်ရှိ၍ ကြံစည် စဉ်းစားတတ်တဲ့ ရဟန်းတစ်ပါးဟာ ဒီတရား ဒေသနာတော်ရဲ့ အနက်အဓိပ္ပါယ်ကို အဘက်ဘက်မှ ဉာဏ်ဖြင့် ဆင်ခြင်ကြည့်တိုင်း ကြည့်တိုင်း ဝမ်းမြောက်မှု၊ စိတ်ကြည်လင်မှုကို ရသည်ချည်းသာ ဖြစ်ပါတယ်ဘုရား။

မြတ်စွာဘုရား. . . ဒီတရားဒေသနာတော်ရဲ့ နာမည်ကို ဘယ်လိုခေါ် ရပါ့မလဲ ဘုရား”

“အာနန္ဒာ. . . ဒါဆိုလျှင် ဒီတရားဒေသနာတော်ကို **မဓုပိဏ္ဍိကပရိယာယ - ပျားမုန့်ဆုပ်နှင့်တူတဲ့ တရားဒေသနာတော်** လို့မှတ်ပေါ့။”

(၁၈၂)

မြတ်စွာဘုရားက အဲဒီလို မိန့်တော်မူတဲ့အခါ အရှင်အာနန္ဒာက နှစ်သက်သဘောကျပြီး ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်ဆိုခဲ့ပါတယ်။

မဓုပိဏ္ဍိကသုတ် ပြီးပြီ။

❊ ❊ ❊

## ၉ – ဒွေဓာဝိတက္ကသုတ်

၂၀၆။ အခါတစ်ပါးမှာ သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်မှာ **မြတ်**စွာဘုရား သီတင်းသုံးနေတော်မူပါတယ်။ အဲဒီအခါမှာ **မြတ်**စွာဘုရားက ရဟန်းတို့အား အခုလို ဟောကြားတော်မူခဲ့ပါတယ်။

ရဟန်းတို့ . . ငါဘုရား ဘုရားမဖြစ်မီ ဘုရားအလောင်းသာဖြစ်စဉ်အခါက "ဝိတက်တို့ကို နှစ်စု နှစ်စု ခွဲ၍ နေရလျှင်ကောင်းမှာပဲ" လို့ စဉ်းစားခဲ့တယ်။ ရဟန်းတို့ . . အဲဒီလို စဉ်းစားပြီး ငါဘုရားဟာ

(၁) ကာမဝိတက် - ကာမ (ကာမဂုဏ်) နှင့် စပ်တဲ့ ကြံစည်ခြင်း

(၂) ဗျာပါဒဝိတက် - သတ်ဖြတ်လိုမှုနှင့် စပ်တဲ့ ကြံစည်ခြင်း

(၃) ဝိဟိံသာဝိတက် - ညှဉ်းဆဲမှုနှင့်စပ်တဲ့ ကြံစည်ခြင်း - တို့ကို တစ်စု၊

(၁) နေက္ခမ္မဝိတက် - ကာမ (ကာမဂုဏ်) မှ လွတ်မြောက် မှုနှင့် စပ်တဲ့ ကြံစည်ခြင်း

(၂) အဗျာပါဒဝိတက် - မသတ်ဖြတ်လိုမှုနှင့် စပ်တဲ့ ကြံစည်ခြင်း

(၃) အဝိဟိံသာဝိတက် - မညှဉ်းဆဲမှုနှင့်စပ်တဲ့ ကြံစည်ခြင်း - တို့ကို တစ်စု ခွဲခဲ့တယ်။

၂၀၇။ ရဟန်းတို့ . . ဘုရားအလောင်းတော် မမေ့မလျော့ မပေါ့မဆ ပြင်းပြင်းထန်ထန် ထက်ထက်သန်သန် ကြိုးစား အားထုတ်နေစဉ် (ရံခါ) ကာမဝိတက် (ကာမဂုဏ်နှင့် စပ်တဲ့ ကြံစည်မှု) ဖြစ်ပေါ်လာတယ်။ အဲဒီအခါ ဘုရားအလောင်းတော်ဟာ "ငါ့မှာ ဒီ ကာမဝိတက် ဖြစ်ပေါ်လာပြီ၊ ဒီကာမဝိတက်ဟာ မိမိ ဆင်းရဲကြောင်းလည်း ဖြစ်တယ်၊ သူတစ်ပါး ဆင်းရဲကြောင်းလည်း ဖြစ်တယ်၊ မိမိ, သူတစ်ပါး နှစ်ဦးသားလုံး ဆင်းရဲကြောင်းလည်း ဖြစ်တယ်၊ ပညာဉာဏ်ကို နှောင့်ယှက် ဖျက်ဆီးတတ်တယ်၊ ပင်ပန်းကြောင်းလည်း ဖြစ်တယ်၊ နိဗ္ဗာန်သို့ မရောက်ကြောင်းလည်း ဖြစ်တယ်"လို့ သိတယ်။ အဲဒီလို သိပြီး "ဒီ ကာမဝိတက်ဟာ မိမိဆင်းရဲ ကြောင်းလည်း ဖြစ်တယ်၊ သူတစ်ပါး ဆင်းရဲကြောင်းလည်း ဖြစ်တယ်၊ မိမိ, သူတစ်ပါး နှစ်ဦးသားလုံး ဆင်းရဲကြောင်းလည်း ဖြစ်တယ်၊ ပညာဉာဏ်ကို နှောင့်ယှက် ဖျက်ဆီးတတ်တယ်၊ ပင်ပန်းကြောင်းလည်းဖြစ်တယ်၊ နိဗ္ဗာန် မရောက်ကြောင်းလည်း ဖြစ်တယ်"လို့ ဆင်ခြင်လိုက်တဲ့အခါ ဘုရား အလောင်းတော်ရဲ့ သန္တာန်မှာ အဲဒီကာမဝိတက် ချုပ်ပျောက်သွား တော့တယ်။ ရဟန်းတို့ . . ကာမဝိတက် ဖြစ်ပေါ်လာတိုင်း ဖြစ်ပေါ်လာတိုင်း

ဘုရားအလောင်းတော်ဟာ (အဲဒီလို ဆင်ခြင်၍ ဆင်ခြင်၍) ပယ်ခဲ့သည်ချည်း ဖြစ်တယ်။

ရဟန်းတို့ . . ဘုရားအလောင်းတော်ဟာ ဗျာပါဒဝိတက်၊ ဝိဟိံသာဝိတက်တို့ကိုလည်း ထိုအတူပဲ ပယ်ခဲ့တယ်။

ရဟန်းတို့ . . ကြံစည်သုံးသပ်မှုများရာဘက်သို့ ရဟန်းရဲ့ စိတ်ဟာ ညွတ်ကိုင်းတတ်တယ်။

ရဟန်းတို့ . . ရဟန်းဟာ ကာမဂုဏ်နှင့်စပ်တဲ့ အကြံအစည်ကို များစွာ ကြံစည်သုံးသပ်လျှင် (နေက္ခမ္မဝိတက်ကို ပယ်၍ ကာမဝိတက်ကို များစွာပြုလျှင်) အဲဒီရဟန်းရဲ့ စိတ်ဟာ ကာမဂုဏ်ကို ကြံစည်ဖို့ရာသာ ညွတ်ကိုင်းနေတော့တယ်။

သတ်ဖြတ်လိုမှုနှင့်စပ်တဲ့ အကြံအစည်ကို များစွာ ကြံစည် သုံးသပ်လျှင် သတ်ဖြတ်ရန် ကြံစည်ဖို့ရာသာ ညွတ်ကိုင်း နေတော့တယ်။

ညှဉ်းဆဲမှုနှင့်စပ်တဲ့ အကြံအစည်ကို များစွာကြံစည် သုံးသပ်လျှင် ညှဉ်းဆဲရန် ကြံစည်ဖို့ရာသာ ညွတ်ကိုင်းနေတော့ တယ်။

ရဟန်းတို့ . . ဥပမာအားဖြင့် မိုးလေးလရဲ့ အဆုံး တန်ဆောင်မုန်းလ အခါသမယမှာ နွားကျောင်းသားဟာ လယ်တောမှာ နွားတွေကို ကျောင်းနေတယ်ဆိုပါတော့။

နွားကျောင်းသားဟာ နွားတွေကို တုတ်ကလေးနဲ့ ရိုက်ကာ ရိုက်ကာ ဟိုမှ ဒီမှ တားမြစ် ပိတ်ဆို့တယ်။ (လယ်ခင်းကို နွားမစားအောင် စောင့်ရှောက်တယ်။) ဘာ့ကြောင့်လဲဆိုတော့ အဲဒီနွားကျောင်းသားဟာ လယ်ခင်းကို နွားစားခြင်းကြောင့် သတ်ဖြတ်မှုဒဏ်ကိုဖြစ်စေ၊ နှောင်ဖွဲ့မှုဒဏ်ကိုဖြစ်စေ၊ လျော်ရမှု ဒဏ်ကိုဖြစ်စေ၊ ကဲ့ရဲ့မှုဒဏ်ကို ဖြစ်စေ ခံရနိုင်ပုံကို သိမြင်သောကြောင့် ဖြစ်တယ်။ ရဟန်းတို့ ထို့အတူပဲ ငါဘုရားဟာ အကုသိုလ်တရားတို့ရဲ့ အပြစ်, ယုတ်ညံ့ပုံနှင့် ညစ်နွမ်းပုံတို့ကို သိမြင်တော်မူတယ်။

၂၀၉။ ရဟန်းတို့. . . ဘုရားအလောင်းတော် အဲဒီလို မမေ့လျော့ မပေါ့မဆ ပြင်းပြင်းထန်ထန် ထက်ထက်သန်သန် ကြိုးစားအားထုတ် နေစဉ် (ရုံခါ) နေက္ခမ္မဝိတက် (ကာမဂုဏ်မှ လွတ်မြောက်ကြောင်းနှင့် စပ်တဲ့ ကြံစည်မှု) ဖြစ်ပေါ်လာတယ်။ အဲဒီအခါ ဘုရားအလောင်း-တော်ဟာ "ငါ့မှာ နေက္ခမ္မဝိတက် (ကာမဂုဏ်မှ လွတ်မြောက်ကြောင်းနှင့် စပ်တဲ့ ကြံစည်မှု) ဖြစ်ပေါ်လာတယ်။ ဒီနေက္ခမ္မဝိတက်ဟာ မိမိဆင်းရဲကြောင်းလည်း မဟုတ်၊ သူတစ်ပါး ဆင်းရဲကြောင်းလည်း မဟုတ်၊ မိမိ, သူတစ်ပါး နှစ်ဦးသားလုံး ဆင်းရဲကြောင်းလည်း မဟုတ်၊ ပညာဉာဏ် တိုးပွားကြောင်းလည်း ဖြစ်တယ်၊ မပင်ပန်းကြောင်းလည်း ဖြစ်တယ်၊ နိဗ္ဗာန်သို့ ရောက်ကြောင်းလည်း ဖြစ်တယ်၊ ကာမဂုဏ်မှ လွတ်မြောက်မှုနှင့်စပ်တဲ့ အကြံကို တစ်ညဉ့်လုံး ကြံစည်သုံးသပ်တောင်မှ

အဲဒီလို ကြံစည်သုံးသပ်မှုကြောင့် ဘေးဖြစ်သည်ကို မတွေ့ရ၊ တစ်နေ့လုံး ကြံစည်သုံးသပ်တောင်မှ အဲဒီလို ကြံစည်သုံးသပ်မှုကြောင့် ဘေးဖြစ်သည်ကို မတွေ့ရ၊ တစ်ရက်လုံး (နှစ်ဆယ့်လေးနာရီလုံး) ကြံစည်သုံးသပ်တောင်မှ အဲဒီလို ကြံစည်သုံးသပ်မှုကြောင့် ဘေးဖြစ်သည်ကို မတွေ့ရ၊ ဒါပေမဲ့ အလွန်ကြာမြင့်စွာ ကြံစည်သုံးသပ်လျှင်တော့ ငါရဲ့ ကိုယ်ဟာ ပင်ပန်းနိုင်စရာရှိတယ်။ ကိုယ်ပင်ပန်းလျှင် စိတ်ပျံ့လွင့်နိုင်တယ်။ စိတ်ပျံ့လွင့်လျှင် သမာဓိမှဝေးကွာသွားနိုင်တယ်" လို့ သိတယ်။ ရဟန်းတို့ . . အဲဒီလို သိပြီး ဘုရားအလောင်းတော်ဟာ စိတ်ကို မိမိသန္တာန်မှာပဲ ကောင်းစွာထားခဲ့တယ်။ ဘာ့ကြောင့်လဲဆိုတော့ - စိတ် မပျံ့လွင့်စေလိုသောကြောင့် ဖြစ်တယ်။

ရဟန်းတို့ . . ဘုရားအလောင်းတော်ဟာ အဗျာပါဒဝိတက်၊ အဝိဟိံသာဝိတက်တို့ ဖြစ်ပေါ်လာလျှင်လည်း ထို့အတူပဲ သိပြီး စိတ်ကို မိမိသန္တာန်မှာပဲ ကောင်းစွာ ထားခဲ့တယ်။

ရဟန်းတို့ . . ကြံစည်သုံးသပ်မှု များရာဘက်သို့ ရဟန်းရဲ့ စိတ်ဟာ ညွတ်ကိုင်းတတ်တယ်။

ရဟန်းတို့ . . ရဟန်းဟာ ကာမဂုဏ်မှ လွတ်မြောက်မှုနှင့်စပ်တဲ့ အကြံအစည်ကို များစွာ ကြံစည်သုံးသပ်လျှင် (ကာမဝိတက်ကို ပယ်၍ နေက္ခမ္မဝိတက်ကို များစွာပြုလျှင်) အဲဒီ ရဟန်းရဲ့

စိတ်ဟာ ကာမဂုဏ်မှ လွတ်မြောက်ရန် ကြံစည်ဖို့ရာသာ ညွတ်ကိုင်းနေတော့တယ်။

မသတ်ဖြတ်လိုမှုနှင့် စပ်တဲ့ အကြံအစည်ကို များစွာ ကြံစည်သုံးသပ်လျှင် မသတ်ဖြတ်ရန် ကြံစည်ဖို့ရာသာ ညွတ်ကိုင်း နေတော့တယ်။

မညှဉ်းဆဲမှုနှင့် စပ်တဲ့ အကြံအစည်ကို များစွာ ကြံစည် သုံးသပ်လျှင် မညှဉ်းဆဲရန် ကြံစည်ဖို့ရာသာ ညွတ်ကိုင်း နေတော့တယ်။

ရဟန်းတို့ . . ဥပမာအားဖြင့် နွေရာသီရဲ့ နောက်ဆုံးလ ကောက်စပါးအားလုံး ရွာထဲ၌ သိမ်းထားပြီးချိန်မှာ နွားကျောင်း သားဟာ နွားတွေကို ကျောင်းတယ်ဆိုပါတော့။ အဲဒီ နွားကျောင်းသားမှာ သစ်ပင်ရင်းမှာ နေ၍ဖြစ်စေ၊ ကွင်းပြင်မှာ နေ၍ဖြစ်စေ "ဒါတွေဟာ နွားတွေပဲ" ဆိုတဲ့ သတိကလေးမျှသာ ပြုသင့်သကဲ့သို့ ရဟန်းတို့ . . ထို့အတူပဲ (နေကုန္ဒမ္မဝိတက် စသည်တို့ ဖြစ်ပေါ်လာတဲ့အခါ) "ဒါတွေဟာ တရားတွေပဲ" ဆိုတဲ့ သတိကလေးမျှသာ ပြုသင့်တယ်။

၂၁၁။ ရဟန်းတို့ . . ဘုရားအလောင်းတော် မဆုတ်မနစ် ဆက်လက် ကြိုးစားအားထုတ်တဲ့အခါ ဈာန်လေးပါးကို ရပြီး

- ပဌမယာမ်မှာ ပုဗ္ဗေနိဝါသာနုဿတိဉာဏ်
- မဇ္ဈိမယာမ်မှာ ဒိဗ္ဗစက္ခုဉာဏ်
- ပစ္ဆိမယာမ်မှာ အာသဝက္ခယဉာဏ် - တို့ကို ရခဲ့တယ်။

၂၁၂။ ရဟန်းတို့ . . ဥပမာအားဖြင့် တောအုပ်ကြီးတစ်ခုထဲမှာ နက်ရှိုင်းတဲ့ ညွှန်အိုင်ကြီးတစ်အိုင် ရှိတယ်၊ အဲဒီ ညွှန်အိုင်ကြီးကို သမင်များစွာဟာ အမှီပြုပြီး နေတယ်ဆိုပါတော့။ အဲဒီ သမင်များရဲ့ အကျိုးမဲ့ကို လိုလားတဲ့ လူတစ်ယောက်ဟာ ဘေးကင်းတဲ့ ကောင်းတဲ့လမ်းကို ပိတ်ထားတယ်၊ မကောင်းတဲ့ လမ်းကို ဖွင့်ထားတယ်၊ တယ်သမင်ဖိုနှင့် တယ်သမင်မကို စီစဉ်ထားတယ်။ ရဟန်းတို့ . . အဲဒီလို ဖြစ်ခဲ့လျှင် သမင်များစွာဟာ နောင်အခါမှာ ပျက်စီးခြင်းသို့ ရောက်နိုင်စရာ ရှိတယ်။

ရဟန်းတို့ . . အဲဒီသမင်များရဲ့ အကျိုးစီးပွားကို လိုလားတဲ့ လူတစ်ယောက်ကတော့ ဘေးကင်းတဲ့၊ ကောင်းတဲ့ လမ်းကို ဖွင့်ထားတယ်။ မကောင်းတဲ့ လမ်းကို ပိတ်ထားတယ်။ တယ်သမင်ဖိုနှင့် တယ်သမင်မကို ဖယ်ရှားဖျက်ဆီးထားတယ်။ ရဟန်းတို့ . . အဲဒီလို ဖြစ်ခဲ့လျှင် သမင်များစွာဟာ နောင်အခါမှာ ကြီးပွား၊ စည်ပင်၊ ပြန့်ပြောခြင်းသို့ ရောက်နိုင်စရာ ရှိတယ်။

ရဟန်းတို့ . . . အဓိပ္ပါယ်ကို သိလွယ်ဖို့ရာ ဒီဥပမာကို ငါဘုရား ပေးတော်မူခဲ့တယ်။ ဒီနေရာမှာ အဓိပ္ပါယ်က ဒီလို ဖြစ်တယ် - နက်ရှိုင်းတဲ့ ညွှန်အိုင်ကြီးဆိုတဲ့အမည်ဟာ ကာမ (ကာမဂုဏ်) တို့ရဲ့ အမည် ဖြစ်တယ်။ သမင်များစွာဆိုတဲ့ အမည်ဟာ သတ္တဝါတို့ရဲ့ အမည် ဖြစ်တယ်။ အကျိုးမဲ့ကို လိုလားတဲ့လူဆိုတဲ့

အမည်ဟာ မာရ်နတ်ယုတ်ရဲ့ အမည် ဖြစ်တယ်။ လမ်းမှားဆိုတဲ့ အမည်ဟာ မိစ္ဆာမဂ္ဂင်ရှစ်ပါးရဲ့ အမည် ဖြစ်တယ်။ အဲဒီမိစ္ဆာမဂ္ဂင် ရှစ်ပါးဆိုတာက —

(၁) မိစ္ဆာဒိဋ္ဌိ - မှားယွင်းစွာ သိမြင်ခြင်း
(၂) မိစ္ဆာသင်္ကပ္ပ - မှားယွင်းစွာ ကြံစည်ခြင်း
(၃) မိစ္ဆာဝါစာ - မှားယွင်းစွာ ပြောဆိုခြင်း
(၄) မိစ္ဆာကမ္မန္တ - မှားယွင်းစွာ ပြုလုပ်ခြင်း
(၅) မိစ္ဆာအာဇီဝ - မှားယွင်းစွာ အသက်မွေးခြင်း
(၆) မိစ္ဆာဝါယာမ - မှားယွင်းစွာ အားထုတ်ခြင်း
(၇) မိစ္ဆာသတိ - မှားယွင်းစွာ အမှတ်ရခြင်း
(၈) မိစ္ဆာသမာဓိ - မှားယွင်းစွာ စူးစိုက် (တည်ကြည်) ခြင်းတို့ ဖြစ်တယ်။

တယ်သမင်ဖို ဆိုတဲ့အမည်ဟာ နန္ဒီရာဂ (နှစ်သက်တပ်မက်မှု) ရဲ့ အမည် ဖြစ်တယ်။ တယ်သမင်မဆိုတဲ့ အမည်ဟာ အဝိဇ္ဇာရဲ့ အမည် ဖြစ်တယ်။ အကျိုးစီးပွားကို လိုလားတဲ့လူ ဆိုတဲ့အမည်ဟာ မြတ်စွာဘုရားရဲ့ အမည်တော် ဖြစ်တယ်။ ဘေးကင်းတဲ့၊ ကောင်းတဲ့ လမ်းဆိုတဲ့ အမည်ဟာ အရိယမဂ္ဂင်ရှစ်ပါးရဲ့ အမည် ဖြစ်တယ်။ အဲဒီအရိယမဂ္ဂင်ရှစ်ပါး ဆိုတာက —

(၁) သမ္မာဒိဋ္ဌိ - မှန်စွာ သိမြင်ခြင်း
(၂) သမ္မာသင်္ကပ္ပ - မှန်စွာ ကြံစည်ခြင်း
(၃) သမ္မာဝါစာ - မှန်စွာ ပြောဆိုခြင်း
(၄) သမ္မာကမ္မန္တ - မှန်စွာ ပြုလုပ်ခြင်း
(၅) သမ္မာအာဇီဝ - မှန်စွာ အသက်မွေးခြင်း
(၆) သမ္မာဝါယာမ - မှန်စွာ အားထုတ်ခြင်း
(၇) သမ္မာသတိ - မှန်စွာ အမှတ်ရခြင်း
(၈) သမ္မာသမာဓိ - မှန်စွာ စူးစိုက်တည်ကြည်ခြင်း တို့ ဖြစ်တယ်။

ရဟန်းတို့. . . အခုဟောပြခဲ့တဲ့အတိုင်း ငါဘုရားဟာ ဘေးကင်းတဲ့၊ ကောင်းတဲ့လမ်းကို ဖွင့်ထားတယ်၊ မကောင်းတဲ့ လမ်းကို ပိတ်ထားတယ်၊ တယ်သမင်ဖိုကို ဖယ်ရှားထားတယ်၊ တယ်သမင်မကို ဖျက်ဆီးထားတယ်၊ ရဟန်းတို့. . . တပည့်တို့ရဲ့ အကျိုးစီးပွားကိုလိုလားပြီး သနားကြင်နာတတ်တဲ့ ဆရာတစ်ပါး ပြုပြင်ပြုထိုက်တာကို သင်တို့ အတွက် ငါဘုရား ပြုတော်မူပြီးပြီ။

ရဟန်းတို့. . . ဒါတွေဟာ သစ်ပင်ရင်းတွေ ဖြစ်တယ်၊ ဒါတွေဟာ ဆိတ်ငြိမ်တဲ့နေရာတွေဖြစ်တယ်။ ရဟန်းတို့ တရားတော်ကို ရှုမှတ်ပွားများကြကုန်လော့၊ အမှတ်တမဲ့ မေ့မေ့ လျော့လျော့ ပေါ့ပေါ့ဆဆ လုံး၀ မနေကြကုန်လင့်။ နောင်ကျမှ

နောင်တမရကြကုန်လင့်။ ဒါဟာ သင်တို့အတွက် ငါဘုရားတို့ရဲ့ အဆုံးအမတော် ဖြစ်တယ်။

မြတ်စွာဘုရားက အဲဒီလို ဟောကြားတော်မူတဲ့အခါ ရဟန်းများဟာ အလွန် နှစ်သက်သဘောကျပြီး ဝမ်းမြောက်ဝမ်းသာ သာဓု ခေါ်ဆိုခဲ့ကြပါတယ်။

**ဒွေဓာဝိတက္ကသုတ် ပြီးပြီ။**

❊ ❊ ❊

## ၁၀ – ဝိတက္ကသဏ္ဌာနသုတ်

၂၁၆။ အခါတစ်ပါးမှာ သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်မှာ မြတ်စွာဘုရား သီတင်းသုံးနေတော်မူပါတယ်။ အဲဒီအခါမှာ မြတ်စွာဘုရားဟာ ရဟန်းတို့အား အခုလို ဟောကြားတော်မူခဲ့ပါတယ်။

ရဟန်းတို့ . . တရားအားထုတ်တဲ့ ရဟန်းဟာ အကြောင်းအရာငါးမျိုးကို ရံဖန်ရံခါ နှလုံးသွင်းသင့်တယ်။ ရဟန်းတို့ အကြောင်းအရာတစ်မျိုးကို နှလုံးသွင်းတဲ့ သာသနာ့ဝန်ထမ်းရဟန်းရဲ့ သန္တာန်မှာ ရာဂ, ဒေါသ, မောဟတို့နှင့် စပ်ယှဉ်တဲ့ မကောင်းမှုအကုသိုလ် အကြံအစည်များ ဖြစ်ပေါ်တတ်ကြတယ်။ ရဟန်းတို့ . . အဲဒီရဟန်းဟာ အဲဒီအကြောင်းအရာမှ တစ်ပါးကုသိုလ်နှင့် စပ်ယှဉ်တဲ့ တခြားအကြောင်းအရာကို နှလုံးသွင်းသင့်တယ်။ အဲဒီလို နှလုံးသွင်းတဲ့ ရဟန်းရဲ့ သန္တာန်မှာ ရာဂ, ဒေါသ, မောဟတို့နှင့် စပ်ယှဉ်တဲ့ မကောင်းမှုအကုသိုလ် အကြံအစည်များ ကင်းပျောက် ချုပ်ငြိမ်းသွားတော့တယ်။ အဲဒီ အကြံအစည်များ ကင်းပျောက်ချုပ်ငြိမ်းခြင်းကြောင့် စိတ်ဟာ မိမိသန္တာန်မှာပဲ ကောင်းစွာတည်တော့တယ်။ ရဟန်းတို့ . . ဥပမာအားဖြင့် ကျွမ်းကျင်တဲ့ လက်သမားဟာ သေးငယ်တဲ့ သပ်ကို ရိုက်၍ ကြီးမားတဲ့သပ်ကို ဆွဲနုတ်ရာသကဲ့သို့ ရဟန်းတို့ . . ထို့အတူပဲ အကြောင်းအရာတစ်မျိုးကို နှလုံးသွင်း၍ ရာဂ, ဒေါသ, မောဟတို့နှင့်

စပ်ယှဉ်တဲ့ မကောင်းမှုအကုသိုလ် အကြံအစည်များ မိမိရဲ့ သန္တာန်မှာ ဖြစ်နေတဲ့ ရဟန်းဟာ အဲဒီ အကြောင်းအရာမှတစ်ပါး ကုသိုလ်နှင့်စပ်ယှဉ်တဲ့ တခြား အကြောင်းအရာကို နှလုံးသွင်းသင့်တယ်။ အဲဒီလို နှလုံးသွင်းတဲ့ ရဟန်းရဲ့သန္တာန်မှာ ရာဂ, ဒေါသ, မောဟတို့နှင့် စပ်ယှဉ်တဲ့ မကောင်းမှုအကုသိုလ် အကြံအစည်များ ကင်းပျောက်ချုပ်ငြိမ်းသွားတော့တယ်။ အဲဒီအကြံအစည်များ ကင်းပျောက်ချုပ်ငြိမ်း ခြင်းကြောင့် စိတ်ဟာ မိမိသန္တာန်မှာပဲ ကောင်းစွာ တည်တော့တယ်။ (၁)

၂၁၇။ ရဟန်းတို့. . . အဲဒီအကြောင်းအရာမှတစ်ပါး ကုသိုလ်နှင့် စပ်ယှဉ်တဲ့ တခြားအကြောင်းအရာကို နှလုံးသွင်းသင့်ပါလျက် ရာဂ, ဒေါသ, မောဟတို့နှင့် စပ်ယှဉ်တဲ့ မကောင်းမှုအကုသိုလ် အကြံအစည်များ အဲဒီရဟန်းရဲ့သန္တာန်မှာ တကယ်လို့ ဆက်ဖြစ်နေကြသေးလျှင် အဲဒီရဟန်းဟာ "ဒီအကြောင်း ဒီအကြောင်းကြောင့် ဒီအကြံအစည်များဟာ အကုသိုလ်များ ဖြစ်ကြတယ်၊ အပြစ်များကြတယ်၊ ဆိုးကျိုးကို ပေးတတ်ကြတယ်" လို့ အဲဒီ အကြံအစည်တို့ရဲ့ အပြစ်ကို ရှုဆင်ခြင်သင့်တယ်။ အဲဒီလို ရှုဆင်ခြင်တဲ့ ရဟန်းရဲ့သန္တာန်မှာ ရာဂ, ဒေါသ, မောဟတို့နှင့် စပ်ယှဉ်တဲ့ မကောင်းမှုအကုသိုလ် အကြံအစည်များ ကင်းပျောက်ချုပ်ငြိမ်းသွားတော့တယ်။ အဲဒီအကြံအစည်များ ကင်းပျောက်ချုပ်ငြိမ်းခြင်းကြောင့် စိတ်ဟာ မိမိသန္တာန်မှာပဲ

ကောင်းစွာ တည်တော့တယ်။ ရဟန်းတို့. . . ဥပမာအားဖြင့် ငယ်ရွယ်နုပျို၍ အလှအပ ပြုပြင်လေ့ရှိတဲ့ မိန်းမပျို ဖြစ်စေ၊ ယောကျ်ားပျိုဖြစ်စေ မြွေသေကောင်ပုပ်၊ ခွေးသေကောင်ပုပ်၊ လူသေကောင်ပုပ် တစ်ခုခုကို လည်ပင်းမှာ အဆွဲခံရလျှင် ငြီးငွေ့ ရွံရှာ၊ စက်ဆုပ် သကဲ့သို့ ရဟန်းတို့. . . ထို့အတူပဲ အကြောင်းအရာတစ်မျိုးမှ တခြားအကြောင်းအရာ တစ်မျိုးကို နှလုံးသွင်းပါလျက် ရာဂ, ဒေါသ, မောဟတို့နှင့် စပ်ယှဉ်တဲ့ မကောင်းမှု အကုသိုလ် အကြံအစည်များ မိမိသန္တာန်မှာ ဆက်ဖြစ်နေသေးတဲ့ ရဟန်းဟာ "ဒီအကြောင်း ဒီအကြောင်းကြောင့် ဒီအကြံအစည်များဟာ အကုသိုလ်များ ဖြစ်ကြတယ်၊ အပြစ်များကြတယ်၊ ဆိုးကျိုးပေးကြတယ်" လို့ အဲဒီအကြံအစည်တို့ရဲ့ အပြစ်ကို ရှုဆင်ခြင်သင့်တယ်။ အဲဒီလို ရှုဆင်ခြင်တဲ့ ရဟန်းရဲ့ သန္တာန်မှာ ရာဂ, ဒေါသ, မောဟတို့နှင့် စပ်ယှဉ်တဲ့ မကောင်းမှု အကုသိုလ် အကြံအစည်များ ကင်းပျောက် ချုပ်ငြိမ်းသွားတော့တယ်။ အဲဒီအကြံအစည်များ ကင်းပျောက် ချုပ်ငြိမ်းခြင်းကြောင့် စိတ်ဟာ မိမိသန္တာန်မှာပဲ ကောင်းစွာ တည်တော့တယ်။ (၂)

၂၁၈။ ရဟန်းတို့. . . အဲဒီအကြံအစည်များရဲ့ အပြစ်ကို ရှုဆင်ခြင်ပါလျက် ရာဂ, ဒေါသ, မောဟတို့နှင့် စပ်ယှဉ်တဲ့ မကောင်းမှု အကုသိုလ် အကြံအစည်များ အဲဒီရဟန်းရဲ့ သန္တာန်မှာ တကယ်လို့ ဆက်ဖြစ်နေကြသေးလျှင် အဲဒီရဟန်းဟာ အဲဒီအကြံ အစည်တို့ကို သတိမပြုဘဲ နှလုံးမသွင်းဘဲ နေသင့်တယ်။ အဲဒီလို

နေတဲ့ ရဟန်းရဲ့ သန္တာန်မှာ ရာဂ, ဒေါသ, မောဟတို့နှင့် စပ်ယှဉ်တဲ့ မကောင်းမှု အကုသိုလ် အကြံအစည်များ ကင်းပျောက်ချုပ်ငြိမ်း သွားတော့တယ်။ အဲဒီ အကြံအစည်များ ကင်းပျောက်ချုပ်ငြိမ်း ခြင်းကြောင့် စိတ်ဟာ မိမိသန္တာန်မှာပဲ ကောင်းစွာ တည်တော့တယ်။ ရဟန်းတို့ . . ဥပမာအားဖြင့် မျက်စိကောင်းတဲ့ လူတစ်ယောက်ဟာ ပေါ်လာ (တွေ့ကြုံလာ)တဲ့ အဆင်းအာရုံတို့ကို မမြင်လို မကြည့်လိုလျှင် မျက်စိကို မှိတ်ထားရာသကဲ့သို့၊ သို့မဟုတ် တခြားအရပ်သို့ လွှဲပြောင်းကြည့်ရှုရာသကဲ့သို့ ရဟန်းတို့ . . ထို့အတူပဲ အဲဒီအကြံ အစည်များရဲ့ အပြစ်ကို ရှုဆင်ခြင်ပါလျက် ရာဂ, ဒေါသ, မောဟတို့နှင့် စပ်ယှဉ်တဲ့ မကောင်းမှုအကုသိုလ် အကြံအစည်များ မိမိသန္တာန်မှာ ဆက်ဖြစ်နေသေးတဲ့ ရဟန်းဟာ အဲဒီအကြံအစည် တို့ကို သတိမပြုဘဲ နှလုံးမသွင်းဘဲ နေသင့်တယ်။ အဲဒီလိုနေတဲ့ ရဟန်းရဲ့ သန္တာန်မှာ ရာဂ, ဒေါသ, မောဟတို့နှင့် စပ်ယှဉ်တဲ့ မကောင်းမှု အကုသိုလ် အကြံအစည်များ ကင်းပျောက်ချုပ်ငြိမ်း သွားတော့တယ်။ အဲဒီအကြံအစည်များ ကင်းပျောက် ချုပ်ငြိမ်း ခြင်းကြောင့် စိတ်ဟာ မိမိသန္တာန်မှာပဲ ကောင်းစွာ တည်တော့တယ်။ (၃)

၂၁၉။ ရဟန်းတို့ . . အဲဒီအကြံအစည်တို့ကို သတိမပြု၊ နှလုံးမသွင်းဘဲ နေပါလျက် ရာဂ, ဒေါသ, မောဟတို့နှင့် စပ်ယှဉ်တဲ့ မကောင်းမှု အကုသိုလ် အကြံအစည်များ အဲဒီရဟန်းရဲ့ သန္တာန်မှာ တကယ်လို့ ဆက်ဖြစ်နေကြသေးလျှင် အဲဒီ ရဟန်းဟာ အဲဒီ

အကြံအစည်တို့ရဲ့ ကြံစည်ပုံ ကြမ်းတမ်းမှု တဖြည်းဖြည်း ရပ်တန့်ကြောင်းကို နှလုံးသွင်းသင့်တယ်။ (ကြံစည်ပုံကြမ်းတမ်းမှု ရပ်တန့်သည်အထိ တဖြည်းဖြည်း လျှော့ချသင့်တယ်။) အဲဒီလို နှလုံးသွင်းတဲ့ ရဟန်းရဲ့ သန္တာန်မှာ ရာဂ, ဒေါသ, မောဟတို့နှင့် စပ်ယှဉ်တဲ့ မကောင်းမှု အကုသိုလ် အကြံအစည်များ ကင်းပျောက် ချုပ်ငြိမ်းသွားတော့တယ်။ အဲဒီ အကြံအစည်များ ကင်းပျောက် ချုပ်ငြိမ်းခြင်းကြောင့် စိတ်ဟာ မိမိသန္တာန်မှာပဲ ကောင်းစွာ တည်တော့တယ်။ ရဟန်းတို့ . . ဥပမာအားဖြင့် လူတစ်ယောက်ဟာ မြန်မြန်သွားနေတယ် ဆိုပါတော့။ သူဟာ "ငါ ဘာ့ကြောင့် မြန်မြန် သွားရမလဲ? ဖြည်းဖြည်းသွားတာ ကောင်းပါတယ်" လို့ စဉ်းစားပြီး ဖြည်းဖြည်း သွားတယ်။ "ငါ ဘာ့ကြောင့် ဖြည်းဖြည်းသွားရမလဲ? ရပ်နေတာ ကောင်းပါတယ်" လို့ စဉ်းစားပြီး ရပ်နေတယ်။ "ငါ ဘာ့ကြောင့် ရပ်နေရမလဲ? ထိုင်နေတာ ကောင်းပါတယ်" လို့ စဉ်းစားပြီး ထိုင်နေတယ်။ "ငါ ဘာ့ကြောင့် ထိုင်နေရမလဲ? လျောင်းနေတာ ကောင်းပါတယ်"လို့ စဉ်းစားပြီး လျောင်း နေတယ်။ ရဟန်းတို့ . . အဲဒီလို ကြမ်းတမ်းတဲ့ ကြမ်းတမ်းတဲ့ ဣရိယာပုတ်ကို ရှောင်ကြဉ်၍ သိမ်မွေ့တဲ့ သိမ်မွေ့တဲ့ ဣရိယာ ပုတ်ကို ပြုလုပ်ရာ သကဲ့သို့၊ ရဟန်းတို့ . . ထို့အတူပဲ အဲဒီ အကြံအစည်များကို သတိမပြု နှလုံးမသွင်းဘဲ နေပါလျက် ရာဂ, ဒေါသ, မောဟတို့နှင့် စပ်ယှဉ်တဲ့ မကောင်းမှု အကုသိုလ် အကြံအစည်များ မိမိသန္တာန်မှာ

ဆက်ဖြစ်နေသေးတဲ့ ရဟန်းဟာ အဲဒီအကြံအစည်တို့ရဲ့ ကြံစည်ပုံကြမ်းတမ်းမှု တဖြည်းဖြည်း ရပ်တန့်ကြောင်းကို နှလုံးသွင်းသင့်တယ်။ (ကြံစည်ပုံ ကြမ်းတမ်းမှု ရပ်တန့်သည်အထိ တဖြည်းဖြည်း လျှော့ချသင့်တယ်။) အဲဒီလို နှလုံးသွင်းတဲ့ ရဟန်းရဲ့သန္တာန်မှာ ရာဂ, ဒေါသ, မောဟတို့နှင့် စပ်ယှဉ်တဲ့ မကောင်းမှု အကုသိုလ် အကြံအစည်များ ကင်းပျောက် ချုပ်ငြိမ်း သွားတော့တယ်။ အဲဒီအကြံအစည်များ ကင်းပျောက် ချုပ်ငြိမ်းခြင်းကြောင့် စိတ်ဟာ မိမိသန္တာန်မှာပဲ ကောင်းစွာ တည်တော့တယ်။ (၄)

၂၂၀။ ရဟန်းတို့. . . အဲဒီ အကြံအစည်တို့ရဲ့ ကြံစည်ပုံ ကြမ်းတမ်းမှု တဖြည်းဖြည်း ရပ်တန့်ကြောင်းကို နှလုံးသွင်းပါလျက် ရာဂ, ဒေါသ, မောဟတို့နှင့် စပ်ယှဉ်တဲ့ မကောင်းမှုအကုသိုလ် အကြံအစည်များ အဲဒီရဟန်းရဲ့ သန္တာန်မှာ တကယ်လို့ ဆက်ဖြစ်နေကြသေးလျှင် အဲဒီရဟန်းဟာ သွားချင်းကြိတ်၊ လျှာဖြင့် အာစောက်ကို ထိလျက် စိတ်ဖြင့် စိတ်ကို ဖိနှိပ်သင့်တယ်၊ ဖျစ်ညှစ်သင့်တယ်၊ ပင်ပန်းစေသင့်တယ်။ အဲဒီလို ဖိနှိပ်၊ ဖျစ်ညှစ်၊ ပင်ပန်းစေတဲ့ ရဟန်းရဲ့ သန္တာန်မှာ ရာဂ, ဒေါသ, မောဟတို့နှင့် စပ်ယှဉ်တဲ့ မကောင်းမှု အကုသိုလ် အကြံအစည်များ ကင်းပျောက် ချုပ်ငြိမ်း သွားတော့တယ်။ အဲဒီ အကြံအစည်များ ကင်းပျောက် ချုပ်ငြိမ်း သွားခြင်းကြောင့် စိတ်ဟာ မိမိသန္တာန်မှာပဲ ကောင်းစွာ တည်တော့တယ်။ ရဟန်းတို့. . . ဥပမာအားဖြင့် အားကောင်းတဲ့

လူတစ်ယောက်ဟာ အားနည်းတဲ့ လူတစ်ယောက်ကို ခေါင်းမှာဖြစ်စေ၊ လည်ပင်းမှာဖြစ်စေ၊ ပခုံးမှာ ဖြစ်စေ ဆုပ်ကိုင်၍ ဖိနှိပ်၊ ဖျစ်ညှစ်၊ ပင်ပန်းစေသကဲ့သို့ ရဟန်းတို့ ထို့အတူပဲ အဲဒီ အကြံအစည်တို့ရဲ့ ကြံစည်ပုံ ကြမ်းတမ်းမှု တဖြည်းဖြည်း ရပ်တန့်ကြောင်းကို နှလုံးသွင်းပါလျက် ရာဂ, ဒေါသ, မောဟတို့နှင့် စပ်ယှဉ်တဲ့ မကောင်းမှုအကုသိုလ် အကြံအစည်များ မိမိသန္တာန်မှာ ဆက်ဖြစ်နေသေးတဲ့ ရဟန်းဟာ သွားချင်းကြိတ်၊ လျှာဖြင့် အာစောက်ကို ထိလျက် စိတ်ဖြင့် စိတ်ကို ဖိနှိပ်သင့်တယ်၊ ဖျစ်ညှစ်သင့်တယ်။ အဲဒီလို ဖိနှိပ်၊ ဖျစ်ညှစ်၊ ပင်ပန်းစေတဲ့ ရဟန်းရဲ့ သန္တာန်မှာ ရာဂ, ဒေါသ, မောဟတို့နှင့်စပ်ယှဉ်တဲ့ မကောင်းမှု အကုသိုလ် အကြံအစည်များ ကင်းပျောက် ချုပ်ငြိမ်းသွားတော့တယ်။ အဲဒီအကြံအစည်များ ကင်းပျောက် ချုပ်ငြိမ်းခြင်းကြောင့် စိတ်ဟာ မိမိသန္တာန်မှာပဲ ကောင်းစွာ တည်တော့တယ်။ (၅)

၂၂၁။ ရဟန်းတို့ . . ဒီရဟန်းဟာ ကြံစည်မှု လှည့်လည်ရာ လမ်းကြောင်း၌ လေ့ကျင့်ပြီးသူ (ကျွမ်းကျင်ပြီးသူ) ဖြစ်တယ်။ ကြံစည်လိုတဲ့ အကြံအစည်ကို ကြံစည်လမ့်မယ်။ မကြံစည်လိုတဲ့ အကြံအစည်ကို မကြံစည်ဘဲ နေလိမ့်မယ်။ သူဟာ တဏှာကို ဖြတ်တောက်ပြီးသူ ဖြစ်တယ်၊ သံယောဇဉ် အနှောင်အဖွဲ့ကို ဖြေပြီးသူဖြစ်တယ်။ မာနကို သိပြီး ပယ်ပြီးသူ ဖြစ်တယ်၊ ဒါ့ကြောင့် သူ့မှာ ဒုက္ခခပ်သိမ်း အေးငြိမ်းသွားတော့တယ်။

ဒီတရားတော်ကို မြတ်စွာဘုရား ဟောကြားပြီးတဲ့အခါ ရဟန်းများဟာ ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်ဆိုခဲ့ကြပါတယ်။

**ဝိတက္ကသဏ္ဌာနသုတ် ပြီးပြီ။**
**သီဟနာဒဝဂ် ပြီးပြီ။**

❊ ❊ ❊

## ၃ – ဩပမ္မဝဂ်

### ၁ – ကကစူပမသုတ်

၂၂၂။ အခါတစ်ပါးမှာ သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်မှာ မြတ်စွာဘုရား သီတင်းသုံးနေတော်မူပါတယ်။ အဲဒီအခါမှာ အရှင်မောဠိယဖဂ္ဂုနဟာ ရဟန်းမတို့နှင့် စည်းမဲ့ကမ်းမဲ့ (အလွန်အကျွံ) ရောနှောပြီး နေပါတယ်။ ရဟန်းတစ်ပါးပါးက အရှင်မောဠိယဖဂ္ဂုနရဲ့ ရှေ့မှာ အဲဒီရဟန်းမတို့ရဲ့ အပြစ်ကို ပြောလျှင် နာကြည်းအမျက်ထွက်ပြီး ရန်ထောင်မှုကိုတောင်မှ ပြုပါတယ်။ ရဟန်းတစ်ပါးပါးက အဲဒီရဟန်းမတို့ရဲ့ ရှေ့မှာ အရှင်မောဠိယဖဂ္ဂုနရဲ့ အပြစ်ကို ပြောလျှင်လည်း အဲဒီရဟန်းမများဟာ နာကြည်းကြအမျက်ထွက်ကြပြီး ရန်ထောင်မှုကိုတောင်မှ ပြုကြပါတယ်။ အရှင်မောဠိယဖဂ္ဂုနဟာ အဲဒီအတိုင်းအတာအထိ ရဟန်းမများနှင့် ရောနှောပြီး နေပါတယ်။ အဲဒီ အကြောင်းကို ရဟန်းတစ်ပါးက မြတ်စွာဘုရားအထံသို့ သွားရောက် လျှောက်ထားပါတယ်။

၂၂၃။ အဲဒီအခါမှာ မြတ်စွာဘုရားက ရဟန်းတစ်ပါး**အား** အခုလို စေခိုင်းတော်မူပါတယ်။

"ရဟန်း. . . လာလော့။ 'ငါ့ရှင် ဖဂ္ဂုန. . . သင့်ကို မြတ်စွာဘုရားခေါ်နေတယ်' လို့ ငါ့ရဲ့စကားဖြင့် မောဠိယဖဂ္ဂုနရဟန်းကို သွားခေါ်ချေ။"

(၂၀၂)

"မှန်ပါ အရှင်ဘုရား။"

"ငါ့ရှင် ဖဂ္ဂုန. . . သင့်ကို မြတ်စွာဘုရား ခေါ်နေတယ်။"

"ကောင်းပြီ ငါ့ရှင်။"

မြတ်စွာဘုရားအထံတော်သို့ အရှင်မောဠိယဖဂ္ဂုန ရောက်လာတဲ့အခါ မြတ်စွာဘုရားက အရှင်မောဠိယဖဂ္ဂုနအား အခုလို မေးမြန်းတော်မူပါတယ်။

"ဖဂ္ဂုန. . . သင် ရဟန်းမတို့နှင့် စည်းမဲ့ကမ်းမဲ့ ရောနှောပြီး နေတယ်ဆိုတာ မှန်သလား?"

"မှန်ပါ အရှင်ဘုရား။"

"ဖဂ္ဂုန. . . သင်ဟာ သဒ္ဓါတရားဖြင့် ရဟန်းပြုလာတဲ့ အမျိုးကောင်းသား မဟုတ်လား ?"

"မှန်ပါ အရှင်ဘုရား။"

၂၂၄။ ဖဂ္ဂုန. . . သဒ္ဓါတရားဖြင့် ရဟန်းပြုလာတဲ့ သင် အမျိုးကောင်းသားအား ရဟန်းမတို့နှင့် စည်းမဲ့ကမ်းမဲ့ ရောနှော နေထိုင်ခြင်းသည် မသင့်လျော်။ ဖဂ္ဂုန. . . ဒါကြောင့် တစ်စုံ တစ်ယောက်က သင်ရဲ့ရှေ့မှာ အဲဒီရဟန်းမတို့ရဲ့ အပြစ်ကို ပြောခဲ့လျှင်လည်း သင်ဟာ ကာမဂုဏ်ကို အကြောင်းပြုတဲ့ အလိုဆန္ဒနှင့် အကြံအစည်တို့ကို စွန့်၍ "ငါရဲ့ စိတ်ကို မဖေါက်ပြန် မပြောင်းလွဲစေအံ့၊ ယုတ်မာတဲ့ စကားကိုလည်း မမြွက်ဆိုအံ့၊

မေတ္တာဓာတ်ကို ဖြန့်ကြက်သူ၊ ဒေါသစိတ်မဖက် မေတ္တာစိတ်သက်သက်ရှိသူ ဖြစ်၍ နေအံ့”ဟု ကျင့်ရမယ်။

ဖဂ္ဂုန. . . တစ်စုံတစ်ယောက်က သင်ရဲ့ရှေ့မှာ အဲဒီရဟန်းမတို့အား လက်သီးနဲ့ထိုး၊ ခဲနဲ့ထု၊ တုတ်နဲ့ရိုက်၊ ဓားနဲ့ထိုးလျှင်လည်း သင်ဟာ ကာမဂုဏ်ကို အကြောင်းပြုတဲ့ အလိုဆန္ဒနှင့် အကြံအစည်တို့ကို စွန့်၍ “ငါရဲ့ စိတ်ကို မဖောက်ပြန် မပြောင်းလွဲစေအံ့၊ ယုတ်မာတဲ့ စကားကိုလည်း မမြွက်ဆိုအံ့၊ မေတ္တာဓာတ်ကို ဖြန့်ကြက်သူ၊ ဒေါသစိတ်မဖက် မေတ္တာစိတ်သက်သက်ရှိသူ ဖြစ်၍ နေအံ့”ဟု ကျင့်ရမယ်။

ဖဂ္ဂုန. . . တစ်စုံတစ်ယောက်က သင်ရဲ့ရှေ့မှာ သင်ရဲ့အပြစ်ကို ပြောလျှင်လည်း သင်ဟာ ကာမဂုဏ်ကို အကြောင်း ပြုတဲ့ အလိုဆန္ဒနှင့် အကြံအစည်တို့ကို စွန့်၍ “ငါရဲ့ စိတ်ကို မဖောက်ပြန် မပြောင်းလွဲစေအံ့၊ ယုတ်မာတဲ့ စကားကိုလည်း မမြွက်ဆိုအံ့၊ မေတ္တာဓာတ်ကိုဖြန့်ကြက်သူ ဒေါသစိတ်မဖက် မေတ္တာစိတ်သက်သက်ရှိသူ ဖြစ်၍ နေအံ့”ဟု ကျင့်ရမယ်။

ဖဂ္ဂုန. . . သင့်အား တစ်စုံတစ်ယောက်က လက်သီးနဲ့ထိုး၊ ခဲနဲ့ထု၊ တုတ်နဲ့ရိုက်၊ ဓားနဲ့ထိုးလျှင်လည်း သင်ဟာ ကာမဂုဏ်ကြောင့် ဖြစ်တဲ့အလိုဆန္ဒနှင့် အကြံအစည်တို့ကို စွန့်၍ “ငါရဲ့ စိတ်ကို မဖေါက်ပြန် မပြောင်းလွဲစေအံ့၊ ယုတ်မာတဲ့ စကားကိုလည်း မမြွက်ဆိုအံ့၊ မေတ္တာဓာတ်ကို ဖြန့်ကြက်သူ၊ ဒေါသစိတ်မဖက် မေတ္တာစိတ်သက်သက်ရှိသူ ဖြစ်၍ နေအံ့”ဟု ကျင့်ရမယ်။

၂၂၅။ အဲဒီနောက် မြတ်စွာဘုရားက ရဟန်းတို့အား အခုလို မိန့်ကြားတော်မူခဲ့ပါတယ်။ ရဟန်းတို့ . . တစ်ခါတုန်းက ရဟန်းများဟာ ငါဘုရားရဲ့ စိတ်ကို နှစ်သက်စေခဲ့ကြတယ်။ ရဟန်းတို့ ဒီသာသနာတော်မှာ ငါဘုရားဟာ ရဟန်းတို့အား 'ရဟန်းတို့ ငါဘုရားဟာ တစ်ထပ်တည်းသော ဘောဇဉ်ကို ဘုဉ်းပေးတော်မူတယ်၊ အဲဒီလို ဘုဉ်းပေးတဲ့အခါ အနာရောဂါ ကင်းခြင်း၊ ကျန်းမာခြင်း၊ လျှင်မြန်ပေါ့ပါးခြင်း၊ ခွန်အားရှိခြင်း၊ ချမ်းသာစွာ နေရခြင်းတို့ကို ကောင်းကောင်း တွေ့ရတယ်။ ရဟန်းတို့ လာကြလော့၊ သင်တို့လည်း တစ်ထပ်တည်းသော ဘောဇဉ်ကို စားကြလော့၊ အဲဒီလိုစားတဲ့အခါ သင်တို့လည်း အနာရောဂါ ကင်းခြင်း၊ ကျန်းမာခြင်း၊ လျင်မြန်ပေါ့ပါးခြင်း၊ ခွန်အားရှိခြင်း၊ ချမ်းသာစွာ နေရခြင်းတို့ကို ကောင်းကောင်း တွေ့ရလိမ့်မယ်'လို့ ညွှန်ပြခဲ့တယ်။ ရဟန်းတို့ . . . အဲဒီရဟန်းတို့အား ငါဘုရား ဆုံးမခဲ့ခြင်းမဟုတ်၊ သတိပေးခဲ့ခြင်းမျှသာ ဖြစ်တယ်။

ရဟန်းတို့ . . ဥပမာအားဖြင့် မြေညီညီ လမ်းဆုံလမ်းမ လမ်းလေးခွမှာ အာဇာနည်မြင်းရထားတစ်စီးကို ကပြီး (ပြင်ဆင်ပြီး) ရပ်ထားတယ်။ အဲဒီရထားပေါ်မှာ နှင်တံကိုလည်း တင်ထားတယ် ဆိုပါတော့။ အဲဒီရထားကို ကျွမ်းကျင်တဲ့ မြင်းထိန်းတစ်ယောက်က တက်စီး၍ လက်ဝဲလက်ဖြင့် ကြိုးကို ကိုင်၊ လက်ယာလက်ဖြင့် နှင်တံကို ကိုင်ပြီး အလိုရှိရာသို့ အလိုရှိသလို မောင်း၍ သွားစေ

ပြန်စေသကဲ့သို့၊ ရဟန်းတို့ . . ထို့အတူပဲ အဲဒီရဟန်းတို့အား ငါဘုရား ဆုံးမခဲ့ခြင်း မဟုတ်၊ သတိပေးခဲ့ခြင်းမျှသာ ဖြစ်တယ်။

ရဟန်းတို့ . . ဒါ့ကြောင့် သင်တို့လည်း အကုသိုလ်ကို ပယ်ကြ၊ ကုသိုလ်တရားတို့ကို ကြိုးစားအားထုတ်ကြ။ အဲဒီလို ဖြစ်ခဲ့လျှင် သင်တို့လည်းဒီသာသနာတော်မှာ ကြီးပွားစည်ပင် ပြန့်ပြောခြင်းသို့ ရောက်ကြလိမ့်မယ်။

ရဟန်းတို့ . . ဥပမာအားဖြင့် ရွာနိဂုံးတို့ရဲ့ အနီးမှာ အင်ကြင်းတောတစ်တော ရှိတယ်၊ အဲဒီ အင်ကြင်းတောကို ကြက်ဆူပင်များက ဖုံးအုပ်ထားတယ် ဆိုပါတော့။ အဲဒီ အင်ကြင်းတောကို ကောင်းစားစေလိုတဲ့ လူတစ်ယောက်က ကောက်ကွေးတဲ့ အင်ကြင်းပင်ပျိုများနှင့် အဆီဩဇာကင်းတဲ့ အင်ကြင်းပင်များကို ဖြတ်၍ အပြင်ဘက်သို့ ထုတ်ပစ်တယ်။ တောတွင်းထဲမှာ အလွန်သန့်ရှင်အောင် ရှင်းလင်းသုတ်သင် ထားတယ်။ ဖြောင့်တဲ့ အင်ကြင်းပင်ပျိုများနှင့် လှတဲ့ အင်ကြင်း ပင်ပျိုများကို ကောင်းကောင်းပြုစု စောင့်ရှောက်ထားတယ်။ ရဟန်းတို့ . . အဲဒီလို ဖြစ်ခဲ့လျှင် အဲဒီ အင်ကြင်းတောဟာ နောင်တစ်ချိန်မှာ ကြီးပွားစည်ပင် ပြန့်ပြောခြင်းသို့ ရောက်နိုင် စရာရှိတယ်။ ရဟန်းတို့ . . ထို့အတူပဲ၊ သင်တို့လည်း အကုသိုလ်ကို ပယ်ကြ။ ကုသိုလ်တရားတို့ကို ကြိုးစား အားထုတ်ကြ။ အဲဒီလို ဖြစ်ခဲ့လျှင် သင်တို့လည်း ဒီသာသနာတော်မှာ ကြီးပွား စည်ပင် ပြန့်ပြောခြင်းသို့ ရောက်ကြလိမ့်မယ်။

၂၂၆။ ရဟန်းတို့ . . . ရှေးကဖြစ်ဖူးတာ တစ်ခုကတော့ - ဒီ သာဝတ္ထိမြို့မှာပဲ ဝေဒေဟိကာဆိုတဲ့ အိမ့်ရှင်မတစ်ယောက် ရှိခဲ့ဖူးတယ်။ ရဟန်းတို့ . . . အဲဒီ ဝေဒေဟိကာ အိမ့်ရှင်မရဲ့ ကောင်းသတင်းဟာ "ဝေဒေဟိကာဟာ သိမ်မွေ့နူးညံ့သူ ဖြစ်တယ်၊ မိမိကိုယ်ကို နှိမ့်ချသူ ဖြစ်တယ်၊ ငြိမ်းအေးသူ ဖြစ်တယ်"လို့ ကျော်စောနေတယ်။ ရဟန်းတို့ . . . အဲဒီ ဝေဒေဟိကာ အိမ်ရှင်မမှာ ကာဠီဆိုတဲ့ ကျွန်မလေး တစ်ယောက် ရှိတယ်၊ အဲဒီ ကာဠီဟာ လိမ္မာသူ၊ မပျင်းရိသူ၊ အိမ်မှုကိစ္စတို့ကို ကောင်းစွာ ပြုစီရင်တတ်သူ ဖြစ်တယ်။

ရဟန်းတို့ . . . တစ်နေ့တော့ ကာဠီဆိုတဲ့ ကျွန်မဟာ "ငါ့အရှင်မရဲ့ ကောင်းသတင်းဟာ အတော် ကျော်စောနေတယ်၊ ငါ့အရှင်မရဲ့ သန္တာန်မှာ အမျက်ဒေါသရှိပါလျက် အပြင်မထွက်တာလေလား ? ဒါမှမဟုတ် အမျက်ဒေါသ တကယ်မရှိလို့ အပြင်မထွက်တာလေလား ? ဒါမှမဟုတ် အိမ်မှုကိစ္စတို့ကို ငါက ကောင်းစွာ ပြုစီရင်ပေးသောကြောင့် သူ့သန္တာန်မှာ အမျက်ဒေါသ ရှိပါလျက် အပြင်မထွက်တာလေလား ? ဒါမှမဟုတ် အမျက်ဒေါသ တကယ်မရှိလို့ အပြင်မထွက်တာလေလား? အဲဒါကို သေချာ သိရအောင် အရှင်မကို ငါ စမ်းကြည့်ရရင် ကောင်းမှာပဲ"လို့ စဉ်းစားတယ်။ ရဟန်းတို့ . . . ကာဠီကျွန်မဟာ အဲဒီလို စမ်းကြည့်လိုတဲ့ အတွက် တစ်နေ့တော့ နေမြင့်မှ အိပ်ရာထတယ်။ အဲဒီအခါမှာ ဝေဒေဟိကာက ကာဠီအား အခုလို မေးတယ်။

"ဟဲ့ ကာဠီ"

"ရှင်"

"ဟဲ့ ဘာဖြစ်လို့ နေမြင့်မှ အိပ်ရာထသလဲ?"

"ဘာမှ မဖြစ်ပါဘူး"

"ဘာမှ မဖြစ်ဘဲနှင့်များ၊ ကျွန်ယုတ်မနှယ် နေမြင့်မှ အိပ်ရာထရတယ်လို့" လို့ ပြောကာ စိတ်ဆိုးမာန်ဆိုးနဲ့ မျက်မှောင်ကြုတ်ပြတယ်။ ရဟန်းတို့. . . အဲဒီအခါမှာ ကာဠီဟာ "ငါ့အရှင်မရဲ့ သန္တာန်မှာ အမျက်ဒေါသရှိပါလျက် အပြင် မထွက်ခြင်း ဖြစ်တယ်။ တကယ်မရှိလို့ မဟုတ်။ တကယ်တော့ ငါက အိမ်မှုကိစ္စများကို ကောင်းစွာ ပြုစီရင်ပေးနေသောကြောင့်သာ သူ့သန္တာန်မှာရှိတဲ့ ဒေါသအမျက် အပြင်မထွက်ခြင်း ဖြစ်တယ်၊ ဒေါသအမျက် တကယ်မရှိလို့ အပြင်မထွက်ခြင်း မဟုတ်။ ပိုသေချာအောင် ငါ အရှင်မကို တိုးပြီး စမ်းရရင် ကောင်းမှာပဲ"လို့ စဉ်းစားပြန်တယ်။

ရဟန်းတို့. . . နောက်တစ်နေ့မှာ ကာဠီဟာ ပိုပြီး နေမြင့်မှ အိပ်ရာထတယ်၊ ရဟန်းတို့. . . အဲဒီအခါမှာ ဝေဒေဟိကာက ကာဠီအား အခုလို မေးတယ်။

"ဟဲ့ ကာဠီ"

"ရှင်"

"ဟဲ့ ဘာဖြစ်လို့ နေမြင့်မှ အိပ်ရာထသလဲ?"

"ဘာမှ မဖြစ်ပါဘူး"

"ဘာမှ မဖြစ်ဘဲနှင့်များ၊ ကျွန်ယုတ်မနှယ် နေမြင့်မှ အိပ်ရာထရတယ်လို့" လို့ ပြောကာ စိတ်ဆိုးမာန်ဆိုး ဆဲဆို ကြိမ်းမောင်းတယ်၊ ရဟန်းတို့ . . အဲဒီအခါမှာ ကာဠီဟာ "ငါ့အရှင်မရဲ့ သန္တာန်မှာ အမျက်ဒေါသရှိပါလျက် အပြင် မထွက်ခြင်း ဖြစ်တယ်၊ တကယ်မရှိလို့ မဟုတ်။ တကယ်တော့ ငါက အိမ်မှုကိစ္စများကို ကောင်းစွာ ပြုစီရင်ပေးနေသောကြောင့်သာ သူ့သန္တာန်မှာရှိတဲ့ ဒေါသအမျက် အပြင်မထွက်ခြင်း ဖြစ်တယ်၊ ဒေါသအမျက် တကယ်မရှိလို့ အပြင်မထွက်ခြင်း မဟုတ်။ ပိုသေချာအောင် ငါ အရှင်မကို တိုးပြီး စမ်းရရင် ကောင်းမှာပဲ" လို့ စဉ်းစားပြန်တယ်။

ရဟန်းတို့ . . နောက်တစ်နေ့မှာ ကာဠီဟာ ပိုပြီး နေမြင့်မှ အိပ်ရာထတယ်။ ရဟန်းတို့ . . အဲဒီအခါမှာ ဝေဒေဟိကာက ကာဠီအား အခုလို မေးတယ်။

"ဟဲ့ ကာဠီ"

"ရှင်"

"ဟဲ့ ဘာဖြစ်လို့ နေမြင့်မှ အိပ်ရာထသလဲ?"

"ဘာမှ မဖြစ်ပါဘူး"

"ဘာမှ မဖြစ်ဘဲနှင့်များ၊ ကျွန်ယုတ်မနှယ် နေမြင့်မှ အိပ်ရာထရတယ်လို့" လို့ ပြောကာ စိတ်ဆိုးမာန်ဆိုးနဲ့ တံခါးကျင်

(ကန့်လန့်ကျင်)ကို ယူတဲ့ပြီး ကာဠီရဲ့ ဦးခေါင်းကို ရိုက်ခွဲခဲ့တယ်။ ရဟန်းတို့. . . အဲဒီအခါမှာ သွေးသံရဲရဲ ကွဲနေတဲ့ ဦးခေါင်းကြီးနဲ့ "အရပ်တို့. . . သိမ်မွေ့ နူးညံ့သူရဲ့ လုပ်ရပ်ကို ကြည့်ကြပါအုံး၊ မိမိကိုယ်ကို နှိမ့်ချသူရဲ့ လုပ်ရပ်ကို ကြည့်ကြပါအုံး၊ ဘယ့်နှယ့်တော်၊ နေမြင့်မှ အိပ်ရာထရမလား ဆိုပြီး စိတ်ဆိုးမာန်ဆိုးနဲ့ တံခါးကျင်ကို ယူတဲ့ပြီး ကျွန်မလေး တစ်ယောက်ရဲ့ ဦးခေါင်းကို ရက်ရက်စက်စက် ရိုက်ခွဲရတယ်လို့" လို့ အိမ်နီးချင်းတို့အား ပြောဆို တိုင်တန်းရှာတယ်။

ရဟန်းတို့. . . အဲဒီကနောက်မှာ "ဝေဒေဟိကာ အိမ့်ရှင်မဟာ ကြမ်းတမ်းတယ်၊ ရိုင်းစိုင်းတယ်၊ ခက်မာတယ်" လို့ ဝေဒေဟိကာရဲ့ သတင်းဆိုးဟာ ပျံ့နှံ့သွားတော့တယ်။

ရဟန်းတို့. . . ထို့အတူပဲ ဒီသာသနာတော်မှာ တချို့ ရဟန်းဟာ မနှစ်သက်ဖွယ်စကားများ မိမိကို မထိသေးမီ အလွန်နူးညံ့သူ၊ မိမိကိုယ်ကို အလွန်နှိမ်ချသူ၊ အလွန် ငြိမ်းအေးသူ ဖြစ်တယ်။ ရဟန်းတို့. . . အဲဒီရဟန်းကို တကယ် နူးညံ့သူ၊ တကယ် မိမိကိုယ်ကို နှိမ်ချသူ၊ တကယ် ငြိမ်းအေးသူ လို့ မခေါ်ထိုက်ဘူး။ မနှစ်သက်ဖွယ်စကားများ မိမိကို ထိကြပါလျက် အလွန်နူးညံ့၊ မိမိကိုယ်ကို အလွန်နှိမ့်ချ၊ အလွန် ငြိမ်းအေးသော ရဟန်းကိုသာ တကယ်နူးညံ့သူ၊ တကယ် မိမိကိုယ်ကို နှိမ့်ချသူ၊ တကယ် ငြိမ်းအေးသူလို့ ခေါ်ထိုက်တယ်။

ရဟန်းတို့. . . သင်္ကန်း၊ ဆွမ်း၊ ကျောင်း၊ ဆေးကို ရလိုမှုကြောင့် ဆိုဆုံးမလွယ်သော ရဟန်းကို "တကယ် ဆိုဆုံးမ

လွယ်သူ”လို့ ငါဘုရား မဟောကြားလို။ ဘာ့ကြောင့်လဲဆိုတော့ အဲဒီရဟန်းဟာ သက်န်း, ဆွမ်း, ကျောင်း, ဆေးကို မရတဲ့အခါ ဆိုဆုံးမလွယ်မည် မဟုတ်သောကြောင့် ဖြစ်တယ်။ ရဟန်းတို့ . . တရားတော်ကို ရိုသေ, လေးစား, မြတ်နိုးကော်ရော်, ပူဇော်, ကန်တော့လို၍ ဆိုဆုံးမလွယ်သော ရဟန်းကိုသာ “တကယ် ဆိုဆုံးမလွယ်သူ”လို့ ငါဘုရား ဟောကြားတော်မူတယ်။ ရဟန်းတို့ ဒါ့ကြောင့် “တရားတော်ကို ရိုသေ, လေးစား, မြတ်နိုးကော်ရော်, ပူဇော်, ကန်တော့ လို၍သာ ဆိုဆုံးမလွယ်သူများ ဖြစ်ကြကုန်အံ့”ဟု သင်တို့ ကျင့်ကြံရမယ်။

၂၂၄။ ရဟန်းတို့ . . . သူတစ်ပါးတို့က သင်တို့အား ပြောကြားနိုင်တဲ့ စကား(အစုံ) ငါးမျိုးရှိတယ်။ ငါးမျိုးဆိုတာက—

(၁) သင့်တော်တဲ့အချိန်မှာ ပြောတဲ့ စကား၊ မသင့်တော်တဲ့ အချိန်မှာ ပြောတဲ့စကား

(၂) ဟုတ်မှန်တဲ့စကား၊ မဟုတ်မမှန်တဲ့စကား

(၃) သိမ်မွေ့စွာ ပြောတဲ့စကား၊ ကြမ်းတမ်းစွာ ပြောတဲ့ စကား

(၄) အကျိုးရှိတဲ့စကား၊ အကျိုးမရှိတဲ့စကား

(၅) မေတ္တာနဲ့ပြောတဲ့စကား၊ ဒေါသနဲ့ ပြောတဲ့ စကားတို့ ဖြစ်ကြတယ်။

ရဟန်းတို့ . . အဲဒီစကား ငါးမျိုးအနက် တစ်မျိုးမျိုးနဲ့ သင်တို့အား သူတစ်ပါးတို့က ပြောကြလိမ့်မယ်။ ရဟန်းတို့ . . အဲဒီလို

ပြောသံကို ကြားရတဲ့အခါ "ငါတို့ရဲ့ စိတ်ကို မဖောက်ပြန်စေအံ့"ဟု သင်တို့ ကျင့်ကြရမယ်။ "ယုတ်မာတဲ့ စကားကို မမြွက်ဆိုအံ့" ဟု လည်း သင်တို့ ကျင့်ကြရမယ်။ "(သူရဲ့) အကျိုးစီးပွားကို လိုလား၍ ဒေါသဖယ်ရှား မေတ္တာထားကာ နေကြကုန်အံ့"ဟုလည်း သင်တို့ကျင့်ကြရမယ်။ "အဲဒီလို ပြောတဲ့ ပုဂ္ဂိုလ်ကို မေတ္တာစိတ်ဖြင့် ဖြန့်၍ နေကြကုန်အံ့"ဟုလည်း သင်တို့ ကျင့်ကြရမယ်။ "မေတ္တာရဲ့ အာရုံဖြစ်တဲ့ တစ်လောကလုံးကို ကြီးမား ကျယ်ပြန့်၍ ဘေးရန်ကင်းသော မေတ္တာစိတ်နဲ့ ဖြန့်ကြက်၍ နေကြကုန်အံ့"ဟုလည်း သင်တို့ ကျင့်ကြရမယ်။

၂၂၈။ ရဟန်းတို့ . . ဥပမာအားဖြင့် လူတစ်ယောက်ဟာ ပေါက်တူးနှင့်တောင်းကို ယူပြီး လာတယ် - ဆိုပါတော့။ အဲဒီလူဟာ "ဒီမြေကြီးကို မြေကြီးမဟုတ်အောင် ငါ ပြုလုပ်အံ့" လို့ ပြောတယ်။ ပြီးတော့ သူဟာ ဟိုနေရာတူး၊ ဒီနေရာတူး တူးတယ်။ ဟိုနေရာ ကြဲဖြန့်၊ ဒီနေရာ ကြဲဖြန့် ကြဲဖြန့်တယ်။ ဟိုနေရာတံတွေးတွေး၊ ဒီနေရာတံတွေးတွေး ထွေးတယ်။ ဟိုနေရာ ကျင်ငယ်စွန့်၊ ဒီနေရာ ကျင်ငယ်စွန့် စွန့်တယ်။ "မြေကြီး မဟုတ်တော့သည် ဖြစ်ဟ၊ မြေကြီး မဟုတ်တော့သည် ဖြစ်ဟ"လို့လည်း ပါးစပ်က တတွတ်တွတ် ပြောတယ်။ ရဟန်းတို့ . . အဲဒါကို ဘယ်လိုထင်ကြသလဲ? အဲဒီ လူဟာ ဒီမြေကြီးကို မြေကြီးမဟုတ်အောင် ပြုလုပ်နိုင်ရာသလော?

"အရှင်ဘုရား. . . အဲဒီလူဟာ ဒီမြေကြီးကို မြေကြီး မဟုတ်အောင် မပြုလုပ်နိုင်ရာပါ။ ဘာ့ကြောင့်လဲဆိုတော့ - ဒီမြေကြီးက ထုထည်လည်း အလွန်ကြီးမား၍ ကျယ်ပြန့်လည်း အလွန် ကျယ်ပြန့်သောကြောင့် ဖြစ်ပါတယ် ဘုရား။ အဲဒီလူဟာ ပင်ပန်း ဆင်းရဲရုံမျှသာ ရှိပါမယ် ဘုရား"

"ရဟန်းတို့. . . ထို့အတူပဲ သူတစ်ပါးတို့က သင်တို့အား စကား (အစုံ) ငါးမျိုးအနက် တစ်မျိုးမျိုးဖြင့် ပြောကြားလာတဲ့အခါ အဲဒီပြောတဲ့ ပုဂ္ဂိုလ်နှင့်တကွ တစ်လောကလုံးကို မြေကြီးနှင့်တူတဲ့ မေတ္တာစိတ်နဲ့ ဖြန့်ကြက်၍ နေကြကုန်အံ့" ဟု သင်တို့ ကျင့်ကြရမယ်။

၂၂၉။ ရဟန်းတို့. . . ဥပမာအားဖြင့် လူတစ်ယောက်ဟာ ချိပ် (အစေးနီ) အရည်ကို ဖြစ်စေ၊ နနွင်းရည်ကို ဖြစ်စေ၊ အညိုရည်ကို ဖြစ်စေ၊ မောင်းသော (အနီရင့်ရောင်) အရည်ကို ဖြစ်စေ ယူပြီး လာတယ်ဆိုပါတော့။ အဲဒီလူဟာ "ဒီကောင်းကင်မှာ အရုပ်ကို ငါရေးအံ့၊ အရုပ်ထင်အောင် ငါပြုလုပ်အံ့" လို့ ပြောတယ်။ ရဟန်းတို့ အဲဒါကို ဘယ်လို ထင်ကြသလဲ? အဲဒီလူဟာ ဒီကောင်းကင်မှာ အရုပ်ကို ရေးနိုင်ရာသလော? အရုပ်ထင်အောင် ပြုလုပ်နိုင်ရာ သလော?

အရှင်ဘုရား. . . အဲဒီလူဟာ ဒီကောင်းကင်မှာ အရုပ်ကို မရေးနိုင်ရာပါ၊ အရုပ်ထင်အောင် မပြုလုပ်နိုင်ရာပါ။ ဘာ့ကြောင့်လဲ

ဆိုတော့ - ဒီကောင်းကင်ဟာ အဆင်းသဏ္ဌာန်၊ အသွင်သဏ္ဌာန် မရှိသောကြောင့် ဖြစ်ပါတယ်ဘုရား။ အဲဒီ လူဟာ ပင်ပန်းဆင်းရဲရုံ မျှသာ ရှိပါမယ်ဘုရား။

ရဟန်းတို့ . . ထို့အတူပဲ သူတစ်ပါးတို့က သင်တို့အား စကား (အစုံ) ငါးမျိုးအနက် တစ်မျိုးမျိုးနဲ့ ပြောကြားလာတဲ့ အခါ အဲဒီပြောတဲ့ ပုဂ္ဂိုလ်နှင့်တကွ တစ်လောကလုံးကို ကောင်းကင်နဲ့ တူတဲ့ မေတ္တာစိတ်နဲ့ ဖြန့်ကြက်၍ နေကြကုန်အံ့- ဟု သင်တို့ ကျင့်ကြရမယ်။

၂၃၀။ ရဟန်းတို့ . . ဥပမာအားဖြင့် လူတစ်ယောက်က မီးရဲရဲ တောက်လောင်နေတဲ့ မြက်မီးတုတ်ကို ယူပြီး လာတယ် ဆိုပါတော့။ အဲဒီလူဟာ "ဒီမြက်မီးတုတ်ဖြင့် ဂင်္ဂါမြစ်ကို ငါလောင်ကျွမ်း ခန်းခြောက်စေအံ့"လို့ ပြောတယ်။ ရဟန်းတို့ . . အဲဒါကို ဘယ်လို ထင်ကြသလဲ? အဲဒီလူဟာ မီးရဲရဲ တောက်လောင်နေတဲ့ မြက်မီးတုတ်နဲ့ ဂင်္ဂါမြစ်ကို လောင်ကျွမ်းခန်းခြောက် စေနိုင်ရာသလော ?

အရှင်ဘုရား . . . အဲဒီလူဟာ မီးရဲရဲတောက်လောင်နေတဲ့ မြက်မီးတုတ်နဲ့ ဂင်္ဂါမြစ်ကို မလောင်ကျွမ်း မခန်းခြောက် စေနိုင်ရာပါ၊ ဘာ့ကြောင့်လဲဆိုတော့ - ဂင်္ဂါမြစ်ဟာ နက်လည်း နက်၊ ကျယ်လည်း ကျယ်သောကြောင့် ဖြစ်ပါတယ် ဘုရား။ အဲဒီလူဟာ ပင်ပန်း ဆင်းရဲရုံမျှသာ ရှိပါမယ်ဘုရား။

ရဟန်းတို့. . . ထို့အတူပဲ သူတစ်ပါးတို့က သင်တို့အား စကား(အစုံ) ငါးမျိုးအနက် တစ်မျိုးမျိုးနဲ့ ပြောကြားလာတဲ့အခါ အဲဒီပြောတဲ့ ပုဂ္ဂိုလ်နှင့်တကွ တစ်လောကလုံးကို ဂင်္ဂါမြစ်နှင့်တူတဲ့ မေတ္တာစိတ်နဲ့ ဖြန့်ကြက်၍ နေကြကုန်အံ့-ဟု သင်တို့ ကျင့်ကြရမယ်။

၂၃၁။ ရဟန်းတို့. . . ဥပမာအားဖြင့် ကြောင်ရေအိတ် တစ်လုံး ရှိတယ် ဆိုပါတော့။ အဲဒီကြောင်ရေအိတ်ဟာ ကောင်းစွာ နယ်ထားလို့ အလွန်နူးညံ့တယ်၊ လဲမှုနှင့်တူတယ်။ ကျွိကျွိ ဖြိုဖြိုဆိုတဲ့ အသံသည်ပင် မမြည်။ လူတစ်ယောက်ဟာ တုတ်ချောင်းကိုဖြစ်စေ၊ အိုးခြမ်းကွဲကိုဖြစ်စေ ယူပြီး အဲဒီ ကြောင်ရေအိတ်နားသို့ ရောက်လာတယ်။ အဲဒီလူဟာ "ဒီ ကြောင်ရေအိတ် ကျွိကျွိဖြိုဖြို အသံမြည်အောင် တုတ်ချောင်းနဲ့ဖြစ်စေ၊ အိုးခြမ်းကွဲနဲ့ဖြစ်စေ ငါပြုလုပ်မယ်" လို့ ပြောဆိုတယ်။ ရဟန်းတို့. . . အဲဒါကို ဘယ်လို ထင်ကြသလဲ? အဲဒီလူဟာ အဲဒီကြောင်ရေအိတ် ကျွိကျွိဖြိုဖြို အသံမြည်အောင် တုတ်ချောင်းနဲ့ဖြစ်စေ၊ အိုးခြမ်းကွဲနဲ့ဖြစ်စေ ပြုလုပ်နိုင်ရာ သလော ?

အရှင်ဘုရား. . . အဲဒီလူဟာ အဲဒီကြောင်ရေအိတ် ကျွိကျွိဖြိုဖြို အသံမြည်အောင် တုတ်ချောင်းနဲ့ဖြစ်စေ၊ အိုးခြမ်းကွဲနဲ့ ဖြစ်စေ မပြုလုပ်နိုင်ရာပါ။ ဘာ့ကြောင့်လဲ ဆိုတော့- အဲဒီ ကြောင်ရေအိတ်ဟာ ကောင်းစွာ နယ်ထား (ကြိတ်ထား)လို့

လဲမှို့နှင့်တူပြီး ကျွိကျွိပြိုပြို - ဆိုတဲ့ အသံ မထွက်နိုင်တော့သောကြောင့် ဖြစ်ပါတယ်ဘုရား။ အဲဒီလူဟာ ပင်ပန်းဆင်းရဲရုံသာ ရှိပါမယ်ဘုရား။

ရဟန်းတို့ . . ထို့အတူပဲ သူတစ်ပါးတို့က သင်တို့အား စကား (အစုံ) ငါးမျိုးအနက် တစ်မျိုးမျိုးနဲ့ ပြောကြားလာတဲ့ အခါ အဲဒီပြောတဲ့ ပုဂ္ဂိုလ်နှင့်တကွ တစ်လောကလုံးကို ကြောင်ရေအိတ်နှင့် တူတဲ့ မေတ္တာစိတ်နဲ့ ဖြန့်ကြက်၍ နေကြကုန်အံ့ - ဟု သင်တို့ ကျင့်ကြရမယ်။

၂၃၂။ ရဟန်းတို့ . . အောက်တန်းစား အလုပ်ကို ပြုလုပ်လေ့ ရှိကြတဲ့ ခိုးသူတွေက နှစ်ဘက်အရိုးပါတဲ့ လွှနဲ့ (သင်တို့ရဲ့) အင်္ဂါကြီးငယ်ကို တိုက်ဖြတ်ကြစေအုံးတော့၊ အဲဒီခိုးသူတို့အား ပြန်၍ စိတ်ပြစ်မှားသော ရဟန်းသည်ပင် ငါဘုရားရဲ့ အဆုံးအမတော်ကို လိုက်နာသူမဟုတ်။ ရဟန်းတို့ . . အဲဒီလို လွှနဲ့ တိုက်ဖြတ် ခံရတောင်မှ "ငါတို့ရဲ့ စိတ်ကို မဖေါက်ပြန် စေအံ့" ဟု သင်တို့ ကျင့်ကြရမယ်။ "ယုတ်မာတဲ့ စကားကို မမြွက်ဆိုအံ့"ဟုလည်း သင်တို့ ကျင့်ကြရမယ်။ "သူတို့ရဲ့ အကျိုးစီးပွားကို လိုလား၍ ဒေါသဖယ်ရှား မေတ္တာထားကာ နေကြကုန်အံ့" ဟုလည်း သင်တို့ ကျင့်ကြရမယ်။ "လွှနဲ့ တိုက်တဲ့ အဲဒီပုဂ္ဂိုလ်ကို မေတ္တာစိတ်နဲ့ ဖြန့်၍ နေကြကုန်အံ့" ဟုလည်း သင်တို့ ကျင့်ကြရမယ်။ "မေတ္တာရဲ့ အာရုံဖြစ်တဲ့ တစ်လောကလုံးကို ကြီးမားကျယ်ပြန့်၍ ဘေးရန်ကင်းသော မေတ္တာစိတ်နဲ့ ဖြန့်ကြက်၍ နေကြကုန်အံ့"ဟုလည်း သင်တို့ ကျင့်ကြရမယ်။

၂၃၃။ ရဟန်းတို့ . . . လွှဥပမာ ဒီဃဝါဒကထာကို သင်တို့ မပြတ် နှလုံးသွင်းကုန်လော့။ (အဲဒီလို နှလုံးသွင်းလျှင်) သင်တို့ သည်းမခံနိုင်စရာရှိတဲ့ ကြီးကြီးငယ်ငယ် တစ်သွယ်သွယ်သော စကားမျိုးကို သင်တို့ မြင်ကြသလော?

"အရှင်ဘုရား . . . မမြင်ကြပါ။"

ရဟန်းတို့ . . . ဒါ့ကြောင့် လွှဥပမာ ဒီဃဝါဒကထာကို သင်တို့ မပြတ် နှလုံးသွင်းကြကုန်လော့။ အဲဒီလို နှလုံးသွင်းခြင်းသည် သင်တို့အတွက် ကြာမြင့်စွာ ကြီးပွားချမ်းသာကြောင်း ဖြစ်လိမ့်မယ်။

အဲဒီလို မြတ်စွာဘုရား ဟောကြားတော်မူတဲ့အခါ ရဟန်းများဟာ မြတ်စွာဘုရားရဲ့ တရားတော်ကို နှစ်သက် သဘောကျကြပြီး ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်ဆိုခဲ့ကြပါတယ်။

**ကကစူပမသုတ် ပြီးပြီ။**

❊ ❊ ❊

## ၂ - အလဂဒ္ဒူပမသုတ်

၂၃၄။ အခါတစ်ပါးမှာ သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်မှာ မြတ်စွာဘုရား သီတင်းသုံးနေတော်မူပါတယ်။ အဲဒီအခါမှာ လင်းတသတ်မုဆိုးမျိုး ဖြစ်ခဲ့ဖူးတဲ့ အရိဋ္ဌရဟန်းမှာ "နတ်ရွာ နိဗ္ဗာန်တို့ရဲ့ အန္တရာယ်ကို ဖြစ်စေနိုင်တယ် - လို့ မြတ်စွာဘုရား ဟောကြားထားတဲ့တရား (ပြစ်မှု) များ ရှိကြတယ်။ ဒါပေမဲ့ အဲဒီ တရား (ပြစ်မှု) များကို မှီဝဲ ကျူးလွန်သူအား အန္တရာယ်မဖြစ် စေနိုင်တဲ့ နည်းကိုလည်း မြတ်စွာဘုရား ဟောကြားထားတော် မူတယ်။ အဲဒီနည်းကို ငါသိတယ်" လို့ ယုတ်မာတဲ့ အယူမှားမှု ဖြစ်နေပါတယ်။ အရိဋ္ဌရဟန်းရဲ့ အဲဒီလို ယုတ်မာတဲ့ အယူမှားမှု ဖြစ်နေပုံကို များစွာသော ရဟန်းတို့ ကြားသိကြတယ်။ အဲဒီလို ကြားသိကြတဲ့အခါ အဲဒီရဟန်းများက အရိဋ္ဌရဟန်းထံသို့ သွားပြီး မေးခဲ့ကြတယ်။

"ငါ့ရှင် အရိဋ္ဌ. . . သင့်မှာ ဒီလို ဒီလို ယုတ်မာတဲ့ အယူမှားမှု ဖြစ်နေတယ်ဆိုတာ မှန်သလား ?"

"မှန်တယ် ငါ့ရှင်တို့"

အရိဋ္ဌရဟန်းရဲ့ အဖြေကို ကြားရတဲ့အခါ အဲဒီ ရဟန်းများဟာ အရိဋ္ဌရဟန်းကို အဲဒီယုတ်မာတဲ့ အယူမှားမှ ကင်းစေလိုတဲ့အတွက် "ငါ့ရှင် အရိဋ္ဌ. . . အဲဒီလို မပြောပါနှင့်။ မြတ်စွာဘုရားကို မစွပ်စွဲပါနှင့်။ မြတ်စွာဘုရားကို စွပ်စွဲခြင်းသည် မကောင်းပါ။

မြတ်စွာဘုရားသည် အဲဒီလို မဟောတန်ရာပါ။ ငါ့ရှင် အရိဋ္ဌ နတ်ရွာနိဗ္ဗာန်ရဲ့ အန္တရာယ်ကို ဖြစ်စေနိုင်တဲ့ တရားများကို နတ်ရွာနိဗ္ဗာန်ရဲ့ အန္တရာယ်ကို ဖြစ်စေနိုင်တယ်လို့သာ အကြောင်း အမျိုးမျိုးနဲ့ မြတ်စွာဘုရား ဟောပြတော်မူပါတယ်။ မှီဝဲကျူးလွန်တဲ့ ပုဂ္ဂိုလ်အတွက် အဲဒီတရားများဟာ နတ်ရွာနိဗ္ဗာန်ရဲ့ အန္တရာယ် ဖြစ်စေနိုင်သည်သာ ဖြစ်ပါတယ်။ ကာမဂုဏ်များဟာ သာယာဖွယ် နည်းကြ၊ ဆင်းရဲခြင်း များကြ၊ ပြင်းစွာ ပင်ပန်းခြင်း များကြတယ်၊ အရိုးစုနှင့် တူကြတယ်၊ အသားတစ်နှင့် တူကြတယ်၊ မြက်မီးရှူးနှင့် တူကြတယ်၊ မီးကျီးတွင်းနှင့် တူကြတယ်၊ အိပ်မက်နှင့် တူကြတယ်၊ ငှါးသုံးရတဲ့ပစ္စည်းနှင့် တူကြတယ်၊ အသီးရှိတဲ့သစ်ပင်နှင့် တူကြတယ်၊ စဉ်းတီတုံးနှင့် တူကြတယ်၊ လှံတံကျင်နှင့် တူကြတယ်၊ မြွေရဲ့ ဦးခေါင်းနှင့် တူကြတယ်၊ ဒီကာမဂုဏ်တို့မှာ အပြစ်သာ များတယ် - လို့ မြတ်စွာဘုရား ဟောကြားတော်မူတယ်”လို့ ပြောပြကြပြီး အယူကို ထပ်ကာ ထပ်ကာ စိစစ်ပြကြတယ်၊ ထပ်ကာ ထပ်ကာ အယူမှန်ကို ယူစေကြတယ်၊ ထပ်ကာထပ်ကာ အကြောင်းအရာအမှန်ကို ပြောပြကြတယ်။ ဒါပေမဲ့ အရိဋ္ဌရဟန်းဟာ အဲဒီယုတ်မာတဲ့ အယူမှားမှုကို ခိုင်ခိုင်မြဲမြဲ စွဲကိုင်ထားမြဲသာ ဖြစ်တယ်။

၂၃၅။ အရိဋ္ဌရဟန်းကို အဲဒီယုတ်မာတဲ့ အယူမှားမှုမှ ကင်းစေခြင်းငှာ မစွမ်းနိုင်ကြတဲ့အခါ အဲဒီရဟန်းများဟာ မြတ်စွာဘုရားအထံတော်သို့ ချဉ်းကပ်ကြပြီး အရိဋ္ဌရဟန်းရဲ့ အကြောင်းကို လျှောက်ထားခဲ့ကြတယ်။

# (၂၁၉)

၂၃၆။ အဲဒီအခါမှာ မြတ်စွာဘုရားက ရဟန်းတစ်ပါးအား အရိဋ္ဌရဟန်းကို ခေါ်ခိုင်းတော်မူပါတယ်။

အရိဋ္ဌရဟန်း ရောက်လာတဲ့အခါ မြတ်စွာဘုရားက အခုလို မေးမြန်းတော်မူပါတယ်။

"အရိဋ္ဌ. . . သင့်မှာ ဒီလို ဒီလို ယုတ်မာတဲ့ အယူမှားမှု ဖြစ်ပေါ်နေတယ်ဆိုတာ မှန်သလား ?"

"မှန်ပါ အရှင်ဘုရား။"

"အချည်းနှီးဖြစ်တဲ့ ယောကျ်ား. . . ဘယ်သူ့အား ငါဘုရား အဲဒီလို ဟောတာကို သင် ကြားသိရသလဲ? အချည်းနှီးဖြစ်တဲ့ ယောကျ်ား. . . ငါဘုရားဟာ နတ်ရွာနိဗ္ဗာန်ရဲ့ အန္တရာယ် ဖြစ်စေနိုင်တဲ့တရားများကို နတ်ရွာနိဗ္ဗာန်ရဲ့ အန္တရာယ်ကို ဖြစ်စေနိုင်တယ်လို့သာ အကြောင်းအမျိုးမျိုးနဲ့ ဟောကြားတော်မူသည် မဟုတ်လော ? မှီဝဲကျူးလွန်တဲ့ ပုဂ္ဂိုလ်အတွက် အဲဒီ တရားများဟာ နတ်ရွာနိဗ္ဗာန်ရဲ့ အန္တရာယ်ကို ဖြစ်စေနိုင်သည်သာ မဟုတ်လော ? ကာမဂုဏ်တို့ရဲ့ သာယာဖွယ်နည်းပုံ စသည်ကို ငါဘုရား ဟောကြားထားတော်မူသည် မဟုတ်လော? အချည်းနှီးဖြစ်တဲ့ ယောကျ်ား. . . သို့ဖြစ်ပါလျက် သင်ဟာ မိမိ ဘာသာ အယူမှားပြီး ငါဘုရားကိုလည်း စွပ်စွဲရက်တယ်။ မိမိကိုယ်ကိုလည်း တူးဖြိုရက်တယ်။ မကောင်းမှုများစွာကိုလည်း ပွားစေရက်တယ်။ အချည်းနှီးဖြစ်တဲ့ ယောကျ်ား. . . သင်ရဲ့ အဲဒီ အယူမှားမှု (သင်ယူပုံမှားမှု)ဟာ သင့်အတွက် ကာလရှည်ကြာစွာ ဆုတ်ယုတ်ကြောင်း၊ ဆင်းရဲကြောင်း ဖြစ်လိမ့်မယ်။"

အဲဒီနောက် မြတ်စွာဘုရားက ရဟန်းတို့အား မေးမြန်းတော်မူပါတယ်။ "ရဟန်းတို့ . . သင်တို့ အဲဒါကို ဘယ်လို ထင်ကြသလဲ? ဒီ အရိဋ္ဌရဟန်းအား ဒီငါဘုရား သာသနာတော်မှာ (မင်္ဂဖိုလ်ရရန်) ဉာဏ်အငွေ့အသက် ရှိသေးသလော ?"

"ဘယ်မှာ ရှိပါ့မလဲ မြတ်စွာဘုရား၊ လုံးဝ မရှိတော့ပါ ဘုရား။"

အဲဒီလို ဖြေသံကို ကြားရတဲ့အခါ အရိဋ္ဌရဟန်းဟာ ငြိမ်သက်သွားတော့တယ်၊ မျက်နှာပျက်သွားတော့တယ်၊ ခေါင်းငိုက်စိုက်ကျသွားတော့တယ်၊ မျက်နှာ အောက်ချထားတော့တယ်၊ ကြံရာမရဖြစ်ပြီး ထိုင်နေရတော့တယ်။ အဲဒီအခါမှာ အရိဋ္ဌရဟန်း အဲဒီလိုဖြစ်သွားပုံကို မြတ်စွာဘုရား သိတော်မူပြီး အရိဋ္ဌရဟန်းအား အခုလို မိန့်ကြားတော်မူခဲ့ပါတယ်။

"အချည်းနှီးဖြစ်တဲ့ ယောကျ်ား . . . သင်ရဲ့ ယုတ်မာတဲ့ မိစ္ဆာအယူဖြင့်ပင် သင် ထင်ရှားလိမ့်မယ်။ ဒီနေရာမှာ ရဟန်းတို့ကိုပဲ ငါဘုရား မေးတော့မယ်။"

၂၃၇။ အဲဒီနောက် မြတ်စွာဘုရားက ရဟန်းတို့အား မေးမြန်းတော်မူပါတယ်။

"ရဟန်းတို့ . . . ငါဘုရား ဟောထားတဲ့ တရားတော်ကို အရိဋ္ဌရဟန်းကဲ့သို့ပဲ သင်တို့လည်း နားလည်ကြသလား ?"

"မြတ်စွာဘုရား . . . တပည့်တော်များ အဲဒီလို နားလည်ကြသည် မဟုတ်ပါ။ မြတ်စွာဘုရား . . . နတ်ရွာနိဗ္ဗာန်ရဲ့ အန္တရာယ်ဖြစ်စေနိုင်တဲ့ တရားများကို နတ်ရွာနိဗ္ဗာန်ရဲ့ အန္တရာယ် ဖြစ်စေနိုင်တယ်

လို့သာ တပည့်တော်တို့အား မြတ်စွာဘုရားက အကြောင်းအမျိုးမျိုးနဲ့ ဟောပြထားပါတယ်ဘုရား။ မှိုင်ကျူးလွန်သူအတွက် အဲဒီတရားများဟာ နတ်ရွာ နိဗ္ဗာန်ရဲ့ အန္တရာယ်ကို ဖြစ်စေနိုင်သည်သာ ဖြစ်ပါတယ် ဘုရား။ ကာမဂုဏ်တို့ရဲ့ သာယာဖွယ်နည်းပုံ စသည်ကို မြတ်စွာ ဘုရားက ဟောကြားတော်မူပြီး ဖြစ်ပါတယ်ဘုရား။"

"သာဓု သာဓု ရဟန်းတို့. . . သင်တို့ဟာ ငါဘုရား အဲဒီလို ဟောကြားထားတဲ့ တရားတော်ကို ကောင်းစွာ သိကြပေတယ်။ သင်တို့ လျှောက်ထားတဲ့အတိုင်းပဲ ငါဘုရား ဟောကြား ထားတော်မူတယ်။ အဲဒီလို ဖြစ်ပါလျက် ဒီအရိဋ္ဌရဟန်းဟာ သူ့ဘာသာ အယူမှားမှု (သင်ယူပုံမှားမှု)ဖြင့် ငါဘုရားကိုလည်း စွပ်စွဲရက်တယ်၊ သူ့ကိုယ်သူလည်း တူးဖြိုရက်တယ်။ အကုသိုလ် များစွာကိုလည်း ပွားစေရက်တယ်။ အဲဒီအယူမှားမှုဟာ အချည်းနှီးဖြစ်တဲ့ အဲဒီယောကျ်ားအတွက် ကာလရှည်ကြာစွာ ဆုတ်ယုတ်ကြောင်း၊ ဆင်းရဲကြောင်း ဖြစ်လိမ့်မယ်။ ရဟန်းတို့ အယူမှားတဲ့ အဲဒီရဟန်းဟာ ကိလေသာ, ကိလေသသညာ, ကိလေသာအကြံအစည်တို့နှင့် ကင်းပြီး ကာမဂုဏ်တို့ကို မှီဝဲနိုင်စရာ အကြောင်း မရှိ။"

၂၃၈။ ရဟန်းတို့. . . ဥပမာအားဖြင့် မြွေဆိုးကို လိုချင်သူ၊ မြွေဆိုးကို ရှာချင်သူ လူတစ်ယောက်ဟာ မြွေဆိုးရှာ ထွက်ခဲ့တယ် ဆိုပါတော့။ သူဟာ မြွေဆိုးကြီးတစ်ကောင်ကို တွေ့တယ်။ ဒါနဲ့ သူဟာ အဲဒီမြွေဆိုးရဲ့ ကိုယ်ကို ဖြစ်စေ၊ အမြီးကို ဖြစ်စေ

ကိုင်ဖမ်းတယ်။ အဲဒီ မြွေဆိုးဟာ ပြန်လှည့်၍ အဲဒီလူရဲ့ လက်ကောက်ဝတ်ကို ဖြစ်စေ၊ လက်မောင်းကို ဖြစ်စေ၊ တခြား အင်္ဂါကြီးငယ် တစ်ခုခုကို ဖြစ်စေ ကိုက်တော့တယ်။ အဲဒီ မြွေဆိုး အကိုက်ခံရတဲ့အတွက်ကြောင့် အဲဒီလူဟာ သေရင်လည်း သေနိုင်တယ်။ သေလုနီးပါးသော်လည်း ဒုက္ခရောက်နိုင်တယ်။ ရဟန်းတို့ ... အဲဒါ ဘာကြောင့်လဲဆိုတော့ - မြွေဆိုးကို မကောင်းသဖြင့် ဖမ်းမိခြင်း (အဖမ်း မတတ်ခြင်း) ကြောင့် ဖြစ်တယ်။ ရဟန်းတို့ . . . ထို့အတူပဲ ဒီသာသနာတော်မှာ တချို့သော အချည်းနှီးဖြစ်တဲ့ ယောကျ်ားများဟာ တရားတော်များကို သင်ယူကြပြီး အဲဒီတရားတော်များရဲ့ အနက်အဓိပ္ပါယ်ကိုတော့ မစူးစမ်း၊ မဆင်ခြင်ကြဘူး။ ဒါ့ကြောင့် သူတို့ဟာ ရှင်းရှင်းလင်းလင်း သဘောမပေါက်ကြဘူး။ သူတို့ဟာ သူတစ်ပါးအား အပြစ်တင်ရခြင်း၊ သူတစ်ပါးတင်သော အပြစ်မှ လွတ်မြောက်ခြင်း အကျိုးရှိရုံသာ ရည်ရွယ်၍ တရားတော်ကို သင်ယူကြတယ်။ သင်ယူအပ်တဲ့ ပရိယတ္တိဓမ္မရဲ့ အကျိုးဖြစ်တဲ့ မဂ်ဖိုလ်ကိုကား သူတို့ မခံစားကြရကုန်။ မကောင်းသဖြင့် သင်ယူအပ်တဲ့ အဲဒီ တရားများဟာ သူတို့အတွက် ကာလရှည်ကြာစွာ ဆုတ်ယုတ်ကြောင်း၊ ဆင်းရဲကြောင်း ဖြစ်ကြတယ်။ ရဟန်းတို့ . . . အဲဒါ ဘာ့ကြောင့်လဲဆိုတော့ တရားတော်တို့ကို မကောင်းသဖြင့် သင်ယူခြင်းကြောင့် ဖြစ်တယ်။

၂၃၉။ ရဟန်းတို့ . . . ဥပမာအားဖြင့် မြွေဆိုးကို လိုချင်သူ၊ မြွေဆိုးကို ရှာချင်သူ လူတစ်ယောက်ဟာ မြွေဆိုးရှာ ထွက်ခဲ့တယ်

ဆိုပါတော့။ သူဟာ မြွေဆိုးကြီး တစ်ကောင်ကို တွေ့တယ်။ ဒါနဲ့ သူဟာ အဲဒီမြွေဆိုးကို ဆိတ်ခွာသဏ္ဍာန်ရှိတဲ့ တုတ်နဲ့ ကောင်းကောင်း ဖိနှိပ်ပြီး လည်ပင်းကို ကောင်းကောင်း ကိုင်ဖမ်းတယ်။ ရဟန်းတို့. . . အဲဒီ မြွေဆိုးဟာ အဲဒီလူရဲ့ လက်ကောက်ဝတ်ကို ဖြစ်စေ၊ လက်မောင်းကို ဖြစ်စေ၊ တခြား အင်္ဂါကြီးငယ် တစ်ခုခုကို ဖြစ်စေ ကိုယ်ခန္ဓာ (အခွေ) တို့နဲ့ ရစ်ပတ်နိုင်စရာ ရှိသော်လည်း အဲဒီလို ရစ်ပတ်ခံရမှုကြောင့် အဲဒီလူဟာ သေလည်း မသေနိုင်ရာ၊ သေလုနီးပါး ဒုက္ခလည်း မရောက်နိုင်ရာ။ ရဟန်းတို့. . . အဲဒါ ဘာ့ကြောင့်လဲဆိုတော့ မြွေဆိုးကို ကောင်းစွာ ဖမ်းတတ်သောကြောင့် ဖြစ်တယ်။ ရဟန်းတို့. . . ထို့အတူပဲ ဒီသာသနာတော်မှာ တချို့သော အမျိုးကောင်းသားများဟာ တရားတော်များကို သင်ယူကြပြီး အဲဒီတရားတော်များရဲ့ အနက်အဓိပ္ပါယ်ကိုလည်း ပညာဉာဏ်နဲ့ စူးစမ်းဆင်ခြင်ကြတယ်။ ဒါ့ကြောင့် သူတို့ဟာ ရှင်းရှင်းလင်းလင်း သဘောပေါက်ကြတယ်။ သူတို့ဟာ သူတစ်ပါးအား အပြစ်တင်ရခြင်း၊ သူတစ်ပါးတင်သော အပြစ်မှ လွတ်မြောက်ခြင်း အကျိုးရှိရုံသာ ရည်ရွယ်၍ တရားတော်ကို သင်ယူကြသည် မဟုတ်၊ သင်ယူအပ်တဲ့ ပရိယတ္တိမွေ့ရဲ့ အကျိုးဖြစ်တဲ့ မဂ်ဖိုလ်ကိုလည်း သူတို့ ခံစားကြရတယ်။ ကောင်းစွာ သင်ယူထားအပ်တဲ့ အဲဒီတရားတော်များဟာ သူတို့အတွက် ကြာမြင့်စွာ ကောင်းကျိုးများကြောင်း၊ ကြီးပွားကြောင်း၊ ချမ်းသာကြောင်း ဖြစ်ကြတယ်။ ရဟန်းတို့. . . အဲဒါ ဘာ့ကြောင့်လဲ

ဆိုတော့ - တရားတော်များကို ကောင်းစွာ သင်ယူတတ်သောကြောင့် ဖြစ်တယ်။ ရဟန်းတို့ . . . ဒါ့ကြောင့် ငါဘုရား ဟောထားတဲ့ တရားတော်ရဲ့ အနက်အဓိပ္ပါယ်ကို သိကြလျှင် သိသည့်အတိုင်း အဲဒီတရားတော်ကို ဆောင်ထားကြ၊ အကယ်၍ မသိကြသေးလျှင် မသိသေးသည့် အရာကို ငါဘုရားအား သင်တို့ မေးမြန်းကြ၊ ဒါမှမဟုတ် တတ်သိကျွမ်းကျင်တဲ့ ရဟန်းများကို သင်တို့ မေးမြန်းကြ။

၂၄၀။ ရဟန်းတို့ . . . သင်တို့အား ဖောင်ဥပမာတရားတော်ကို ငါဘုရား ဟောပြမယ်။ အဲဒီတရားတော်ဟာ ကူးမြောက်ဖို့ရာ ဖြစ်တယ်။ သိမ်းပိုက်ထားဖို့ရာ မဟုတ်ဘူး။ အဲဒီ တရားတော်ကို နာယူကြ၊ ကောင်းမွန်စွာ နှလုံးသွင်းကြ။

"မှန်ပါ အရှင်ဘုရား။"

ရဟန်းတို့ . . . လူတစ်ယောက်ဟာ ခရီးရှည်တစ်ခုကို သွားတယ်ဆိုပါတော့။ သူဟာ ရေပင်လယ်ပြင်ကြီး တစ်ခုကို တွေ့တယ်။ အဲဒီ ရေပင်လယ်ပြင်ရဲ့ ဒီဘက်ကမ်းဟာ ကြောက်စရာ ကောင်းတယ်၊ ဘေးရန်များတယ်။ ဟိုဘက်ကမ်းကတော့ ကြောက်စရာမရှိ၊ ဘေးရန်ကင်းတယ်။ ဒါပေမဲ့ ဒီဘက်ကမ်းမှ ဟိုဘက်ကမ်းသို့ ကူးသွားဖို့ရာ လှေလည်းမရှိ ပေါင်းကူးတံတားလည်း မရှိဘူး။ (ဒါ့ကြောင့်) သူဟာ "မြက်၊ သစ်သား၊ သစ်ခက်၊ သစ်ရွက်တို့ကို စုရုံးဖောင်ဖွဲ့၍ အဲဒီဖောင်ကို စီးပြီး လက်ခြေတို့ဖြင့် လုံ့လစိုက်ကာ ဟိုဘက်ကမ်းသို့ ချမ်းသာစွာ ကူးသွားရရင်

ကောင်းမှာပဲ”လို့ စဉ်းစားတယ်။ အဲဒီလို စဉ်းစားတဲ့အတိုင်း အကောင်အထည်ဖော်ပြီး ဟိုဘက်ကမ်းသို့ ကူးသွားတယ်။ သူဟာ ဟိုဘက်ကမ်းရောက်တော့ “ဒီဖောင်ဟာ ငါ့အား ကျေးဇူးများတယ်။ ငါ ဒီဖောင်ကို စီးပြီး လက်ခြေတို့ဖြင့် လုံ့လစိုက်ကာ ဒီဘက်ကမ်းသို့ ချမ်းသာစွာ ကူးနိုင်ခဲ့တယ်။ ငါ ဒီဖောင်ကို ကုန်းပေါ်မှာ တင်၍ဖြစ်စေ၊ ရေထဲမှာ မျှော၍ဖြစ်စေ၊ အလိုရှိရာအရပ်သို့ သွားရရင် ကောင်းမှာပဲ” လို့ စဉ်းစားတယ်။ ရဟန်းတို့ . . အဲဒီလူဟာ အဲဒီလို ပြုခဲ့ရင် အဲဒီဖောင်မှာ ပြုသင့် ပြုထိုက်တဲ့ အမှုကို ပြုသူ ဖြစ်တယ်။ ရဟန်းတို့ . . ထို့အတူပဲ ငါဘုရားဟာ ဖောင်ဥပမာ တရားတော်ကို ဟောကြားတော်မူတယ်။ ဒီတရားတော်ဟာ ကူးမြောက်ဖို့ရာ ဖြစ်တယ်၊ သိမ်းပိုက်ထားဖို့ရာ မဟုတ်ဘူး။ ရဟန်းတို့ . . ဖောင်ဥပမာ တရားဒေသနာတော်ကို သိကြတဲ့ သင်တို့ဟာ ဓမ္မ (သမထ ဝိပဿနာ၌ ဖြစ်သော တပ်မက်မှု) တို့ကိုတောင်မှ ပယ်ကြရမယ်။ အဓမ္မ (ကာမဂုဏ်၌ ဖြစ်သော တပ်မက်မှု) တို့ကိုကား ဟောပြဖွယ်ပင် မရှိတော့။

၂၄၁။ ရဟန်းတို့ . . ဒိဋ္ဌိဟာ ခြောက်မျိုးရှိတယ်။ ခြောက်မျိုး ဆိုတာက –

ရဟန်းတို့ . . ပုထုဇဉ်ပုဂ္ဂိုလ်ဟာ ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ - တို့ကို “ဒါ ငါ့ဥစ္စာပဲ၊ ငါပဲ၊ ငါဖြစ်စေချင်တိုင်း ဖြစ်တဲ့ အရာပဲ”လို့ အဖန်ဖန် ရှုတယ်။ (၄)

မြင်ရတဲ့ အာရုံ၊ ကြားရတဲ့ အာရုံ၊ တွေ့ရတဲ့ အာရုံ၊ သိရတဲ့ အာရုံ၊ ရောက်ရတဲ့ အာရုံ၊ ရှာမှီးရတဲ့ အာရုံ၊ စိတ်ဖြင့် သုံးသပ်ရတဲ့ အာရုံ တို့ကိုလည်း "ဒါ ငါ့ဥစ္စာပဲ၊ ငါပဲ၊ ငါ ဖြစ်စေချင်တိုင်း ဖြစ်တဲ့ အရာပဲ"လို့ အဖန်ဖန် ရှုတယ်။ (၅) "လောကဖြစ်တဲ့ ငါ၊ ဖြစ်စေချင်တိုင်း ဖြစ်တဲ့ ငါဟာ တမလွန် ဘဝမှာ ဖြစ်၍ မြဲရတော့အံ့၊ ခိုင်ခံ့ရတော့အံ့၊ အမြဲတည်ရတော့အံ့၊ မဖောက်ပြန်ရတော့အံ့၊ အမြဲတည်တဲ့ မြေကြီး စသည်နှင့်တူစွာ တည်ရတော့အံ့" လို့ ယူတဲ့ မိစ္ဆာအယူကိုလည်း "ဒါ ငါ့ဥစ္စာပဲ၊ ငါပဲ၊ ငါဖြစ်စေချင်တိုင်း ဖြစ်တဲ့ အရာပဲ"လို့ အဖန်ဖန် ရှုတယ်။ (၆)

ရဟန်းတို့. . . အရိယာပုဂ္ဂိုလ်ကတော့ အဲဒီ ရုပ် စသည်ကို "ဒါ ငါ့ဥစ္စာ မဟုတ်၊ ငါ မဟုတ်၊ ငါ ဖြစ်စေချင်တိုင်း ဖြစ်တဲ့ အရာမဟုတ်" လို့ အဖန်ဖန် ရှုတယ်။ အဲဒီ အရိယာပုဂ္ဂိုလ်ဟာ အဲဒီလို ရှုသည့်အတွက် (ကိုယ်တွင်းခန္ဓာ) မရှိ (ပျက်စီး) လတ်သော် စိတ် မပင်ပန်းရ။

၂၄၂။ အဲဒီလို ဟောပြတော်မူတဲ့အခါ ရဟန်းတစ်ပါးက မြတ်စွာဘုရားအား အခုလို လျှောက်ထား မေးမြန်းခဲ့ပါတယ်။

"မြတ်စွာဘုရား. . . ကိုယ်ပဝတ္တု မရှိလတ်သော် စိတ်ပင်ပန်းမှု ဖြစ်နိုင်ပါသလား ဘုရား ?"

"ဖြစ်နိုင်တယ် ရဟန်း၊ လောကမှာ တချို့သူအား ငါ့မှာ ပစ္စည်းဥစ္စာ ရှိခဲ့ဖူးတယ်၊ အဲဒီ ပစ္စည်းဥစ္စာ ငါ့မှာ မရှိတော့ပါတကား၊

ငါ ရသင့်ရထိုက်တဲ့ ပစ္စည်းဥစ္စာကို ငါ မရသေးပါ တကား”လို့ အကြံ ဖြစ်တယ်။ သူဟာ စိုးရိမ်ရတယ်၊ ပင်ပန်း ရတယ်၊ ငိုကြွေးရတယ်၊ ရင်ဘတ်စည်တီး မြည်ဟီးအော်ငိုရတယ်၊ ပြင်းစွာ တွေဝေရတယ်။ ရဟန်း. . . ကိုယ်ပဝတ္ထု မရှိလတ်သော် အဲဒီလို စိတ်ပင်ပန်းမှု ဖြစ်နိုင်တယ်။”

“မြတ်စွာဘုရား. . . ကိုယ်ပဝတ္ထု မရှိလတ်သော် စိတ်မပင်ပန်းမှု ဖြစ်နိုင်ပါသလား ဘုရား ?”

“ဖြစ်နိုင်တယ် ရဟန်း၊ လောကမှာ တချို့သူအား ‘ငါ့မှာ ပစ္စည်းဥစ္စာ ရှိခဲ့ဖူးတယ်၊ အဲဒီ ပစ္စည်းဥစ္စာ ငါ့မှာ မရှိတော့ပါတကား၊ ငါ ရသင့်ရထိုက်တဲ့ ပစ္စည်းဥစ္စာကို ငါ မရသေးပါတကား’ လို့ အကြံမဖြစ်။ သူဟာ မစိုးရိမ်ရ၊ မပင်ပန်းရ၊ မငိုကြွေးရ၊ ရင်ဘတ်စည်တီး မြည်ဟီး အော်မငိုရ၊ မတွေဝေရတော့၊” ရဟန်း ကိုယ်ပဝတ္ထုမရှိလတ်သော် အဲဒီလို စိတ်မပင်ပန်းရမှု ဖြစ်နိုင်တယ်။

“မြတ်စွာဘုရား. . . ကိုယ်တွင်းဝတ္ထု မရှိလတ်သော် စိတ်ပင်ပန်းမှု ဖြစ်နိုင်ပါသလားဘုရား ?”

“ဖြစ်နိုင်တယ် ရဟန်း၊ လောကမှာ တချို့သူအား ‘လောကဖြစ်တဲ့ ငါ၊ ဖြစ်စေချင်တိုင်း ဖြစ်တဲ့ ငါဟာ တမလွန်ဘဝမှာ ဖြစ်၍ မြဲရတော့အံ့၊ ခိုင်ခံ့ရတော့အံ့၊ အမြဲ တည်ရတော့အံ့၊ မဖောက်ပြန်ရတော့အံ့၊ အမြဲတည်တဲ့ မြေကြီး စသည်နှင့်တူစွာ တည်ရတော့အံ့’ လို့ မိစ္ဆာအယူ ဖြစ်နေတယ်။ သူဟာ ဒိဋ္ဌိ, ဒိဋ္ဌိဖြစ်ကြောင်း, ဒိဋ္ဌိရဲ့တည်ရာ, ဒိဋ္ဌိရဲ့ ထကြွမှု, ဒိဋ္ဌိရဲ့ နှလုံးသွင်းမှု,

ဒိဋ္ဌိရဲ့ ကိန်းဝပ်မှု, အဲဒီ အားလုံးကို အကြွင်းမဲ့ ပယ်သတ်ရန်၊ သင်္ခါရမှန်သမျှ ချုပ်ငြိမ်းရန် (ခန္ဓာ ကိလေသာ စတဲ့) ဥပဓိအားလုံးကို စွန့်လွှတ်ရန်၊ တဏှာ ကုန်ရန်၊ တပ်မက်မှု ကင်းရန်၊ ချုပ်ငြိမ်းရန်၊ နိဗ္ဗာန်ရောက်ရန် ဟောကြားတော်မူတဲ့ မြတ်စွာဘုရားရဲ့ သို့မဟုတ် မြတ်စွာဘုရား တပည့်တစ်ပါးရဲ့ တရားတော်ကို ကြားနာရတယ်။ သူဟာ 'ပြတ်ရတော့မည် တကား၊ ပျောက်ပျက်ရတော့မည်တကား၊ မဖြစ်ရတော့မည် တကား' လို့ စဉ်းစားမိတယ်။ သူဟာ စိုးရိမ်၊ ပင်ပန်း၊ ငိုကြွေးရတော့တယ်၊ ရင်ဘတ်စည်တီး မြည်ဟီး အော်ငိုရတော့တယ်၊ တွေဝေမိန်းမောသွားတော့တယ်။ ရဟန်း ကိုယ်တွင်းဝတ္ထု မရှိလတ်သော် အဲဒီလို စိတ်ပင်ပန်းမှု ဖြစ်နိုင်တယ်"

"မြတ်စွာဘုရား. . . ကိုယ်တွင်းဝတ္ထု မရှိလတ်သော် စိတ် မပင်ပန်းရမှု ဖြစ်နိုင်ပါသလား ဘုရား ?"

"ဖြစ်နိုင်တယ် ရဟန်း၊ လောကမှာ တချို့သူအား 'လောကဖြစ်တဲ့ ငါ၊ ဖြစ်စေချင်တိုင်း ဖြစ်တဲ့ ငါဟာ တမလွန် ဘဝမှာ ဖြစ်၍ မြဲရတော့အံ့၊ ခိုင်ခံ့ရတော့အံ့၊ အမြဲ တည်ရတော့အံ့၊ မဖောက်ပြန်ရတော့အံ့၊ အမြဲတည်တဲ့ မြေကြီး စသည်နှင့်တူစွာ တည်ရတော့အံ့' လို့ မိစ္ဆာအယူ မဖြစ်ဘူး။ သူဟာ ဒိဋ္ဌိ, ဒိဋ္ဌိဖြစ်ကြောင်း, ဒိဋ္ဌိရဲ့ တည်ရာ, ဒိဋ္ဌိရဲ့ ထကြွမှု, ဒိဋ္ဌိရဲ့ နှံလုံးသွင်းမှု, ဒိဋ္ဌိရဲ့ ကိန်းဝပ်မှု, အဲဒီ အားလုံးကို အကြွင်းမဲ့ ပယ်သတ်ရန်၊ သင်္ခါရ မှန်သမျှ ချုပ်ငြိမ်းရန် (ခန္ဓာ, ကိလေသာ စတဲ့) ဥပဓိအားလုံးကို စွန့်လွှတ်ရန်၊ တဏှာ ကုန်ရန်၊ တပ်မက်မှု ကင်းရန်၊ ချုပ်ငြိမ်းရန်၊

နိဗ္ဗာန်ရောက်ရန် ဟောကြားတော်မူတဲ့ မြတ်စွာဘုရားရဲ့ သို့မဟုတ် မြတ်စွာဘုရားတပည့်တစ်ပါးရဲ့ တရားတော်ကို ကြားနာရတယ်။ သူဟာ 'ပြတ်ရတော့မည်တကား၊ ပျောက်ပျက်ရတော့မည် တကား၊ မဖြစ်ရတော့မည်တကား၊' လို့ မစဉ်းစားတော့။ သူဟာ မစိုးရိမ်ရ၊ မပင်ပန်းရ၊ မငိုကြွေးရ၊ ရင်ဘတ်စည်တီး မြည်ဟီး အော်မငိုရ၊ မတွေဝေရတော့။ ရဟန်း. . . ကိုယ်တွင်းဝတ္ထု မရှိလတ်သော် အဲဒီလို စိတ်မပင်ပန်းရမှု ဖြစ်နိုင်တယ်။"

၂၄၃။ "ရဟန်းတို့. . . အရာဝတ္ထုတစ်ခုဟာ မြဲတယ်၊ ခိုင်ခံ့တယ်၊ အမြဲတည်တယ်၊ ဖောက်ပြန်ပြောင်းလွဲခြင်းသဘောကင်းတယ်၊ အမြဲတည်တဲ့ မြေကြီး စသည်နှင့်တူစွာ တည်တယ်ဆိုလျှင် အဲဒီ အရာဝတ္ထုကို သိမ်းပိုက်ထားလိုက သိမ်းပိုက်ထားကြလော့။ ရဟန်းတို့. . . ဒါပေမဲ့ မြဲတဲ့၊ ခိုင်ခံ့တဲ့၊ အမြဲ တည်တဲ့၊ ဖောက်ပြန်ပြောင်းလွဲခြင်းသဘော ကင်းတဲ့၊ အမြဲ တည်တဲ့ မြေကြီး စသည်နှင့်တူစွာတည်တဲ့ အဲဒီ အရာဝတ္ထုကို သင်တို့ တွေ့မြင်ကြသလား ?"

"မတွေ့မြင်ကြပါ မြတ်စွာဘုရား"

"ကောင်းပြီ ရဟန်းတို့. . . အဲဒီလို အရာဝတ္ထုကို သင်တို့ မတွေ့မြင်ကြသကဲ့သို့ ငါဘုရားလည်း တွေ့မြင်တော်မမူ။"

"ရဟန်းတို့. . . စိုးရိမ်ခြင်း၊ ငိုကြွေးခြင်း၊ ကိုယ်ဆင်းရဲခြင်း စိတ်ဆင်းရဲခြင်း၊ ပြင်းစွာပူလောင်ခြင်းတို့ မဖြစ်စေတဲ့ အတ္တဝါဒုပါဒါန် (ငါ ရှိ၏ - ဟု ပြောဆို စွဲလမ်းကြောင်း အယူ) ရှိခဲ့လျှင် အဲဒီ အယူကို

သင်တို့ စွဲယူလိုက စွဲယူကြကုန်လော့။ ရဟန်းတို့. . . ဒါပေမဲ့ စိုးရိမ်ခြင်း၊ ငိုကြွေးခြင်း၊ ကိုယ်ဆင်းရဲခြင်း၊ စိတ်ဆင်းရဲခြင်း၊ ပြင်းစွာပူလောင်ခြင်းတို့ မဖြစ်စေတဲ့ အတ္တဝါဒုပါဒါန် (ငါ ရှိ၏ - ဟု ပြောဆို စွဲလမ်းကြောင်း အယူ) ကို သင်တို့ တွေ့မြင်ကြသလား ?"

"မတွေ့မြင်ကြပါ မြတ်စွာဘုရား"

"ကောင်းပြီ ရဟန်းတို့. . . အဲဒီလို အယူကို သင်တို့ မတွေ့မြင်ကြသကဲ့သို့ ငါဘုရားလည်း တွေ့မြင်တော်မမူ။"

"ရဟန်းတို့. . . စိုးရိမ်ခြင်း၊ ငိုကြွေးခြင်း၊ ကိုယ်ဆင်းရဲခြင်း၊ စိတ်ဆင်းရဲခြင်း၊ ပြင်းစွာ ပူလောင်ခြင်းတို့ မဖြစ်စေတဲ့ မိစ္ဆာအယူ ရှိလျှင် အဲဒီမိစ္ဆာအယူကို သင်တို့ ယူထားလိုက ယူထားကြလော့။ ရဟန်းတို့. . . ဒါပေမဲ့ စိုးရိမ်ခြင်း၊ ငိုကြွေးခြင်း၊ ကိုယ်ဆင်းရဲခြင်း၊ စိတ်ဆင်းရဲခြင်း၊ ပြင်းစွာ ပူလောင်ခြင်းတို့ မဖြစ်စေတဲ့ မိစ္ဆာအယူကို သင်တို့ တွေ့မြင်ကြသလား?"

"မတွေ့မြင်ကြပါ မြတ်စွာဘုရား"

"ကောင်းပြီ ရဟန်းတို့. . . အဲဒီလို မိစ္ဆာအယူကို သင်တို့ မတွေ့မြင်ကြသကဲ့သို့ ငါဘုရားလည်း တွေ့မြင်တော်မမူ။"

၂၄၄။ "ရဟန်းတို့. . . အတ္တ (ငါ) ဆိုတာ ရှိလျှင် အတ္တနိယ (ငါ့ ဥစ္စာ) ဆိုတာ ရှိနိုင်သလား ?"

"ရှိနိုင်ပါတယ် မြတ်စွာဘုရား။"

"အတ္တနိယ (ငါ့ ဥစ္စာ) ဆိုတာ ရှိလျှင် အတ္တ (ငါ) ဆိုတာ ရှိနိုင်သလား"

"ရှိနိုင်ပါတယ် မြတ်စွာဘုရား။"

"ရဟန်းတို့ . . အတ္တ၊ အတ္တနိယ (ငါ၊ ငါ့ ဥစ္စာ) ဆိုတာ အမှန်တကယ် မရှိလျှင် 'လောကဖြစ်တဲ့ ငါ၊ အတ္တဖြစ်တဲ့ ငါဟာ တမလွန်ဘဝမှာ ဖြစ်၍ မြဲရတော့အံ့၊ ခိုင်ခံ့ရတော့အံ့၊ အမြဲ တည်ရတော့အံ့၊ မဖောက်ပြန်ရတော့အံ့၊ အမြဲတည်တဲ့ မြေကြီး စသည်နှင့်တူစွာ တည်ရတော့အံ့' ဆိုတဲ့ မိစ္ဆာအယူဟာ လူမိုက်တရားအစစ် မချွတ်ကေန် ဖြစ်တယ် မဟုတ်လား?"

"အဘယ်မှာ မဖြစ်ဘဲနေပါ့မလဲ မြတ်စွာဘုရား၊ အဲဒီ မိစ္ဆာအယူဟာ လူမိုက်တရားအစစ် မချွတ်ကေန် ဖြစ်ပါတော့တယ် ဘုရား။"

"ရဟန်းတို့ . . အဲဒါကို ဘယ်လို ထင်ကြမလဲ ? ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဉ်တို့ဟာ မြဲကြသလား ? မမြဲကြဘူးလား ?"

"မမြဲကြပါ မြတ်စွာဘုရား။"

"မမြဲတဲ့ အဲဒီသဘောတရားတွေဟာ ဆင်းရဲကြသလား? ချမ်းသာကြသလား ?"

"ဆင်းရဲကြပါတယ် မြတ်စွာဘုရား။"

"မမြဲကြ၊ ဆင်းရဲကြ၊ ဖောက်ပြန်ခြင်း သဘောရှိကြတဲ့ အဲဒီ သဘောတရားတွေကို 'ဒါတွေဟာ ငါပဲ၊ ငါ့ဥစ္စာပဲ၊ ငါ ဖြစ်စေချင်တိုင်း ဖြစ်တဲ့ အရာ (အတ္တ)ပဲ' လို့ ရှုမှတ်သင့်သလား ?"

"မရှုမှတ်သင့်ပါ မြတ်စွာဘုရား။"

"ရဟန်းတို့ . . ဒါကြောင့် အတိတ်ရုပ်ကို ဖြစ်စေ၊ အနာဂတ်ရုပ်ကို ဖြစ်စေ၊ ပစ္စုပ္ပန်ရုပ်ကို ဖြစ်စေ၊ ကြမ်းတမ်းတဲ့ ရုပ်ကို ဖြစ်စေ၊ သိမ်မွေ့တဲ့ရုပ်ကို ဖြစ်စေ၊ ညံ့တဲ့ရုပ်ကို ဖြစ်စေ၊ ကောင်းတဲ့ရုပ်ကို ဖြစ်စေ၊ အဝေးမှာရှိတဲ့ ရုပ်ကို ဖြစ်စေ၊ အနီးမှာ ရှိတဲ့ရုပ်ကို ဖြစ်စေ၊ မည်သည့်ရုပ်ကိုမဆို 'ဒီရုပ်ဟာ ငါ့ ဥစ္စာမဟုတ်၊ ငါ မဟုတ်၊ ငါ ဖြစ်စေချင်တိုင်း ဖြစ်တဲ့ အရာမဟုတ်' လို့ အမှန်သိနိုင်တဲ့ ပညာဖြင့် အမှန်အတိုင်း ရှုမှတ်ရမယ်။ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဉ်တို့ကိုလည်း ထို့အတူပဲ ရှုမှတ်ရမယ်။"

၂၄၅။ ရဟန်းတို့ . . အဲဒီလို ရှုမှတ်တဲ့ အကြားအမြင်များတဲ့ ဘုရားသားတော်ဟာ ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဉ် တို့မှာ ငြီးငွေ့လာတယ်။ ငြီးငွေ့ပြီး တပ်မက်မှု ကင်းလာတယ်၊ တပ်မက်မှု ကင်းတဲ့အတွက် လွတ်မြောက်သွားတယ်၊ (ကိလေသာနယ်ကို ကျော်လွန်သွားတယ်) ကိလေသာနယ်ကို ကျော်လွန်တဲ့အခါ ကိလေသာနယ်ကို ကျော်လွန်ပြီဆိုတဲ့ အသိဉာဏ် ဖြစ်ပေါ်လာတယ်။ "ဘဝသစ်မှာ ပဋိသန္ဓေ နေစရာ ငါ့မှာ ကုန်ပြီ၊ မြတ်သော မဂ်တရားကို (ရအောင်) ကျင့်သုံးပြီးပြီ၊ ဒီလို မဂ်တရားမျိုး ရဖို့ရာ နောက်ထပ် ကျင့်စရာ မရှိတော့ပြီ" လို့ သိတယ်။

ရဟန်းတို့ . . အဲဒီရဟန်းကို တံခါးကျင် (ကန့်လန့်ကျင်)ကို မြှောက်ပြီးတဲ့ ရဟန်းလို့လည်း ခေါ်ဆိုထိုက်တယ်။

ကျုံးမြောင်းကို ဖျက်ဆီးပြီးတဲ့ရဟန်းလို့လည်း ခေါ်ဆို ထိုက်တယ်။

တံခါးတိုင်ကို နုတ်ပယ်ပြီးတဲ့ရဟန်းလို့လည်း ခေါ်ဆိုထိုက်တယ်။

တံခါးရွက်ကို ဖျက်ဆီးပြီးတဲ့ရဟန်းလို့လည်း ခေါ်ဆိုထိုက်တယ်။

အလံကို ချထားပြီးတဲ့ ရဟန်းလို့လည်း ခေါ်ဆိုထိုက်တယ်။

ရဟန်းတို့. . . ဘယ်လိုရဟန်းဟာ တံခါးကျင်ကို မြှောက်ပြီးတဲ့ရဟန်း ဖြစ်သလဲဆိုတော့ - အဝိဇ္ဇာကို အမြစ်ပြတ်ပယ်ပြီးတဲ့ ရဟန်းဟာ တံခါးကျင်ကို မြှောက်ပြီးတဲ့ ရဟန်းဖြစ်တယ်။

ဘယ်လိုရဟန်းဟာ ကျုံးမြောင်းကို ဖျက်ဆီးပြီးတဲ့ ရဟန်းဖြစ်သလဲဆိုတော့ - ဘဝသစ်ကို ဖြစ်စေတတ်၊ ပဋိသန္ဓေနေစေတတ်၊ သံသရာလည်စေတတ်တဲ့ကံကို အမြစ်ပြတ်ပယ်ပြီးတဲ့ရဟန်းဟာ ကျုံးမြောင်းကို ဖျက်ဆီးပြီးတဲ့ ရဟန်းဖြစ်တယ်။

ဘယ်လိုရဟန်းဟာ တံခါးတိုင်ကို နုတ်ပြီးတဲ့ ရဟန်းဖြစ်သလဲဆိုတော့ - တဏှာကို အမြစ်ပြတ် ပယ်ပြီးတဲ့ ရဟန်းဟာ တံခါးတိုင်ကို နုတ်ပြီးတဲ့ ရဟန်း ဖြစ်တယ်။

ဘယ်လိုရဟန်းဟာ တံခါးရွက်ကို ဖျက်ဆီးပြီးတဲ့ ရဟန်းဖြစ်သလဲဆိုတော့ - အောက်ဘုံ (ကာမဘုံ) မှာ ဖြစ်စေတတ်တဲ့ သံယောဇဉ်ငါးပါးကို အမြစ်ပြတ် ပယ်ပြီးတဲ့ ရဟန်းဟာ တံခါးရွက်ကို ဖျက်ဆီးပြီးတဲ့ ရဟန်း ဖြစ်တယ်။

ဘယ်လိုရဟန်းဟာ အလံကို ချထားပြီးတဲ့ ရဟန်း ဖြစ်သလဲဆိုတော့ - ငါတကားဟု ထောင်လွှားတက်ကြွတဲ့ မာနကို အမြစ်ပြတ် ပယ်ပြီးတဲ့ ရဟန်းဟာ အလံကို ချထားပြီးတဲ့ ရဟန်း ဖြစ်တယ်။

၂၄၆။ ရဟန်းတို့ . . အဲဒီလို ကိလေသာစိတ်ကင်းတဲ့ ရဟန္တာ ရဟန်းကို နတ်, မာရ်နတ်, သိကြား, ဗြဟ္မာတို့က "သတ္တဝါရဲ့ ဝိညာဉ်ဆိုတာ ဒီအရာကို မှီတယ်" လို့ ယူဆ၍ စူးစမ်းကြသော်လည်း စူးစမ်းလို့ မရနိုင်ကြ။ ဘာ့ကြောင့်လဲ ဆိုတော့ မျက်မှောက်ဘဝမှာပင် သတ္တဝါဆိုတာ မရှိသောကြောင့် ဖြစ်တယ်။ "ရဟန်းတို့ . . အဲဒီလို ဟောကြားလေ့ရှိတဲ့ ငါဘုရားကို တချို့ရဟန်းပုဏ္ဏားတို့က 'ရဟန်း ဂေါတမဟာ သတ္တဝါကို ဖျက်ဆီးသူ' လို့ မဟုတ်မမှန် စွပ်စွဲကြတယ်။ သူတို့ စွပ်စွဲ ပြောဆိုကြတာဟာ ငါဘုရား ဟောကြားတာနဲ့ တခြားစီသာ ဖြစ်တယ်။ ရဟန်းတို့ . . ငါဘုရားဟာ ရှေးကလည်း ဒုက္ခနှင့် ဒုက္ခချုပ်ရာကိုသာ ဟောကြားတော်မူခဲ့တယ်။ အခုလည်း ဒုက္ခနှင့် ဒုက္ခချုပ်ရာကိုသာ ဟောကြားတော်မူတယ်။ ရဟန်းတို့ . . ငါဘုရား အဲဒီလို ဟောကြားတော်မူတဲ့အခါ သူတစ်ပါးတို့က ငါဘုရားကို အကယ်၍ ဆဲရေးကြ၊ ခြိမ်းခြောက်ကြလျှင်လည်း သူတို့အား ငါဘုရား အာဃာတထားတော်မမူ။ သူတစ်ပါးတို့က ငါဘုရားကို အကယ်၍ အရိုအသေပြုကြ၊ အလေးအမြတ် ပြုကြ၊ မြတ်နိုးကြ၊ ပူဇော်ကြလျှင်လည်း ငါဘုရားဟာ ဝမ်းသာရွှင်ပျ မြှောက်ကြွတော်မမူ။ 'ပိုင်းခြား၍

သိနှင့်ပြီးဖြစ်တဲ့ ခန္ဓာငါးပါး အပေါ်မှာ သူတို့ ဒီလိုအရိုအသေ ပြုကြတယ်' လို့သာ သဘောထားတော်မူတယ်။

ရဟန်းတို့. . . သင်တို့ကို သူတစ်ပါးတို့က ဆဲရေးကြ၊ ခြိမ်းခြောက်ကြလျှင် သင်တို့လည်း အာဃာတ မထားကြနှင့်။ သင်တို့ကို သူတစ်ပါးတို့က အရိုအသေပြုကြ၊ အလေးအမြတ် ပြုကြ၊ မြတ်နိုးကြ၊ ပူဇော်ကြလျှင်လည်း ဝမ်းသာရွှင်ပျ မမြောက် ကြွကြနှင့်။ "ပိုင်းခြား၍ သိနှင့်ပြီးဖြစ်တဲ့ ခန္ဓာငါးပါး အပေါ်မှာသာ သူတို့ ဒီလို အရိုအသေပြုကြတယ်" လို့သာ သဘောထားကြ။

၂၄၇။ "ရဟန်းတို့. . ဒါကို ဘယ်လိုထင်ကြသလဲ ? ဒီဇေတဝန် ကျောင်းထဲက မြက်၊ ထင်း၊ သစ်ခက်၊ သစ်ရွက်ကို လူတစ်ယောက်က ယူသွားတယ်၊ သို့မဟုတ် မီးရှို့ပစ်တယ်၊ သို့မဟုတ် သူကြိုက်သလို ပြုလုပ်တယ်ဆိုပါတော့။ အဲဒီ အခါမှာ "ဒီလူဟာ ငါတို့ကို ယူသွားတယ်" လို့ ဖြစ်စေ၊ "မီးရှို့တယ်" လို့ ဖြစ်စေ၊ "သူ ကြိုက်သလို ပြုလုပ်တယ်" လို့ ဖြစ်စေ သင်တို့မှာ ခံစားမှု ဖြစ်ရာသလော ?"

"မြတ်စွာဘုရား. . . အဲဒီလို ခံစားမှု မဖြစ်နိုင်ပါ။ ဘာကြောင့်လဲ ဆိုတော့ အဲဒီ မြက်၊ ထင်း၊ သစ်ခက်၊ သစ်ရွက် တို့ဟာ တပည့်တော်များရဲ့ အတ္တ (အစိုးရသော ကိုယ်) အတ္တနိယ (အစိုးရသော ကိုယ်ပိုင်ဥစ္စာ) မဟုတ်ကြသောကြောင့်ပါ ဘုရား။"

"ရဟန်းတို့. . . ထို့အတူပဲ သင်တို့ပိုင်ပစ္စည်းမဟုတ်တဲ့ အရာတို့ကို စွန့်ကြ။ အဲဒီလို စွန့်ခြင်းဟာ သင်တို့အတွက် ကြာမြင့်စွာ

ကြီးပွားချမ်းသာကြောင်း ဖြစ်လိမ့်မယ်။ ရဟန်းတို့. . . သင်တို့ ပိုင်ပစ္စည်းမဟုတ်တဲ့ အရာတွေက ဘာတွေလဲဆိုတော့ ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဉ်တို့ ဖြစ်ကြတယ်။”

၂၄၈။ ရဟန်းတို့. . . တရားတော်ကို အဲဒီလို ရှင်းရှင်းလင်းလင်း ပြတ်ပြတ်သားသား ငါဘုရား ဟောကြားတော်မူတဲ့အခါ တချို့ ရဟန်းများဟာ ရဟန္တာ ဖြစ်ကြတယ်။ တချို့ရဟန်းများဟာ အနာဂါမ် ဖြစ်ကြတယ်။ အချို့ရဟန်းများဟာ သကဒါဂါမ် ဖြစ်ကြတယ်။ တချို့ရဟန်းများဟာ သောတာပန် ဖြစ်ကြတယ်။ တချို့ရဟန်းများဟာ သဒ္ဓါ၊ ပညာ နှစ်ဖြာရှေ့ထား ကြိုးစား အားထုတ်ကြတယ်။ အဲဒီရဟန်းများဟာ နောင်အခါ မဂ်ဖိုလ် ရမည့်သူများ ဖြစ်ကြတယ်။ တချို့ပုဂ္ဂိုလ်များမှာတော့ ငါဘုရားအား နှစ်သက်ရုံမျှ၊ ကြည်ညိုရုံမျှ ဖြစ်ကြတယ်။ အဲဒီ ပုဂ္ဂိုလ်များဟာ နောင်အခါ နတ်ပြည် ရောက်မည့်သူများ ဖြစ်ကြတယ်။

မြတ်စွာဘုရား အဲဒီလို ဟောပြတော်မူပြီးတဲ့အခါ ရဟန်းများဟာ ဝမ်းမြောက်ဝမ်းသာ သာဓုခေါ် ဆိုခဲ့ကြပါတယ်။

**အလဂဒ္ဒူပမသုတ် ပြီးပြီ။**

❊ ❊ ❊

## ၃ – ဓမ္မိကသုတ်

၂၄၉။ အခါတစ်ပါးမှာ သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်မှာ မြတ်စွာဘုရား သီတင်းသုံးနေတော်မူပါတယ်။ အဲဒီအခါမှာ အရှင်ကုမာရကဿပဟာ အန္ဓဝန်တောမှာ သီတင်းသုံး နေပါတယ်။ အဲဒီအခါ တစ်ခုသော ည သန်းခေါင်ယံမှာ နတ်သားတစ်ယောက်ဟာ ကိုယ်ရောင်ကိုယ်ဝါတွေကို အန္ဓဝန်တော တစ်ခုလုံးမှာ ဖြန့်ကြက်ပြီး အရှင်ကုမာရကဿပထံသို့ ရောက်လာပါတယ်။ အဲဒီနတ်သားဟာ တစ်နေရာမှာ ရပ်ပြီး အရှင်ကုမာရကဿပအား အခုလို လျှောက်ထားပါတယ်။

"ရဟန်း. . . ရဟန်း. . . ဒီတောင်ပို့ဟာ ညဥ့်အခါမှာ အခိုးလွှတ်ပါတယ်၊ နေ့အခါမှာ တောက်ပပါတယ်။ ပုဏ္ဏားဆရာကြီးက (တပည့်ပညာရှိအား) 'အမောင်ပညာရှိ၊ တူးရွင်းကို ကိုင်ပြီး တူးပါ' လို့ ပြောပါတယ်။ တပည့်ပညာရှိက တူးရွင်းကိုကိုင်ပြီး တူးတဲ့အခါ တံခါးကျင်မင်းတုပ်ကို တွေ့လို့ အခုလို ပြောပါတယ်"

"တံခါးကျင်မင်းတုပ်ကို တွေ့ပါတယ်ဆရာကြီး"

"တံခါးကျင်မင်းတုပ်ကို ဖယ်ရှားပါ၊ တူးရွင်းနဲ့ ဆက်တူးပါ။"

"ဆက်တူးလို့ ဖားကို တွေ့ပါတယ် ဆရာကြီး"

"ဖားကိုလည်း ဖယ်ရှားပါ၊ တူးရွင်းနဲ့ဆက်တူးပါ"

"ဆက်တူးလို့ လမ်းနှစ်ခွကို တွေ့ပါတယ် ဆရာကြီး"

"လမ်းနှစ်ခွကိုလည်း ဖယ်ရှားပါ၊ တူးရှင်းနဲ့ ဆက်တူးပါ"

"ဆက်တူးလို့ ဆပ်ပြာရေစစ်ကို တွေ့ပါတယ် ဆရာကြီး"

"ဆပ်ပြာရေစစ်ကိုလည်း ဖယ်ရှားပါ၊ တူးရှင်းနဲ့ ဆက်တူးပါ"

"ဆက်တူးလို့ လိပ်ကို တွေ့ပါတယ် ဆရာကြီး"

"လိပ်ကိုလည်း ဖယ်ရှားပါ၊ တူးရှင်းနဲ့ ဆက်တူးပါ"

"ဆက်တူးလို့ သန်လျက်နှင့် စဉ်းတီတုံးကို တွေ့ပါတယ် ဆရာကြီး"

"သန်လျက်နှင့် စဉ်းတီတုံးကိုလည်း ဖယ်ရှားပါ၊ တူးရှင်းနဲ့ ဆက်တူးပါ"

"ဆက်တူးလို့ သားတစ်ကို တွေ့ပါတယ် ဆရာကြီး"

" သားတစ်ကိုလည်း ဖယ်ရှားပါ၊ တူးရှင်းနဲ့ ဆက်တူးပါ"

"ဆက်တူးလို့ နဂါးကို တွေ့ပါတယ် ဆရာကြီး"

"နဂါးကိုတော့ ထားလိုက်တော့၊ နဂါးကို မရိုက်ပုတ်နှင့်၊ နဂါးအား ရှိခိုးဦးချပါ"

ရဟန်း. . . မြတ်စွာဘုရားအထံတော်သို့ ချဉ်းကပ်ပြီး ဒီပြဿနာတွေကို မေးမြန်းချေပါ၊ မြတ်စွာဘုရား ဖြေကြားတော်မူတဲ့အတိုင်း သင် မှတ်သားထားပါ။ မြတ်စွာဘုရား၊ သို့မဟုတ် မြတ်စွာဘုရားရဲ့ တပည့်သာဝက၊ သို့မဟုတ် ကျွန်ုပ်ထံမှ ကြားနာရသူ၊ ဒီသုံးဦးမှတစ်ပါး ဒီပြဿနာကို ဖြေဆိုနိုင် မည့်သူကို တစ်လောကလုံးမှာပင် ကျွန်ုပ် မမြင်ပါ။

အဲဒီနတ်သားဟာ အဲဒီလို လျှောက်ထားပြီး အဲဒီနေရာမှာပဲ ကွယ်ပျောက်သွားခဲ့ပါတယ်။

၂၅၀။ အရှင်ကုမာရကဿပဟာ နောက်တစ်နေ့ မနက်ကျတော့ မြတ်စွာဘုရားအထံတော်သို့ ချဉ်းကပ်ပြီး အဲဒီ အကြောင်းကို လျှောက်ထားခဲ့ပါတယ်။ တောင်ပို့ စသည်ရဲ့ အဓိပ္ပါယ်ကိုလည်း လျှောက်ထားမေးမြန်းခဲ့ပါတယ်။

၂၅၁။ အဲဒီအခါမှာ မြတ်စွာဘုရားက အခုလို ဖြေကြားတော်မူခဲ့ပါတယ်။

ရဟန်း. . . တောင်ပို့ဆိုတဲ့အမည်ဟာ ဒီခန္ဓာကိုယ်ရဲ့ အမည်ဖြစ်တယ်။ ဒီခန္ဓာကိုယ်ဟာ အမိအဖတို့ရဲ့ သွေးကြောင့်ဖြစ်လာရတယ်။ ထမင်း, မုန့်တို့ဖြင့် မွေးမြူခဲ့ရတယ်။ မမြဲခြင်းသဘော၊ ပွတ်သပ်ပေးရခြင်းသဘော၊ ဆုပ်နယ်ပေးရခြင်း သဘော၊ ပြိုကွဲခြင်းသဘော၊ ပျက်စီးခြင်းသဘောတို့ ရှိကြတယ်။ မဟာဘုတ်လေးပါးဖြင့် တည်ဆောက်ထားတယ်။ (၁)

ရဟန်း. . . နေ့အခါမှာ ပြုလုပ်ထားတဲ့ အမှုကို အာရုံပြုပြီး ညဉ့်အခါမှာ ကြံစည်တယ်၊ စဉ်းစားတယ်။ အဲဒီလို ကြံစည်ခြင်း၊ စဉ်းစားခြင်းဟာ ညဉ့်အခါမှာ အခိုးလွှတ်ခြင်း ဖြစ်တယ်။ (၂)

ရဟန်း. . . ညဉ့်အခါမှာ ကြံစည်စဉ်းစားပြီး နေ့အခါမှာ ကိုယ်နှုတ်စိတ်တို့ဖြင့် လုပ်ငန်းကို အကောင်အထည်ဖော်ခြင်း ဟာ နေ့အခါမှာ တောက်ပခြင်း ဖြစ်တယ်။ (၃)

ပုဏ္ဏားဆရာကြီး ဆိုတဲ့အမည်ဟာ မြတ်စွာဘုရားရဲ့ အမည်တော် ဖြစ်တယ်။ (၄)

တပည့်ပညာရှိ ဆိုတဲ့အမည်ဟာ သေက္ခ (ကျင့်ဆဲ) ရဟန်းရဲ့ အမည် ဖြစ်တယ်။ (၅)

တူးရွင်း ဆိုတဲ့အမည်ဟာ လောကီလောကုတ္တရာ ပညာရဲ့ အမည် ဖြစ်တယ်။ (၆)

တူးခြင်းဆိုတာ ကြိုးစားအားထုတ်ခြင်း ဖြစ်တယ်။ (၇)

တံခါးကျင်မင်းတုပ် ဆိုတဲ့ အမည်ဟာ အဝိဇ္ဇာ (မသိမှု၊ တွေဝေမှု) ရဲ့ အမည် ဖြစ်တယ်။ တံခါးကျင်မင်းတုပ်ကို ဖယ်ရှားပါ ဆိုတာ အဝိဇ္ဇာကို ပယ်စွန့်ပါ လို့ ဆိုလိုတယ်။ (၈)

ဖား ဆိုတဲ့အမည်ဟာ အပြင်းအထန် အမျက်ထွက်ခြင်းရဲ့ အမည် ဖြစ်တယ်။ ဖားကိုလည်း ဖယ်ရှားပါဆိုတာ အပြင်းအထန် အမျက်ထွက်ခြင်းကိုလည်း ပယ်စွန့်ပါလို့ ဆိုလိုတယ်။(၉)

လမ်းနှစ်ခွဆိုတဲ့အမည်ဟာ ဝိစိကိစ္ဆာ (ယုံမှားသံသယ ဖြစ်မှု)ရဲ့ အမည် ဖြစ်တယ်။ လမ်းနှစ်ခွကိုလည်း ဖယ်ရှားပါ ဆိုတာ ဝိစိကိစ္ဆာကိုလည်း ပယ်စွန့်ပါ လို့ ဆိုလိုတယ်။ (၁၀)

ဆပ်ပြာရေစစ်ဆိုတဲ့အမည်ဟာ နီဝရဏငါးပါးရဲ့ အမည် ဖြစ်တယ်။ ဆပ်ပြာရေစစ်ကိုလည်း ဖယ်ရှားပါဆိုတာ နီဝရဏ ငါးပါးကိုလည်း ပယ်စွန့်ပါ လို့ ဆိုလိုတယ်။ (၁၁)

လိပ်ဆိုတဲ့အမည်ဟာ ဥပါဒါနက္ခန္ဓာ ငါးပါးရဲ့ အမည် ဖြစ်တယ်။ လိပ်ကိုလည်း ဖယ်ရှားပါ ဆိုတာ ဥပါဒါနက္ခန္ဓာ ငါးပါးကိုလည်း ပယ်စွန့်ပါ လို့ ဆိုလိုတယ်။ (၁၂)

သန်လျက်နှင့် စဉ်းတီတုံး ဆိုတဲ့အမည်ဟာ လိုချင် နှစ်သက်ဖွယ် အဆင်း, အသံ, အနံ့, အရသာ, အတွေ့အထိ ဆိုတဲ့ ကာမဂုဏ်ငါးပါးရဲ့ အမည် ဖြစ်တယ်။ သန်လျက်နဲ့ စဉ်းတီတုံးကိုလည်း ဖယ်ရှားပါ ဆိုတာ ကာမဂုဏ်ငါးပါးကိုလည်း ပယ်စွန့်ပါ လို ဆိုလိုတယ်။ (၁၃)

သားတစ် ဆိုတဲ့အမည်ဟာ နှစ်သက်စွဲလမ်းမှု (လောဘ) ရဲ့ အမည် ဖြစ်တယ်။ သားတစ်ကိုလည်း ဖယ်ရှားပါ ဆိုတာ နှစ်သက် စွဲလမ်းမှု (လောဘ) ကိုလည်း ပယ်စွန့်ပါ လို့ ဆိုလိုတယ်။ (၁၄)

နဂါး ဆိုတဲ့အမည်ဟာ ရဟန္တာ ဖြစ်တော်မူသော မြတ်စွာ ဘုရားရဲ့ အမည်တော် ဖြစ်တယ်။ "နဂါးကိုတော့ ထားလိုက်တော့၊

---

၁၁။ (ခဝါသည်များ ဆပ်ပြာရေစစ်ထဲမှာ ရေကိုထည့်လျှင် ရေအိုးတစ်ရာပင် ဖြစ်စေကာမူ တစ်လက်ဆွမ်းမျှပင် မကျန်အောင် အကုန် ယိုစီးကျကုန်သကဲ့သို့ နီဝရဏရှိသော ပုဂ္ဂိုလ်ရဲ့ ကိုယ်တွင်းမှာ ကုသိုလ်တရား လုံးဝ မတည်နိုင်။ အဋ္ဌကထာ)

နဂါးကို မရိုက်ပုတ်နှင့်၊ နဂါးအား ရှိခိုးဦးချပါ” ဆိုတာ မြတ်စွာဘုရားအား မပြစ်မှားနှင့်၊ မြတ်စွာဘုရားအား ရှိခိုးဦးချပါလို့ ဆိုလိုတယ်။ (၁၅)

ဒီတရားတော်ကို မြတ်စွာဘုရား ဟောကြားတော်မူခဲ့ပါတယ်။ အရှင်ကုမာရကဿပဟာ မြတ်စွာဘုရားရဲ့ တရားတော်ကို နှစ်သက်သဘောကျပြီး ဝမ်းမြောက်ဝမ်းသာ သာဓုခေါ် ဆိုခဲ့ပါတယ်။

**ဝမ္မိကသုတ် ပြီးပြီ။**

❊ ❊ ❊

## ၄ – ရထဝိနီတသုတ်

၂၅၂။ အခါတစ်ပါးမှာ ရာဇဂြိုဟ်မြို့၊ ရှဉ့်နက်တို့အား အစာကျွေးရာဖြစ်တဲ့ ဝေဠုဝန်ကျောင်းတော်မှာ မြတ်စွာဘုရား သီတင်းသုံး နေတော်မူပါတယ်။

အဲဒီအခါမှာ မြတ်စွာဘုရားရဲ့ ဇာတိမြေမှာ သီတင်းသုံး နေကြတဲ့ ရဟန်းများစွာဟာ ဝါကျွတ်တဲ့အခါ မြတ်စွာဘုရားရဲ့ အထံတော်သို့ ချဉ်းကပ်ခဲ့ကြပါတယ်။ မြတ်စွာဘုရားရဲ့ အထံတော် ရောက်တော့ မြတ်စွာဘုရားအား ရှိခိုးဦးချပြီး တစ်နေရာမှာ ထိုင်နေကြပါတယ်။ အဲဒီရဟန်းတို့အား မြတ်စွာဘုရားက အခုလို မေးမြန်းတော်မူပါတယ်။

ရဟန်းတို့. . . မြတ်စွာဘုရားရဲ့ ဇာတိမြေမှာ နေကြတဲ့ ရဟန်းများအနက် အဘယ်ရဟန်းကို သီတင်းသုံးဖော်များက အခုလို ချီးမွမ်းကြသလဲ?

(၁) ကိုယ်တိုင်လည်း အလိုနည်း၍ ရဟန်းတို့အားလည်း အလိုနည်းကြောင်းစကားကို ဟောပြတတ်သူ၊

(၂) ကိုယ်တိုင်လည်း ရောင့်ရဲလွယ်၍ ရဟန်းတို့အားလည်း ရောင့်ရဲလွယ်ကြောင်းစကားကို ဟောပြတတ်သူ၊

(၃) ကိုယ်တိုင်လည်း ဆိတ်ငြိမ်မှုနှင့်ပြည့်စုံ၍ ရဟန်း တို့အားလည်း ဆိတ်ငြိမ်မှုနှင့် ပြည့်စုံကြောင်း စကားကို ဟောပြတတ်သူ၊

(၄) ကိုယ်တိုင်လည်း (မာတုဂါမများနှင့်) မရောနှော၍ ရဟန်းတို့အားလည်း (မာတုဂါမများနှင့်) မရောနှောကြောင်းစကားကို ဟောပြတတ်သူ၊

(၅) ကိုယ်တိုင်လည်း ကြိုးစားအားထုတ်၍ ရဟန်းတို့အားလည်း ကြိုးစားအားထုတ်ကြောင်း စကားကို ဟောပြတတ်သူ၊

(၆) ကိုယ်တိုင်လည်း သီလနှင့်ပြည့်စုံ၍ ရဟန်းတို့အားလည်း သီလနှင့်ပြည့်စုံကြောင်း စကားကို ဟောပြတတ်သူ၊

(၇) ကိုယ်တိုင်လည်း သမာဓိနှင့် ပြည့်စုံ၍ ရဟန်းတို့အားလည်း သမာဓိနှင့် ပြည့်စုံကြောင်း စကားကို ဟောပြတတ်သူ၊

(၈) ကိုယ်တိုင်လည်း ပညာနှင့်ပြည့်စုံ၍ ရဟန်းတို့အားလည်း ပညာနှင့်ပြည့်စုံကြောင်း စကားကို ဟောပြတတ်သူ၊

(၉) ကိုယ်တိုင်လည်း ကိလေသာမှ လွတ်မြောက်မှု (အရိယဖိုလ်တရား)နှင့် ပြည့်စုံ၍ ရဟန်းတို့အားလည်း ကိလေသာမှ လွတ်မြောက်မှု (အရိယဖိုလ်တရား) နှင့် ပြည့်စုံကြောင်း စကားကို ဟောပြတတ်သူ၊

(၁၀) ကိုယ်တိုင်လည်း ပစ္စဝေက္ခဏာဉာဏ်နှင့် ပြည့်စုံ၍ ရဟန်းတို့အားလည်း ပစ္စဝေက္ခဏာဉာဏ်နှင့် ပြည့်စုံကြောင်း စကားကို ဟောပြတတ်သူ။

ရဟန်းတို့ . . မြတ်စွာဘုရားရဲ့ ဇာတိမြေမှာ နေကြတဲ့ ရဟန်းများအနက် အဘယ်ရဟန်းကို သီတင်းသုံးဖော်များက အဲဒီလို ချီးမွမ်းကြသလဲ ?

မြတ်စွာဘုရား . . . မန္တာဏီပုဏ္ဏေးမရဲ့သား အရှင်ပုဏ္ဏကို အဲဒီလို ချီးမွမ်းကြပါတယ် ဘုရား။

၂၅၃။ အဲဒီအခါမှာ အရှင်သာရိပုတ္တရာဟာ မြတ်စွာဘုရားရဲ့ အနီးမှာ ထိုင်နေတော်မူပါတယ်။ အရှင်သာရိပုတ္တရာက အခုလို စဉ်းစားတော်မူပါတယ်။

“အရှင်ပုဏ္ဏဟာ အလွန့်အလွန် ကံကောင်းသူပဲ၊ အရှင်ပုဏ္ဏရဲ့ ဂုဏ်ကျေးဇူးကို ပညာရှိ သီတင်းသုံးဖော်များက ဘုရားရှင်ရဲ့ မျက်မှောက်တော်မှာပင် နှစ်နှစ်ကာကာ ချီးမွမ်း ပြောဆိုကြတယ်။ အဲဒီလို ချီးမွမ်းပြောဆိုတာကို မြတ်စွာဘုရားကလည်း နှစ်သက် သဘောကျတော်မူတယ်။ တစ်ချိန်ချိန်မှာ ငါတို့လည်း အရှင်ပုဏ္ဏနှင့် တွေ့ရတန်ကောင်းပါရဲ့၊ စကားပြောရတန်ကောင်းပါရဲ့။”

၂၅၄။ အဲဒီအခါမှာ မြတ်စွာဘုရားဟာ ရာဇဂြိုဟ်မြို့မှာ အလိုရှိတော်မူသလောက် သီတင်းသုံးတော်မူပြီး သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်သို့ ကြွတော်မူပါတယ်။ အဲဒီအခါမှာ အရှင်ပုဏ္ဏဟာ မြတ်စွာဘုရားရဲ့ အထံတော်သို့ ချဉ်းကပ်ခဲ့ပါတယ်။ မြတ်စွာဘုရားက အရှင်ပုဏ္ဏအား တရားစကားကို ဟောကြား ချီးမြှင့်တော်မူပါတယ်။ အရှင်ပုဏ္ဏဟာ မြတ်စွာဘုရားရဲ့ တရားတော်ကို

နှစ်သက်သဘောကျစွာ သာဓုအနုမောဒနာ ခေါ်ဆိုပြီး မြတ်စွာဘုရားကို ရှိခိုးဦးချ၍ အန္ဓဝန်တောသို့ နေ့ခင်းပိုင်း သီတင်းသုံးဖို့ရာ ကြွရောက်ခဲ့ပါတယ်။

၂၅၆။ အဲဒီအခါမှာ ရဟန်းတစ်ပါးက အရှင်သာရိပုတ္တရာရဲ့ အထံတော်သို့ ချဉ်းကပ်ပြီး အခုလို လျှောက်ထားခဲ့ပါတယ်။

"အရှင်ဘုရား သာရိပုတ္တရာ. . . အရှင်ဘုရား မပြတ် ချီးမွမ်း ချီးမွမ်း နေတဲ့ အရှင်ပုဏ္ဏ အန္ဓဝန်တောသို့ နေ့ခင်းပိုင်း သီတင်းသုံးဖို့ရာ ကြွသွားတော်မူပါပြီ။"

အဲဒီအခါမှာ အရှင်သာရိပုတ္တရာက ခပ်မြန်မြန် နေရာထိုင်ကို ယူတော်မူ၍ အရှင်ပုဏ္ဏရဲ့ ဦးခေါင်းကို မပြတ်ကြည့်လျက် အရှင်ပုဏ္ဏရဲ့ နောက်သို့ တကောက်ကောက် လိုက်တော်မူပါတယ်။ အဲဒီအခါမှာ အရှင်ပုဏ္ဏဟာ အန္ဓဝန် တောထဲသို့ ဝင်ပြီး သစ်ပင် တစ်ပင်ရဲ့ အောက်မှာ နေ့ခင်းပိုင်း တစ်ပါးတည်း သီတင်းသုံးတဲ့ အနေနဲ့ ထိုင်နေတော်မူပါတယ်။ အရှင်သာရိပုတ္တရာကလည်း အန္ဓဝန်တောထဲသို့ ဝင်ပြီး သစ်ပင် တစ်ပင်ရဲ့အောက်မှာ နေ့ခင်းပိုင်း တစ်ပါးတည်း သီတင်းသုံးတဲ့ အနေနဲ့ ထိုင်နေတော်မူပါတယ်။ ညနေရောက်တဲ့အခါ အရှင်သာရိပုတ္တရာဟာ တစ်ပါးတည်း သီတင်းသုံးရာမှ ထတော်မူပြီး အရှင်ပုဏ္ဏရဲ့ အထံသို့ ကြွတော်မူပါတယ်။ အရှင်ပုဏ္ဏအထံသို့ ရောက်တဲ့အခါ အရှင်ပုဏ္ဏအား အခုလို မေးမြန်းတော်မူပါတယ်။

၂၅၇။ "ငါ့ရှင် . . . မြတ်စွာဘုရားရဲ့ အထံတော်မှာ မြတ်သော အကျင့်ကို ကျင့်ပါသလား ?"

"ကျင့်ပါတယ် အရှင်ဘုရား"

"ငါ့ရှင်. . .သီလဝိသုဒ္ဓိ (စင်ကြယ်သော သီလ) အတွက် မြတ်စွာဘုရားအထံတော်မှာ မြတ်သောအကျင့်ကို ကျင့်ပါသလား ?"

"မဟုတ်ပါ အရှင်ဘုရား" (၁)

"ငါ့ရှင် . . . စိတ္တဝိသုဒ္ဓိ (စင်ကြယ်သော ဈာန်စိတ်) အတွက် မြတ်စွာဘုရားအထံတော်မှာ မြတ်သော အကျင့်ကို ကျင့်ပါ သလား?"

"မဟုတ်ပါ အရှင်ဘုရား" (၂)

"ငါ့ရှင် . . . ဒိဋ္ဌိဝိသုဒ္ဓိ (စင်ကြယ်သော အမြင်၊ နာမ်နှင့် ရုပ်ကို အမှန်အတိုင်း သိမြင်မှု)အတွက် မြတ်စွာဘုရားအထံတော်မှာ မြတ်သော အကျင့်ကို ကျင့်ပါသလား ?"

"မဟုတ်ပါ အရှင်ဘုရား" (၃)

"ငါ့ရှင် . . . ကင်္ခါဝိတရဏဝိသုဒ္ဓိ (စင်ကြယ်သော ကင်္ခါဝိတရဏဉာဏ်၊ ယုံမှားမှုကင်း အကြွင်းမဲ့ ယုံကြည်မှု ရှိတဲ့ဉာဏ်) အတွက် မြတ်စွာဘုရားအထံတော်မှာ မြတ်သော အကျင့်ကို ကျင့်ပါသလား ?"

"မဟုတ်ပါ အရှင်ဘုရား" (၄)

"ငါ့ရှင်. . . မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ (လမ်းမှန် မမှန်ကို သိမြင်သည့် စင်ကြယ်သော ဉာဏ်အမြင်) အတွက် မြတ်စွာဘုရား အထံတော်မှာ မြတ်သော အကျင့်ကို ကျင့်ပါသလား ?"

"မဟုတ်ပါ အရှင်ဘုရား" (၅)

"ငါ့ရှင်. . . ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ (စင်ကြယ်သော မဂ်ရကြောင်း ဉာဏ်အမြင်) အတွက် မြတ်စွာဘုရားအထံတော်မှာ မြတ်သောအကျင့်ကို ကျင့်ပါသလား ?"

"မဟုတ်ပါ အရှင်ဘုရား" (၆)

"ငါ့ရှင်. . . ဉာဏဒဿနဝိသုဒ္ဓိ (စင်ကြယ်သော မဂ်ဉာဏ်) အတွက် မြတ်စွာဘုရားအထံတော်မှာ မြတ်သော အကျင့်ကို ကျင့်ပါသလား ?"

"မဟုတ်ပါ အရှင်ဘုရား" (၇)

"ငါ့ရှင်. . . ဒါဖြင့် ဘာအတွက် မြတ်စွာဘုရား အထံတော်မှာ မြတ်သောအကျင့်ကို ကျင့်ပါသလဲ ?"

"အနုပါဒါပရိနိဗ္ဗာန် (စွဲလမ်းဖွယ်ကင်းရာနိဗ္ဗာန်) အတွက် မြတ်စွာဘုရားအထံတော်မှာ မြတ်သောအကျင့်ကို ကျင့်ပါတယ် အရှင်ဘုရား"

"ငါ့ရှင်. . . သီလဝိသုဒ္ဓိသည် အနုပါဒါပရိနိဗ္ဗာန် ဖြစ်ပါ သလား ?"

“မဖြစ်ပါ အရှင်ဘုရား”

“စိတ္တဝိသုဒ္ဓိ၊ ဒိဋ္ဌိဝိသုဒ္ဓိ၊ ကင်္ခါဝိတရဏဝိသုဒ္ဓိ၊ မဂ္ဂါမဂ္ဂ ဉာဏဒဿနဝိသုဒ္ဓိ၊ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ၊ ဉာဏဒဿန ဝိသုဒ္ဓိတို့သည် အနုပါဒါပရိနိဗ္ဗာန် ဖြစ်ပါသလား ?”

“မဖြစ်ပါ အရှင်ဘုရား”

“ငါ့ရှင်. . . ဒီ ဝိသုဒ္ဓိ ခုနစ်ပါးနှင့် ကင်း၍ အနုပါဒါပရိနိဗ္ဗာန် ဖြစ်နိုင်ပါသလား ?”

“မဖြစ်နိုင်ပါ အရှင်ဘုရား”

“ငါ့ရှင်. . . ဒါဖြင့် သင်ရဲ့ ဆိုလိုရင်း အဓိပ္ပါယ်ကို ဘယ်လို မှတ်ရပါ့မလဲ ?”

၂၅၈။ “အရှင်ဘုရား. . . အကယ်၍ မြတ်စွာဘုရားက ဝိသုဒ္ဓိ ခုနစ်ပါးကို အနုပါဒါပရိနိဗ္ဗာန်လို့ ဟောပြခဲ့လျှင် စွဲလမ်းဖွယ် ရှိတဲ့ တရားဖြစ်ပါလျက် စွဲလမ်းဖွယ်ကင်းတဲ့ ပရိနိဗ္ဗာန်လို့ ဟောပြရာ ရောက်ပါတယ် ဘုရား။

အကယ်၍ ဒီ ဝိသုဒ္ဓိ ခုနစ်ပါးနှင့်ကင်းပြီး အနုပါဒါပရိနိဗ္ဗာန် ဖြစ်နိုင်ခဲ့ပြန်လျှင်လည်း ပုထုဇဉ်တောင်မှ ပရိနိဗ္ဗာန် စံနိုင်တယ်လို့ အဓိပ္ပာယ် ရောက်ပါလိမ့်မယ် ဘုရား၊ ပုထုဇဉ်မှာ ဒီ ဝိသုဒ္ဓိခုနစ်ပါး မရှိပါဘုရား။ အရှင်ဘုရားကို တပည့်တော် ဥပမာနဲ့ လျှောက်ထား ပါမယ်ဘုရား၊ ဥပမာနဲ့ လျှောက်ထားမှ တချို့ပညာရှိများက ဆိုလိုရင်း အဓိပ္ပါယ်ကို သဘောပေါက်ကြပါတယ် ဘုရား။”

၂၅၉။ အရှင်ဘုရား. . . သာဝတ္ထိမြို့မှာ နေတဲ့ ပသေနဒီ-ကောသလမင်းဟာ သာကေတမြို့မှာ အဆောတလျှင် ပြုဖွယ်ကိစ္စ တစ်စုံတစ်ရာ ပေါ်ပေါက်လာတယ် ဆိုပါတော့၊ ဒါနဲ့ ပသေနဒီကောသလ မင်းအား သာဝတ္ထိမြို့နှင့် သာကေတမြို့တို့ရဲ့ ကြားမှာ မြင်းရထား ခုနစ်စီးကို ဆက်သက်ကြတယ်။ အဲဒီအခါမှာ ပသေနဒီကောသလမင်းဟာ သာဝတ္ထိရဲ့ မြို့တံခါးမှာ ပထမမြင်းရထားကို တက်စီးတယ်။ ပထမမြင်းရထားဖြင့် ဒုတိယမြင်းရထားကို မီလာတဲ့အခါ ပထမမြင်းရထားကို စွန့်ပြီး ဒုတိယမြင်းရထားကို တက်စီးတယ်။ ဒုတိယမြင်းရထားဖြင့် တတိယမြင်းရထားကို မီလာတဲ့အခါ ဒုတိယမြင်းရထားကို စွန့်ပြီး တတိယမြင်းရထားကို တက်စီးတယ်။ တတိယ မြင်းရထားဖြင့် စတုတ္ထမြင်းရထားကို မီလာတဲ့အခါ တတိယ မြင်းရထားကို စွန့်ပြီး စတုတ္ထမြင်းရထားကို တက်စီးတယ်။ စတုတ္ထမြင်းရထားဖြင့် ပဉ္စမမြင်းရထားကို မီလာတဲ့အခါ စတုတ္ထမြင်းရထားကို စွန့်ပြီး ပဉ္စမမြင်းရထားကို တက်စီးတယ်။ ပဉ္စမမြင်းရထားဖြင့် ဆဋ္ဌမြင်းရထားကို မီလာတဲ့အခါ ပဉ္စမ မြင်းရထားကို စွန့်ပြီး ဆဋ္ဌမြင်းရထားကို တက်စီးတယ်။ ဆဋ္ဌ မြင်းရထားဖြင့် သတ္တမမြင်းရထားကို မီလာတဲ့အခါ ဆဋ္ဌမြင်း ရထားကိုစွန့်ပြီး သတ္တမမြင်းရထားကို တက်စီးတယ်။ သတ္တမ မြင်းရထားဖြင့် သာကေတမြို့တံခါးသို့ ဆိုက်ရောက်လာတယ်။အဲဒီ ပသေနဒီကောသလမင်းကို မိတ်ဆွေ အပေါင်းအသင်း ဆွေမျိုးသားချင်းများက "အရှင်မင်းကြီး. . . ဒီရထားနဲ့ သာဝတ္ထိမှ

သာကေတသို့ လာခဲ့ပါသလား”လို့ မေးကြတယ်။ အရှင်ဘုရား ပသေနဒီကောသလမင်းဟာ ဘယ်လိုဖြေမှ မှန်ကန်စွာ ဖြေရာ ရောက်ပါမလဲ ဘုရား ?

ငါ့ရှင် . . . ပသေနဒီကောသလမင်းဟာ အခုလိုဖြေမှ မှန်ကန်စွာ ဖြေရာရောက်လိမ့်မယ်။ ဒီ သာဝတ္ထိမြို့မှာ နေတဲ့ ငါ့အား သာကေတမြို့မှာ အဆောတလျင် ပြုဖွယ်ကိစ္စ တစ်စုံတစ်ရာ ပေါ်ပေါက်လာခဲ့တယ်။ ဒါနဲ့ ငါ့အား သာဝတ္ထိမြို့နှင့် သာကေတမြို့ တို့ရဲ့ ကြားမှာ မြင်းရထားခုနစ်စီး ဆက်သကြတယ်။ အဲဒီအခါမှာ ငါဟာ သာဝတ္ထိမြို့တံခါးမှာ ပထမမြင်းရထားကို တက်စီးခဲ့တယ်။ ပထမမြင်းရထားဖြင့် ဒုတိယမြင်းရထားကို မီလာတဲ့အခါ ပထမမြင်းရထားကို စွန့်ပြီး ဒုတိယမြင်းရထားကို တက်စီးခဲ့တယ်။ ဒုတိယမြင်းရထားဖြင့် တတိယမြင်းရထားကို မီလာတဲ့အခါ ဒုတိယမြင်းရထားကို စွန့်ပြီး တတိယမြင်းရထားကို တက်စီးခဲ့တယ်။ တတိယမြင်းရထားဖြင့် စတုတ္ထမြင်းရထားကို မီလာတဲ့အခါ တတိယမြင်းရထားကို စွန့်ပြီး စတုတ္ထမြင်းရထားကို တက်စီးခဲ့တယ်။ စတုတ္ထမြင်းရထားဖြင့် ပဥ္စမမြင်းရထားကို မီလာတဲ့အခါ စတုတ္ထမြင်းရထားကို စွန့်ပြီး ပဥ္စမမြင်းရထားကို တက်စီးခဲ့တယ်။ ပဥ္စမမြင်းရထားဖြင့် ဆဋ္ဌမြင်းရထားကို မီလာတဲ့အခါ ပဥ္စမမြင်းရထားကို စွန့်ပြီး ဆဋ္ဌမြင်းရထားကို တက်စီးခဲ့တယ်။ ဆဋ္ဌမြင်းရထားဖြင့် သတ္တမမြင်းရထားကို မီလာတဲ့အခါ ဆဋ္ဌမြင်းရထားကို စွန့်ပြီး သတ္တမမြင်းရထားကို တက်စီးခဲ့တယ်။

သတ္တာမမြင်းရထားဖြင့် သာကေတမြို့တံခါးသို့ ဆိုက်ရောက်လာခဲ့တယ်။ ငါ့ရှင်. . . ပသေနဒီကောသလမင်းဟာ အဲဒီလိုဖြေမှ မှန်ကန်စွာ ဖြေရာရောက်လိမ့်မယ်။

အရှင်ဘုရား. . . အဲဒီဥပမာအတိုင်းပါပဲ၊ သီလဝိသုဒ္ဓိဟာ စိတ္တဝိသုဒ္ဓိဖြစ်သည်အထိသာ အကျိုးပေးနိုင်ပါတယ်ဘုရား၊ စိတ္တဝိသုဒ္ဓိဟာ ဒိဋ္ဌိဝိသုဒ္ဓိ ဖြစ်သည်အထိသာ အကျိုးပေးနိုင်ပါတယ်ဘုရား၊ ဒိဋ္ဌိဝိသုဒ္ဓိဟာ ကင်္ခါဝိတရဏဝိသုဒ္ဓိ ဖြစ်သည်အထိသာ အကျိုးပေးနိုင်ပါတယ်ဘုရား၊ ကင်္ခါဝိတရဏဝိသုဒ္ဓိဟာ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ ဖြစ်သည်အထိသာ အကျိုးပေးနိုင်ပါတယ်ဘုရား၊ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိဟာ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ ဖြစ်သည်အထိသာ အကျိုးပေးနိုင်ပါတယ်ဘုရား၊ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိဟာ ဉာဏဒဿနဝိသုဒ္ဓိ ဖြစ်သည်အထိသာ အကျိုးပေးနိုင်ပါတယ်ဘုရား၊ ဉာဏဒဿနဝိသုဒ္ဓိဟာ အနုပါဒါပရိနိဗ္ဗာန်ရသည်အထိသာ အကျိုးပေးနိုင်ပါတယ်ဘုရား၊ အရှင်ဘုရား အနုပါဒါပရိနိဗ္ဗာန်အတွက် မြတ်စွာဘုရားအထံတော်မှာ မြတ်သော အကျင့်ကို ကျင့်သုံးပါတယ်ဘုရား။

အဲဒီအခါမှာ အရှင်သာရိပုတ္တရာက အရှင်ပုဏ္ဏအား အခုလို မေးမြန်းတော်မူပါတယ်။

"ငါ့ရှင်. . . ငါ့ရှင်ရဲ့ဘွဲ့ ဘယ်လိုခေါ်သလဲ၊ ငါ့ရှင်ကို သီတင်းသုံးဖော်များက ဘယ်သူလို့ သိကြသလဲ ?"

"အရှင်ဘုရား . . . တပည့်တော်ရဲ့ ဘွဲ့က ပုဏ္ဏပါ၊ တပည့်တော်ကို သီတင်းသုံးဖော်များက မန္တာဏီသားလို့ သိကြပါတယ်ဘုရား"

ငါ့ရှင်တို့ . . . အံ့ဩစရာကောင်းလိုက်တာ၊ ထူးဆန်းလိုက်တာ၊ မြတ်စွာဘုရားရဲ့ အဆုံးအမတော်ကို ကောင်းစွာ သိတဲ့ တပည့်ပီပီ အရှင်ပုဏ္ဏဟာ အလွန့်အလွန် လေးနက်လှတဲ့ ပုစ္ဆာတွေကို နှစ်နှစ်ကာကာ ဖြေကြားတော်မူပါပေတယ်။ အရှင်ပုဏ္ဏကို ဖူးမြော်ခွင့်၊ ဆည်းကပ်ခွင့် ရကြတဲ့ သီတင်းသုံးဖော်များဟာ အရှင်ပုဏ္ဏကို ခေါင်းခုအသွင် ထိပ်ပေါ်တင်ထားနိုင်မှ ဖူးမြော်ခွင့်၊ ဆည်းကပ်ခွင့် ရကြစေကာမူ သူတို့ဟာ အလွန့်အလွန် ကံကောင်းသူများသာ ဖြစ်ကြတယ်။ အရှင်ပုဏ္ဏကို ဖူးမြော်ခွင့်၊ ဆည်းကပ်ခွင့် ရကြတဲ့ ငါတို့လည်း အလွန့်အလွန် ကံကောင်းကြတယ်။

အဲဒီအခါမှာ အရှင်ပုဏ္ဏက အရှင်သာရိပုတ္တရာအား အခုလို လျှောက်ထားခဲ့ပါတယ်။

"အရှင်ဘုရား . . . အရှင်ဘုရားရဲ့ ဘွဲ့တော် ဘယ်လို ခေါ်ပါသလဲ ? အရှင်ဘုရားကို သီတင်းသုံးဖော်များက ဘယ်သူလို့ သိကြပါသလဲဘုရား ?"

"ငါ့ရှင် . . . ငါရဲ့ဘွဲ့က ဥပတိဿပါ။

ငါ့ကို သီတင်းသုံးဖော်များက သာရိပုတ္တရာ (သာရီ ပုဏ္ဏေးမရဲ့ သား) လို့ သိကြတယ်။"

ဩော်. . . ဘုရားရှင်နှင့်တူတဲ့ သာဝကကြီးတစ်ပါးနှင့် အတူ ဆွေးနွေးနေရပါလျက် "အရှင်သာရိပုတ္တရာပဲ" လို့ မသိခဲ့လေစွ တကား။ အကယ်၍ "အရှင်သာရိပုတ္တရာ" လို့ ငါတို့ သိခဲ့လျှင်လည်း ဤမျှအထိ ဟောပြနိုင်မည်မဟုတ်ပါ။ ငါ့ရှင်တို့ အံ့သြဖွယ်ကောင်းလိုက်တာ၊ ထူးဆန်းလိုက်တာ။ မြတ်စွာဘုရားရဲ့ အဆုံးအမတော်ကို ကောင်းစွာ သိတဲ့ တပည့်ပီပီ အရှင်သာရိပုတ္တရာဟာ အလွန့်အလွန် လေးနက်လှတဲ့ ပုစ္ဆာတွေကို နှစ်နှစ်ကာကာ မေးမြန်းတော် မူပါပေတယ်။ အရှင်သာရိပုတ္တရာကို ဖူးမြော်ခွင့်၊ ဆည်းကပ်ခွင့် ရကြတဲ့ သီတင်းသုံးဖော်များဟာ အလွန့်အလွန် ကံကောင်း ကြတယ်။ သီတင်းသုံးဖော်များဟာ အရှင်သာရိပုတ္တရာကို ခေါင်းခုအသွင် ထိပ်ပေါ်တင်ထားနိုင်မှ ဖူးမြော်ခွင့်၊ ဆည်းကပ်ခွင့် ရကြစေကာမူ သူတို့ဟာ အလွန်အလွန် ကံကောင်းသူများသာ ဖြစ်ကြတယ်။ အရှင်သာရိပုတ္တရာကို ဖူးမြော်ခွင့်၊ ဆည်းကပ်ခွင့် ရကြတဲ့ ငါတို့လည်း အလွန့်အလွန် ကံကောင်းကြတယ်။

ရဟန္တာကြီးနှစ်ပါးဟာ အဲဒီလို အချင်းချင်း ပြောဆို ဆွေးနွေးရမှုကို အပြန်အလှန် ဝမ်းမြောက်ဝမ်းသာ သာဓု ခေါ်ဆိုခဲ့ကြပါတယ်။

**ရထဝိနီတသုတ် ပြီးပြီ။**

❊ ❊ ❊

## ၅ – နိဝါပသုတ်

၂၆၁။ အခါတစ်ပါးမှာ သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်မှာ မြတ်စွာဘုရား သီတင်းသုံးနေတော်မူပါတယ်။ အဲဒီအခါမှာ မြတ်စွာဘုရားက ရဟန်းတို့အား အခုလို ဟောကြားတော်မူခဲ့ပါတယ်။

ရဟန်းတို့ . . (မြက်ခင်းစိုက်ပျိုးတဲ့) သားမုဆိုးဟာ "ငါ စိုက်ပျိုးထားတဲ့ ဒီမြက်ခင်းကို သားသမင်များ စားကြ၍ အသက်ရှည်ကြပါစေ၊ အဆင်းလှကြပါစေ" ဆိုတဲ့ ရည်ရွယ်ချက်နဲ့ သားသမင်အပေါင်းအတွက် မြက်ခင်းကို စိုက်ပျိုးပေးထားသည် မဟုတ်။ ရဟန်းတို့ . . အမှန်အားဖြင့် မြက်ခင်းစိုက်ပျိုးတဲ့ သားမုဆိုးဟာ "ငါ စိုက်ပျိုးထားတဲ့ ဒီမြက်ခင်းထဲသို့ သားသမင်များ သက်ဆင်းကြပြီး တွေတွေဝေဝေ အစာမြက်တို့ကို စားကြလိမ့်မယ်။ အဲဒီလို စားကြပြီး အစာယစ်ကြလိမ့်မယ်။ အစာယစ်ပြီး မေ့လျော့ကြ လိမ့်မယ်၊ မေ့လျော့တဲ့အခါ ဒီမြက်ခင်းထဲမှာပဲ အလိုရှိတိုင်း ပြုလုပ်မှုကို ခံကြရလိမ့်မယ်" ဆိုတဲ့ ရည်ရွယ်ချက်နဲ့သာ သားသမင်အပေါင်းအတွက် မြက်ခင်းကို စိုက်ပျိုးထားတာ ဖြစ်တယ်။

၂၆၂။ ရဟန်းတို့ . . သားသမင်အုပ် လေးအုပ်ရှိရာတယ် ဆိုပါတော့၊ အဲဒီလေးအုပ်အနက် ပထမ သားသမင်အုပ်ဟာ မုဆိုး စိုက်ပျိုးထားတဲ့ အဲဒီ မြက်ခင်းထဲသို့ သက်ဆင်းပြီး အစာမြက်တို့ကို တွေတွေဝေဝေ စားသောက်ခဲ့ကြတယ်။ အဲဒီလို စားသောက်ပြီး အစာယစ်ခဲ့

ကြတယ်။ အစာယစ်ပြီး မေ့လျော့နေခဲ့ကြတယ်။ မေ့လျော့နေကြတဲ့ အခါ အဲဒီ မြက်ခင်းထဲမှာပဲ (မုဆိုးရဲ့) အလိုရှိတိုင်း ပြုမူကို ခံခဲ့ကြရတယ်။ ရဟန်းတို့. . . ဒါဟာ ပထမသားသမင်အုပ် မုဆိုးစက်ကွင်းမှ မလွတ်ကင်းပုံ ဖြစ်တယ်။ (၁)

၂၆၃။ ရဟန်းတို့. . . ဒုတိယသားသမင်အုပ်ကတော့ "ပထမ သားသမင်အုပ်ဟာ မြက်ခင်းထဲ သက်ဆင်းစားမိလို့ မုဆိုးရဲ့ စက်ကွင်းမှ မလွတ်ကင်းခဲ့ကြ။ ငါတို့ကား မြက်ခင်းထဲ သက်ဆင်းစားခြင်း၊ အန္တရာယ်များတဲ့ အစားအစာကို စားခြင်းမှ လုံးဝ ရှောင်ကြဉ်ပြီး တောအုပ်ကြီးထဲသို့ ဝင်နေကြမှ ဖြစ်မယ်" လို့ စဉ်းစားခဲ့ကြတယ်။ အဲဒီလို စဉ်းစားပြီး သူတို့ဟာ မြက်ခင်းထဲ သက်ဆင်းစားခြင်း၊ အန္တရာယ်များတဲ့ အစား အစာကို စားခြင်းမှ လုံးဝ ရှောင်ကြဉ်ပြီး တောအုပ်ကြီးထဲသို့ ဝင်နေခဲ့ကြတယ်။ ဒါပေမဲ့ နွေဥတုရဲ့ နောက်ဆုံးလမှာ မြက်နှင့် ရေ ခြောက်သွေ့ကုန်ခန်းတဲ့ အခါ အဲဒီ သားသမင်များရဲ့ ကိုယ်ခန္ဓာဟာ အလွန်ပင်ပန်း ကြုံလှီ လာခဲ့တယ်။ သူတို့ရဲ့ ခွန်အားဟာ ဆုတ်ယုတ်လာခဲ့တယ်။ ဒါနဲ့ သူတို့ဟာ မုဆိုးရဲ့ မြက်စိုက်ခင်းဆီသို့ ပြန်ဆင်းခဲ့ကြတယ်။ မြက်ခင်းထဲ ရောက်တော့ မြက်တွေကို တွေတွေဝေဝေ စားသောက် ခဲ့ကြတယ်။ အဲဒီလို စားသောက်ပြီး အစာယစ်ခဲ့ကြတယ်။ အစာယစ်ပြီး မေ့လျော့နေခဲ့ကြတယ်။ မေ့လျော့နေကြတဲ့အခါ အဲဒီမြက်ခင်း ထဲမှာပဲ (မုဆိုးရဲ့) အလိုရှိတိုင်း ပြုမူကို ခံခဲ့ကြရတယ်။

ရဟန်းတို့ ဒါဟာ ဒုတိယသားသမင်အုပ် မုဆိုးစက်ကွင်းမှ မလွတ်ကင်းပုံ ဖြစ်တယ်။ (၂)

၂၆၄။ ရဟန်းတို့. . . တတိယသားသမင်အုပ်ကတော့ "ဒုတိယသားသမင်အုပ်ဟာ မုဆိုးရဲ့ မြက်ခင်းထဲ ပြန်ဆင်းစားမိလို့ မုဆိုးရဲ့ စက်ကွင်းမှ မလွတ်ကင်းခဲ့ကြ။ ငါတို့ကား မုဆိုးရဲ့ အဲဒီမြက်ခင်းအနားမှာ ဝပ်ကျင်းဖွဲ့၍ နေကြမယ်၊ မုဆိုးရဲ့ အဲဒီမြက်ခင်းထဲသို့ မသက်ဆင်းဘဲ အစာမြက်တို့ကို မတွေ့မဝေ စားသောက်ကြမယ်။ အဲဒီအခါမှာ အစာမယစ်ကြ၊ မမေ့ မလျော့ကြ၍ မုဆိုးရဲ့ အလိုရှိတိုင်းပြုမှုကို ခံကြရလိမ့်မည် မဟုတ်"လို့ စဉ်းစားခဲ့ကြတယ်။ အဲဒီလိုစဉ်းစားပြီး အဲဒီ သားသမင်များဟာ မုဆိုးရဲ့ အဲဒီမြက်ခင်းနားမှာ ဝပ်ကျင်းဖွဲ့ခဲ့ကြတယ်။ သူတို့ဟာ မုဆိုးရဲ့ မြက်ခင်းထဲသို့ မသက်ဆင်းကြဘဲ အစာမြက်တို့ကို မတွေ့မဝေ စားသောက်ကြတယ်။ အဲဒီအခါမှာ အစာမယစ်ကြ၊ မမေ့မလျော့ ကြ၍ မုဆိုးရဲ့ အလိုရှိတိုင်း ပြုမှုကို မခံခဲ့ကြရ။

ရဟန်းတို့. . . အဲဒီအခါမှာ မုဆိုးနှင့် မုဆိုးရဲ့ ပရိသတ်တို့ဟာ "ဒီ တတိယသားသမင်အုပ်ဟာ ပါးပါးနပ်နပ် လှည့်ပတ်တတ်လှတယ်၊ တန်ခိုးရှိတဲ့ ဘီလူးများသဖွယ် ဖြစ်လှတယ်။ ဒီမြက်ခင်းကို စားသွားကြပေမဲ့ သူတို့ရဲ့ လာရာလမ်း, ပြန်ရာလမ်းကို မသိရဘူး၊ အကယ်၍ ငါတို့ ဒီမြက်ခင်းကို အနီးအနား ပတ်ပတ်လည် အရပ်အားလုံးနှင့် တကွ (အဖျားမှာ)

တုတ်တပ်ထားတဲ့ ပိုက်ကွန်ကြီးများနဲ့ လွှမ်းခြုံကြရလျှင် တတိယသားသမင်အုပ်ရဲ့ နေရာကို တွေ့နိုင်စရာ ရှိတယ်” လို့ စဉ်းစားခဲ့ကြတယ်။ အဲဒီလို စဉ်းစားကြပြီး သူတို့ဟာ အဲဒီမြက်ခင်းကို အနီးအနား ပတ်ပတ်လည် အရပ်အားလုံးနှင့်တကွ (အဖျားမှာ) တုတ်တပ်ထားတဲ့ ပိုက်ကွန်ကြီးများနဲ့ လွှမ်းခြုံခဲ့ကြတယ်။ ဒါနဲ့ သူတို့ဟာ တတိယသားသမင်အုပ်ရဲ့ နေရာကို တွေ့ခဲ့ကြတယ်။ အဲဒီ နေရာမှာပဲ သားသမင်တွေကို ဖမ်းမိခဲ့ကြတယ်။ ရဟန်းတို့ ဒါဟာ တတိယသားသမင်အုပ် မုဆိုးစက်ကွင်းမှ မလွတ်ကင်းပုံ ဖြစ်တယ်။ (၃)

၂၆၅။ ရဟန်းတို့. . စတုတ္ထသားသမင်အုပ်ကတော့ “တတိယ သားသမင်အုပ်ဟာ မုဆိုးရဲ့ မြက်ခင်းနားမှာ ဝပ်ကျင်းထားမိလို့ မုဆိုးရဲ့ စက်ကွင်းမှ မလွတ်ကင်းခဲ့ကြ။ ငါတို့ကား မုဆိုးနှင့် မုဆိုးရဲ့ ပရိသတ်တို့ မရောက်ပေါက်နိုင်တဲ့နေရာမှာ ဝပ်ကျင်းဖွဲ့၍ နေကြမယ်။ မုဆိုးရဲ့ အဲဒီမြက်ခင်းထဲသို့ မသက်ဆင်းဘဲ အစာမြက်တို့ကို မတွေ့မဝေ စားသောက်ကြမယ်။ အဲဒီအခါမှာ အစာမယစ်ကြ၊ မမေ့လျော့ကြ၍ မုဆိုးရဲ့ အလိုရှိတိုင်း ပြုမှုကို ခံကြရလိမ့်မည်မဟုတ်” လို့ စဉ်းစားခဲ့ကြတယ်။ အဲဒီလို စဉ်းစားကြပြီး အဲဒီသားသမင်များဟာ မုဆိုးနှင့် မုဆိုးရဲ့ ပရိသတ်တို့ မရောက် ပေါက်နိုင်တဲ့နေရာမှာ ဝပ်ကျင်းဖွဲ့၍ နေခဲ့ကြတယ်။ မုဆိုးရဲ့ မြက်ခင်းထဲသို့ မသက်ဆင်းဘဲ အစာမြက်တို့ကို မတွေ့မဝေ

စားသောက်ခဲ့ကြတယ်။ အဲဒီအခါမှာ အဲဒီစတုတ္ထသားသမင်များဟာ အစာမယစ်ကြ၊ မမေ့လျော့ကြ၍ မုဆိုးရဲ့ အလိုရှိတိုင်း ပြုမှုကို မခံကြရတော့၊ ရဟန်းတို့. . . အဲဒီအခါမှာ မုဆိုးနှင့် မုဆိုးရဲ့ ပရိသတ်တို့ဟာ "အကယ်၍ ငါတို့ စတုတ္ထသားသမင်များကို ထိတ်လန့်စေခဲ့လျှင် သူတို့ဟာ တခြား တခြားသားသမင်များကို အဆင့်ဆင့် ထိတ်လန့်စေကြလိမ့်မယ်၊ အဲဒီအခါမှာ သားသမင် အားလုံး ငါတို့ရဲ့ ဒီမြက်ခင်းကို စွန့်လွှတ်သွားကြလိမ့်မယ်။ ဒါ့ကြောင့် စတုတ္ထသားသမင်များကို ငါတို့ လျစ်လျူရှုထားတာ ကောင်းပါတယ်" လို့ စဉ်းစားခဲ့ကြတယ်။ အဲဒီလို စဉ်းစားခဲ့ကြပြီး သူတို့ဟာ စတုတ္ထ သားသမင်များကို လျစ်လျူရှုခဲ့ကြတယ်။ ရဟန်းတို့. . . ဒါဟာ စတုတ္ထသားသမင်အုပ် မုဆိုးရဲ့ စက်ကွင်းမှ လွတ်ကင်းပုံ ဖြစ်တယ်။

(၄)

၂၆၆။ ရဟန်းတို့. . . အနက်အဓိပ္ပါယ်ကို သိလွယ်ဖို့ရာ ဒီဥပမာကို ငါဘုရား ပေးတော်မူခဲ့တယ်။ ဒီနေရာမှာ အနက် အဓိပ္ပါယ်က - မြက်ခင်းဆိုတာ ကာမဂုဏ်ငါးပါး ဖြစ်တယ်။ မုဆိုးဆိုတာ မာရ်နတ်ယုတ် ဖြစ်တယ်။ မုဆိုးရဲ့ ပရိသတ်ဆိုတာ မာရ်နတ်ရဲ့ ပရိသတ် ဖြစ်တယ်။ သားသမင်များဆိုတာ ရဟန်း ပုဏ္ဏားများ ဖြစ်ကြတယ်။

၂၆၇။ ရဟန်းတို့. . . ရဟန်းပုဏ္ဏား လေးမျိုးရှိတယ် ဆိုပါတော့၊ အဲဒီ လေးမျိုးအနက် ပထမ ရဟန်းပုဏ္ဏားတို့ဟာ

မာရ်နတ် စိုက်ပျိုးထားတဲ့ ကာမဂုဏ်မြက်ခင်းထဲသို့ သက်ဆင်းပြီး ဘောဇဉ်တို့ကို တွေတွေဝေဝေ သုံးဆောင်ခဲ့ကြတယ်။ အဲဒီလို သုံးဆောင်ပြီး အစာယစ်ခဲ့ကြတယ်။ အစာယစ်ပြီး မေ့လျော့နေခဲ့ကြတယ်။ မေ့လျော့နေကြတဲ့အခါ အဲဒီကာမဂုဏ် မြက်ခင်းထဲမှာပဲ မာရ်နတ်ရဲ့ အလိုရှိတိုင်းပြုမှုကို ခံခဲ့ကြရတယ်။ ရဟန်းတို့. . . ဒါဟာ ပထမ ရဟန်းပုဏ္ဏားတို့ မာရ်နတ်ရဲ့ စက်ကွင်းမှ မလွတ်ကင်းပုံ ဖြစ်တယ်။ ရဟန်းတို့. . . အဲဒီ ပထမ ရဟန်းပုဏ္ဏားတို့ဟာ ပထမသားသမင်အုပ်နှင့် တူတယ်လို့ ငါဘုရားဟောကြားတော်မူတယ်။ (၁)

၂၆၈။ ရဟန်းတို့. . . ဒုတိယ ရဟန်းပုဏ္ဏားတို့ကတော့ "ပထမ ရဟန်း ပုဏ္ဏားတို့ဟာ မာရ်နတ်ရဲ့ ကာမဂုဏ်မြက်ခင်းထဲ သက်ဆင်း သုံးဆောင်မိကြလို့ မာရ်နတ်ရဲ့ စက်ကွင်းမှ မလွတ်ကင်းခဲ့ကြ၊ ငါတို့ကား ကာမဂုဏ်မြက်ခင်းထဲ သက်ဆင်း သုံးဆောင်ခြင်း၊ အန္တရာယ်များတဲ့ အစားအစာကို သုံးဆောင်ခြင်းမှ လုံးဝ ရှောင်ကြဉ်ကြပြီး တောအုပ်ကြီးထဲသို့ ဝင်နေကြမှ ဖြစ်မယ်" လို့ စဉ်းစားခဲ့ကြတယ်။ အဲဒီလို စဉ်းစားပြီး၊ သူတို့ဟာ ကာမဂုဏ်မြက်ခင်းထဲ သက်ဆင်း သုံးဆောင်ခြင်း၊ အန္တရာယ်များတဲ့ အစားအစာကို သုံးဆောင်ခြင်းမှ လုံးဝ ရှောင်ကြဉ်ပြီး တောအုပ်ကြီးထဲသို့ ဝင်နေခဲ့ကြတယ်။ သူတို့ဟာ အဲဒီ တောအုပ်ကြီးထဲမှာ ဟင်းရွက်စိမ်း၊ သမန်းမြက်သီးဆန်၊ ကြိတ်သီးဆန်၊ သားရေဖတ်၊ အစေးမှော်၊ ဆန်ကွဲ၊ ထမင်းချိုး၊ နှမ်း၊

မုန့်ညက်၊ မြက်၊ နွားချေး၊ ကြွေကျတဲ့ သစ်သီး တောသစ်မြစ်သစ်သီး စတဲ့ အလိုအလျောက်ဖြစ်တဲ့ အစားအစာများကို စားသောက်သုံးဆောင်နေထိုင်ခဲ့ကြတယ်။ ဒါပေမဲ့ နွေဥတုရဲ့ နောက်ဆုံးလမှာ စားသောက်စရာ ခြောက်သွေ့ကုန်ခန်းတဲ့အခါ အဲဒီရဟန်းပုဏ္ဏားတို့ရဲ့ ခန္ဓာကိုယ်ဟာ အလွန်ပင်ပန်း ကြုံလှီလာခဲ့တယ်။ သူတို့ရဲ့ ခွန်အားဟာ ဆုတ်ယုတ်လာခဲ့တယ်။ ခွန်အားဆုတ်ယုတ်လာတဲ့အခါ တောမှာ နေလိုတဲ့ စိတ်ဟာ ဆုတ်ယုတ်လာခဲ့တယ်။ ဒါ့ကြောင့် မာရ်နတ်ရဲ့ ကာမဂုဏ်မြက်ခင်းထဲသို့ ပြန်ဆင်းလာခဲ့ကြတယ်။ ဘောဇဉ်တို့ကို တွေတွေဝေဝေ သုံးဆောင်ခဲ့ကြတယ်။ အဲဒီလို သုံးဆောင်ပြီး အစာယစ်ခဲ့ကြ၊ မေ့လျော့ခဲ့ကြတယ်။ အဲဒီအခါမှာ မာရ်နတ်ရဲ့ အလိုရှိတိုင်း ပြုမှုကို ခံခဲ့ကြရတယ်။ ရဟန်းတို့ . . ဒါဟာ ဒုတိယ ရဟန်းပုဏ္ဏားတို့ မာရ်နတ်စက်ကွင်းမှ မလွတ်ကင်းပုံ ဖြစ်တယ်။ ရဟန်းတို့ . . အဲဒီ ဒုတိယ ရဟန်း ပုဏ္ဏားတို့ဟာ ဒုတိယ သားသမင်အုပ်နှင့် တူတယ်လို့ ငါဘုရား ဟောကြားတော်မူတယ်။ (၂)

၂၆၉။ ရဟန်းတို့ . . တတိယ ရဟန်းပုဏ္ဏားတို့ကတော့ "ဒုတိယ ရဟန်း ပုဏ္ဏားတို့ဟာ မာရ်နတ်ရဲ့ ကာမဂုဏ် မြက်ခင်းထဲသို့ ပြန်ဆင်းမိလို့ မာရ်နတ်ရဲ့ စက်ကွင်းမှ မလွတ်ကင်းခဲ့ကြ။ ငါတို့ကား မာရ်နတ်ရဲ့ ကာမဂုဏ် မြက်ခင်းကို အမှီပြု၍ (ကာမဂုဏ်မြက်ခင်းရဲ့ အနီးအနားမှာ) နေထိုင်ကြမယ်။ မာရ်နတ်ရဲ့ ကာမဂုဏ်မြက်ခင်းထဲသို့ မသက်ဆင်းဘဲ ဘောဇဉ်တို့ကို မတွေမဝေ သုံးဆောင်ကြမယ်။

အဲဒီအခါမှာ အစာ မယစ်ကြ၊ မမေ့မလျော့ကြ၍ မာရ်နတ်ရဲ့ အလိုရှိတိုင်း ပြုမှုကို ခံကြရလိမ့်မည်မဟုတ်” လို့ စဉ်းစားခဲ့ကြတယ်။ အဲဒီလိုစဉ်းစားကြပြီး သူတို့ဟာ မာရ်နတ်ရဲ့ ကာမဂုဏ်မြက်ခင်းကို အမှီပြု၍ (ကာမဂုဏ်မြက်ခင်းရဲ့ အနီးအနားမှာ) နေထိုင်ခဲ့ကြတယ်။ မာရ်နတ်ရဲ့ ကာမဂုဏ်မြက်ခင်းထဲသို့ မသက်ဆင်းဘဲ ဘောဇဉ်တို့ကို မတွေမဝေ သုံးဆောင်ခဲ့ကြတယ်။ အဲဒီအခါမှာ အစာမယစ်ကြ၊ မမေ့မလျော့ကြ၍ မာရ်နတ်ရဲ့ အလိုရှိတိုင်း ပြုမှုကို မခံကြရ။ ဒါပေမဲ့ သူတို့ဟာ “လောကသည် မြဲ၏” စသောအားဖြင့် မှားသော အယူရှိသူများ ဖြစ်ခဲ့ကြတယ်။ ရဟန်းတို့. . . ဒါဟာ တတိယ ရဟန်းပုဏ္ဏားတို့ မာရ်နတ် စက်ကွင်းမှ မလွတ်ကင်းပုံဖြစ်တယ်။ ရဟန်းတို့ အဲဒီ တတိယရဟန်းပုဏ္ဏားတို့ဟာ တတိယသားသမင်အုပ်နှင့် တူတယ်လို့ ငါဘုရား ဟောကြားတော်မူတယ်။ (၃)

၂၇၀။ ရဟန်းတို့. . . စတုတ္ထ ရဟန်းပုဏ္ဏားတို့ကတော့ “တတိယ ရဟန်းပုဏ္ဏားတို့ဟာ မာရ်နတ်ရဲ့ ကာမဂုဏ် မြက်ခင်း အနီးမှာ နေထိုင်မိကြလို့ မာရ်နတ်ရဲ့ စက်ကွင်းမှ မလွတ်ကင်းခဲ့ကြ။ ငါတို့ကား မာရ်နတ်နှင့် မာရ်နတ်ရဲ့ ပရိသတ် မရောက်နိုင်တဲ့ နေရာမှာ နေကြမယ်။ မာရ်နတ်ရဲ့ ကာမဂုဏ်မြက်ခင်းထဲသို့ မသက်ဆင်းဘဲ ဘောဇဉ်တို့ကို မတွေမဝေ သုံးဆောင်ကြမယ်။ အဲဒီအခါမှာ အစာမယစ်ကြ၊ မမေ့မလျော့ကြ၍ မာရ်နတ်ရဲ့ အလိုရှိတိုင်းပြုမှုကို ခံကြရလိမ့်မည် မဟုတ်” လို့ စဉ်းစားခဲ့ ကြတယ်။

အဲဒီလို စဉ်းစားကြပြီး သူတို့ဟာ မာရ်နတ်နှင့် မာရ်နတ်ရဲ့ ပရိသတ်တို့ မရောက်နိုင်တဲ့ နေရာမှာ နေထိုင်ခဲ့ကြတယ်။ မာရ်နတ်ရဲ့ ကာမဂုဏ်မြက်ခင်းထဲသို့ မသက်ဆင်းဘဲ ဘောဇဉ်တို့ကို မတွေမဝေ သုံးဆောင်ခဲ့ကြတယ်။ အဲဒီအခါမှာ အစာ မယစ်ကြ၊ မမေ့လျော့ကြ၍ မာရ်နတ်ရဲ့ အလိုရှိတိုင်း ပြုမှုကို မခံခဲ့ကြရ။ ရဟန်းတို့. . . ဒါဟာ စတုတ္ထရဟန်းပုဏ္ဏားတို့ မာရ်နတ်ရဲ့ စက်ကွင်းမှ လွတ်ကင်းပုံ ဖြစ်တယ်။ ရဟန်းတို့. . . အဲဒီ စတုတ္ထရဟန်းပုဏ္ဏားတို့ဟာ စတုတ္ထသားသမင်အုပ်နှင့် တူတယ်လို့ ငါဘုရား ဟောကြားတော်မူတယ်။ (၄)

၂၇၁။ ရဟန်းတို့. . . မာရ်နတ်နှင့် မာရ်နတ်ရဲ့ ပရိသတ်တို့ မရောက်နိုင်တဲ့ အရပ်ဆိုတာ ဘာလဲဆိုတော့ ပထမစျာန်၊ ဒုတိယစျာန်၊ တတိယစျာန်၊ စတုတ္ထစျာန်၊ အရူပစျာန် လေးပါးနှင့် နိရောဓသမာပတ်တို့ ဖြစ်တယ်။

ရဟန်းတို့. . . ရဟန်းတစ်ပါးဟာ နေဝသညာနာသညာယတနစျာန်ကို လုံးဝ လွန်မြောက်၍ သညာနှင့် ဝေဒနာတို့ ချုပ်ရာ နိရောဓသမာပတ်ကို ဝင်စား၍ နေတယ်။ အဲဒီ ရဟန်းမှာ မဂ်ပညာဖြင့် သစ္စာကို သိမြင်ပြီးသည့်အတွက် အာသဝေါများ ကုန်ခန်းကြတော့တယ်။ ရဟန်းတို့. . . အဲဒီ ရဟန်းဟာ မာရ်နတ်ကို မျက်စိကန်းအောင် ပြုနိုင်သူ ဖြစ်တယ်။ မာရ်နတ်ကို မျက်ခြည်ဖြတ်၊ မာရ်နတ်ရဲ့ မျက်စိကို ဖျက်ဆီး၍ မာရ်နတ်မမြင်နိုင်ရာသို့

ရောက်သွားသူ ဖြစ်တယ်။ လောကမှာ စွဲလမ်းမှုတဏှာကို လွန်မြောက်ပြီးတဲ့ ရဟန္တာ ဖြစ်တော့တယ်။

ဒီတရားတော်ကို မြတ်စွာဘုရား ဟောကြားတော်မူခဲ့ပါတယ်။ ရဟန်းများဟာ မြတ်စွာဘုရားရဲ့ တရားတော်ကို နှစ်သက်သဘောကျပြီး ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်ဆိုခဲ့ကြပါတယ်။

**နိဝါပသုတ် ပြီးပြီ။**

❊ ❊ ❊

# အနှိုင်းမဲ့ဗုဒ္ဓ၏ အနှိုင်းမဲ့ တရားတော်များ

## မူလပဏ္ဏာသ (၂)

**နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။**

## ၃- ဩပမ္မဝဂ်

### ၆-ပါသရာသိသုတ်

၂၇၂။ အခါတစ်ပါးမှာ သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်မှာ မြတ်စွာဘုရား သီတင်းသုံးနေတော်မူပါတယ်။ အဲဒီအခါက နံနက်ခင်းမှာ မြတ်စွာဘုရားဟာ သာဝတ္ထိမြို့သို့ ဆွမ်းခံကြွတော်မူပါတယ်။ အဲဒီအခါ ရဟန်းများဟာ အရှင်အာနန္ဒာ့ထံ သွားကာ အခုလို ပြောကြားခဲ့ကြပါတယ်-

"ငါ့ရှင်အာနန္ဒာ. . . ငါတို့ မြတ်စွာဘုရားအထံတော်မှ တရားမနာရသည်မှာ ကြာပြီ။ ငါတို့ မြတ်စွာဘုရားအထံတော်မှ တရားနာလိုကြတယ်။"

"အရှင်ဘုရားတို့. . . ဒါဆိုလျှင်ရမ္မကပုဏ္ဏားရဲ့ကျောင်းသင်္ခမ်းသို့ ကြွနိုင်ကြပါဘုရား။ အရှင်ဘုရားတို့ မြတ်စွာဘုရားအထံတော်မှ တရားတော်ကို နာရနိုင်စရာရှိပါတယ်ဘုရား။"

"ကောင်းပါပြီ ငါ့ရှင်"

မြတ်စွာဘုရား သာဝတ္ထိမြို့ထဲမှ ဆွမ်းခံပြန်လာတော်မူတဲ့အခါ အရှင်အာနန္ဒာကို ခေါ်တော်မူကာ ဝိသာခါလှူဒါန်းထားတဲ့ ပုဗ္ဗာရုံကျောင်းသို့ နေခင်းပိုင်း သီတင်းသုံးရန် ကြွရောက်တော်မူပါတယ်။

၂၇၃။ ညနေချမ်း ရောက်တော့ အရှင်အာနန္ဒာနှင့် အတူ အရှေ့ဘက်မုခ်သို့ကြွတော်မူပြီး ခန္ဓာကိုယ်ကို ရေသပ္ပါယ်တော်မူပါတယ်။ ရေသပ္ပါယ်ပြီး ပြန်တက်လာတော်မူတဲ့အခါ ကိုယ်ကိုခြောက်သွေ့စေလို၍ သင်္ကန်းတစ်ထည်တည်းနဲ့ (ခေတ္တ) ရပ်နေတော်မူပါတယ်။ အဲဒီအခါမှာ အရှင်အာနန္ဒာက မြတ်စွာဘုရားအား ရမ္မကပုဏ္ဏားရဲ့ ကျောင်းသင်္ခမ်းသို့ ကြွရောက်ရန် ပင့်လျှောက်တော်မူပါတယ်။ မြတ်စွာဘုရားက အရှင်အာနန္ဒာရဲ့ ပင့်လျှောက်ခြင်းကို ဆိတ်ဆိတ်နေခြင်းဖြင့် လက်ခံတော်မူကာ ရမ္မကပုဏ္ဏားရဲ့ ကျောင်းသင်္ခမ်းသို့ ကြွရောက်တော်မူပါတယ်။ အဲဒီအခါမှာ ရဟန်းများဟာ ရမ္မကပုဏ္ဏားရဲ့ ကျောင်းသင်္ခမ်းထဲမှာ တရားစကားများ ပြောကြားနေကြပါတယ်။ ဒါနဲ့ မြတ်စွာဘုရားဟာ တံခါးမုခ်ရဲ့ အပြင်ဘက်မှာ ရဟန်းများရဲ့ စကား ပြီးဆုံးသည့်တိုင်အောင် စောင့်နေတော်မူပါတယ်။ စကားပြီးဆုံးတဲ့အခါမှ ချောင်းဟန့်ပြီး တံခါးခေါက်တော်မူပါတယ်။ ရဟန်းများက မြတ်စွာဘုရားအား တံခါးဖွင့်ပေးခဲ့ကြပါတယ်။ အဲဒီအခါမှာ မြတ်စွာဘုရားဟာ ရမ္မကပုဏ္ဏားရဲ့ ကျောင်းသင်္ခမ်းသို့ ဝင်တော်မူကာ အသင့်ခင်းထားပြီးသော နေရာမြတ်မှာ ထိုင်နေတော်မူပါတယ်။ "ရဟန်းတို့. . . ယခုအခါ သင်တို့ အဘယ်စကားကို ပြောကြားကာ စုဝေးနေကြသလဲ" လို့လည်း မေးမြန်းတော်

မူခဲ့ပါတယ်။ အဲဒီအခါမှာ ရဟန်းများက "မြတ်စွာဘုရား တပည့်တော်တို့ မြတ်စွာဘုရားနှင့် ပတ်သက်သော တရားစကားကို ပြောကြားကာ စုဝေးနေကြတာပါဘုရား၊ အဲဒီလို ပြောကြား နေကြစဉ်မှာ မြတ်စွာဘုရား ကြွရောက်တော်မူလာခြင်း ဖြစ်ပါတယ်-ဘုရား၊" လို့ လျှောက်ထားခဲ့ကြပါတယ်။ အဲဒီအခါမှာ မြတ်စွာဘုရားက အခုလို မိန့်ကြားတော်မူခဲ့ပါတယ်- ရဟန်းတို့ . . . ကောင်းပေစွ ကောင်းပေစွ၊ သဒ္ဓါတရားနဲ့ ရဟန်းပြုလာကြတဲ့ သင်အမျိုးကောင်းသားတို့ တရားစကားနဲ့ စုဝေးနေကြသည်မှာ သင့်မြတ်လှပေတယ်။ စုဝေးမိကြတဲ့ သင်ရဟန်းတို့ ပြုကျင့်ဖွယ်ဟာ နှစ်မျိုးသာရှိတယ်။ အဲဒီနှစ်မျိုးဆိုတာက တရားစကားကိုသော်လည်း ပြောနေသင့်တယ်၊ သို့မဟုတ် ကြည်လင်အေးချမ်းစွာ ဆိတ်ဆိတ်သော်လည်း နေသင့်တယ်။

၂၇၄။ ရဟန်းတို့ . . . ရှာမှီးခြင်းဟာ နှစ်မျိုးရှိတယ်။ အဲဒီနှစ်မျိုးဆိုတာက အပြစ်ကင်းသော ရှာမှီးခြင်းနှင့် အပြစ်မကင်းသော ရှာမှီးခြင်းတို့ ဖြစ်တယ်။ ရဟန်းတို့ . . . အပြစ်မကင်းသော ရှာမှီးခြင်းဆိုတာက- လောကမှာ တချို့ပုဂ္ဂိုလ်ဟာ ကိုယ်တိုင်က ဖြစ်ခြင်း၊ အိုခြင်း၊ နာခြင်း၊ သေခြင်း၊ စိုးရိမ်ခြင်း၊ ညစ်နွမ်းခြင်း သဘောရှိသူ ဖြစ်ပါလျက် ဖြစ်ခြင်း၊ အိုခြင်း၊ နာခြင်း၊ သေခြင်း၊ စိုးရိမ်းခြင်း၊ ညစ်နွမ်းခြင်း သဘောရှိသော အရာကိုသာ ရှာမှီးတယ်။

ရဟန်းတို့ . . ဖြစ်ခြင်း၊ အိုခြင်း၊ နာခြင်း၊ သေခြင်း၊ စိုးရိမ်ခြင်း၊ ညစ်နွမ်းခြင်းသဘောရှိသော အရာဆိုတာ ဘာလဲဆိုတော့- သား၊ မယား၊ ကျွန်ထီး၊ ကျွန်မ၊ ဆိတ်၊ သိုး၊ ကြက်၊ ဝက်၊ ဆင်၊ နွား၊ မြင်း၊ မြည်း၊ ရွှေ ငွေ- စသော ကာမဂုဏ်တို့ဖြစ်တယ်။ အဒီကာမဂုဏ်တို့မှာ တွေဝေသောသူဟာ ကိုယ်တိုင်က ဖြစ်ခြင်း၊ အိုခြင်း၊ နာခြင်း၊ သေခြင်း၊ စိုးရိမ်ခြင်း၊ ညစ်နွမ်းခြင်းသဘောရှိသူ ဖြစ်ပါလျက် ဖြစ်ခြင်း၊ အိုခြင်း၊ နာခြင်း၊ သေခြင်း၊ စိုးရိမ်ခြင်း၊ ညစ်နွမ်းခြင်းသဘောရှိသော အရာတို့ကိုသာ ရှာမှီးနေသူ ဖြစ်တယ်။ ရဟန်းတို့ . . ဒါဟာ အပြစ်မကင်းသော ရှာမှီးခြင်း ဖြစ်တယ်။

၂၇၅။ ရဟန်းတို့ . . အပြစ်ကင်းသော ရှာမှီးခြင်းဆိုတာက- လောကမှာ တချို့သော ပုဂ္ဂိုလ်ဟာ ကိုယ်တိုင်က ဖြစ်ခြင်း၊ အိုခြင်း၊ နာခြင်း၊ သေခြင်း၊ စိုးရိမ်ခြင်း၊ ညစ်နွမ်းခြင်းသဘောရှိသည်ဖြစ်၍ ဖြစ်ခြင်း၊ အိုခြင်း၊ နာခြင်း၊ သေခြင်း၊ စိုးရိမ်ခြင်း၊ ညစ်နွမ်းခြင်းသဘော ရှိသောအရာတို့၌ အပြစ်မြင်လျက် ဖြစ်ခြင်း၊ အိုခြင်း၊ နာခြင်း၊ သေခြင်း၊ စိုးရိမ်ခြင်း၊ ညစ်နွမ်းခြင်း ကင်းရာ အမြတ်ဆုံး နိဗ္ဗာန်ကို ရှာမှီးတယ်။ ရဟန်းတို့ . . . ဒါဟာ အပြစ်ကင်းသော ရှာမှီးခြင်း ဖြစ်တယ်။

၂၇၆။ ရဟန်းတို့ . . . ငါဘုရားလည်း သစ္စာလေးပါးကို မသိမီ ဘုရားအလောင်းဘဝမှာ ဖြစ်စဉ်က ကိုယ်တိုင်က ဖြစ်ခြင်း စသော သဘော ရှိသူဖြစ်ပါလျက် ဖြစ်ခြင်းစသော သဘောရှိသော

အရာကိုသာ ရှာမှီးခဲ့တယ်။ ဒါနဲ့ ငါဘုရားအလောင်းဟာ "ဘာကြောင့်များ ငါဟာ ကိုယ်တိုင်က ဖြစ်ခြင်းစသော သဘောရှိသူ ဖြစ်ပါလျက် ဖြစ်ခြင်းစသော သဘောရှိသော အရာတွေကိုသာ ရှာမှီးနေရသလဲ၊ ဖြစ်ခြင်းစသော သဘောကင်းရာ နိဗ္ဗာန်ကို ရှာမှီးရလျှင် ကောင်းမှာပဲ"လို့ စဉ်းစားကြံစည်တော်မူခဲ့တယ်။

၂၇၇။ ရဟန်းတို့ . . . အဲဒီလို စဉ်းစားကြံစည်ပြီးနောက် ငါဘုရား အလောင်းဟာ ငယ်ရွယ်သူသာ ဖြစ်လျက် မယ်တော် ခမည်းတော်တို့က သဘောမတူလို့ ငိုကြွေးနေကြစဉ်မှာပင် ဆံမုတ်ဆိတ်ကို ပယ်ကာ ဖန်ရည်ဆိုးသော သင်္ကန်းတို့ကို ဝတ်ရုံလျက် ရဟန်းပြုတော်မူခဲ့တယ်။ အဲဒီလို ရဟန်းပြုတော်မူပြီး ကာလာမနွယ်ဖွား အာဠာရရသေ့ထံသို့ ချဉ်းကပ်တော်မူခဲ့တယ်။ အာဠာရရသေ့ထံမှာ အာကိဉ္စညာယတနစျာန်ကို ရသည့်တိုင်အောင် သင်ယူခဲ့တယ်။ "အာကိဉ္စညာယတနစျာန်ဟာ နိဗ္ဗာန်ရောက်ကြောင်း မဟုတ်သေး။ အာကိဉ္စညာယတန ဗြဟ္မာ့ဘုံသို့ ရောက်ကြောင်းသာ ဖြစ်တယ်" လို့ ဆင်ခြင်ပြီး အဲဒီ အာကိဉ္စညာယတနစျာန်ကို မပန်ဆင်ဘဲ အာဠာရရသေ့ထံမှ ထွက်ခွာခဲ့တယ်။

၂၇၈။ ရဟန်းတို့ . . . ဆက်လက်၍ ငါဘုရားအလောင်း-တော်ဟာ ရာမရဲ့သား ဥဒကရသေ့ထံသို့ ချဉ်းကပ်ခဲ့ပြန်တယ်။ ဥဒကရသေ့ထံမှာ နေဝသညာနာသညာယတနစျာန်ကို

ရသည့်တိုင်အောင် သင်ယူခဲ့တယ်။ "နေဝသညာနာသညာယတန-စျာန်ဟာ နိဗ္ဗာန်ရောက်ကြောင်း မဟုတ်သေး။ နေဝသညာနာသညာ-ယတနပြဟ္မာ့ဘုံသို့ရောက်ကြောင်းသာ ဖြစ်တယ်" လို့ ဆင်ခြင်ပြီး အဲဒီနေဝသညာနာသညာယတနစျာန်ကို မပန်ဆင်ဘဲ ဥဒက-ရသေ့ထံမှ ထွက်ခွာခဲ့တယ်။

၂၇၉။ ရဟန်းတို့ . . . ငါဘုရားဟာ အမြတ်ဆုံးနိဗ္ဗာန်ကို ရှာမှီးလျက် မဂဓတိုင်းမှာ ဒေသစာရီ လှည့်လည်တဲ့အခါ ဥရုဝေလတောရဲ့အနီး သေနာနိဂုံးသို့ ရောက်တော်မူခဲ့တယ်။ အဲဒီသေနာနိဂုံးမှာ မွေ့လျော်ဖွယ်ကောင်းသော မြေပြင်၊ ကြည်နူးဖွယ်ကောင်းသော တောအုပ်၊ တသွင်သွင် စီးဆင်းနေသော မြစ်ရေအယဉ်၊ သန့်ရှင်းသာယာ၍ မွေ့လျော်ဖွယ်ကောင်းသော ဆိပ်ကမ်းနှင့် အနီးအနားမှ ဆွမ်းခံရွာတို့ကို တွေ့မြင်ရတယ်။ အဲဒီအခါမှာ ငါဘုရားအလောင်းတော်ဟာ "ဒီနေရာဟာ ကမ္မဋ္ဌာန်းအားထုတ်လိုသော အမျိုးကောင်းသားအတွက် သင့်လျော်တဲ့ နေရာ ဖြစ်တယ်" လို့ ဆင်ခြင် သုံးသပ် ဆုံးဖြတ်ကာ အဲဒီသေနာနိဂုံးမှာပဲ သီတင်းသုံးနေတော်မူခဲ့တယ်။

၂၈၀။ ရဟန်းတို့ . . . ငါဘုရားဟာ ကိုယ်တိုင်က ဖြစ်ခြင်း၊ အိုခြင်း၊ နာခြင်း၊ သေခြင်း၊ စိုးရိမ်ခြင်း၊ ညစ်နွမ်းခြင်း သဘော ရှိသည်ဖြစ်၍ ဖြစ်ခြင်း၊ အိုခြင်း၊ နာခြင်း၊ သေခြင်း၊ စိုးရိမ်ခြင်း၊ ညစ်နွမ်းခြင်း သဘောရှိသော အရာတို့၌ အပြစ်ကို သိ၍ ဖြစ်ခြင်း၊

အိုခြင်း၊ နာခြင်း၊ သေခြင်း၊ စိုးရိမ်ခြင်း၊ ညစ်နွမ်းခြင်း ကင်းရာအမြတ်ဆုံး နိဗ္ဗာန်ကို ရှာမှီးတဲ့အခါ အဲဒီ အမြတ်ဆုံး နိဗ္ဗာန်ကို ရရှိခဲ့တယ်။ တရားအားလုံးကို သိစွမ်းနိုင်သော သဗ္ဗညုတဉာဏ်တော်မြတ်လည်း ငါဘုရားမှာ ဖြစ်ပေါ်လာခဲ့တယ်။ မပျက်စီးနိုင်သော အရဟတ္တဖိုလ်လည်း ဖြစ်ပေါ်လာခဲ့တယ်။ ဒီဘဝဟာ နောက်ဆုံးဘဝ ဖြစ်တယ်။ ယခုအခါ နောက်ထပ် ပဋိသန္ဓေ နေဖွယ်မရှိတော့။

၂၈၁။ ရဟန်းတို့ . . . ငါဘုရားဟာ အခုလို ဆင်ခြင်မိခဲ့တယ်။ ဘယ်လို ဆင်ခြင်မိသလဲဆိုတော့- ငါ ရထားတဲ့ တရားတော်ဟာ သိမ်မွေ့ နက်နဲခက်ခဲလှတယ်။ သတ္တဝါများဟာ ကာမဂုဏ်မှာသာ မွေ့လျော်နေကြတယ်။ ပဋိစ္စသမုပ္ပါဒ်တရားတော်နှင့် နိဗ္ဗာန်တရားတော်တို့ဟာ ကာမဂုဏ်မှာသာ မွေ့လျော်ကြတဲ့ သတ္တဝါများ သိမြင်နိုင်ခဲသော တရားတော်များ ဖြစ်ကြတယ်။ တရားတော်ကို ငါဘုရား ဟောကြားပေမဲ့ သူတစ်ပါးတို့ကား ငါရဲ့ တရားတော်ကို မသိနိုင်ကြကုန်ရာ။ တရားဟောခြင်းကြောင့် ငါ့မှာ ပင်ပန်း နွမ်းနယ်ရုံသာ ရှိလိမ့်မယ်။

၂၈၂။ ရဟန်းတို့ . . . ငါဘုရား အဲဒီလို ဆင်ခြင်မိတဲ့အခါ တရားမဟောဘဲ ကြောင့်ကြမဲ့နေရန်သာ စိတ်ညွတ်တော်မူခဲ့တယ်။ တရားဟောရန်ကား စိတ်ညွတ်တော်မမူခဲ့။ ရဟန်းတို့ . . . အဲဒီ-အခါမှာ သဟမ္ပတိဗြဟ္မာကြီးဟာ ငါဘုရားရဲ့ စိတ်အကြံကို သိကာ

“လောကကြီးထဲ၌ မြတ်စွာဘုရားသည် ကြောင့်ကြမဲ့ နေတော်မူရန် စိတ်ညွတ်တော်မူ၏။ တရားဟောရန်ကား စိတ်ညွတ်တော်မမူ။ ထိုအဖြစ်ဆိုးနှင့် ကြုံရသော လောကကြီးသည် ပျက်စီးဆုတ်ယုတ်-လေစွတကား၊ ထိုအဖြစ်ဆိုးနှင့် ကြုံရသော လောကကြီးသည် ပျက်စီးဆုတ်ယုတ်လေစွတကား” လို့ ဆင်ခြင် သုံးသပ်ခဲ့တယ်။ အဲဒီလို ဆင်ခြင်သုံးသပ်ပြီး ဗြဟ္မာ့ပြည်မှ လူ့ပြည်သို့ ဆင်းသက်လာကာ ငါဘုရားရဲ့ ရှေ့တော်မှောက်သို့ ရောက်လာခဲ့တယ်။ သဟမ္ပတိဗြဟ္မာကြီးဟာ ငါဘုရားကို လက်အုပ်ချီမိုး ရှိခိုးကန်တော့ကာ “ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား . . . တရားဒေသနာကို ဟောကြားချီးမြှင့်တော်မူပါ၊ ကောင်းသော စကားကို မြွက်ဆိုတော်မူတတ်သော မြတ်စွာဘုရား. . .တရားဒေသနာကို ဟောကြားချီးမြှင့်တော်မူပါ။ ပညာမျက်စိကောင်းသော သတ္တဝါများ ရှိကြပါတယ်။ သူတို့ဟာ တရားတော်ကို မနာကြားရခြင်းကြောင့် တရားတော်နှင့် ဝေးကွာ ဆုတ်ယုတ်ကြပါတယ်။ တရားတော်ကို သိနိုင်သူ သိန်းပေါင်းများစွာ ရှိပါလိမ့်မယ်” လို့ လျှောက်ထားတောင်းပန်ခဲ့တယ်။

၂၈၃။ ရဟန်းတို့ . . . အဲဒီအခါမှာ ငါဘုရားဟာ သတ္တဝါတို့အား သနားသောအားဖြင့် ဗုဒ္ဓစက္ခု*ဖြင့် လောကကို ကြည့်ရှုတော်မူခဲ့တယ်။ ရဟန်းတို့ . . . အဲဒီလို ငါဘုရား ဗုဒ္ဓစက္ခုဖြင့် လောကကို

* ဗုဒ္ဓစက္ခုဟူသည် ဣန္ဒြိယပရောပရိယတ္တဉာဏ်နှင့် အာသယာ-နုသယဉာဏ်တို့ ဖြစ်သည်။ ၄၊ ၈၄

ကြည့်ရှုတော်မူသောအခါ ဥပမာအားဖြင့် ရေထဲမှာ နစ်မြုပ်နေကြသော ဥပ္ပလကြာ၊ ပဒုမကြာ၊ ပုဏ္ဍရိက်ကြာ၊ ရေနှင့်အညီ တည်ရှိနေကြသော ဥပ္ပလကြာ၊ ပဒုမကြာ၊ ပုဏ္ဍရိတ်ကြာနှင့် ရေပေါ်သို့ တက်၍ တည်နေကြသော ဥပ္ပလကြာ၊ ပဒုမကြာ၊ ပုဏ္ဍရိတ်ကြာတို့ကဲ့သို့ ပညာမျက်စိကောင်းသော သတ္တဝါ၊ ပညာမျက်စိမှုန်သော သတ္တဝါ၊ ရင့်ကျက်သည့် ဣန္ဒြေရှိသော သတ္တဝါ၊ မရင့်ကျက်သေးသည့် ဣန္ဒြေရှိသော သတ္တဝါနှင့် တမလွန်-လောကပြစ်ကို ဘေးဟု ရှုလျက် နေလေ့ရှိသော သတ္တဝါ၊ တမလွန်လောကပြစ်ကို ဘေးဟုရှုလေ့မရှိဘဲ နေလေ့ရှိသော သတ္တဝါတို့ကို တွေ့မြင်တော်မူခဲ့ရတယ်။ အဲဒီလို မြင်တော်မူတဲ့ အတွက် သဟမ္ပတိဗြဟ္မာကြီးအား အခုလို ပြန်ကြားတော်မူခဲ့တယ်–

အိုသဟမ္ပတိဗြဟ္မာ. . . ပင်ပန်းရုံသာ ဟု
သဘောထားကာ ရရှိသော တရားမြတ်ကို
သတ္တဝါတို့အား မဟောကြားရန်
အကြံ ဖြစ်ခဲ့၏။ ပညာနားရှိသူတို့ ယုံကြည်မှု
သဒ္ဓါတရားကိုသာ စေလွှတ်ကြပစေ။
ထိုသဒ္ဓါပညာရှိသူတို့အတွက် နိဗ္ဗာန်
တံခါးကို ငါဘုရား ဖွင့်ထားတော်မူ၏။

ရဟန်းတို့ . . . အဲဒီအခါမှာ သဟမ္ပတိဗြဟ္မာကြီးဟာ "မြတ်စွာဘုရား တရားဟောရန် သဘောတူတော်မူပြီ" လို့

ဝမ်းမြောက်လျက် ငါဘုရားကို ရှိခိုးဦးချ လက်ျာရစ်လှည့်ကာ ကွယ်ပျောက်သွားခဲ့တယ်။

၂၈၄။ ရဟန်းတို့ . . . "ပထမဦးဆုံး ဘယ်သူ့အား ငါဘုရား တရားဟောရပါ့မလဲ၊ ဘယ်သူဟာ ဒီတရားတော်ကို လျှင်မြန်စွာ သိနိုင်သလဲ" လို့ စဉ်းစားတော်မူတဲ့အခါ "ကာလာမန္ဒယ်ဖွား အာဠာရရသေ့ဟာ ပညာရှိသူ ထက်မြက်သူ တစ်ယောက် ဖြစ်တယ်။ ငါဟာ ပထမဦးဆုံး အာဠာရရသေ့အား တရားဟောရလျှင် ကောင်းမယ်။ အာဠာရရသေ့ဟာ ဒီတရားတော်ကို လျှင်မြန်စွာ သိနိုင်တယ်"လို့ အကြံရတော်မူခဲ့တယ်။ ရဟန်းတို့ . . . အဲဒီအခါမှာ ငါဘုရားကို နတ်သားတစ်ယောက်က ချဉ်းကပ်ကာ "မြတ်စွာဘုရား ကာလာမန္ဒယ်ဖွား အာဠာရရသေ့ဟာ လွန်ခဲ့သော တစ်ပတ်က ကွယ်လွန်သွားပါပြီ ဘုရား" လို့ လျှောက်ထားခဲ့တယ်။ "ကာလာမန္ဒယ်ဖွား အာဠာရရသေ့ဟာ လွန်ခဲ့သော တစ်ပတ်က ကွယ်လွန်သွားခဲ့ပြီ" လို့ ငါဘုရားမှာလည်း ဉာဏ်အမြင် ဖြစ်ပေါ်လာခဲ့တယ်။ ရဟန်းတို့ . . . အဲဒီအခါမှာ "ကာလမန္ဒယ်ဖွား အာဠာရရသေ့သည် အဆုံးရှုံးကြီး ဆုံးရှုံးလေစွတကား။ အာဠာရရသေ့သည် ဒီတရားတော်ကို အကယ်၍ နာကြားရလျှင် လျှင်မြန်စွာ သိနိုင်ပေ၏" လို့ ငါဘုရား စဉ်းစားတော်မူခဲ့မိတယ်။

ရဟန်းတို့ . . . ဆက်လက်၍ "ပထမဦးဆုံး ဘယ်သူ့အား ငါဘုရား တရားဟောရပါ့မလဲ၊ ဘယ်သူဟာ ဒီတရားတော်ကို

လျှင်မြန်စွာ သိနိုင်သလဲ” လို့ စဉ်းစားတော်မူတဲ့အခါ “ရာမရဲ့သား ဥဒကရသေ့ဟာ ပညာရှိသူ ထက်မြက်သူ တစ်ယောက် ဖြစ်တယ်။ ငါဟာ ပထမဦးဆုံး ဥဒကရသေ့အား တရားဟောရလျှင် ကောင်းမယ်။ ဥဒကရသေ့ဟာ ဒီတရားတော်ကို လျှင်မြန်စွာ သိနိုင်တယ်” လို့ အကြံရတော်မူခဲ့တယ်။ ရဟန်းတို့ . . . အဲဒီအခါမှာ ငါဘုရားကို နတ်သားတစ်ယောက်က ချဉ်းကပ်ကာ “မြတ်စွာဘုရား . . . ရာမရဲ့သား ဥဒကရသေ့ဟာ မနေ့ညက ကွယ်လွန်ခဲ့ပါပြီဘုရား-” လို့ လျှောက်ထားခဲ့တယ်။ “ရာမရဲ့သား ဥဒကရသေ့ဟာ မနေ့ညက ကွယ်လွန်သွားခဲ့ပြီ” လို့ ငါဘုရားမှာလည်း ဉာဏ်အမြင် ဖြစ်ပေါ်လာခဲ့တယ်။ ရဟန်းတို့ အဲဒီအခါမှာ “ရာမ၏သား ဥဒကရသေ့သည် အဆုံးရှုံးကြီး ဆုံးရှုံးလေစွတစ်ကား၊ ဥဒကရသေ့သည် ဒီတရားတော်ကို အကယ်၍ နာကြားရလျှင် လျှင်မြန်စွာ သိနိုင်ပေ၏” လို့ ငါဘုရား စဉ်းစားတော်မူခဲ့မိတယ်။

ရဟန်းတို့ . . . ဆက်လက်၍ “ပထမဦးဆုံး ဘယ်သူ့အား ငါဘုရား တရားဟောရပါ့မလဲ၊ ဘယ်သူဟာ ဒီတရားတော်ကို လျှင်မြန်စွာ သိနိုင်သလဲ” လို့ စဉ်းစားတော်မူတဲ့အခါ “ပဉ္စဝဂ္ဂီရဟန်းတို့ဟာ ငါ့အား ကျေးဇူးများကြတယ်။ သူတို့ပဲ ငါဘုရား ကမ္မဋ္ဌာန်းအားထုတ်နိုင်ဖို့ရာ ပြုစုလုပ်ကျွေးခဲ့ကြတယ်။ ပထမဦးဆုံး ပဉ္စဝဂ္ဂီရဟန်းတို့အား တရားဟောရလျှင် ကောင်းမယ်” လို့

အကြံရတော်မူခဲ့တယ်။ ရဟန်းတို့ . . ဆက်လက်၍ "ယခုအခါ ပဥ္စဝဂ္ဂီရဟန်းတို့ ဘယ်မှာ နေကြသလဲ" လို့ ဒိဗ္ဗစက္ခုဖြင့် ကြည့်ရှုတော်မူတဲ့အခါ ဗာရာဏသီမြို့အနီး ဣသိပတနမိဂဒါဝုန်တောမှာ နေကြတာကို တွေ့မြင်တော်မူရတယ်။ ဒါ့ကြောင့် ငါဘုရားဟာ ဗာရာဏသီမြို့သို့ ဒေသစာရီ ကြွချီတော်မူခဲ့တယ်။

၂၈၅။ ရဟန်းတို့ . . . ဂယာမြို့နှင့် ဗောဓိပင်ရဲ့ အကြားမှာ ဒေသစာရီ ကြွချီနေတဲ့ ငါဘုရားကို ဥပကခေါ်တဲ့တက္ကတွန်း* က တွေ့မြင်တဲ့အခါ "ငါ့ရှင် . . . သင်ရဲ့ ဣန္ဒြေတို့ဟာ ကြည်လင်လှတယ်။ သင်ရဲ့ အသားအရေဟာ ဝင်းပလို့နေတယ်။ ငါ့ရှင် . . ဘယ်သူ့ကို ဦးထိပ်ထားကာ သင် ရဟန်းပြုလာသလဲ၊ သင်ရဲ့ ဆရာ ဘယ်သူလဲ၊ ဘယ်သူရဲ့ တရားကို သင်နှစ်သက်သလဲ" လို့ မေးမြန်းခဲ့တယ်။ အဲဒီအခါမှာ ငါဘုရားက တက္ကတွန်းဥပကကို ဂါထာများနဲ့ ဖြေကြားတော်မူခဲ့တယ်။

> ဥပက . . . ငါဟာ လောကီလောကုတ္တရာ တရားအားလုံးကို သိပြီးသူ ဖြစ်တယ်။ လောကီတရား အားလုံး၌ ငြိကပ်တွယ်တာသော ကိလေသာကို ပယ်ပြီးသူ ဖြစ်တယ်။ တဏှာကုန်ရာ နိဗ္ဗာန်ကို မျက်မှောက်ပြုပြီးသူ ဖြစ်တယ်။ လောကီ လောကုတ္တရာတရားအားလုံးကို

---

* တက္ကတွန်း- အဝတ်မဝတ်သော တိတ္ထိရဟန်း

ကိုယ်တိုင် သိသည့်အတွက် တခြားမည့်သူကိုမျှ ဆရာလို့ ညွှန်ပြရာ မရှိပါ။

- လောကုတ္တရာတရားအရာ၌ ငါ့အား ဆရာမရှိပါ။ နတ်ပြဟ္မာများ အပါအဝင်ဖြစ်တဲ့ လောကမှာ ငါဘုရားနှင့်တူသူ တစ်စုံတစ်ယောက်မျှ မရှိပါ။
- လောကမှာ ငါဟာ ရဟန္တာတစ်ပါး ဖြစ်တယ်၊ အမြတ်ဆုံး ဆရာတစ်ဆူ ဖြစ်တော်မူတယ်၊ သစ္စာလေးပါးတရားတို့ကို ကိုယ်တိုင် အတိအကျ သိတော်မူတဲ့ သမ္မာသမ္ဗုဒ္ဓ ဘုရားတစ်ဆူ ဖြစ်တော်မူတယ်။ ကိလေသာမီး အားလုံး ငြိမ်းအေးပြီးသူ အေးချမ်းသာယာသူ ဖြစ်တော်မူတယ်။
- ဓမ္မစကြာရတနာကို လည်စေဖို့ရာ ကာသိ တိုင်းက မြို့တစ်မြို့သို့ သွားရန် ဒေသစာရီ ကြွချီလာခဲ့တယ်။

မှောင်အတိကျနေတဲ့ လောကကြီးထဲမှာ ဓမ္မအလင်းရရန် အမြိုက်စည်ကြီး ရိုက်တီးတော်မူမယ်။ (မြတ်နိဗ္ဗာန်အကြောင်း ကြေငြာမောင်း ခတ်တော်မူမယ်။)

ငါ့ရှင် . . . သင် ဝန်ခံတဲ့အတိုင်းဆိုလျှင် အနန္တဇိနသဗ္ဗညုတ-ညာဏ်ရှင် ဘုရားပင် ဖြစ်ထိုက်ပေတယ်။

ဥပက. . . အာသဝေါကုန်ပြီးကြသော ငါကဲ့သို့သော ပုဂ္ဂိုလ်များဟာ ဇိနမည်တွင် ဘုရားရှင်များ ဖြစ်ကြတယ်။ ငါဟာ မကောင်းမှုအားလုံးကို အောင်နိုင်ပြီးသည့် အတွက် ဇိနမည်တွင် ဘုရားပင် ဖြစ်တယ်။

ရဟန်းတို့ . . ငါဘုရား အဲဒီလို မိန့်ကြားတဲ့အခါ တက္ကတွန်း ဥပကဟာ "ငါ့ရှင်. . . ဖြစ်နိုင်စရာရှိပါရဲ့" လို့ ပြောကာ ဦးခေါင်းကို လှုပ်ကာ လှုပ်ကာ လမ်းဖယ်ရှားသွားခဲ့တယ်။

၂၈၆။ ရဟန်းတို့ . . ငါဘုရား ဆက်လက်ပြီး ဒေသစာရီ ကြွချီလာတဲ့အခါ ဗာရာဏသီမြို့ ဣသိပတနမိဂဒါဝုန်တောမှာ ရှိတဲ့ ပဉ္စဝဂ္ဂီရဟန်းများထံသို့ ရောက်တော်မူခဲ့တယ်။ ပဉ္စဝဂ္ဂီရဟန်းများဟာ ငါဘုရား အဝေးမှ ကြွလာတာကို မြင်ကြတဲ့ အခါ "ငါ့ရှင်တို့ . . ဟိုမှာ ရဟန်းဂေါတမကြီး လာနေပြီ။ ယခု သူဟာ ကမ္မဋ္ဌာန်း လုပ်ငန်းမှ ထွက်လာခဲ့ပြီး လာဘ်များဖို့ရာ လှည့်ရှာနေပြီ။ ဒါ့ကြောင့် သူ့ကို ရှိမခိုးရ၊ ခရီးဦးမကြိုဆိုရ၊ သူ့ရဲ့သပိတ်သင်္ကန်းကို လှမ်းမယူရ၊ သို့သော် နေရာတော့ ခင်းထားကြမယ်။ သူ ဆန္ဒရှိလျှင် ထိုင်လိမ့်မယ်" လို့အချင်းချင်း ကတိကဝတ် ပြုထားနှင့်ကြတယ်။ ဒါပေမဲ့ ငါဘုရား ရောက်လာတဲ့ အခါမှာတော့ ပဉ္စဝဂ္ဂီရဟန်းများဟာ သူတို့ရဲ့ ကတိကဝတ်အတိုင်း မတည်နိုင်ခဲ့ကြဘူး။ တချို့က

ငါ့ဘုရားကို ခရီးဦးကြိုကာ သပိတ်သင်္ကန်းကို လှမ်းယူကြတယ်။ တချို့က နေရာခင်းပေးကြတယ်။ တချို့က ခြေဆေးရေ တည်ပေးကြတယ်။ဒါပေမဲ့ ငါဘုရားကို ဂေါတမ-လို့ နာမည်ကိုလည်း ခေါ်ဝေါ်ကြတယ်၊ ငါ့ရှင်လို့လည်း သုံးနှုန်းနေကြတုန်း ဖြစ်တယ်။

အဲဒီအခါမှာ ငါဘုရားက "ရဟန်းတို့. . . ငါဘုရားကို ဂေါတမ- လို့ နာမည်ကိုလည်း မခေါ်ကြနှင့်၊ ငါ့ရှင်လို့လည်း မသုံးနှုန်းကြနှင့်၊ ငါဟာ ပူဇော်အထူးကို ခံတော်မူထိုက်တဲ့ တရားအားလုံးကို ကိုယ်တိုင် မှန်စွာ သိတဲ့ ဘုရားတစ်ဆူ ဖြစ်တယ်။ ရဟန်းတို့. . . နားစိုက်စိုက် ထောင်ကြ၊ ငါရရှိပြီးတဲ့ နိဗ္ဗာန်ကို ညွှန်ပြမယ်၊ တရားတော်ကို ဟောကြားမယ်၊ ငါဘုရားဟောကြားတဲ့ အတိုင်း ကျင့်သူတို့ဟာ အရဟတ္တဖိုလ်ကို ကိုယ်တိုင် မျက်မှောက်ပြုကာ နေကြရလိမ့်မယ်" လို့ ပဉ္စဝဂ္ဂီရဟန်းတို့အား မိန့်ကြားတော်မူခဲ့တယ်။

ရဟန်းတို့. . . အဲဒီအခါမှာ ပဉ္စဝဂ္ဂီရဟန်းများက "ငါ့ရှင် ဂေါတမ. . . သင်ဟာ ဒုက္ကရစရိယာ (ခြောက်နှစ်ကြာအောင်) ကျင့်တာတောင်မှ တရားထူးကို မရရှိခဲ့ဘဲ ယခုအခါ ကမ္မဋ္ဌာန်းလုပ်ငန်းမှ ထွက်လာခဲ့ပြီး လာဘ်များဖို့ရာ လှည့်ရှာနေတဲ့ သင်ဟာ တရားထူးကို အဘယ်မှာ ရနိုင်ပါ့မလဲ" လို့ ငါဘုရားအား လျှောက်ထားခဲ့ကြတယ်။

အဲဒီအခါမှာ ငါဘုရားက "ငါဟာ ဘုရားစင်စစ် ဖြစ်တော်မူတယ်"လို့ သုံးကြိမ်တိုင်အောင် ပြောပြသော်လည်း ပဉ္စဝဂ္ဂီ-ရဟန်းများဟာ မယုံကြည်နိုင်ကြောင်း ပြန်လည် လျှောက်ထားခဲ့ကြတယ်။

အဲဒီအခါမှာ ငါဘုရားက "ရဟန်းတို့ . . ယခင်က ဒီစကားမျိုးကို ငါဘုရားပြောကြားခဲ့ဖူးသလား"လို့ ပဉ္စဝဂ္ဂီ ရဟန်းတို့အား မေးမြန်းတော်မူခဲ့တယ်။ အဲဒီအခါကျမှ "အရှင်ဘုရား . . ယခင်က ဒီစကားမျိုးကို အရှင်ဘုရား မပြောကြားခဲ့ဖူးပါ" လို့ ပြန်လည် လျှောက်ထားကာ ငါဘုရားကို "ဘုရား" လို့ ယုံကြည်ခဲ့ကြတယ်။

ရဟန်းတို့ . . ရဟန်းနှစ်ပါးတို့အား ငါဘုရား ဩဝါဒ ပေးတော်မူတဲ့အခါ ရဟန်းသုံးပါး ဆွမ်းခံကြွကြတယ်၊ ရဟန်းသုံးပါး ဆွမ်းခံကြွလို့ ရလာတဲ့ဆွမ်းနဲ့ ခြောက်ပါး မျှတခဲ့ကြတယ်။ ရဟန်းသုံးပါးတို့အား ငါဘုရား ဩဝါဒ ပေးတော်မူတဲ့အခါ ရဟန်းနှစ်ပါး ဆွမ်းခံကြွကြတယ်၊ ရဟန်းနှစ်ပါး ဆွမ်းခံကြွလို့ ရလာတဲ့ ဆွမ်းနဲ့ ခြောက်ပါး မျှတခဲ့ကြတယ်။

ရဟန်းတို့ . . အဲဒီလို ငါဘုရား ဩဝါဒ ပေးတော်မူပြီးတဲ့အခါ ပဉ္စဝဂ္ဂီရဟန်းများဟာ ဖြစ်ခြင်း၊ အိုခြင်း၊ နာခြင်း၊ သေခြင်း၊ စိုးရိမ်ခြင်း၊ ညစ်နွမ်းခြင်းကင်းရာနိဗ္ဗာန်ကို ရခဲ့ကြတယ်။ "ငါတို့ရဲ့ အရဟတ္တဖိုလ်-ဉာဏ်ဟာ မပျက်စီးနိုင်တော့၊ ဒါဟာ ငါတို့ရဲ့ နောက်ဆုံးဘဝ ဖြစ်တယ်၊ ယခုအခါ နောက်ထပ်ပဋိသန္ဓေနေစရာ မရှိတော့"လို့ ပဉ္စဝဂ္ဂီရဟန်းတို့အား ဉာဏ်အမြင် ဖြစ်ပေါ်လာခဲ့တယ်။

၂၈၇။ ရဟန်းတို့ . . ကာမဂုဏ်တရားဟာ ငါးပါးရှိတယ်။ အဲဒီငါးပါး ဆိုတာကတော့- နှစ်သက်တပ်မက်ဖွယ်ကောင်းတဲ့ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိတို့ ဖြစ်တယ်။ ရဟန်းတို့ . . ဥပမာအားဖြင့် ကျော့ကွင်းမှာ မိတဲ့ တောသမင်ဟာ မုဆိုးပြုသမျှ ခံရကာ ဆုံးရှုံး နစ်နာရတော့သကဲ့သို့ ကာမဂုဏ်ငါးပါးကို အပြစ်မမြင်ဘဲ ငမ်းငမ်းတက် မက်မောကာ သုံးဆောင်ကြတဲ့ ရဟန်းပုဏ္ဏားတို့ဟာ မာရ်နတ်ပြုသမျှ ခံရကာ ဆုံးရှုံးနစ်နာကြရတယ်။ ကျော့ကွင်းမှာမမိတဲ့ တောသမင်ဟာ မုဆိုးပြုသမျှ မခံရဘဲ ဆုံးရှုံးနစ်နာခြင်း ကင်းဝေးရသကဲ့သို့ ကာမဂုဏ် ငါးပါးကို အပြစ်မြင်လျက် ငမ်းငမ်းတက် မမက်မောဘဲ သုံးဆောင်ကြတဲ့ ရဟန်းပုဏ္ဏားတို့ဟာ မာရ်နတ်ပြုသမျှ မခံရဘဲ ဆုံးရှုံးနစ်နာခြင်း ကင်းဝေးကြရတယ်။

ရဟန်းတို့ . . ဥပမာအားဖြင့် တောသမင်ဟာ တောမှာပဲ လှည့်လည် သွားလာ နေထိုင်ခဲ့လျှင် အန္တာရာယ်ကင်းစွာ သွားလာ လှည့်လည်နေထိုင်ရတယ်၊ အဲဒါ ဘာကြောင့်လဲဆိုတော့ မုဆိုးမမြင်နိုင်ရာအရပ်သို့ ရောက်နေသောကြောင့် ဖြစ်တယ်။

ရဟန်းတို့ . . ထို့အတူပဲ စျာန်သမာပတ်ရှစ်ပါးနှင့် ပြည့်စုံတဲ့ ရဟန်း၊ နိရောဓသမာပတ်နှင့် ပြည့်စုံတဲ့ ရဟန္တာရဟန်းတို့ဟာ မာရ်နတ်ကို ကန်းအောင်ပြုသော ရဟန်း၊ မာရ်နတ်ရဲ့ မျက်စိကို ဖျက်ဆီးလျက် မာရ်နတ် မမြင်ရာအရပ်သို့ ရောက်တဲ့ ရဟန်းများ ဖြစ်ကြတယ်။

(၂၈၂)

ရဟန်းတို့ . . . အဲဒီ ရဟန္တာပုဂ္ဂိုလ်ဟာ တဏှာကို လွှန်မြောက်ပြီးသူ ဖြစ်တယ်၊ လောကမှာ အန္တရာယ်ကင်းကွာ လှည့်လည် သွားလာ နေထိုင်နိုင်သူ ဖြစ်တယ်၊ အဲဒါ ဘာ့ကြောင့် လဲဆိုတော့ မာရ်နတ်မမြင်နိုင်ရာအရပ်သို့ ရောက်နေသောကြောင့် ဖြစ်တယ်။

ဒီတရားတော်ကို မြတ်စွာဘုရား ဟောကြားတော်မူခဲ့ပါတယ်။

ရဟန်းတို့လည်း မြတ်စွာဘုရားရဲ့ တရားတော်ကို သဘောကျ နှစ်သက်ကြပြီး သာဓု ခေါ် ဆိုခဲ့ကြပါတယ်။

**ပါသရာသိသုတ် ပြီးပြီ။**

❊ ❊ ❊

## ၇—စူဠဟတ္ထိပဒေါပမသုတ်

အခါတစ်ပါးမှာ သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်မှာ မြတ်စွာဘုရား သီတင်းသုံးနေတော်မူပါတယ်။ အဲဒီအခါမှာ ဇာဏုသောဏိပုဏ္ဏားဟာ ရထားတစ်စီးလုံး ဖြူနေတဲ့ မြည်းလေးကောင်က ရထားနဲ့ နေ့လယ်ခင်းကြီးမှာ သာဝတ္ထိမြို့မှ ထွက်လာခဲ့တယ်။ ဇာဏုသောဏိပုဏ္ဏားဟာ အဝေးမှ လာနေတဲ့ ပိလောတိက ပရိဗိုဇ်ကို တွေ့မြင်ကာ အခုလို မေးမြန်းခဲ့တယ်—

"အရှင်ဝစ္ဆာယန[၁]. . . နေ့လယ်ခင်းကြီးမှာ ဘယ်က ကြွလာပါသလဲ?"

"ရဟန်းဂေါတမရဲ့ အထံမှ လာခဲ့ပါတယ်။"

"အရှင်ဝစ္ဆာယန. . . ရဟန်းဂေါတမရဲ့ ပညာစွမ်းကို ဘယ်လို ထင်ပါသလဲ၊ ပညာရှိလို့ ထင်ပါသလား?"

"ပုဏ္ဏားကြီး. . . ကျွန်ုပ်ဟာ ဘယ်လိုလူစားမို့လဲ? ကျွန်ုပ်ဟာ ဘယ်လိုလူစားမို့ ရဟန်းဂေါတမရဲ့ ပညာစွမ်းကို သိနိုင်မှာတဲ့လဲ? ရဟန်းဂေါတမရဲ့ ပညာစွမ်းကို သိနိုင်တဲ့လူဆိုတာ ရဟန်းဂေါတမလို လူသာ ဖြစ်မှာပေါ့။"

"အရှင်ဝစ္ဆာယနဟာ ရဟန်းဂေါတမကို အလွန်မွန်မြတ်တဲ့ ချီးမွမ်းခြင်းနဲ့ ချီးမွမ်းလှချည်လား?"

---

၁။ အရှင်ဝစ္ဆာယနဟူသည် ပိလောတိကပရိဗိုဇ်၏ အနွယ်ကို ခေါ်ခြင်း ဖြစ်သည်။ (ဋ၊ ၁၀၀)

"ပုဏ္ဏားကြီး. . . ကျွန်ုပ်ဟာ ဘယ်လိုလူစားမို့လဲ? ကျွန်ုပ်ဟာ ဘယ်လိုလူစားမို့ ရဟန်းဂေါတမကို ချီးမွမ်းနိုင်မှာတဲ့လဲ? ရဟန်းဂေါတမဟာ အလွန့်အလွန် ချီးမွမ်းထိုက်သူသာ ဖြစ်ပါတယ်။ နတ်ရော လူပါ ချီးမွမ်းထိုက်သူသာ ဖြစ်ပါတယ်။"

"အရှင်ဝစ္ဆာယန. . . ဘယ်လိုအကျိုးအာနိသင်ကို မြင်လို့ ရဟန်းဂေါတမအပေါ်မှာ အခုလို အလွန်ကြည်ညိုနေရပါသလဲ?"

"ပုဏ္ဏားကြီး. . . ဥပမာအားဖြင့် ဆင်တောသို့ ဝင်လာတဲ့ ဆင်ဝါသနာရှင်တစ်ယောက်ဟာ ကြီးမားတဲ့ ဆင်ခြေရာကြီးကို မြင်တဲ့အခါ 'ဆင်ပြောင်ကြီးဟာ အလွန်ကြီးတာပဲ' လို့ ဆုံးဖြတ်သကဲ့သို့ ကျွန်ုပ်လည်း ရဟန်းဂေါတမရဲ့ ဉာဏ်ခြေရာလေးမျိုးကို တွေ့မြင်တဲ့အတွက် 'မြတ်စွာဘုရားသည် တရားအားလုံးကို ကိုယ်တော်တိုင် တိတိကျကျသိသူ သမ္မာသမ္ဗုဒ္ဓအစစ် ဖြစ်တော်မူ၏။ မြတ်စွာဘုရား၏ တရားတော်သည် ကောင်းစွာ ဟောကြားထားသော တရားတော် ဖြစ်တော်မူ၏။ မြတ်စွာဘုရား၏ တပည့်သားသံဃာတော်သည် ကောင်းစွာ ကျင့်တော်မူသော သံဃာတော် ဖြစ်တော်မူ၏' လို့ ဆုံးဖြတ်နိုင်ခဲ့ပါတယ်။

ပုဏ္ဏားကြီး. . . အဲဒီဉာဏ်ခြေရာလေးမျိုးကတော့—

(၁) မင်းပညာရှိတချို့ဟာ "မည်သည့်ရွာ မည်သည့်နိဂုံးသို့ ရဟန်းဂေါတမ ကြွလာလာလိမ့်မယ်"လို့ကြားကြတဲ့အခါ ပြဿနာများကို ကြိုတင်စီစဉ်ထားကြပါတယ်။ ဒီပြဿနာကို ရဟန်းဂေါတမအား

ငါတို့ မေးကြမယ်။ သူဖြေတဲ့အဖြေကိုလိုက်ပြီး အပြစ်တင်ကြမယ်လို့လည်း ကြံစည်ထားကြတယ်။ တကယ် ရဟန်းဂေါတမ ကြွလာလို့ ရဟန်းဂေါတမက တရားဟောပြတဲ့အခါ အဲဒီမင်းပညာရှိများဟာ ရဟန်းဂေါတမကို ပြဿနာလည်း မမေး၊ အပြစ်လည်း မတင်ကြတော့တဲ့အပြင် ရဟန်းဂေါတမရဲ့ တပည့်များသာ ဖြစ်သွားကြရတယ်။ ထို့အတူ

(၂) ပုဏ္ဏားပညာရှိ

(၃) သူကြွယ်ပညာရှိနှင့်

(၄) ရဟန်းပညာရှိတို့ကိုလည်း တွေ့မြင်ရတယ်။

ရဟန်းပညာရှိတို့က ရဟန်းဂေါတမကို ပြဿနာလည်းမမေး အပြစ်လည်းမတင်ကြတော့တဲ့အပြင် ရဟန်းဂေါတမအထံမှာ ရဟန်းပြုခွင့်ကိုပင် တောင်းကြတယ်။ ရဟန်းဂေါတမကလည်း သူတို့ကို ရဟန်းပြုပေးတော်မူတယ်။ အဲဒီအခါမှာ အဲဒီရဟန်း ပညာရှိများဟာ မကြာခင်မှာပဲ ရဟန္တာ ဖြစ်သွားကြတယ်။ အဲဒီအခါကျမှ အဲဒီရဟန်းပညာရှိများဟာ 'ငါတို့ ပျက်စီးကြတော့မလို့ နည်းနည်း လိုကြတော့တယ်။ ငါတို့ ရှေးအခါက ရဟန္တာ မဟုတ်ဘဲ ရဟန္တာလို့ ဝန်ခံခဲ့ကြတယ်။ အခုမှသာ ငါတို့ ရဟန္တာအစစ် ဖြစ်ကြတော့တယ်-' လို့ ပြောဆိုကြတယ်။

ပုဏ္ဏားကြီး. . . ကျွန်ုပ်ဟာ ရဟန်းဂေါတမရဲ့ ဒီဉာဏ်ခြေရာ လေးမျိုးကို တွေ့မြင်တဲ့အတွက် 'မြတ်စွာဘုရားသည် တရားအားလုံးကို

ကိုယ်တော်တိုင် တိတိကျကျ သိသူ သမ္မာသမ္ဗုဒ္ဓအစစ် ဖြစ်တော်မူ၏။ မြတ်စွာဘုရား၏ တရားတော်သည် ကောင်းစွာ ဟောကြားထားသော တရားတော် ဖြစ်တော်မူ၏။ မြတ်စွာဘုရား၏ တပည့်သား သံဃာတော်သည် ကောင်းစွာ ကျင့်တော်မူသော သံဃာတော် ဖြစ်တော်မူ၏'လို့ ဆုံးဖြတ်နိုင်ခဲ့ပါတယ်။

၂၉၀။ ပိလောတိက ပရိဗိုဇ်အထံမှ အဲဒီစကားများကို ကြားရတဲ့အခါ ဇာဏုသောဏိပုဏ္ဏားဟာ ရထားတစ်စီးလုံး ဖြူနေတဲ့ မြည်းလေးကောင်ကတဲ့ ရထားပေါ်မှ ဆင်းကာ မြတ်စွာဘုရား ရှိတော်မူရာအရပ်သို့ လက်အုပ်ချီလျက် "နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ၊ နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ၊ နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ" လို့ သုံးကြိမ်တိုင်တိုင် ကျူးရင့်ပူဇော်ခဲ့ပါတယ်။ အဓိပ္ပါယ်က "တရားအားလုံးကို ကိုယ်တော်တိုင် အတိအကျ သိမြင်တော်မူ၍ ပူဇော်အထူးကို ခံတော်မူထိုက်သော မြတ်စွာဘုရားအား ရှိခိုးပါ၏"လို့ ဖြစ်ပါတယ်။ 'ငါတို့လည်း တစ်ချိန်ချိန်မှာ အဲဒီအရှင်ဂေါတမနှင့် တွေ့ရကောင်းပါရဲ့၊ စကားစမြည်လည်း ပြောရကောင်းပါရဲ့' လို့လည်း မြည်တမ်းပြောဆိုပါတယ်။ အဲဒီနောက်မှာတော့ ဇာဏုသောဏိပုဏ္ဏားဟာ မြတ်စွာဘုရားအထံတော်သို့ ချဉ်းကပ်ကာ ပိလောတိကပရိဗိုဇ်နှင့် ပြောခဲ့သမျှကို ပြန်လည်လျှောက်ထားခဲ့ပါတယ်။ အဲဒီအခါမှာ မြတ်စွာဘုရားက ဇာဏုသောဏိပုဏ္ဏားအား "ပုဏ္ဏား. . . ဤမျှ-

လောက်နဲ့ ဆင်ခြေရာ ဥပမာ မပြည့်စုံသေး၊ ဆင်ခြေရာဥပမာ အပြည့်အစုံကို ငါဘုရား ဟောပြတော်မူမယ်၊ ကောင်းစွာ နာကြား နှလုံးသွင်းလော့" လို့ မိန့်တော်မူကာ အခုလို ဟောပြတော်မူခဲ့ပါတယ်။

၂၉၁။ ပုဏ္ဏား . . ဥပမာအားဖြင့် ဆင်တောထဲ ဝင်လာတဲ့ ဆင်ပညာရှင်တစ်ယောက်ဟာ အလွန်ကြီးမားတဲ့ ဆင်ခြေရာကြီးကို တွေ့ရတယ်။ ဒါပေမဲ့ သူဟာ အဲဒီလိုတွေ့ကာမျှနဲ့ "ဆင်ပြောင်ကြီးဟာ အလွန်ကြီးတာပဲ" လို့ မဆုံးဖြတ်သေးဘူး။ ဘာ့ကြောင့်လဲဆိုတော့- ဆင်တောမှာ ပုကွတဲ့ ဝါမနိကာ-လို့ ခေါ်တဲ့ ဆင်မကြီးတွေ ရှိတယ်။ သူတို့ရဲ့ ခြေရာကြီးတွေဟာ အလွန်ကြီးတယ်။ အဲဒီဆင်မကြီးတွေရဲ့ ခြေရာလည်းဖြစ်နိုင်သောကြောင့် ဖြစ်တယ်။

အဲဒီဆင်ပညာရှင်ဟာ အဲဒီဆင်ခြေရာနောက်သို့ လိုက်သွားတဲ့အခါ ဆင်တောမှာ အလွန်ကြီးမားတဲ့ ဆင်ခြေရာကြီးကိုလည်း တွေ့တယ်။ မြင့်ရာအရပ်မှာ ပွတ်တိုက်ထားတာကိုလည်း တွေ့တယ်။ ဒါပေမဲ့ သူဟာ အဲဒီလို တွေ့ကာမျှနဲ့ "ဆင်ပြောင်ကြီးဟာ အလွန်ကြီးတာပဲ" လို့ မဆုံးဖြတ်သေးဘူး။ ဘာ့ကြောင့်လဲဆိုတော့- ဆင်တောမှာ ခြေတန်ရှည်ရှည် အစွယ်ကြဲကြဲနဲ့ ဥစ္စာကာဠာရိကာ- လို့ ခေါ်တဲ့ ဆင်မကြီးတွေ ရှိတယ်။ သူတို့ရဲ့ ခြေရာကြီးတွေဟာ အလွန်ကြီးတယ်။ အဲဒီဆင်မကြီးတွေရဲ့ ခြေရာလည်း ဖြစ်နိုင်သောကြောင့် ဖြစ်တယ်။

အဲဒီဆင်ပညာရှင်ဟာ အဲဒီဆင်ခြေရာနောက်သို့ ဆက်လိုက်- သွားတဲ့အခါ ဆင်တောမှာ အလွန်ကြီးမားတဲ့ ဆင်ခြေရာကိုလည်း

တွေ့တယ်။ မြင့်ရာအရပ်မှာ ပွတ်တိုက်ထားတာကိုလည်း တွေ့တယ်။ မြင့်ရာအရပ်မှာ အစွယ်နဲ့ ထိုးခြစ်ထားတာကိုလည်း တွေ့တယ်။ ဒါပေမဲ့ သူဟာ အဲဒီလို တွေ့ကာမျှနဲ့ "ဆင်ပြောင်ကြီးဟာ အလွန်ကြီးတယ်" လို့ မဆုံးဖြတ်သေးဘူး။ ဘာ့ကြောင့်လဲဆို့တော့- ဆင်တောမှာ ခြေတန်ရှည်ရှည်နဲ့ စဉ်းငယ်ပွင့်သော ပန်းငုံသဏ္ဌာန် အစွယ်ရှိတဲ့ ဥစ္စာကရေဏုကာ-လို့ခေါ်တဲ့ ဆင်မတွေ ရှိတယ်။ အဲဒီဆင်မတွေရဲ့ ခြေရာလည်း ဖြစ်နိုင်သောကြောင့် ဖြစ်တယ်။

အဲဒီဆင်ပညာရှင်ဟာ အဲဒီဆင်ခြေရာနောက်သို့ ဆက်လိုက်သွားတဲ့အခါ ဆင်တောမှာ အလွန်ကြီးမားတဲ့ ဆင်ခြေရာကိုလည်း တွေ့တယ်။ မြင့်ရာအရပ်မှာ ပွတ်တိုက်ထားတာကိုလည်း တွေ့တယ်။ မြင့်ရာအရပ်မှာ အစွယ်နဲ့ ထိုးခြစ်ထားတာကိုလည်း တွေ့တယ်။ မြင့်ရာအရပ်မှာ သစ်ခက်ကျိုးကိုလည်းတွေ့တယ်။ အဲဒီလို တွေ့ရုံသာမက ဆင်ပြောင်ကြီးကိုလည်း ကိုယ်တိုင် တွေ့ရတယ်။ အဲဒီအခါကျမှ အဲဒီဆင်ပညာရှင်ဟာ "ဒါဟာ အလွန်ကြီးတဲ့ ဆင်ပြောင်ကြီးပဲ" လို့ ဆုံးဖြတ်ချက်ချခဲ့တယ်။

ပုဏ္ဏား. . . ထို့အတူပဲ လောကမှာ သုံးလောကထွတ်ထား မြတ်စွာဘုရား ပွင့်တော်မူလာတယ်။ အဲဒီမြတ်စွာဘုရားဟာ အရဟံအစရှိသော ဂုဏ်တော်ကိုးပါးနှင့် ပြည့်စုံတော်မူတယ်။ အစ အလယ် အဆုံး သုံးပါးလုံးကောင်းတဲ့ တရားဒေသနာတော်

မြတ်ကိုလည်း ဟောကြားတော်မူတယ်။ လူတစ်ယောက်ဟာ အဲဒီတရားဒေသနာတော်မြတ်ကို နာကြားရပြီး ရဟန်းပြုလာတယ်။

ရဟန်းဖြစ်တဲ့အခါ သူဟာ-

- သူတစ်ပါးအသက်ကို သတ်လေ့မရှိဘူး။
- သူတစ်ပါးဥစ္စာကို ခိုးယူလေ့မရှိဘူး။
- မမြတ်သော မေထုန်ကို မှီဝဲလေ့မရှိဘူး
- လိမ်ညာပြောဆိုလေ့မရှိဘူး။
- ကုန်းတိုက်လေ့မရှိဘူး။
- ကြမ်းတမ်းသော စကားကို ပြောလေ့မရှိဘူး။
- အကျိုးမဲ့စကားကို ပြောလေ့မရှိဘူး။
- သစ်စေ့နှင့် သစ်ပင်တို့ကို ဖျက်လေ့မရှိဘူး။
- နေလွဲညစာ စားလေ့မရှိဘူး။
- ကပွဲ၊ သီဆိုပွဲ၊ တီးမှုတ်ပွဲတို့ကို ကြည့်ရှုနားထောင်လေ့မရှိဘူး။
- ပန်းပန်လေ့၊ သနပ်ခါးလိမ်းလေ့မရှိဘူး။
- မြင့်သောနေရာ၊ မြတ်သော နေရာမှာ ထိုင်လေ့၊ အိပ်လေ့မရှိဘူး။
- ရွှေငွေကို ခံယူလေ့မရှိဘူး။
- စပါးစိမ်းကို ခံယူလေ့မရှိဘူး။
- အသားစိမ်းကို ခံယူလေ့မရှိဘူး။
- မိန်းမပျို၊ မိန်းမအိုတို့ကို ခံယူလေ့မရှိဘူး။

- ကျွန်မိန်းမ၊ ကျွန်ယောက်ျားတို့ကို ခံယူလေ့မရှိဘူး။
- ဆိတ်၊ သိုးတို့ကို ခံယူလေ့မရှိဘူး။
- ကြက်၊ ဝက်တို့ကို ခံယူလေ့မရှိဘူး။
- ဆင်၊ နွား၊ မြင်း၊ မြည်းတို့ကို ခံယူလေ့မရှိဘူး။
- လယ်ယာတို့ကို ခံယူလေ့မရှိဘူး။
- (ဒကာ၊ ဒကာမများအတွက်) တမန်လုပ်ငန်း၊ အစေအပါး လုပ်ငန်းတို့ကို လုပ်ကိုင်ဆောင်ရွက်လေ့မရှိဘူး။
- ရောင်းဝယ်မှုကို ပြုလေ့မရှိဘူး။
- အလေးခိုးခြင်း၊ ပြည်ခိုးခြင်း၊ စာရင်းလိမ်ခြင်း စသည်ကို ပြုလုပ်လေ့မရှိဘူး။
- လာဘ်စားခြင်း၊ လှည့်ဖြားခြင်း၊ အတုလုပ်၍ လိမ်ခြင်း စသည်ကို ပြုလုပ်လေ့မရှိဘူး။
- သတ်ဖြတ်ခြင်း၊ ပြန်ပေးဆွဲခြင်း၊ လုယက်ခြင်း၊ ရပ်ရွာတို့ကို ဖျက်ဆီးခြင်း၊ အနုကြမ်းစီးခြင်း၊ ဓားပြတိုက်ခြင်း စသည်တို့ကို ပြုလေ့မရှိဘူး။

အဲဒီရဟန်းဟာ မျက်စိနဲ့ အဆင်းကို မြင်တဲ့အခါ (ယောက်ျား၊ မိန်းမ၊ ဘယ်ပုံ၊ ဘယ်အရွယ် စသည်ဖြင့်) ပုံပန်းသဏ္ဌာန်ကို စွဲမှတ်ထားလေ့မရှိဘူး။ လက်ခြေစတဲ့ ကိုယ်အင်္ဂါနဲ့ ပြုံးဟန်၊ ရယ်ဟန်၊ ကောင်းပုံ၊ ညံ့ပုံစတဲ့ အနေအထားကိုလည်း စွဲမှတ်လေ့မရှိဘူး။ မျက်စိကို အကြောင်းပြုပြီး လောဘ၊ ဒေါသ မဖြစ်အောင် သတိထားတယ်။

- နားနဲ့အသံကို ကြားတဲ့အခါ
- နှာခေါင်းနဲ့ အနံ့ကို ရှူတဲ့အခါ
- လျှာနဲ့ အရသာကို လျက်တဲ့အခါ
- ကိုယ်နဲ့ တွေ့ထိစရာကို တွေ့ထိတဲ့အခါ
- စိတ်နဲ့ သိစရာကို သိတဲ့အခါ-

တို့မှာလည်း ထို့အတူပဲ သတိထားတယ်။

အဲဒီ ရဟန်းဟာ ကိုယ်ကိုမျှတစေ (ကျန်းမာစေ)တဲ့ သင်္ကန်းမျှနဲ့ တင်းတိမ်ရောင့်ရဲတယ်။ ဝမ်းကိုမျှတစေ (ကျန်းမာစေ)တဲ့ ဆွမ်းမျှနဲ့ တင်းတိမ်ရောင့်ရဲတယ်။ သွားလေရာသို့ ပရိက္ခရာကို တစ်ပါတည်း ယူသွားလေ့ရှိတယ်။ ပျံသန်းလေရာ အတောင် တစ်ပါတည်း ပါသွားတဲ့ ငှက်နဲ့ ဥပမာတူတယ်။

အဲဒီ ရဟန်းဟာ ရှေ့သို့ တိုးရာ နောက်သို့ ဆုတ်ရာတို့မှာ ဆင်ခြင်စဉ်းစားပြီးမှ တိုးလေ့ဆုတ်လေ့ရှိတယ်။ (အကုသိုလ်ဖြစ်စရာမရှိမှ တိုးလေ့ ဆုတ်လေ့ရှိတယ်။)

- တည့်တည့် ကြည့်ရာ စောင်းငဲ့ကြည့်ရာမှာလည်း ဆင်ခြင်စဉ်းစားပြီးမှ ကြည့်လေ့ရှိတယ်။
- ကွေးရာ၊ ဆန့်ရာမှာလည်း ဆင်ခြင်စဉ်းစားပြီးမှ ကွေး၊ ဆန့်လေ့ရှိတယ်။
- သပိတ်သင်္ကန်းကို သုံးစွဲဝတ်ရုံရာမှာလည်း ဆင်ခြင်စဉ်းစားပြီးမှ သုံးစွဲဝတ်ရုံလေ့ရှိတယ်။

- စားရာ၊ သောက်ရာ၊ ခဲရာ၊ လျက်ရာတို့မှာလည်း ဆင်ခြင်စဉ်းစားပြီးမှ စား၊ သောက်၊ ခဲ၊ လျက်လေ့ရှိတယ်။
- ကျင်ကြီးကျင်ငယ် စွန့်ရာမှာလည်း ဆင်ခြင်စဉ်းစားပြီးမှ စွန့်လေ့ရှိတယ်။
- သွားရာ၊ ရပ်ရာ၊ ထိုင်ရာမှာလည်း ဆင်ခြင်စဉ်းစားပြီးမှ သွားလေ့၊ ရပ်လေ့၊ ထိုင်လေ့ရှိတယ်။
- အိပ်တဲ့အခါ၊ ထတဲ့အခါမှာလည်း ဆင်ခြင်စဉ်းစားပြီးမှ အိပ်လေ့၊ ထလေ့ရှိတယ်။
- စကားပြောတဲ့အခါ ဆိတ်ဆိတ်နေတဲ့အခါမှာလည်း ဆင်ခြင်စဉ်းစားပြီးမှ ပြောလေ့၊ ဆိတ်ဆိတ်နေလေ့ရှိတယ်။

အဲဒီ ရဟန်းဟာ ဒီအကျင့်များနှင့် ပြည့်စုံတဲ့အခါ ဆိတ်ငြိမ်တဲ့ ကျောင်း၊ ဆိတ်ငြိမ်တဲ့နေရာမှာ နေထိုင်တယ်။

တောမှာ ဖြစ်စေ၊ သစ်ပင်ရင်းမှာ ဖြစ်စေ၊ တောင်ပေါ်မှာ ဖြစ်စေ၊ ချောက်မှာ ဖြစ်စေ၊ တောင်ခေါင်းမှာ ဖြစ်စေ၊ သင်္ချိုင်းမှာ ဖြစ်စေ၊ တောအုပ်မှာ ဖြစ်စေ၊ လွင်ပြင်မှာ ဖြစ်စေ၊ ကောက်ရိုးပုံမှာ ဖြစ်စေ တစ်ခုခုသော ဆိတ်ငြိမ်ရာနေရာမှာ နေထိုင်တယ်။

အဲဒီရဟန်းဟာ ဆွမ်းခံပြန်လာတဲ့အခါ ဆွမ်းစားတယ်။ ဆွမ်းစားပြီးနောက် ထက်ဝယ်ဖွဲ့ (တင်ပလ္လင်) ခွေပြီး ကိုယ်ကို ဖြောင့်မတ်စွာ ထားကာ ကမ္မဋ္ဌာန်းထိုင်တယ်။ အဲဒီ ရဟန်းဟာ-

အဘိဇ္ဈာ - မက်မောမှု

ဗျာပါဒ - ပျက်စီးစေလိုမှု

ထိနမိဒ္ဓ - လေးလံထိုင်းမှိုင်းမှု

ဥဒ္ဓစ္စကုက္ကုစ္စ - ပျံ့လွင့်မှု၊ နောင်တရမှု

ဝိစိကိစ္ဆာ - ကုသိုလ်တရားတို့၌ ယုံမှားမှုတို့ မိမိစိတ် အစဉ်မှာ ကင်းရှင်းအောင် ကြိုးစားကျင့်ကြံတယ်။ အဲဒီ ငါးမျိုးဟာ ဈာန်တရားကို အန္တရာယ်ပြုတတ်၊ တားဆီးတတ်တဲ့ အကုသိုလ်များ ဖြစ်တယ်။ စိတ်ရဲ့ အစွမ်းကို ညစ်နွမ်းစေတတ်တဲ့ တရားများ ဖြစ်တယ်။ ပညာကို အားနည်းအောင် ပြုတတ်တဲ့ တရားများ ဖြစ်တယ်။

ဒီတရားဆိုး ငါးမျိုး ကင်းသွားတဲ့အခါ အဲဒီရဟန်းဟာ ပထမဈာန်၊ ဒုတိယဈာန်၊ တတိယဈာန်နှင့် စတုတ္ထဈာန်တို့ကို အဆင့်ဆင့် ရရှိတော့တယ်။ ဒီထက် တိုးတက်သွားတဲ့အခါ ပုဗ္ဗေနိဝါသာနုဿတိအဘိညာဉ်နှင့် ဒိဗ္ဗစက္ခုအဘိညာဉ်တို့ကိုလည်း ရရှိတော့တယ်။ ပုဏ္ဏား. . . အဲဒီဈာန်နှင့် အဘိညာဉ်တို့ကို မြတ်စွာဘုရားရဲ့ ညဏ်ခြေရာတို့လို့လည်း ခေါ်ဆိုထိုက်တယ်။ မြတ်စွာဘုရားရဲ့ ညဏ်နဲ့ ပွတ်တိုက်ရာတို့လို့လည်း ခေါ်ဆိုထိုက်တယ်။ မြတ်စွာဘုရားရဲ့ ညဏ်စွမ်းနဲ့ ထိုးခြစ်ရာလို့လည်း ခေါ်ဆိုထိုက်တယ်။ ဒါပေမဲ့ အဲဒီဈာန်အဘိညာဉ်ရတဲ့ ရဟန်းဟာ

အဲဒီလိုချောန်အဘိညာဉ်ရရုံနဲ့ "မြတ်စွာဘုရားသည် တရားအားလုံးကို ကိုယ်တော်တိုင် တိတိကျကျ သိသူ သမ္မာသမ္ဗုဒ္ဓအစစ် ဖြစ်တော်မူ၏။ မြတ်စွာဘုရား၏ တရားတော်သည် ကောင်းစွာ ဟောကြားထားသော တရားတော်ဖြစ်တော်မူ၏။ မြတ်စွာဘုရား၏ တပည့်သား သံဃာတော်သည် ကောင်းစွာ ကျင့်သော သံဃာတော် ဖြစ်တော်မူ၏"လို့ ဆုံးဖြတ်နိုင်သူ မဟုတ်သေး။

ပုဏ္ဏား. . . အဲဒီရဟန်းဟာ ဆက်လက် ကြိုးစားအားထုတ်တဲ့ အခါမှာ အရဟတ္တမဂ်ဉာဏ်ကို ရရှိတယ်။ အဲဒီအရဟတ္တမဂ်ဉာဏ် ကိုလည်း မြတ်စွာဘုရားရဲ့ ဉာဏ်ခြေရာတို့လို့လည်း ခေါ်ဆို ထိုက်တယ်။ မြတ်စွာဘုရားရဲ့ ဉာဏ်နဲ့ ပွတ်တိုက်ရာတို့လို့လည်း ခေါ်ဆိုထိုက်တယ်။ မြတ်စွာဘုရားရဲ့ ဉာဏ်စွယ်နဲ့ ထိုးခြစ်ရာ လို့လည်း ခေါ်ဆိုထိုက်တယ်။ အဲဒီအရဟတ္တမဂ်ဉာဏ်ကို ရရှိတဲ့ ရဟန်းဟာ "မြတ်စွာဘုရားသည် တရားအားလုံးကို ကိုယ်တော်တိုင် တိတိကျကျ သိသူ သမ္မာသမ္ဗုဒ္ဓအစစ် ဖြစ်တော်မူ၏။ မြတ်စွာဘုရား၏ တရားတော်သည် ကောင်းစွာ ဟောကြားထားသော တရားတော် ဖြစ်တော်မူ၏။ မြတ်စွာဘုရား၏ တပည့်သား သံဃာတော်သည် ကောင်းစွာ ကျင့်သော သံဃာတော် ဖြစ်တော်မူ၏" လို့ ဆုံးဖြတ်နိုင်သူ ဖြစ်တယ်။ ဒါပေမဲ့ ဆုံးဖြတ်ပြီးသူကား မဟုတ်သေး။

ပုဏ္ဏား. . . အဲဒီရဟန်းဟာ အရဟတ္တမဂ်ဉာဏ်ကို ရပြီးသည်နှင့် တစ်ပြိုင်နက် အရဟတ္တဖိုလ်ဉာဏ်ကို ရရှိကာ ရဟန္တာ

ဖြစ်တော့တယ်၊ အဲဒီအရဟတ္တဖိုလ်ဉာဏ်ကိုလည်း မြတ်စွာဘုရားရဲ့ ဉာဏ်ခြေရာတို့လို့လည်း ခေါ်ဆိုထိုက်တယ်။ မြတ်စွာဘုရားရဲ့ ဉာဏ်နဲ့ ပွတ်တိုက်ရာတို့လို့လည်း ခေါ်ဆိုထိုက်တယ်။ မြတ်စွာ ဘုရားရဲ့ ဉာဏ်စွမ်းနဲ့ ထိုးခြစ်ရာလို့လည်း ခေါ်ဆိုထိုက်တယ်။ ပုဏ္ဏားႉ . . အဲဒီရဟန်းဟာ အဲဒီလို အရဟတ္တဖိုလ်ဉာဏ်ကို ရရှိပြီး ရဟန္တာဖြစ်မှသာ "မြတ်စွာဘုရားသည် တရားအားလုံးကို ကိုယ်တော်တိုင် တိတိကျကျ သိသူ သမ္မာသမ္ဗုဒ္ဓအစစ် ဖြစ်တော်မူ၏။ မြတ်စွာဘုရား၏ တရားတော်သည် ကောင်းစွာ ဟောကြားထားသော တရားတော်ဖြစ်တော်မူ၏။ မြတ်စွာဘုရား၏ တပည့်သား သံဃာတော်သည် ကောင်းစွာ ကျင့်သော သံဃာတော် ဖြစ်တော် မူ၏" လို့ ဆုံးဖြတ်ပြီးသူ ဖြစ်တော့တယ်။ ပုဏ္ဏားႉ . . ဒါဟာ ဆင်ခြေရာဥပမာ အပြည့်အစုံ ဖြစ်တယ်။

မြတ်စွာဘုရားက အဲဒီလို မိန့်ကြားတော်မူတဲ့အခါ ဇာဏု- သောဏိပုဏ္ဏားဟာ မြတ်စွာဘုရားကို အခုလို လျှောက်ထား ခဲ့ပါတယ်—

"အရှင်ဂေါတမ အရှင်ဂေါတမရဲ့ တရားတော်ဟာ အလွန် နှစ်သက်ဖွယ် ကောင်းလှပါပေတယ်။ အရှင်ဂေါတမႉ . . အရှင် ဂေါတမရဲ့ တရားတော်ဟာ အလွန် နှစ်သက်ဖွယ် ကောင်းလှ ပါပေတယ်။ အလွန် ထင်ရှားလှပါပေတယ်။ မှောက်ထားတဲ့အိုးကို လှန်ပြသကဲ့သို့လည်း ဖြစ်ပါတယ်။ ဖုံးထားတဲ့အရာကို ဖွင့်ပြ

သကဲ့သို့လည်း ဖြစ်ပါတယ်။ မျက်စိလည်နေသူအား လမ်းမှန်ကို ညွှန်ပြသကဲ့သို့လည်း ဖြစ်ပါတယ်။ မျက်စိကောင်းတဲ့သူတွေ အဆင်းကို မြင်ရအောင် အမိုက်မှောင်မှာ ဆီမီးတန်ဆောင်ကို ထွန်းပြသကဲ့သို့လည်း ဖြစ်ပါတယ်။

အရှင်ဂေါတမ. . . အကျွန်ုပ် အရှင်ဂေါတမကိုလည်း ဆည်းကပ်ကိုးကွယ်ပါတယ်။ တရားတော်ကိုလည်း ဆည်းကပ်ကိုးကွယ်ပါတယ်။ သံဃာတော်ကိုလည်း ဆည်းကပ်ကိုးကွယ်ပါတယ်။ အရှင်ဂေါတမက အကျွန်ုပ်ကို ယနေ့မှ စ၍ အသက်ထက်ဆုံး ဆည်းကပ်ကိုးကွယ်တဲ့ ဥပါသကာ (ဒကာတစ်ယောက်)ဟု သိမှတ်တော်မူပါလို့ လျှောက်ထားခဲ့ပါတယ်။

**စူဠဟတ္ထိပဒေါပမသုတ် ပြီးပြီ။**

❊ ❊ ❊

## ၈–မဟာဟတ္ထိပဒေါပမသုတ်

၃၀၀။ အခါတစ်ပါးမှာ သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်မှာ မြတ်စွာဘုရား သီတင်းသုံးနေတော်မူပါတယ်။ အဲဒီအခါမှာ အရှင်သာရိပုတ္တရာက ရဟန်းများအား ဒီမဟာဟတ္ထိပဒေါပမသုတ္တန်တရားတော်ကို ဟောကြားတော်မူခဲ့ပါတယ်။

ငါ့ရှင်တို့ . . . ကုန်းသတ္တဝါတို့ရဲ့ ခြေရာအားလုံးဟာ ဆင်ခြေရာထဲမှာ အကျုံးဝင်ကြတယ်။ ဆင်ခြေရာကို အဲဒီ ကုန်းသတ္တဝါတို့ရဲ့ ခြေရာတို့တွင် အမြတ်ဆုံးလို့ ခေါ်ဆိုရတယ်။ ဘာ့ကြောင့်လဲဆိုတော့ အကြီးဆုံးဖြစ်သောကြောင့် ဖြစ်တယ်။

ငါ့ရှင်တို့ . . . ထို့အတူပဲ ကုသိုလ်တရားအားလုံးဟာ သစ္စာလေးပါးမှာ အကျုံးဝင်ကြတယ်။ အဲဒီသစ္စာလေးပါးဆိုတာက ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာနှင့် မဂ္ဂသစ္စာတို့ ဖြစ်တယ်။

ငါ့ရှင်တို့ . . . ဒုက္ခသစ္စာဆိုတာ ဘာလဲဆိုတော့– ပဋိသန္ဓေနေရခြင်းဟာလည်း ဒုက္ခ ဖြစ်တယ်၊ အိုရခြင်းဟာလည်း ဒုက္ခ ဖြစ်တယ်၊ သေရခြင်းဟာလည်း ဒုက္ခ ဖြစ်တယ်၊ စိုးရိမ်ပူဆွေးရခြင်း၊ ငိုကြွေးရခြင်း၊ ကိုယ်ဆင်းရဲရခြင်း၊ စိတ်ဆင်းရဲရခြင်း၊ ပြင်းစွာပင်ပန်းခြင်းတို့ဟာလည်း ဒုက္ခ ဖြစ်တယ်။ အကျဉ်းချုပ်အားဖြင့် ဥပါဒါနက္ခန္ဓာငါးပါးဟာ ဒုက္ခများ ဖြစ်ကြတယ်။ အဲဒီဥပါဒါနက္ခန္ဓာငါးပါးဆိုတာက ရူပုပါဒါနက္ခန္ဓာ၊ ဝေဒနုပါဒါနက္ခန္ဓာ၊ သညုပါ-

ဒါနက္ခန္ဓာ၊ သင်္ခါရုပါဒါနက္ခန္ဓာနှင့် ဝိညာဏုပါဒါနက္ခန္ဓာတို့ ဖြစ်ကြတယ်။

ငါ့ရှင်တို့. . . ဥပါဒါနက္ခန္ဓာဆိုတာ ဘာလဲဆိုတော့- မဟာဘုတ်လေးပါးနှင့် ဥပါဒါရုပ်တို့ ဖြစ်ကြတယ်။ မဟာဘုတ်လေးပါးဆိုတာက- ပထဝီဓာတ်၊ အာပေါဓာတ်၊ တေဇောဓာတ်နှင့် ဝါယောဓာတ်တို့ ဖြစ်တယ်။ အဲဒီလေးပါးအနက် ပထဝီဓာတ်ဟာ ကိုယ်တွင်းမှာ ဖြစ်တဲ့ ပထဝီဓာတ်၊ ကိုယ်ပမှာဖြစ်တဲ့ ပထဝီဓာတ်လို့ နှစ်မျိုးရှိတယ်။ အဲဒီနှစ်မျိုးအနက် ကိုယ်တွင်း ပထဝီဓာတ်ဆိုတာ- ဆံပင်၊ အမွေး၊ ခြေသည်း၊ လက်သည်း၊ သွား၊ အရေ၊ အသား၊ အကြော၊ အရိုး၊ ရိုးတွင်းချဉ်ဆီ၊ အညှို့၊ နှလုံး၊ အသည်း၊ အမြှေး၊ အဖျဉ်း၊ အဆုတ်၊ အူမ၊ အူသိမ်၊ အစာသစ်၊ အစာဟောင်းနှင့် ကိုယ်တွင်းမှာ ဖြစ်တဲ့ ကျန်တဲ့ ခက်မာခြင်း သဘောများ ဖြစ်တယ်။ ကိုယ်တွင်းပထဝီဓာတ်ဖြစ်စေ၊ ကိုယ်ပ ပထဝီဓာတ်ဖြစ်စေ ပထဝီဓာတ်ဟာ ပထဝီဓာတ်သာ ဖြစ်တယ်။ အဲဒီပထဝီဓာတ်ကို "ဒါဟာ ငါ့ဥစ္စာ မဟုတ်၊ ငါမဟုတ်၊ ငါရဲ့ အတ္တ မဟုတ်" လို့ အမှန်သိတဲ့ ပညာနဲ့ အမှန်အတိုင်း ရှုဆင်ခြင်ရမယ်။ အမှန်သိတဲ့ ပညာနဲ့ အမှန်အတိုင်း တွေ့မြင်တဲ့အခါ ပထဝီဓာတ်အပေါ်မှာ ငြီးငွေ့လာတယ်။ စိတ်ဟာ ပထဝီဓာတ်အပေါ်မှာ တပ်မက်မှု ကင်းလာတယ်။

ငါ့ရှင်တို့. . . ကိုယ်ပ ပထဝီဓာတ်ဖြစ်တဲ့ မဟာပထဝီမြေကြီးရဲ့ ပျက်စီးရာအခါဆိုတာ ရှိတယ်။ အဲဒီအခါမှာ ကိုယ်ပ ပထဝီဓာတ်

ဖြစ်တဲ့ မဟာပထဝီမြေကြီးဟာ ပျောက်ကွယ်သွားတော့တယ်။ အဲဒီလောက် ကြီးမားတဲ့ မဟာပထဝီမြေကြီးရဲ့ မမြဲခြင်း၊ ကုန်ခြင်း၊ ပျက်ခြင်း၊ ဖောက်ပြန်ခြင်းတို့ကို တွေ့ရလျှင် အသေးအမွှားလေးဖြစ်တဲ့ ဒီခန္ဓာကိုယ်ရဲ့ မမြဲခြင်းစသည်ကား ဘာပြောဖွယ်ရှိတော့မလဲ၊ ဒါ့ကြောင့် ဒီခန္ဓာကိုယ်ကို "ငါ၊ ငါ့ဥစ္စာ" လို့ မစွဲလမ်းသင့်။ "ငါမဟုတ်၊ ငါ့ဥစ္စာမဟုတ်" လို့သာ ရှုမှတ်သင့်တယ်။

ငါ့ရှင်တို့. . . ဓာတ်ကမ္မဋ္ဌာန်းကို စီးဖြန်းနေတဲ့ ရဟန်းတစ်ပါးကို သူတစ်ပါးတို့က ဆဲရေးကြိမ်းမောင်းခဲ့လျှင် အဲဒီရဟန်းဟာ "ငါ့မှာ နားနဲ့ကြားခြင်းကြောင့်ဖြစ်တဲ့ ဆင်းရဲခြင်းဒုက္ခဝေဒနာ ဖြစ်ပေါ်လာတယ်၊ ဒီဒုက္ခဝေဒနာဟာ အကြောင်းမဲ့ဖြစ်တာ မဟုတ်၊ ဖဿကို အကြောင်းပြု၍ ဖြစ်တယ်" လို့ သိတယ်။ အဲဒီရဟန်းဟာ "ဖဿ၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဉ်ကိုသာ မမြဲကြ" လို့ ရှုဆင်ခြင်တယ်၊ အဲဒီအခါမှာ အဲဒီရဟန်းရဲ့ စိတ်ဟာ ဓာတ်အာရုံမှာပဲ ကောင်းစွာသက်ဝင်ကာ တည်ကြည်နေတော့တယ်။

ငါ့ရှင်တို့. . . ဓာတ်ကမ္မဋ္ဌာန်းကို စီးဖြန်းနေတဲ့ အဲဒီရဟန်းကို သူတစ်ပါးတို့က လက်နဲ့ဖြစ်စေ၊ ခဲနဲ့ဖြစ်စေ၊ တုတ်နဲ့ဖြစ်စေ၊ ဓားနဲ့ဖြစ်စေ မနှစ်သက်ဖွယ် နှိပ်စက်ခဲ့လျှင် အဲဒီရဟန်းဟာ "ဒီခန္ဓာကိုယ်ဟာ လက်နဲ့ရိုက်ခြင်း၊ ခဲနဲ့ထုခြင်း၊ တုတ်နဲ့ရိုက်ခြင်း၊ ဓားနဲ့ထိုးခြင်းတို့ကို ခံရမည့်သဘောရှိလို့ ခံရခြင်း ဖြစ်တယ်။ မြတ်စွာဘုရားကလည်း ကကစူပမသုတ္တန်မှာ 'ရဟန်းတို့. . . အောက်-တန်းစားအလုပ်ကို ပြုလုပ်လေ့ရှိကြတဲ့ ခိုးသူတွေက နှစ်ဘက်

အရိုးပါတဲ့လွှနဲ့ (သင်တို့ရဲ့) အင်္ဂါကြီးငယ်ကို တိုက်ဖြတ်ကြစေဦး။ အဲဒီနိုးသူတို့အား ပြန်၍ စိတ်ပြစ်မှားသော ရဟန်းသည်ပင် ငါဘုရားရဲ့ အဆုံးအမတော်ကို လိုက်နာသူ မဟုတ်”လို့ ဟောကြားတော်မူခဲ့တယ်။ ဒီငါရဲ့ ခန္ဓာကိုယ်ကို လက်နဲ့ရိုက်၊ ခဲနဲ့ထု၊ တုတ်နဲ့ရိုက်၊ ဓားနဲ့ထိုးစေဦးတော့ ငါဟာ မြတ်စွာဘုရားရဲ့ အဆုံးအမတော်ကို လိုက်နာတော့မယ်၊ အဲဒီလို မြတ်စွာဘုရားရဲ့ အဆုံးအမတော်ကို လိုက်နာခဲ့လျှင် ငါရဲ့ဝီရိယဟာ တွန့်ဆုတ်တော့လိမ့်မယ် မဟုတ်၊ ငါရဲ့ သတိဟာလည်း ကောင်းစွာ တည်လာလိမ့်မယ်။ ငါရဲ့ ကိုယ်ဟာလည်း ငြိမ်းအေးလာလိမ့်မယ်၊ ငါရဲ့ စိတ်ဟာလည်း တည်ကြည်လာလိမ့်မယ်” လို့ သိတယ်။

ငါ့ရှင်တို့. . . ဥပမာအားဖြင့် ချွေးမဟာ ယောက္ခမကို မြင်တဲ့အခါ ထိတ်လန့်ကြောက်ရွံ့သကဲ့သို့ အဲဒီဓာတ်ကမ္မဋ္ဌာန်း စီးဖြန်းတဲ့ ရဟန်းဟာ အဲဒီလို ဘုရား, တရား, သံဃာ ရတနာသုံးပါးကို အာရုံပြုပါလျက် ကုသိုလ်နဲ့ စပ်ယှဉ်တဲ့ လျစ်လျူရှုမှု မိမိသန္တာန်မှာ မတည်ခဲ့လျှင် “ငါဟာ ကံဆိုးလိုက်တာ” လို့ ထိတ်လန့်ကြောက်ရွံ့တတ်တယ်။ အဲဒီလျစ်လျူရှုမှု မိမိသန္တာန်မှာ တည်ခဲ့လျှင်တော့ ဝမ်းမြောက်ဝမ်းသာ ဖြစ်တတ်တယ်။ ငါ့ရှင်တို့ အဲဒီ ရဟန်းဟာ အဲဒီလို ဆင်ခြင်ကာ သည်းခံခြင်းဖြင့်လည်း မြတ်စွာဘုရားရဲ့ အဆုံးအမတော်ကို များစွာလိုက်နာရာ ရောက်တယ်။

၃၀၃။ ငါ့ရှင်တို့ . . အာပေါဓာတ်ဟာလည်း ကိုယ်တွင်းမှာ ဖြစ်တဲ့ အာပေါဓာတ်နှင့် ကိုယ်ပမှာဖြစ်တဲ့ အာပေါဓာတ်လို့ နှစ်မျိုးရှိတယ်။ အဲဒီနှစ်မျိုးအနက် ကိုယ်တွင်းမှာ ဖြစ်တဲ့ အာပေါဓာတ်ဆိုတာ- သည်းခြေ၊ သလိပ်၊ ပြည်၊ သွေး၊ ချွေး၊ အဆီခဲ၊ မျက်ရည်၊ အဆီကြည်၊ တံတွေး၊ နှပ်၊ အစေး၊ ကျင်ငယ်တို့နှင့် ကိုယ်တွင်းမှာ တည်ရှိတဲ့ ဖွဲ့စည်းခြင်းသဘောများ ဖြစ်တယ်။ ကိုယ်တွင်းအာပေါဓာတ်ဖြစ်စေ၊ ကိုယ်ပအပေါဓာတ်ဖြစ်စေ အာပေါဓာတ်ဟာ အာပေါဓာတ်သာ ဖြစ်တယ်။ အဲဒီ အာပေါဓာတ်ကို "ဒါဟာ ငါ့ဥစ္စာမဟုတ်၊ ငါမဟုတ်၊ ငါရဲ့ အတ္တမဟုတ်" လို့ အမှန်သိတဲ့ ပညာနဲ့ အမှန်အတိုင်း ရှုဆင်ခြင်ရမယ်။ အမှန်သိတဲ့ ပညာနဲ့ အမှန်အတိုင်း တွေ့မြင်တဲ့အခါ အာပေါဓာတ်အပေါ်မှာ ငြီးငွေ့လာတယ်။ စိတ်ဟာ အာပေါဓာတ်အပေါ်မှာ တပ်မက်မှု ကင်းလာတယ်။

ငါ့ရှင်တို့ . . ကိုယ်ပဖြစ်တဲ့ အာပေါဓာတ် (ရေဓာတ်) ရဲ့ပျက်စီးတဲ့အခါဆိုတာ ရှိတယ်။ အဲဒီပျက်စီးတဲ့ ရေဟာ ရွာကိုလည်း တိုက်စားသွားတယ်၊ နိဂုံးကိုလည်း တိုက်စားသွားတယ်၊ မြို့ကိုလည်း တိုက်စားသွားတယ်၊ ဇနပုဒ်ကိုလည်း တိုက်စားသွားတယ်၊ ဇနပုဒ်အပေါင်းကိုလည်း တိုက်စားသွားတယ်၊ ငါ့ရှင်တို့ . . မဟာ သမုဒ္ဒရာထဲမှာသော်မှ ရေကုန်ခမ်းတဲ့အခါဆိုတာ ရှိတယ်၊ ဘယ်လောက်အထိ ကုန်သလဲဆိုတော့ သမုဒ္ဒရာထဲမှာ

တစ်လက်သစ်မျှ မစိုအောင် ရေကုန်တဲ့အခါဆိုတာ ရှိတယ်။ အဲဒီလောက်ကြီးမားတဲ့ ရေဓာတ်ရဲ့ မမြဲခြင်း၊ ကုန်ခြင်း၊ ပျက်ခြင်း၊ ဖောက်ပြန်ခြင်းတို့ကို တွေ့ရသေးလျှင် အသေးအမွှားလေးဖြစ်တဲ့ ဒီခန္ဓာကိုယ်ရဲ့ မမြဲခြင်းစသည်ကား ဘာပြောဖွယ်ရှိတော့မလဲ၊ ဒါ့ကြောင့် ဒီခန္ဓာကိုယ်ကို "ငါ၊ ငါ့ဥစ္စာ" လို့ မစွဲလမ်းသင့်။ "ငါ မဟုတ်၊ ငါ့ဥစ္စာ မဟုတ်" လို့သာ ရှုမှတ်သင့်တယ်။

၃၀၄။ ငါ့ရှင်တို့. . . တေဇောဓာတ်ဟာလည်း ကိုယ်တွင်းမှာ ဖြစ်တဲ့ တေဇောဓာတ်နှင့် ကိုယ်ပမှာ ဖြစ်တဲ့ တေဇောဓာတ်လို့ နှစ်မျိုးရှိတယ်။ အဲဒီနှစ်မျိုးအနက် ကိုယ်တွင်းမှာဖြစ်တဲ့ တေဇောဓာတ်ဆိုတာ ပူနွေးကြောင်း၊ ဆွေးမြေ့ကြောင်း၊ လောင်မြိုက်ကြောင်းဖြစ်တဲ့ သဘော၊ စားအပ်, သောက်အပ်, ခဲအပ်, လျက်အပ်တဲ့ အစာအဟာရများ ကောင်းစွာ ကြေညက်ကြောင်း သဘောနှင့် ကိုယ်တွင်းမှာရှိတဲ့ အပူအအေးသဘောများ ဖြစ်တယ်။ ငါ့ရှင်တို့. . . ကိုယ်တွင်းတေဇောဓာတ်ဖြစ်စေ၊ ကိုယ်ပ တေဇောဓာတ်ဖြစ်စေ တေဇောဓာတ်ဟာ တေဇောဓာတ်သာ ဖြစ်တယ်။ အဲဒီတေဇောဓာတ်ကို "ဒါဟာ ငါ မဟုတ်၊ ငါ့ဥစ္စာမဟုတ်၊ ငါ့ အတ္တ မဟုတ်" လို့ အမှန်သိတဲ့ ပညာနဲ့ အမှန်အတိုင်း ရှုဆင်ခြင်ရမယ်။ အမှန်သိတဲ့ ပညာနဲ့ အမှန်အတိုင်း တွေ့မြင်တဲ့အခါ တေဇောဓာတ်အပေါ်မှာ ငြီးငွေ့လာတယ်။ စိတ်ဟာ တေဇောဓာတ် အပေါ်မှာ တပ်မက်မှုကင်းလာတယ်။

(၃၀၃)

ငါ့ရှင်တို့. . . ကိုယ်ပဖြစ်တဲ့ မီးဓာတ်ရဲ့ ပျက်စီးရာအခါဆိုတာ ရှိတယ်။ အဲဒီပျက်စီးတဲ့ မီးဓာတ်ဟာ ရွာကိုလည်း လောက်မြိုက်တယ်။ နိဂုံးကိုလည်း လောင်မြိုက်တယ်၊ မြို့ကိုလည်း လောင်မြိုက်တယ်၊ ဇနပုဒ်ကိုလည်း လောင်မြိုက်တယ်၊ ဇနပုဒ်အပေါင်းကိုလည်း လောင်မြိုက်တယ်။ အဲဒီမီးဓာတ်ဟာ စိမ်းစိုတဲ့ အရာဝတ္ထုကို ဖြစ်စေ၊ လမ်းမကြီးကို ဖြစ်စေ၊ ကျောက်တောင်ကိုဖြစ်စေ၊ ရေကိုဖြစ်စေ၊ မွေ့လျော်ဖွယ်ရာ မြေပြင်ကိုဖြစ်စေ အကြောင်းပြုကာ မီးစာမရှိလို့ ငြိမ်းတော့တယ်။ ငါ့ရှင်တို့. . . ကြက်တောင်နဲ့ဖြစ်စေ၊ သားရေမျှင်နဲ့ ဖြစ်စေ မီးကို ရှာမှီးရတဲ့ အခါသည်ပင် ရှိတယ်။ အဲဒီလောက် ကြီးမားတဲ့ မီးဓာတ်ရဲ့ မမြဲခြင်း၊ ကုန်ခြင်း၊ ပျက်ခြင်း၊ ဖောက်ပြန်ခြင်း တို့ကို တွေ့ရသေးလျှင် အသေးအမွှားလေးဖြစ်တဲ့ ဒီခန္ဓာကိုယ်ရဲ့ မမြဲခြင်းစသည်ကား ဘာပြောဖွယ် ရှိတော့မလဲ။ ဒါ့ကြောင့် ဒီခန္ဓာကိုယ်ကို "ငါ၊ ငါ့ဉစ္စာ" လို့ မစွဲလမ်းသင့်၊ "ငါ မဟုတ်၊ ငါ့ဉစ္စာ မဟုတ်" လို့သာ ရှုမှတ်သင့်တယ်။

၃၀၅။ ငါ့ရှင်တို့. . . ဝါယောဓာတ်ဟာလည်း ကိုယ်တွင်းမှာ ဖြစ်တဲ့ ဝါယောဓာတ်နှင့် ကိုယ်ပမှာ ဖြစ်တဲ့ ဝါယောဓာတ်လို့ နှစ်မျိုး ရှိတယ်။ အဲဒီနှစ်မျိုးအနက် ကိုယ်တွင်းမှာ ဖြစ်တဲ့ ဝါယော ဓာတ်ဆိုတာ အထက်သို့ ဆန်တက်တဲ့လေ၊ အောက်သို့ စုန်ဆင်းတဲ့ လေ၊ ဝမ်းဗိုက်အတွင်းမှာ ရှိတဲ့လေ၊ အူတွင်းမှာရှိတဲ့လေ၊ အင်္ဂါကြီးငယ်သို့ လျှောက်တဲ့လေ၊ ထွက်သက်လေ၊ ဝင်သက်လေ စသည်နှင့် ကိုယ်တွင်းမှာဖြစ်တဲ့ တခြား တွန်းကန်ခြင်းသဘောများ

ဖြစ်တယ်။ ငါ့ရှင်တို့ . . . ကိုယ်တွင်းဝါယောဓာတ် ဖြစ်စေ၊ ကိုယ်ပဝါယောဓာတ်ဖြစ်စေ၊ ဝါယောဓာတ်ဟာ ဝါယောဓာတ်သာဖြစ်တယ်။ အဲဒီ ဝါယောဓာတ်ကို "ဒါဟာ ငါမဟုတ်၊ ငါ့ဥစ္စာ မဟုတ်၊ ငါရဲ့ အတ္တ မဟုတ်" လို့ အမှန်သိတဲ့ ပညာနဲ့ အမှန်အတိုင်း ရှုဆင်ခြင်ရမယ်။ အမှန်သိတဲ့ ပညာနဲ့ အမှန်အတိုင်း တွေ့မြင်တဲ့အခါ ဝါယောဓာတ်အပေါ်မှာ ငြီးငွေ့လာတယ်။ စိတ်ဟာ ဝါယောဓာတ်အပေါ်မှာ တပ်မက်မှုကင်းလာတယ်။

ငါ့ရှင်တို့ . . . ကိုယ်ပဖြစ်တဲ့ လေဓာတ်ရဲ့ ပျက်စီးရာအခါဆိုတာ ရှိတယ်။ အဲဒီပျက်စီးတဲ့ လေဓာတ်ဟာ ရွာကိုလည်း တိုက်ဖျက်သွားတယ်၊ နိဂုံးကိုလည်း တိုက်ဖျက်သွားတယ်၊ မြို့ကိုလည်း တိုက်ဖျက်သွားတယ်၊ ဇနပုဒ်ကိုလည်း တိုက်ဖျက်သွားတယ်၊ ဇနပုဒ်အပေါင်းကိုလည်း တိုက်ဖျက်သွားတယ်၊ ငါ့ရှင်တို့ . . . နွေဥတုရဲ့ နောက်ဆုံးလမှာ ထန်းရွက်ယပ်ဝန်းနဲ့ဖြစ်စေ၊ မီးခပ်ယပ်နဲ့ဖြစ်စေ လေကိုရှာရတဲ့အခါ၊ ရေစီးကျရာ တံစက်မြိတ်မှာပင် မြက်သက်ငယ်တို့သည်ပင် မလှုပ်ရှားလောက်အောင် လေမရှိတဲ့ အခါဆိုတာ ရှိတယ်။ အဲဒီလောက် ကြီးမားတဲ့ လေဓာတ်ရဲ့ မမြဲခြင်း၊ ကုန်ခြင်း၊ ပျက်ခြင်း၊ ဖောက်ပြန်ခြင်းတို့ကို တွေ့မြင်ရသေးလျှင် အသေးအမွှားလေးဖြစ်တဲ့ ဒီခန္ဓာကိုယ်ရဲ့ မမြဲခြင်းစသည်ကား ဘာပြောဖွယ်ရှိတော့လဲ။ ဒါ့ကြောင့် ဒီခန္ဓာကိုယ်ကို "ငါ၊ ငါ့ဥစ္စာ" လို့ မစွဲလမ်းသင့်၊ "ငါ မဟုတ်၊ ငါ့ဥစ္စာ မဟုတ်" လို့သာ ရှုမှတ်သင့်တယ်။

ငါ့ရှင်တို့. . . ခါတ်ကမ္မဋ္ဌာန်းကို စီးဖြန်းနေတဲ့ ရဟာန်း တစ်ပါးကို သူတစ်ပါးတို့က ဆဲရေးကြိမ်းမောင်းခဲ့လျှင် အဲဒီ ရဟာန်းဟာ "ငါ့မှာ နားနဲ့ကြားခြင်းကြောင့်ဖြစ်တဲ့ ဆင်းရဲခြင်း ဒုက္ခဝေဒနာ ဖြစ်ပေါ်လာတယ်၊ ဒီဒုက္ခဝေဒနာဟာ အကြောင်းမဲ့ ဖြစ်တာမဟုတ်၊ ဖဿကို အကြောင်းပြု၍ ဖြစ်တယ်" လို့ သိတယ်။ အဲဒီရဟာန်းဟာ "ဖဿ၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဉ်တို့ဟာ မမြဲကြ" လို့ ရှုဆင်ခြင်တယ်၊ အဲဒီအခါမှာ အဲဒီရဟာန်းရဲ့ စိတ်ဟာ ခါတ်အာရုံမှာပဲ ကောင်းစွာသက်ဝင်ကာ တည်ကြည်နေတော့တယ်။

ငါ့ရှင်တို့. . . ခါတ်ကမ္မဋ္ဌာန်းကို စီးဖြန်းနေတဲ့ အဲဒီရဟာန်းကို သူတစ်ပါးတို့က လက်နဲ့ဖြစ်စေ၊ ခဲနဲ့ဖြစ်စေ၊ တုတ်နဲ့ဖြစ်စေ၊ ဓားနဲ့ဖြစ်စေ မနှစ်သက်ဖွယ် နှိပ်စက်ခဲ့လျှင် အဲဒီရဟာန်းဟာ "ဒီခန္ဓာကိုယ်ဟာ လက်နဲ့ရိုက်ခြင်း၊ ခဲနဲ့ထုခြင်း၊ တုတ်နဲ့ရိုက်ခြင်း၊ ဓားနဲ့ထိုးခြင်းတို့ကို ခံရမည့်သဘောရှိလို့ ခံရခြင်း ဖြစ်တယ်။ မြတ်စွာ ဘုရားကလည်း ကကစူပမသုတ္တန်မှာ 'ရဟာန်းတို့. . . အောက်တန်းစား အလုပ်ကို ပြုလုပ်လေ့ရှိကြတဲ့ ခိုးသူတွေက နှစ်ဘက်အရိုးပါတဲ့ လွှနဲ့ (သင်တို့ရဲ့) အင်္ဂါကြီးငယ်ကို တိုက်ဖြတ်ကြစေဦး။ အဲဒီခိုးသူတို့အား ပြန်၍ စိတ်ပြစ်မှားသော ရဟာန်းသည်ပင် ငါဘုရားရဲ့ အဆုံးအမတော်ကို လိုက်နာသူ မဟုတ်' လို့ ဟောကြားတော်မူခဲ့တယ်။ ဒီငါရဲ့ ခန္ဓာကိုယ်ကို လက်နဲ့ရိုက်၊ ခဲနဲ့ထု၊ တုတ်နဲ့ရိုက်၊ ဓားနဲ့ထိုးစေဦးတော့ ငါဟာ မြတ်စွာဘုရားရဲ့ အဆုံးအမတော်ကို လိုက်နာတော့မယ်၊ အဲဒီလို မြတ်စွာဘုရားရဲ့ အဆုံးအမတော်ကို လိုက်နာခဲ့လျှင်

ငါ့ရဲ့ဝီရိယဟာ တွန့်ဆုတ်တော့ လိမ့်မယ် မဟုတ်၊ ငါ့ရဲ့ သတိဟာလည်း ကောင်းစွာ တည်လာလိမ့်မယ်။ ငါရဲ့ကိုယ်ဟာလည်း ငြိမ်းအေး လာလိမ့်မယ်၊ ငါရဲ့ စိတ်ဟာလည်း တည်ကြည်လာလိမ့်မယ်" လို့ သိတယ်။

ငါ့ရှင်တို့. . . ဥပမာအားဖြင့် ချွေးမဟာ ယောက္ခမကို မြင်တဲ့အခါ ထိတ်လန့်ကြောက်ရွံ့သကဲ့သို့ အဲဒီဓာတ်ကမ္မဋ္ဌာန်း စီးဖြန်းတဲ့ ရဟန်းဟာ အဲဒီလို ဘုရား, တရား, သံဃာ ရတနာ သုံးပါးကို အာရုံပြုပါလျက် ကုသိုလ်နဲ့ စပ်ယှဉ်တဲ့ လျစ်လျူရှုမှု မိမိသန္တာန်မှာ မတည်ခဲ့လျှင် "ငါဟာ ကံဆိုးလိုက်တာ" လို့ ထိတ်လန့် ကြောက်ရွံ့တတ်တယ်။ အဲဒီလျစ်လျူရှုမှု မိမိသန္တာန်မှာ တည်ခဲ့ လျှင်တော့ ဝမ်းမြောက်ဝမ်းသာ ဖြစ်တတ်တယ်။ ငါ့ရှင်တို့. . . အဲဒီ ရဟန်းဟာ အဲဒီလို ဆင်ခြင်ကာ သည်းခံခြင်းဖြင့်လည်း မြတ်စွာ ဘုရားရဲ့ အဆုံးအမတော်ကို များစွာလိုက်နာရာ ရောက်တယ်။

၁၀၆။ ငါ့ရှင်တို့. . . ဥပမာအားဖြင့် သစ်သား၊ နွယ်၊ သက်ငယ်နှင့် မြေညက်တို့ကို ပေါင်းစပ်ကာ ဝိုင်းရံထားတဲ့ ဟင်းလင်းပြင်ကို အိမ်လို့ ခေါ်ရသကဲ့သို့ အရိုး၊ အကြော၊ အသားနှင့် အရေတို့ကို ပေါင်းစပ်ကာ ဝိုင်းရံထားတဲ့ ဟင်းလင်းပြင်ကို ရုပ်လို့ ခေါ်တယ်။

ငါ့ရှင်တို့. . . ကိုယ်တွင်းမှာ မပျက်စီးသေးတဲ့ မျက်စိ အကြည်ဓာတ်၊ တွေ့ကြုံလာတဲ့ ပြင်ပတရားများ၊ ရှုပါရုံ (အဆင်း)

အဲဒီ ပြင်ပရုပ်တို့ကို အကြောင်းပြုကာ ဖြစ်တဲ့ နှလုံးသွင်းဆင်ခြင်မှု၊ အဲဒီသုံးခု ပြည့်စုံရာမှာ မြင်သိစိတ်များ ဖြစ်ပေါ်လာကြတယ်။ အဲဒီမြင်သိစိတ်ဖြစ်ခိုက် ပုဂ္ဂိုလ်ရဲ့ ရုပ်ဟာ ရူပုပါဒါနက္ခန္ဓာ ဖြစ်တယ်။ အဲဒီမြင်သိစိတ်ဖြစ်ခိုက် ပုဂ္ဂိုလ်ရဲ့ ဝေဒနာဟာ ဝေဒနုပါဒါနက္ခန္ဓာ ဖြစ်တယ်။ အဲဒီ မြင်သိစိတ်ဖြစ်ခိုက် ပုဂ္ဂိုလ်ရဲ့ သညာဟာ သညုပါဒါနက္ခန္ဓာ ဖြစ်တယ်။ အဲဒီ မြင်သိစိတ်ဖြစ်ခိုက် ပုဂ္ဂိုလ်ရဲ့ စေတနာဟာ သင်္ခါရုပါဒါနက္ခန္ဓာ ဖြစ်တယ်။ အဲဒီ မြင်သိစိတ်ဖြစ်ခိုက်ပုဂ္ဂိုလ်ရဲ့ မြင်သိစိတ်ဟာ ဝိညာဏုပါဒါနက္ခန္ဓာ ဖြစ်တယ်။ အဲဒီရဟန်းဟာ "ဒီဥပါဒါနက္ခန္ဓာ ငါးပါးတို့ရဲ့ ပေါင်းဆုံပုံဟာ ဒီလိုပါလား၊ 'အကြောင်းတရားကို သိမြင်သူဟာ အကျိုးတရားကို သိမြင်သူ ဖြစ်တယ်။ အကျိုးတရားကို သိမြင်သူဟာ အကြောင်းတရားကို သိမြင်သူဖြစ်တယ်'လို့ မြတ်စွာဘုရား ဟောကြားတော်မူခဲ့တယ်။ ဥပါဒါနက္ခန္ဓာငါးပါးဟာ အကျိုးတရားများ ဖြစ်ကြတယ်။ ဒီဥပါဒါနက္ခန္ဓာငါးပါးအပေါ်မှာ တွယ်တာမှု မက်မောမှုဟာ ဒုက္ခဖြစ်ကြောင်း ဖြစ်တယ်။ ဒီဥပါဒါနက္ခန္ဓာငါးပါးအပေါ်မှာ တွယ်တာမှု မက်မောမှု ချုပ်ငြိမ်းခြင်းဟာ ဒုက္ခချုပ်ငြိမ်းခြင်း ဖြစ်တယ်" လို့ နားလည်သဘောပေါက်တယ်။ ငါ့ရှင်တို့. . . အဲဒီလို နားလည်သဘောပေါက်အောင် ရှုဆင်ခြင်ခြင်းဖြင့်လည်း အဲဒီရဟန်းဟာ မြတ်စွာဘုရားရဲ့ အဆုံးအမတော်ကို များစွာ လိုက်နာရာ ရောက်တယ်။

အသံ၊ အနံ့၊ အရသာ၊ တွေ့ထိစရာ၊ သိစရာသဘောတို့ကို တွေ့ကြုံရာ၌လည်း ထို့အတူပဲ နားလည်သဘောပေါက်အောင် ရှုဆင်ခြင်နိုင်တယ်။ ငါ့ရှင်တို့ . . အဲဒီလို သဘောပေါက်အောင် ရှုဆင်ခြင်ခြင်းဖြင့်လည်း အဲဒီရဟန်းဟာ မြတ်စွာဘုရားရဲ့ အဆုံးအမတော်ကို များစွာ လိုက်နာရာ ရောက်တယ်။

အရှင်သာရိပုတ္တရာ ဤတရားဒေသနာတော်ကို ဟောကြားတော်မူပြီးတဲ့အခါ ရဟန်းများဟာ နှစ်သက်သဘောကျကာ သာဓုအနုမောဒနာ ခေါ်ဆိုခဲ့ကြတယ်။

**မဟာဟတ္ထိပဒေါပမသုတ် ပြီးပြီ။**

❊ ❊ ❊

## ၉–မဟာသာရောပမသုတ်

အခါတစ်ပါးမှာ ရာဇဂြိုဟ်မြို့ ဂိဇ္ဈကုဋ်တောင်မှာ မြတ်စွာဘုရား သီတင်းသုံးနေတော်မူပါတယ်။ အဲဒီအချိန်ဟာ အရှင်ဒေဝဒတ် သံဃာကို သင်းခွဲ, မြတ်စွာဘုရားရဲ့ ခန္ဓာကိုယ်တော်မှာ သွေးစိမ်းတည်အောင် ပြုကာ ထွက်သွားလို့ မကြာသေးမီအချိန် ဖြစ်ပါတယ်။ အဲဒီအခါမှာ မြတ်စွာဘုရားက အရှင်ဒေဝဒတ်ကို အကြောင်းပြုကာ ရဟန်းများကို အခုလို မိန့်ကြားတော်မူခဲ့ပါတယ်–

ရဟန်းတို့. . . ဥပမာအားဖြင့် အနှစ်ကို လိုချင်တဲ့ လူတစ်ယောက်ဟာ အနှစ်ရှာရန် တောသို့ ထွက်လာခဲ့တယ်။ အဲဒီအခါမှာ သူဟာ အနှစ်ရှိတဲ့ သစ်ပင်ကြီးတစ်ပင်ကို တွေ့တယ်။ ဒါပေမဲ့ သူဟာ အနှစ်ကိုလည်း မသိ၊ အကာကိုလည်း မသိ၊ အခေါက်ကိုလည်း မသိ၊ အပွေးကိုလည်း မသိဘဲ အခက်အရွယ်ကို အနှစ်လို့ တင်ကာ အခက်အရွက်ကိုသာ ဖြတ်တောက်ယူကာ ထွက်လာခဲ့တယ်။ ရဟန်းတို့. . . တို့အတူပဲ လောကမှာ သဒ္ဓါတရားရှိတဲ့ အမျိုးကောင်းသားတချို့ဟာ ဒုက္ခတွေနဲ့ ကြုံတွေ့ရလို့ အဲဒီဒုက္ခတွေမှ လွတ်မြောက်ရာ နိဗ္ဗာန်ကို ရည်မှန်းပြီး ရဟန်းပြုလာတယ်။ အဲဒီအမျိုးကောင်းသား ရဟန်းဖြစ်လာတဲ့အခါ လာဘ်လာဘ၊ ပူဇော်သက္ကာရနှင့် ကျော်စောမှုတို့ကို ရတယ်။ အဲဒီရဟန်းဟာ အဲဒီလာဘ်လာဘ၊ ပူဇော်သက္ကာရ၊ ကျော်စောမှုတို့နှင့် တင်းတိမ်ရောင့်ရဲ အားရကျေနပ်ကာ နေတယ်။ အဲဒီ

ရဟန်းဟာ အဲဒီလာဘ်လာဘ၊ ပူဇော်သက္ကာရနှင့် ကျော်စောမှုတို့ကြောင့် "ငါဟာ ဘုန်းကြီးတယ်။ တခြားရဟန်းတွေဟာ ဘုန်းမကြီးကြဘူး" လို့ မိမိကိုယ်ကို အထင်ကြီး ဘဝင်မြင့်ကာ သူတစ်ပါးကို ရှုတ်ချတယ်။ အဲဒီရဟန်းဟာ အဲဒီလို လာဘ်လာဘ၊ ပူဇော်သက္ကာရနှင့် ကျော်စောမှုတို့ကို အကြောင်းပြုကာ မေ့လျော့ ပေါ့ဆမှုကြောင့် ဆင်းဆင်းရဲရဲ နေထိုင်ရတယ်။ ရဟန်းတို့. . . အဲဒီ ရဟန်းကို သာသနာတော်ရဲ့ အခက်အရွက်မျှကိုသာ ယူတဲ့ ရဟန်းလို့ ခေါ်သင့်တယ်။ အဲဒီရဟန်းဟာ အဲဒီ လာဘ်လာဘ၊ ပူဇော်သက္ကာရနှင့် ကျော်စောမှုမှာပဲ လမ်းဆုံးသွားခဲ့တယ်။

ရဟန်းတို့. . . ဒုတိယလူတစ်ယောက်ဟာ အပွေးကို အနှစ်လို့ ထင်ကာ အပွေးကို ခုတ်ဖြတ်ယူလာသကဲ့သို့ ဒုတိယရဟန်းဟာ သီလမျှနှင့် ကျေနပ်အားရကာ သီလမှာပဲ လမ်းဆုံးခဲ့တယ်။

တတိယလူတစ်ယောက်ဟာ အခေါက်ကို အနှစ်လို့ထင်ကာ အခေါက်ကိုခုတ်ဖြတ် ယူလာသကဲ့သို့ တတိယရဟန်းဟာ သမာဓိမျှနှင့် ကျေနပ်အားရကာ သမာဓိမှာပဲ လမ်းဆုံးခဲ့တယ်။

စတုတ္ထလူတစ်ယောက်ဟာ အကာကို အနှစ်လို့အထင်ကာ အကာကို ခုတ်ဖြတ်ယူလာသကဲ့သို့ စတုတ္ထရဟန်းဟာ ဒိဗ္ဗစက္ခု အဘိညာဉ်မျှနှင့် ကျေနပ်အားရကာ ဒိဗ္ဗစက္ခုမှာပဲ လမ်းဆုံးခဲ့တယ်။

ရဟန်းတို့. . . ပဌမလူတစ်ယောက်ကတော့ အနှစ်ကို လိုချင်တဲ့အတွက် အနှစ်ရှာရန် တောသို့ထွက်လာခဲ့တယ်။ တောရောက်တော့ သူဟာ အနှစ်ရှိတဲ့ သစ်ပင်ကြီးတစ်ပင်ကို တွေ့တယ်။ သူကတော့ အနှစ်ကို အနှစ်လို့ သိတယ်။ ဒါနဲ့ သူဟာ အဲဒီအနှစ်ကို ဖြတ်တောက်ပြီး ယူလာခဲ့တယ်။ ထို့အတူပဲ ပဌမရဟန်းဟာ လာဘသက္ကာရသိလောက၊ သီလ၊ သမာဓိ၊ ဒိဗ္ဗစက္ခုအဘိညာဉ်တို့မျှလောက်နှင့် တင်းတိမ် ရောင့်ရဲမနေဘဲ ဆက်လက်ပြီး ကြိုးစားအားထုတ်တယ်။ အဲဒီလို ကြိုးစား အားထုတ်တဲ့အခါ အဲဒီရဟန်းဟာ အခါခပ်သိမ်း လွတ်မြောက်ရာ လောကုတ္တရာတရားကိုးပါးကို ရတယ်။ ရဟန်းတို့. . . အဲဒီ ရဟန်းဟာ အဲဒီလောကုတ္တရာတရားကိုးပါးမှ ဆုတ်ယုတ် စရာအကြောင်း မရှိတော့။

ရဟန်းတို့. . . အခု ဟောပြခဲ့တဲ့အတိုင်း ငါဘုရားရဲ့ သာသနာတော်ဟာ လာဘသက္ကာရသိလောကမျှလောက်သာ အကျိုးရှိတဲ့ သာသနာတော်မဟုတ်၊ သီလမျှ၊ သမာဓိမျှ၊ ဒိဗ္ဗစက္ခုအဘိညာဉ်မျှလောက်သာ အကျိုးရှိတဲ့ သာသနာတော်လည်း မဟုတ်၊ ဖေါက်ပြန် ပျက်စီးခြင်း ကင်းဝေးရာ အရဟတ္တဖိုလ်ဟူသော အကျိုးရှိတဲ့ သာသနာတော် ဖြစ်တယ်။ အရဟတ္တဖိုလ်သည်သာ သာသနာတော်ရဲ့ အနှစ်သာရ ဖြစ်တယ်။ အရဟတ္တဖိုလ်သည်သာ သာသနာတော်ရဲ့ ပန်းတိုင် ဖြစ်တယ်-လို့ ဟောကြားတော် မူခဲ့ပါတယ်။

အဲဒီလို ဟောကြားတော်မူတဲ့ မြတ်စွာဘုရားရဲ့ တရားတော်ကို နှစ်သက်သဘောကျပြီး ရဟန်းများဟာ သာဓုအနုမောဒနာ ခေါ်ဆိုခဲ့ကြပါတယ်။

**မဟာသာရောပမသုတ် ပြီး၏။**

❊ ❊ ❊

**၁၀- စူဠသာရောပမသုတ်**

ဤစူဠသာရောပမသုတ်သည် အနှစ်သာရအားဖြင့် မဟာသာရောပမသုတ်နှင့် တူပြီ။

**စူဠသာရောပမသုတ် ပြီး၏။**
**ဩပမ္မဝဂ် ပြီး၏။**

❊ ❊ ❊

# ၄– မဟာယမကဝဂ်

## ၁–စူဠဂေါသိင်္ဂသုတ်

၃၂၅။ အခါတစ်ပါးမှာ နာတိကရွာ အုတ်ကျောင်းမှာ မြတ်စွာဘုရား သီတင်းသုံးနေတော်မူပါတယ်။ အဲဒီအခါက ဂေါသိင်္ဂလို့ခေါ်တဲ့ အင်ကြင်းတောမှာ အရှင်အနုရုဒ္ဓါ၊ အရှင်နန္ဒိယနှင့် အရှင်ကိမိလတို့ သီတင်းသုံးနေကြပါတယ်။ တစ်ခုသော ညနေခင်းမှာ မြတ်စွာဘုရားက တစ်ပါးတည်း ကိန်းအောင်းရာမှ ထတော်မူကာ ဂေါသိင်္ဂအင်ကြင်းတောသို့ ကြွရောက်တော်မူပါတယ်။ အဝေးမှ ကြွလာတော်မူတဲ့ မြတ်စွာဘုရားကို တောစောင့်ဒကာ မြင်တဲ့အခါ "ရဟန်းကြီး၊ ဒီတောထဲကို မဝင်ပါနှင့်၊ ဒီတောထဲမှာ အမျိုးကောင်းသား သုံးယောက် ကိုယ်ပိုင် အကျိုးစီးပွားကို လိုလားစွာ (တရား အားထုတ်)နေကြပါတယ်။ သူတို့အား မနှောင့်ယှက်ပါနှင့်"လို့ လျှောက်ထားခဲ့ပါတယ်။

အဲဒီစကားကို အရှင်အနုရုဒ္ဓါကြားတဲ့အခါ "ဒကာ တောစောင့်. . . မြတ်စွာဘုရားကို မတားမြစ်ပါနှင့်။ ငါတို့ရဲ့ ဆရာ မြတ်စွာ ဘုရားကို မတားမြစ်ပါနှင့်။ ငါတို့ရဲ့ ဆရာ မြတ်စွာဘုရား ကြွတော်မူလာတာ ဖြစ်တယ်"လို့ မိန့်ကြားတော်မူခဲ့ပါတယ်။

အဲဒီနောက် အရှင်အနုရုဒ္ဓါဟာ အရှင်နန္ဒိယနှင့် အရှင် ကိမိလတို့အထံသို့ သွားပြီး "အရှင်ဘုရားတို့၊ ကြွကြ ကြွကြ၊ တပည့် တော်တို့ရဲ့ ဆရာ မြတ်စွာဘုရား ကြွရောက်တော်မူလာတယ်"လို့ အကြောင်းကြားခဲ့ပါတယ်။

အဲဒီနောက် သူတို့သုံးပါးအနက် တစ်ပါးက မြတ်စွာဘုရားရဲ့ သပိတ်သင်္ကန်းကို လှမ်းယူပါတယ်။ တစ်ပါးက နေရာခင်းပါတယ်။ တစ်ပါးက ခြေဆေးရေ ဆက်ကပ်ပါတယ်။ မြတ်စွာဘုရားဟာ ခင်းထားတဲ့နေရာမှာ ထိုင်တော်မူပြီး ခြေဆေးတော်မူပါတယ်။ အရှင်မြတ်သုံးပါးလည်း မြတ်စွာဘုရားကို ရှိခိုးကြပြီး သင့်တော်ရာမှာ ထိုင်နေတော်မူကြပါတယ်။ အဲဒီအခါမှာ မြတ်စွာဘုရားဟာ အခုလို မေးမြန်းတော်မူခဲ့ပါတယ်။ "အနုရုဒ္ဓါတို့ . . ကျန်းမာကြရဲ့လား မျှတကြရဲ့လား၊ ဆွမ်းကွမ်းအတွက်ကော မပင်မပန်း ရှိကြရဲ့လား?"

"မြတ်စွာဘုရား . . တပည့်တော်များ ကျန်းမာကြ၊ မျှတကြပါတယ် ဘုရား။ ဆွမ်းကွမ်းအတွက်လည်း မပင်ပန်းကြပါ ဘုရား"

"အနုရုဒ္ဓါတို့ . . . သင်တို့ ညီညီညွတ်ညွတ် ရွှင်ရွှင်ပျပျ ငြိမ်းငြိမ်း ချမ်းချမ်း နေထိုင်ကြရဲ့လား? နို့နှင့်ရေ ရောထားသလို တစ်သားတည်း ဖြစ်ကြရဲ့လား? မေတ္တာမျက်လုံးများဖြင့် ပြုံးပြုံးရွှင်ရွှင် အချင်းချင်း ကြည့်ရှုကြလျက် နေထိုင်ကြရဲ့လား?"

"မှန်ပါ နေထိုင်ကြကြောင်းပါ ဘုရား။"

"ကဲ နေထိုင်ကြပုံကို လျှောက်စမ်းပါအုံး အနုရုဒ္ဓါတို့ . . "

"မြတ်စွာဘုရား . . ဒီလို သီတင်းသုံးဖော်များနှင့် နေရတာ ငါ့မှာ ကံကောင်းလေစွ၊ အရတော်လေစွ"လို့ တပည့်တော် စဉ်းစားပါတယ် ဘုရား။ မြတ်စွာဘုရား . . ဒီအရှင်မြတ်နှစ်ပါးအပေါ်မှာ ကာယကံမေတ္တာ၊ ဝစီကံမေတ္တာ၊ မနောကံမေတ္တာတို့ကို မျက်မှောက်မှာရော မျက်ကွယ်မှာပါ ထားပါတယ်ဘုရား။ 'မိမိ

စိတ်အလိုကို လျှော့ချထားပြီး ဒီအရှင်နှစ်ပါးရဲ့ စိတ်ဆန္ဒအတိုင်း လိုက်လျောရရင် ကောင်းမှာပဲ’လို့ စဉ်းစားပြီး ဒီအရှင် နှစ်ပါးရဲ့ စိတ်ဆန္ဒအတိုင်း လိုက်လျောပါတယ် ဘုရား။ မြတ်စွာဘုရား တပည့်တော်တို့ဟာ ကိုယ်ခန္ဓာ ကွဲပြားကြပေမဲ့ စိတ်ကတော့ တစ်သားတည်းလို ထင်ရပါတယ် ဘုရား။

အရှင်နန္ဒိယနှင့် အရှင်ကိမိလတို့ကလည်း အရှင်အနုရုဒ္ဓါ အတိုင်းပင် လျှောက်ထားခဲ့ကြပါတယ်။

“အနုရုဒ္ဓါတို့ . . ကောင်းပေစွ ကောင်းပေစွ။ အနုရုဒ္ဓါတို့ . . မပေါ့ မဆ ကြိုးကြိုးစားစားကော အားထုတ်ကြရဲ့လား?။

“မှန်ပါ အားထုတ်ကြပါတယ် ဘုရား။”

“အနုရုဒ္ဓါတို့ . . ဘယ်လိုများ အားထုတ်ကြသလဲ?”

“မြတ်စွာဘုရား . . တပည့်တော်တို့ သုံးပါးအနက် ရှေးဦးစွာ ဆွမ်းခံပြန်ကြွလာသူဟာ နေရာ ခင်းထားပါတယ် ဘုရား။ သောက်ရေ သုံးရေ တည်ထားပါတယ် ဘုရား။ ဆွမ်းကြွင်းထည့်တဲ့ ခွက်ကို တည်ထားပါတယ် ဘုရား။

နောက်မှ ဆွမ်းခံပြန်လာတဲ့သူဟာ ဆွမ်းကျန်ရှိလျှင် စားလိုက စား၍ မစားလိုက စိမ်းစိုတဲ့ မြက်သစ်ပင်မရှိတဲ့ နေရာမှာ စွန့်ပါတယ် ဘုရား။ ဒါမှမဟုတ် ပိုးမွှားမရှိတဲ့ ရေထဲမှာ မျှောပါတယ် ဘုရား။ သူဟာ နေရာထိုင်ခင်းများကို သိမ်းပါတယ် ဘုရား။ သောက်ရေသုံးရေတို့ကို သိမ်းပါတယ် ဘုရား။ ဆွမ်းကြွင်းထည့်တဲ့ ခွက်ကို ဆေးကြောပြီး သိမ်းပါတယ် ဘုရား။ ဆွမ်းစားကျောင်းကို တံမြက်လှည်းပါတယ် ဘုရား။

သောက်ရေအိုး၊ သုံးရေအိုး၊ သန့်သက်ရေအိုးတို့မှာ ရေကုန်နေတာကို တွေ့လျှင် တွေ့တဲ့သူက ထည့်ပါတယ် ဘုရား။ အကယ်၍ မ(မ)နိုင် မမြှောက်နိုင်လျှင် အဖော်ကို လက်ယပ်ခေါ်ပြီး လက်ချင်းယှက်ကာ မ-မြှောက်၍ ထည့်ပါတယ် ဘုရား။ အဲဒီလို အခက်အခဲများကြောင့်ပင် တပည့်တော်တို့ စကားမပြောဖြစ်ကြပါ။ ဒါပေမဲ့ ငါးရက် တစ်ကြိမ်တော့ ညလုံးပေါက် တရားဆွေးနွေးပြီး စည်းဝေးကြပါတယ် ဘုရား။

တပည့်တော်တို့ အခုလျှောက်ထားခဲ့သလို မမေ့မလျော့ ကြိုးစားအားထုတ်နေကြပါတယ် ဘုရား။"

"အနုရုဒ္ဓါတို့. . . ကောင်းပေစွ၊ ကောင်းပေစွ။

အနုရုဒ္ဓါတို့. . . အခုလို မမေ့မလျော့ မပေါ့မဆ ကြိုးစားအားထုတ်နေကြတော့ တရားထူးကိုကော ရကြရဲ့လား?"

"မြတ်စွာဘုရား. . . အဘယ်မှာ မရဘဲ ရှိပါ့မလဲဘုရား၊ ဘုရားတပည့်တော်တို့ဟာ ဈာန်သမာပတ်ရှစ်ပါးကို အလိုရှိတိုင်း ဝင်စားနိုင်ကြပါတယ်ဘုရား။"

"အနုရုဒ္ဓါတို့. . . ကောင်းပေစွ ကောင်းပေစွ၊ ဈာန်သမာပတ် ရှစ်ပါးထက် မြင့်မြတ်တဲ့ တရားထူးကိုတော့ ရကြရဲ့လား?"

"မြတ်စွာဘုရား. . . အဘယ်မှာ မရဘဲ ရှိပါ့မလဲဘုရား၊ ဘုရားတပည့်တော်တို့ဟာ နိရောဓသမာပတ်ကို အလိုရှိတိုင်း ဝင်စားနိုင်ကြပါတယ်ဘုရား၊ ဒီနိရောဓသမာပတ်ထက် မြင့်မြတ်တဲ့ တရားထူးကိုကား မတွေ့မြင်ကြပါဘုရား။

"အနုရုဒ္ဓါတို့ . . ကောင်းပေစွ ကောင်းပေစွ၊ ဒီနိရောဓ သမာပတ်ထက် မြင့်မြတ်တဲ့ တရားထူးကား မရှိတော့တာ မှန်တယ်။

၃၃၀။ အဲဒီနောက် မြတ်စွာဘုရားဟာ အရှင်အနုရုဒ္ဓါ အရှင်နန္ဒိယနှင့် အရှင်ကိမိလတို့အား ဆက်လက်တရား ဟောတော်မူပြီး နေရာမှ ထတော်မူကာ ပြန်ကြွတော်မူခဲ့တယ်။ အဲဒီအခါမှာ အရှင်အနုရုဒ္ဓါ၊ အရှင်နန္ဒိယနှင့် အရှင်ကိမိလတို့ဟာ မြတ်စွာဘုရားကို ကျောင်းဝင်းအဆုံးတိုင်အောင် လိုက်ပို့ခဲ့ကြပါတယ်။ လိုက်ပို့ရာမှ ပြန်လာကြတဲ့အခါ အရှင်နန္ဒိယနှင့် အရှင် ကိမိလတို့ဟာ အရှင်အနုရုဒ္ဓါအား အခုလို လျှောက်ထား ခဲ့ကြပါတယ်–

"အရှင်ဘုရား . . 'ဒီသမာပတ် ဒီသမာပတ်တို့ကို တပည့်တော်တို့ ရပါတယ်' လို့ အရှင်ဘုရားအား လျှောက်ဖူးပါ သလားဘုရား"

"ငါ့ရှင်တို့ . . သင်တို့ဟာ ငါ့အား အဲဒီလို မလျှောက်ဖူးကြဘူး၊ ဒါပေမဲ့ 'သင်တို့ အဲဒီသမာပတ်တွေကို ရတယ်လို့ ငါ သိတယ်။ နတ်တွေကလည်း အဲဒီအကြောင်းကို ငါ့အား လာရောက် လျှောက်ထားကြတယ်။ မြတ်စွာဘုရား မေးတော်မူလို့ အဲဒီ အကြောင်းကို ငါ လျှောက်ထားလိုက်ခြင်း ဖြစ်တယ်။"

၃၃၁။ အဲဒီအခါမှာ ဒီဃပရဇနနတ်စစ်သူကြီးဟာ မြတ်စွာဘုရားအထံတော်သို့ ချဉ်းကပ်ကာ အခုလို လျှောက်ထား ခဲ့ပါတယ်–

(၃၁၈)

"မြတ်စွာဘုရား. . .ဝဇ္ဇီတိုင်းသားတို့ ကံကောင်းလိုက်ကြတာဘုရား။ သူတို့ရဲ့ ဝဇ္ဇီတိုင်းမှာ မြတ်စွာဘုရား ကိုယ်တော်တိုင် သီတင်းသုံးနေရုံမျှမက အရှင်အနုရုဒ္ဓါ၊ အရှင်နန္ဒိယနှင့် အရှင်ကိမိလ ဆိုတဲ့ အမျိုးကောင်းသား ရဟန်းတော်များလည်း သီတင်းသုံးနေကြပါတယ်ဘုရား။"

အဲဒီနတ်စစ်သူကြီးရဲ့ လျှောက်ထားသံကို ကြားရတဲ့အခါ ဘုမ္မစိုးနတ်များအစ ဗြဟ္မာများအဆုံး တစ်လောကလုံးက ဝဇ္ဇီတိုင်းသားများ ကံကောင်းကြကြောင်း ကြွေးကြော်ခဲ့ကြပါတယ်။

အဲဒီအခါမှာ မြတ်စွာဘုရားက "မှန်တယ် ဒီဃ. . . မှန်တယ်၊ တစ်လောကလုံး မည်သူမဆို ဒီအမျိုးကောင်းသား ရဟန်းတော် သုံးပါးကို ကြည်ညိုစိတ်နဲ့ အောက်မေ့အမှတ်ရမယ်ဆိုလျှင် အဲဒီအောက်မေ့ အမှတ်ရသူမှာ ကြာမြင့်စွာ ကောင်းကျိုးတရားများပြားနိုင်တယ်။ ဒီအမျိုးကောင်းသား ရဟန်းတော်သုံးပါးတို့ရဲ့ အများအကျိုးငှာ ကျင့်ပုံ၊ လောကအကျိုးငှာ ကျင့်ပုံ၊ နတ်လူတို့ အကျိုးငှာ ကျင့်ပုံကို ရှုလော့" လို့ မိန့်ကြားတော် မူခဲ့ပါတယ်။

အဲဒီလို ဟောကြားတော်မူတဲ့ မြတ်စွာဘုရားရဲ့ တရားတော်ကို နှစ်သက်သဘောကျပြီး ဒီဃပရဇနနတ်စစ်သူကြီးဟာ သာဓုအနုမောဒနာ ခေါ်ဆိုခဲ့ပါတယ်။

**စူဠဂေါသိင်္ဂသုတ် ပြီး၏။**

❁ ❁ ❁

## ၂–မဟာဂေါသိင်္ဂသုတ်

၃၃၂။ အခါတစ်ပါးမှာ ဂေါသိင်္ဂအင်ကြင်းတောမှာ မြတ်စွာဘုရား သီတင်းသုံးနေတော်မူပါတယ်။ မြတ်စွာဘုရားရဲ့ တပည့်သာဝကများဖြစ်ကြတဲ့ ထင်ရှားကျော်ကြားတဲ့ မထေရ်ကြီးများစွာလည်း မြတ်စွာဘုရားနှင့် အတူ သီတင်းသုံး နေထိုင်ကြပါတယ်။ အဲဒီမထေရ်ကြီးများကတော့ အရှင် သာရိပုတ္တရာ၊ အရှင်မဟာမောဂ္ဂလာန်၊ အရှင်မဟာကဿပ၊ အရှင်အနုရုဒ္ဓါ၊ အရှင်ရေဝတ၊ အရှင်အာနန္ဒာ အစရှိတဲ့ မထေရ်ကြီးများ ဖြစ်ကြပါတယ်။ အဲဒီအခါမှာ အရှင်မဟာ မောဂ္ဂလာန်၊ အရှင်မဟာကဿပနှင့် အရှင်အနုရုဒ္ဓါတို့ဟာ အရှင်သာရိပုတ္တရာအထံသို့ တရားနာကြွသွားကြပါတယ်။ အရှင်အာနန္ဒာကလည်း အရှင်ရေဝတကိုခေါ်ပြီး အရှင် သာရိပုတ္တရာအထံ တရားနာ ကြွသွားခဲ့ပါတယ်။

၃၃၃။ အရှင်ရေဝတနှင့် အရှင်အာနန္ဒာတို့ ကြွလာကြတာကို အရှင်သာရိပုတ္တရာ မြင်တော်မူတဲ့အခါ အခုလို ခရီးဦးကြိုဆိုပြီး မေးမြန်းပါတယ်–

"ငါ့ရှင်အာနန္ဒာ. . . ကြွကြွ၊ ငါ့ရှင်လို ဘုရားရှင်ရဲ့ အလုပ်အကြွေးတစ်ပါး၊ ဘုရားရှင်ရဲ့ အနီးနေတစ်ပါး ကြွလာတာ အင်မတန် မင်္ဂလာရှိပါတယ်။ ဒီဂေါသိင်္ဂအင်ကြင်းတောကြီးဟာ မွေ့လျော်ဖွယ်ကောင်းလှတယ်။ အချိန်ကလည်း သာယာလှပတဲ့ ညအချိန်အခါ ဖြစ်တယ်။ အင်ကြင်းပင်တွေလည်း ဝေဆာလှပစွာ ပင်လုံးကျွတ် ပွင့်နေကြတယ်။ နတ်ပန်းရနံ့နှင့် တူတဲ့ ပန်းရနံ့

များလည်း သင်းပျံ့ကြိုင်လှိုင်နေတယ်။ ငါ့ရှင်. . . ဘယ်လို ရဟန်းမျိုးနဲ့မှ ဒီအင်ကြင်းတောကြီးဟာ တင့်တယ်လေမည်လဲ?"

"အရှင်ဘုရား. . . စာပေပရိယတ္တိ တတ်သိကျွမ်းကျင်ပြီး ပရိသတ်လေးပါးကို ကောင်းစွာ တရားဟောနိုင်တဲ့ ရဟန်းနဲ့မှ ဒီဂေါသိင်္ဂ အင်ကြင်းတောကြီးဟာ တင့်တယ်ပါမည်ဘုရား။"

၃၃၄။ "ငါ့ရှင့်ရေဝတကကော ဘယ်လိုထင်သလဲ?"

"အရှင်ဘုရား. . . တစ်ပါးတည်း ပျော်မွေ့ပြီး သမထဝိပဿနာ တရားကို ကြိုးစားအားထုတ်တဲ့ ရဟန်းနဲ့မှ ဒီဂေါသိင်္ဂ အင်ကြင်းတောကြီးဟာ တင့်တယ်ပါမည်ဘုရား။"

၃၃၅။ "ငါ့ရှင်အနုရုဒ္ဓါကကော ဘယ်လိုထင်သလဲ?"

"ဒိဗ္ဗစက္ခုအဘိညာဉ်ဖြင့် လောကကို မြင်နိုင်တဲ့ ရဟန်းနဲ့မှ ဒီဂေါသိင်္ဂ အင်ကြင်းတောကြီးဟာ တင့်တယ်ပါမည်ဘုရား-"

၃၃၆။ "အရှင်မဟာကဿပကကော ဘယ်လို ထင်ပါသလဲ ဘုရား"

"အရှင်ဘုရား. . . တောမှာ နေခြင်း၊ ဆွမ်းခံခြင်း၊ ပံ့သကူသင်္ကန်းကို ဝတ်ရုံခြင်း၊ သင်္ကန်းသုံးထည်သာဆောင်ခြင်း၊ အလိုနည်းခြင်း၊ ရသမျှနှင့် ရောင့်ရဲခြင်း၊ ဆိတ်ငြိမ်ရာမှာ နေခြင်း၊ လူတို့နှင့် မရောနှောခြင်း၊ ကြိုးစားအားထုတ်ခြင်း၊ သီလသမာဓိ-ပညာတို့နှင့် ပြည့်စုံခြင်း၊ အရဟတ္တဖိုလ်နှင့် ပြည့်စုံခြင်း၊ ပစ္စဝေက္ခဏာ-ဉာဏ်နှင့် ပြည့်စုံခြင်း အစရှိတဲ့ ဂုဏ်များနှင့် ပြည့်စုံတဲ့ ရဟန်းနဲ့မှ ဒီဂေါသိင်္ဂအင်ကြင်းတောကြီးဟာ တင့်တယ်ပါမည်ဘုရား။

၃၃၇။ "အရှင်မဟာမောဂ္ဂလာန်ကကော ဘယ်လို ထင်ပါသလဲ ဘုရား။"

"အဘိဓမ္မာတရားကို ဆွေးနွေးမေးဖြေပြီး တရားစကား ပြောလေ့ရှိတဲ့ ရဟန်းနဲ့မှ ဒီဂေါသိင်္ဂအင်ကြင်းတောကြီးဟာ တင့်တယ်ပါမည်ဘုရား"

၃၃၈။ အဲဒီအခါမှာ အရှင်မဟာမောဂ္ဂလာန်က အရှင်သာရိပုတ္တရာအား အခုလို လျှောက်ထားခဲ့ပါတယ် —

"အရှင်ဘုရား. . . တပည့်တော်တို့အားလုံးဟာ ကိုယ်ထင်တဲ့အတိုင်း ဖြေပြီးကြပါပြီ။ အရှင်ဘုရားကကော ဘယ်လို ထင်ပါသလဲဘုရား-"

"ငါ့ရှင်မောဂ္ဂလာန်. . . ဥပမာအားဖြင့် မင်းကြီးမှာ ဖြစ်စေ၊ မင်းရဲ့ အမတ်ကြီးမှာဖြစ်စေ၊ အရောင်အမျိုးမျိုး ဆိုးထားတဲ့ ဝတ်လဲတော်ပုဆိုးများနဲ့ ပြည့်နေတဲ့ ဝတ်လဲတော်သေတ္တာ ရှိတယ်ဆိုပါတော့။ အဲဒီမင်းကြီး၊ သို့မဟုတ် အမတ်ကြီးဟာ နံနက်အချိန်မှာလည်း ဝတ်လိုတဲ့ ဝတ်လဲတော်ကို ကောက်ဝတ် နိုင်တယ်၊ နေ့လယ်အချိန်မှာလည်း ဝတ်လိုတဲ့ ဝတ်လဲတော်ကို ကောက်ဝတ်နိုင်တယ်၊ ညနေအချိန်မှာလည်း ဝတ်လိုတဲ့ ဝတ်လဲတော်ကို ကောက်ဝတ်နိုင်တယ်။ ငါ့ရှင်မောဂ္ဂလာန်. . . ထို့ အတူပဲ ရဟန်းတစ်ပါးဟာ စိတ်ကို မိမိအလိုအတိုင်း ဖြစ်စေနိုင်တယ်၊ မိမိက စိတ်ရဲ့ အလိုသို့ မလိုက်ဘူး။ နံနက်မှာလည်း အလိုရှိတဲ့ သမာပတ်နဲ့ နေနိုင်တယ်၊ နေလယ်မှာလည်း အလိုရှိတဲ့ သမာပတ်နဲ့ နေနိုင်တယ်။ ညနေမှာလည်း အလိုရှိတဲ့ သမာပတ်နဲ့ နေနိုင်တယ်။

ငါ့ရှင်မောဂ္ဂလာန်. . . အဲဒီလို ရဟန်းမျိုးနဲ့မှ ဒီဂေါသိင်္ဂအင်ကြင်း-တောကြီးဟာ တင့်တယ်လိမ့်မယ်။

၃၃၉။ အဲဒီနောက်မှာတော့ အရှင်သာရိပုတ္တရာအစရှိတဲ့ မထေရ်ကြီးများဟာ မြတ်စွာဘုရားအထံတော်သို့ ချဉ်းကပ်ခဲ့ကြတယ်။ မြတ်စွာဘုရားအထံတော်ရောက်တော့ အရှင်သာရိပုတ္တရာက မြတ်စွာဘုရားအား အခုလို လျှောက်ထားခဲ့ပါတယ် –

"မြတ်စွာဘုရား. . . တပည့်တော်တို့ရဲ့ အဖြေတွေထဲမှာ ဘယ်သူရဲ့ အဖြေဟာ အကောင်းဆုံးပါလဲဘုရား။"

"သာရိပုတ္တရာ. . . သင်တို့အားလုံးရဲ့ အဖြေများဟာ ကိုယ်နည်းကိုယ်ဟန်နဲ့ကိုယ် ကောင်းကြပါတယ်။ ဒါပေမဲ့ အဲဒီအကြောင်းအရာနဲ့ ပတ်သက်ပြီး ငါဘုရားရဲ့ အဖြေကိုလည်း နာယူကြဦး။ သာရိပုတ္တရာ. . . ရဟန်းတစ်ပါးဟာ ဆွမ်းခံပြန်ကြွလာတဲ့ အခါမှာ 'ရဟန္တာ မဖြစ်သမျှ ငါမထတော့အံ့'လို့ အဓိဋ္ဌာန်ကာ တရားထိုင်တယ်။ သာရိပုတ္တရာ. . . အဲဒီလို ရဟန်းမျိုးနဲ့မှ ဒီဂေါသိင်္ဂအင်ကြင်းတောကြီးဟာ တင့်တယ်လိမ့်မယ်"လို့ မိန့်ကြားတော်မူခဲ့ပါတယ်။

မြတ်စွာဘုရားရဲ့ အဲဒီမိန့်ကြားတော်မူချက်ကို နှစ်သက်သဘောကျပြီး အဲဒီမထေရ်ကြီးများဟာ သာဓုအနုမောဒနာခေါ်ဆိုခဲ့ကြပါတယ်။

**မဟာဂေါသိင်္ဂသုတ် ပြီးပြီ။**

❋ ❋ ❋

## ၃-မဟာဂေါပါလကသုတ်

၃၄၆။ အခါတစ်ပါးမှာ သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်မှာ မြတ်စွာဘုရား သီတင်းသုံးနေတော်မူပါတယ်။ အဲဒီအခါမှာ မြတ်စွာဘုရားက ရဟန်းများအား အခုလို မိန့်ကြားတော်မူခဲ့ပါတယ်—

ရဟန်းတို့ . . . အချက်အလက် ဆယ့်တစ်မျိုးရှိတဲ့ နွားကျောင်းသားဟာ နွားအုပ်ကို မစောင့်ရှောက်နိုင်၊ နွားအုပ်ကို မကြီးပွားစေနိုင်။ အချက်အလက် ဆယ့်တစ်မျိုးဆိုတာက- (၁) နွားကျောင်းသားဟာ နွားရဲ့ ရုပ်အဆင်းကိုလည်း မသိ၊ (၂) နွားလက္ခဏာ နွားအမှတ်အသားကိုလည်း မကျွမ်းကျင်၊ (၃) ယင်ချေးဥ တိုးပွားသည်ကိုလည်း မပယ်ဖျောက်၊ (၄) အနာကိုလည်း ဆေးထည့်ပြီး ဖုံးလွှမ်းမပေး၊ (၅) မီးခိုးရအောင်လည်း စီရင်မပေး၊ (၆) ရေဆိပ်ကိုလည်း မသိ၊ (၇) နွားများ ရေသောက်ပြီး မပြီးကိုလည်း မသိ၊ (၈) လမ်းခရီးကိုလည်း မသိ၊ (၉) ကျက်စားရာ နွားစားကျက်ကိုလည်း မကျွမ်းကျင်၊ (၁၀) နို့ရည်ကိုလည်း ကုန်အောင် ညှစ်တယ်၊ (၁၁) နွားတွေရဲ့ ဖခင် နွားတွေရဲ့ ဦးစီးဖြစ်တဲ့ နွားလားဥသဘတို့ကို ထူးထူးကဲကဲ မပူဇော်။ ရဟန်းတို့ . . . ဒီအချက်အလက် ဆယ့်တစ်မျိုးရှိတဲ့ နွားကျောင်းသားဟာ နွားအုပ်ကိုမစောင့်ရှောက်နိုင်၊ နွားအုပ်ကို မကြီးပွားစေနိုင်။

ရဟန်းတို့ . . ထို့အတူပဲ တရားဆယ့်တစ်ပါးရှိတဲ့ ရဟန်းဟာ ငါဘုရားရဲ့သာသနာတော်မှာ ကြီးပွားခြင်းသို့ မရောက်နိုင်။ တရားဆယ့်တစ်ပါးဆိုတာက- (၁) ရဟန်းဟာ ရုပ်အဆင်းကိုလည်း မသိ၊ (၂) အမှတ်လက္ခဏာကိုလည်း မကျွမ်းကျင်၊ (၃) ယင်ချေးဥ တိုးပွားသည်ကိုလည်း မပယ်ဖျောက်၊ (၄) အနာကိုလည်း မဖုံးလွှမ်း၊ (၅) မီးခိုးရအောင်လည်း စီရင်မပေး၊ (၆) ရေဆိပ်ကိုလည်း မသိ၊ (၇) ရေသောက်ပြီးသည် မပြီးသည်ကိုလည်း မသိ၊ (၈) လမ်းခရီးကိုလည်း မသိ၊ (၉) ကျက်စားရာ စားကျက်ကိုလည်း မကျွမ်းကျင်၊ (၁၀) နို့ရည်ကိုလည်း ကုန်အောင် ညှစ်တယ်၊ (၁၁) သံဃာ့ဖခင် သံဃာ့ဦးစီးဖြစ်တဲ့ မထေရ်ကြီးများကိုလည်း ထူးထူးကဲကဲ မပူဇော်။

၃၄၇။ ရဟန်းတို့ . . ရုပ်အဆင်းကို ရဟန်း မသိပုံကတော့- ရဟန်းဟာ "ရုပ်ဆိုတာ မဟာဘုတ်လေးပါးနှင့် ဥပါဒါရုပ်ပဲ" လို့ အမှန်အတိုင်းမသိ။ ရဟန်းတို့ . . ဒါဟာ ရုပ်အဆင်းကို ရဟန်း မသိပုံ ဖြစ်တယ်။

ရဟန်းတို့ . . အမှတ်လက္ခဏာကို ရဟန်း မကျွမ်းကျင်ပုံကတော့- ရဟန်းဟာ "လူမိုက်ရဲ့ အမှတ်လက္ခဏာကား မကောင်းမှုဖြစ်တယ်။ လူလိမ္မာရဲ့ အမှတ်လက္ခဏာကား ကောင်းမှုဖြစ်တယ်"

လို့ အမှန်အတိုင်း မသိ။ ရဟန်းတို့ . . ဒါဟာ အမှတ်လက္ခဏာကို ရဟန်း မကျွမ်းကျင်ပုံ ဖြစ်တယ်။

ရဟန်းတို့ . . ယင်ချေးဥတိုးပွားသည်ကို ရဟန်း မပယ်ဖျောက်ပုံကတော့- ရဟန်းဟာ ကာမဂုဏ်ကို ကြံစည်ခြင်း၊ ဖျက်စီးရန် ကြံစည်ခြင်း၊ ညှဉ်းဆဲရန် ကြံစည်ခြင်းအစရှိတဲ့ ဖြစ်ပေါ်လာတဲ့ အကုသိုလ်တရားတို့ကို ဖျောက်ဖျက်မပစ်ဘဲ လက်ခံထားတယ်။ ရဟန်းတို့ . . ဒါဟာ ယင်ချေးဥတိုးပွားသည်ကို ရဟန်း မပယ်ဖျောက်ပုံ ဖြစ်တယ်။

ရဟန်းတို့ . . အနာကို ရဟန်း မဖုံးလွှမ်းပုံကတော့- ရဟန်းဟာ မျက်စိနဲ့ အဆင်းကို မြင်ရတဲ့အခါ ယောကျ်ားပဲ မိန်းမပဲဆိုတဲ့ အမှတ်အသားကို ထားတယ်၊ လက်ခြေစတဲ့ အင်္ဂါကြီးငယ်ကို စွဲလမ်းတယ်၊ မျက်စိဣန္ဒြေကို မစောင့်စည်း၊ အဲဒီလို မစောင့်စည်းခြင်းကြောင့် မက်မောခြင်း၊ စိတ်မချမ်းသာခြင်း စတဲ့ အကုသိုလ်တရားများ တိုးပွားကြတယ်။

-နားနဲ့ အသံကို ကြားတဲ့အခါ

-နှာခေါင်းနဲ့ အနံ့ကို ရှူတဲ့အခါ

-လျှာနဲ့ အရသာကို လျက်တဲ့အခါ

-ကိုယ်နဲ့ တွေ့ထိစရာကို တွေ့ထိတဲ့အခါ

-စိတ်နဲ့ သိစရာကို သိတဲ့အခါတို့မှာလည်း ထို့အတူပဲ ဖြစ်တယ်။ ရဟန်းတို့ . . ဒါဟာ အနာကို ရဟန်း မဖုံးလွှမ်းပုံ ဖြစ်တယ်။

ရဟန်းတို့ . . မီးခိုးရအောင် ရဟန်းစီရင်မပေးပုံကတော့- ရဟန်းဟာ မိမိသင်ယူတတ်မြောက်ပြီးတဲ့ တရားတော်ကို သူတစ်ပါးတို့အား အကျယ်မဟောကြား။ ရဟန်းတို့ . . ဒါဟာ မီးခိုးရအောင် ရဟန်းစီရင်မပေးပုံ ဖြစ်တယ်။

ရဟန်းတို့ . . ရေဆိပ်ကို ရဟန်း မသိပုံကတော့- ရဟန်းဟာ စာတတ်ပေတတ် ပညာတတ်ဆရာတော်ကြီးများအထံသို့ ချဉ်းကပ်၍ ဆွေးနွေးမေးမြန်းမှု မပြု။ ရဟန်းတို့ . . ဒါဟာ ရေဆိပ်ကို ရဟန်း မသိပုံ ဖြစ်တယ်။

ရဟန်းတို့ . . ရေသောက်ပြီးသည် မပြီးသည်ကို ရဟန်း မသိပုံကတော့- ရဟန်းဟာ တရားဒေသနာတော်ကို ကြားနာရတဲ့အခါ နှစ်သက်ဝမ်းမြောက်မှု မရှိ၊ ရဟန်းတို့ . . ဒါဟာ ရေသောက်ပြီးသည် မပြီးသည်ကို ရဟန်း မသိပုံ ဖြစ်တယ်။

ရဟန်းတို့ . . လမ်းခရီးကို ရဟန်း မသိပုံကတော့- ရဟန်းဟာ မြင့်မြတ်တဲ့ မဂ္ဂင်တရား ရှစ်ပါးကို အမှန်အတိုင်း မသိ။ ရဟန်းတို့ . . ဒါဟာ လမ်းခရီးကို ရဟန်း မသိပုံ ဖြစ်တယ်။

ရဟန်းတို့. . . ကျက်စားရာ စားကျက်ကို ရဟန်း မကျွမ်းကျင်ပုံကတော့- ရဟန်းဟာ သတိပဋ္ဌာန်တရား လေးပါးကို အမှန်အတိုင်း မသိ။ ရဟန်းတို့. . . ဒါဟာ ကျက်စားရာ စားကျက်ကို ရဟန်း မကျွမ်းကျင်ပုံ ဖြစ်တယ်။

ရဟန်းတို့. . . နို့ရည်ကို ကုန်အောင် ရဟန်း ညှစ်ပုံကတော့- သဒ္ဓါတရားရှိတဲ့ ဒကာဒကာမများက ဆက်ကပ်လှူဒါန်းတဲ့ သင်္ကန်း, ဆွမ်း, ကျောင်း, ဆေး-ဆိုတဲ့ ပစ္စည်းလေးပါးကို အလှူခံရာ၌ အတိုင်းအရှည်ကို မသိ။ ရဟန်းတို့. . . ဒါဟာ နို့ရည်ကို ကုန်အောင် ရဟန်းညှစ်ပုံ ဖြစ်တယ်။

ရဟန်းတို့. . . သံဃာ့ဖခင် သံဃာ့ဦးစီးဖြစ်တဲ့ မထေရ်ကြီး များကို ထူးထူးကဲကဲ ရဟန်း မပူဇော်ပုံကတော့- ရဟန်းဟာ သံဃာ့ဖခင် သံဃာ့ဦးစီးဖြစ်တဲ့ မထေရ်ကြီးများအပေါ်မှာ မျက်မှောက်ကာယကံမေတ္တာ, မျက်ကွယ်ကာယကံမေတ္တာလည်း မထား၊ မျက်မှောက်ဝစီကံမေတ္တာ, မျက်ကွယ်ဝစီကံမေတ္တာလည်း မထား၊ မျက်မှောက်မနောကံမေတ္တာ, မျက်ကွယ်မနောကံ မေတ္တာလည်းမထား။ ရဟန်းတို့. . . ဒါဟာ သံဃာ့ဖခင်, သံဃာ့ဦးစီးဖြစ်တဲ့ မထေရ်ကြီးများကို ထူးထူးကဲကဲ ရဟန်း မပူဇော်ပုံ ဖြစ်တယ်။

ရဟန်းတို့. . . ဒီတရား ဆယ့်တစ်ပါးရှိတဲ့ ရဟန်းဟာ ငါဘုရားရဲ့သာသနာတော်မှာ ကြီးပွားခြင်းသို့ မရောက်နိုင်။

အဲဒီလို ဟောကြားတော်မူတဲ့ မြတ်စွာဘုရားရဲ့ တရားတော်ကို နှစ်သက်သဘောကျကာ ရဟန်းများဟာ သာဓုအနုမောဒနာ ခေါ်ဆိုခဲ့ကြပါတယ်။

**မဟာဂေါပါလကသုတ် ပြီးပြီ။**

❊ ❊ ❊

## ၄–စူဠဂေါပါလကသုတ်

၃၅၀။ အခါတစ်ပါးမှာ ဝဇ္ဇီတိုင်း ဥက္ကစေလမြို့ ဂင်္ဂါမြစ်ကမ်းမှာ မြတ်စွာဘုရား သီတင်းသုံးနေတော်မူပါတယ်။ အဲဒီအခါမှာ မြတ်စွာဘုရားက ရဟန်းတို့အား အခုလို မိန့်ကြားတော်မူခဲ့ပါတယ်-

ရဟန်းတို့ . . ရှေးက ဖြစ်ဖူးတာ တစ်ခုကတော့- ပညာမဲ့တဲ့ နွားကျောင်းသားတစ်ယောက်ဟာ မိုးများတဲ့ တန်ဆောင်မုန်းလ အခါကြီးမှာ ဂင်္ဂါမြစ်ရဲ့ ဒီဘက်ကမ်းကိုလည်း မဆင်ခြင်၊ ဟိုဘက်-ကမ်းကိုလည်း မဆင်ခြင်ဘဲ နွားတို့ကို ဆိပ်ကမ်းမကောင်းတဲ့ နေရာမှ မြောက်ဘက်ကမ်းသို့ ကူးမြောက်စေခဲ့တယ်။ အဲဒီအခါမှာ နွားများဟာ ဂင်္ဂါမြစ်ရဲ့အလယ် ရေစီးထဲမှာ ချာချာလည်ပြီး အဲဒီ ရေစီးထဲမှာပဲ နစ်မျော သေကုန်ကြတယ်။ ရဟန်းတို့ . . အဲဒီလို နွားများ သေကြရတာဟာ နွားကျောင်းသား ပညာမဲ့သောကြောင့် ဖြစ်တယ်။

ရဟန်းတို့ . . ထို့အတူပဲ တချို့ရဟန်းပုဏ္ဏားတို့ဟာ မျက်မှောက်လောကကိုလည်း မကျွမ်းကျင်ကြ၊ တမလွန်လောက ကိုလည်း မကျွမ်းကျင်ကြ၊ သေမင်းရဲ့ နယ်ပယ်လောကီ တရားကိုလည်း မကျွမ်းကျင်ကြ၊ သေမင်းရဲ့ နယ်ပယ်မဟုတ်တဲ့ လောကုတ္တရာတရားကိုလည်း မကျွမ်းကျင်ကြ၊ အဲဒီရဟန်း ပုဏ္ဏားတို့ရဲ့စကားကို နာယူထိုက်၊ ယုံကြည်ထိုက်တယ်-လို့ ထင်မှတ်နေသူများဟာ ကြာမြင့်စွာ ဆင်းရဲဒုက္ခ ခံစားကြရလိမ့်မယ်။

ရဟန်းတို့ . . ရှေးက ဖြစ်ဖူးတာ တစ်ခုကတော့- ပညာရှိတဲ့ နွားကျောင်းသားတစ်ယောက်ဟာ မိုးများတဲ့ တန်ဆောင်မုန်းလ အခါကြီးမှာ ဂင်္ဂါမြစ်ရဲ့ ဒီဘက်ကမ်းကိုလည်း ဆင်ခြင်၊ ဟိုဘက်ကမ်း ကိုလည်း ဆင်ခြင်ကာ နွားတွေကို ဆိပ်ကမ်းကောင်းတဲ့ နေရာမှ မြောက်ဘက်ကမ်းသို့ ကူးမြောက်စေတယ်။ နွားတို့ရဲ့ ဖခင် နွားတို့ရဲ့ ခေါင်းဆောင်ဖြစ်တဲ့ နွားလားဥသဘတို့ကို ပထမဦးဆုံး ကူးမြောက်စေတယ်။ နွားလားဥသဘတို့ဟာ ဂင်္ဂါမြစ်ရဲ့ ရေစီးကို ဖီလာကန့်လန့်ဖြတ်ကာ ဟိုဘက်ကမ်းသို့ ချမ်းသာစွာ ရောက်ကြတယ်။ အဲဒီနောက်မှာ တခြားအားကောင်းတဲ့ နွားတွေနှင့် နွားသိုးတွေ၊ နွားပေါက်နှင့် နွားမတန်းတွေ၊ နွားငယ် ကလေးများနှင့် ပိန်ကြုံအားနည်းတဲ့ နွားတွေကို တစ်သုတ်ပြီး တစ်သုတ် ကူးမြောက်စေခဲ့တယ်။ အဲဒီနွားတွေဟာ ဂင်္ဂါမြစ်ရဲ့ ရေစီးကို ဖီလာကန့်လန့် ဖြတ်ကာ ဟိုဘက်ကမ်းသို့ ချမ်းသာစွာ ရောက်ကြတယ်။

ရဟန်းတို့ . . ရှေးက ဖြစ်ဖူးတာ တစ်ခုကတော့- ပေါက်ဖွား ကာစ နုနယ်လှတဲ့ နွားပေါက်စကလေးဟာ မိခင်နွားမကြီးရဲ့ ရှူးရှူးဆိုတဲ့ အသံကို မှတ်သားကာ မျှောကူးသွားတယ်။ အဲဒီနွားပေါက်စကလေးဟာလည်း ဂင်္ဂါမြစ်ရဲ့ရေစီးကို ဖီလာကန့်လန့် ဖြတ်ကာ ဟိုဘက်ကမ်းသို့ ချမ်းသာစွာ ရောက်ခဲ့တယ်။ ရဟန်းတို့ . . အဲဒါ ဘာ့ကြောင့်လဲဆိုတော့ နွားကျောင်းသားဟာ ပညာရှိသောကြောင့် ဖြစ်တယ်။

ရဟန်းတို့ . . ထို့အတူပဲ ရဟန္တာပုဂ္ဂိုလ်များ၊ အနာဂါမ် ပုဂ္ဂိုလ်များ၊ သကဒါဂါမ်ပုဂ္ဂိုလ်များ၊ သောတာပန်ပုဂ္ဂိုလ်များဟာ သံသရာရေစီးကို ဖီလာကန့်လန့် ဖြတ်ကာ နိဗ္ဗာန်ဆိုတဲ့ တစ်ဘက်ကမ်းသို့ ချမ်းသာစွာ ရောက်ကြတယ်။ တရားတော်ကို သဒ္ဓါတရားနဲ့ ပွားများလေ့ရှိသူများဟာလည်း သံသရာရေစီးကို ဖီလာကန့်လန့် ဖြတ်ကာ နိဗ္ဗာန်ဆိုတဲ့ တစ်ဘက်ကမ်းသို့ ချမ်းသာစွာ ရောက်ကြလိမ့်မယ်။

ရဟန်းတို့ . . ငါဘုရားဟာ မျက်မှောက်လောကကိုလည်း ကျွမ်းကျင်တော်မူတယ်၊ တမလွန်လောကကိုလည်း ကျွမ်းကျင်တော်မူတယ်။ သေမင်းရဲ့ နယ်ပယ် လောကီတရားကိုလည်း ကျွမ်းကျင်တော်မူတယ်၊ သေမင်းရဲ့ နယ်ပယ်မဟုတ်တဲ့ လောကုတ္တရာတရားကိုလည်း ကျွမ်းကျင်တော်မူတယ်။ ရဟန်းတို့ . . ငါဘုရားရဲ့ စကားတော်ကို နာယူထိုက် ယုံကြည်ထိုက်တယ်လို့ နားလည်သဘောပေါက်သူများဟာ ကောင်းကျိုးချမ်းသာကို ကြာမြင့်စွာ ခံစားကြရလိမ့်မယ်။

မြတ်စွာဘုရားဟာ အဲဒီလို ဟောကြားတော်မူပြီး ဂါထာများဖြင့်လည်း အခုလို ဆက်လက် ဟောကြားတော်မူခဲ့ပါတယ်–

* တရားအားလုံးကို သိတော်မူသော မြတ်စွာဘုရားသည်
မျက်မှောက်လောကနှင့် တမလွန်လောကတို့ကို

ဟောကြားတော်မူပြီ။ သေမင်းရောက်နိုင်ရာ
လောကီတရားနှင့် သေမင်းမရောက်နိုင်ရာ
လောကုတ္တရာတရားတို့ကို ဟောကြားတော်မူပြီ။

* တရားအားလုံးကို သိတော်မူသော မြတ်စွာဘုရားသည်
လောကအားလုံးကို သိတော်မူ၍ သတ္တဝါများ
ဘေးကင်းရာနိဗ္ဗာန်သို့ ရောက်ဖို့ရာ နိဗ္ဗာန်တံခါးကို
ဖွင့်ထားတော်မူပြီ။

* မာရ်နတ်ရဲ့ တဏှာရေစီးကို ဖြတ်တောက်ပြီး
ပြီ။ မာနကျူရိုးကို ဖြတ်ချိုးပြီးပြီ။
ရဟန်းတို့ . . များစွာ ဝမ်းမြောက်ကြကုန်လော့၊
ဘေးကင်းရာ အရဟတ္တဖိုလ်ကို
တောင့်တကြကုန်လော့။

**စူဠဂေါပါလကသုတ် ပြီးပြီ။**

❊ ❊ ❊

## ၅–စုနက္ခသစ္စကသုတ်

၃၅၃။ အခါတစ်ပါးမှာ ဝေသာလီမြို့ မဟာဝုန်တော ပြာသာဒ်ဆောင်ပါတဲ့ ကျောင်းတော်ကြီးမှာ မြတ်စွာဘုရား သီတင်းသုံးနေတော်မူပါတယ်။ အဲဒီအခါမှာ နိဂဏ္ဌတက္ကတွန်းရဲ့သား သစ္စကဟာ ဝေသာလီမြို့မှာ နေပါတယ်။ သူဟာ စကားပြိုင်ဆိုင် ပြောဆိုတတ်သူ ဖြစ်တယ်။ "ငါဟာ ပညာရှိ" လို့ ပြောဆိုတတ်သူ ဖြစ်တယ်။ လူပေါင်းများစွာက 'သူတော်ကောင်း' လို့ သတ်မှတ် ခံထားရသူ ဖြစ်တယ်။ အဲဒီသစ္စကဟာ ဝေသာလီမြို့ ပရိသတ် အလယ်မှာ အခုလို ပြောဆိုနေတယ်။

"ငါ အပြစ်တင်လိုက်လျှင် မတုန်လှုပ် မချောက်ချားမည့် ပုဂ္ဂိုလ်ကို ငါ မမြင်။ ငါအပြစ်တင်လိုက်လျှင် မတုန်လှုပ် မချောက်ချားမည့် ဘုရား- လို့ ဝန်ခံထားသူကိုပင် ငါ မမြင်။ ငါ အပြစ်တင်လိုက်လျှင် ချိုင်းကြားမှ ချွေးများ ယိုစီးမကျမည့် ပုဂ္ဂိုလ်ကို ငါ မမြင်။ ငါ အပြစ်တင်လိုက်လျှင် ချိုင်းကြားမှ ချွေးများ ယိုစီး မကျမည့် ဘုရားလို့ ဝန်ခံထားသူကိုပင် ငါ မမြင်။ အသက်မရှိတဲ့ သစ်တုံးသည်ပင် ငါရဲ့ အပြစ်တင်မှုကို ခံရလျှင် တုန်လှုပ် ချောက်ချားနိုင်စရာရှိတယ်။ လူသားအတွက်တော့ ဘာပြောဖွယ် ရှိတော့မလဲ။"

အဲဒီအချိန်မှာ အရှင်အဿဇိဟာ ဝေသာလီမြို့သို့ ဆွမ်းခံကြွလာတော်မူပါတယ်။ သစ္စကဟာ အရှင်အဿဇိကို တွေ့တဲ့ အခါ အခုလို မေးမြန်းခဲ့ပါတယ်–

"အရှင်အဿဇိ. . . ရဟန်းဂေါတမဟာ တပည့်တွေကို ဘယ်လို ဆုံးမပါသလဲ?"

"သစ္စက. . . မြတ်စွာဘုရားဟာ 'ရဟန်းတို့. . . ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်တို့ဟာ အနိစ္စ, ဒုက္ခ, အနတ္တ ဖြစ်တယ်' လို့ ဆုံးမပါတယ်။"

"အရှင်အဿဇိ. . . အဲဒီလို ဟောပြောလေ့ရှိတဲ့ အရှင်ဂေါတမရဲ့ အကြောင်းကို ကြားရတာ မကောင်းလိုက်တာ။ ငါတို့ တစ်ချိန်ချိန်မှာ အဲဒီအရှင်ဂေါတမနှင့် တွေ့ရကောင်းပါရဲ့၊ စကားပြောရကောင်းပါရဲ့၊ အဲဒီမကောင်းတဲ့ အယူကြီးကို ချွတ်နိုင်ကောင်းပါရဲ့။"

၃၅၄။ အဲဒီအခါမှာ လိစ္ဆဝီမင်းသား ငါးရာတို့ဟာ လွှတ်တော်မှာ ကိစ္စတစ်ခုနဲ့ စည်းဝေးနေကြပါတယ်။ အဲဒီအခါမှာ သစ္စကဟာ လိစ္ဆဝီမင်းသားတို့အထံသို့ သွားပြီး "လိစ္ဆဝီမင်းသားတို့. . .လာကြလော့။ ဒီနေ့ ငါ ရဟန်းဂေါတမနှင့် စကားစစ်ထိုးမယ်" လို့ ပြောကာ လိစ္ဆဝီမင်းသားငါးရာနှင့်အတူ ဘုရားအထံသို့ သွားခဲ့ပါတယ်။

၃၅၅။ အဲဒီအခါမှာ များစွာသော ရဟန်းတို့ဟာ လွင်တီးခေါင်မှာ စင်္ကြံလျှောက်နေကြပါတယ်။ အဲဒီအခါမှာ သစ္စကဟာ ရဟန်းများ အထံသို့ သွားပြီး အခုလို မေးမြန်းခဲ့ပါတယ်–

"အရှင်တို့ . . . အရှင်ဂေါတမ ယခု ဘယ်မှာနေပါသလဲ? အရှင်ဂေါတမကို ကျွန်ုပ် တွေ့လိုပါတယ်။"

"သစ္စက . . . မြတ်စွာဘုရားဟာ မဟာဝုန်တောသို့ ကြွရောက်တော်မူကာ သစ်ပင်ရင်းမှာ သီတင်းသုံးနေတော်မူတယ်။ နေ့ခင်းပိုင်း အနားယူတော်မူတဲ့ အနေနဲ့ပါ။"

အဲဒီအခါမှာ သစ္စကဟာ လိစ္ဆဝီပရိသတ်ကြီးနှင့်အတူ မြတ်စွာဘုရားအထံတော်သို့ သွားခဲ့ပါတယ်။ မြတ်စွာဘုရား အထံတော် ရောက်တော့ ဝမ်းမြောက်ဖွယ် အမှတ်ရဖွယ် စကားများကို ပြောကြားကာ တစ်နေရာမှာ ထိုင်နေပါတယ်။ လိစ္ဆဝီမင်းသားများအနက် တချို့ကတော့ မြတ်စွာဘုရားကို ရှိခိုးဦးချပြီး တစ်နေရာမှာ ထိုင်နေကြပါတယ်။ တချို့ကတော့ ဝမ်းမြောက်ဖွယ် အမှတ်ရဖွယ်စကားများကို ပြောကြားပြီး တစ်နေရာမှာ ထိုင်နေကြပါတယ်။ တချို့ကတော့ မြတ်စွာဘုရား ဘက်သို့ လက်အုပ်ချီလျက် တစ်နေရာမှာ ထိုင်နေကြပါတယ်။ တချို့ကတော့ မြတ်စွာဘုရားရဲ့ အထံတော်မှာ သူတို့ရဲ့ နာမည်နှင့် အမျိုးအနွယ်ကို လျှောက်ထားပြီး တစ်နေရာမှာ ထိုင်နေကြပါတယ်။ တချို့ကတော့ ဘာမျှမပြောဘဲ တစ်နေရာမှာ ထိုင်နေကြပါတယ်။

၃၅၆။ တစ်နေရာမှာ ထိုင်နေတဲ့ သစ္စကဟာ မြတ်စွာဘုရားအား အခုလို မေးမြန်းလျှောက်ထားခဲ့ပါတယ်—

"အရှင်ဂေါတမ. . . အကယ်၍ ခွင့်ပြုမယ်ဆိုလျှင် အကျွန်ုပ် အရှင်ဂေါတမအား ပုစ္ဆာတစ်ခု မေးလိုပါတယ်။"

"သစ္စက. . . သင် မေးလိုရာ မေးပါ။"

"အရှင်ဂေါတမဟာ တပည့်တွေကို ဘယ်လို ဆုံးမလေ့ ရှိပါသလဲ?"

"သစ္စက. . . 'ရဟန်းတို့. . . ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်တို့ဟာ အနိစ္စ, ဒုက္ခ, အနတ္တ ဖြစ်တယ်' လို့ ငါ ဆုံးမလေ့ရှိတယ်။"

"အရှင်ဂေါတမ. . . ဥပမာလေးတွေကို ကျွန်ုပ် ပြောချင် ပါတယ်။"

"ပြောပါ သစ္စက"

"အရှင်ဂေါတမ. . . သစ်ပင်မှန်သမျှဟာ မြေကြီးကို အမှီပြုပြီး ကြီးပွားစည်ပင်ကြရပါတယ်။ ခွန်အားနဲ့ ပြုလုပ်ရတဲ့ လုပ်ငန်း မှန်သမျှကို မြေကြီးကို အမှီပြုပြီး ပြုလုပ်ကြရပါတယ်။ အရှင် ဂေါတမ. . . ထို့အတူပါပဲ ရုပ်ကို အတ္တ-လို့ သတ်မှတ်ထားတဲ့ ပုဂ္ဂိုလ်ဟာ ရုပ်ကို အမှီပြုပြီး ကုသိုလ် အကုသိုလ်ကို ရပါတယ်။ ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်တို့မှာလည်း ထို့အတူပဲ ဖြစ်ပါတယ်။"

"သစ္စက. . . ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်တို့ကို အတ္တ-လို့ သင် ဆိုလိုသည် မဟုတ်လော?"

"မှန်ပါတယ် အရှင်ဂေါတမ. . . ဒါပေမဲ့ ကျွန်ုပ်တစ်ယောက်တည်း ဒီလို ဆိုလိုသည်မဟုတ်ပါ။ လူပေါင်းများစွာကလည်း ဒီလိုပဲ ဆိုလိုပါတယ်။"

"လူပေါင်းများစွာကို လွှဲချလို့ ဘာအကျိုးရှိမှာလဲ? ကိုယ့်ပြဿနာကို ကိုယ့်ဘာသာ ဖြေရှင်းပါ။"

"ဟုတ်ပါတယ် အရှင်ဂေါတမ. . . ကျွန်ုပ် အဲဒီအတိုင်းပဲ ဆိုလိုပါတယ်။"

၃၅၇။ "သစ္စက. . . ဒါဆိုလျှင် သင့်ကိုပဲ ပြန်မေးမယ်၊ သင်သဘောကျသလို ဖြေပါ။ ကောသလမင်း, အဇာတသတ်မင်းတို့ကဲ့သို့သော မင်းများဟာ မိမိတို့နိုင်ငံမှာ အစိုးရသလော? သတ်ထိုက်တဲ့ ပုဂ္ဂိုလ်ကို သတ်နိုင်သလော? စီးပွားဖျက်ပစ်ထိုက်တဲ့ ပုဂ္ဂိုလ်ကို စီးပွားဖျက်ပစ်နိုင်သလော? နှင်ထုတ်ထိုက်တဲ့ ပုဂ္ဂိုလ်ကို နှင်ထုတ်နိုင်သလော?"

"အရှင်ဂေါတမ. . . ဝဇ္ဇီမင်းသားများ, မလ္လမင်းသားများကဲ့သို့သော အသင်းအဖွဲ့များသော်မှ မိမိတို့ နယ်ပယ်မှာ အစိုးရပါသေးတယ်၊ သတ်ထိုက်သူကို သတ်နိုင်ပါသေးတယ်၊ စီးပွားဖျက်ပစ်ထိုက်သူကို စီးပွားဖျက်ပစ်နိုင်ပါသေးတယ်၊ နှင်ထုတ်ထိုက်သူကို နှင်ထုတ်နိုင်ပါသေးတယ်။ ကောသလမင်း, အဇာတသတ်မင်းတို့ကဲ့သို့သော မင်းများအတွက်ကား ဘာပြောဖွယ်ရှိပါတော့မလဲ။"

"သစ္စက. . . 'ရုပ်ဟာ ငါရဲ့ အတ္တ' လို့ သင်ပြောတယ်၊ 'ငါရဲ့ ရုပ်ဟာ ဒီလိုသာ ဖြစ်ပါစေ၊ ငါရဲ့ ရုပ်ဟာ ဒီလိုတော့ မဖြစ်ပါစေနဲ့' လို့ ရုပ်အပေါ်မှာ သင်အစိုးရသလား"

အဲဒီလို မေးတော်မူတဲ့အခါမှာ သစ္စကဟာ ဘာမျှ ပြန်မပြောဘဲ ဆိတ်ဆိတ် နေခဲ့တယ်။ မြတ်စွာဘုရားဟာ ဒုတိယအကြိမ် ထပ်မေးသော်လည်း သစ္စကဟာ ဆိတ်ဆိတ်ပဲ နေခဲ့တယ်။ အဲဒီအခါမှာ မြတ်စွာဘုရားက "သစ္စက. . . ဖြေတော့၊ ဒီအချိန်ဟာ သင် ဆိတ်ဆိတ် နေရမယ့်အချိန်မဟုတ်တော့ဘူး။ မြတ်စွာဘုရား သုံးကြိမ်တိုင်အောင် မေးတော်မူပါလျက် မဖြေကြားဘဲ နေတဲ့ ပုဂ္ဂိုလ်ရဲ့ ဦးခေါင်းဟာ တစ်နေရာတည်းမှာပဲ ခုနစ်စိတ် ကွဲကျလိမ့်မယ်" လို့ သစ္စကအား မိန့်ကြားတော်မူခဲ့ပါတယ်။

အဲဒီအခါမှာ သိကြားမင်းဟာ အလျှံတပြောင်ပြောင် တောက်လောင်နေတဲ့ ဝဇိရစိန်လက်နက်ကို ကိုင်ကာ သစ္စကရဲ့ အထက် ကောင်းကင်မှာ တည်နေပါတယ်။ "ဘုရားရှင်က သုံးကြိမ်တိုင်အောင် မေးပါလျက် သစ္စကက မဖြေခဲ့လျှင် ဒီနေရာမှာပဲ သစ္စကရဲ့ ဦးခေါင်းကို ခုနစ်စိတ် ခွဲလိုက်မယ်" လို့လည်း ကြံရွယ်ထားပါတယ်။ အဲဒီ သိကြားမင်းကို မြတ်စွာဘုရားနှင့် သစ္စကတို့သာ မြင်ကြရပါတယ်။ အဲဒီအခါကျမှ သစ္စကဟာ ထိတ်လန့်တုန်လှုပ်ပြီး မြတ်စွာဘုရားကိုသာ အားကိုးအားထားပြုကာ အခုလို လျှောက်ထားခဲ့ပါတယ်။

"အရှင်ဂေါတမ. . . အရှင်ဂေါတမ ထပ်မေးတော်မူပါ။ အကျွန်ုပ် ဖြေကြားပါမယ်။"

၃၅၈။ "သစ္စက. . . ရုပ်ဟာ ငါရဲ့ အတ္တ-"လို့ သင် ပြောတယ်။ 'ငါရဲ့ ရုပ်ဟာ ဒီလိုသာ ဖြစ်ပါစေ၊ ငါရဲ့ ရုပ်ဟာ ဒီလိုတော့ မဖြစ်ပါစေနဲ့" လို့ ရုပ်အပေါ်မှာ သင် အစိုးရသလား?"

"အစိုးမရပါ အရှင်ဂေါတမ. . ."

"ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်တို့အပေါ်မှာကော သင် အစိုးရသလား?"

"အစိုးမရပါ အရှင်ဂေါတမ. . ."

"သစ္စက. . . စဉ်းစားဦးလော့၊ စဉ်းစားပြီးမှ ဖြေလော့၊ သင်ရဲ့ ရှေ့စကားနှင့် နောက်စကားဟာ မညီညွတ်ပါလား။ သစ္စက. . . ရုပ်ဟာ မြဲသလား? မမြဲဘူးလား?"

"မမြဲပါ အရှင်ဂေါတမ. . ."

"အဲဒီ မမြဲတဲ့ ရုပ်ဟာ ဆင်းရဲသလား? ချမ်းသာသလား?"

"ဆင်းရဲပါတယ် အရှင်ဂေါတမ. . ."

"မမြဲတဲ့, ဆင်းရဲတဲ့, ဖောက်ပြန်တဲ့ အဲဒီရုပ်ကို 'ဒါ ငါ့ဥစ္စာပဲ၊ ဒါ ငါပဲ၊ ဒါ ငါရဲ့ အတ္တပဲ" လို့ စွဲလမ်းသင့်သလား"

"မစွဲလမ်းသင့်ပါ အရှင်ဂေါတမ. . ."

"ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဏ်တို့ကိုကော အဲဒီလို စွဲလမ်းသင့်သလား?"

"မစွဲလမ်းသင့်ပါ အရှင်ဂေါတမ. . ."

"သစ္စက. . . ခန္ဓာငါးပါး ဒုက္ခတရားကို တွယ်တာမက်မောလျက် အဲဒီခန္ဓာငါးပါး ဒုက္ခတရားကို 'ဒါ ငါ့ဥစ္စာပဲ၊ ဒါ ငါပဲ၊ ဒါ ငါရဲ့ အတ္တာပဲ' လို့ စွဲလမ်းနေသူဟာ ဒုက္ခကို ကိုယ်တိုင် ပိုင်းခြားပြီး သိနိုင်သလား? ဒုက္ခကို ကုန်ခန်းစေ၍ နေနိုင်သလား?"

"အရှင်ဂေါတမ. . . အဲဒါ ဘယ်ဖြစ်နိုင်ပါ့မလဲ? မဖြစ်နိုင်ပါ။"

"သစ္စက. . . သင်ဟာ ခန္ဓာငါးပါး ဒုက္ခတရားကို တွယ်တာမက်မောလျက် အဲဒီခန္ဓာငါးပါး ဒုက္ခတရားကို 'ဒါ ငါ့ဥစ္စာပဲ၊ ဒါ ငါပဲ၊ ဒါ ငါရဲ့ အတ္တာပဲ' လို့ စွဲလမ်းနေတယ်မဟုတ်လား?"

"ဟုတ်ပါတယ် အရှင်ဂေါတမ. . ."

၃၅၉။ "သစ္စက. . . ဥပမာအားဖြင့် လူတစ်ယောက်ဟာ အနှစ်ကို ရှာလိုတဲ့အတွက် ထက်လှစွာတဲ့ ဓားမကြီးကို ယူကာ တောထဲသို့ဝင်သွားခဲ့တယ်။ သူဟာ တောထဲရောက်တော့ ငှက်ပျောတုံးကြီးကို တွေ့တယ်။ သူဟာ အဲဒီငှက်ပျောတုံးကြီးကို အရင်းရော အဖျားရော ဖြတ်ပြီး အဖတ်တွေကို ခွာကာ အနှစ်ကို ရှာခဲ့တယ်။ အဲဒီလို ရှာတဲ့အခါ သူဟာ အနှစ်မပြောနဲ့ အကာကိုတောင်မှ မရ။ သစ္စက. . . ထို့အတူပဲ သင်ရဲ့အယူဝါဒကို ငါဘုရား စိစစ်ကြည့်တဲ့အခါ အနှစ်သာရကင်းမဲ့ကာ မှားယွင်းနေတာကို တွေ့ရတယ်။ သစ္စက. . . သင်ဟာ ဝေသာလီမြို့လယ် ပရိသတ်ထဲမှာ 'ငါ အပြစ်တင် လိုက်လျှင် မတုန်လှုပ် မချောက်ချားမည့် ပုဂ္ဂိုလ်ကို ငါ မမြင်၊ ငါ အပြစ်တင်လိုက်လျှင် မတုန်လှုပ် မချောက်ချားမည့်

ဘုရား-လို့ ဝန်ခံထားသူကိုပင် ငါ မမြင်။ ငါ အပြစ်တင်လိုက်လျှင် ချိုင်းကြားမှ ချွေးများ ယိုစီးမကျမည့် ပုဂ္ဂိုလ်ကို ငါ မမြင်၊ ငါ အပြစ်တင်လိုက်လျှင် ချိုင်းကြားမှ ချွေးများ ယိုစီးမကျမည့် ဘုရားလို့ ဝန်ခံထားသူကိုပင် ငါ မမြင်။ အသက်မရှိတဲ့ သစ်တုံးသည်ပင် ငါရဲ့ အပြစ်တင်မှုကို ခံရလျှင် တုန်လှုပ် ချောက်ချားနိုင်စရာ ရှိတယ်။ လူသား အတွက်တော့ ဘာပြောဖွယ် ရှိတော့မလဲ' ဆိုတဲ့ စကားကို သင် ပြောကြားခဲ့တယ်။ 'သစ္စက. . . သင်ရဲ့ ချွေးပေါက်တို့သာ နဖူးမှ မြေကြီးအထိ ယိုစီးကျနေကြတယ်။ ငါဘုရားရဲ့ ခန္ဓာ ကိုယ်မှာကား ချွေးတစ်ပေါက်မျှ မရှိပါ'လို့ မိန့်ကြားတော်မူပြီး ပရိသတ်အလယ်မှာ မြတ်စွာဘုရားဟာ ကိုယ်တော်မြတ်ရဲ့ ရွှေအဆင်းရှိတဲ့ ခန္ဓာကိုယ်ကို ဖွင့်ပြတော်မူခဲ့တယ်။ အဲဒီလို မြတ်စွာ ဘုရား မိန့်တော်မူတဲ့အခါ သစ္စကဟာ ဘာမျှ ပြန်မဖြေနိုင်တော့ဘဲ မျက်နှာမသာမယာနဲ့ ခေါင်းငိုက်စိုက် ကျနေခဲ့တယ်။ မျက်နှာကို အောက်စိုက်ကာ မှိုင်မှိုင်တွေတွေနဲ့ ကြံရာမရ ထိုင်နေခဲ့တယ်။

၃၆၀။ အဲဒီအခါမှာ လိစ္ဆဝီမင်းသား ဒုမ္မုခက မြတ်စွာဘုရားအား အခုလို လျှောက်ထားခဲ့ပါတယ်–

"မြတ်စွာဘုရား. . . ဥပမာတစ်ခု လျှောက်ထားပါရစေ ဘုရား။"

"လျှောက်ထား ဒုမ္မုခ . . ."

"မြတ်စွာဘုရား. . . ဥပမာအားဖြင့် ရွာတစ်ရွာရဲ့ အနီးမှာ ရေကန်တစ်ကန် ရှိတယ်ဆိုပါတော့ဘုရား။ အဲဒီရေကန်ထဲမှာ

ပုစွန်လုံးတစ်ကောင်ရှိတယ်ဆိုပါတော့ဘုရား။ အဲဒီအခါမှာ ကလေးများဟာ ရွာထဲမှ ထွက်လာကြပြီး ရေကန်ဆီသို့ သွားကြတယ်ဘုရား။ ရေကန်သို့ ရောက်တော့ ရေကန်ထဲကို ဆင်းကာ ပုစွန်လုံးကို ဖမ်းပြီး ကုန်းပေါ်သို့ တင်ကြတယ်ဘုရား။ ပုစွန်လုံးရဲ့ ထွက်လာသမျှ ခြေချောင်းလက်ချောင်းများကို ကလေးများဟာ ဖြတ်ကြ၊ ချိုးကြ၊ ဖွဲ့ကြတယ်ဘုရား။ ဒါနဲ့ ပုစွန်လုံးဟာ ခြေချောင်းလက်ချောင်းအားလုံး ကျိုးပြတ်ပြီး ရေကန်ထဲသို့ ရှေးကလို မဆင်းနိုင်တော့ပါဘုရား။ မြတ်စွာဘုရား. . . ထို့အတူပဲ သစ္စကရဲ့ ထောင်ထလှုပ်ရှားနေတဲ့ အယူဝါဒဆိုတဲ့ ခြေချောင်းလက်ချောင်း အားလုံးကို မြတ်စွာဘုရားက ချိုးဖြတ်ပစ်လိုက်ပါပြီဘုရား။ မြတ်စွာဘုရား. . . ယခုအခါ သစ္စကဟာ အပြစ်တင်ရန် မြတ်စွာဘုရားအထံတော်သို့ ပြန်မလာနိုင်တော့ပါဘုရား။"

အဲဒီအခါမှာ သစ္စကက လိစ္ဆဝီမင်းသား ဒုမ္မုခအား အခုလို ပြောကြားခဲ့ပါတယ် —

"ဒုမ္မုခ. . . အသာ နေပါ၊ ငါဟာ သင်နှင့် ဆွေးနွေးနေတာ မဟုတ်ပါ၊ အရှင်ဂေါတမနှင့် ဆွေးနွေးနေတာသာ ဖြစ်ပါတယ်။

၃၆၁။ "အရှင်ဂေါတမ. . . အကျွန်ုပ်တို့နှင့် တခြား ရဟန်း ပုဏ္ဏားများစွာရဲ့ စကားတွေကို ထားလိုက်ပါဘုရား၊ ယောင်ယမ်း လျှောက်ပြောနေကြတာပါ။ အရှင်ဂေါတမ. . . အရှင်ဂေါတမရဲ့ ဘယ်လို ကျင့်တဲ့ တပည့်သာဝကဟာ အရှင်ဂေါတမရဲ့

သာသနာကို ပြုသူဖြစ်ပါသလဲ? အရှင်ဂေါတမရဲ့ အဆုံးအမ ဩဝါဒကို လိုက်နာသူ ဖြစ်ပါသလဲ? ဆရာ့အဆုံးအမနဲ့ ယုံမှားကင်းစွာ နေထိုင်သူ ဖြစ်ပါသလဲ?"

"သစ္စက. . . ငါဘုရားရဲ့ တပည့်တစ်ယောက်ဟာ အတိတ်ရုပ်, အနာဂတ်ရုပ်, ပစ္စုပ္ပန်ရုပ်, ကိုယ်တွင်းရုပ်, ကိုယ်ပရုပ်, ကြမ်းတမ်းတဲ့ရုပ်, နူးညံ့တဲ့ရုပ်, ယုတ်ညံ့တဲ့ရုပ်, မြင့်မြတ်တဲ့ရုပ်, အဝေးမှာရှိတဲ့ရုပ်, အနီးမှာရှိတဲ့ရုပ်ဆိုတဲ့ ရုပ်မှန်သမျှကို "ဒါဟာ ငါ့ဥစ္စာမဟုတ်၊ ဒါဟာ ငါ မဟုတ်၊ ဒါဟာ ငါရဲ့ အတ္တမဟုတ်' လို့ အမှန်သိတဲ့ပညာနဲ့ အမှန်အတိုင်း ရှုမြင်တယ်။ ဝေဒနာမှန်သမျှ, သညာမှန်သမျှ, သင်္ခါရမှန်သမျှ, ဝိညာဏ်မှန်သမျှတို့ကိုလည်း ထို့အတူပဲ ရှုမြင်တယ်။ သစ္စက. . . ငါဘုရားရဲ့ အဲဒီလို ကျင့်တဲ့ တပည့်သာဝကဟာ ငါဘုရားရဲ့ သာသနာကို ပြုသူ ဖြစ်တယ်။ ငါဘုရားရဲ့ အဆုံးအမဩဝါဒကို လိုက်နာသူ ဖြစ်တယ်။ ဆရာ့အဆုံးမနဲ့ ယုံမှားကင်းစွာ နေထိုင်သူ ဖြစ်တယ်။"

"အရှင်ဂေါတမ. . . ဘယ်လို ရဟန်းမျိုးဟာ ရဟန္တာ ဖြစ်ပါသလဲ?"

"သစ္စက. . . ငါဘုရားရဲ့ သာသနာတော်မှာ ရဟန်း တစ်ပါးဟာ အတိတ်ရုပ်, အနာဂတ်ရုပ်, ပစ္စုပ္ပန်ရုပ်, ကိုယ်တွင်းရုပ်, ကိုယ်ပရုပ်, ကြမ်းတမ်းတဲ့ရုပ်, နူးညံ့တဲ့ရုပ်, ယုတ်ညံ့တဲ့ရုပ်, မြင့်မြတ်တဲ့ရုပ်, အဝေးမှာရှိတဲ့ရုပ်, အနီးမှာရှိတဲ့ရုပ်ဆိုတဲ့ ရုပ်မှန်သမျှကို 'ဒါဟာ ငါ့ဥစ္စာ မဟုတ်၊ ဒါဟာ ငါ မဟုတ်၊ ဒါဟာ ငါရဲ့ အတ္တမဟုတ်'

လို့ အမှန်သိတဲ့ပညာနဲ့ အမှန်အတိုင်း တွေ့မြင်ပြီးသည့်အတွက် မစွဲလမ်းဘဲ လွတ်မြောက်သွားတယ်။ ဝေဒနာမှန်သမျှ, သညာမှန်သမျှ, သင်္ခါရမှန်သမျှ, ဝိညာဏ် မှန်သမျှကိုလည်း ထို့အတူပဲ အမှန်သိတဲ့ ပညာနဲ့ အမှန်အတိုင်း တွေ့မြင်ပြီးသည့်အတွက် မစွဲလမ်းဘဲ လွတ်မြောက်သွားတယ်။ သစ္စက. . . အဲဒီလိုရဟန်းဟာ ရဟန္တာ ဖြစ်တယ်။ သစ္စက. . . အဲဒီလို လွတ်မြောက်ပြီးသော စိတ်ရှိတဲ့ ရဟန်းဟာ အမြင်ထူးခြားခြင်း, အကျင့်ထူးခြားခြင်း, လွတ်မြောက်မှု ထူးခြားခြင်းဆိုတဲ့ ထူးခြားခြင်းသုံးမျိုးနှင့် ပြည့်စုံသူ ဖြစ်တယ်။ အဲဒီရဟန်းဟာ 'မြတ်စွာဘုရားသည် ကိုယ်တော်တိုင် သစ္စာ လေးပါးကို သိတော်မူပြီး သူတစ်ပါးတို့ သစ္စာလေးပါးကို သိစေခြင်းငှာ တရားတော်ကို ဟောပြတော်မူ၏။ မြတ်စွာဘုရားသည် ကိုယ်တော်တိုင် အနိုင်းမဲ့ ယဉ်ကျေးတော်မူပြီး၍ သူတစ်ပါးတို့ ယဉ်ကျေးစေခြင်းငှာ တရားတော်ကို ဟောပြတော်မူ၏။ မြတ်စွာဘုရားသည် ကိုယ်တော်တိုင် ကိလေသာအပူဝေးကာ ငြိမ်းအေးတော်မူပြီး၍ သူတစ်ပါးတို့ ကိလေသာ အပူဝေး၍ ငြိမ်းအေးစေခြင်းငှာ တရားတော်ကို ဟောပြတော်မူ၏။ မြတ်စွာဘုရားသည် ကိုယ်တော်တိုင် သံသရာမှ လွန်မြောက်တော်မူပြီး၍ သူတစ်ပါးတို့ သံသရာမှ လွန်မြောက် စေခြင်းငှာ တရားတော်ကို ဟောပြတော်မူ၏။ မြတ်စွာဘုရားသည် ကိုယ်တော်တိုင် ဒုက္ခခပ်သိမ်း ငြိမ်းတော်မူပြီး၍ သူတစ်ပါးတို့ ဒုက္ခခပ်သိမ်း ငြိမ်းစေခြင်းငှာ တရားတော်ကို ဟောပြတော်မူ၏။"

လို့ မြတ်စွာဘုရားကိုသာ ရှိသေလေးမြတ်မှု မြတ်နိုး ပူဇော်မှုကို ပြုတယ်။”

၃၆၂။ အဲဒီလို မိန့်တော်မူတဲ့အခါမှာ သစ္စကဟာ မြတ်စွာဘုရားအား အခုလို လျှောက်ထားခဲ့ပါတယ်–

“အရှင်ဂေါတမ… အမှုန်ယစ်နေတဲ့ဆင်၊ အလျှံတပြောင်ပြောင် တောက်လောင်နေတဲ့ မီးကျီးခဲ၊ အဆိပ်ပြင်းတဲ့ မြွေတို့ကို ထိခိုက်မိတဲ့ ပုဂ္ဂိုလ်မှာ ချမ်းသာမှုဖြစ်မယ်ဆိုက ဖြစ်နိုင်ပါသေးတယ်။ အရှင်ဂေါတမကို ထိခိုက်မိတဲ့ ပုဂ္ဂိုလ်မှာတော့ ဘယ်နည်းနဲ့မှ ချမ်းသာမှု မဖြစ်နိုင်တော့ပါ။ အရှင်ဂေါတမ. . . ကျွန်ုပ်သည် အရှင်ဂေါတမရဲ့ ဂုဏ်အသရေကို ဖျက်ဆီးခဲ့မိပါတယ်။ ရိုင်းပျစော်ကားမိခဲ့ပါတယ်။ ကျွန်ုပ်သည် အရှင်ဂေါတမကို ဝါဒချင်းယှဉ်လျက် ပုတ်ခတ်ထိုက်သူလို့ ထင်မှတ်မိခဲ့ပါတယ်။ အရှင်ဂေါတမ. . . မနက်ဖြန် ရဟန်းသံဃာနှင့် အတူ ဆွမ်းဘုဉ်းပေးကြွတော်မူပါ။”

အဲဒီလို ဆွမ်းစားပင့်ခြင်းကို မြတ်စွာဘုရားက ဆိတ်ဆိတ်နေခြင်းဖြင့် လက်ခံတော်မူခဲ့ပါတယ်။

၃၆၃။ အဲဒီအခါမှာ သစ္စကဟာ မြတ်စွာဘုရား လက်ခံတော်မူကြောင်းကို သိလို့ လိစ္ဆဝီမင်းသားတို့အား အခုလို ပြောကြားခဲ့တယ်–

“မင်းသားတို့. . . နားထောင်ကြလော့၊ ရဟန်းသံဃာနှင့်တကွ ရဟန်းဂေါတမကို မနက်ဖြန်အတွက် ငါ ဆွမ်းစား

ပင့်ထားတယ်။ ဒါ့ကြောင့် ရဟန်းဂေါတမအတွက် သင့်လျော်မည် ထင်တဲ့ ဆွမ်းခဲဖွယ်ဘောဇဉ်တို့ကို ပို့ကြလော့။”

နောက်တစ်နေ့ မနက်ရောက်တဲ့အခါ အဲဒီမင်းသားများဟာ သစ္စကအထံသို့ ဆွမ်းအိုးငါးရာ ပို့ဆောင်ခဲ့ကြပါတယ်။ အဲဒီမှနောက် သစ္စကဟာ သူရဲ့ကျောင်းမှာ မွန်မြတ်တဲ့ ခဲဖွယ်ဘောဇဉ်တို့ကို စီမံပြီးတဲ့အခါ မြတ်စွာဘုရားအထံတော်သို့ သွားရောက် လျှောက်ထားခိုင်းခဲ့ပါတယ်။ မြတ်စွာဘုရားဟာ သံဃာတန်းနှင့် အတူ ကြွရောက်တော်မူ၍ ဆွမ်းဘုဉ်းပေးတော်မူခဲ့ပါတယ်။ မြတ်စွာဘုရား ဆွမ်းဘုဉ်းပေးပြီးတော်မူတဲ့အခါ သစ္စကက မြတ်စွာဘုရားအား အခုလို လျှောက်ထားခဲ့ပါတယ်–

“အရှင်ဂေါတမ. . . ဒီဒါနကောင်းမှုနှင့် ကောင်းမှုရဲ့ အကျိုးဟာ ပေးလှူသူ လိစ္ဆဝီမင်းသားတို့ ချမ်းသာကြောင်း ဖြစ်ပါစေ။”

“သစ္စက. . . ရာဂ, ဒေါသ, မောဟ မကင်းသေးတဲ့ သင့်ကို ရည်မှန်းပြီး လှူဒါန်းတဲ့ အလှူဟာ ပေးလှူသူ လိစ္ဆဝီမင်းသားတို့ အတွက် ဖြစ်လိမ့်မယ်။ ရာဂ, ဒေါသ, မောဟကင်းတဲ့ ငါဘုရားကို ရည်မှန်းပြီး လှူဒါန်းတဲ့ အလှူဟာ သင့်အတွက် ဖြစ်လိမ့်မယ်။

**စူဠသစ္စကသုတ် ပြီး၏။**

❁ ❁ ❁

## ၆–မဟာသစ္စကသုတ်

၃၆၄။ အခါတစ်ပါးမှာ ဝေသာလီမြို့ မဟာဝုန်တော ပြာသာဒ်ဆောင်ပါတဲ့ ကျောင်းတော်ကြီးမှာ မြတ်စွာဘုရား သီတင်းသုံးနေတော်မူပါတယ်။ အဲဒီအချိန်ဟာ နံနက်စောစော အချိန် ဖြစ်ပါတယ်။ ဒါ့ကြောင့် မြတ်စွာဘုရားဟာ ဝေသာလီမြို့သို့ ဆွမ်းခံဝင်လိုတဲ့အတွက် သပိတ်သင်္ကန်းကို ယူဆောင်လျက် ကောင်းစွာ ဝတ်ရုံထားတော်မူပါတယ်။

အဲဒီအခါမှာ သစ္စကဟာ အညောင်းပြေ လမ်းလျှောက်ရင်း မဟာဝုန်တော ပြာသာဒ်ဆောင်ပါတဲ့ ကျောင်းတော်ကြီးဆီသို့ ဦးတည်လာပါတယ်။ အဝေးမှ လာနေတဲ့ သစ္စကကို အရှင်အာနန္ဒာ မြင်တဲ့အခါ မြတ်စွာဘုရားအား အခုလို လျှောက်ထားခဲ့ပါတယ်--

"မြတ်စွာဘုရား. . . ဟိုမှာ သစ္စက လာနေပါတယ် ဘုရား၊ သူဟာ ဝါဒချင်းပြိုင်၍ ပြောဆိုတတ်သူ ဖြစ်ပါတယ်ဘုရား၊ သူ့ကိုသူ ပညာရှိလို့လည်း ပြောဆိုလေ့ရှိပါတယ်ဘုရား၊ သူ့ကို လူအများကလည်း သူတော်ကောင်းလို့ သတ်မှတ်ထားပါတယ်ဘုရား။ မြတ်စွာ ဘုရား. . . သစ္စကဟာ ဘုရား, တရား, သံဃာ ရတနာ သုံးပါးရဲ့ အပြစ်ကို ရှာနေသူ ဖြစ်ပါတယ်ဘုရား။ မြတ်စွာဘုရား. . . သစ္စကအား သနားသောအားဖြင့် တစ်ခဏမျှ ထိုင်တော်မူစေချင်ပါတယ်ဘုရား။"

အဲဒီလို လျှောက်ထားတဲ့အခါမှာ မြတ်စွာဘုရားဟာ အသင့်ခင်းထားတဲ့ နေရာမှာ တစ်ခဏမျှ ထိုင်နေတော်မူပါတယ်။

အဲဒီအခါမှာ သစ္စကဟာ မြတ်စွာဘုရားအထံသို့ ချဉ်းကပ်လာပြီး မြတ်စွာဘုရားနှင့် ဝမ်းမြောက်ဝမ်းသာ စကားပြောဆိုပါတယ်၊ ဝမ်းမြောက်ဖွယ် အမှတ်ရဖွယ် စကားများကို ပြောဆိုပြီးတဲ့အခါ တစ်နေရာမှာ ထိုင်ကာ မြတ်စွာဘုရားအား အခုလို လျှောက်ထား ခဲ့ပါတယ်--

၃၆၅။ "အရှင်ဂေါတမ. . . ကာယကျင့်စဉ်ကိုသာ အားထုတ်ပြီး စိတ္တကျင့်စဉ်ကို အားမထုတ်ကြဘဲ နေကြတဲ့ ရဟန်းပုဏ္ဏားများ ရှိကြပါတယ်။ အဲဒီရဟန်းပုဏ္ဏားများဟာ ကိုယ်ဆင်းရဲကိုသာ ခံနိုင်ကြပြီး စိတ်ဆင်းရဲကိုကား မခံနိုင်ကြပါ၊ အရှင်ဂေါတမ. . . ရှေးတုန်းက ဖြစ်ဖူးတာ တစ်ခုကတော့- စိတ်ဆင်းရဲခြင်းနှင့် တွေ့ကြုံရသူတစ်ယောက်မှာ ပေါင်တောင်မှ တန်းပါတတ်၊ နှလုံးတောင်မှ ကွဲပါတယ်၊ သွေးတောင်မှ အန်ပါတယ်၊ ရူးတောင်မှ ရူးပါတယ်၊ အရှင်ဂေါတမ. . . သူရဲ့ စိတ်ဟာ ကိုယ်ရဲ့နောက်သို့ လိုက်ရပါတယ်၊ ကိုယ်ရဲ့ အလိုအတိုင်း ဖြစ်ရပါတယ်။ အဲဒါ ဘာ့ကြောင့်လည်းဆိုတော့ စိတ္တကျင့်စဉ်ကို ကျင့်မထားသောကြောင့် ဖြစ်ပါတယ်။

အရှင်ဂေါတမ. . . စိတ္တကျင့်စဉ်ကိုသာ အားထုတ်ပြီး ကာယကျင့်စဉ်ကို အားမထုတ်ဘဲ နေကြတဲ့ ရဟန်းပုဏ္ဏားများလည်း ရှိကြပါတယ်။ အဲဒီရဟန်းပုဏ္ဏားများဟာ စိတ်ဆင်းရဲကိုသာ ခံနိုင်ကြပြီး ကိုယ်ဆင်းရဲကိုကား မခံနိုင်ကြပါ၊ အရှင်ဂေါတမ

ရှေးတုန်းက ဖြစ်ဖူးတာ တစ်ခုကတော့– ကိုယ်ဆင်းရဲခြင်းနှင့် တွေ့ကြုံရသူတစ်ယောက်မှာ ပေါင်တောင်မှ တန်းပါတယ်၊ နှလုံးတောင်မှ ကွဲပါတယ်၊ သွေးတောင်မှ အန်ပါတယ်၊ ရူးတောင်မှ ရူးပါတယ်၊ အရှင်ဂေါတမ. . . သူရဲ့ ကိုယ်ဟာ စိတ်ရဲ့နောက်သို့ လိုက်ရပါတယ်၊ စိတ်ရဲ့ အလိုအတိုင်း ဖြစ်ရပါတယ်။ အဲဒါ ဘာ့ကြောင့်လဲဆိုတော့ ကာယကျင့်စဉ်ကို ကျင့်မထားသောကြောင့် ဖြစ်ပါတယ်။ အရှင်ဂေါတမ. . . 'အရှင်ဂေါတမရဲ့ တပည့်များဟာ စိတ္တကျင့်စဉ်ကိုသာ အားထုတ်ပြီး ကာယကျင့်စဉ်ကို အားမထုတ်ဘဲ နေကြသူများ' လို့ ကျွန်ုပ် ထင်ပါတယ်။

၃၆၆။ "သစ္စက. . . ကာယကျင့်စဉ်ကို သင် ဘယ်လို ကြားဖူးသလဲ?"

"အရှင်ဂေါတမ. . . ဝစ္ဆနွယ်ဖွား နန္ဒ၊ သံကိစ္စနွယ်ဖွား ကိသနှင့် မက္ခလိဂေါသာလတို့ဆိုတာ ရှိကြပါတယ်။ သူတို့ဟာ အဝတ်မဝတ်ဘဲ နေကြပါတယ်၊ လွတ်လပ်စွာ ကျင့်ကြပါတယ်၊ လက်နဲ့ မစင်ကို သုတ်လေ့ရှိကြပါတယ်၊ 'အရှင် လာပါလော့' လို့ ဆိုကာ လောင်းသူရဲ့ဆွမ်းကို မခံယူကြပါ၊ 'ရပ်ပါဦး' လို့ ဆိုကာ လောင်းသူရဲ့ ဆွမ်းကို မခံယူကြပါ၊ မိမိမရပ်မီ ယူလာနှင့်တဲ့ ဆွမ်းကို မခံယူကြပါ၊ မိမိကို ရည်စူးပြီး လှူတဲ့ ဆွမ်းကို မခံယူကြပါ၊ ပင့်ဖိတ်ဆွမ်းကို မခံယူကြပါ၊ အိုးထဲမှကော်ကာ လောင်းတဲ့ဆွမ်းကို မခံယူကြပါ၊ တောင်းထဲမှ ကော်ကာ လောင်းတဲ့ဆွမ်းကို

မခံယူကြပါ၊ တံခါးခုံခြားကာ လောင်းတဲ့ ဆွမ်းကို မခံယူကြပါ၊ တုတ်ခြားကာ လောင်းတဲ့ ဆွမ်းကို မခံယူကြပါ၊ ကျည်ပွေ့ခြားကာ လောင်းတဲ့ဆွမ်းကို မခံယူကြပါ၊ နှစ်ယောက်စားနေစဉ်မှ ထ၍ လောင်းတဲ့ ဆွမ်းကို မခံယူကြပါ၊ ကိုယ်ဝန်ဆောင် အမျိုးသမီးရဲ့ ဆွမ်းကို မခံယူကြပါ၊ နို့တိုက်ဆဲ အမျိုးသမီးရဲ့ ဆွမ်းကို မခံယူကြပါ၊ ယောကျ်ားနှင့် နှီးနှောနေတဲ့ အမျိုးသမီးရဲ့ ဆွမ်းကို မခံယူကြပါ၊ ဆော်ဩ စုဆောင်းကာ လောင်းတဲ့ ဆွမ်းကို မခံယူကြပါ၊ ခွေးမျှော်နေရာမှ လောင်းတဲ့ဆွမ်းကို မခံယူကြပါ၊ ယင်အုံရာမှ လောင်းတဲ့ ဆွမ်းကို မခံယူကြပါ၊ အသား, ငါးကို မစားကြပါ၊ သေရည် သေရက်ကို မသောက်ကြပါ၊ ဖွဲထဲမှာ မြှုပ်ထားတဲ့ ဆေးရေကို မသောက်ကြပါ၊ သူတို့ဟာ တစ်အိမ်တည်းသာ ဆွမ်းခံပြီး တစ်လုတ်သာ စားကြပါတယ်၊ နှစ်အိမ်တည်းသာ ဆွမ်းခံပြီး နှစ်လုတ်သာ စားကြပါတယ်၊ သုံးအိမ်တည်းသာ ဆွမ်းခံပြီး သုံးလုတ်သာ စားကြပါတယ်၊ လေးအိမ်တည်းသာ ဆွမ်းခံပြီး လေးလုတ်သာ စားကြပါတယ်၊ ငါးအိမ်တည်းသာ ဆွမ်းခံပြီး ငါးလုတ်သာ စားကြပါတယ်၊ ခြောက်အိမ်တည်းသာ ဆွမ်းခံပြီး ခြောက်လုတ်သာ စားကြပါတယ်၊ ခုနစ်အိမ်တည်းသာ ဆွမ်းခံပြီး ခုနစ်လုတ်သာစားကြပါတယ်၊ဆွမ်းလောင်းခွက်ငယ်တစ်ခုတည်းနဲ့လည်း ရောင့်ရဲကြပါတယ်၊ နှစ်ခု၊ သုံးခု၊ လေးခု၊ ငါးခု၊ ခြောက်ခု၊ ခုနစ်ခုတည်းနဲ့လည်း ရောင့်ရဲကြပါတယ်။ တစ်ရက်ခြားလည်း အစာစားကြပါတယ်၊ နှစ်ရက်၊ သုံးရက်၊ လေးရက်၊ ငါးရက်၊

ခြောက်ရက်၊ ခုနစ်ရက်ခြားလည်း အစာစားကြပါတယ်။ ယခုပြောခဲ့တဲ့ နည်းအတိုင်း ဆယ့်ငါးရက်မှ တစ်ကြိမ်လည်း စား၍နေကြပါတယ်။"

"သစ္စက. . . သူတို့ဟာ အဲဒီလောက်နဲ့ မျှတကြသလား"

"အရှင်ဂေါတမ. . . သူတို့ဟာ အဲဒီလောက်နဲ့တော့ မမျှတကြပါ၊ သူတို့ဟာ တစ်ခါတစ်ရံ အလွန်ကောင်းတဲ့ ခဲဖွယ်ကိုလည်း ခဲစားကြပါတယ်၊ အလွန်ကောင်းတဲ့ဘောဇဉ်ကိုလည်း သုံးဆောင်ကြပါတယ်၊ အလွန်ကောင်းတဲ့ လျက်ဖွယ်ကိုလည်း လျက်ကြပါတယ်၊ အလွန်ကောင်းတဲ့ သောက်ဖွယ်ကိုလည်း သောက်ကြပါတယ်၊ သူတို့ဟာ ဒီခန္ဓာကိုယ်ကို အားရှိအောင် ထွားကြိုင်းအောင် ဆူဖြိုးအောင် ပြုလုပ်ကြတာ ဖြစ်ပါတယ်။

"သစ္စက. . . ရှေးဦးစွာ ခန္ဓာကိုယ် ဆင်းရဲအောင် ကျင့်ပြီး နောက်ကျတော့ ခန္ဓာကို ထွားကြိုင်းအောင် ပြုလုပ်ကြတယ်။ အဲဒီလို ပြုလုပ်ခြင်းအားဖြင့် ခန္ဓာကိုယ်ရဲ့ ကြီးထွားခြင်း သေးသိမ်ခြင်းမျှသာ ဖြစ်နိုင်တယ်။ သစ္စက. . . စိတ္တကျင့်စဉ်ကိုကော သင် ဘယ်လို ကြားဖူးသလဲ?"

စိတ္တကျင့်စဉ်ကို မြတ်စွာဘုရား မေးတော်မူတဲ့ အခါ သစ္စကဟာ ကောင်းစွာ မဖြေနိုင်တော့။

၃၆၇။ အဲဒီအခါမှာ မြတ်စွာဘုရားက သစ္စကအား အခုလို မိန့်ကြားတော်မူခဲ့ပါတယ်–

"သစ္စက. . . သင် ပြောတဲ့ ကာယကျင့်စဉ်ဆိုတာ တရားနှင့် ယှဉ်တဲ့ ကာယကျင့်စဉ် မဟုတ်၊ သစ္စက. . . သင် ကာယကျင့်စဉ်ကိုတောင် မသိပါဘဲလျက် စိတ္တကျင့်စဉ်ကို အဘယ်မှာ သိပါတော့မလဲ? သစ္စက. . .ကာယကျင့်စဉ်ကို မကျင့်ရသေးသူ၊ စိတ္တကျင့်စဉ်ကို မကျင့်ရသေးသူ၊ ကာယကျင့်စဉ်ကို ကျင့်ပြီးသူ၊ စိတ္တကျင့်စဉ်ကို ကျင့်ပြီးသူဆိုတဲ့ လေးမျိုးကို ငါဘုရား ဟောကြားပြမယ်၊ အဲဒီလေးမျိုးကို နားထောင်လော့၊ ကောင်းစွာ နှလုံးသွင်းလော့"

"ကောင်းပါပြီ အရှင်. . ."

"သစ္စက. . . ကာယကျင့်စဉ်ကို မကျင့်ရသေးသူနှင့် စိတ္တကျင့်စဉ်ကို မကျင့်ရသေးသူဆိုတာ- သစ္စက. . . အကြားအမြင် မရှိတဲ့ ပုထုဇဉ်ပုဂ္ဂိုလ်မှာ သုခဝေဒနာ ဖြစ်ပေါ်လာတယ်။ သူဟာ သုခဝေဒနာနှင့် ကြုံတွေ့တဲ့အခါ သုခဝေဒနာကို သာယာ တပ်မက်တယ်။ သူ့မှာ သုခဝေဒနာ ချုပ်ဆုံးသွားတဲ့အခါ ဒုက္ခ-ဝေဒနာ ဖြစ်ပေါ်လာတယ်။ သူဟာ ဒုက္ခဝေဒနာနှင့် ကြုံတွေ့တဲ့အခါ သောကရောက်ရတယ်၊ ပင်ပန်းရတယ်၊ ငိုကြွေးရတယ်။ သစ္စက. . . ဖြစ်ပေါ်ပြီးတဲ့ သုခဝေဒနာကလည်း အဲဒီပုထုဇဉ်ပုဂ္ဂိုလ်ရဲ့ စိတ်ကို လွှမ်းမိုး၍ တည်တယ်၊ အကြောင်းကတော့- ကာယကျင့်စဉ်ကို မကျင့်ရသေးသောကြောင့် ဖြစ်တယ်။ ဖြစ်ပေါ်ပြီးတဲ့ ဒုက္ခဝေဒနာ ကလည်း အဲဒီပုထုဇဉ်ပုဂ္ဂိုလ်ရဲ့ စိတ်ကို လွှမ်းမိုး၍ တည်တယ်၊ အကြောင်းကတော့ စိတ္တကျင့်စဉ်ကို မကျင့်ရသေးသောကြောင့်

ဖြစ်တယ်။ သစ္စက. . . သူတို့ဟာ ကာယကျင့်စဉ်ကို မကျင့်ရသေးသူနှင့် စိတ္တကျင့်စဉ်ကို မကျင့်ရသေးသူတို့ ဖြစ်တယ်။

၃၆၉။ သစ္စက. . . ကာယကျင့်စဉ်ကို ကျင့်ပြီးသူနှင့် စိတ္တကျင့်စဉ်ကို ကျင့်ပြီးသူဆိုတာ- သစ္စက. . . အကြားအမြင်ရှိတဲ့ ဘုရားသားတော်မှာ သုခဝေဒနာ ဖြစ်ပေါ်လာတယ်။ သူဟာ သုခဝေဒနာနှင့် ကြုံတွေ့တဲ့အခါ သုခဝေဒနာကို မသာယာ မတပ်မက်။ သူ့မှာ သုခဝေဒနာ ချုပ်ဆုံးသွားတဲ့အခါ ဒုက္ခဝေဒနာ ဖြစ်ပေါ်လာတယ်။ သူဟာ ဒုက္ခဝေဒနာနှင့် ကြုံတွေ့တဲ့အခါ သောကမရောက်၊ မပင်ပန်း၊ မငိုကြွေး။ သစ္စက. . . ဖြစ်ပေါ်ပြီးတဲ့ သုခဝေဒနာကလည်း အဲဒီဘုရားသားတော်ရဲ့ စိတ်ကို လွှမ်းမိုး၍ မတည်၊ အကြောင်းကတော့- ကာယကျင့်စဉ်ကို ကျင့်ပြီးသောကြောင့်ဖြစ်တယ်။ ဖြစ်ပေါ်ပြီးတဲ့ ဒုက္ခဝေဒနာကလည်း အဲဒီဘုရားသားတော်ရဲ့ စိတ်ကို လွှမ်းမိုး၍မတည်၊ အကြောင်း ကတော့ စိတ္တကျင့်စဉ်ကို ကျင့်ပြီးသောကြောင့် ဖြစ်တယ်။ သစ္စက. . . သူတို့ဟာ ကာယကျင့်စဉ်ကို ကျင့်ပြီးသူနှင့် စိတ္တကျင့်စဉ်ကို ကျင့်ပြီးသူတို့ ဖြစ်တယ်။

၃၇၀။ "အရှင်ဂေါတမအား ကျွန်ုပ် အလွန်ကြည်ညိုပါတယ်။ ဘာ့ကြောင့်လဲဆိုတော့- အရှင်ဂေါတမဟာ ကာယကျင့်စဉ်ကိုရော စိတ္တကျင့်စဉ်ကိုပါ ကျင့်ပြီးတဲ့အတွက်ကြောင့် ဖြစ်ပါတယ်။"

"သစ္စက. . . တကယ်တော့ သင်ဟာ ဒီစကားကို ရွဲ့ပြောတာ ဖြစ်တယ်။ ဒါပေမဲ့ သင့်ကို ငါဘုရား ပြောကြားလိုတာက-

ဆံမုတ်ဆိတ်ကို ပယ်ပြီး ဖန်ရည်တပ်စွန်း မြတ်သင်္ကန်းကို ဝတ်ကာ ငါဘုရား ရဟန်းပြုလာတဲ့အခါမှစ၍ ဖြစ်ပေါ်လာတဲ့ သုခဝေဒနာက ဖြစ်စေ၊ ဒုက္ခဝေဒနာကဖြစ်စေ ငါဘုရားရဲ့ စိတ်ကို လွှမ်းမိုး၍ တည်နိုင်ရာသော အကြောင်းမရှိတော့။"

"စိတ်ကို လွှမ်းမိုး၍ တည်နိုင်တဲ့ သုခဝေဒနာ ဒုက္ခဝေဒနာများ အရှင်ဂေါတမမှာ မဖြစ်ဘူးထင်တယ်။"

"သစ္စက. . . ဘယ်မှာ မဖြစ်ဘဲရှိပါ့မလဲ? သစ္စက. . . ငါဘုရား ဘုရားမဖြစ်မီ ဘုရားအလောင်းသာ ဖြစ်စဉ်က–

"လူ့ဝတ်ကြောင်ဘဝဟာ ကျဉ်းမြောင်းတယ်၊ ကိလေသာ မြူထရာ လမ်းကြောင်း ဖြစ်တယ်။ ရဟန်းဘဝဟာ လွင်ပြင်သဖွယ် ဖြစ်တယ်။ လူဝတ်ကြောင်ဘဝမှာ နေတိုင်းသူဟာ ဒီမြတ်တဲ့ အကျင့်ကို တကယ်ပြည့်စုံအောင် ကျင့်ဖို့ မလွယ်။ ငါ ရဟန်းပြုရရင် ကောင်းမယ်လို့ စဉ်းစားကြံစည်ခဲ့တယ်။ သစ္စက. . . ငါဘုရား အဲဒီလို စဉ်းစားကြံစည်ပြီး ရဟန်းပြုတဲ့အခါ မိဘများဟာ သဘောမတူလို့ မျက်ရည်နဲ့ မျက်ခွက်ဖြစ်ကာ ငိုယိုပြီး ကျန်ရစ်ခဲ့ကြတယ်။ အဲဒီလို ရဟန်းပြုပြီးတဲ့အခါ ကုသိုလ်တရား နိဗ္ဗာန်တရားကို ရှာဖွေရင်းနဲ့ ကာလာမနွယ်ဖွား အာဠာရရသေ့ အထံသို့ ချဉ်းကပ်ခဲ့တယ်။ အဲဒီလို ချဉ်းကပ်ပြီး အာဠာရအား 'ငါ့ရှင် အာဠာရ. . . သင်ရဲ့ အယူဝါဒအတိုင်း မြတ်သောအကျင့်ကို ကျင့်လိုပါတယ်'လို့ ပြောကြားခဲ့တယ်။ အဲဒီအခါမှာ အာဠာရ ရသေ့က 'အရှင်. . . ကျင့်လိုက ကျင့်ပါ၊ ပညာရှိသူဟာ ဒီတရားကို

မကြာခင် ကိုယ်တိုင်သိနိုင်ပါတယ်”လို့ ခွင့်ပေးခဲ့တယ်။ သစ္စက. . . ငါဟာ အဲဒီတရားကို မကြာမီမှာပဲ အမြန် သင်ယူခဲ့တယ်။ သစ္စက. . . ငါဟာ နှုတ်ခမ်းလှုပ်ရုံ ပြန်ရွတ်ဆိုရုံမျှနဲ့ သိပြီ ကျွမ်းကျင်ပြီလို့ ပြောနိုင်ခဲ့တယ်။ ငါကိုယ်တိုင်ကလည်း သိပြီမြင်ပြီလို့ ဝန်ခံခဲ့တယ်၊ သူတစ်ပါးတို့ကလည်း ငါ့ကို အဲဒီလို အသိအမှတ်ပြုကြတယ်။ ‘ကာလာမန္ဒယ်ဖွား အာဠာရရသေ့ဟာ ဒီတရားကို ‘ကိုယ်တိုင် မျက်မှောက်ပြုကာ နေရကြောင်း ယုံကြည်မှုသက်သက်နဲ့ ပြောတာမဟုတ်၊ အာဠာရရသေ့ဟာ ဒီတရားကို တကယ်သိ တကယ်မြင်ကာ နေတာဖြစ်တယ်’လို့ ငါ စဉ်းစားမိခဲ့တယ်။

အဲဒီလိုစဉ်းစားပြီးတဲ့အခါ ငါဟာ အာဠာရရသေ့အထံသို့ ချဉ်းကပ်ပြီး ‘ငါ့ရှင်အာဠာရ. . . ဒီတရားကို ကိုယ်တိုင် မျက်မှောက်ပြုကာ နေတယ်-လို့ သင်ပြောတယ်၊ အဲဒီတရားဟာ ဘာပါလဲ’လို့ မေးမြန်းခဲ့တယ်။ အဲဒီလို မေးတဲ့အခါ အာဠာရရသေ့ဟာ ‘အာကိဉ္စညာယတနစျာန်’လို့ ဖြေကြားခဲ့တယ်။ အဲဒီအခါမှာ ငါဟာ ‘အာဠာရ ရသေ့မှာသာ သဒ္ဓါ, ဝီရိယ, သတိ, သမာဓိ, ပညာတို့ ရှိသည် မဟုတ်၊ ငါ့မှာလည်း ရှိတယ်၊ ငါလည်း အာကိဉ္စညာယတနစျာန်ကို မျက်မှောက်ပြုရန် ကြိုးစားရရင် ကောင်းမှာပဲ’လို့ စဉ်းစားခဲ့တယ်။ သစ္စက. . . မကြာခင်မှာပဲ ငါဟာ အဲဒီအာကိဉ္စညာယတနစျာန်ကို မျက်မှောက်ပြုပြီး နေနိုင်ခဲ့တယ်။

သစ္စက. . . အဲဒီနောက် ငါဟာ အာဠာရရသေ့အထံသို့ ချဉ်းကပ်ကာ 'သင်ကိုယ်တိုင် မျက်မှောက်ပြုပြီးနေရတယ်ဆိုတာ ဒီအာကိဉ္စညာယတနစျာန်လား'လို့ မေးမြန်းခဲ့တယ်။ ဟုတ်မှန်ကြောင်း အာဠာရရသေ့ ဖြေကြားတဲ့အခါ 'ငါလည်း ဒီအာကိဉ္စညာယတန-စျာန်ကို ကိုယ်တိုင် မျက်မှောက်ပြုပြီး နေရပြီ' လို့ ပြောကြားခဲ့တယ်။ အဲဒီအခါမှာ အာဠာရရသေ့က 'သင့်လို သီတင်းသုံးဖော်ကို တွေ့ရတာ ငါတို့ကံကောင်းလိုက်တာ၊ ငါ သိတဲ့ တရားကို သင် သိပြီ။ သင်နှင့် ငါ အတူတူပဲ၊ ကဲ. . . လာ၊ ငါတို့ နှစ်ဦးပေါင်းကာ ဒီဂိုဏ်းကို ခေါင်းဆောင်ကြစို့'လို့ ပြောကြားခဲ့တယ်။ သစ္စက. . . အဲဒီ အခါက ငါရဲ့ဆရာဖြစ်တဲ့ အာဠာရရသေ့ဟာ တပည့်ဖြစ်တဲ့ ငါ့ကို သူနှင့် တန်းတူရောထားခဲ့တယ်။ မွန်မြတ်တဲ့ ပူဇော်ခြင်းနဲ့လည်း ငါ့ကိုပူဇော်ခဲ့တယ်။ ဒါပေမဲ့ ငါဟာ 'ဒီအာကိဉ္စညာယတနစျာန်ဟာ နိဗ္ဗာန်ရောက်ကြောင်းမဟုတ်၊ အာကိဉ္စညာယတနပြဟ္မာ့ဘုံသို့ ရောက်ကြောင်းသာ ဖြစ်တယ်' လို့ စဉ်းစားကာ အာဠာရရသေ့ထံမှ ထွက်ခွာခဲ့တယ်။

၃၇၂။ သစ္စက. . . အဲဒီနောက် ငါဟာ ဥဒကရသေ့အထံသို့ ချဉ်းကပ်ခဲ့ပြန်တယ်။ ဥဒကရသေ့ထံမှာ နေဝသညာနာသညာ ယတနစျာန်ကို ရအောင် ကျင့်ခဲ့တယ်။ သစ္စက. . . အဲဒီအခါမှာ ဥဒကရသေ့က 'ဒီဂိုဏ်းကို အရှင်သာ ခေါင်းဆောင်ပါ' လို့ ပြောကြားခဲ့တယ်။ ဥဒကရသေ့ဟာ သီတင်းသုံးဖော်ဖြစ်တဲ့ ငါ့ကို ဆရာ့အရာမှာ ထားခဲ့တယ်။ မွန်မြတ်တဲ့ ပူဇော်ခြင်းနဲ့လည်း ငါ့ကို

ပူဇော်ခဲ့တယ်။ ဒါပေမဲ့ ငါဟာ 'ဒီနေဝသညာနာသညာ-ယတနစျာန်ဟာ နိဗ္ဗာန်ရောက်ကြောင်းမဟုတ်၊ နေဝသညာ-နာသညာယတန ဖြဟ္မာ့ဘုံသို့ ရောက်ကြောင်းသာ ဖြစ်တယ်' လို့ စဉ်းစားကာ ဥဒကရသေ့ထံမှ ထွက်ခွာခဲ့တယ်။

၃၇၃။ အမြတ်ဆုံးနိဗ္ဗာန်ကို ရှာမှီးလျက် မဂဓတိုင်းမှာ ဒေသစာရီ လှည့်လည်တဲ့အခါ ဥရုဝေလတောရဲ့အနီး သေနာနိဂုံးသို့ ရောက်တော်မူခဲ့တယ်။ အဲဒီသေနာနိဂုံးမှာ မွေ့လျော်ဖွယ်ကောင်းသော မြေပြင်၊ ကြည်နူးဖွယ်ကောင်းသော တောအုပ်၊ တသွင်သွင် စီးဆင်းနေသော မြစ်ရေအလျဉ်၊ သန့်ရှင်းသာယာ၍ မွေ့လျော်ဖွယ်ကောင်းသော ဆိပ်ကမ်းနှင့် အနီးအနားမှ ဆွမ်းခံရွာတို့ကို တွေ့မြင်ရတယ်။ အဲဒီအခါမှာ ငါဘုရားအလောင်းတော်ဟာ "ဒီနေရာဟာ ကမ္မဋ္ဌာန်းအားထုတ်လိုသော အမျိုးကောင်းသားအတွက် သင့်လျော်တဲ့ နေရာ ဖြစ်တယ်" လို့ ဆင်ခြင် သုံးသပ် ဆုံးဖြတ်ကာ အဲဒီသေနာနိဂုံးမှာပဲ သီတင်းသုံးနေတော်မူခဲ့တယ်။

၃၇၄။ သစ္စက. . .ငါရဲ့ ဉာဏ်မှာ ဥပမာသုံးမျိုး ထင်လာတယ်၊ အဲဒီဥပမာသုံးမျိုးဟာ အလွန်အံ့ဩစရာ ကောင်းတယ်၊ ရှေးကလည်း မကြားဖူးဘူး။ သစ္စက. . . ဥပမာအားဖြင့် စိုတဲ့ထင်းကို ရေထဲမှာ ချထားတယ်။ အဲဒီအခါမှာ လူတစ်ယောက်ဟာ 'ဒီထင်းအစိုကို မီးပွက်ခုံမှာ ပွတ်တိုက်ကာ မီးတောက်စေအံ့' လို့ ရည်ရွယ်ကာ မီးပွတ်ခုံကို ယူပြီး လာတယ် ဆိုပါတော့။ သစ္စက. . . သင် ဘယ်လိုထင်သလဲ? အဲဒီလူဟာ အဲဒီရေထဲက

ထင်းအစိုကို မီးပွတ်ခုံမှာ ပွတ်တိုက်ကာ မီးတောက်အောင် ပြုနိုင်ရာသလော? အရှင်ဂေါတမ. . . မပြုနိုင်ပါ၊ ဘာ့ကြောင့်လဲဆိုတော့- အဲဒီထင်းဟာ စိုလည်းစိုနေပါတယ်၊ စိုရုံသာမက ရေထဲမှာ ချထားတဲ့ ထင်းလည်း ဖြစ်နေပါတယ်။ တကယ်တော့ အဲဒီလူဟာ ပင်ပန်းရုံသာ ရှိပါမယ်။ သစ္စက. . . ထို့အတူပဲ တချို့ရဟန်း ပုဏ္ဏားတို့ဟာ ကိုယ်ရော စိတ်ပါ ကာမဂုဏ်တို့နှင့် မကင်းဘဲလည်း နေကြတယ်၊ သူတို့ရဲ့ ကိုယ်တွင်း သန္တာန်မှာ ကိလေသာကာမကိုလည်း မပယ်ကြရသေးဘူး။ သစ္စက. . . အဲဒီ ရဟန်း ပုဏ္ဏားတို့ဟာ လုံ့လပြုမှုကြောင့်ဖြစ်တဲ့ ဒုက္ခဝေဒနာကို ခံစားကြရသည်ဖြစ်စေ၊ မခံစားကြရသည်ဖြစ်စေ လောကုတ္တရာမဂ်ကို မရနိုင်ကြ။ သစ္စက. . . ဒါ ငါ့မှာ ထင်လာတဲ့ ပထမဆုံး ဥပမာ ဖြစ်တယ်။

၃၇၅။ သစ္စက. . . ငါ့မှာ ထင်လာတဲ့ ဒုတိယ ဥပမာ ကတော့—

စိုနေတဲ့ ထင်းကို ရေနဲ့ဝေးရာ ကုန်းပေါ်မှာ တင်ထားတယ်၊ အဲဒီအခါမှာ လူတစ်ယောက်ဟာ 'ဒီထင်းအစိုကို မီးပွတ်ခုံမှာ ပွတ်တိုက်ကာ မီးတောက်စေအံ့' လို့ ရည်ရွယ်ကာ မီးပွတ်ခုံကို ယူပြီး လာတယ်ဆိုပါတော့။ သစ္စက. . . သင် ဘယ်လို တင်သလဲ? အဲဒီလူဟာ အဲဒီကုန်းပေါ်မှာ တင်ထားတဲ့ ထင်းအစိုကို မီးပွတ်ခုံမှာ ပွတ်တိုက်ကာ မီးတောက်အောင် ပြုနိုင်ရာသလော? အရှင် ဂေါတမ. . . မပြုနိုင်ပါ၊ ဘာ့ကြောင့်လဲဆိုတော့- အဲဒီထင်းဟာ

ရေနံ့ဝေးရာကုန်းပေါ်မှာ တင်ထားတဲ့ ထင်းဖြစ်ပေမဲ့ စိုနေပါတယ်။ တကယ်တော့ အဲဒီလူဟာ ပင်ပန်းရုံသာ ရှိပါမယ်။ သစ္စက. . .ထို့အတူပဲ တချို့ရဟန်းပုဏ္ဏားတို့ဟာ ကိုယ်ရော စိတ်ပါ ကာမဂုဏ်တို့နှင့် ကင်း၍ နေကြတယ်၊ ဒါပေမဲ့ သူတို့ရဲ့ ကိုယ်တွင်းသန္တာန်မှာ ကိလေသာကာမကိုတော့ မပယ်ကြရသေးဘူး၊ သစ္စက. . . အဲဒီ ရဟန်း ပုဏ္ဏားတို့ဟာ လုံ့လ ပြုမှုကြောင့်ဖြစ်တဲ့ ဒုက္ခဝေဒနာကို ခံစားကြရသည်ဖြစ်စေ၊ မခံစားကြရသည်ဖြစ်စေ လောကုတ္တရာမဂ်ကို မရနိုင်ကြ။ သစ္စက. . . ဒါ ငါ့မှာ ထင်လာတဲ့ ဒုတိယဥပမာ ဖြစ်တယ်။

၃၇၆။ သစ္စက. . . ငါ့မှာ ထင်လာတဲ့ တတိယ ဥပမာ ကတော့- ခြောက်နေတဲ့ ထင်းကို ရေနံ့ဝေးရာ ကုန်းပေါ်မှာ တင်ထားတယ်၊ အဲဒီအခါမှာ လူတစ်ယောက်ဟာ 'ဒီထင်း အခြောက်ကို မီးပွတ်ခုံမှာ ပွတ်တိုက်ကာ မီးတောက်စေအံ့' လို့ ရည်ရွယ်ကာ မီးပွတ်ခုံကို ယူပြီးလာတယ်ဆိုပါတော့။ သစ္စက. . . သင် ဘယ်လို ထင်သလဲ? အဲဒီလူဟာ အဲဒီကုန်းပေါ်မှာ တင်ထားတဲ့ ထင်းအခြောက်ကို မီးပွတ်ခုံမှာ ပွတ်တိုက်ကာ မီးတောက်အောင် ပြုနိုင်ရာသလော? အရှင်ဂေါတမ. . . ပြုနိုင်ပါတယ်၊ ဘာ့ကြောင့်လဲဆိုတော့- အဲဒီထင်းဟာ ခြောက်လည်း ခြောက်နေပါတယ်၊ ခြောက်ရုံသာမက ရေနံ့ဝေးရာ ကုန်းပေါ်မှာ တင်ထားတဲ့ထင်းလည်း ဖြစ်နေပါတယ်။

သစ္စက. . . ထို့အတူပဲ တချို့ရဟန်းပုဏ္ဏားတို့ဟာ ကိုယ်ရော စိတ်ပါ ကာမဂုဏ်တို့နှင့် ကင်း၍ နေကြတယ်၊ သူတို့ရဲ့ ကိုယ်တွင်း သန္တာန်က ကိလေသာများကိုလည်း ပယ်ထားကြတယ်။ သစ္စက. . . အဲဒီရဟန်းပုဏ္ဏားတို့ဟာ လုံ့လပြုမှုကြောင့် ဖြစ်တဲ့ ဒုက္ခဝေဒနာကို ခံစားရသည်ဖြစ်စေ၊ မခံစားရသည်ဖြစ်စေ လောကုတ္တရာမဂ်ကို ရနိုင်ကြတယ်။ သစ္စက. . . ဒါ ငါ့မှာ ထင်လာတဲ့ တတိယဥပမာ ဖြစ်တယ်။

၃၇၇။ သစ္စက. . . "အံကို ကြိတ်ပြီး စိတ်ကို ဖိနှိပ်ရရင် ကောင်းမှာပဲ' လို့ ငါ စဉ်းစားခဲ့တယ်။ အဲဒီလို စဉ်းစားပြီး ဥပမာအားဖြင့် အားကောင်းတဲ့ လူတစ်ယောက်က အားမရှိတဲ့ လူတစ်ယောက်ကို ဦးခေါင်းမှာ ကိုင်ကာ ဖိနှိပ်သကဲ့သို့ ငါဟာ အံကို ကြိတ်ပြီး စိတ်ကို ဖိနှိပ်လိုက်တဲ့အခါ ငါရဲ့ လက်ကတီးကြားတို့မှ ချွေးများ ယိုစီးကျခဲ့တယ်။ ဝီရိယအားနှင့် သတိအားလည်း ကောင်းနေတယ်။ ဒါပေမဲ့ ပြင်းထန်စွာ အားထုတ်မှုကြောင့် ခန္ဓာကိုယ်ကတော့ ပူလောင်နေတယ်၊ မငြိမ်းအေးဘူး။ သစ္စက. . . အဲဒီလောက် ပြင်းပြင်းထန်ထန် ဖြစ်တဲ့ ဒုက္ခဝေဒနာသည်ပင် ငါရဲ့ စိတ်ကို လွှမ်းမိုး၍ မတည်နိုင်ဘူး။

၃၇၈။ သစ္စက. . . 'ထွက်သက် ဝင်သက်မရှိတဲ့ ဈာန်ကို ဝင်စားရလျှင် ကောင်းမှာပဲ' လို့ ငါ စဉ်းစားခဲ့တယ်။ အဲဒီလို စဉ်းစားပြီး ငါဟာ ခံတွင်းပေါက် နှာခေါင်းပေါက်တို့မှ ထွက်သက်

ဝင်သက်တို့ကို ပိတ်ထားခဲ့တယ်။ အဲဒီအခါမှာ ဥပမာအားဖြင့် ပန်းပဲသမားတို့ ဖားဖိုးကို ဆွဲတဲ့အခါ လွန်ကဲပြင်းထန်တဲ့အသံ ဖြစ်ပေါ်လာသကဲ့သို့ နားပေါက်တို့မှ လွန်ကဲပြင်းထန်တဲ့ လေထွက်သံများ ဖြစ်ပေါ်လာခဲ့တယ်။ ဝီရိယအားနှင့် သတိအားလည်း ကောင်းနေတယ်။ ဒါပေမဲ့ ပြင်းထန်စွာ အားထုတ်မှုကြောင့် ခန္ဓာကိုယ်ကတော့ ပူလောင်နေတယ်၊ မငြိမ်းအေးဘူး။ သစ္စက. . . အဲဒီလောက် ပြင်းပြင်းထန်ထန် ဖြစ်တဲ့ ဒုက္ခဝေဒနာသည်ပင် ငါရဲ့စိတ်ကို လွှမ်းမိုး၍ မတည်နိုင်ဘူး။

သစ္စက. . . 'ထွက်သက်ဝင်သက်မရှိတဲ့ ဈာန်ကိုပင် ဝင်စားရလျှင် ကောင်းမှာပဲ' လို့ ငါ စဉ်းစားခဲ့တယ်။ အဲဒီလို စဉ်းစားပြီး ငါဟာ ခံတွင်းပေါက် နှာခေါင်းပေါက်နှင့် နားပေါက်တို့မှ ထွက်သက်ဝင်သက်တို့ကို ပိတ်ထားခဲ့တယ်။ အဲဒီအခါမှာ ဥပမာ အားဖြင့် အားကောင်းတဲ့ လူတစ်ယောက်ဟာ ချွန်ထက်တဲ့ သံစူးနဲ့ ဦးထိပ်မှာ ထိုးစိုက်သကဲ့သို့ အလွန်ပြင်းထန်တဲ့ လေတွေဟာ ငါရဲ့ဦးထိပ်မှာ ဖိကြိတ်ခဲ့ကြတယ်။ အားကောင်းတဲ့ လူတစ်ယောက်ဟာ ခိုင်ခံ့တဲ့ သားရေကြိုးနဲ့ ဦးခေါင်းကို ရစ်ပတ်ထားသကဲ့သို့ ငါရဲ့ ဦးခေါင်းဟာ အပြင်းအထန် ကိုက်ခဲခဲ့တယ်။ ကျွမ်းကျင်တဲ့ နွားသတ်သမားဟာ ထက်မြက်တဲ့ သားလှီးဓားငယ်နဲ့ ဝမ်းဗိုက်ကို ရစ်လှီးသကဲ့သို့ အလွန်ပြင်းထန်တဲ့ လေတွေဟာ ငါရဲ့ ဝမ်းဗိုက်ကို ရစ်လှီးခဲ့ကြတယ်။ အလွန်အားကောင်းတဲ့ လူနှစ်ယောက်ဟာ အလွန်အားနည်းတဲ့ လူတစ်ယောက်ကို လက်မောင်းမှ ကိုင်ကာ

မီးကျီးတွင်းမှာ ကင်ကုန်သကဲ့သို့ ငါရဲ့ ခန္ဓာကိုယ်ဟာ အလွန် ပြင်းထန်စွာ ပူလောင်ခဲ့တယ်။ ဝီရိယအားနှင့် သတိအားလည်း ကောင်းနေတယ်။ ဒါပေမဲ့ ပြင်းထန်စွာ အားထုတ်မှုကြောင့် ခန္ဓာကိုယ်ကတော့ ပူလောင်နေတယ်၊ မငြိမ်းအေးဘူး။ သစ္စက. . . အဲဒီလောက် ပြင်းပြင်းထန်ထန် ဖြစ်တဲ့ ဒုက္ခဝေဒနာသည်ပင် ငါရဲ့ စိတ်ကို လွှမ်းမိုး၍ မတည်နိုင်ဘူး။ သစ္စက. . . တချို့နတ်တွေဟာ ငါ့ကို မြင်ပြီး 'ရဟန်းဂေါတမ သေပြီ' လို့ ပြောကြတယ်။ တချို့နတ်တွေကတော့ 'ရဟန်းဂေါတမ မသေသေး၊ သေခါနီးပြီ' လို့ ပြောကြတယ်။ တချို့နတ်တွေကတော့ 'ရဟန်းဂေါတမ သေတာလည်းမဟုတ်၊ သေခါနီးတာလည်းမဟုတ်၊ ရဟန်းဂေါတမဟာ ရဟန္တာ ဖြစ်တယ်၊ ရဟန္တာရဲ့ နေခြင်းဟာ ဒီလိုသဘောရှိတယ်' လို့ ပြောကြတယ်။

၃၇၉။ သစ္စက. . . 'အာဟာရ လုံးဝ ဖြတ်ဖို့ ကြိုးစားရရင် ကောင်းမှာပဲ' လို့ ငါ စဉ်းစားခဲ့တယ်။ သစ္စက. . . အဲဒီအခါမှာ နတ်တွေဟာ ငါ့အထံသို့ ချဉ်းကပ်လာကြပြီး "အဆွေတော် အာဟာရ လုံးဝ ဖြတ်ဖို့ မကြိုးစားပါနှင့်၊ အကယ်၍ အာဟာရ လုံးဝ ဖြတ်ဖို့ သင် ကြိုးစားလျှင် ကျွန်ုပ်တို့ဟာ နတ်သြဇာကို သင်ရဲ့ မွေးညှင်းပေါက်တို့မှ ထည့်ရလိမ့်မယ်။ အဲဒီနတ်သြဇာနဲ့ သင်ဟာ အသက်ရှင်နေလိမ့်မယ်" လို့ ပြောကြားခဲ့ကြတယ်။ သစ္စက. . . အဲဒီ အခါမှာ ငါဟာ "ငါ အစာ လုံးဝ မစားတော့ဘူး' လို့ ဆုံးဖြတ်လိုက်လျှင် နတ်တွေဟာ နတ်သြဇာကို ငါရဲ့ မွေးညှင်း

ပေါက်တို့မှ ထည့်ကြလိမ့်မယ်၊ ငါဟာလည်း အဲဒီနတ်သြဇာနဲ့ အသက်ရှင်နေရလိမ့်မယ်၊ အဲဒါဟာ ငါရဲ့ လိမ်ညာမှု ဖြစ်လိမ့်မယ်" လို့ စဉ်းစားခဲ့တယ်။ သစ္စက. . . ငါဟာ အဲဒီလို စဉ်းစားပြီး အာဟာရဖြတ်မယ့် အစီအစဉ်ကို ဖျက်သိမ်းခဲ့တယ်။

၃၈၀။ သစ္စက. . . ငါဟာ "အစာအာဟာရ အနည်းငယ်ကိုသာ စားသောက်နေရရင် ကောင်းမှာပဲ" လို့ ကြံကာ တစ်လက်ဖက် တစ်လက်ဖက်မျှလောက်သော ပဲရည်ကိုသာ စားသောက် နေခဲ့တယ်။ အဲဒီအခါမှာ အာဟာရနည်းပါးမှုကြောင့် ငါရဲ့ အင်္ဂါကြီးငယ်တို့ဟာ ကစွန်းနွယ်ရဲ့ အဆစ်၊ နွယ်ပုတ်နွယ်ငန်းရဲ့ အဆစ်တို့ကဲ့သို့ ဖြစ်ပေါ်ခဲ့ကြတယ်။ ငါရဲ့ တင်ပါးဆုံသားဟာ ကုလားအုပ်ခြေရာကဲ့သို့ ဖြစ်ပေါ်လာတယ်။ ငါရဲ့ ကျောကုန်းရိုးဟာ ပုတီးကုန်းကဲ့သို့ ခုန်းလိုက် ခွက်လိုက် ဖြစ်ပေါ်နေတယ်။ ဇရပ်ဆွေးရဲ့ အခြင်တို့ဟာ ဖရိုဖရဲ အထက်တင်အောက်ကျ ပျက်စီးကျနေကုန် သကဲ့သို့ ငါရဲ့ နံရိုးတို့ဟာ ဖရိုဖရဲ အထက်တင်အောက်ကျ ဖြစ်နေကြတယ်။ နက်တဲ့ ရေတွင်းကဲ့သို့ ငါရဲ့ မျက်တွင်းတို့ဟာ ချိုင့်နေခဲ့ကြတယ်။ အနုဆွတ်ထားတဲ့ ဘူးခါးသီးဟာ လေနေပူနဲ့ တွေ့ထိကာ ရှုံ့တွနေသကဲ့သို့ ငါရဲ့ ဦးခေါင်းရေဟာ ရှုံ့တွနေတယ်။

သစ္စက. . . ငါဟာ ဝမ်းရေကို သုံးသပ်မယ်လို့ သုံးသပ် လိုက်တဲ့အခါ ကျောကုန်းရိုးကိုသာ ကိုင်မိတယ်။ ကျောကုန်းရိုးကို သုံးသပ်မယ်လို့ သုံးသပ်လိုက်တဲ့အခါ ဝမ်းရေကိုသာ ကိုင်မိတယ်။

သစ္စက. . . ငါရဲ့ ဝမ်းရေဟာ ကျောကုန်းရိုးကို ကပ်နေတယ်။ ငါဟာ ကျင်ကြီး ကျင်ငယ်စွန့် သွားတဲ့အခါ အဲဒီစွန့်တဲ့နေရာမှာပဲ မှောက်ခုန် လဲကျခဲ့တယ်။ ငါဟာ ခန္ဓာကိုယ်ကို သက်သာစေလိုတဲ့အတွက် လက်နဲ့ ပွတ်သပ်တဲ့အခါ အမြစ်ဆွေးနေတဲ့ အမွေးတွေဟာ ငါရဲ့ ကိုယ်မှ ကျွတ်ကြကုန်တယ်။ သစ္စက လူတွေဟာ ငါ့ကို မြင်ပြီး "ရဟန်းဂေါတမဟာ အသားမည်းတယ်" လို့ ပြောကြတယ်။ တချို့လူတွေကတော့ "ရဟန်းဂေါတမဟာ အသားဝါတယ်" လို့ ပြောကြတယ်။ တချို့လူတွေကတော့ "ရဟန်းဂေါတမဟာ ကြမ်းပိုးကျောကုန်းအဆင်းရှိတယ်" လို့ ပြောကြတယ်။ သစ္စက. . . ငါဘုရားရဲ့ ဒါလောက် သန့်ရှင်းဖြူစင်တဲ့ အသားအရေသည်ပင် အဲဒီလောက်အထိ ပျက်စီးခဲ့ရတယ်။

၃၈၁။ သစ္စက. . . ငါဟာ "အတိတ်, အနာဂတ်, ပစ္စုပ္ပန် ကာလသုံးပါးလုံးမှာ လုံ့လပြုမှုကြောင့်ဖြစ်တဲ့ ပြင်းထန်တဲ့ ဒုက္ခဝေဒနာကို ခံစားကြရတဲ့ ရဟန်း ပုဏ္ဏားတို့ဟာ ဒီမျှသာ ဖြစ်မယ်၊ ဒီထက် မပိုလွန်နိုင်။ ဒီပူလောင်စပ်ခါး ပြင်းထန်တဲ့ အကျင့်နဲ့ ငါ တရားထူးကို မရနိုင်။ သစ္စာလေးပါးကို သိကြောင်း တခြားလမ်းစဉ် ရှိနိုင်တယ်" လို့ စဉ်းစားမိတယ်။ သစ္စက. . . "ခမည်းတော် သုဒ္ဓေါဒနမင်းကြီး လယ်ထွန်မင်္ဂလာသဘင် ဆင်ယင်ကျင်းပနေချိန်မှာ ငါဟာ အေးမြတဲ့ သပြေပင်ရိပ်မှာ ထိုင်လျက် အာနာပါနသဿတိပထမစျာန် ဝင်စားခဲ့ဖူးတာကို အမှတ်ရကာ အဲဒီ အာနာပါနသဿတိပထမစျာန်ဟာ သစ္စာလေးပါးကို သိကြောင်းလမ်းစဉ်

ဖြစ်လေသလား” လို့ စဉ်းစားခဲ့တယ်။ သစ္စက. . . “ဒီအာနာ-ပါနပထမစျာန်သည်သာ သစ္စာလေးပါးကို သိကြောင်း လမ်းစဉ် ဖြစ်တယ်”လို့ သတိကပ်တဲ့ အသိဓာတ် ငါ့မှာ ဖြစ်ပေါ်လာခဲ့တယ်။ သစ္စက. . . “ငါ ကာမဂုဏ်တရား အကုသိုလ် တရားတို့နှင့် ကင်းတဲ့ ချမ်းသာကို ကြောက်နေလေသလား” လို့ မိမိကိုယ်ကို စဉ်းစား ဆင်ခြင်ကြည့်တဲ့အခါ “ငါဟာ ကာမဂုဏ်တရား, အကုသိုလ်တရား တို့နှင့် ကင်းတဲ့ ချမ်းသာကို မကြောက်” လို့ သိရှိလာတယ်။

၃၈၂။ သစ္စက. . . အဲဒီနောက်တော့ ငါဟာ “ဒီအလွန် ပိန်ကြုံနေတဲ့ ကိုယ်နဲ့ ပထမစျာန်ချမ်းသာကို ရဖို့မလွယ်။ ကြမ်းတမ်းတဲ့ အာဟာရကို ငါ စားရရင် ကောင်းမှာပဲ လို့ စဉ်းစားပြီး ကြမ်းတမ်းတဲ့ အာဟာရဖြစ်တဲ့ ဆွမ်းတို့ မုန့်တို့ကို စားခဲ့တယ်။ သစ္စက. . . အဲဒီအခါမှာ “ရဟန်းဂေါတမဟာ လာဘ်လာဘများဖို့ ကျင့်နေပြီ၊ လာဘ်လာဘများဖို့ဘက်သို့ လည်လာပြီ၊ ကမ္မဋ္ဌာန်းမှ ထွက်လာပြီ” လို့ ထင်ကြလျက် ငါ့ကို ငြီးငွေ့စိတ်ပျက်ကာ ပဉ္စဝဂ္ဂီရဟန်း ငါးပါးတို့ဟာ ငါ့အထံမှ ထွက်ခွာသွားကြတယ်။

၃၈၃။ သစ္စက. . . ငါဟာ ကြမ်းတမ်းတဲ့ အာဟာရကို ဘုန်းပေးသုံးဆောင်လျက် အားရှိအောင် ပြုကာ ကြိုးစား အားထုတ်တဲ့အခါ ပထမစျာန်, ဒုတိယစျာန်, တတိယစျာန်, စတုတ္ထစျာန်, ပုဗ္ဗေနိဝါသဉာဏ်, ဒိဗ္ဗစက္ခုဉာဏ်နှင့် အာသဝက္ခယ ဉာဏ်တို့ကို ရတော်မူခဲ့တယ်။ သစ္စက. . အဲဒီလို သဘောရှိတဲ့

သုခဝေဒနာသည်ပင် ငါ့ရဲ့စိတ်ကို လွှမ်းမိုး၍ မတည်နိုင်ခဲ့။

၃၈၇။ သစ္စက. . . ငါဟာ ရာပေါင်းများစွာသော ပရိသတ်ထဲမှာ တရား ဟောဖူးတယ်။ အဲဒီအခါမှာ "ရဟန်းဂေါတမဟာ ငါ့ကို ဦးတည်ပြီး တရား ဟောနေတယ်" လို့ချည်း နာကြားသူတိုင်းက ထင်ကြတယ်။ သစ္စက. . . သင် အဲဒီလို မမှတ်နှင့်၊ မြတ်စွာ ဘုရားဟာ တခြားသူတွေလည်း တရားတော်ကို သိစေလိုတဲ့ ကရုဏာတော်နဲ့သာ တရားဟောကြားတော်မူခြင်း ဖြစ်တယ်။ သစ္စက. . . တရားပွဲ ပြီးတာနှင့် တပြိုင်နက် ငါဘုရားဟာ ဖလသမာပတ်ကို ဝင်စားပြီး နိဗ္ဗာန်ကိုသာ အာရုံပြုနေတော်မူတယ်။

အရှင်ဂေါတမ. . . ဒါဟာ အရှင်ဂေါတမရဲ့ ယုံကြည်ဖွယ် ဖြစ်ပါတယ်၊ ဘုရားတစ်ဆူရဲ့ ယုံကြည်ဖွယ်မျိုး ဖြစ်ပါတယ်။ အရှင်ဂေါတမ. . . အရှင်ဂေါတမဟာ နေ့ခင်းမှာ ကျိန်းလေ့ ရှိပါသလား?

သစ္စက. . . ငါဘုရားဟာ နွေကုန်ပိုင်းလောက်မှာ ဆွမ်းခံပြန်ကြွလာတဲ့အခါ နှစ်ထပ်သင်္ကန်းကြီးကို လေးခေါက်ချိုးခင်းကာ လက်ျာနံတောင်းဖြင့် လျောင်းစက်ကာ ကျိန်းတော်မူလေ့ရှိတယ်။ သတိသမ္ပဇဉ်လည်း အမြဲ ယှဉ်ထားတော်မူတယ်။

အရှင်ဂေါတမ. . . တချို့ရဟန်းပုဏ္ဏားတို့ဟာ အဲဒီလို နေ့အခါမှာ ကျိန်းစက်ခြင်းကို တွေဝေတဲ့ နေခြင်းလို့ ဆိုကြပါတယ်။

သစ္စက. . . တွေဝေသူ မတွေဝေသူဆိုတာ ဒီလိုနည်းနဲ့ ခွဲရတာ မဟုတ်ဘူး၊ သစ္စက. . . တွေဝေသူ မတွေဝေသူ ခွဲခြားနည်းကို ငါဘုရား ဟောပြမယ်၊ နာကြားလော့၊ ကောင်းစွာ နှလုံးသွင်းလော့။

၃၈၈။ သစ္စက. . . အာသဝေါတရားတွေဟာ ညစ်နွမ်းစေတတ်ကြတယ်။ ဘဝသစ်ကို ဖြစ်စေတတ်ကြတယ်၊ ပူလောင်စေတတ်ကြတယ်၊ ဆိုးကျိုးကို ပေးတတ်ကြတယ်၊ ဇာတိဇရာမရဏတို့ကို ဖြစ်စေတတ်ကြတယ်။ သစ္စက. . . အဲဒီ အာသဝေါတရားတို့ကို မပယ်ရသေးသူဟာ တွေဝေသူ ဖြစ်တယ်။ ပယ်ပြီးသူဟာ မတွေဝေသူ ဖြစ်တယ်။

သစ္စက. . . မြတ်စွာဘုရားဟာ အဲဒီအာသဝေါတရားတို့ကို အမြစ်ပြတ် ပယ်တော်မူပြီး ဖြစ်တယ်။ ဒါ့ကြောင့် မြတ်စွာဘုရားဟာ မတွေဝေသူ ဖြစ်တယ်။

၃၈၉။ အဲဒီလို မြတ်စွာဘုရား မိန့်တော်မူတဲ့အခါ သစ္စကက မြတ်စွာဘုရားအား အခုလို လျှောက်ထားခဲ့ပါတယ်–

"အရှင်ဂေါတမ. . . အံ့သြဖွယ်ကောင်းလိုက်တာ ထူးဆန်းလိုက်တာ၊ ဒီလောက်အထိ ထိခိုက်ထိခိုက်ပြီး အပြောခံရတာတောင်မှ၊ အပြစ်တင်တဲ့ စကားလုံးတွေနဲ့ အသုံးနှုန်းခံရတာတောင်မှ အရှင်ဂေါတမရဲ့ အသားအရေဟာ ဖြူစင်ဝင်းပနေလျက်ပဲ၊ မျက်နှာအဆင်းဟာ ကြည်လင်နေလျက်ပဲ၊

ဘုရားတစ်ဆူလိုပါပဲ။ အရှင်ဂေါတမ. . . ကျွန်ုပ်ဟာ ပူရဏကဿပ၊ မက္ခလိဂေါသာလ၊ အဇိတကေသကမ္ဗလ၊ ပကုဓကစ္စာယန၊ သဉ္စယဗေလဋ္ဌပုတ္တနှင့် နိဂဏ္ဌနာဋပုတ္တတို့ကို ဝါဒချင်းပြိုင်ကာ ပြဿနာရှာခဲ့ဖူးပါတယ်။ အဲဒီအခါမှာ သူတို့ဟာ အကြောင်းအရာ တစ်ခုကို တခြား အကြောင်းအရာ တစ်ခုနဲ့ ဖုံးလွှမ်းကြပါတယ်၊ စကားကို အခြားသို့ လွှဲပစ်ကြပါတယ်၊ အမျက်ထွက်ပုံ စိတ်ဆိုးပုံ မနှစ်သက်ပုံကိုလည်း ပြကြပါတယ်။ အရှင်ဂေါတမနှင့်တော့ တခြားစီပါပဲ။ အရှင်ဂေါတမ. . . ကျွန်ုပ်တို့ဟာ ပြုဖွယ်ကိစ္စ များကြပါတယ်၊ ကျွန်ုပ်တို့ကို သွားခွင့်ပြုပါအုံး။

သစ္စက. . . ကောင်းပြီ ကောင်းပြီ။

သစ္စကဟာ မြတ်စွာဘုရားရဲ့ တရားတော်ကို နှစ်သက် သဘောကျပြီး ဝမ်းမြောက်ဝမ်းသာဖြစ်ကာ နေရာမှ ထကာ ထွက်ခွာ သွားခဲ့ပါတယ်။

**မဟာသစ္စကသုတ် ပြီးပြီ။**

❊ ❊ ❊

## ၇–စူဠတဏှာသင်္ခယသုတ်

၃၉၀။ အခါတစ်ပါးမှာ သာဝတ္ထိမြို့ ပုဗ္ဗာရုံကျောင်းတော်မှာ မြတ်စွာဘုရား သီတင်းသုံးနေတော်မူပါတယ်။ အဲဒီ ပုဗ္ဗာရုံ ကျောင်းတော်ဟာ ဝိသာခါလှူဒါန်းထားတဲ့ ကျောင်းတော် ဖြစ်ပါတယ်။ အဲဒီအခါမှာ နတ်တို့သနင်း သိကြားမင်းဟာ မြတ်စွာဘုရားအထံတော်သို့ ချဉ်းကပ်ပြီး အခုလို လျှောက်ထား ပါတယ်–"မြတ်စွာဘုရား. . . တဏှာကုန်ရာ နိဗ္ဗာန်ကို အာရုံပြု၍ ကိလေသာတို့မှ လွတ်မြောက်တဲ့ ရဟန္တာ ပုဂ္ဂိုလ်ဖြစ်ကြောင်း ကျင့်စဉ် အကျဉ်းချုပ်ဟာ ဘာပါလဲ ဘုရား?"

သိကြားမင်း. . . ငါဘုရားသာသနာတော်မှာ ရဟန်း တစ်ပါးဟာ "တရားအားလုံးဟာ ငါပဲ ငါ့ဉစ္စာပဲ- လို့ စွဲလမ်းဖို့ရာ မဟုတ်"လို့ ကြားနာဖူးတယ်။ ဒါ့ကြောင့် သူဟာ တရားအားလုံးကို အနိစ္စ, ဒုက္ခ, အနတ္တ-လို့ ဉာတပရိညာနဲ့ သိတယ်။ ဉာတပရိညာနဲ့ သိပြီးတဲ့အခါ တရားအားလုံးကို တီရဏ ပရိညာနဲ့လည်း ပိုင်းခြား သိတယ်။ သုခဝေဒနာ, ဒုက္ခဝေဒနာ, ဥပေက္ခာ ဝေဒနာတို့အနက် ဝေဒနာတစ်ပါးပါးကို ခံစားရတဲ့ အခါမှာ အဲဒီဝေဒနာတို့ရဲ့ မမြဲပုံကို အဖန်ဖန် ရှုလျက် နေတယ်။ အဲဒီလို နေသည့်အတွက် လောကမှာ တစ်စုံတစ်ခုကိုမျှ မစွဲလမ်းတော့။ မစွဲလမ်းတဲ့အတွက် မတပ်မက်တော့။ မတပ်မက်တဲ့အတွက် ငြိမ်းအေးတော့တယ်။ "ငါ့မှာ ဆက်နေရမည့် ပဋိသန္ဓေ ကုန်ပြီ။ မြတ်တဲ့ အကျင့်ကို ကျင့်သုံးပြီးပြီ။ မဂ်တရားကို ရပြီးပြီ။ မဂ်ရဖို့ရာ နောက်ထပ်ပြုဖွယ်

မရှိတော့ပြီ” လို့ သိတယ်။ သိကြားမင်း. . . ဒါဟာ တဏှာကုန်ရာ နိဗ္ဗာန်ကို အာရုံပြု၍ ကိလေသာတို့မှ လွတ်မြောက်တဲ့ ရဟန္တာ ပုဂ္ဂိုလ်ဖြစ်ကြောင်းကျင့်စဉ် အကျဉ်းချုပ် ဖြစ်တယ်။

အဲဒီနောက် သိကြားမင်းဟာ မြတ်စွာဘုရားရဲ့ တရားတော်ကို နှစ်သက်သဘောကျပြီး မြတ်စွာဘုရားကို ရှိခိုးဦးချ အရိုအသေပြုကာ ပျောက်ကွယ်သွားခဲ့တယ်။

၃၉၁။ အဲဒီအခါမှာ အရှင်မဟာမောဂ္ဂလာန်မထေရ်ဟာ မြတ်စွာဘုရားရဲ့ အနီးမှာ ထိုင်နေတော်မူပါတယ်။ အဲဒီအခါမှာ အရှင်မဟာမောဂ္ဂလာန်မထေရ်အား “ဒီသိကြားမင်းဟာ မြတ်စွာဘုရားရဲ့ တရားတော်ကို သိလို့ ဝမ်းမြောက်လေသလား၊ ဒါမှမဟုတ် မသိဘဲ ဝမ်းမြောက်လေသလား၊ အဲဒီအကြောင်းကို ငါ သိရရင် ကောင်းမှာပဲ” လို့ အကြံဖြစ်ပါတယ်။ အဲဒီလို အကြံဖြစ်ပြီး အရှင်မဟာမောဂ္ဂလာန်မထေရ်ဟာ ကွေးတဲ့လက်ကို ဆန့်လိုက်သလို ဆန့်တဲ့လက်ကို ကွေးလိုက်သလို တာဝတိံသာနတ်ပြည်သို့ ကြွသွားတော်မူပါတယ်။ အဲဒီအခါမှာ သိကြားမင်းဟာ နတ်တူရိယာ ငါးရာတို့နဲ့ ဖျော်ဖြေမှုကို ခံစားနေပါတယ်။ အဲဒီလို ခံစားနေစဉ် အဝေးမှ ကြွလာတော်မူတဲ့ အရှင်မဟာမောဂ္ဂလာန်မထေရ်ကို တွေ့မြင်တဲ့အခါ နတ်တူရိယာ ငါးရာတို့ကို ရပ်ခိုင်းကာ အရှင်မဟာမောဂ္ဂလာန်မထေရ်ကို ခရီးဦးကြိုဆိုပါတယ်။ “အရှင်ဘုရား. . . ကြွတော်မူပါ၊ တပည့်တော်တို့ ကံကောင်းလို့ အရှင်ဘုရားကို ဖူးရတာပါဘုရား၊ အရှင်ဘုရား နတ်ပြည်ကို မကြွလာတာ

ကြာပြီ ဘုရား၊ အရှင်ဘုရား. . . ဒီခင်းထားတဲ့ နေရာမှာ သီတင်းသုံး တော်မူပါဘုရား-”လို့ လျှောက်ထားပါတယ်။ အရှင် မဟာမောဂ္ဂလာန်-မထေရ် ထိုင်တော်မူပြီးတဲ့အခါမှာ သိကြားမင်းဟာလည်း နိမ့်တဲ့ တစ်နေရာမှာ ထိုင်နေခဲ့ပါတယ်။ အဲဒီ အခါမှာ အရှင် မဟာ-မောဂ္ဂလာန်မထေရ်က သိကြားမင်းအား “သိကြားမင်း. . . ရဟန္တာ ပုဂ္ဂိုလ်ဖြစ်ကြောင်း အကျင့်ကို မြတ်စွာဘုရားက အကျဉ်းချုပ် အားဖြင့် ဘယ်လို ဟောတော်မူပါသလဲ? ငါတို့လည်း အဲဒီ တရားတော်ကို သိပါရစေ”လို့ ပြောကြားတော်မူပါတယ်။

၃၉၂။ အရှင်ဘုရား. . . တပည့်တော်တို့ဟာ ပြုဖွယ်ကိစ္စ များပြားကြပါတယ်ဘုရား၊ ဒါပေမဲ့ ကိုယ့်ကိစ္စက နည်းနည်း၊ တာဝတိံသာနတ်တွေရဲ့ ကိစ္စက များများပါဘုရား။ ဒါ့ကြောင့် တပည့်တော်တို့ သေချာကြားနာမှတ်သားထားတဲ့ တရား တွေတောင်မှ ကြာကြာမခံဘဲ မြန်မြန်ပဲ ပျောက်ကုန်ပါတယ်ဘုရား။ အရှင်ဘုရား. . . တစ်ခါက နတ်တွေနှင့် အသူရာတွေ စစ်ပွဲ ဆင်နွှဲကြပါတယ်ဘုရား။ အဲဒီစစ်ပွဲမှာ နတ်တွေ နိုင်ပြီး အသူရာတွေ ရှုံးကြပါတယ်ဘုရား။ တပည့်တော်ဟာ အဲဒီစစ်ပွဲကို အောင်မြင်ပြီး ပြန်လာကာ ဝေဇယန္တာခေါ်တဲ့ ပြာသာဒ်ကို ဖန်ဆင်း ခဲ့ပါတယ်ဘုရား။ အဲဒီဝေဇယန္တာပြာသာဒ်မှာ ဘုံဆောင် တစ်ရာ့တစ်ဆောင် ရှိပြီး ဘုံဆောင်တစ်ဆောင်တစ်ဆောင်မှာ အထွတ်ပါတဲ့ အခန်း ခုနစ်ရာစီရှိပါတယ်ဘုရား၊ အထွတ်ပါတဲ့ အခန်းတစ်ခန်းတစ်ခန်းမှာလည်း နတ်သမီး ခုနစ်ယောက်စီ ရှိပါတယ်ဘုရား။ နတ်သမီး တစ်ယောက်တစ်ယောက်မှာလည်း

အလုပ်အကျွေး ခုနစ်ယောက်စီ ရှိပါတယ်ဘုရား။ အရှင်ဘုရား ဝေဇယန္တာပြာသာဒ်ရဲ့ ပျော်စရာ ကောင်းပုံကို ရှုစားတော်မူလိုပါသလားဘုရား-လို့ သိကြားမင်းက လျှောက်ထားတဲ့အခါ အရှင်မောဂ္ဂလာန်မထေရ်ဟာ ဆိတ်ဆိတ် နေတော်မူခြင်းအားဖြင့် သဘောတူတော်မူပါတယ်။

၃၉၃။ အဲဒီအခါမှာ သိကြားမင်းနှင့် ဝေဿဝဏ်နတ်မင်းတို့ဟာ အရှင်မဟာမောဂ္ဂလာန်ကို ရှေ့မှ ကြွတော်မူစေကာ ဝေဇယန္တာပြာသာဒ်ဆီသို့ သွားခဲ့ကြပါတယ်။ သိကြားမင်းရဲ့ အလုပ်အကျွေး နတ်သမီးများဟာ အဝေးမှ ကြွလာတော်မူတဲ့ အရှင်မဟာမောဂ္ဂလာန်မထေရ်ကို လှမ်းမြင်ကြတဲ့အခါ ရှက်ကြရွံ့ကြပြီး သူတို့ရဲ့ တိုက်ခန်းတွေထဲသို့ ဝင်သွားခဲ့ကြပါတယ်။ အဲဒီအခါမှာ သိကြားမင်းနှင့် ဝေဿဝဏ်နတ်မင်းတို့ဟာ အရှင်မဟာမောဂ္ဂလာန်မထေရ်ကို ဝေဇယန္တာပြာသာဒ်ပေါ်မှာ လှည့်လည် ပြသကြပါတယ်။ အရှင်ဘုရား. . . ဒါဟာ ဝေဇယန္တာပြာသာဒ်ရဲ့ ပျော်စရာကောင်းပုံပါပဲဘုရား၊ ဒါဟာ ဝေဇယန္တာပြာသာဒ်ရဲ့ ပျော်စရာကောင်းပုံပါပဲဘုရားလို့လည်း လျှောက်ထားကြပါတယ်။ အဲဒီအခါမှာ အရှင်မောဂ္ဂလာန်မထေရ်က "သိကြားမင်းကြီးရဲ့ ဝေဇယန္တာပြာသာဒ်ဟာ တင့်တယ်ပါပေတယ်၊ ဘုန်းကံရှိသူတို့ရဲ့ ထုံးစံအတိုင်းပါပဲ။ ဒါ့ကြောင့် လူပြည်မှာ လူတွေဟာ အလွန်ပျော်စရာကောင်းတဲ့ တစ်စုံတစ်ရာကို တွေ့ကြတဲ့အခါ 'တာဝတိံသာကျနေတာပဲ' လို့ ပြောဆိုလေ့ရှိကြပါတယ်။ သိကြားမင်းကြီးရဲ့ ဝေဇယန္တာပြာသာဒ်ဟာ တင့်တယ်လှပါပေတယ်"

လို့ မိန့်ကြားတော်မူပါတယ်။ အဲဒီလို မိန့်ကြားတော် မူပြီးတဲ့အခါမှာ "ဒီသိကြားမင်းဟာ အတော် မေ့လျော့နေတာပဲ။ ငါ ဒီသိကြားမင်းကို ထိတ်လန့်စေရရင် ကောင်းမှာပဲ"လို့ အရှင် မဟာမောဂ္ဂလာန်မထေရ်မှာ အကြံ ဖြစ်တော်မူပါတယ်။ အဲဒီလို အကြံဖြစ်တော်မူပြီး အရှင်မဟာ-မောဂ္ဂလာန်မထေရ်ဟာ တန်ခိုးတစ်မျိုးကို ဖန်ဆင်းတော်မူပါတယ်။ အဲဒီတန်ခိုးတော်ရဲ့ အစွမ်းနဲ့ ဝေဇယန္တာပြာသာဒ်ကို ခြေမနဲ့ တို့ကာ တုန်လှုပ်ယိမ်းယိုင်စေတော်မူပါတယ်။ အဲဒီအခါမှာ သိကြားမင်း, ဝေဿဝဏ်နတ်မင်းနှင့် တာဝတိံသာနတ်တွေဟာ အလွန့်အလွန် အံ့ဩကုန်ကြပါတယ်။ "ဒီရဟန်းတော်ရဲ့ တန်ခိုးကြီးပုံ အာနုဘော်-ကြီးပုံဟာ အံ့ဩစရာ ကောင်းလိုက်တာ၊ သူရဲ့ တန်ခိုးတော်နဲ့ နတ်ပြည်ကိုတောင်မှ ခြေမလေးနဲ့ တို့ကာ တုန်လှုပ်ယိမ်းယိုင်စေနိုင် ပါဘိတယ်" လို့လည်း ချီးမွမ်းထောမနာ ပြုကြပါတယ်။ အဲဒီအခါမှာ အရှင် မဟာမောဂ္ဂလာန် မထေရ်ဟာ သိကြားမင်း ထိတ်လန့်ပြီး ကြက်သီး မွေးညှင်းထနေကြောင်းကို သိတော်မူကာ "သိကြားမင်း ရဟန္တာပုဂ္ဂိုလ်ဖြစ်ကြောင်း အကျင့်ကို မြတ်စွာ ဘုရားက အကျဉ်းချုပ် အားဖြင့် ဘယ်လို ဟောတော်မူပါသလဲ? ငါတို့လည်း အဲဒီ တရားတော်ကို သိပါရစေ"လို့ ပြောကြားတော်မူပါတယ်။

၃၉၄။ အဲဒီအခါမှာမှ သိကြားမင်းဟာ မြတ်စွာဘုရား အထံတော်မှ ကြားနာခဲ့ရသော ရဟန္တာပုဂ္ဂိုလ်ဖြစ်ကြောင်း ကျင့်စဉ် အကျဉ်းချုပ်ကို ပြန်လည်သတိရကာ လျှောက်ပြနိုင်ခဲ့ပါတယ်။

(၃၇၄)

အဲဒီနောက် အရှင်မဟာမောဂ္ဂလာန်မထေရ်ဟာ လူ့ပြည်သို့ ပြန်ဆင်းလာတော်မူခဲ့ပါတယ်။ အဲဒီအခါမှာ သိကြားမင်းရဲ့ အလုပ်အကျွေးဖြစ်တဲ့ နတ်သမီးများက သိကြားမင်းအား "အရှင် သိကြားမင်း. . . အဲဒီရဟန်းဟာ အရှင်သိကြားမင်းရဲ့ ဆရာ မြတ်စွာဘုရားလား" လို့ မေးမြန်းကြပါတယ်။ နှမတို့. . . အဲဒါ ဘုရားမဟုတ်သေးဘူး၊ ငါရဲ့ မိတ်ဆွေရဟန်း အရှင်မဟာ-မောဂ္ဂလာန်သာ ဖြစ်တယ်။ အရှင်သိကြားမင်း. . . အရှင် သိကြားမင်းဟာ ကံကောင်းလိုက်တာ၊ အရှင်သိကြားမင်းရဲ့ မိတ်ဆွေရဟန်းသည်ပင် တန်ခိုးအာနုဘော်ကြီးလိုက်တာ။ မြတ်စွာဘုရားသာဆိုလျှင်တော့ အတိုင်းထက်အလွန် နေမှာပဲ-လို့ ပြောကြားကြပါတယ်။

၃၉၅။ အဲဒီနောက် အရှင်မဟာမောဂ္ဂလာန်မထေရ်ဟာ မြတ်စွာဘုရားအထံတော်သို့ ချဉ်းကပ်ကာ သိကြားမင်းအား မြတ်စွာဘုရားဟောကြားတော်မူခဲ့တဲ့ ရဟန္တာပုဂ္ဂိုလ်ဖြစ်ကြောင်း ကျင့်စဉ်အကျဉ်းချုပ်ကို မေးမြန်းလျှောက်ထားခဲ့ပါတယ်။ မြတ်စွာ ဘုရားက သိကြားမင်းအား ဟောကြားတော်မူခဲ့တဲ့ အတိုင်းပင် အရှင်မဟာမောဂ္ဂလာန်မထေရ်အား ဟောကြားတော်မူခဲ့ပါတယ်။

အရှင်မဟာမောဂ္ဂလာန်ဟာ မြတ်စွာဘုရားရဲ့ တရားတော်ကို နှစ်သက်သဘောကျပြီး သာဓုအနုမောဒနာခေါ် ဆိုခဲ့ပါတယ်။

**စူဠတဏှာသင်္ခယသုတ် ပြီး၏။**

❁ ❁ ❁

## ၈–မဟာတဏှာသင်္ခယသုတ်

၃၉၆။ အခါတစ်ပါးမှာ သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်မှာ မြတ်စွာဘုရား သီတင်းသုံးနေတော်မူပါတယ်။ အဲဒီအခါမှာ တံငါသည်ရဲ့သား သာတိရဟန်းမှာ "ပြေးလွှားနေသော ကျင်လည်နေသော ဝိညာဏ်မှာ တစ်ခုတည်းသာ ဖြစ်၏၊ တခြားဝိညာဏ် မဟုတ်၊ မြတ်စွာဘုရားသည် ထိုသို့ ဟောတော်မူ၏"လို့ မှားယွင်းတဲ့ မိစ္ဆာအယူဖြစ်ပေါ်နေတယ်။ အဲဒီအခါမှာ ရဟန်းတွေက သာတိရဟန်းအား "အဲဒီလို မိစ္ဆာအယူဖြစ်ပေါ်နေတာ မှန်သလား" လို့ မေးမြန်းကြပါတယ်။ မှန်ကန်ကြောင်း သာတိရဟန်းက ဖြေကြားတဲ့အခါ ရဟန်းတွေက သာတိရဟန်းကို အဲဒီမိစ္ဆာအယူမှ ကင်းဝေးစေလိုတဲ့ အတွက် "ငါ့ရှင်သာတိ. . . အဲဒီလို မပြောပါနှင့်၊ မြတ်စွာဘုရားကို မစွပ်စွဲပါနှင့်၊ မြတ်စွာဘုရားကို စွပ်စွဲခြင်းဟာ မကောင်းပါ၊ မြတ်စွာဘုရား အဲဒီလို မဟောတန်ရာပါ။ ငါ့ရှင် သာတိ. . . အကြောင်းနှင့် ကင်း၍ ဝိညာဏ်၏ ဖြစ်ခြင်းသည်မရှိ" လို့ မြတ်စွာဘုရားက အကြောင်းအမျိုးမျိုးနဲ့ ဟောကြားတော် မူခဲ့ပါတယ်" လို့ ဖျောင်းဖျကြပါတယ်။ ဒါပေမဲ့ သာတိရဟန်းကတော့ အဲဒီမိစ္ဆာအယူကို စွဲစွဲမြဲမြဲ ယူထားလျက်ပါပဲ။ ဒါနဲ့ ရဟန်းများက အဲဒီအကြောင်းကို မြတ်စွာဘုရားအထံတော်သို့ သွားရောက် လျှောက်ထားကြပါတယ်။

၃၉၈။ အဲဒီအခါမှာ မြတ်စွာဘုရားက သာတိရဟန်းကို ခေါ်ခိုင်းတော်မူပြီး "သာတိ. . . သင်ပြောတဲ့ ဝိညာဏ်ဆိုတာ ဘာလဲ" လို့ မေးတော်မူပါတယ်။ "မြတ်စွာဘုရား. . . တပည့်တော်ပြောတဲ့

ဝိညာဏ်ဆိုတာ ပြောဆိုတတ်သူ, ခံစားတတ်သူ ဖြစ်ပါတယ်၊ ထိုထိုဘဝမှာ ကုသိုလ်ကံ အကုသိုလ်ကံတို့ရဲ့ အကျိုးကို ခံစားတတ်သူ ဖြစ်ပါတယ်" လို့ သာတိရဟန်းက ဖြေကြားပါတယ်။ အဲဒီအခါမှာ မြတ်စွာဘုရားက "လူဖျင်း. . . ဘယ်သူ့အား ငါဘုရား အဲဒီလို ဟောကြားဖူးသလဲ? အကြောင်းနှင့်ကင်း၍ ဝိညာဏ်၏ ဖြစ်ခြင်းသည်မရှိ" လို့ အကြောင်းအမျိုးမျိုးနဲ့ ငါဘုရား ဟောကြားထားသည် မဟုတ်လား? ထိုသို့ဖြစ်ပါလျက် သင်ဟာ သင်ရဲ့ လွဲမှားစွာ မှတ်ယူခြင်းအားဖြင့် ငါဘုရားကို စွပ်စွဲတယ်၊ သင့်ကိုယ်သင်လည်း တူးဖြိုဖျက်ဆီးပစ်တယ်၊ မကောင်းမှုကိုလည်း ပွားစေတယ်။ အဲဒီမိစ္ဆာအယူဟာ သင့်အတွက် ကြာမြင့်စွာ ဆင်းရဲကြောင်း ဖြစ်တယ်"လို့ မိန့်ကြားတော်မူပါတယ်။

၃၉၉။ အဲဒီလို မိန့်ကြားတော်မူပြီး မြတ်စွာဘုရားက ရဟန်းတို့အား "ရဟန်းတို့ . . . သာတိရဟန်းအား ဒီသာသနာတော်မှာ မဂ်ဖိုလ်ရရန် ဉာဏ်အငွေ့အသက်လေးမျှပင် ရှိသေးရဲ့လား"လို့ မေးမြန်းတော်မူပါတယ်။ "မြတ်စွာဘုရား. . . လုံးဝ မရှိနိုင်တော့ပါ" လို့ ရဟန်းများက လျှောက်ထားခဲ့ကြပါတယ်။ အဲဒီအခါမှာ သာတိရဟန်းဟာ မျက်နှာမသာမယာဖြစ်ကာ ခေါင်းငုံ့လျက် ထိုင်နေပါတယ်။ မြတ်စွာဘုရားက သာတိရဟန်းအား "လူဖျင်း. . . သင်ဟာ သင့်မိစ္ဆာအယူနဲ့သင် ထင်ရှားလာလိမ့်မယ်" လို့ မိန့်တော်မူပါတယ်။

၄၀၀။ ရဟန်းတို့ . . . ဥပမာအားဖြင့် အကြောင်းတစ်မျိုးမျိုးကို အစွဲပြုပြီး မီးတောက်လျှင် အဲဒီအကြောင်းနဲ့သာ မီးရဲ့နာမည်ကို

ခေါ်ရတယ်။ ထင်းကို အစွဲပြုပြီး တောက်တဲ့ မီးကို ထင်းမီးလို့ ခေါ်ရတယ်။ ဝါးခြမ်းကို အစွဲပြုပြီး တောက်တဲ့မီးကို ဝါးခြမ်းမီးလို့ ခေါ်ရတယ်။ မြက်ကို အစွဲပြုပြီး တောက်တဲ့မီးကို မြက်မီးလို့ ခေါ်ရတယ်။ နွားချေးကို အစွဲပြုပြီး တောက်တဲ့မီးကို နွားချေးမီးလို့ ခေါ်ရတယ်။ ဖွဲကို အစွဲပြုပြီး တောက်တဲ့မီးကို ဖွဲမီးလို့ ခေါ်ရတယ်။ အမှိုက်ကို အစွဲပြုပြီး တောက်တဲ့မီးကို အမှိုက်မီးလို့ ခေါ်ရတယ်။

ရဟန်းတို့ . . ထို့အတူပဲ အကြောင်းတစ်မျိုးမျိုးကို အစွဲပြုပြီး သိမှုဝိညာဏ် ဖြစ်ပေါ်လာလျှင် အဲဒီအကြောင်းနဲ့သာ ဝိညာဏ်ရဲ့ အမည်ကို ခေါ်ရတယ်။ မျက်စိနှင့်အဆင်းတို့ကို အစွဲပြုပြီး ဖြစ်ပေါ်လာတဲ့ ဝိညာဏ်ကို မျက်စိဝိညာဏ်- လို့ ခေါ်ရတယ်။ နားနှင့် အသံတို့ကို အစွဲပြုပြီးဖြစ်ပေါ်လာတဲ့ ဝိညာဏ်ကို နားဝိညာဏ်လို့ ခေါ်ရတယ်။ နှာခေါင်းနှင့် အနံ့တို့ကို အစွဲပြုပြီး ဖြစ်ပေါ်လာတဲ့ ဝိညာဏ်ကို နှာခေါင်းဝိညာဏ်လို့ ခေါ်ရတယ်။ လျှာနှင့် အရသာတို့ကို အစွဲပြု၍ ဖြစ်ပေါ်လာတဲ့ ဝိညာဏ်ကို လျှာဝိညာဏ်လို့ ခေါ်ရတယ်။ ကိုယ်နှင့် တွေ့ထိစရာတို့ကို အစွဲပြုပြီး ဖြစ်ပေါ်လာတဲ့ ဝိညာဏ်ကို ကိုယ်ဝိညာဏ်လို့ ခေါ်ရတယ်။ စိတ်နှင့် သိစရာသဘောတရားတို့ကို အစွဲပြုပြီး ဖြစ်ပေါ်လာတဲ့ ဝိညာဏ်ကို စိတ်ဝိညာဏ်လို့ ခေါ်ရတယ်။

၄၀၁။ အဲဒီလို မြတ်စွာဘုရားက အကြောင်းတရားများကို အစွဲပြုပြီး သိမှုဝိညာဏ်ဖြစ်ပေါ်လာပုံကို ဟောကြားတော်မူပြီးတဲ့ အခါ အကြောင်းတရားများကိုပဲ အစွဲပြုပြီး ခန္ဓာငါးပါးလုံး ဖြစ်ပေါ်လာပုံကို ဟောကြားတော်မူခဲ့ပါတယ်။ အဲဒီလို ခန္ဓာငါးပါးလုံး

ဖြစ်ပေါ်လာပုံကို သိတဲ့ ဝိပဿနာပညာကိုတောင်မှ "ငါရဲ့ ဝိပဿနာပဲ" လို့ တဏှာဒိဋ္ဌိတို့နဲ့ မစွဲလမ်း မတွယ်တာသင့်ပုံကိုလည်း ဟောပြတော်မူခဲ့ပါတယ်။ အဲဒီနောက် ခန္ဓာဖြစ်ခြင်းရဲ့ အကြောင်းတရားများကို ဆက်လက် ဟောပြတော်မူခဲ့ပါတယ်။

၄၀၂။ ရဟန်းတို့ . . ဖြစ်ပြီးတဲ့ သတ္တဝါတို့ရဲ့ တည်တံ့ကြောင်း, ဖြစ်ဆဲသတ္တဝါတို့ကို ထောက်ပံ့ကြောင်းဖြစ်တဲ့ တရားများဟာ လေးပါးဖြစ်တယ်။ အဲဒီလေးပါးဆိုတာက- (၁) အလုတ်အလွေး ပြုထားတဲ့ အာဟာရ၊ (၂) ဖဿ၊ (၃) မနောသဉ္စေတနာနှင့် (၄) ဝိညာဏ်တို့ ဖြစ်တယ်။ အဲဒီတရား လေးပါးရဲ့ အကြောင်းဟာ တဏှာ ဖြစ်တယ်၊ တဏှာရဲ့ အကြောင်းဟာ ဝေဒနာ ဖြစ်တယ်၊ ဝေဒနာရဲ့ အကြောင်းဟာ ဖဿ ဖြစ်တယ်။ ဖဿရဲ့ အကြောင်းဟာ သဠာယတန ဖြစ်တယ်၊ သဠာယတနရဲ့ အကြောင်းဟာ နာမ်ရုပ် ဖြစ်တယ်၊ နာမ်ရုပ်ရဲ့ အကြောင်းဟာ ဝိညာဏ် ဖြစ်တယ်၊ ဝိညာဏ်ရဲ့ အကြောင်းဟာ သင်္ခါရ ဖြစ်တယ်၊ သင်္ခါရရဲ့ အကြောင်းဟာ အဝိဇ္ဇာ ဖြစ်တယ်၊ ရဟန်းတို့ . . အဲဒီနည်းအားဖြင့် အဝိဇ္ဇာမှ ဇာတိတိုင်အောင် အဆက်ဆက်သော အကြောင်းတရားတို့ကြောင့် အဆက်ဆက်သော အကျိုးတရားတို့ ဖြစ်ကြတယ်။ ဇာတိကြောင့် ဇရာမရဏ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ နှင့် ဥပါယာသတို့ ဖြစ်ကြတယ်။ ရဟန်းတို့ . . ချမ်းသာမဖက် ဒုက္ခတုံးသက်သက်သာ အဲဒီလို ဖြစ်ပေါ်နေတယ်။

၄၀၃။ အဲဒီနောက် မြတ်စွာဘုရားက အဝိဇ္ဇာအစရှိတဲ့ အကြောင်း အဆက်ဆက်ရဲ့ အကြွင်းမဲ့ ချုပ်ပြတ်ခြင်းကြောင့် သင်္ခါရ

အစရှိတဲ့ အကျိုးအဆက်ဆက်ရဲ့ ချုပ်ပြတ်ပုံကိုလည်း ဟောပြတော်မူခဲ့ပါတယ်။ အဲဒီလို ဟောပြတော်မူပြီး ရဟန်းတို့ကို အခုလို မိန့်ကြားတော်မူပါတယ်–

ရဟန်းတို့ . . သင်တို့ ဒီလို သိကြ၊ ဒီလို မြင်ကြတဲ့အခါ "ရှေးအခါက ငါတို့ ဖြစ်ခဲ့ကြလေသလား" စသည်ဖြင့် အတိတ်ကို သံသယ ရှိကြသေးသလား?

အရှင်ဘုရား . . မရှိကြပါဘုရား။

အနာဂတ်နှင့် ပစ္စုပ္ပန်ကိုတော့ သံသယရှိကြသေးသလား?

အရှင်ဘုရား . . မရှိကြပါဘုရား။

ရဟန်းတို့ . . သင်တို့ကိုယ်တိုင် ဒီလို သိကြ မြင်ကြပါလျက် "မြတ်စွာဘုရားက ငါတို့ရဲ့ ဆရာ ဖြစ်တယ်၊ မြတ်စွာဘုရားကို ရိုသေသောအားဖြင့် ငါတို့ ဒီလို ပြောကြတာပါ" လို့ ပြောကြအုံးမှာလား?

အရှင်ဘုရား . . မပြောကြတော့ပါဘုရား။

ရဟန်းတို့ . . သင်တို့ကိုယ်တိုင် သိကြ မြင်ကြ သဘောပေါက်ကြတဲ့ အကြောင်းအရာကို သင်တို့ ပြောကြတာ မဟုတ်လား?

မှန်ပါ အရှင်ဘုရား . . ။

သာဓု သာဓု ရဟန်းတို့ . . သင်တို့ကိုယ်တိုင် သိရတဲ့ တရားတော်နဲ့ သင်တို့ကို နိဗ္ဗာန်သို့ ငါဘုရား ပို့တော်မူခဲ့ပြီ။ သန္ဒိဋ္ဌိက အစရှိတဲ့ ဂုဏ်တော်ခြောက်ပါးနှင့် ပြည့်စုံတော်မူတဲ့ တရားဆိုတာ ဒါပဲ ရဟန်းတို့ . . လို့ ဟောပြတော်မူပါတယ်။

၄၀၈။ အဲဒီနောက် လူ့ဘဝမှာ ကာမဂုဏ်ငါးပါးနှင့် ပျော်မွေ့နေကြပုံ၊ အာရုံခြောက်ပါးကို တွေ့ကြုံခံစားရတဲ့အခါ တပ်မက်မှု တဏှာဖြစ်ပုံ၊ တဏှာကြောင့် ဥပါဒါန်ဖြစ်ပုံစသည်ဖြင့် အကြောင်းအဆက်ဆက်ကြောင့် အကျိုးအဆက်ဆက်ဖြစ်ပုံကို ဟောပြတော်မူပါတယ်။

အဲဒီနောက် တချို့ပုဂ္ဂိုလ်ကတော့ မြတ်စွာဘုရားသာသနာတော်မှာ ရဟန်းပြုပြီး သီလ, သန္တုဋ္ဌိ, ဣန္ဒြိယသံဝရ, သတိသမ္ပဇည တို့နှင့် ပြည့်စုံပုံ၊ ဆက်လက်ကြိုးစား အားထုတ်တဲ့အခါ ဈာန်လေးပါးကိုရရှိပုံ၊ အဲဒီရဟန်းဟာ အာရုံခြောက်ပါးနှင့် တွေ့ကြုံခံစားရသော်လည်း သူမှာ တပ်မက်မှုတဏှာ မရှိတော့ပုံ၊ တဏှာ အကြွင်းမဲ့ ချုပ်ပြတ်တဲ့အတွက် ဥပါဒါန် ချုပ်ပြတ်ပုံ- စသည်ဖြင့် အကြောင်းအဆက်ဆက် အကြွင်းမဲ့ချုပ်ပြတ်သည့်အတွက် အကျိုးအဆက်ဆက်တို့ အကြွင်းမဲ့ ချုပ်ပြတ်ပုံတို့ကို ဟောပြတော်မူပါတယ်။ အဲဒီနောက် မြတ်စွာဘုရားက ရဟန်းတို့အား "ရဟန်းတို့. . .ငါဘုရား အကျဉ်းချုပ်အားဖြင့် ဟောပြတဲ့ ဒီဒေသနာတော်ကို **တဏှာ ကုန်ရာနိဗ္ဗာန်ကို ပြတဲ့ဒေသနာ**လို့ မှတ်သားကြ၊ သာတိရဟန်းကိုကား တဏှာ-ပိုက်ကွန်ကြီး ထဲမှာ အုပ်မိနေသူလို့ မှတ်သားကြ" လို့ မိန့်ကြားတော်မူခဲ့ပါတယ်။

အဲဒီလို မြတ်စွာဘုရား မိန့်ကြားတော်မူပြီးတဲ့အခါမှာ ရဟန်းများဟာ ဝမ်းမြောက်ဝမ်းသာ သာဓုအနုမောဒနာ ခေါ် ဆိုခဲ့ကြပါတယ်။

**မဟာတဏှာသင်္ခယသုတ် ပြီးပြီ။**

❊ ❊ ❊

## ၉–မဟာအဿပုရသုတ်

၄၁၅။ အခါတစ်ပါးမှာ အင်္ဂတိုင်း အဿပုရနိဂုံးမှာ မြတ်စွာဘုရား သီတင်းသုံးနေတော်မူပါတယ်။ အဲဒီအခါမှာ မြတ်စွာဘုရားက ရဟန်းတို့အား အခုလို ဟောကြားတော်မူခဲ့ပါတယ်–

ရဟန်းတို့ . . "ရဟန်းများ ရဟန်းများ" လို့ သင်တို့ကို လူတွေက သိကြတယ်။ သင်တို့ကလည်း "ငါတို့ဟာ ရဟန်းများ" လို့ ဝန်ခံထားကြတယ်။ ရဟန်းတို့ . . သင်တို့ဟာ "ရဟန်းဖြစ်ကြောင်း တရားတို့ကို ဆောက်တည်ပြီး ငါတို့ ကျင့်ကြမယ်၊ ဒါမှသာ ငါတို့ဟာ အမည်နဲ့ လိုက်ကြလိမ့်မယ်၊ ငါတို့ရဲ့ ဝန်ခံမှုဟာလည်း မှန်ကန်လိမ့်မယ်၊ ငါတို့အား ပစ္စည်းလေးပါး လှူနေကြတဲ့ ဒကာ ဒကာမများမှာလည်း အကျိုးများလိမ့်မယ်၊ ငါတို့ရဲ့ ရဟန်းဘဝဟာလည်း အကျိုးများလိမ့်မယ်" လို့ နှလုံးသွင်း ဆင်ခြင်ကြရမယ်။

၄၁၆။ ရဟန်းတို့ . . . ရဟန်းဖြစ်ကြောင်းတရားတို့ကို ဘယ်လို ကျင့်ကြရမလဲဆိုတော့- "မကောင်းမှုပြုရန် ရှက်ခြင်း ကြောက်ခြင်း ဆိုတဲ့ ဟိရီဩတ္တပ္ပနှင့် ပြည့်စုံအောင်နေကြမယ်" လို့ ကျင့်ကြရမယ်။

"ကိုယ်အမူအရာ, နှုတ်အမူအရာ, စိတ်အမူအရာတို့ကို စင်ကြယ်စေမယ်" လို့လည်း ကျင့်ကြရမယ်။

"အသက်မွေးမှုကို စင်ကြယ်စေမယ်" လို့လည်း ကျင့်ရမယ်။

"လောဘဒေါသ မဖြစ်အောင် ကြန္ဒြေ ခြောက်ပါးကို စောင့်စည်းမယ်" လို့လည်း ကျင့်ကြရမယ်။

"ဘောဇဉ်၌ အတိုင်းအရှည်ကို သိမယ်၊ ပစ္စဝေက္ခဏာ ဆင်ခြင်ပြီး အာဟာရကို သုံးဆောင်မယ်" လို့လည်း ကျင့်ကြရမယ်။

"နိုးနိုးကြားကြား နေမယ်၊ နေ့အခါ၌ စင်္ကြံလျှောက်ခြင်း၊ ထိုင်ခြင်းတို့ဖြင့် စိတ်ကို နီဝရဏကင်း၍ သန့်ရှင်းစေမယ်၊ ညဉ့်ဦးယံ၌ လည်း စင်္ကြံလျှောက်ခြင်း၊ ထိုင်ခြင်းတို့ဖြင့် စိတ်ကို နီဝရဏကင်း၍ သန့်ရှင်းစေမယ်၊ သန်းခေါင်ယံ၌ လကျာနံတောင်းဖြင့် လျောင်း၍ အနားယူအိပ်စက်မယ်၊ လကျာခြေပေါ်၌ လက်ဝဲခြေကို အနည်းငယ် တင်ထား၍ အိပ်စက်မယ်၊ သတိနှင့် အသိယှဉ်လျက် အိပ်စက်မယ်၊ ထမည်ဟူသော သညာကို နှလုံးသွင်းပြီ အိပ်စက်မယ်၊ မိုးသောက်ယံ၌ အိပ်ယာမှ ထ၍ စင်္ကြံလျှောက်ခြင်း၊ ထိုင်ခြင်းတို့ဖြင့် စိတ်ကို နီဝရဏကင်း၍ သန့်ရှင်းစေမယ်" လို့လည်း ကျင့်ကြရမယ်။

"သတိနှင့် အသိယှဉ်လျက် နေမယ်၊ ရှေ့သို့ တိုးခြင်း၊ နောက်သို့ ဆုတ်ခြင်း၊ တည့်တည့် ကြည့်ခြင်း၊ စောင်း၍ ကြည့်ခြင်း စသည်တို့ကို အသိဉာဏ်ယှဉ်လျက် ပြုမယ်" လို့လည်း ကျင့်ကြရမယ်။

ရဟန်းတို့ . . ငါဘုရားရဲ့ သာသနာတော်မှာ ငါဘုရားရဲ့ သားတော်ရဟန်းဟာ ဆိတ်ငြိမ်ရာအရပ်ကို ရှာမှီးနေထိုင်တယ်။ အဲဒီရဟန်းဟာ ဆွမ်းခံပြန်လာတဲ့အခါ တင်ပလ္လင်ခွေ ထိုင်လျက်

ကမ္မဋ္ဌာန်းတရားကို ကြိုးစားအားထုတ်တယ်။ အဲဒီအခါမှာ အထက်ပိုင်းကိုယ်ကို ဖြောင့်ဖြောင့်မတ်မတ် ထားကာ သတိကို ကမ္မဋ္ဌာန်းအာရုံသို့ စူးစိုက်ထားတယ်။ အဲဒီရဟန်းဟာ အဘိဇ္ဈာ, ဗျာပါဒ, ထိနမိဒ္ဓ, ဥဒ္ဓစ္စကုက္ကုစ္စ, ဝိစိကိစ္ဆာဆိုတဲ့ နီဝရဏ ငါးမျိုးတို့မှ စိတ်ကို သန့်ရှင်းစင်ကြယ်စေတယ်။ ဥပမာအားဖြင့် နီဝရဏ ငါးမျိုးကင်းခြင်းဟာ ကြွေးကင်းခြင်း, ရောဂါကင်းခြင်း, ထောင်မှ လွတ်ခြင်း, ကျွန်ဘဝမှ လွတ်ခြင်း, ကန္တာရကို ကျော်လွှန်နိုင်ခြင်းတို့နှင့် တူတယ်။

အဲဒီရဟန်းဟာ အဲဒီနီဝရဏငါးပါးကို ပယ်ပြီးတဲ့အခါ ပထမဈာန်, ဒုတိယဈာန်, တတိယဈာန်, စတုတ္ထဈာန်, ပုဗ္ဗေနိဝါသာနုဿတိအဘိညာဉ်, ဒိဗ္ဗစက္ခုအဘိညာဉ်နှင့် အာသဝက္ခယဉာဏ်တော်တို့ကို အဆင့်ဆင့် ရရှိပြီး ရဟန္တာ ဖြစ်တော့တယ်။

ရဟန်းတို့ . . အဲဒီရဟန်းဟာ မကောင်းမှုအကုသိုလ်တို့ကို ငြိမ်းသတ်ပြီးသူ ဖြစ်တယ်၊ ဒါ့ကြောင့် အဲဒီရဟန်းကို သမဏ- လို့ ခေါ်တယ်။

မကောင်းမှုအကုသိုလ်တို့ကို ဖယ်ရှားထားပြီးသောကြောင့် ဗြာဟ္မဏ-လို့လည်း ခေါ်တယ်။

မကောင်းမှုအကုသိုလ်တို့ကို ဆေးကြောသုတ်သင်ထားပြီး ဖြစ်သောကြောင့် နှာတက-လို့လည်း ခေါ်တယ်။

မကောင်းမှုအကုသိုလ်တို့ကို သိ၍ ပယ်ထားပြီး ဖြစ်သောကြောင့် ဝေဒဂူ-လို့လည်း ခေါ်တယ်။

မကောင်းမှုအကုသိုလ်တို့ကို ပယ်သတ်ပြီးသူ ဖြစ်သောကြောင့် သောတ္တိယ-လို့လည်း ခေါ်တယ်။

မကောင်းမှုအကုသိုလ်တို့မှ ကင်းဝေးသူ ဖြစ်သောကြောင့် အရိယ-လို့လည်း ခေါ်တယ်။

မကောင်းမှုအကုသိုလ်တို့မှ ကင်းဝေးသူ ဖြစ်သောကြောင့် ရဟန္တာ-လို့လည်း ခေါ်တယ်။

မြတ်စွာဘုရား အဲဒီလို ဟောကြားတော်မူပြီးတဲ့အခါ ရဟန်းများဟာ ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်ဆိုခဲ့ကြပါတယ်။

**မဟာအဿပုရသုတ် ပြီးပြီ။**

❊ ❊ ❊

## ၁၀–စူဠအာသပုရသုတ်

၄၃၅။ အခါတစ်ပါးမှာ အင်္ဂတိုင်း အဿပုရနိဂုံးမှာ မြတ်စွာဘုရား သီတင်းသုံးနေတော်မူပါတယ်။ အဲဒီအခါမှာ မြတ်စွာဘုရားက ရဟန်းတို့အား အခုလို ဟောကြားတော်မူခဲ့ပါတယ်–

ရဟန်းတို့. . . "ရဟန်းများ ရဟန်းများ" လို့ သင်တို့ကို လူတွေက သိကြတယ်။ သင်တို့ကလည်း "ငါတို့ဟာ ရဟန်းများ" လို့ ဝန်ခံထားကြတယ်။ ရဟန်းတို့. . . သင်တို့ဟာ "ရဟန်း ကျင့်ဝတ်တွေကို ငါတို့ ကျင့်ကြမယ်၊ ဒါမှသာ ငါတို့ဟာ အမည်နဲ့ လိုက်ကြလိမ့်မယ်၊ ငါတို့ရဲ့ ဝန်ခံမှုဟာလည်း မှန်ကန်လိမ့်မယ်၊ ငါတို့အား ပစ္စည်းလေးပါး လှူနေကြတဲ့ ဒကာ ဒကာမများမှာလည်း အကျိုးများလိမ့်မယ်၊ ငါတို့ရဲ့ ရဟန်းဘဝဟာလည်း အကျိုးများလိမ့်မယ်" လို့ နှလုံးသွင်း ဆင်ခြင်ကြရမယ်။

၄၃၆။ ရဟန်းတို့. . . ပြင်းစွာ မက်မောခြင်း, ပျက်စီးစေလိုခြင်း, အမျက်ထွက်ခြင်း, ရန်ငြိုးဖွဲ့ခြင်း, သိက္ခာချခြင်း, ဂုဏ်ပြိုင်ခြင်း, မနာလိုခြင်း, ဝန်တိုခြင်း, ကောက်ကျစ်ခြင်း, လှည့်ပတ်ခြင်း, အလိုဆိုးရှိခြင်း, အယူမှားခြင်းဆိုတဲ့ ရဟန်းအညစ်အကြေးတွေကို မပယ်ရသေးတဲ့ ရဟန်းကို "ရဟန်းကျင့်ဝတ်တို့ကို မကျင့်သူ" လို့ ငါဘုရား ဟောတော်မူတယ်။

ရဟန်းတို့ . . . ဥပမာအားဖြင့် နှစ်ဘက်အသွားရှိတဲ့ ရေစိမ်ထား သွေးထားတဲ့ မတဇ-လို့ ခေါ်တဲ့ လက်နက်တစ်မျိုး ရှိတယ်။ အဲဒီလက်နက်ကို သားရေအိမ်ထဲမှာ ထည့်ထားသကဲ့သို့ ရဟန်းကျင့်ဝတ်တို့ကို မကျင့်တဲ့ ရဟန်းကို သားရေအိမ်ထဲ ထည့်ထားတဲ့ မတဇခေါ်တဲ့ လက်နက်နှင့် တူတယ်-လို့ ငါဘုရား ဟောကြားတော်မူတယ်။

၄၃၇။ ရဟန်းတို့ . . . ချုပ်စပ်ထားတဲ့ အဝတ်ကို ဝတ်ရုံမှုနဲ့ ရဟန်း- လို့ ငါဘုရား မဟော၊ အဝတ်မဝတ်ရုံမှုနဲ့လည်း ရဟန်း- လို့ ငါဘုရား မဟော၊ မြူအညစ်အကြေးကို ဆောင်ရုံမှုနဲ့လည်း ရဟန်း-လို့ ငါဘုရားမဟော၊ ရေထဲသို့ ဆင်းရုံမှုနဲ့လည်း ရဟန်း- လို့ ငါဘုရား မဟော၊ သစ်ပင်ရင်းမှာ နေရုံမှုနဲ့လည်း ရဟန်း-လို့ ငါဘုရား မဟော၊ လွင်တီးခေါင်မှာ နေရုံနဲ့ဖြင့်လည်း ရဟန်းလို့ ငါဘုရား မဟော၊ မတ်မတ် ရပ်တည်ရုံမှုနဲ့လည်း ရဟန်း-လို့ ငါဘုရား မဟော၊ (လ- ရက်) အလှည့်ကျ စားရုံမှုနဲ့လည်း ရဟန်း- လို့ ငါဘုရား မဟော၊ မန္တန်ကို ရွတ်အံရုံမှုနဲ့လည်း ရဟန်း-လို့ ငါဘုရား မဟော၊ ဆံကျစ်ကို ဆောင်ရုံမှုနဲ့လည်း ရဟန်း-လို့ ငါဘုရား မဟော။

ရဟန်းတို့ . . . ချုပ်စပ်ထားသော အဝတ်ကို ဝတ်ရုံမှုနဲ့ ပြင်းစွာမက်မောခြင်း, ပျက်စီးစေလိုခြင်းစတဲ့ ရဟန်းအညစ်အကြေးများ ကင်းပျောက်ကြမယ်ဆိုလျှင် မွေးဖွားစကလေးကိုပင် ဆွေမျိုးသားချင်းတို့က

ချုပ်စပ်ထားတဲ့ အဝတ်ကို ဝတ်ပေးကုန်စရာရှိတယ်။ ရဟန်းတို့ . . ချုပ်စပ်ထားတဲ့ အဝတ်ကို ဝတ်ထားပါလျက် ပြင်းစွာ မက်မောတဲ့ ပုဂ္ဂိုလ်, ပျက်စီးစေလိုတဲ့ ပုဂ္ဂိုလ်, အမျက်ထွက်တဲ့ ပုဂ္ဂိုလ်, ရန်ငြိုးဖွဲ့တဲ့ ပုဂ္ဂိုလ်, သိက္ခာချတဲ့ ပုဂ္ဂိုလ်, ဂုဏ်ပြိုင်တဲ့ ပုဂ္ဂိုလ်, မနာလိုတဲ့ ပုဂ္ဂိုလ်, ဝန်တိုတဲ့ ပုဂ္ဂိုလ်, ကောက်ကျစ်စဉ်းလဲတဲ့ ပုဂ္ဂိုလ်, လှည့်ပတ်တဲ့ ပုဂ္ဂိုလ်, အလိုဆိုးရှိတဲ့ ပုဂ္ဂိုလ်, အယူမှားတဲ့ ပုဂ္ဂိုလ်ကို ငါဘုရား တွေ့မြင်တော်မူတယ်၊ ဒါ့ကြောင့် ချုပ်စပ်ထားတဲ့ အဝတ်ကို ဝတ်ရုံမှုနဲ့ ရဟန်း-လို့ ငါဘုရား ဟောကြားတော်မမူ။

၄၃၈။ ရဟန်းတို့ . . ပြင်းစွာ မက်မောခြင်း, ပျက်စီးစေလိုခြင်း, အမျက်ထွက်ခြင်း, ရန်ငြိုးဖွဲ့ခြင်း, သိက္ခာချခြင်း, ဂုဏ်ပြိုင်ခြင်း, မနာလိုခြင်း, ဝန်တိုခြင်း, ကောက်ကျစ်ခြင်း, လှည့်ပတ်ခြင်း, အလိုဆိုးရှိခြင်း, အယူမှားခြင်းဆိုတဲ့ ရဟန်းအညစ်-အကြေးတွေကို ပယ်ပြီးတဲ့ ရဟန်းကို "ရဟန်းကျင့်ဝတ်ကို ကျင့်သူ"-လို့ ငါဘုရား ဟောကြားတော်မူတယ်။ အဲဒီရဟန်းဟာ မကောင်းမှု အကုသိုလ် အားလုံးမှ သန့်ရှင်းစင်ကြယ်တယ်-လို့ မိမိကိုယ်ကို ရှုမြင်တယ်။ အဲဒီအခါမှာ အဲဒီရဟန်းအား ဝမ်းမြောက်ခြင်း, နှစ်သက်ခြင်း, ငြိမ်းအေးခြင်း, ချမ်းသာခြင်း, တည်ကြည်ခြင်းတို့ ဖြစ်ပေါ်လာတယ်။

အဲဒီရဟန်းဟာ မေတ္တာ, ကရုဏာ, မုဒိတာ, ဥပေက္ခာ စိတ်တို့နဲ့ အရပ်မျက်နှာအားလုံးကို ဖြန့်ကြက်ပြီးနေတယ်။

ရဟန်းတို့. . . ဥပမာအားဖြင့် ကြည်လင်အေးမြသော ရေတွေနဲ့ ပြည့်နေတဲ့ ရေကန်ကြီးဆီသို့ အရပ်လေးမျက်နှာမှ ခရီးပန်းလာသူများ ရောက်လာကြပြီး ရေကန်ကြီးထဲသို့ ဆင်းကာ ရေဆာခြင်း ခရီးပန်းခြင်းတို့ကို ဖြေဖျောက်ကြသကဲ့သို့ အမျိုးလေးပါးမှ ငါဘုရားသာသနာသို့ ဝင်ရောက် ရဟန်းပြုလာကြသူများဟာ မေတ္တာ, ကရုဏာ, မုဒိတာ, ဥပေက္ခာဆိုတဲ့ ဘာဝနာလေးပါးကို ပွားများကြသည့်အတွက် ကိုယ်တွင်းသန္တာန်မှာ ငြိမ်းအေးမှုကို ရကြတယ်။ အဲဒီလို ကိုယ်တွင်း သန္တာန်မှာ ငြိမ်းအေးတဲ့ ရဟန်းကို "ရဟန်းကျင့်ဝတ်ကို ကျင့်သူ" လို့ ငါဘုရား ဟောကြားတော်မူတယ်။

အဲဒီ အမျိုးလေးပါးမှ ရဟန်းပြုလာကြတဲ့ ရဟန်းများဟာ ဒီမျက်မှောက်ဘဝမှာပဲ အာသဝေါကုန်ခန်းကာ ရဟန္တာဖြစ်ကြတယ်-လို့ မြတ်စွာဘုရား မိန့်ကြားတော်မူပါတယ်။

အဲဒီအခါမှာ ရဟန်းများဟာ မြတ်စွာဘုရားရဲ့ တရားတော်ကို နှစ်သက်သဘောကျပြီး ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်ဆိုခဲ့ကြပါတယ်။

**စူဠအဿပုရသုတ် ပြီးပြီ။**

**မဟာယမကဝဂ် ပြီးပြီ။**

❊ ❊ ❊

## ၅– စူဠယမကဝဂ်

## ၁–သာလေယျကသုတ်

၄၃၉။ အခါတစ်ပါးမှာ ကောသလတိုင်း သာလာခေါ်တဲ့ ပုဏ္ဏားရွာသို့ ရဟန်းသံဃာများစွာနှင့် အတူ မြတ်စွာဘုရား ကြွရောက်တော်မူပါတယ်။ အဲဒီအခါမှာ သာလာရွာသား ပုဏ္ဏား သူကြွယ်များဟာ မြတ်စွာဘုရားအား အခုလို လျှောက်ထား ကြပါတယ်–

အရှင်ဂေါတမ. . . တချို့ပုဂ္ဂိုလ်များ ကွယ်လွန်တဲ့အခါ ငရဲသို့ ရောက်ပြီး တချို့ပုဂ္ဂိုလ်များ ကွယ်လွန်တဲ့ အခါကျတော့ နတ်ပြည်သို့ ရောက်ကြပါတယ်။ အဲဒီလို ရောက်ကြခြင်းရဲ့ အကြောင်းက ဘာပါလဲ?

သူကြွယ်တို့. . . မတရားမှု မမျှတမှုကို ပြုခြင်းကြောင့် အဲဒီမတရားမှု မမျှတမှုကို ပြုသူများ ကွယ်လွန်တဲ့အခါ ငရဲသို့ ရောက်ကြတယ်။ တရားသောအမှု မျှတသောအမှုကို ပြုခြင်း ကြောင့် အဲဒီတရားသောအမှု မျှတသော အမှုကို ပြုသူများ ကွယ်လွန်တဲ့အခါ နတ်ပြည်သို့ ရောက်ကြတယ်။

အရှင်ဂေါတမ. . . အရှင်ဂေါတမရဲ့ တရားဟာ ကျဉ်းလွန်း နေပါတယ်၊ ကျွန်ုပ်တို့ နားမလည်ကြပါ။ ကျွန်ုပ်တို့ နားလည်အောင် အကျယ်ချဲ့ပြီး ဟောပြတော်မူပါ။

သူကြွယ်တို့ . . . ကိုယ်ဖြင့် မတရားမှု မမျှတမှုပြုခြင်းက သုံးမျိုးရှိတယ်။ နှုတ်ဖြင့် မတရားမှု မမျှတမှု ပြုခြင်းက လေးမျိုး ရှိတယ်။ စိတ်ဖြင့် မတရားမှု မမျှတမှုပြုခြင်းက သုံးမျိုးရှိတယ်။

ကိုယ်ဖြင့် မတရားမှု မမျှတမှုပြုခြင်း သုံးမျိုးဆိုတာက–

(၁) သူ့အသက်ကို သတ်ခြင်း

(၂) သူ့ဥစ္စာကို ခိုးယူခြင်းနှင့်

(၃) သူ့သားမယားကို ကျူးလွန်ခြင်းတို့ ဖြစ်တယ်။

နှုတ်ဖြင့် မတရားမှု မမျှတမှုပြုခြင်း လေးမျိုးဆိုတာက–

(၁) လိမ်ညာ ပြောဆိုခြင်း

(၂) ကုန်းတိုက်ပြောဆိုခြင်း

(၃) ကြမ်းတမ်းသော စကားကို ပြောဆိုခြင်းနှင့်

(၄) အပြိန်အဖျင်းစကားကို ပြောဆိုခြင်းတို့ ဖြစ်တယ်။

စိတ်ဖြင့် မတရားမှု မမျှတမှုပြုလုပ်ခြင်း သုံးမျိုး ဆိုတာက–

(၁) သူတစ်ပါးစည်းစိမ်ကို ကိုယ့်စည်းစိမ်ဖြစ်စေရန် မတရား ကြံစည်ခြင်း

(၂) သူတစ်ပါးတို့အား ပျက်စီးစေလိုခြင်း နှင့်

(၃) မှားသော အယူရှိခြင်းတို့ ဖြစ်တယ်။

သူကြွယ်တို့ . . အဲဒီလို မတရားမှု မမျှတမှုကို ပြုခြင်းကြောင့် အဲဒီမတရားမှု မမျှတမှုကို ပြုသူများ ကွယ်လွန်တဲ့ အခါ ငရဲသို့ ရောက်ကြတယ်။

၄၄၁။ သူကြွယ်တို့ . . . ကိုယ်ဖြင့် တရားသောအမှု မျှတသော အမှု ပြုခြင်းက သုံးမျိုးရှိတယ်။ နှုတ်ဖြင့် တရားသောအမှု မျှတသောအမှုပြုခြင်းက လေးမျိုးရှိတယ်။ စိတ်ဖြင့် တရားသောအမှု မျှတသောအမှု ပြုခြင်းက သုံးမျိုးရှိတယ်။

ကိုယ်ဖြင့် တရားသောအမှု မျှတသောအမှု ပြုခြင်းသုံးမျိုး ဆိုတာက-

(၁) သူ့အသက်ကို မသတ်ခြင်း

(၂) သူ့ဥစ္စာကို မခိုးခြင်း နှင့်

(၃) သူ့ သားမယားကို မကျူးလွန်ခြင်းတို့ ဖြစ်တယ်။

နှုတ်ဖြင့် တရားသောအမှု မျှတသောအမှု ပြုခြင်း လေးမျိုး ဆိုတာက--

(၁) လိမ်ညာ မပြောခြင်း

(၂) ကုန်းတိုက်သော စကားကို မပြောခြင်း

(၃) ကြမ်းတမ်းသော စကားကို မပြောခြင်း နှင့်

(၄) အပြိန်အဖျင်းစကားကို မပြောခြင်းတို့ ဖြစ်တယ်။

စိတ်ဖြင့် တရားသောအမှု မျှတသောအမှု ပြုခြင်း သုံးမျိုး ဆိုတာက-

(၁) သူတစ်ပါးစည်းစိမ်ကို ကိုယ့်စည်းစိမ်ဖြစ်စေရန် မတရား မကြံစည်ခြင်း

(၂) သူတစ်ပါးတို့အား ဘေးရန်ကင်းကွာ ကျန်းမာ ချမ်းသာစေလိုခြင်း နှင့်

(၃) မှန်ကန်သော အယူရှိခြင်းတို့ ဖြစ်တယ်။

သူကြွယ်တို့ . . အဲဒီလို တရားသောအမှု မျှတသောအမှုကို ပြုခြင်းကြောင့် အဲဒီတရားသောအမှု မျှတသောအမှုကို ပြုသောသူများ ကွယ်လွန်တဲ့အခါ နတ်ပြည်သို့ ရောက်ကြတယ်။

သူကြွယ်တို့ . . . တရားသောအမှု မျှတသောအမှု ပြုလေ့ရှိတဲ့ ပုဂ္ဂိုလ်ဟာ နောင်ဘဝမှာ ခတ္တိယမဟာသာလမျိုးမှာ ဖြစ်လိုတဲ့ ဆန္ဒရှိက ခတ္တိယမဟာသာလမျိုးမှာ ဖြစ်နိုင်တယ်။

ဗြာဟ္မဏမဟာသာလမျိုး, ဂဟပတိမဟာသာလမျိုးတို့မှာလည်း ဖြစ်လိုတဲ့ ဆန္ဒရှိက ဗြာဟ္မဏမဟာသာလမျိုး, ဂဟပတိမဟာ-သာလမျိုး တို့မှာ ဖြစ်နိုင်တယ်။

နတ်ပြည်, ဗြဟ္မာ့ပြည်တို့မှာလည်း ဖြစ်လိုတဲ့ ဆန္ဒရှိက နတ်ပြည်, ဗြဟ္မာ့ပြည်တို့မှာ ဖြစ်နိုင်တယ်။

ဒါမှမဟုတ် ဒီဘဝမှာပင် အာသဝေါကုန်ခန်း၍ ရဟန္တာ ဖြစ်လိုကလည်း ဒီဘဝမှာပင် အာသဝေါကုန်ခမ်း၍ ရဟန္တာ ဖြစ်နိုင်တယ်။ ဘာ့ကြောင့်လဲဆိုတော့- သူဟာ တရားသောအမှု မျှတသောအမှုကို ပြုလေ့ရှိသောကြောင့် ဖြစ်တယ်။

မြတ်စွာဘုရား အဲဒီလို မိန့်ကြားတော်မူတဲ့အခါ သာလာ ရွာသား ပုဏ္ဏားသူကြွယ်များဟာ မြတ်စွာဘုရား အထံတော်မှာ သရဏဂုံဆောက်တည်ကြကာ ရာသက်ပန် သရဏဂုံတည်သူများ ဖြစ်ခဲ့ကြပါတယ်။

**သာလေယျကသုတ် ပြီး၏။**

❀ ❀ ❀

## ၂-ဝေရဥ္စကသုတ်

ဝေရဥ္စကသုတ်ရဲ့ ဆိုလိုရင်း အဓိပ္ပါယ်မှာ သာလေယျက သုတ်နှင့် တူပြီ။

❃ ❃ ❃

## ၃-မဟာဝေဒလ္လသုတ်

၄၄၉။ အခါတစ်ပါးမှာ သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်မှာ မြတ်စွာဘုရား သီတင်းသုံးနေတော်မူပါတယ်။ အဲဒီအခါမှာ အရှင်မဟာကောဋ္ဌိကဟာ အရှင်သာရိပုတ္တရာအထံသို့ ကြွသွားကာ အရှင်သာရိပုတ္တရာအား အခုလို မေးလျှောက်ခဲ့ပါတယ်--

အရှင်ဘုရား. . . ဘယ်လိုပုဂ္ဂိုလ်မျိုးကို ပညာမရှိသူလို့ ခေါ်ပါသလဲဘုရား။

ငါ့ရှင်. . . ဒုက္ခ၊ ဒုက္ခဖြစ်ကြောင်းတရား၊ ဒုက္ခချုပ်ရာနိဗ္ဗာန်၊ ဒုက္ခချုပ်ရာနိဗ္ဗာန်သို့ ရောက်ကြောင်းတရားဆိုတဲ့ သစ္စာလေးပါးကို ကွဲပြားစွာ မသိသူကို ပညာမရှိသူလို့ ခေါ်တယ်။

အရှင်ဘုရား. . . ဘယ်လိုပုဂ္ဂိုလ်မျိုးကို ပညာရှိသူ-လို့ ခေါ်ပါသလဲဘုရား။

ငါ့ရှင်. . . ဒုက္ခ၊ ဒုက္ခဖြစ်ကြောင်းတရား၊ ဒုက္ခချုပ်ရာနိဗ္ဗာန်၊ ဒုက္ခချုပ်ရာနိဗ္ဗာန်သို့ ရောက်ကြောင်းတရားဆိုတဲ့ သစ္စာလေးပါးကို ကွဲပြားစွာ သိသူကို ပညာရှိသူ-လို့ ခေါ်တယ်။

အရှင်ဘုရား. . . ဘာကို ဝိညာဏ်လို့ ခေါ်ပါသလဲဘုရား။

ငါ့ရှင်. . . သုခဝေဒနာ၊ ဒုက္ခဝေဒနာနှင့် ဥပေက္ခာဝေဒနာတို့ကို သိတတ်သော သဘောတရားကို ဝိညာဏ်-လို့ခေါ်တယ်။

အရှင်ဘုရား. . . ပညာနှင့် ဝိညာဏ်တို့ဟာ ရောနှောနေကြပါကုန်သလား၊ မရောနှောဘဲနေကြပါကုန်သလား၊ ပညာနှင့်ဝိညာဏ်တို့ကို ခွဲခြား၍ ရကောင်းပါသလားဘုရား။

ငါ့ရှင်. . . ပညာနှင့် ဝိညာဏ်တို့ဟာ ရောနှော၍နေကြတယ်၊ ပညာနှင့်ဝိညာဏ်တို့ကို ခွဲခြား၍ မရကောင်း။

အရှင်ဘုရား. . . ဒါဖြင့်ရင် ပညာနှင့် ဝိညာဏ်တို့ရဲ့အထူးကား ဘာပါလဲဘုရား။

ငါ့ရှင်. . . ပညာဆိုတာ ပွားများရမယ့်တရား ဖြစ်တယ်၊ ဝိညာဏ်ဆိုတာ ပိုင်းခြားသိရမယ့်တရား ဖြစ်တယ်။ ဒါဟာ ပညာနှင့်ဝိညာဏ်တို့ရဲ့ အထူးပဲ။

အရှင်ဘုရား. . . ဘာကို ဝေဒနာလို့ ခေါ်ပါသလဲဘုရား။

ငါ့ရှင်. . . ချမ်းသာခြင်း၊ ဆင်းရဲခြင်း၊ ချမ်းသာဆင်းရဲမှုမရှိခြင်းတို့ကို ခံစားတတ်သော သဘောတရားကို ဝေဒနာ-လို့ခေါ်တယ်။

အရှင်ဘုရား. . . ဘာကို သညာ-လို့ ခေါ်ပါသလဲဘုရား။

ငါ့ရှင်. . . အညို၊ အရွှေ၊ အနီ၊ အဖြူစသည်တို့ကို မှတ်သားတတ်သော သဘောတရားကို သညာ-လို့ ခေါ်တယ်။

အရှင်ဘုရား. . . ဝေဒနာ၊ သညာနှင့် ဝိညာဏ်တို့ဟာ ရောနှော၍ နေကြပါသလား၊ မရောနှောဘဲ နေကြပါသလား၊

ဝေဒနာ၊ သညာနှင့် ဝိညာဏ်တို့ကို ခွဲခြား၍ ရကောင်းပါသလား ဘုရား။

ငါ့ရှင်. . . ဝေဒနာ၊ သညာနှင့် ဝိညာဏ်တို့ဟာ ရောနှော၍ နေကြတယ်။ ဝေဒနာ၊ သညာနှင့် ဝိညာဏ်တို့ကို ခွဲခြား၍ မရကောင်း။

၄၅၁။ အရှင်ဘုရား. . . ပညာဟာ ဘာအကျိုးရှိပါသလဲ ဘုရား။

ငါ့ရှင်. . . ပညာဟာ အထူးသိခြင်းအကျိုးရှိတယ်၊ ပိုင်းခြား၍ သိခြင်းအကျိုးလည်းရှိတယ်၊ ပယ်စွန့်ခြင်းအကျိုးလည်းရှိတယ်။

၄၅၂။ အရှင်ဘုရား. . . မှန်သော အယူဖြစ်ခြင်းရဲ့ အကြောင်းများဟာ ဘာတွေပါလဲဘုရား။

ငါ့ရှင်. . . တရားနာခြင်းနှင့် အသင့်အားဖြင့် နှလုံးသွင်းခြင်း ဆိုတဲ့ အကြောင်းနှစ်ပါးဟာ မှန်သောအယူ ဖြစ်ခြင်းရဲ့ အကြောင်းများ ဖြစ်တယ်။

အရှင်ဘုရား . . . ဘယ်လိုအထောက်အပံ့ကို ရတဲ့ သမ္မာဒိဋ္ဌိဟာ အရဟတ္တဖိုလ်ဆိုတဲ့ အကျိုးကို ပေးပါသလဲဘုရား။

ငါ့ရှင်. . . စောင့်စည်းခြင်း- သီလ၊ တရားနာခြင်း- သုတ၊ ကမ္မဋ္ဌာန်းဆွေးနွေးခြင်း- သာကစ္ဆာ၊ ငြိမ်းအေးစေခြင်း- သမထနှင့် အထူးအားဖြင့် ရှုခြင်း- ဝိပဿနာဆိုတဲ့ အထောက်အပံ့တို့ကို ရတဲ့ သမ္မာဒိဋ္ဌိဟာ အရဟတ္တဖိုလ်ဟူသော အကျိုးကို ပေးနိုင်တယ်။

၄၅၃။ အရှင်ဘုရား. . . ဘဝ ဘယ်နှစ်မျိုးရှိပါသလဲ ဘုရား။

ငါ့ရှင်. . . ကာမဘဝ၊ ရူပဘဝနှင့် အရူပဘဝ-လို့ ဘဝသုံးမျိုး ရှိတယ်။

အရှင်ဘုရား. . . ဘာ့ကြောင့် နောင်အခါမှာ ဘဝသစ် ဖြစ်ရပါသလဲဘုရား။

ငါ့ရှင်. . . အဝိဇ္ဇာနီဝရဏနှင့် တဏှာသံယောဇဉ် ရှိကြတဲ့ သတ္တဝါတွေဟာ အာရုံအမျိုးမျိုးကို လွန်စွာ နှစ်သက်တပ်မက် ကြတယ်။ အဲဒီလို လွန်စွာ နှစ်သက်တပ်မက်မှုကြောင့် နောင်အခါမှာ ဘဝသစ် ဖြစ်ရတယ်။

အရှင်ဘုရား. . . ဘာ့ကြောင့် နောင်အခါမှာ ဘဝသစ် မဖြစ်တော့ပါသလဲဘုရား။

ငါ့ရှင်. . . အဝိဇ္ဇာနှင့် တဏှာချုပ်ခြင်း၊ အရဟတ္တမဂ်ဆိုတဲ့ ဝိဇ္ဇာရဲ့ ဖြစ်ပေါ်ခြင်းကြောင့် နောင်အခါမှာ ဘဝသစ် မဖြစ်ရတော့။

၄၅၆။ အရှင်ဘုရား. . . စက္ခုန္ဒြေ၊ သောတိန္ဒြေ၊ ဃာနိန္ဒြေ၊ ဇိဝှိန္ဒြေနှင့် ကာယိန္ဒြေဆိုတဲ့ ဣန္ဒြေငါးပါးဟာ ဘာကို စွဲ၍ တည်နေပါသလဲဘုရား။

ငါ့ရှင်. . . အဲဒီဣန္ဒြေငါးပါးဟာ အသက်ကို စွဲ၍ တည်နေကြတယ်။

အရှင်ဘုရား. . . အသက်ကကော ဘာကို စွဲ၍တည်နေပါ သလဲဘုရား။

ငါ့ရှင်. . . အသက်က အငွေ့ကို စွဲ၍တည်နေတယ်။

အရှင်ဘုရား. . . အငွေ့ကကော ဘာကို စွဲ၍ တည်နေပါ သလဲဘုရား။

ငါ့ရှင်. . . အငွေ့က အသက်ကို စွဲ၍ တည်နေတယ်။

အရှင်ဘုရား. . . "အသက်က အငွေ့ကို စွဲ၍တည်တယ်၊ အငွေ့က အသက်ကို စွဲ၍ တည်တယ်" ဆိုတာ ဘယ်လိုပါလဲ ဘုရား။

ငါ့ရှင်. . . ဥပမာ တစ်ခုပြောပြမယ်၊ တချို့ ပညာရှိများဟာ ဥပမာနဲ့မှ ပိုပြီး သဘောပေါက်ကြတယ်။ ငါ့ရှင်. . . ဥပမာအားဖြင့် ဆီးမီး တောက်နေတဲ့အခါမှာ မီးတောက်ကို အစွဲပြုပြီး မီးရောင်က ထင်ရှားတယ်၊ မီးရောင်ကို အစွဲပြုပြီးတော့လည်း မီးတောက်က ထင်ရှားတယ်။ ငါ့ရှင်. . . ထို့အတူပဲ အသက်က အငွေ့ကို စွဲ၍ တည်တယ်၊ အငွေ့ကကလည်း အသက်ကို စွဲ၍တည်တယ်။

၄၅၇။ အရှင်ဘုရား. . . အသက်နှင့် ဝေဒနာတို့ဟာ အတူတူပဲလား၊ သို့မဟုတ် တခြားစီလားဘုရား။

ငါ့ရှင်. . . အသက်နှင့် ဝေဒနာတို့ဟာ အတူတူမဟုတ်ကြ၊ တကယ်လို့ အသက်နှင့် ဝေဒနာသာ အတူတူ ဖြစ်ခဲ့လျှင် သညာဝေဒနာချုပ်ရာ နိရောဓသမာပတ်ကို ဝင်စားတဲ့ ရဟန်းရဲ့ ပြန်ထခြင်းဆိုတာ မထင်ရှားရာ။ အသက်နှင့် ဝေဒနာတို့ တခြားစီ ဖြစ်သောကြောင့်သာ သညာဝေဒနာချုပ်ရာ နိရောဓသမာပတ်ကို ဝင်စားတဲ့ရဟန်းရဲ့ ပြန်ထခြင်းဆိုတာ ထင်ရှားရတယ်။

အရှင်ဘုရား. . . ဘယ်မျှလောက်သော တရားများ ဒီခန္ဓာကိုယ်ကို စွန့်သွားတဲ့အခါ ဒီခန္ဓာကိုယ်ဟာ ကွယ်လွန်ရပါသလဲ? ထင်းတုံးကဲ့သို့ ဖြစ်သွားရပါသလဲဘုရား?

ငါ့ရှင်. . . အသက်၊ အငွေ့နှင့် ဝိညာဏ်ဆိုတဲ့ တရား သုံးမျိုးတို့ ဒီခန္ဓာကိုယ်ကို စွန့်သွားတဲ့အခါ ဒီခန္ဓာကိုယ်ဟာ ကွယ်လွန်တော့တယ်၊ ထင်းတုံးကဲ့သို့ ဖြစ်တော့တယ်။

အရှင်ဘုရား. . . ကွယ်လွန်သူနှင့် နိရောဓသမာပတ်ကို ဝင်စားတဲ့ ရဟန်းတို့ဟာ ဘယ်လိုထူးပါသလဲ ဘုရား။

ငါ့ရှင်. . . ကွယ်လွန်သူမှာ ထွက်သက်ဝင်သက်တို့ ချုပ်ကြတယ်၊ နှုတ်မြွက်မှုများလည်း ချုပ်ကြတယ်၊ ဝေဒနာသညာ တို့လည်း ချုပ်ကြတယ်၊ အသက်လည်း ကုန်တယ်၊ အငွေ့လည်း ငြိမ်းတယ်၊ ဣန္ဒြေတို့လည်း ပျက်စီးကုန်တယ်။ နိရောဓသမာပတ်ကို ဝင်စားတဲ့ ရဟန်းမှာတော့ ထွက်သက်ဝင်သက်တို့ ချုပ်ကြတယ်၊ နှုတ်မြွက်မှုများလည်း ချုပ်ကြတယ်၊ ဝေဒနာသညာတို့လည်း ချုပ်ကြတယ်၊ အသက်ကတော့ မကုန်၊ အငွေ့လည်းပဲ မငြိမ်း၊ ဣန္ဒြေတို့လည်း အထူး ကြည်လင်လျက် ရှိကြတယ်။ ဒါဟာ ကွယ်လွန်သူနှင့် နိရောဓသမာပတ်ကို ဝင်စားတဲ့ ရဟန်းတို့ရဲ့ ထူးခြားပုံ ကွာခြားပုံ ဖြစ်တယ်။

အဲဒီနောက်မှာလည်း အကြောင်းအရာ များစွာကို ဆက်လက် ဆွေးနွေးခဲ့ကြပါတယ်။ အဲဒီလို ဆွေးနွေးကြပြီးတဲ့ အခါမှာ အရှင်မဟာကောဋ္ဌိကဟာ အရှင်သာရိပုတ္တရာရဲ့ အဖြေများကို နှစ်သက်သဘောကျကာ ဝမ်းမြောက်ဝမ်းသာ သာဓု ခေါ်ဆိုခဲ့ပါတယ်။

**မဟာဝေဒလ္လသုတ် ပြီး၏။**

❊ ❊ ❊

## ၄-စူဠဝေဒလ္လသုတ်

၄၆၀။ အခါတစ်ပါးမှာ ရာဇဂြိုဟ်မြို့ ဝေဠုဝန်ကျောင်းတော်မှာ မြတ်စွာဘုရား သီတင်းသုံးနေတော်မူပါတယ်။ အဲဒီအခါမှာ ဝိသာခခေါ်တဲ့ ဥပသကာဟာ သူရဲ့ ဇနီးဟောင်းဖြစ်ခဲ့ဖူးတဲ့ ဓမ္မဒိန္နာ ရဟန်းမအထံသို့ ချဉ်းကပ်ခဲ့ပါတယ်။ ချဉ်းကပ်ပြီးတဲ့အခါ ဓမ္မဒိန္နာရဟန်းမကို ရှိခိုးဦးချကာ သင့်တင့်လျောက်ပတ်စွာ ထိုင်လျက် ဓမ္မဒိန္နာ ရဟန်းမအား အခုလို မေးမြန်းလျှောက်ထား ခဲ့ပါတယ်–

အရှင်မ. . . သက္ကာယ သက္ကာယ (ထင်ရှားရှိသော ကိုယ် ထင်ရှား ရှိသောကိုယ်)-လို့ လောကမှာ ပြောနေကြပါတယ်။ အရှင်မ. . . ဘာကို သက္ကာယ- လို့ မြတ်စွာဘုရား ဟောကြားတော် မူပါလဲ?

ဒကာဝိသာခ. . . စွဲလမ်းဖွယ် ခန္ဓာ (ဥပါဒါနက္ခန္ဓာ) ငါးပါးကို သက္ကာယ- လို့ မြတ်စွာဘုရား ဟောကြားတော်မူတယ်။ အဲဒီ စွဲလမ်းဖွယ် ခန္ဓာငါးပါးဆိုတာက- ရုပ်ဆိုတဲ့ စွဲလမ်းဖွယ်ခန္ဓာ၊ ခံစားမှုဆိုတဲ့ စွဲလမ်းဖွယ်ခန္ဓာ၊ မှတ်သားမှုဆိုတဲ့ စွဲလမ်းဖွယ်ခန္ဓာ၊ ပြုစီရင်မှုဆိုတဲ့ စွဲလမ်းဖွယ်ခန္ဓာနှင့် အထူးသိမှုဆိုတဲ့ စွဲလမ်းဖွယ် ခန္ဓာတို့ ဖြစ်တယ်။

အရှင်မ. . . သက္ကာယဖြစ်ပေါ်ကြောင်း သက္ကာယဖြစ်ပေါ် ကြောင်း- လို့ လောကမှာ ပြောနေကြပါတယ်။ အရှင်မ. . . ဘာကို

သက္ကာယဖြစ်ပေါ်ကြောင်း- လို့ မြတ်စွာဘုရား ဟောကြားတော်မူပါသလဲ?

ဒကာဝိသာခ. . . တဏှာကို သက္ကာယဖြစ်ပေါ်ကြောင်းလို့ မြတ်စွာဘုရား ဟောကြားတော်မူတယ်။

အရှင်မ. . . သက္ကာယချုပ်ရာ သက္ကာယချုပ်ရာ-လို့ လောကမှာ ပြောနေကြပါတယ်။ အရှင်မ. . . ဘာကို သက္ကာယချုပ်ရာ-လို့ မြတ်စွာဘုရား ဟောကြားတော်မူပါသလဲ?

ဒကာဝိသာခ. . . တဏှာအကြွင်းမဲ့ချုပ်ရာ နိဗ္ဗာန်ကို သက္ကာယချုပ်ရာ-လို့ မြတ်စွာဘုရား ဟောကြားတော်မူတယ်။

အရှင်မ. . . သက္ကာယချုပ်ရာနိဗ္ဗာန်သို့ ရောက်ကြောင်း အကျင့် သက္ကာယချုပ်ရာနိဗ္ဗာန်သို့ ရောက်ကြောင်း အကျင့်-လို့ လောကမှာ ပြောနေကြပါတယ်။ အရှင်မ. . . ဘာကို သက္ကာယချုပ်ရာနိဗ္ဗာန်သို့ ရောက်ကြောင်းအကျင့်-လို့ မြတ်စွာဘုရား ဟောကြားတော်မူပါသလဲ?

ဒကာဝိသာခ. . . မဂ္ဂင်ရှစ်ပါးကို သက္ကာယချုပ်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်းအကျင့်-လို့ မြတ်စွာဘုရားဟောကြားတော်မူတယ်။

အရှင်မ. . . ဥပါဒါန်ဟာ ဥပါဒါနက္ခန္ဓာနှင့် အတူတူလား၊ သို့မဟုတ် တခြားစီလား?

ဒကာဝိသာခ. . . ဥပါဒါန်ဟာ ဥပါဒါနက္ခန္ဓာနှင့် အတူတူလည်း မဟုတ်၊ တခြားစီလည်း မဟုတ်။ ဥပါဒါနက္ခန္ဓာ ငါးပါးအပေါ်မှာ လိုချင်တပ်မက်မှုဆိုတာ ရှိတယ်။ အဲဒီလိုချင် တပ်မက်မှုကို ဥပါဒါန်-လို့ ခေါ်တယ်။

၄၆၁။ အရှင်မ. . . သက္ကာယဒိဋ္ဌိဟာ ဘယ်ပုံဘယ်နည်း ဖြစ်ပါသလဲ?

ဒကာဝိသာခ. . . လောကမှာ အကြားအမြင်မရှိတဲ့ ပုထုဇဉ်ပုဂ္ဂိုလ်ဟာ

(က) "ရုပ်သည် အတ္တ။

(ခ) ကျန်ခန္ဓာလေးပါးသည် အတ္တ၊ ထိုအတ္တသည် ရုပ်ရှိ၏။

(ဂ) ကျန်ခန္ဓာလေးပါးသည် အတ္တ၊ ထိုအတ္တ၌ ရုပ်တည်၏။

(ဃ) ကျန်ခန္ဓာလေးပါးသည် အတ္တ၊ ထိုအတ္တသည် ရုပ်၌ တည်၏- လို့ အဖန်ဖန် ရှုကြည့်တယ်။ ကျန်ခန္ဓာလေးပါးကိုလည်း ထို့အတူပဲ ရှုကြည့်တယ်။ ဒကာဝိသာခ. . . ဒါဟာ သက္ကာယဒိဋ္ဌိ ဖြစ်ပုံ ဖြစ်တယ်။

အရှင်မ. . . သက္ကာယဒိဋ္ဌိဟာ ဘယ်ပုံဘယ်နည်းနဲ့ မဖြစ်တော့ပါသလဲ?

ဒကာဝိသာခ. . . လောကမှာ အကြားအမြင်ရှိတဲ့ အရိယာ ပုဂ္ဂိုလ်ဟာ ရုပ်ကိုလည်း အတ္တ-လို့ မရှုဘူး၊ ကျန်ခန္ဓာလေးပါး

ကိုလည်း အတ္တ-လို့ မရှုဘူး။ ဒကာဝိသာခ. . . ဒါဟာ သက္ကာယဒိဋ္ဌိ မဖြစ်တော့ပုံ ဖြစ်တယ်။

၄၆၂။ အရှင်မ. . . မဂ္ဂင်ရှစ်ပါး မြတ်တရား-ဆိုတာ ဘာပါလဲ?

ဒကာဝိသာခ. . . မဂ္ဂင်ရှစ်ပါး မြတ်တရားဆိုတာ–

(က) မှန်သော အမြင်
(ခ) မှန်သော အကြံ
(ဂ) မှန်သော အပြော
(ဃ) မှန်သော အလုပ်
(င) မှန်သော အသက်မွေးခြင်း
(စ) မှန်သော ကြိုးစားခြင်း
(ဆ) မှန်သော သတိနှင့်
(ဇ) မှန်သော သမာဓိ- တို့ ဖြစ်တယ်။

အရှင်မ. . . အဲဒီမဂ္ဂင်ရှစ်ပါး မြတ်တရားဟာ သင်္ခတ ဖြစ်ပါသလား၊ သို့မဟုတ် အသင်္ခတ ဖြစ်ပါသလား?

ဒကာဝိသာခ. . . အဲဒီမဂ္ဂင်ရှစ်ပါး မြတ်တရားဟာ သင်္ခတ ဖြစ်တယ်။

အရှင်မ. . . မဂ္ဂင်ရှစ်ပါး၌ သီလသမာဓိပညာကို သွင်းရမှာပါလား၊ သို့မဟုတ် သီလသမာဓိပညာ၌ မဂ္ဂင်ရှစ်ပါးကို သွင်းရမှာပါလား?

ဒကာဝိသာခ. . . မဂ္ဂင်ရှစ်ပါး၌ သီလသမာဓိပညာကို မသွင်းရ၊ သီလသမာဓိပညာ၌သာ မဂ္ဂင်ရှစ်ပါးကို သွင်းရမယ်။ ဒကာဝိသာခ. . . မှန်သော အပြော၊ မှန်သော အလုပ်နှင့် မှန်သော အသက်မွေးခြင်းတို့ကို သီလ၌ သွင်းရမယ်။ မှန်သော ကြိုးစားခြင်း၊ မှန်သော သတိနှင့် မှန်သော သမာဓိတို့ကို သမာဓိ၌ သွင်းရမယ်။ မှန်သောအမြင်နှင့် မှန်သောအကြံတို့ကို ပညာ၌ သွင်းရမယ်။

အဲဒီလို ဝိသာခဥပါသကာနှင့် ဓမ္မဒိန္နာရဟန်းမတို့ဟာ နိဗ္ဗာန်နှင့်စပ်တဲ့ ပြဿနာများတိုင်အောင် ဆွေးနွေးမေးဖြေခဲ့ကြပါတယ်။

အဲဒီနောက် ဝိသာခဥပါသကာဟာ ဓမ္မဒိန္နာရဟန်းမရဲ့ ဖြေကြားချက်များကို အလွန်နှစ်သက် သဘောကျပြီး ဓမ္မဒိန္နာရဟန်းမကို ရှိခိုးဦးချကာ မြတ်စွာဘုရားအထံတော်သို့ ချဉ်းကပ်ခဲ့ပါတယ်။ မြတ်စွာဘုရားအထံတော် ရောက်တော့ မြတ်စွာဘုရားကို ရှိခိုးဦးချကာ ဓမ္မဒိန္နာရဟန်းမနှင့် ဆွေးနွေးခဲ့သမျှ အားလုံးကို မြတ်စွာဘုရားအား လျှောက်ထားခဲ့ပါတယ်။ အဲဒီအခါမှာ မြတ်စွာဘုရားက ဝိသာခဥပါသကာအား "ဝိသာခ. . . ဓမ္မဒိန္နာရဟန်းမဟာ ပညာရှိသူ ဖြစ်တယ်၊ အကယ်၍ ဒီအကြောင်းအရာကို ငါဘုရားအား သင်လျှောက်ထားခဲ့လျှင်လည်း ငါဘုရားလည်း ဓမ္မဒိန္နာရဟန်းမ ဖြေကြားတဲ့အတိုင်း ဖြေကြားတော်မူမှာ ဖြစ်တယ်၊

ဓမ္မဒိန္နာရဟန်းမ ဖြေကြားတဲ့အတိုင်း သင် ယုံကြည်စွာ မှတ်သား သင့်တယ်” လို့ မိန့်ကြားတော်မူခဲ့ပါတယ်။

မြတ်စွာဘုရားရဲ့ အဲဒီမိန့်ကြားတော်မူသံကို ဝိသာခ ဥပါသကာဟာ နှစ်သက်သဘောကျပြီး သာဓု အနုမောဒနာ ခေါ်ဆိုခဲ့ပါတယ်။

**စူဠဝေဒလ္လသုတ် ပြီး၏။**

❊ ❊ ❊

## ၅–စူဠဓမ္မသမာဒါနသုတ်

၄၆၈။ အခါတစ်ပါးမှာ သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်မှာ မြတ်စွာဘုရား သီတင်းသုံးနေတော်မူပါတယ်။ အဲဒီအခါမှာ မြတ်စွာဘုရားက ရဟန်းတို့အား အခုလို မိန့်ကြားတော်မူခဲ့ပါတယ်–

ရဟန်းတို့. . . တရားဆောက်တည်ခြင်း လေးမျိုးရှိတယ်။ အဲဒီလေးမျိုးဆိုတာက–

(က) ပစ္စုပ္ပန်မှာ ချမ်းသာ၍ နောင်အခါမှာ ဆင်းရဲကျိုးကို ပေးသော တရားဆောက်တည်ခြင်း

(ခ) ပစ္စုပ္ပန်မှာလည်းဆင်းရဲ၍ နောင်အခါမှာလည်း ဆင်းရဲကျိုးကိုပေးသော တရားဆောက်တည်ခြင်း

(ဂ) ပစ္စုပ္ပန်မှာ ဆင်းရဲ၍ နောင်အခါမှာ ချမ်းသာကျိုးကို ပေးသော တရားဆောက်တည်ခြင်း

(ဃ) ပစ္စုပ္ပန်မှာလည်း ချမ်းသာ၍ နောင်အခါမှာလည်း ချမ်းသာကျိုးကို ပေးသော တရားဆောက်တည်ခြင်း-တို့ ဖြစ်တယ်။

၄၆၉။ ရဟန်းတို့. . . (က) ပစ္စုပ္ပန်မှာ ချမ်းသာ၍ နောင်အခါမှာ ဆင်းရဲကျိုးကို ပေးသော တရားဆောက်တည်ခြင်း ဆိုတာက- ရဟန်းတို့. . . ဥပမာအားဖြင့် နွေရာသီရဲ့ နောက်ဆုံးလမှာ မာလောနွယ်သီးမှည့်ဟာ ကွဲတယ်ဆိုပါတော့။ အဲဒီအခါမှာ မာလောနွယ်စေ့ဟာ အင်ကြင်းပင်တစ်ပင်အောက်သို့ ကျလာ

တယ်။ အဲဒီအခါမှာ အင်ကြင်းပင်စောင့်နတ်ဟာ ကြောက်ရွံ့ ထိတ်လန့်သွားတယ်။ ဒါနဲ့ အဲဒီအင်ကြင်းပင်စောင့်နတ်ရဲ့ မိတ်ဆွေအပေါင်းအသင်း ဆွေမျိုးသားချင်းများ ဖြစ်ကြတဲ့ အရံစောင့်နတ်၊ တောစောင့်နတ်၊ သစ်ပင်စောင့်နတ်၊ ဆေးမျိုး ပင်စောင့်နတ်၊ မြက်ပင်စောင့်နတ် အစရှိတဲ့နတ်များဟာ ဝိုင်းအုံ လာကြပြီး "အမောင်. . . မကြောက်နှင့် မကြောက်နှင့်၊ ဒီမာလော နွယ်စေ့ကို ဥဒေါင်းသော်လည်း မျိုချင်မျိုသွားမှာ၊ တခြား သားကောင် တစ်ကောင်ကောင်သော်လည်း စားချင် စားသွားမှာ၊ တောမီးသော်လည်း လောင်ချင်လောင်သွားမှာ၊ တောအလုပ် သမားတို့သော်လည်း ကောက်ချင်ကောက်သွားမှာ၊ ခြတွေ သော်လည်း တက်ချင်တက်ကုန်မှာ၊ မျိုးမအောင်ဘဲသော်လည်း ဖြစ်ချင်ဖြစ်သွားမှာ" လို့ နှစ်သိမ့်ကြ ဖျောင်းဖျကြတယ်။

ရဟန်းတို့. . . အဲဒီမာလောနွယ်ဟာ သူတို့ ပြောသလို ဖြစ်မသွားဘဲ မိုးဦးကျလို့ မိုးရွာသွန်းတဲ့အခါ ကောင်းစွာ ပေါက်လာတယ်၊ ကြီးထွားလာတယ်။ အဲဒီမာလောနွယ်ဟာ နူးညံ့ တယ်၊ ပျော့ပျောင်းတယ်။ တဖြည်းဖြည်းနဲ့ အဲဒီမာလောနွယ်ဟာ အင်ကြင်းပင်ကို တွယ်လာတယ်။ ရဟန်းတို့. . . အဲဒီအခါမှာ အင်ကြင်းပင်စောင့်နတ်က "ငါရဲ့ မိတ်ဆွေအပေါင်းအသင်း ဆွေမျိုးသားချင်း နတ်များဟာ မာလောနွယ်မှ ဘယ်လို အနာဂတ် အန္တရာယ်ကို ကြိုမြင်လို့ "အမောင်. . . မကြောက်နှင့် မကြောက်နှင့်" စသည်ဖြင့် ပြောကြလေသလဲ၊ တကယ်တော့

ဒီမာလောနွယ်ရဲ့ အတွေ့ဟာ အလွန်ကောင်းပါတကား” လို့ စဉ်းစားမိတယ်။

အဲဒီနောက် မာလောနွယ်ဟာ အင်ကြင်းပင်ကို ရစ်ပတ် နွယ်တက်ပြီး အင်ကြင်းပင်ရဲ့ အထက်မှ ခွယှက်ထားကာ အောက်သို့ တွဲလဲကျလျက် အင်ကြင်းပင်ရဲ့ ကိုင်းကြီးတို့ကို ချိုးဖျက်တော့တယ်။

အဲဒီအခါကျမှ အင်ကြင်းပင်စောင့်နတ်ဟာ “ငါရဲ့ မိတ်ဆွေ အပေါင်းအသင်း ဆွေမျိုးသားချင်း နတ်များဟာ မာလောနွယ်စေ့မှ ဒီလို အနာဂတ်အန္တရာယ်ကို ကြိုမြင်လို့ ‘အမောင်. . . မကြောက်နှင့် မကြောက်နှင့်’ စသည်ဖြင့် ပြောကြတာကိုး”-လို့ သဘောပေါက် နားလည်တော့တယ်။

ရဟန်းတို့. . . ထို့အတူပဲ “ကာမဂုဏ်တို့မှာ အပြစ်မရှိ” လို့ ယူဆကြတဲ့ ရဟန်းပုဏ္ဏားများ ရှိကြတယ်။ အဲဒီရဟန်းပုဏ္ဏား များဟာ ကာမဂုဏ်တို့ကို ခံစားကြတယ်။ ဆံထုံးထုံးထားတဲ့ ရသေ့ပရိဗိုဇ်မများနှင့် ပျော်ပါးကြတယ်။ အဲဒီရဟန်းပုဏ္ဏားများဟာ “ကာမဂုဏ်တို့မှ ဘယ်လို အနာဂတ် အန္တရာယ်ကို ကြိုမြင်လို့ ကာမဂုဏ်တို့ကို ပယ်ရန် ပြောဆိုကြပါလိမ့်၊ နုပျိုတဲ့ ဒီပရိဗိုဇ်မလေးရဲ့ နူးညံ့တဲ့ ဒီလက်မောင်း အတွေ့လေးဟာ အလွန်ကောင်းတာပါ တကား” လို့ ပြောဆိုကြတယ်။ အဲဒီရဟန်းပုဏ္ဏားများဟာ ရဟန်းဖြစ်ပါလျက် ကာမဂုဏ်တို့ကို ခံစားကြသောကြောင့်

ကွယ်လွန်ကြတဲ့အခါ ငရဲသို့ ရောက်ကြရတယ်။ ငရဲမှာ ကြမ်းတမ်းစပ်ခါး ဆိုးရွားပြင်းထန်တဲ့ ဆင်းရဲဝေဒနာကို ခံစားကြရတယ်။ အဲဒီအခါကျမှ အဲဒီရဟန်းပုဏ္ဏားများဟာ "ကာမဂုဏ်တို့မှ ဒီလို အနာဂတ်အန္တရာယ်ကို ကြိုမြင်လို့ ကာမဂုဏ်တို့ကို ပယ်ရန် ပြောဆိုကြတာကိုး" လို့ သဘောပေါက်နားလည်ကြတော့တယ်။ ရဟန်းတို့. . . ဒါဟာ ပစ္စုပ္ပန်မှာ ချမ်းသာ၍ နောင်အခါမှာ ဆင်းရဲကျိုးကို ပေးသော တရားဆောက်တည်ခြင်း ဖြစ်တယ်။

၄၇၀။ ရဟန်းတို့. . . (ခ) ပစ္စုပ္ပန်မှာလည်း ဆင်းရဲ၍ နောင်အခါမှာလည်း ဆင်းရဲကျိုးကို ပေးသော တရား-ဆောက်တည်ခြင်းဆိုတာက- လောကမှာ တချို့ ပုဂ္ဂိုလ်ဟာ အဝတ်မဝတ်ဘဲ နေတယ်၊ လွတ်လပ်စွာ ကျင့်တယ်၊ လက်နဲ့ မစင်ကို သုတ်လေ့ရှိတယ်၊ 'အရှင် လာပါလော့' လို့ ဆိုကာ လောင်းသူရဲ့ ဆွမ်းကို မခံယူ၊ 'ရပ်ပါဦး' လို့ ဆိုကာ လောင်းသူရဲ့ ဆွမ်းကို မခံယူ၊ မိမိမရပ်မီ ယူလာနှင့်တဲ့ ဆွမ်းကို မခံယူ၊ မိမိကို ရည်စူးပြီး လှူတဲ့ ဆွမ်းကို မခံယူ၊ ပင့်ဖိတ်ဆွမ်းကို မခံယူ၊ အိုးထဲမှကော်ကာ လောင်းတဲ့ဆွမ်းကို မခံယူ၊ တောင်းထဲမှ ကော်ကာ လောင်းတဲ့ ဆွမ်းကို မခံယူ၊ တံခါးခုံခြားကာ လောင်းတဲ့ ဆွမ်းကိုမခံယူ၊ တုတ်ခြားကား လောင်းတဲ့ ဆွမ်းကို မခံယူ၊ ကျည်ပွေ့ခြားကာ လောင်းတဲ့ဆွမ်းကို မခံယူ၊ နှစ်ယောက် စားနေစဉ်မှ ထ၍

လောင်းတဲ့ ဆွမ်းကို မခံယူ၊ ကိုယ်ဝန်ဆောင် အမျိုးသမီးရဲ့ ဆွမ်းကို မခံယူ၊ နို့တိုက်ဆဲ အမျိုးသမီးရဲ့ ဆွမ်းကို မခံယူ၊ ယောကျ်ားနှင့် နှီးနှောနေတဲ့ အမျိုးသမီးရဲ့ ဆွမ်းကို မခံယူ၊ ဆော်အော စုဆောင်းကာ လောင်းတဲ့ ဆွမ်းကို မခံယူ၊ ခွေးမျှော်နေရာမှ လောင်းတဲ့ဆွမ်းကို မခံယူ၊ ယင်အုံရာမှ လောင်းတဲ့ ဆွမ်းကို မခံယူ၊ အသား, ငါးကို မစား၊ သေရည် သေရက်ကို မသောက်၊ ဖွဲထဲမှာ မြှုပ်ထားတဲ့ ဆေးရေကို မသောက်၊ သူဟာ တစ်အိမ်တည်းသာ ဆွမ်းခံပြီး တစ်လုတ်သာ စားတယ်၊ နှစ်အိမ်တည်းသာ ဆွမ်းခံပြီး နှစ်လုတ်သာ စားထယ်၊ သုံးအိမ်တည်းသာ ဆွမ်းခံပြီး သုံးလုတ်သာ စားတယ်၊ လေးအိမ်တည်းသာ ဆွမ်းခံပြီး လေးလုတ်သာ စားတယ်၊ ငါးအိမ်တည်းသာ ဆွမ်းခံပြီး ငါးလုတ်သာ စားတယ်၊ ခြောက်အိမ်-တည်းသာ ဆွမ်းခံပြီး ခြောက်လုတ်သာ စားတယ်၊ ခုနစ်အိမ်တည်းသာ ဆွမ်းခံပြီး ခုနစ်လုတ်သာ စားတယ်၊ ဆွမ်းလောင်းခွက်ငယ် တစ်ခုတည်းနဲ့လည်း ရောင့်ရဲတယ်၊ နှစ်ခု၊ သုံးခု၊ လေးခု၊ ငါးခု၊ ခြောက်ခု၊ ခုနစ်ခုတည်းနဲ့လည်း ရောင့်ရဲတယ်။ တစ်ရက်ခြားလည်း အစာစားတယ်၊ နှစ်ရက်၊ သုံးရက်၊ လေးရက်၊ ငါးရက်၊ ခြောက်ရက်၊ ခုနစ်ရက်ခြားလည်း အစာစားတယ်။ ယခုပြောခဲ့တဲ့ နည်းအတိုင်း ဆယ့်ငါးရက်မှ တစ်ကြိမ်လည်း စား၍နေတယ်။"

အဲဒီပုဂ္ဂိုလ်ဟာ တစ်ခါတစ်ရံ ပြောင်းဆန်ကို စားနေတယ်၊ တစ်ခါတစ်ရံ ကျိတ်သီးဆန်ကို စားနေတယ်၊ တစ်ခါတစ်ရံ

သားရေဖတ် အစအနကို စားနေတယ်၊ တစ်ခါတစ်ရံ မှော်ကို စားနေတယ်၊ တစ်ခါတစ်ရံ ဖွဲနုကို စားနေတယ်၊ တစ်ခါတစ်ရံ ထမင်းရည်ကို သောက်နေတယ်၊ တစ်ခါတစ်ရံ နှမ်းမှုန့်ညက်ကို စားနေတယ်၊ တစ်ခါတစ်ရံ မြက်ကို စားနေတယ်၊ တစ်ခါတစ်ရံ နွားချေးကို စားနေတယ်၊ တစ်ခါတစ်ရံ တောသစ်မြစ်ကိုသာ စားနေတယ်၊ တစ်ခါတစ်ရံ ကြွေကျတဲ့ သစ်သီးကိုသာ စားနေတယ်။

အဲဒီပုဂ္ဂိုလ်ဟာ တစ်ခါတစ်ရံ ပိုက်ဆံလျှော်အဝတ်တို့ကို ဝတ်နေတယ်၊ တစ်ခါတစ်ရံ ပိုက်ဆံလျှော်နှင့် ရောနှောရက်ထားတဲ့ အဝတ်တို့ကို ဝတ်နေတယ်၊ တစ်ခါတစ်ရံ လူသေကောင်မှ အဝတ်၊ ပံသုကူအဝတ်၊ သစ်ခေါက်အဝတ်၊ သစ်နက်ရေအဝတ်၊ သစ်နက်ရေမျှင်အဝတ်၊ သမန်းမြက်အဝတ်၊ လျှော်တေအဝတ်၊ ပျဉ်ချပ်အဝတ်၊ ဆံခြည်ကမ္ဗလာအဝတ်၊ သားမြီးကမ္ဗလာ အဝတ်၊ ခင်ပုတ်ငှက်တောင်အဝတ်တို့ကို ဝတ်နေတယ်။ တစ်ခါတစ်ရံ ဆံမုတ်ဆိတ်တို့ကို နုတ်နေတယ်၊ တစ်ခါတစ်ရံ ထိုင်ရန်နေရာကို ပယ်ပြီး ရပ်လျက် နေတယ်၊ တစ်ခါတစ်ရံ ဆောင့်ကြောင့်ထိုင်နေတယ်၊ တစ်ခါတစ်ရံ ဆူးအခင်းပေါ်မှာ နေတယ်၊ ဆူးအခင်းပေါ်မှာ အိပ်တယ်၊ တစ်နေ့ သုံးကြိမ် ရေထဲဆင်းခြင်းအကျင့်ကို ကျင့်တယ်။ အဲဒီလို ကိုယ်ကို အလွန်ပူလောင်စေတတ်တဲ့ အကျင့် အမျိုးမျိုးကို ကျင့်နေတယ်။ အဲဒီပုဂ္ဂိုလ် ကွယ်လွန်တဲ့အခါ ငရဲသို့ ကျရောက်တော့တယ်။ ရဟန်းတို့. . . ဒါဟာ ပစ္စုပ္ပန်မှာလည်း ဆင်းရဲ၍

နောင်အခါမှာလည်း ဆင်းရဲကျိုးကို ပေးသော တရားဆောက်တည်ခြင်း ဖြစ်တယ်။

၄၇၁။ ရဟန်းတို့ . . . (ဂ) ပစ္စုပ္ပန်မှာ ဆင်းရဲ၍ နောင်အခါမှာ ချမ်းသာကျိုးကို ပေးသော တရားဆောက်တည်ခြင်း ဆိုတာက– လောကမှာ တချို့ပုဂ္ဂိုလ်ဟာ ပင်ကိုအားဖြင့် ရာဂဒေါသမောဟ အားကြီးသူ ဖြစ်တယ်။ သူဟာ အဲဒီရာဂဒေါသမောဟကြောင့် ဖြစ်တဲ့ ကိုယ်ဆင်းရဲမှု စိတ်ဆင်းရဲမှုတို့ကို မပြတ် ခံစားရတယ်။ သူဟာ မျက်ရည်စက်လက် ငိုကြွေးကာ ကိုယ်စိတ်ဆင်းရဲမှုကို ခံစားလျက်ပင်သော်လည်း မြတ်သောအကျင့်ကို ပြည့်စုံ စင်ကြယ်စွာ ကျင့်တယ်။ အဲဒီပုဂ္ဂိုလ် ကွယ်လွန်တဲ့အခါ နတ်ပြည်သို့ ရောက်ရတယ်။ ရဟန်းတို့. . . ဒါဟာ ပစ္စုပ္ပန်မှာ ဆင်းရဲ၍ နောင်အခါမှာ ချမ်းသာကျိုးကို ပေးသော တရားဆောက်တည်ခြင်း ဖြစ်တယ်။

၄၇၂။ ရဟန်းတို့. . . (ဃ) ပစ္စုပ္ပန်မှာလည်း ချမ်းသာ၍ နောင်အခါမှာလည်း ချမ်းသာကျိုးကို ပေးသော တရားဆောက်တည်ခြင်းဆိုတာက– လောကမှာ တချို့ပုဂ္ဂိုလ်ဟာ ပင်ကိုအားဖြင့် ရာဂဒေါသမောဟ မထူပြောသူ ဖြစ်တယ်။ သူဟာ ရာဂဒေါသမောဟတို့ကြောင့် ဖြစ်တဲ့ ကိုယ်စိတ်ဆင်းရဲမှုကို မပြတ် ခံစားရလေ့မရှိဘူး။ သူဟာ ပထမဈာန်၊ ဒုတိယဈာန်၊ တတိယဈာန်နှင့် စတုတ္ထဈာန်တို့ကို ရပြီး ကွယ်လွန်တဲ့အခါ ဗြဟ္မာ့ပြည်သို့

ရောက်သွားတယ်။ ရဟန်းတို့ . . . ဒါဟာ ပစ္စုပ္ပန်မှာလည်း ချမ်းသာ၍ နောင်အခါမှာလည်း ချမ်းသာကျိုးကို ပေးသော တရားဆောက်တည်ခြင်း ဖြစ်တယ်။ ရဟန်းတို့ . . . ဒါဟာ တရားဆောက်တည်ခြင်းလေးမျိုး ဖြစ်တယ်။

အဲဒီလို ဟောကြားတော်မူတဲ့ မြတ်စွာဘုရားရဲ့ တရားတော်ကို ရဟန်းများ နှစ်သက်သဘောကျကာ သာဓုအနုမောဒနာ ခေါ်ဆို ခဲ့ကြပါတယ်။

**စူဠဓမ္မသမာဒါနသုတ် ပြီး၏။**

❁ ❁ ❁

## ၆–မဟာဓမ္မသမာဒါနသုတ်

၄၇၃။ အခါတစ်ပါးမှာ သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်မှာ မြတ်စွာဘုရား သီတင်းသုံးနေတော်မူပါတယ်။ အဲဒီအခါမှာ မြတ်စွာဘုရားက ရဟန်းတို့အား အခုလို မိန့်ကြားတော်မူခဲ့ပါတယ်။

ရဟန်းတို့. . . သတ္တဝါတွေမှာ များသောအားဖြင့် "အလိုမရှိအပ် မနှစ်သက်အပ် မမြတ်နိုးအပ်တဲ့ တရားများ ဆုတ်ယုတ်ကြပြီး အလိုရှိအပ် နှစ်သက်အပ် မြတ်နိုးအပ်တဲ့ တရားများ တိုးပွားကြမူ ကောင်းမှာပဲ" လို့ အဲဒီလို ဆန္ဒ ဖြစ်ပေါ်ကြတယ်။ ဒါပေမဲ့ အဲဒီလို ဆန္ဒ ဖြစ်ပေါ်ကြတဲ့ သတ္တဝါတွေမှာ အလိုမရှိအပ် မနှစ်သက်အပ် မမြတ်နိုးအပ်တဲ့ တရားများသာ တိုးပွားပြီး အလိုရှိအပ် နှစ်သက်အပ် မြတ်နိုးအပ်တဲ့ တရားများ ကတော့ ဆုတ်ယုတ်ကြတယ်။ အဲဒါ ဘာ့ကြောင့်လို့ သင်တို့ ထင်ကြသလဲ?

မြတ်စွာဘုရား. . . ဘုရားတပည့်တော်တို့မှာ မြတ်စွာဘုရား သာလျှင် အားကိုးရာရှိကြပါတယ်ဘုရား။ မြတ်စွာဘုရား. . . မြတ်စွာဘုရားကိုယ်တော်တိုင်သာ ဟောပြတော်မူပါ။ မြတ်စွာဘုရားအထံတော်မှ ကြားနာရသည့်အတိုင်း ရဟန်းများ မှတ်သားဆောင်ထားကြပါလိမ့်မယ်ဘုရား။

ရဟန်းတို့. . . ဒါဆိုလျှင် ကောင်းမွန်စွာ နာကြားကြ၊ ငါဘုရား ဟောပြတော်မူမယ်။

မှန်ပါအရှင်ဘုရား . . .။

၄၇၄။ ရဟန်းတို့ . . . လောကမှာ အကြားအမြင်နည်းတဲ့ ပုထုဇဉ် ပုဂ္ဂိုလ်တစ်ယောက်ဟာ မှီဝဲထိုက်တဲ့ တရား မမှီဝဲထိုက်တဲ့ တရားတို့ကို ခွဲခြားပြီး မသိ။ ဒါ့ကြောင့် သူဟာမမှီဝဲထိုက်တဲ့ တရားတို့ကို မှီဝဲပြီး မှီဝဲထိုက်တဲ့ တရားတို့ကို မမှီဝဲ။ အဲဒီအခါမှာ သူ့အားအလိုမရှိအပ် မနှစ်သက်အပ် မမြတ်နိုးအပ်တဲ့ တရားများ တိုးပွားကြပြီး အလိုရှိအပ် နှစ်သက်အပ် မြတ်နိုးအပ်တဲ့ တရားများ ဆုတ်ယုတ်ကြတယ်။ အဲဒါ ဘာ့ကြောင့်လဲဆိုတော့ အသိဉာဏ် မရှိသောကြောင့် ဖြစ်တယ်။

ရဟန်းတို့ . . . အကြားအမြင်များတဲ့ ဘုရားသားတော် ကတော့ မှီဝဲထိုက်တဲ့တရား မမှီဝဲထိုက်တဲ့ တရားတို့ကို ခွဲခြားပြီး သိတယ်။ ဒါ့ကြောင့် သူဟာ မမှီဝဲထိုက်တဲ့ တရားတို့ကို မမှီဝဲဘဲ မှီဝဲထိုက်တဲ့ တရားတို့ကိုသာ မှီဝဲတယ်။ အဲဒီအခါမှာ သူ့အား အလိုမရှိအပ် မနှစ်သက်အပ် မမြတ်နိုးအပ်တဲ့ တရားများ ဆုတ်ယုတ်ကြပြီး အလိုရှိအပ် နှစ်သက်အပ် မြတ်နိုးအပ်တဲ့ တရားများ တိုးပွားကြတော့တယ်။ အဲဒါ ဘာ့ကြောင့်လဲဆိုတော့ အသိဉာဏ်ရှိသောကြောင့် ဖြစ်တယ်။

၄၇၅။ ရဟန်းတို့ . . . တရားဆောက်တည်ခြင်း လေးမျိုး ရှိတယ်။ အဲဒီလေးမျိုးဆိုတာက–

(က) ပစ္စုပ္ပန်မှာ ချမ်းသာ၍ နောင်အခါမှာ ဆင်းရဲကျိုးကို ပေးသော တရားဆောက်တည်ခြင်း

(ခ) ပစ္စုပ္ပန်မှာလည်းဆင်းရဲ၍ နောင်အခါမှာလည်း ဆင်းရဲကျိုးကိုပေးသော တရားဆောက်တည်ခြင်း

(ဂ) ပစ္စုပ္ပန်မှာ ဆင်းရဲ၍ နောင်အခါမှာ ချမ်းသာကျိုးကို ပေးသော တရားဆောက်တည်ခြင်း

(ဃ) ပစ္စုပ္ပန်မှာလည်း ချမ်းသာ၍ နောင်အခါမှာလည်း ချမ်းသာကျိုးကို ပေးသော တရားဆောက်တည်ခြင်း- တို့ ဖြစ်တယ်။

၄၇၆။ ရဟန်းတို့ . . . အဲဒီလေးမျိုးအနက် ပစ္စုပ္ပန်မှာလည်း ဆင်းရဲပြီး နောင်အခါမှာလည်း ဆင်းရဲကျိုးကို ပေးတဲ့ တရားဆောက်တည်ခြင်းကို ပညာမရှိသူ အသိဉာဏ်မရှိသူတစ်ယောက်ဟာ "ဒါဟာ ပစ္စုပ္ပန်မှာလည်း ဆင်းရဲပြီး နောင်အခါမှာလည်း ဆင်းရဲကျိုးကို ပေးတဲ့ တရားဆောက်တည်ခြင်းပဲ" လို့ အမှန်အတိုင်း ခွဲခြား မသိဘူး။ ဒါ့ကြောင့် သူဟာ အဲဒီတရားဆောက်တည်ခြင်းကို မှီဝဲတယ်၊ မရှောင်ကြဉ်ဘူး။ အဲဒီအခါမှာ သူ့အား အလိုမရှိအပ် မနှစ်သက်အပ် မမြတ်နိုးအပ်တဲ့ တရားများ တိုးပွားပြီး အလိုရှိအပ် နှစ်သက်အပ် မြတ်နိုးအပ်တဲ့ တရားများ ဆုတ်ယုတ်ကြတော့တယ်။ အဲဒါ ဘာ့ကြောင့်လဲဆိုတော့- အသိဉာဏ်မရှိသောကြောင့် ဖြစ်တယ်။ (၁)

ရဟန်းတို့. . . ပစ္စုပ္ပန်မှာ ချမ်းသာပြီး နောင်အခါမှာ ဆင်းရဲကျိုးကို ပေးတဲ့ တရားဆောက်တည်ခြင်းကိုလည်း ပညာမရှိသူ အသိဉာဏ်မရှိသူ တစ်ယောက်ဟာ "ဒါဟာ ပစ္စုပ္ပန်မှာ ချမ်းသာပြီး နောင်အခါမှာ ဆင်းရဲကျိုးကို ပေးတဲ့ တရားဆောက်တည်ခြင်းပဲ" လို့ အမှန်အတိုင်း ခွဲခြား မသိဘူး။ ဒါ့ကြောင့် သူဟာ အဲဒီတရားဆောက်တည်ခြင်းကို မှီဝဲတယ်၊ မရှောင်ကြဉ်ဘူး။ အဲဒီအခါမှာ သူ့အား အလိုမရှိအပ် မနှစ်သက်အပ် မမြတ်နိုးအပ်တဲ့ တရားများ တိုးပွားပြီး အလိုရှိအပ် နှစ်သက်အပ်မြတ်နိုးအပ်တဲ့ တရားများ ဆုတ်ယုတ်ကြတော့တယ်။ အဲဒါ ဘာ့ကြောင့်လဲဆိုတော့ အသိဉာဏ် မရှိသောကြောင့် ဖြစ်တယ်။ (၂)

ရဟန်းတို့. . . ပစ္စုပ္ပန်မှာသာ ဆင်းရဲပြီး နောင်အခါမှာ ချမ်းသာကျိုးကို ပေးတဲ့ တရားဆောက်တည်ခြင်းကိုလည်း ပညာမရှိသူ အသိဉာဏ်မရှိသူတစ်ယောက်ဟာ "ဒါဟာ ပစ္စုပ္ပန်မှာသာ ဆင်းရဲပြီး နောင်အခါမှာ ချမ်းသာကျိုးကို ပေးတဲ့ တရားဆောက်တည်ခြင်းပဲ"လို့ အမှန်အတိုင်း ခွဲခြားမသိဘူး။ ဒါ့ကြောင့် သူဟာ အဲဒီတရားဆောက်တည်ခြင်းကို မမှီဝဲဘူး၊ ရှောင်ကြဉ်တယ်။ အဲဒီအခါမှာ သူ့အား အလိုမရှိအပ် မနှစ်သက်အပ် မမြတ်နိုးအပ်တဲ့ တရားများ တိုးပွားပြီး အလိုရှိအပ် နှစ်သက်အပ် မြတ်နိုးအပ်တဲ့ တရားများ ဆုတ်ယုတ်ကြတော့တယ်။ အဲဒါ ဘာ့ကြောင့်လဲ ဆိုတော့ အသိဉာဏ် မရှိသောကြောင့် ဖြစ်တယ်။ (၃)

ရဟန်းတို့ . . . ပစ္စုပ္ပန်မှာလည်း ချမ်းသာပြီး နောင်အခါမှာလည်း ချမ်းသာကျိုးကို ပေးတဲ့ တရားဆောက်တည်ခြင်းကိုလည်း ပညာမရှိသူ အသိဉာဏ် မရှိသူတစ်ယောက်ဟာ "ဒါဟာ ပစ္စုပ္ပန်မှာလည်း ချမ်းသာပြီး နောင်အခါမှာလည်း ချမ်းသာကျိုးကို ပေးတဲ့ တရားဆောက်တည်ခြင်းပဲ" လို့ အမှန်အတိုင်းခွဲခြားမသိဘူး။ ဒါ့ကြောင့် သူဟာ အဲဒီတရားဆောက်တည်ခြင်းကို မမှီဝဲဘူး၊ ရှောင်ကြဉ်တယ်။ အဲဒီအခါမှာ သူ့အား အလိုမရှိအပ် မနှစ်သက်အပ် မမြတ်နိုးအပ်တဲ့ တရားများ တိုးပွားပြီး အလိုရှိအပ် နှစ်သက်အပ် မြတ်နိုးအပ်တဲ့ တရားများ ဆုတ်ယုတ်ကြတော့တယ်။ အဲဒါ ဘာ့ကြောင့်လဲဆိုတော့ အသိဉာဏ်မရှိသောကြောင့် ဖြစ်တယ်။ (၄)

၄၇၇။ ရဟန်းတို့ . . . ပစ္စုပ္ပန်မှာလည်း ဆင်းရဲပြီး နောင်အခါမှာလည်း ဆင်းရဲကျိုးကို ပေးတဲ့ တရားဆောက်တည်ခြင်းကို ပညာရှိသူ အသိဉာဏ်ရှိသူတစ်ယောက်ဟာ "ဒါဟာ ပစ္စုပ္ပန်မှာလည်း ဆင်းရဲပြီး နောင်အခါမှာလည်း ဆင်းရဲကျိုးကို ပေးတဲ့ တရားဆောက်တည်ခြင်းပဲ" လို့ အမှန်အတိုင်း ခွဲခြားသိတယ်။ ဒါ့ကြောင့် သူဟာ အဲဒီတရားဆောက်တည်ခြင်းကို မမှီဝဲဘူး၊ ရှောင်ကြဉ်တယ်။ အဲဒီအခါမှာ သူ့အား အလိုမရှိအပ် မနှစ်သက်အပ် မမြတ်နိုးအပ်တဲ့ တရားများ ဆုတ်ယုတ်ပြီး အလိုရှိအပ် နှစ်သက်အပ် မြတ်နိုးအပ်တဲ့ တရားများ တိုးပွားကြတော့တယ်။

အဲဒါ ဘာ့ကြောင့်လဲဆိုတော့ အသိဉာဏ်ရှိသောကြောင့် ဖြစ်တယ်။ (၁)

ရဟန်းတို့. . . ပစ္စုပ္ပန်မှာသာ ချမ်းသာပြီး နောင်အခါမှာ ဆင်းရဲကျိုးကို ပေးတဲ့ တရားဆောက်တည်ခြင်းကို ပညာရှိသူ အသိဉာဏ်ရှိသူတစ်ယောက်ဟာ "ဒါဟာ ပစ္စုပ္ပန်မှာသာ ချမ်းသာပြီး နောင်အခါမှာ ဆင်းရဲကျိုးကို ပေးတဲ့ တရားဆောက်တည်ခြင်းပဲ" လို့ အမှန်အတိုင်း ခွဲခြား သိတယ်။ ဒါ့ကြောင့် သူဟာ အဲဒီတရားဆောက်တည်ခြင်းကို မမှီဝဲဘူး၊ ရှောင်ကြဉ်တယ်။ အဲဒီအခါမှာ သူ့အား အလိုမရှိအပ် မနှစ်သက်အပ် မမြတ်နိုးအပ်တဲ့ တရားများ ဆုတ်ယုတ်ပြီး အလိုရှိအပ် နှစ်သက်အပ် မြတ်နိုးအပ်တဲ့ တရားများ တိုးပွားကြတော့တယ်။ အဲဒါ ဘာ့ကြောင့်လဲဆိုတော့ အသိဉာဏ်ရှိသောကြောင့် ဖြစ်တယ်။ (၂)

ရဟန်းတို့. . . ပစ္စုပ္ပန်မှာသာ ဆင်းရဲပြီး နောင်အခါမှာ ချမ်းသာကျိုးကို ပေးတဲ့ တရားဆောက်တည်ခြင်းကို ပညာရှိသူ အသိဉာဏ်ရှိသူတစ်ယောက်ဟာ "ဒါဟာ ပစ္စုပ္ပန်မှာသာ ဆင်းရဲပြီး နောင်အခါမှာ ချမ်းသာကျိုးကို ပေးတဲ့ တရားဆောက်တည်ခြင်းပဲ" လို့ အမှန်အတိုင်း ခွဲခြား သိတယ်။ ဒါ့ကြောင့် သူဟာ အဲဒီတရား ဆောက်တည်ခြင်းကို မှီဝဲတယ်၊ မရှောင်ကြဉ်ဘူး။ အဲဒီအခါမှာ သူ့အား အလိုမရှိအပ် မနှစ်သက်အပ် မမြတ်နိုးအပ်တဲ့ တရားများ ဆုတ်ယုတ်ပြီး အလိုရှိအပ် နှစ်သက်အပ် မြတ်နိုးအပ်တဲ့ တရားများ

တိုးပွားကြတော့တယ်။ အဲဒါ ဘာ့ကြောင့်လဲဆိုတော့ အသိဉာဏ် ရှိသောကြောင့် ဖြစ်တယ်။ (၃)

ရဟန်းတို့ . . ပစ္စုပ္ပန်မှာလည်း ချမ်းသာပြီး နောင်အခါမှာလည်း ချမ်းသာကျိုးကို ပေးတဲ့ တရားဆောက်တည်ခြင်းကို ပညာရှိသူ အသိဉာဏ်ရှိသူ တစ်ယောက်ဟာ "ဒါဟာ ပစ္စုပ္ပန်မှာလည်း ချမ်းသာပြီး နောင်အခါမှာလည်း ချမ်းသာကျိုးကို ပေးတဲ့ တရားဆောက်တည်ခြင်းပဲ" လို့ အမှန်အတိုင်း ခွဲခြားပြီး သိတယ်။ ဒါ့ကြောင့် သူဟာ အဲဒီတရားဆောက်တည်ခြင်းကို မှီဝဲတယ်၊ မရှောင်ကြဉ်ဘူး။ အဲဒီအခါမှာ သူ့အား အလိုမရှိအပ် မနှစ်သက်အပ် မမြတ်နိုးအပ်တဲ့ တရားများ ဆုတ်ယုတ်ပြီး အလိုရှိအပ် နှစ်သက်အပ် မြတ်နိုးအပ်တဲ့ တရားများ တိုးပွားကြတော့တယ်။ အဲဒါ ဘာ့ကြောင့် လဲဆိုတော့ အသိဉာဏ်ရှိသောကြောင့် ဖြစ်တယ်။ (၄)

၄၇၈။ ရဟန်းတို့ . . . ပစ္စုပ္ပန်မှာလည်း ဆင်းရဲပြီး နောင်အခါမှာလည်း ဆင်းရဲကျိုးကို ပေးတဲ့ တရားဆောက်တည်ခြင်း ဆိုတာက- လောကမှာ တချို့ပုဂ္ဂိုလ်ဟာ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲ ခံလျက်လည်း သူတစ်ပါးအသက်သတ်ခြင်းကို ပြုလေ့ရှိတယ်။ အဲဒီသူတစ်ပါး အသက်သက်ခြင်းဆိုတဲ့ အကြောင်းကြောင့် ကိုယ်ဆင်းရဲခြင်း စိတ်ဆင်းရဲခြင်းကို တဖန် ခံစားရပြန်တယ်။

ထို့အတူ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲ ခံလျက်လည်း သူတစ်ပါး ဉစ္စာကို ခိုးယူခြင်း၊ သူတစ်ပါးသားမယားကို ကျူးလွန်ခြင်း၊ လိမ်ညာ

ပြောဆိုခြင်း၊ ကုန်းတိုက်စကား ပြောကြားခြင်း၊ ကြမ်းတမ်းတဲ့စကား ပြောကြားခြင်း၊ အပြိန်အဖျင်းစကား ပြောကြားခြင်း၊ သူတစ်ပါး စည်းစိမ်ကို မိမိစည်းစိမ် ဖြစ်ရန် ကြံစည်ခြင်း၊ သူတစ်ပါးကို ပျက်စီးစေလိုခြင်း၊ မှားယွင်းတဲ့ အယူကို ယူခြင်းဆိုတဲ့ မကောင်းမှုများကို ပြုလုပ်လေ့ရှိတယ်။ အဲဒီမကောင်းမှုများကို ပြုရခြင်းကြောင့် ကိုယ်ဆင်းရဲခြင်း စိတ်ဆင်းရဲခြင်းကို တစ်ဖန် ခံစားရပြန်တယ်။

အဲဒီပုဂ္ဂိုလ် ကွယ်လွန်တဲ့အခါ ငရဲသို့ ကျရောက်ရတယ်။ ရဟန်းတို့ . . . ဒါဟာ ပစ္စုပ္ပန်မှာလည်း ဆင်းရဲပြီး နောင်အခါမှာလည်း ဆင်းရဲကျိုးကို ပေးတဲ့ တရားဆောက်တည်ခြင်း ဖြစ်တယ်။ (၁)

၄၇၉။ ရဟန်းတို့ . . . ပစ္စုပ္ပန်မှာတော့ ချမ်းသာပြီး နောင်အခါမှာ ဆင်းရဲကျိုးကို ပေးတဲ့ တရားဆောက်တည်ခြင်း ဆိုတာက- လောကမှာ တချို့ပုဂ္ဂိုလ်ဟာ ကိုယ်ချမ်းချမ်းသာသာ စိတ်ချမ်းချမ်းသာသာနဲ့ သူတစ်ပါးအသက်သတ်ခြင်းကို ပြုလေ့ရှိတယ်။ သူတစ်ပါးအသက်သတ်ခြင်းဆိုတဲ့အကြောင်းကြောင့် ကိုယ်ရော စိတ်ပါ ချမ်းသာပြန်တယ်။

ထို့အတူ ကိုယ်ချမ်းချမ်းသာသာ စိတ်ချမ်းချမ်းသာသာနဲ့ သူတစ်ပါးဥစ္စာကို ခိုးယူခြင်း၊ သူတစ်ပါးသားမယားကို ကျူးလွန်ခြင်း၊ လိမ်ညာ ပြောဆိုခြင်း၊ ကုန်းတိုက်စကား ပြောကြားခြင်း၊ ကြမ်းတမ်းတဲ့စကား ပြောကြားခြင်း၊ အပြိန်အဖျင်းစကား ပြောကြားခြင်း၊ သူတစ်ပါး စည်းစိမ်ကို မိမိစည်းစိမ် ဖြစ်ရန်

ကြံစည်ခြင်း၊ သူတစ်ပါးကို ပျက်စီးစေလိုခြင်း၊ မှားယွင်းတဲ့ အယူကို ယူခြင်းဆိုတဲ့ မကောင်းမှုများကို ပြုလုပ်လေ့ရှိတယ်။ အဲဒီမကောင်းမှုများကို ပြုရခြင်းကြောင့် ကိုယ်ရော စိတ်ပါ ချမ်းသာပြန်တယ်။ အဲဒီပုဂ္ဂိုလ် ကွယ်လွန်တဲ့အခါ ငရဲသို့ ကျရောက်ရတယ်။ ရဟန်းတို့. . . ဒါဟာ ပစ္စုပ္ပန်မှာတော့ ချမ်းသာပြီး နောင်အခါမှာ ဆင်းရဲကျိုးကို ပေးတဲ့ တရားဆောက်တည်ခြင်း ဖြစ်တယ်။ (၂)

ရဟန်းတို့. . . ပစ္စုပ္ပန်မှာ ဆင်းရဲပေမဲ့ နောင်အခါမှာ ချမ်းသာကျိုးကို ပေးတဲ့ တရားဆောက်တည်ခြင်း ဆိုတာက-- လောကမှာ တချို့ပုဂ္ဂိုလ်ဟာ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲ ခံလျက်လည်း သူတစ်ပါးအသက်သတ်ခြင်းမှ ရှောင်ကြဉ်လေ့ရှိသူ ဖြစ်တယ်။ သူတစ်ပါး အသက်သတ်ခြင်းမှ ရှောင်ကြဉ်ခြင်းကြောင့် ကိုယ်ဆင်းရဲခြင်းစိတ်ဆင်းရဲခြင်းကို ခံစားရတယ်။

ထို့အတူ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲ ခံလျက် သူတစ်ပါးဥစ္စာ ခိုးယူခြင်း၊ သူတစ်ပါးသားမယားကို ကျူးလွန်ခြင်း၊ လိမ်ညာပြောခြင်း၊ ကုန်းတိုက်စကား ပြောကြားခြင်း၊ ကြမ်းတမ်းတဲ့စကားပြောကြားခြင်း၊ ပြိန်ဖျင်းတဲ့ စကားပြောကြားခြင်း-တို့မှ ရှောင်ကြဉ်လေ့ရှိသူ ဖြစ်တယ်။ သူတစ်ပါးရဲ့ စည်းစိမ်ကို ကိုယ့်စည်းစိမ်ဖြစ်ရန် မကြံစည်ဘူး၊ သူတစ်ပါးတို့ကို ပျက်စီးစေလိုစိတ်မရှိဘူး၊ မှန်ကန်တဲ့ အယူကို ယူလေ့ရှိတယ်။ အဲဒီကောင်းမှုများကို ပြုရခြင်းကြောင့်

ကိုယ်ဆင်းရဲခြင်း စိတ်ဆင်းရဲခြင်းကို ခံစားရတယ်။ အဲဒီပုဂ္ဂိုလ် ကွယ်လွန်တဲ့အခါ နတ်ပြည်သို့ ရောက်သွားတယ်။ ရဟန်းတို့ . . ဒါဟာ ပစ္စုပ္ပန်မှာ ဆင်းရဲပေမဲ့ နောင်အခါမှာ ချမ်းသာကျိုးကို ပေးတဲ့ တရားဆောက်တည်ခြင်း ဖြစ်တယ်။ (၃)

၄၈၁။ ရဟန်းတို့ . . . ပစ္စုပ္ပန်မှာလည်း ချမ်းသာပြီး နောင်အခါမှာလည်း ချမ်းသာကျိုးကို ပေးတဲ့ တရားဆောက်တည်ခြင်းဆိုတာက- လောကမှာ တချို့ပုဂ္ဂိုလ်ဟာ သူတစ်ပါး အသက်သတ်ခြင်းမှ ကိုယ်ချမ်းချမ်းသာသာ စိတ်ချမ်းချမ်းသာသာနဲ့ ရှောင်ကြဉ်လေ့ရှိသူ ဖြစ်တယ်။ သူတစ်ပါးအသက်သတ်ခြင်းမှ ရှောင်ကြဉ်ခြင်းကြောင့် ကိုယ်ရော စိတ်ပါ ချမ်းသာပြန်တယ်။

ထို့အတူ . . . သူတစ်ပါးဥစ္စာခိုးယူခြင်း၊ သူတစ်ပါး သားမယားကို ကျူးလွန်ခြင်း၊ လိမ်ညာပြောခြင်း၊ ကုန်းတိုက်စကားပြောကြားခြင်း၊ ကြမ်းတမ်းတဲ့စကား ပြောကြားခြင်း၊ ပြိန်ဖျင်းတဲ့စကား ပြောကြားခြင်းတို့မှလည်း ကိုယ်ချမ်းချမ်းသာသာ စိတ်ချမ်းချမ်းသာသာနဲ့ ရှောင်ကြဉ်လေ့ရှိသူ ဖြစ်တယ်။ သူတစ်ပါးရဲ့ စည်းစိမ်ကို ကိုယ့်စည်းစိမ်ဖြစ်ရန် မကြံစည်ဘူး၊ သူတစ်ပါးတို့ကို ပျက်စီးစေလိုစိတ် မရှိဘူး၊ မှန်ကန်တဲ့ အယူကို ယူလေ့ရှိတယ်။ အဲဒီကောင်းမှုများကို ပြုရခြင်းကြောင့် ကိုယ်ရောစိတ်ပါ ချမ်းသာပြန်တယ်။ အဲဒီပုဂ္ဂိုလ် ကွယ်လွန်တဲ့အခါ နတ်ပြည်သို့ ရောက်သွားတယ်။ ရဟန်းတို့ . . . ဒါဟာ ပစ္စုပ္ပန်မှာလည်း ချမ်းသာပြီး နောင်အခါမှာလည်း ချမ်းသာကျိုးကို ပေးတဲ့

တရားဆောက်တည်ခြင်း ဖြစ်တယ်။ ရဟန်းတို့ . . . ဒါဟာ တရားဆောက်တည်ခြင်း လေးမျိုး ဖြစ်တယ်။ (၄)

၄၈၂။ ရဟန်းတို့ . . . ပစ္စုပ္ပန်မှာလည်း ဆင်းရဲပြီး နောင်အခါမှာလည်း ဆင်းရဲကျိုးကို ပေးတဲ့ တရားဆောက်တည်ခြင်းဟာ အဆိပ်နှင့် ရောထားတဲ့ ဗူးခါးရည်နှင့် တူတယ်။ (၁)

ပစ္စုပ္ပန်မှာသာ ချမ်းသာပြီး နောင်အခါမှာ ဆင်းရဲကျိုးကို ပေးတဲ့ တရားဆောက်တည်ခြင်းဟာ အဆိပ်နှင့် ရောထားတဲ့ အဖျော်ရည်နှင့် တူတယ်။ (၂)

ပစ္စုပ္ပန်မှာသာ ဆင်းရဲပြီး နောင်အခါမှာ ချမ်းသာကျိုးကို ပေးတဲ့ တရားဆောက်တည်ခြင်းဟာ ဆေးအမျိုးမျိုးရောထားတဲ့ နွားကျင်ငယ်ပုတ်နှင့် တူတယ်။ (၃)

ပစ္စုပ္ပန်မှာလည်း ချမ်းသာပြီး နောင်အခါမှာလည်း ချမ်းသာကျိုးကို ပေးတဲ့ တရားဆောက်တည်ခြင်းဟာ နို့ဓမ်း, ပျားရည်, ထောပတ်နှင့် တင်လဲတို့ကို တစ်ပေါင်းတည်း ရောစပ် ထားတဲ့ ဆေးနှင့် တူတယ်။ (၄)

၄၈၆။ ရဟန်းတို့ . . . ဥပမာအားဖြင့် မိုးဥတုရဲ့ နောက်ဆုံးလ ဖြစ်တဲ့ တန်ဆောင်မုန်းလအခါမှာ ကောင်းကင်သို့ တက်လာတဲ့ **နေမင်း**ဟာ အမိုက်မှောင်အားလုံးကို ပယ်ဖျောက်ကာ ထွန်းလင်း **တောက်ပ** တင့်တယ်လှသကဲ့သို့ ပစ္စုပ္ပန်မှာလည်း ချမ်းသာပြီး နောင်**အခါမှာလည်း** ချမ်းသာကျိုးကို ပေးတဲ့ တရားဆောက်

တည်ခြင်းဟာ တခြား ရဟန်း ပုဏ္ဏားတို့ရဲ့ အယူဝါဒကိုပယ်ဖျောက်ကာ ထွန်းလင်းတောက်ပ တင့်တယ်လှတယ်- လို့ မိန့်ကြားတော်မူခဲ့ပါတယ်။

အဲဒီလို မိန့်ကြားတော်မူတဲ့ မြတ်စွာဘုရားရဲ့ တရားတော်ကို ရဟန်းများ အလွန် နှစ်သက်သဘောကျပြီး ဝမ်းမြောက်ဝမ်းသာ သာဓုအနုမောဒနာ ခေါ် ဆိုခဲ့ကြပါတယ်။

**မဟာဓမ္မသမာဒါနသုတ် ပြီးပြီ။**

❊ ❊ ❊

## ၇–ဝိမံသကသုတ်

၄၈၇။ အခါတစ်ပါးမှာ သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်မှာ မြတ်စွာဘုရား သီတင်းသုံးနေတော်မူပါတယ်။ အဲဒီအခါမှာ မြတ်စွာဘုရားက ရဟန်းတို့အား အခုလို မိန့်ကြားတော်မူခဲ့ပါတယ်။

ရဟန်းတို့ . . သူတစ်ပါးရဲ့ စိတ်ဖြစ်ပုံကို မသိလို့ စူးစမ်းလိုတဲ့ ရဟန်းဟာ "ဘုရား ဟုတ်လေသလား၊ မဟုတ်ဘူးလား" ဆိုတာ သိဖို့ရာ မြတ်စွာဘုရားအပေါ်မှာ စူးစမ်းမှု ပြုသင့်တယ်။

မြတ်စွာဘုရား . . ဘုရားတပည့်တော်တို့မှာ မြတ်စွာဘုရား သာလျှင် အားကိုးရာရှိကြပါတယ်ဘုရား၊ မြတ်စွာဘုရား . . မြတ်စွာ ဘုရားကိုယ်တော်တိုင်သာ ဟောပြတော်မူပါ၊ မြတ်စွာဘုရား အထံတော်မှ ကြားနာရသည့်အတိုင်း ရဟန်းများ မှတ်သား ဆောင်ထားကြပါလိမ့်မယ်ဘုရား။

ရဟန်းတို့ . . . ဒါဆိုလျှင် ကောင်းမွန်စွာ နာကြားကြ၊ ငါဘုရား ဟောပြတော်မူမယ်။

မှန်ပါအရှင်ဘုရား . . ။

၄၈၈။ ရဟန်းတို့ . . " မျက်စိနဲ့ မြင်ရ, နားနဲ့ ကြားရတဲ့ ညစ်နွမ်းတဲ့ အကျင့် (ကာယကံ ဝစီကံ)များ မြတ်စွာဘုရားမှာ ရှိလေသလား၊ မရှိဘူးလား" လို့ အကျင့်နှစ်မျိုးနှင့် ပတ်သက်ပြီး

မြတ်စွာဘုရားကို စူးစမ်းသင့်တယ်။ အဲဒီလို စူးစမ်းတဲ့အခါ "မျက်စိနဲ့ မြင်ရ, နားနဲ့ကြားရတဲ့ ညစ်နွမ်းတဲ့ အကျင့် (ကာယကံ ဝစီကံ)များ မြတ်စွာဘုရားမှာ လုံးဝ မရှိပါတကား" လို့ သိလာလိမ့်မယ်။

အဲဒီအခါမှာ "မျက်စိနဲ့ မြင်ရ, နားနဲ့ကြားရတဲ့ ရံခါ မည်းညစ်ပြီး ရံခါ ဖြူစင်တဲ့ အကျင့် (ကာယကံ ဝစီကံ)များ မြတ်စွာဘုရားမှာ ရှိလေသလား၊ မရှိဘူးလား" လို့ တစ်ဆင့် တက်ပြီး မြတ်စွာဘုရားကို စူးစမ်းသင့်တယ်။ အဲဒီလို စူးစမ်းတဲ့အခါ "မျက်စိနဲ့ မြင်ရ, နားနဲ့ ကြားရတဲ့ ရံခါ မည်းညစ်ပြီး ရံခါဖြူစင်တဲ့ အကျင့် (ကာယကံ ဝစီကံ) များ မြတ်စွာဘုရားမှာ မရှိပါတကား" လို့ သိလာလိမ့်မယ်။

အဲဒီအခါမှာ "မျက်စိနဲ့ မြင်ရ, နားနဲ့ကြားရတဲ့ ဖြူစင်တဲ့အကျင့် (ကာယကံ ဝစီကံ)များ မြတ်စွာဘုရားမှာ ရှိလေသလား၊ မရှိဘူးလား" လို့ တစ်ဆင့်တက်ပြီး မြတ်စွာဘုရားကို စူးစမ်းသင့်တယ်။ အဲဒီလို စူးစမ်းတဲ့အခါ "မျက်စိနဲ့ မြင်ရ နားနဲ့ ကြားရတဲ့ ဖြူစင်တဲ့ အကျင့် (ကာယကံ ဝစီကံ)များ မြတ်စွာဘုရားမှာ အပြည့်အဝ ရှိတာပါတကား"လို့ သိလာလိမ့်မယ်။

အဲဒီအခါမှာ "ဒီအရှင်ဟာ ဒီအပြစ်မရှိတဲ့ အကျင့်နှင့် ကြာမြင့်စွာ ပြည့်စုံနေသလား၊ သို့မဟုတ် ခဏတဖြုတ်သာ ပြည့်စုံနေသလား" လို့ တစ်ဆင့်တက်ပြီး မြတ်စွာဘုရားကို စူးစမ်းသင့်တယ်။ အဲဒီလို စူးစမ်းတဲ့အခါ "ဒီအရှင်ဟာ ဒီအပြစ်မရှိတဲ့

အကျင့်နှင့် ကြာမြင့်စွာ ပြည့်စုံနေတာပါတကား၊ ခဏတဖြုတ်သာ ပြည့်စုံသာ မဟုတ်ပါတကား" လို့ သိလာလိမ့်မယ်။

အဲဒီအခါမှာ "ဒီအရှင်ဟာ ထင်ရှားကျော်စောသူ အခြံအရံများသူ တစ်ပါး ဖြစ်တယ်၊ အဲဒီလို ကျော်စောထင်ရှား အခြံအရံ များခြင်းကြောင့် ဖြစ်တတ်တဲ့ တချို့အပြစ်များ ဒီအရှင်မှာ ရှိလေသလား၊ သို့မဟုတ် မရှိဘူးလား" လို့ တစ်ဆင့်တက်ပြီး မြတ်စွာဘုရားကို စူးစမ်းသင့်တယ်။ အဲဒီလို စူးစမ်းတဲ့အခါ "ဒီအရှင်ဟာ ကျော်စောထင်ရှားသူ၊ အခြံအရံများသူ တစ်ပါး ဖြစ်တယ်၊ ဒါပေမဲ့ အဲဒီလို ကျော်စောထင်ရှား အခြံအရံ များခြင်းကြောင့် ဖြစ်တတ်တဲ့ အပြစ်များ ဒီအရှင်မှာ လုံးဝ မရှိပါတကား" လို့ သိလာလိမ့်မယ်။

အဲဒီအခါမှာ "ဒီအရှင်ဟာ ဘေးမရှိဘဲ ရှောင်ကြဉ်သူ ဟုတ်ရဲ့လား၊ ဘေးကြောင့် ရှောင်ကြဉ်သူ မဟုတ်ဘဲရှိရဲ့လား၊ ရာဂ ကင်းခြင်း ကုန်ခြင်းကြောင့် ကာမဂုဏ်တို့ကို မမှီဝဲသူ ဟုတ်ရဲ့လား" လို့ တစ်ဆင့်တက်ပြီး မြတ်စွာဘုရားကို စူးစမ်းသင့်တယ်။ အဲဒီလို စူးစမ်းတဲ့အခါ "ဒီအရှင်ဟာ ဘေးမရှိဘဲ ရှောင်ကြဉ်သူပါတကား၊ ဘေးကြောင့် ရှောင်ကြဉ်သူ မဟုတ်ပါတကား၊ ရာဂကင်းခြင်း ကုန်ခြင်းကြောင့် ကာမဂုဏ်တို့ကို မမှီဝဲသူပါတကား" လို့ သိလာလိမ့်မယ်။

ရဟန်းတို့. . . အဲဒီလို ပြောတဲ့ရဟန်းကို တခြားသူတွေက “အဲဒီလို ဘာ့ကြောင့် ပြောပါသလဲ” လို့ မေးနိုင်စရာရှိတယ်။ ရဟန်းတို့. . . အဲဒီအခါမှာ အဲဒီလိုအမေးခံရတဲ့ ရဟန်းက “အရှင်ဘုရားတို့. . . ဒီအရှင်ဟာ တစ်ရံတစ်ခါ သံဃာအများထဲမှာလည်း သီတင်းသုံးတော်မူပါတယ်၊ တစ်ရံတစ်ခါ တစ်ပါးတည်းလည်း သီတင်းသုံးတော်မူပါတယ်။ အဲဒီအခါမှာ တချို့ရဟန်းများဟာ အကျင့်စာရိတ္တကောင်းကြပါတယ်၊ တချို့ရဟန်းများကတော့ အကျင့်စာရိတ္တမကောင်းကြပါဘူး၊ တချို့ရဟန်းများက ပရိသတ်ကို အုပ်ချုပ်နေကြပါတယ်၊ တချို့ရဟန်းများက လာဘ်လာဘ ပေါများကြပါတယ်၊ တချို့ရဟန်းများက လာဘ်လာဘကို မငဲ့ကွက်ကြပါဘူး၊ အဲဒီရဟန်းအမျိုးမျိုးကို ဒီအရှင်ဟာ မည်သည့်အကြောင်းကြောင့်မျှ အထင်သေးလေ့မရှိပါဘူး။ ဒါ့အပြင် ‘ငါဘုရားဟာ ဘေးမရှိဘဲ ရှောင်ကြဉ်သူဖြစ်တယ်၊ ဘေးကြောင့် ရှောင်ကြဉ်သူ မဟုတ်၊ ရာဂကင်းခြင်းကုန်ခြင်းကြောင့် ကာမဂုဏ်တို့ကို မမှီဝဲသူ ဖြစ်တယ်’ ဆိုတဲ့ စကားတော်ကိုလည်း မြတ်စွာဘုရား အထံတော်မှ တပည့်တော်ကိုယ်တိုင် ကြားနာမှတ်သားခဲ့ရပါတယ်” လို့ ဖြေကြား သင့်တယ်။

၄၈၉။ ရဟန်းတို့. . . အဲဒီစူးစမ်းတဲ့ ရဟန်းက အဲဒီအကြောင်းအရာများကို မြတ်စွာဘုရားအထံ တက်လျှောက်

ခဲ့လျှင်လည်း မြတ်စွာဘုရားက အဲဒီရဟန်း စူးစမ်းလို့ သိလာတဲ့ အတိုင်းပဲ ဖြေကြားတော်မူမှာ ဖြစ်တယ်။

ရဟန်းတို့ . . အဲဒီလို ဖြေကြားတော်မူတဲ့ မြတ်စွာဘုရားကို တပည့်ရဟန်းတစ်ပါးဟာ တရားနာရန် ချဉ်းကပ်ထိုက်တယ်။ အဲဒီတပည့်ရဟန်းအား မြတ်စွာဘုရားက မြင့်သည်ထက်မြင့်သော တရား၊ မြတ်သည်ထက် မြတ်သောတရားကို အမည်းအဖြူ နှိုင်းယှဉ် ခွဲပြပြီး ဟောကြားတော်မူမယ်။ မြတ်စွာဘုရား ဟောကြားတော် မူတဲ့အတိုင်း အဲဒီရဟန်းဟာ တရားတွေထဲမှ အချို့တရားကို အထူးသိလျက် တရားတော်ကို သက်ဝင် ယုံကြည်ခဲ့တယ်။ "မြတ်စွာ ဘုရားသည် တရားအားလုံးကို ကိုယ်တော်တိုင် တိကျပိုင်နိုင်စွာ သိတော်မူပါပေ၏။ တရား တော်သည် မြတ်စွာဘုရား ကောင်းစွာ ဟောကြားထားသော တရားတော် ဖြစ်ပါပေ၏။ သံဃာတော်သည် ကောင်းစွာကျင့်သော သံဃာတော် ဖြစ်ပါပေ၏"လို့ မြတ်စွာဘုရား ကို ဆထက်ထမ်းပိုး တိုးပြီး ကြည်ညိုလာတယ်။

၄၉၀။ ရဟန်းတို့ . . မြတ်စွာဘုရားကို ဒီအကြောင်း တွေကြောင့် သက်ဝင်ယုံကြည်တဲ့ ပုဂ္ဂိုလ်ရဲ့ သဒ္ဓါတရားဟာ အလွန် ခိုင်မြဲတဲ့ သဒ္ဓါတရား ဖြစ်တယ်။ မည်သူမျှ မလှုပ်ရှားစေနိုင်တဲ့ သဒ္ဓါတရား ဖြစ်တယ်။ ရဟန်းတို့ . . ဒါဟာ မြတ်စွာဘုရားအပေါ်မှာ ဓမ္မအားဖြင့် စူးစမ်းခြင်း ဖြစ်တယ်- လို့ မိန့်ကြားတော်မူခဲ့ပါတယ်။

အဲဒီလို မိန့်ကြားတော်မူတဲ့ မြတ်စွာဘုရားရဲ့ စကားတော်ကို ရဟန်းများ အလွန် နှစ်သက်သဘောကျကာ ဝမ်းမြောက်ဝမ်းသာ သာဓုခေါ် ဆိုခဲ့ကြပါတယ်။

**ဝိမံသကသုတ် ပြီးပြီ။**

❋ ❋ ❋

## ၈ – ကောသမ္ဗိယသုတ်

၄၉၁။ အခါတစ်ပါးမှာ ကောသမ္ဗီမြို့ ဃောသိတာရုံ ကျောင်းတော်မှာ မြတ်စွာဘုရား သီတင်းသုံးနေတော်မူပါတယ်။ အဲဒီအခါက ကောသမ္ဗီမြို့မှာ ရဟန်းများဟာ ငြင်းကြခုံကြပြီး ခိုက်ရန်ဖြစ်နေကြတယ်၊ အချင်းချင်း အပြန်အလှန် နှုတ်လှံ့ထိုးပြီး နေကြတယ် (သံဃာများ သင်းကွဲနေကြတယ်)။ အဲဒီရဟန်းများဟာ အချင်းချင်း နားလည်မှုရရန်လည်း မကြိုးစားကြ၊ နားလည်မှုလည်း မရကြ။ အချင်းချင်း အမြင်မှန်ရရန်လည်း မကြိုးစားကြ၊ အမြင်မှန်လည်း မရကြ။ အဲဒီအခါမှာ ရဟန်းတစ်ပါးက မြတ်စွာဘုရား အထံတော်သို့ ချဉ်းကပ်ပြီး ကောသမ္ဗီမြို့မှာ သံဃာသင်းကွဲနေကြောင်းကို လျှောက်ထားပါတယ်။

အဲဒီအခါမှာ မြတ်စွာဘုရားက ရဟန်းတစ်ပါးအား အဲဒီသင်းကွဲနေကြတဲ့ ရဟန်းများကို ခေါ်ခိုင်းတော်မူပြီး အခုလို မေးမြန်းတော်မူပါတယ်—

ရဟန်းတို့ . . ငြင်းကြခုံကြ ခိုက်ရန်ဖြစ်ကြပြီး အချင်းချင်း နှုတ်လှံ့ထိုးကာ နေကြတဲ့ သင်တို့ရဲ့ သန္တာန်မှာ သီတင်းသုံးဖော်တို့ အပေါ်မှာ ထားရှိရမည့် မျက်မှောက်မျက်ကွယ် ကာယကံမေတ္တာ၊ ဝစီကံမေတ္တာနှင့် မနောကံမေတ္တာများ ရှိကြသေးရဲ့လား?

အရှင်ဘုရား . . မရှိကြတော့ပါဘုရား။

ရဟန်းတို့ . . . ဒါဆိုလျှင် ဘာ့ကြောင့် သင်တို့ ငြင်းကြ ခုံကြ ခိုက်ရန်ဖြစ်ကြပြီး အချင်းချင်း နှုတ်လှံထိုးကာ နေကြသလဲ? အဲဒီလို ငြင်းခုံခြင်းစသည်ဟာ သင်တို့အတွက် ကြာမြင့်စွာ မကြီးပွားကြောင်း ဆင်းရဲကြောင်း ဖြစ်လိမ့်မယ်။

၄၉၃။ ရဟန်းတို့ . . . သာရဏီယဓမ္မ (အမြဲပွားများ ရမယ့်တရား) ဟာ ခြောက်ပါး ရှိတယ်။ အဲဒီခြောက်ပါးဟာ စည်းလုံးညီညွတ်ကြောင်း ဖြစ်တယ်။ အဲဒီခြောက်ပါးဆိုတာက–

(၁) မျက်မှောက်မှာဖြစ်စေ၊ မျက်ကွယ်မှာဖြစ်စေ သီတင်း သုံးဖော်တို့အား ကာယကံမေတ္တာ ထားရမယ်။

(၂) မျက်မှောက်မှာ ဖြစ်စေ၊ မျက်ကွယ်မှာ ဖြစ်စေ သီတင်း သုံးဖော်တို့အား ဝစီကံမေတ္တာ ထားရမယ်။

(၃) မျက်မှောက်မှာဖြစ်စေ၊ မျက်ကွယ်မှာ ဖြစ်စေ သီတင်း သုံးဖော်တို့အား မနောကံမေတ္တာ ထားရမယ်။

(၄) တရားသဖြင့် ရအပ်တဲ့ လာဘ်လာဘကို သီတင်းသုံး ဖော်တို့နှင့် မခွဲခြားဘဲ သုံးဆောင်ရမယ်။ အောက်ထစ် ဆုံးအားဖြင့် သပိတ်ထဲက ဆွမ်းကိုတောင်မှ သီတင်းသုံး ဖော်တို့နှင့် မခွဲခြားဘဲ သုံးဆောင်ရမယ်။

(၅) မျက်မှောက်မှာဖြစ်စေ၊ မျက်ကွယ်မှာဖြစ်စေ သီတင်း

သုံးဖော်တို့နှင့် ကောင်းသော ကိုယ်ကျင့်သီလ တူမျှရမယ်။

(၆) မျက်မှောက်မှာ ဖြစ်စေ၊ မျက်ကွယ်မှာဖြစ်စေ သီတင်းသုံးဖော်တို့နှင့် ကောင်းသော အယူအဆ တူမျှရမယ်။ သံသရာမှ လွတ်မြောက်ကြောင်း အယူအဆ တူမျှရမယ်။

ရဟန်းတို့ . . ဥပမာအားဖြင့် အထွတ်ပါတဲ့ အိမ်မှာ အထွတ်ဟာ အချက်အချာ ပဓာန ဖြစ်သကဲ့သို့ ဒီသာရဏီယဓမ္မ ခြောက်ပါးအနက် သံသရာမှ လွတ်မြောက်ကြောင်း အယူဟာ အချက်အချာ ပဓာန ဖြစ်တယ်။

၄၉၃။ ရဟန်းတို့ . . သံသရာမှ လွတ်မြောက်ကြောင်း အယူဟာ ဘာ့ကြောင့် အချက်အချာ ပဓာန ဖြစ်သလဲဆိုတော့– ငါဘုရားသာသနာတော်မှာ ရဟန်းတစ်ပါးဟာ တောသို့ ကပ်ရောက်ပြီး ဖြစ်စေ၊ သစ်ပင်ရင်းသို့ ကပ်ရောက်ပြီး ဖြစ်စေ၊ ဆိတ်ငြိမ်ရာတစ်နေရာရာသို့ ကပ်ရောက်ပြီး ဖြစ်စေ အမှန်အတိုင်း မသိနိုင်မမြင်နိုင်ကြောင်း ဖြစ်တဲ့ ထကြွမှုမျိုး ငါရဲ့ကိုယ်တွင်းသန္တာန်မှာ ရှိလေသလား” လို့ ဆင်ခြင်တယ်။ ရဟန်းတို့ . . အဲဒီအခါမှာ ရဟန်းဟာ ကာမရာဂ ထကြွခဲ့ဖူးသူ ဖြစ်လျှင် (အဲဒီထကြွခဲ့ဖူးသည့်အတိုင်း) ထကြွသောစိတ်ရှိသည်သာ

ဖြစ်တယ်။ ဗျာပါဒ၊ ထိနမိဒ္ဓ၊ ဥဒ္ဓစ္စကုက္ကုစ္စနှင့် ဝိစိကိစ္ဆာတို့ ထကြွခဲ့ဖူးသူ ဖြစ်လျှင်လည်း (အဲဒီထကြွခဲ့ဖူးသည့်အတိုင်း) ထကြွသောစိတ် ရှိသည်သာ ဖြစ်တယ်။ မျက်မှောက်လောက တမလွန်လောကတို့ကို ကြံစည်ခြင်း၌ အလေ့အလာများခဲ့ဖူးသူ ဖြစ်လျှင် (အဲဒီ အလေ့အလာများခဲ့ဖူးသည့်အတိုင်း) ထကြွသောစိတ် ရှိသည်သာ ဖြစ်တယ်။ ငြင်းခုံမှုဖြစ်ပွားလျက် အချင်းချင်း နှုတ်လှံထိုးကာ နေခဲ့ဖူးသူ ဖြစ်လျှင် (အဲဒီနေခဲ့ဖူးသည့်အတိုင်း) ထကြွသောစိတ် ရှိသည်သာ ဖြစ်တယ်။ ရဟန်းတို့ . . အဲဒီအခါမှာ ရဟန်းဟာ "အမှန်အတိုင်း မသိနိုင်မမြင်နိုင်ကြောင်းဖြစ်တဲ့ ထကြွမှုမျိုး ငါရဲ့ကိုယ်တွင်း သန္တာန်မှာ ရှိသေးပါတကား၊ ဒါပေမဲ့ သစ္စာလေးပါးကို သိဖို့ရာ ငါရဲ့စိတ်ကို ကောင်းစွာထားပြီးပြီ" ဆိုတဲ့ အသိဉာဏ် ရလာတယ်။ အဲဒီရဟန်း အဲဒီလို ပထမဆုံး ရလာတဲ့ အသိဉာဏ်ဟာ အရိယာပုဂ္ဂိုလ်တို့မှာသာ ဖြစ်တဲ့ အသိဉာဏ် ဖြစ်တယ်။ ပုထုဇဉ်တို့နှင့် မသက်ဆိုင်တဲ့ အသိဉာဏ် ဖြစ်တယ်။

၄၉၄။ ရဟန်းတို့ . . . နောက်တစ်မျိုးကတော့- ဘုရားသားတော်ဟာ "အဲဒီအယူကို မှီဝဲပွားများသောကြောင့် ငါရဲ့ စိတ်မှာ ငြိမ်းချမ်းမှုကို ရသလား" လို့ စဉ်းစားဆင်ခြင်တဲ့အခါ "ဒီအယူကို မှီဝဲ ပွားများသောကြောင့် ငါရဲ့ စိတ်မှာ ငြိမ်းချမ်းမှုကို ရတယ်" ဆိုတဲ့ အသိဉာဏ် ရလာတယ်။ အဲဒီဘုရားသားတော် အဲဒီလို ဒုတိယမြောက် ရလာတဲ့ အသိဉာဏ်ဟာ အရိယာပုဂ္ဂိုလ်တို့မှာသာ

ဖြစ်တဲ့ အသိဉာဏ် ဖြစ်တယ်။ ပုထုဇဉ်တို့နှင့် မသက်ဆိုင်တဲ့ အသိဉာဏ် ဖြစ်တယ်။

၄၉၄။ ရဟန်းတို့ . . နောက်တစ်မျိုးကတော့- ဘုရားသားတော်ဟာ "ငါ့မှာ ရှိတဲ့ ဒီအယူမျိုးရှိသည့် တခြား သမဏဗြာဟ္မဏများ ဒီဘုရားသာသနာတော်မှ အပမှာ ရှိလေသလား" လို့ စဉ်းစားဆင်ဆင်ခြင်တဲ့အခါ "မရှိပါတကား" ဆိုတဲ့ အသိဉာဏ်ရလာတယ်။ အဲဒီဘုရားသားတော် အဲဒီလို တတိယမြောက်ရလာတဲ့ အသိဉာဏ်ဟာ အရိယာပုဂ္ဂိုလ်တို့မှာသာ ဖြစ်တဲ့ အသိဉာဏ် ဖြစ်တယ်။ ပုထုဇဉ်တို့နှင့် မသက်ဆိုင်တဲ့ အသိဉာဏ် ဖြစ်တယ်။

၄၉၅။ ရဟန်းတို့ . . နောက်တစ်မျိုးကတော့–ဥပမာအားဖြင့် ပက်လက်အိပ်အရွယ်ဖြစ်တဲ့ ကလေးသူငယ် လူမမယ်လေးဟာ လက်နဲ့ဖြစ်စေ၊ ခြေနဲ့ဖြစ်စေ မီးကျီးခဲကို ထိမိလျှင် လျှင်မြန်စွာပင် ပြန်ရုတ်သကဲ့သို့ သောတာပန်ပုဂ္ဂိုလ်ဟာ အာပတ်သင့်ခဲ့လျှင် အဲဒီအာပတ်ကို ကုစားတယ်၊ မြတ်စွာဘုရား အထံတော်မှာဖြစ်စေ၊ ပညာရှိသီတင်းသုံးဖော်တို့အထံမှာဖြစ်စေ လျှင်မြန်စွာ လျှောက်ထားဖော်ပြတယ်၊ နောင်အာပတ်မသင့်အောင် စောင့်စည်းတယ်။ ရဟန်းတို့ . . ဒါဟာ သောတာပန်ပုဂ္ဂိုလ်ရဲ့ ဓမ္မတာသဘော ဖြစ်တယ်။ ရဟန်းတို့ . . ဘုရားသားတော်ဟာ "သောတာပန်ပုဂ္ဂိုလ်ရဲ့ အဲဒီဓမ္မတာသဘောနှင့် ငါ ပြည့်စုံရဲ့လား" လို့ စဉ်းစားဆင်ခြင်တဲ့အခါ "ပြည့်စုံတယ်" ဆိုတဲ့ အသိဉာဏ် ရလာတယ်။

အဲဒီဘုရားသားတော် အဲဒီလို စတုတ္ထမြောက် ရလာတဲ့ အသိဉာဏ်ဟာ အရိယာပုဂ္ဂိုလ်တို့မှာသာ ဖြစ်တဲ့ အသိဉာဏ် ဖြစ်တယ်။ ပုထုဇဉ်တို့နှင့် မသက်ဆိုင်တဲ့ အသိဉာဏ် ဖြစ်တယ်။

၄၉၇။ ရဟန်းတို့ . . နောက်တစ်မျိုးကတော့- ဥပမာအားဖြင့် သားငယ်နွားကလေးရှိတဲ့ နွားမကြီးဟာ မြက်ကို ဆွဲစားရင်း နွားကလေးကိုလည်း စောင်းငဲ့ကြည့်ကာ ကြည့်ရှုစောင့်ရှောက်သကဲ့သို့ သောတာပန်ပုဂ္ဂိုလ်ဟာ သီတင်းသုံးဖော်တို့ရဲ့ ကိစ္စကြီးငယ်ကို ကြောင့်ကြစိုက်ရင်း မိမိရဲ့ မြင့်မြတ်တဲ့ သီလသမာဓိပညာ သိက္ခာသုံးပါးကိုလည်း အလွန်ငဲ့ကွက်လေ့ရှိတယ်။ ရဟန်းတို့ . . ဒါဟာ သောတာပန်ပုဂ္ဂိုလ်ရဲ့ ဓမ္မတာသဘော ဖြစ်တယ်။ ရဟန်းတို့ . . ဘုရားသားတော်ဟာ "သောတာပန်ပုဂ္ဂိုလ်ရဲ့ အဲဒီဓမ္မတာသဘောနှင့် ငါ ပြည့်စုံရဲ့လား"လို့ စဉ်းစားဆင်ခြင်တဲ့အခါ "ပြည့်စုံတယ်" ဆိုတဲ့ အသိဉာဏ် ရလာတယ်။ အဲဒီဘုရားသားတော် အဲဒီလို ပဉ္စမမြောက် ရလာတဲ့ အသိဉာဏ်ဟာ အရိယာပုဂ္ဂိုလ်တို့မှာသာ ဖြစ်တဲ့ အသိဉာဏ် ဖြစ်တယ်။ ပုထုဇဉ်တို့နှင့် မသက်ဆိုင်တဲ့ အသိဉာဏ် ဖြစ်တယ်။

၄၉၈။ ရဟန်းတို့ . . နောက်တစ်မျိုးကတော့ - တရားတော်ကို ဟောကြားတော်မူသောအခါ လိုလိုလားလား အလေးအနက် နှလုံးသွင်းပြီး စိတ်အားထက်သန်စွာ နားစိုက်

ထောင်လျက် တရားတော်ကို နာကြားခြင်းဟာ သောတာပန် ပုဂ္ဂိုလ်ရဲ့ စွမ်းအားတစ်ခု ဖြစ်တယ်။ ရဟန်းတို့. . . ဘုရားသား တော်ဟာ "သောတာပန်ပုဂ္ဂိုလ်မှာရှိတဲ့ အဲဒီစွမ်းအား ငါ့မှာ ရှိရဲ့လား"လို့ စဉ်းစားဆင်ခြင်တဲ့အခါ "ရှိတယ်"ဆိုတဲ့ အသိဉာဏ် ရလာတယ်။ အဲဒီဘုရားသားတော် အဲဒီလို ဆဋ္ဌမြောက် ရလာတဲ့ အသိဉာဏ်ဟာ အရိယာပုဂ္ဂိုလ်တို့မှာသာ ဖြစ်တဲ့ အသိဉာဏ် ဖြစ်တယ်။ ပုထုဇဉ်တို့နှင့် မသက်ဆိုင်တဲ့ အသိဉာဏ် ဖြစ်တယ်။

၄၉၉။ ရဟန်းတို့. . . နောက်တစ်မျိုးကတော့- တရားတော်ကို ဟောကြားတော်မူသောအခါ တရားတော်ကို နာရလို့ တရားတော်နှင့်စပ်တဲ့ ဝမ်းမြောက်မှုကို ရခြင်းဟာ သောတာပန်ပုဂ္ဂိုလ်ရဲ့ စွမ်းအားတစ်ခု ဖြစ်တယ်။ ရဟန်းတို့ ဘုရားသားတော်ဟာ "သောတာပန်ပုဂ္ဂိုလ်မှာရှိတဲ့ အဲဒီစွမ်းအား ငါ့မှာ ရှိရဲ့လား"လို့ စဉ်းစားဆင်ခြင်တဲ့အခါ "ရှိတယ်"ဆိုတဲ့ အသိဉာဏ်ရလာတယ်။ အဲဒီဘုရားသားတော် အဲဒီလို သတ္တမမြောက် ရလာတဲ့ အသိဉာဏ်ဟာ အရိယာပုဂ္ဂိုလ်တို့မှာသာ ဖြစ်တဲ့ အသိဉာဏ် ဖြစ်တယ်။ ပုထုဇဉ်တို့နှင့် မသက်ဆိုင်တဲ့ အသိဉာဏ် ဖြစ်တယ်။

၅၀၀။ ရဟန်းတို့. . . အဲဒီအင်္ဂါခုနစ်ပါးနှင့် ပြည့်စုံတဲ့ ဘုရားသားတော်ဟာ သောတာပန်ပုဂ္ဂိုလ် ဖြစ်တယ်။

အဲဒီလို ဟောကြားတော်မူတဲ့ မြတ်စွာဘုရားရဲ့ တရားတော်ကို အဲဒီရဟန်းများ နှစ်သက်သဘောကျကာ ဝမ်းမြောက်ဝမ်းသာ သာဓုခေါ် ဆိုခဲ့ကြပါတယ်။

**ကောသမ္ဗိယသုတ် ပြီးပြီ။**

## ၉-ဗြဟ္မနိမန္တနိကသုတ်

၅၀၁။ အခါတစ်ပါးမှာ သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်မှာ မြတ်စွာဘုရား သီတင်းသုံးနေတော်မူပါတယ်။ အဲဒီအခါမှာ မြတ်စွာဘုရားက ရဟန်းတို့အား အခုလို မိန့်ကြားတော်မူခဲ့ပါတယ်-

ရဟန်းတို့. . . ငါဘုရားဟာ တစ်ခါတုန်းက ဥက္ကဋ္ဌာမြို့ သုဘဂတော အင်ကြင်းပင်မင်းအောက်မှာ သီတင်းသုံးနေတော်မူခဲ့တယ်။ ရဟန်းတို့. . . အဲဒီအခါမှာ ဗကဗြဟ္မာအား "ဒီဗြဟ္မာလောကဟာ မြဲတယ်၊ ခိုင်ခံ့တယ်၊ ထာဝရတည်တယ်။ ဒီဗြဟ္မာလောကထက် သာလွန်တဲ့ အခြားထွက်မြောက်ရာ (နိဗ္ဗာန်) ဆိုတာ မရှိ" ဆိုတဲ့ မိစ္ဆာအယူ ဖြစ်ပေါ်နေတယ်။ ရဟန်းတို့. . . အဲဒီအခါမှာ ငါဘုရားက ဗကဗြဟ္မာရဲ့ စိတ်အကြံကို သိတော်မူလို့ ဗြဟ္မာ့ပြည်သို့ ကြွတော်မူခဲ့တယ်။ အဲဒီအခါမှာ ဗကဗြဟ္မာက ငါဘုရားကို ခရီးဦးကြိုဆိုပြီး သူ့ရဲ့မိစ္ဆာအယူကို လျှောက်ပြခဲ့တယ်။

ရဟန်းတို့. . . အဲဒီလို ဗကဗြဟ္မာက လျှောက်ပြတဲ့အခါ ငါဘုရားက ဗကဗြဟ္မာအား "ဩော်. . . ဗကဗြဟ္မာ အတော် အသိဉာဏ်နည်းတာပဲ၊ အတော် အသိဉာဏ်နည်းတာပဲ။ မမြဲပါပဲလျက် 'မြဲတယ်'လို့ ပြောရက်တယ်, မခိုင်ခံ့ပါပဲလျက် 'ခိုင်ခံ့တယ်'လို့ ပြောရက်တယ်၊ ထာဝရမတည်ပါပဲလျက် 'ထာဝရတည်တယ်'လို ပြောရက်တယ်၊ အခြား သာလွန်တဲ့ ထွက်မြောက်ရာ

(နိဗ္ဗာန်)ရှိပါလျက် 'အခြား သာလွန်တဲ့ထွက်မြောက်ရာ (နိဗ္ဗာန်) မရှိ' လို့ ပြောရက်တယ်"လို့ အပြစ်တင်တော်မူခဲ့တယ်။

၅၀၂။ ရဟန်းတို့. . . အဲဒီအခါမှာ မာရ်နတ်ယုတ်က အလုပ်အကျွေး ပြဟ္မာတစ်ယောက်ကို ဝင်ပူးကာ "ရဟန်း ရဟန်း. . . ဒီဗကပြဟ္မာကြီးကို မထိခိုက်နှင့်၊ ဒီဗကပြဟ္မာကြီးကို မထိခိုက်နှင့်။ ဒီဗကပြဟ္မာကြီးဟာ အကြီးဆုံး အသာဆုံး ပြဟ္မာကြီး ဖြစ်တယ်၊ ဖန်ဆင်းရှင်ကြီး ဖြစ်တယ်၊ ပြဟ္မာအားလုံးရဲ့ ဖခင်ကြီး ဖြစ်တယ်။ ရဟန်း. . . ပထဝီစသည်နှင့် တကွ ပြဟ္မာကို ကဲ့ရဲ့ခဲ့ကြ၊ စက်ဆုပ်ခဲ့ကြတဲ့ ရဟန်းပုဏ္ဏားများ သင့်ထက်အလျင် ရှေးအခါက လောကမှာ ရှိခဲ့ကြဖူးတယ်။ အဲဒီရဟန်းပုဏ္ဏားများ ကွယ်လွန်တဲ့အခါ ယုတ်ညံ့တဲ့ ဘုံဘဝမှာ ဖြစ်ခဲ့ကြတယ်။ ပထဝီစသည်နှင့်တကွ ပြဟ္မာကို ချီးမွမ်းကြ၊ ပြဟ္မာကို နှစ်သက်ကြတဲ့ ရဟန်းပုဏ္ဏားများ သင့်ထက်အလျင် ရှေးအခါက လောကမှာ ရှိခဲ့ကြဖူးတယ်။ အဲဒီရဟန်းပုဏ္ဏားများ ကွယ်လွန်တဲ့အခါ မြင့်မြတ်တဲ့ဘုံဘဝမှာ ဖြစ်ခဲ့ကြတယ်။ ရဟန်း. . . သင်ဟာ ပြဟ္မာကြီးပြောတဲ့ စကား ကိုသာ လိုက်နာပါ၊ ပြဟ္မာကြီးရဲ့ စကားကို မလွန်ဆန်ပါနှင့်၊ ပြဟ္မာကြီးရဲ့စကားကို သင်အကယ်၍ လွန်ဆန်ခဲ့လျှင် မိမိ ထံမှောက်သို့ ရောက်လာတဲ့ကျက်သရေကို တုတ်နဲ့ပုတ်ထုတ်တဲ့ လူကဲ့သို့ ဖြစ်လိမ့်မယ်။ ဒါမှမဟုတ် ချောက်ကမ်းပါးထဲသို့ ခြေမကိုင်မိ လက်မကိုင်မိ ကျတဲ့လူကဲ့သို့ ဖြစ်လိမ့်မယ်။ ရဟန်း. . . ပြဟ္မာကြီး ပြောတဲ့စကားကိုသာ သင် လိုက်နာပါ၊ ပြဟ္မာကြီးရဲ့ စကားကို သင်

မလွန်ဆန်ပါနှင့်၊ စုဝေးနေတဲ့ ဗြဟ္မာပရိသတ်ကြီးကို သင် မြင်တယ်မဟုတ်လား”လို့ မေးကာ ငါဘုရားကိုတောင် ဗြဟ္မာရဲ့ ပရိသတ်ဖြစ်အောင် ဆွဲဆောင်ခဲ့တယ်။

ရဟန်းတို့. . . အဲဒီအခါမှာ ငါဘုရားက မာရ်နတ်ယုတ်အား “မာရ်နတ်ယုတ်. . . သင့်ကို ငါ သိတယ်၊ သင့်ကို မသိဘူး- လို့ မထင်နဲ့၊ သင်ဟာ မာရ်နတ်ယုတ် ဖြစ်တယ်။ မာရ်နတ်ယုတ်. . . ဗြဟ္မာ, ဗြဟ္မာ့ပရိသတ်နှင့် ဗြဟ္မာ့အခြွေအရံအားလုံးဟာ သင်ရဲ့ လက်တွင်းသို့ ကျရောက်နေကြတယ်၊ သင်ရဲ့ အလိုသို့ လိုက်နေ ကြရတယ်။ သင်ဟာ ငါ့ကိုလည်း သင်ရဲ့လက်တွင်းသို့ ကျရောက် စေချင်နေတယ်၊ သင်ရဲ့အလိုသို့ လိုက်စေချင်နေတယ်။ ဒါပေမဲ့ ငါကတော့ သင်ရဲ့လက်တွင်းသို့ ဘယ်တော့မှ ကျရောက်မည့်သူ မဟုတ်၊ သင်ရဲ့အလိုသို့ ဘယ်တော့မှ လိုက်မည့်သူ မဟုတ်”လို့ မိန့်တော်မူခဲ့တယ်။

၅၀၃။ ရဟန်းတို့. . . အဲဒီလို ငါဘုရား မိန့်တော်မူတဲ့အခါ ဗကဗြဟ္မာက ငါဘုရားအား အခုလို လျှောက်ထားခဲ့တယ်–

အဆွေတော်. . . ကျွန်ုပ်ဟာ ‘မြဲလို့ မြဲတယ်၊ ခိုင်ခံ့လို့ ခိုင်ခံ့တယ်၊ ထာဝရ တည်တံ့လို့ ထာဝရ တည်တံ့တယ်၊ ဗြဟ္မာ-လောကထက် သာလွန်တဲ့ အခြားထွက်မြောက်ရာ (နိဗ္ဗာန်)မရှိလို့ မရှိဘူး’လို့ ပြောတာပါ။ ရဟန်း. . . သင့်ထက် ရှေးကျတဲ့ ရဟန်းပုဏ္ဏားများ လောကမှာ ရှိခဲ့ကြဖူးတယ်။ အဲဒီရဟန်းပုဏ္ဏားတို့ရဲ့

ကျင့်ကြံမှုဟာ သင်ရဲ့ အသက်တမျှ ကြာပြီ ဖြစ်တယ်။ အဲဒီရဟန်း ပုဏ္ဏားတို့ ဒီထွက်မြောက်ရာကို 'ရှိရင် ရှိတယ်၊ မရှိရင် မရှိဘူး'-လို့ သိနိုင်စရာရှိတယ်။ (ဒါပေမဲ့ သူတို့သည်ပင် မသိခဲ့ကြဘူး။) ရဟန်း. . . အဲဒီထွက်မြောက်ရာကို သင် တွေ့လိမ့်မယ် မဟုတ်ပါ၊ ပင်ပန်းရုံသာ ရှိပါလိမ့်မယ်။ ရဟန်း. . . သင်ဟာ တကယ်လို့ ပထဝီစသည်နှင့် တကွ ဗြဟ္မာကို စွဲလမ်းခဲ့လျှင် သင်ဟာ ငါရဲ့ အနီးနေတပည့်အဆင့်သာ ဖြစ်သွားလိမ့်မယ်။

ဗြဟ္မာ. . . "ငါဟာ တကယ်လို့ ပထဝီစသည်နှင့်တကွ ဗြဟ္မာကို စွဲလမ်းခဲ့လျှင် ငါဟာ သင်ရဲ့အနီးနေ တပည့်အဆင့်သာ ဖြစ်သွားလိမ့်မယ်" ဆိုတာကို ငါလည်း သိဘယ်။ ဒါတွင်မက "ဗကဗြဟ္မာဟာ အလွန် တန်ခိုးကြီးတယ်၊ အလွန် အာနုဘော် ကြီးတယ်၊ အလွန် အခြွေအရံများတယ်"လို့လည်း ငါဘုရား သိတော်မူတယ်။

အဆွေတော်. . . သင် ဘယ်လို သိသလဲ?

ဗြဟ္မာ. . . လနေတို့ ထွန်းလင်းတောက်ပလျက်
လှည့်လည်ရာ လောကဓာတ် (စကြဝဠာ) ဟာ တစ်ထောင်
ရှိတယ်။ အဲဒီလောကဓာတ်တစ်ထောင် နှံ့အောင်
သင်ရဲ့ အာဏာဟာ ပျံ့နှံ့တယ်။
အဲဒီ လောကဓာတ်တစ်ထောင်အတွင်းမှာ မြင့်မြတ်တဲ့
သတ္တဝါနှင့် ယုတ်ညံ့တဲ့သတ္တဝါတွေကို သင် သိတယ်။

တပ်မက်မှု ရှိသူနှင့် တပ်မက်မှုမရှိသူတို့ကိုလည်း
သင် သိတယ်။ ဒီစကြဝဠာနှင့် ကျန်တဲ့စကြဝဠာ
တို့ကိုလည်း သင် သိတယ်။ သတ္တဝါတွေရဲ့
ပဋိသန္ဓေနေခြင်းနှင့် စုတေခြင်းတို့ကိုလည်း
သင် သိတယ်။

ဗြဟ္မာ. . . "သင်ဟာ အဲဒီလို တန်ခိုးကြီးတယ်၊ အဲဒီလို အာနုဘော်ကြီးတယ်၊ အဲဒီလို အခြွေအရံ များတယ်"လို့ ငါဘုရား သိတော်မူတယ်။

၅၀၄။ ဗြဟ္မာ. . . တခြား ဘုံဘဝလည်း ရှိသေးတယ်၊ အဲဒီဘုံဘဝကိုတော့ သင် မသိ၊ သင် မမြင်။ ငါဘုရားကား အဲဒီ ဘုံဘဝကိုလည်း သိတော်မြင်တော်မူတယ်။ ဗြဟ္မာ. . . အာဘ-ဿရဆိုတဲ့ ဘုံဘဝတစ်ခု ရှိသေးတယ်။ သင်ဟာ အဲဒီအာဘဿရ ဘုံဘဝမှ စုတေခဲ့ကာ ဒီပထမဈာန်ဘုံမှာ ဖြစ်ခဲ့တယ်။ ဒါပေမဲ့ အလွန်ကြာပြီဖြစ်တဲ့အတွက် သင် မေ့သွားခဲ့ပြီ။ ဒါ့ကြောင့် သင်ဟာ အဲဒီအာဘဿရဘုံကို မသိတော့ မမြင်တော့၊ ငါဘုရားကား အဲဒီအာဘဿရဘုံကို ကောင်းကောင်းကြီး သိတော်မြင်တော် မူတယ်။ အဲဒီလို သိမြင်တော်မူတဲ့အတွက် ငါဘုရားဟာ သင်ဗြဟ္မာနှင့် အသိဉာဏ်အားဖြင့် တန်းတူမဟုတ်၊ ဘယ်မှာ သင့်ထက် နိမ့်ပါမလဲ၊ တကယ်တော့ ငါဘုရားဟာ အသိဉာဏ် အားဖြင့် သင့်ထက်အများကြီး သာတော်မူတယ်။ ဗြဟ္မာ

သုဘကိဏှပြဟ္မာ့ဘုံ၊ ဝေဟပ္ဖိုလ်ပြဟ္မာ့ဘုံနှင့် အဘိဘူပြဟ္မာ့ဘုံ တို့လည်း ရှိကြသေးတယ်။ အဲဒီဘုံများကိုလည်း သင်မသိ မမြင်၊ ငါဘုရားကား သိမြင်တော်မူတယ်။ အဲဒီလို သိမြင်တော်မူတဲ့ အတွက်ကြောင့်လည်း ငါဘုရားဟာ သင်ပြဟ္မာနှင့် အသိဉာဏ် အားဖြင့် တန်းတူ မဟုတ်၊ ဘယ်မှာ သင့်ထက်နိမ့်ပါ့မလဲ၊ တကယ်တော့ ငါဘုရားဟာ အသိဉာဏ်အားဖြင့် သင့်ထက် အများကြီး သာတော်မူတယ်။

ပြဟ္မာ. . . ငါဘုရားဟာ ပထဝီကို ပထဝီလို့ သိတော်မူတယ်၊ ပထဝီဓာတ် မရောက်မမီနိုင်တဲ့ နိဗ္ဗာန်ကိုလည်း သိတော်မူတယ်။ ဒါ့ကြောင့် ပထဝီဓာတ်ကို စွဲလမ်းတော်မမူ။ ထို့အတူ အလုံးစုံကို အလုံးစုံ- လို့ သိတော်မူတယ်၊ အလုံးစုံသောသဘော မရောက် မမီတဲ့ နိဗ္ဗာန်ကိုလည်း သိတော်မူတယ်။ ဒါ့ကြောင့်အလုံးစုံကို စွဲလမ်းတော်မမူ။ ဒါ့ကြောင့်လည်း ငါဘုရားဟာ သင်ပြဟ္မာနှင့် အသိဉာဏ်အားဖြင့် တန်းတူမဟုတ်၊ ဘယ်မှာ သင့်ထက်နိမ့်ပါ့မလဲ၊ တကယ်တော့ ငါဘုရားဟာ အသိဉာဏ်အားဖြင့် သင့်ထက် အများကြီး သာတော်မူတယ်။

အဆွေတော်. . . အလုံးစုံသောသဘော မရောက်မမီရာကို သင် သိတယ်ဆိုလျှင် သင်ရဲ့စကားဟာ အချည်းနှီး ဖြစ်သွား လိမ့်မယ်။ သင်ရဲ့ စကား အချည်းနှီးမဖြစ်ပါစေလင့်။

ပြဟ္မာ. . . နိဗ္ဗာန်ဟာ ထူးသောဉာဏ်နဲ့သာ သိရမယ့် တရား ဖြစ်တယ်၊ မျက်စိနဲ့မြင်ကောင်းတဲ့ တရားမဟုတ်၊ နိဗ္ဗာန်မှာ ဖြစ်ခြင်း

ပျက်ခြင်းဆိုတဲ့ အစွန်းမရှိ နိဗ္ဗာန်ဟာ တရားအားလုံးထက် ထွန်းလင်း တောက်ပတဲ့တရား ဖြစ်တယ်။ အဲဒီနိဗ္ဗာန်ကို ပထဝီဓာတ်ဟာ မရောက်မမှီနိုင်၊ အလုံးစုံသော သဘောဟာ မရောက်မမှီနိုင်။

အဆွေတော်. . . သင့်အား ကျွန်ုပ် ယခု ပုံးကွယ်လိုက်မယ်။

ဗြဟ္မာ. . . သင် စွမ်းနိုင်ရင် ပုံးကွယ်ပါ။

ရဟန်းတို့. . . အဲဒီအခါမှာ ဗကဗြဟ္မာဟာ "ရဟန်း ဂေါတမအား ပုံးကွယ်လိုက်မယ်၊ ရဟန်းဂေါတမအား ပုံးကွယ် လိုက်မယ်"လို့ ပြောကာ တကယ်တော့ ငါဘုရားအား မပုံးကွယ် နိုင်ခဲ့။

ရဟန်းတို့. . . အဲဒီအခါမှာ ငါဘုရားက ဗကဗြဟ္မာအား အခုလို မိန့်ကြားတော်မူခဲ့တယ်–

ဗြဟ္မာ. . . သင့်အား ငါဘုရား ယခု ပုံးကွယ်တော်မူမယ်။

အဆွေတော်. . . အဆွေတော် စွမ်းနိုင်လျှင် ပုံးကွယ်ပါ။

ရဟန်းတို့. . . အဲဒီအခါမှာ ငါဘုရားက ဗကဗြဟ္မာ၊ ဗကဗြဟ္မာ့ပရိသတ်နှင့် ဗကဗြဟ္မာ့ အခြွေအရံတို့ ငါဘုရားရဲ့ အသံတော်ကိုသာ ကြားပြီး ငါဘုရားကို မမြင်စေရန် တန်ခိုး ဖန်ဆင်းခြင်းကို ပြုတော်မူခဲ့တယ်။

ရဟန်းတို့. . . ငါဘုရားဟာ ကွယ်ပျောက်တော်မူလျက် ဒီဂါထာကို ဟောကြားတော်မူခဲ့တယ်–

“ငါဘုရားဟာ ဘဝအပေါ်မှာ ဘေးအန္တရာယ်ကို
လည်း တွေ့မြင်တော်မူတယ်၊ ဘဝကင်းရာကို
ရှာမှီးသူတို့ရဲ့ ထပ်ကာ ထပ်ကာဖြစ်တဲ့ ဘဝကိုပင်
တွေ့မြင်တော်မူတယ်။ ဒါ့ကြောင့် ငါဘုရားဟာ
ဘယ်ဘဝကိုမျှ ရှာမှီးတော်မမူတော့၊ ဘဝတဏှာ
ကိုလည်း လက်ခံတော်မမူတော့။”

ရဟန်းတို့. . . အဲဒီအခါမှာ ဗကဗြဟ္မာ၊ ဗကဗြဟ္မာရဲ့ ပရိသတ်နှင့် ဗကဗြဟ္မာရဲ့အခြွေအရံတို့ဟာ အခုလို တအံ့တဩ ဖြစ်ခဲ့ကြတယ်–

“အော်. . . ရဟန်းဂေါတမရဲ့ တန်ခိုးအာနုဘော်ကြီးပုံဟာ အံ့သြဖွယ်ကောင်းလိုက်တာ၊ ထူးခြားလိုက်တာ။ ရဟန်းဂေါတမ လောက် တန်ခိုးအာနုဘော်ကြီးတဲ့ တခြားရဟန်းပုဏ္ဏားတို့ကို ရှေးအခါက ငါတို့ မတွေ့ဖူး မကြားဖူးခဲ့ကြ။ ရဟန်းဂေါတမဟာ ဘဝမှာ အလွန် ပျော်မွေ့ကြတဲ့ သတ္တဝါတွေရဲ့ဘဝကို အမြစ်ပါ မကျန် နုတ်ပစ်တော်မူခဲ့တယ်။”

၅၀၅။ ရဟန်းတို့. . . အဲဒီအခါမှာ မာရ်နတ်ယုတ်က ဗကဗြဟ္မာရဲ့ အခြွေအရံ တစ်ယောက်ကို ဝင်ပူးကာ ငါဘုရားအား အခုလို လျှောက်ထားခဲ့တယ်–

“အဆွေတော်. . . သင်ကိုယ်တိုင် အဲဒီလို သိခဲ့လျှင် သင်ရဲ့ တပည့်ဒကာဒကာမများနှင့် တပည့်ရဟန်းများအထံသို့

မပို့ဆောင်ပါလင့်။ သင်ရဲ့ တပည့်ဒကာ ဒကာမများနှင့် တပည့်ရဟန်းများအား တရားမဟောကြားပါလင့်။ တပည့်ဒကာဒကာမများနှင့် တပည့်ရဟန်းများအပေါ်မှာ တပ်မက်မှုကို မပြုပါလင့်။ ရဟန်း. . . 'ငါတို့ဟာ ရဟန္တာပါ၊ ငါတို့ဟာ ဘုရားပါ' လို့ ဝန်ခံခဲ့ကြတဲ့ သင့်ထက်ရှေးကျတဲ့ ရဟန်းပုဏ္ဏားများ လောကမှာ ရှိခဲ့ဖူးပါတယ်။ အဲဒီရဟန်းပုဏ္ဏားများဟာ သူတို့ရဲ့ တပည့်ဒကာဒကာမများနှင့် တပည့် ရဟန်းများအထံသို့ တရားကို ပို့ဆောင်ခဲ့ကြတယ်။ သူတို့ရဲ့ တပည့်ဒကာဒကာမများနှင့် တပည့်ရဟန်းများအား တရားဟောခဲ့ကြတယ်။ ဒါ့ကြောင့် သူတို့ကွယ်လွန်တဲ့အခါ ယုတ်ညံ့တဲ့ ဘုံဘဝမှာ ဖြစ်ခဲ့ကြတယ်။ 'ငါတို့ဟာ ရဟန္တာပါ၊ ငါတို့ဟာ ဘုရားပါ' လို့ ဝန်ခံခဲ့ကြတဲ့ တခြား ရဟန်းပုဏ္ဏားများ ကတော့ သူတို့ရဲ့ တပည့်ဒကာဒကာမများနှင့် တပည့်ရဟန်းများ အထံသို့ တရားကို မပို့ဆောင်ခဲ့ကြ။ သူတို့ရဲ့ တပည့်ဒကာဒကာမများနှင့် တပည့်ရဟန်းများအား တရား မဟောခဲ့ကြ။ ဒါ့ကြောင့် သူတို့ကွယ်လွန်တဲ့အခါ မြင့်မြတ်တဲ့ ဘုံဘဝမှာ ဖြစ်ခဲ့ကြတယ်။ အဆွေတော်. . . တရားမဟောဘဲ ကြောင့်ကြမဲ့သာ အေးချမ်းစွာ နေပါ၊ ချမ်းသာစွာသာ နေပါ။ တရားမဟောဘဲ နေတာသာ ကောင်းပါတယ်၊ သူတစ်ပါးကို မဆုံးမပါလင့်။"

ရဟန်းတို့. . . အဲဒီအခါမှာ ငါဘုရားက မာရ်နတ်ယုတ်အား အခုလို မိန့်ကြားတော်မူခဲ့တယ်။

"မာရ်နတ်ယုတ်. . . သင့်ကို ငါဘုရား သိတော်မူတယ်။ သင့်ကို မသိ-လို့ မမှတ်ထင်လင့်။ သင်ဟာ မာရ်နတ်ယုတ် ဖြစ်တယ်။ သင်ဟာ ငါရဲ့ ကောင်းကျိုးလိုလို့ ဒီလို ပြောတာမဟုတ်၊ ငါရဲ့ ဆိုးကျိုးလိုလို့သာ ဒီလို ပြောတာ ဖြစ်တယ်။ 'ရဟန်းဂေါတမ ဟောပြမည့်တရားကို နာယူကြသူတို့ဟာ ငါရဲ့ အာဏာကို လွန်ဆန်ကြလိမ့်မယ်' ဆိုတဲ့ အကြံအစည် သင့်မှာ ရှိနေတယ်။ မာရ်နတ်ယုတ်. . . သင်ပြောတဲ့ ရဟန်းပုဏ္ဏားတို့ဟာ ဘုရား မဟုတ်ဘဲ ဘုရား-လို့ ဝန်ခံခဲ့ကြတယ်။ ငါဘုရားကတော့ ဘုရားအစစ် ဖြစ်လို့သာ ဘုရား-လို့ ဝန်ခံတော်မူတယ်။ မာရ်နတ်ယုတ်. . . မြတ်စွာ ဘုရားဟာ တပည့်သာဝကတို့အား တရား ဟောတော်မူသည် ဖြစ်စေ၊ ဟောတော်မမူသည် ဖြစ်စေ တပည့်သာဝကတို့အပေါ်မှာ ထားရှိတော်မူတဲ့ သဘောထားဟာ အတူတူသာ ဖြစ်တော်မူတယ်။ မာရ်နတ်ယုတ်. . . အဲဒါ ဘာကြောင့်လဲဆိုတော့- မြတ်စွာ ဘုရားဟာ စိတ်ကို ညစ်နွမ်း စေတတ်တဲ့ အာသဝေါတရားတွေကို အမြစ်ပြတ် ပယ်ပြီးတော်မူသောကြောင့် ဖြစ်တယ်။

ဒီသုတ္တန်နဲ့ မာရ်နတ်ကို နှုတ်ပိတ်စေခြင်း၊ ဗကဗြဟ္မာကို အမှန်အမှား ခွဲခြားသိစေခြင်းတို့ကြောင့် ဒီသုတ္တန်ရဲ့ အမည်ဟာ ဗြဟ္မနိမန္တနိကသုတ်-လို့ ထင်ရှားခဲ့တယ်။

**ဗြဟ္မနိမန္တနိကသုတ် ပြီးပြီ။**

❊ ❊ ❊

## ၁၀–မာရတဇ္ဇနီယသုတ်

၅၀၆။ အခါတစ်ပါးမှာ ဘဂ္ဂတိုင်း သုသုမာရဂိရမြို့ ဘေသကဠာခေါ်တဲ့ သမင်တောမှာ အရှင်မဟာမောဂ္ဂလာန်မထေရ် သီတင်းသုံးနေတော်မူပါတယ်။ အဲဒီအခါမှာ အရှင်မဟာ မောဂ္ဂလာန်မထေရ်ဟာ လွင်တီးခေါင်မှာ စင်္ကြံလျှောက်နေတော် မူပါတယ်။ အဲဒီအခါမှာ မာရ်နတ်ယုတ်ဟာ အရှင်မဟာ မောဂ္ဂလာန်မထေရ်ရဲ့ ဝမ်းဗိုက်ထဲက အူထဲသို့ ဝင်နေပါတယ်။ အဲဒီအခါမှာ အရှင်မဟာမောဂ္ဂလာန်မထေရ်ဟာ "ငါ့ရဲ့ဗိုက်ဟာ လေးသလိုလိုပဲ၊ ပဲဆွမ်းစားမိလို့ ဖောင်းနေတာများလား" လို့ တွေးတောနေပါတယ်။ အဲဒီနောက်တော့ မထေရ်ဟာ စင်္ကြံမှ ဆင်းပြီး ကျောင်းထဲသို့ ဝင်ကာ အသင့်ခင်းထားပြီးသား တစ်နေရာမှာ ထိုင်တော်မူပါတယ်။ ထိုင်တော်မူပြီး မိမိကိုယ်ကို စဉ်းစားဆင်ခြင်တော်မူတဲ့အခါ မိမိအူထဲ ဝင်နေတဲ့ မာရ်နတ်ယုတ်ကို တွေ့တော်မူပါတယ်။ အဲဒီအခါမှာ မထေရ်က မာရ်နတ်ယုတ်အား "မာရ်နတ်ယုတ်. . . ထွက်ထွက်၊ မြတ်စွာဘုရားကို မညှဉ်းဆဲလင့်၊ သင့်အား ကြာမြင့်စွာ မကြီးပွားကြောင်း ဆင်းရဲကြောင်း မဖြစ်စေလင့်" လို့ မိန့်ကြားတော်မူပါတယ်။ အဲဒီအခါမှာ မာရ်နတ်ယုတ်က "ဒီရဟန်းဟာ ငါ့ကို မသိမမြင်ဘဲ ဒီလို ပြောတာ ဖြစ်ရမယ်။ ဘာလို့လဲဆိုတော့- သူ့ရဲ့ဆရာ ဘုရားတောင်မှ ငါ့ကို လျှင်မြန်စွာ မသိနိုင်ဘူး။ ဒီရဟန်းဟာ ငါ့ကို ဘယ်မှာ လျှင်မြန်စွာ

သိနိုင်လိမ့်မလဲ" လို့ စဉ်းစားခဲ့ပါတယ်။ အဲဒီအခါမှာ မထေရ်က မာရ်နတ်ယုတ် အား "မာရ်နတ်ယုတ်. . . သင့်ကို ငါ သိတယ်။ သင် ဒီလို ဒီလို စဉ်းစားနေတယ် မဟုတ်လား"လို့ မိန့်တော်မူပါတယ်။ အဲဒီအခါကျမှ မာရ်နတ်ယုတ်ဟာ "ဒီရဟန်းဟာ ငါ့ကို တကယ်သိ တကယ်မြင်လို့ ဒီလိုပြောတာပဲ"လို့ တွေးပြီး မထေရ်ရဲ့ခံတွင်းမှ ထွက်ကာ တံခါးရွက်ရဲ့ အပြင်ဘက်မှာ ရပ်တည်နေခဲ့တယ်။

၅၀၇။ အဲဒီအခါမှာ အရှင်မဟာမောဂ္ဂလာန်မထေရ်က မာရ်နတ်ယုတ်အား အခုလို မိန့်ကြားတော်မူခဲ့ပါတယ်-

မာရ်နတ်ယုတ်. . . ရှေးအခါက ငါဟာ ဒူသီဆိုတဲ့ မာရ်နတ် ဖြစ်ခဲ့ဖူးတယ်။ အဲဒီအခါက ငါရဲ့နှမက ကာဠီ ဖြစ်တယ်။ သင်ဟာ ကာဠီရဲ့သား ဖြစ်ခဲ့တယ်။ ဒါ့ကြောင့် သင်ဟာ ငါ့ရဲ့တူ ဖြစ်ခဲ့ဖူးတယ်။ မာရ်နတ်ယုတ်. . . အဲဒီအချိန်ဟာ ကကုသန်မြတ်စွာဘုရား လောကမှာ ပွင့်တော်မူနေချိန် ဖြစ်တယ်။ ကကုသန်မြတ်စွာဘုရားရဲ့ အဂ္ဂသာဝကနှစ်ပါးဟာ ဝိဓုရနှင့် သဉ္ဇီဝတို့ဖြစ်တယ်။ မာရ်နတ်ယုတ်. . . ကကုသန်မြတ်စွာဘုရားရဲ့ ရှိသမျှ တပည့် သာဝကတွေထဲမှာ တရားဟောနိုင်တဲ့အရာမှာ အရှင်ဝိဓုရနှင့် တူမျှသူ တစ်ပါးမျှ မရှိခဲ့ဘူး၊ ဒါ့ကြောင့် အရှင်ဝိဓုရရဲ့ ဘွဲ့တော်ဟာ "ဝိဓုရ-အတူမရှိသူ"လို့ ထင်ရှားခဲ့တယ်။

မာရ်နတ်ယုတ်. . . အရှင်သဉ္ဇီဝဟာ တောအုပ်သို့ ရောက်တဲ့အခါမှာ ဖြစ်စေ၊ သစ်ပင်ရင်းသို့ ရောက်တဲ့အခါမှာ ဖြစ်စေ၊

ဆိတ်ငြိမ်ရာ တစ်နေရာရာသို့ ရောက်တဲ့အခါမှာဖြစ်စေ နိရောဓသမာပတ်ကို အခက်အခဲမရှိ ဝင်စားတော်မူနိုင်တယ်။ မာရ်နတ်ယုတ်. . . ရှေးအခါက အရှင်သဉ္ဇီဝဟာ သစ်ပင်တစ်ပင်အောက်မှာ နိရောဓသမာပတ် ဝင်စားလျက် ထိုင်နေတော်မူခဲ့တယ်။ မာရ်နတ်ယုတ်. . . အဲဒီအခါမှာ နွားကျောင်းသားများဟာ အရှင်သဉ္ဇီဝကို တွေ့မြင်ပြီး "ထိုင်လျက် ပျံတော်မူနေတယ်-" လို့ ထင်ခဲ့ကြတယ်။ ဒါနဲ့ သူတို့ဟာ မြက်, ထင်းနှင့် နွားချေးခြောက်တို့ကို စုပုံကာ အရှင်သဉ္ဇီဝရဲ့ ကိုယ်ပေါ်မှာတင်ပြီး မီးရှို့သွားကြတယ်။ မာရ်နတ်ယုတ်. . . အရှင်သဉ္ဇီဝဟာ နောက်တစ်နေ့ မနက်ရောက်တော့ နိရောဓသမာပတ်မှ ထတော်မူကာ ရွာထဲသို့ ဆွမ်းခံကြွတော်မူခဲ့တယ်။ နွားကျောင်းသားများဟာ အရှင်သဉ္ဇီဝ ဆွမ်းခံကြွနေတာကို မြင်ကြတော့ "ဒီရဟန်းဟာ မနေ့က ထိုင်လျက် ပျံတော်မူနေခဲ့တယ်၊ သူဟာ အခုအသက်ပြန်ရှင်လာပါတကား"လို့ အံ့ဩတုန်လှုပ်ခဲ့ကြတယ်။ မာရ်နတ်ယုတ်. . . ဒါ့ကြောင့် အရှင်သဉ္ဇီဝရဲ့ဘွဲ့တော်ဟာ "သဉ္ဇီဝ- ဖိုးသက်ပြန်"လို့ ထင်ရှားခဲ့တယ်။

၅၀၈။ မာရ်နတ်ယုတ်. . . အဲဒီအခါမှာ ဒူသီမာရ်နတ်က ပုဏ္ဏားသူကြွယ်တို့ကို ပူးဝင်ကာ သီလရှိတဲ့ ရဟန်းကောင်းတို့ကို ဆဲရေးရေရွတ်ကြိမ်းမောင်းရန် ပြောကြားခဲ့တယ်။ ဒူသီမာရ်နတ်ရဲ့ ရည်ရွယ်ချက်က ရဟန်းကောင်းတို့ စိတ်ထိခိုက်ခဲ့လျှင် သူ အခွင့်သာရန် ဖြစ်တယ်။ မာရ်နတ်ယုတ်. . . အဲဒီအခါမှာ

ပုဏ္ဏားသူကြွယ်များဟာ ဒူသီမာရ်နတ်ရဲ့ ပူးဝင်မှုကိုခံရပြီး သီလရှိတဲ့ ရဟန်းကောင်းတို့ကို ဆဲရေးရေရွတ် ကြိမ်းမောင်းခဲ့ကြတယ်။ မာရ်နတ်ယုတ်. . . အဲဒီအခါက လူများ ကွယ်လွန်ကြတဲ့အခါ များသောအားဖြင့် ငရဲသို့ ကျရောက်ခဲ့ကြတယ်။

၅၀၉။ မာရ်နတ်ယုတ်. . . အဲဒီအခါမှာ ကကုသန် မြတ်စွာဘုရားက ဒူသီမာရ်နတ်ရဲ့ ရည်ရွယ်ချက်ကို သိတော်မူတဲ့ အတွက် ရဟန်းတို့အား အရပ်ဆယ်မျက်နှာသို့ မေတ္တာ, ကရုဏာ, မုဒိတာနှင့် ဥပေက္ခာတရားများ ဖြန့်ပွားနေကြရန် ဩဝါဒ ပေးတော်မူခဲ့တယ်။

မာရ်နတ်ယုတ်. . . အဲဒီအခါမှာ ရဟန်းများဟာ ကကုသန်မြတ်စွာဘုရားရဲ့ ဩဝါဒတော်ကို ဦးထိပ်ပန်ဆင်ပြီး တောအုပ်သို့ ရောက်တဲ့အခါမှာဖြစ်စေ၊ သစ်ပင်ရင်းသို့ ရောက်တဲ့အခါမှာဖြစ်စေ၊ ဆိတ်ငြိမ်ရာ တစ်နေရာရာသို့ ရောက်တဲ့အခါမှာဖြစ်စေ အရပ်ဆယ်မျက်နှာသို့ မေတ္တာ, ကရုဏာ, မုဒိတာနှင့် ဥပေက္ခာတရားများ ဖြန့်ပွားကာ နေထိုင်ခဲ့ကြတယ်။

၅၁၀။ မာရ်နတ်ယုတ်. . . အဲဒီအခါမှာ ဒူသီမာရ်နတ်က ပုဏ္ဏားသူကြွယ်တို့ကို ပူးဝင်ကာ သီလရှိတဲ့ ရဟန်းကောင်းတို့ကို ရိုသေကြ, လေးစားကြ, မြတ်နိုးကြ, ပူဇော်ကြရန် ပြောကြား ခဲ့ပြန်တယ်။ ဒူသီမာရ်နတ်ရဲ့ ရည်ရွယ်ချက်က ရဟန်းကောင်းတို့ အကျင့်ပျက်ခဲ့လျှင် သူ့အခွင့်သာရန် ဖြစ်တယ်။ မာရ်နတ်ယုတ်. . . အဲဒီ

အခါမှာ ပုဏ္ဏားသူကြွယ်များဟာ ဒုသီမာရ်နတ်ရဲ့ ပူးဝင်မှုကို ခံရပြီး သီလရှိတဲ့ ရဟန်းကောင်းတို့ကို ရိုသေကြ၊ လေးစားကြ၊ မြတ်နိုးကြ၊ ပူဇော်ခဲ့ကြတယ်။ မာရ်နတ်ယုတ် . . . အဲဒီအခါက လူများ ကွယ်လွန်ကြတဲ့အခါ များသောအားဖြင့် နတ်ပြည်သို့ ရောက်ခဲ့ကြတယ်။

၅၁၁။ မာရ်နတ်ယုတ် . . . အဲဒီအခါမှာ ကကုသန် မြတ်စွာဘုရားဟာ ဒုသီမာရ်နတ်ရဲ့ ရည်ရွယ်ချက်ကို သိတော်မူတဲ့ အတွက် ရဟန်းတို့ကို အသုဘကမ္မဋ္ဌာန်း စီးဖြန်းကြရန်၊ အာဟာရ၌ စက်ဆုပ်ဖွယ်ဟူသော သညာကို ထားကြရန်၊ တစ်လောကလုံး၌ မွေ့လျော်ဖွယ်မရှိဟူသော သညာကို ထားကြရန်နှင့် သင်္ခါရ အားလုံးရဲ့ မမြဲပုံကို အဖန်ဖန် ရှုမှတ်ကြရန် ဩဝါဒပေးတော် မူခဲ့တယ်။

မာရ်နတ်ယုတ် . . . အဲဒီအခါမှာ ရဟန်းများဟာ ကကုသန်မြတ်စွာဘုရားရဲ့ ဩဝါဒတော်ကို ဦးထိပ်ပန်ဆင်ပြီး တောအုပ်သို့ ရောက်တဲ့အခါမှာဖြစ်စေ၊ သစ်ပင်ရင်းသို့ ရောက်တဲ့အခါမှာဖြစ်စေ၊ ဆိတ်ငြိမ်ရာတစ်နေရာရာသို့ ရောက်တဲ့အခါမှာဖြစ်စေ အသုဘကမ္မဋ္ဌာန်းကို စီးဖြန်းခဲ့ကြတယ်၊ အာဟာရ၌ စက်ဆုပ်ဖွယ်ဟူသော သညာကို ထားခဲ့ကြတယ်၊ တစ်လောကလုံး၌ မွေ့လျော်ဖွယ်မရှိဟူသော သညာကို ထားခဲ့ ကြတယ်၊ သင်္ခါရအားလုံးရဲ့ မမြဲပုံကို အဖန်ဖန် ရှုမှတ် ခဲ့ကြတယ်။

၅၁၂။ မာရ်နတ်ယုတ်. . . အဲဒီအခါက ကကုသန် မြတ်စွာဘုရားဟာ တစ်ခုသော နံနက်ခင်းမှာ အရှင်ဝိဓုရကို နောက်လိုက်ရဟန်းအဖြစ် ထားကာ ရွာတစ်ရွာသို့ ဆွမ်းခံ ကြွတော်မူခဲ့တယ်။ မာရ်နတ်ယုတ်. . . အဲဒီအခါမှာ ဒူသီမာရ်နတ်က ကလေးငယ်တစ်ယောက်ကို ပူးဝင်ကာ အရှင်ဝိဓုရရဲ့ ဦးခေါင်းကို ကျောက်ခဲနဲ့ပစ်လို့ အရှင်ဝိဓုရ ခေါင်းကွဲခဲ့တယ်။ မာရ်နတ်ယုတ်. . . အဲဒီအခါမှာ အရှင်ဝိဓုရဟာ သွေးသံရဲရဲ ဦးခေါင်းကွဲကြီးနဲ့ ကကုသန်မြတ်စွာဘုရားရဲ့ နောက်တော်ပါးမှ တကောက်ကောက်လိုက်တော်မူခဲ့တယ်။ အဲဒီအခါမှာ ကကုသန်မြတ်စွာဘုရားက ဆင်ပြောင်ကြီးပမာ အလွန်ညင်သာစွာ လှည့်ကြည့်တော်မူပြီး "ဒီဒူသီမာရ်နတ်ဟာ အတော် မသိတတ်တာပဲကိုး"လို့ ဆင်ခြင်တော်မူခဲ့တယ်။ မာရ်နတ်ယုတ် . . . ကကုသန်မြတ်စွာဘုရား လှည့်ကြည့်တော် မူသည်နှင့် တစ်ပြိုင်နက် ဒူသီမာရ်နတ်ဟာ နတ်ဘဝမှ စုတေကာ ကြီးစွာသော ငရဲသို့ ကျရောက်ခဲ့တယ်။

မာရ်နတ်ယုတ်. . . အဲဒီငရဲကြီးရဲ့ အမည်ဟာ သုံးမျိုးရှိတယ်၊ သုံးမျိုးဆိုတာက–(၁) ဆဖဿာယတနိက-ဒွါရ ၆-ပါးလုံး ဆင်းရဲရသော ငရဲ၊ (၂) သင်္ကုသမာဟတ-သံတံကျင်ကြီးများ ပေါင်းဆုံကျရောက်ခြင်းခံရရာ ငရဲနှင့် (၃) ပစ္စတ္တဝေဒနိယ- ကိုယ်တိုင်ဆင်းရဲဒုက္ခခံစားရတဲ့ ငရဲ-တို့ ဖြစ်တယ်။ မာရ်နတ်ယုတ်. . . အဲဒီအခါမှာ ငရဲစောင့်များက ငါ့အား "မိတ်ဆွေကြီး. . . သင်ရဲ့

နှလုံးသားမှာ သံတံကျင်ကြီး တစ်ခုနှင့် တစ်ခု ပေါင်းဆုံမိလျှင် သင်ငရဲကျတာ နှစ်ပေါင်းတစ်ထောင်ရှိပြီ မှတ်ပါ” လို့ လာပြောကြတယ်။

မာရ်နတ်ယုတ်. . . ငါဟာ အဲဒီငရဲကြီးမှာ နှစ်ပရိစ္ဆေဒရာပေါင်းများစွာ ထောင်ပေါင်းများစွာ အလောင်အမြိုက်ခံခဲ့ရတယ်။ အဲဒီငရဲကြီးရဲ့ ဥဿဒငရဲ (အရံငရဲ)မှာ အဆုံးသတ်ဝေဒနာကို ခံစားတဲ့အနေနဲ့ နှစ်ပေါင်းတစ်သောင်းကြာအောင် ခံစားခဲ့ရတယ်။ မာရ်နတ်ယုတ်. . . အဲဒီအခါက ငါရဲ့ခန္ဓာကိုယ်ဟာ လူနှင့်တူပြီး ဦးခေါင်းကတော့ ငါးဦးခေါင်းနှင့် တူခဲ့တယ်။

၅၁၃။ – ကကုသန်မြတ်စွာဘုရားနှင့် ဝိဓုရရဟန်းတို့ကို
ပစ်မှားတဲ့အတွက် ဒူသီမာရ်နတ် ကျရောက်
ခဲ့ရတဲ့ ငရဲဟာ ဘယ်လိုငရဲမျိုးလဲဆိုတော့–

– သံတံကျင်ရာပေါင်းများစွာနဲ့ အထိုးခံရပြီး ကျရောက်သူအားလုံး ကိုယ်စီကိုယ်စီ ကိုယ်တွေ့လက်တွေ့ ဒုက္ခခံစားရတဲ့ ငရဲမျိုး ဖြစ်တယ်။

– မာရ်နတ်ယုတ်. . . ဒီအကြောင်းအရာကိုပင် သိနိုင်တဲ့ ဘုရားသားတော် ရဟန်းကို ပြစ်မှားတဲ့အတွက် သင် ဒုက္ခရောက်လိမ့်မယ်။

– မဟာသမုဒ္ဒရာရဲ့ အလယ်မှာ ကမ္ဘာတည်သရွေ့ တည်မယ့် ဗိမာန်များ ရှိကြတယ်။ အဲဒီဗိမာန်

များဟာ ကြောင်မျက်ရွဲအဆင်းရှိကြတယ်၊
အလွှန်နှစ်သက်ဖွယ်ကောင်းကြတယ်၊ ဝင်းဝင်းလက်လက်
အရောင်ထွက်နေကြတယ်။ အဲဒီဗိမာန်တွေပေါ်မှာ
အရောင်အဆင်း အမျိုးမျိုးရှိတဲ့ နတ်သမီးများစွာ
ကခုန်သီဆိုကာ ပျော်မြူးနေကြတယ်။
– မာရိနတ်ယုတ်. . . ဒီအကြောင်းအရာကိုပင် သိနိုင်တဲ့
ဘုရားသားတော် ရဟန်းကို ပြစ်မှားတဲ့အတွက်
သင် ဒုက္ခရောက်လိမ့်မယ်။
– မာရ်နတ်ယုတ်. . . ရဟန်းသံဃာများ
ဝိုင်းကြည့်နေကြစဉ် မြတ်စွာဘုရားရဲ့
စေခိုင်းတော်မူချက်အရ ဝိသာခါ
ကျောင်းအမကြီးရဲ့ ပြာသာဒ်ကို
ခြေမလေးနဲ့ တို့ကာ တုန်လှုပ်ယိမ်းယိုင်အောင်
တန်ခိုးပြနိုင်တဲ့ ဘုရားသားတော်ရဟန်းကို
ပြစ်မှားတဲ့အတွက် သင် ဒုက္ခရောက်လိမ့်မယ်။
– မာရ်နတ်ယုတ်. . . သိကြားမင်းရဲ့ ဝေဇယန္တာ
ပြာသာဒ်ကြီးကိုပင် ခြေမလေးနဲ့တို့ကာ
တုန်လှုပ်စေပြီး နတ်သမီးနတ်သားများ
ထိတ်လန့်သွားအောင် တန်ခိုးပြနိုင်ခဲ့တဲ့

ဘုရားသားတော် ရဟန်းကို ပြစ်မှားတဲ့အတွက်
သင် ဒုက္ခရောက်လိမ့်မယ်။

– မာရ်နတ်ယုတ်. . . ဝေဇယန္တာပြာသာဒ်ပေါ်မှာ
သိကြားမင်းကိုပင် တဏှာကုန်ကြောင်းတရားကို
မေးမြန်းခဲ့တဲ့ ဘုရားသားတော်ရဟန်းကို
ပြစ်မှားတဲ့အတွက် သင် ဒုက္ခရောက်လိမ့်မယ်။

– မာရ်နတ်ယုတ်. . . သုဓမ္မာခန်းမဆောင်ရဲ့အနီးမှာ
ဗြဟ္မာကိုပင် "ရှေးက သင့်မှာရှိခဲ့တဲ့ သဿတဒိဋ္ဌိ
အခုအထိ သင့်မှာ ရှိတုန်းပဲလား? ဗြဟ္မာ့ပြည်
မှာ ဗြဟ္မာတို့ရဲ့ အရောင်အလင်းကို
ကျော်လွှန်လျက် တထိန်ထိန် တောက်ပနေတဲ့
ဘုရားရှင်ရဲ့ရောင်ခြည်တော်ကို သင်
မမြင်ဘူးလား"လို့ မေးမြန်းခဲ့တဲ့ဘုရား
သားတော် ရဟန်းကို ပြစ်မှားတဲ့အတွက်
သင် ဒုက္ခရောက်လိမ့်မယ်။

– မာရ်နတ်ယုတ်. . . မြင့်မိုရ်တောင်နှင့်
ကျွန်းကြီးလေးကျွန်းတို့ကို ဈာန်အဘိညာဉ်နဲ့
တွေ့မြင်နိုင်စွမ်းရှိတဲ့ ဘုရားသားတော် ရဟန်းကို
ပြစ်မှားတဲ့အတွက် သင် ဒုက္ခရောက်လိမ့်မယ်။

– မာရ်နတ်ယုတ်. . . မီးဟာ"လူမိုက်ကို ငါ လောင်မယ်"လို့ မကြံစည်ပါ။ ဒါပေမဲ့ တောက်လောင်နေတဲ့ မီးကို လူမိုက်က သွားထိလျှင်တော့ အဲဒီလူမိုက်ကို မီးက လောင်မြိုက်တော့တယ်။

– မာရ်နတ်ယုတ်. . . ထို့အတူပဲ သင်ဟာ မြတ်စွာဘုရားကို သွားထိတဲ့အတွက်ကြောင့် မီးကိုထိတဲ့ လူမိုက်ကဲ့သို့ သင်ကိုယ်တိုင် ပူလောင်ခံရလိမ့်မယ်။

– မာရ်နတ်ယုတ်. . . သင်ဟာ မြတ်စွာဘုရားကို ပြစ်မှားကာ မကောင်းမှုအကုသိုလ်ကို များစွာ ပြုမိပြီ။ မာရ်နတ်ယုတ်. . . "မကောင်းမှုကို ကြာမြင့်စွာ ပြုထားတဲ့ ငါရဲ့မကောင်းမှုဟာ ငါ့အား အကျိုးပေးလိမ့်မယ်မဟုတ်"လို့ သင် ထင်သလား?

– မာရ်နတ်ယုတ်. . . ဘုရားရှင်ရဲ့ အထံတော်ပါးမှ အခုထွက်သွားပါ။ "ရဟန်းတွေကိုညှဉ်းဆဲအုံးမယ်"လို့ ရဟန်းတွေအပေါ်မှာ အလိုဆိုးကို မထားရှိပါနှင့်။

– အရှင်မဟာမောဂ္ဂလာန်မထေရ်ဟာ ဘေသကဠာတောအုပ်မှာ မာရ်နတ်ကို အဲဒီလို

(၄၇၉)

မာန်မဲကြိမ်းမောင်းတော်မူခဲ့တယ်။ ဒါ့ကြောင့်
မာရ်နတ်ဟာ စိတ်မချမ်းမသာဖြစ်ကာ
ချက်ချင်းပဲ ကွယ်ပျောက်သွားတော့တယ်။

**မာရတဇ္ဇနီယသုတ် ပြီးပြီ။**

**စူဠယမကဝဂ် ပြီးပြီ။**

❈ ❈ ❈

**အနှိုင်းမဲ့ဗုဒ္ဓ၏ အနှိုင်းမဲ့တရားတော်များ**

**မူလပဏ္ဏာသ(၂) ပြီးပြီ။**

**၂၉၊ ၁၀၊ ၂၀၀၆**

## ပါဠိနာမည်များ ရှင်းလင်းချက်

**မူလပဏ္ဏာသ** - မူလ - အစဦးဆုံး၊
ပဏ္ဏာသ - သုတ်ငါးဆယ်။

## ၁ — မူလပရိယာယဝဂ်

**မူလပရိယာယဝဂ်** - မူလပရိယာယ - မူလ ပရိယာယ သုတ်၊ ဝဂ်-အုပ်စု၊ မူလပရိယာယ သုတ်၏ အုပ်စု။

၁။ မူလပရိယာယသုတ် -(မူလ-သီးခြားအကြောင်း၊ ပရိယာယ -ဟောပြခြင်း) သီးခြား အကြောင်းကို ဟောပြသောသုတ်။

၂။ သဗ္ဗာသဝသုတ် -(သဗ္ဗ-အလုံးစုံ၊ အာသဝ- ယိုစီး-တတ်သောသဘောတရား)အာသဝေါ အားလုံး ကုန်ခန်းကြောင်းကို ပြသောသုတ်။

၃။ ဓမ္မဒါယာဒသုတ် -(ဓမ္မ - တရား၊ ဒါယာဒ - အမွေခံ) တရားအမွေခံ ဖြစ်ရန် တိုက်တွန်း-တော်မူသော သုတ်။

၄။ ဘယဘေရဝသုတ် -(ဘယ - ကြောက်စိတ်၊ ဘေရဝ ကြောက်ဖွယ် အာရုံ) ၎င်းနှစ်မျိုးအား လက်ယပ်ခေါ် ပုံကို ပြသောသုတ်။

၅။ အနင်္ဂဏသုတ် -(အနင်္ဂဏ = န + အင်္ဂဏ၊ အင်္ဂဏ - အညစ်အကြေး၊ န - မရှိ) အညစ်အကြေး မရှိသူ စသည်ကို ပြသောသုတ်။

၆။ အာကင်္ခေယျသုတ် -(အာကင်္ခေယျ - အလိုရှိလျှင်) လို, တ, ရ ကြောင်းကို ပြသော သုတ်။

၇။ ဝတ္ထသုတ် -(ဝတ္ထ - အဝတ်အထည်) ဆေးဆိုးမည့် အဝတ်အထည် ဥပမာဖြင့် ပြသော သုတ်။

၈။ သလ္လေခသုတ် -(သလ္လေခ - ခွာခြစ်ခြင်း) အကုသိုလ် ခွာခြစ်နည်း၊ ပယ်နည်းကို ပြသော သုတ်။

၉။ သမ္မာဒိဋ္ဌိသုတ် -(သမ္မာ-မှန်ကန်သော၊ ဒိဋ္ဌိ-အမြင်ရှိသူ) မှန်ကန်သော အမြင်ရှိသူကို ပြသောသုတ်။

၁၀။ မဟာသတိပဋ္ဌာနသုတ် -(မဟာ - ကြီးမားသည်၊ သတိ- သတိ၊ ပဋ္ဌာန-သက်ဝင်၍ တည်ခြင်း၊) သက်ဝင်၍ တည်သော သတိကို ပြသော သုတ်ကြီး။

## ၂ - သီဟနာဒဝဂ်

| | |
|---|---|
| **သီဟနာဒဝဂ်** | - သီဟနာဒသုတ် အုပ်စု။ |
| ၁။ စူဠသီဟနာဒသုတ် | - (စူဠ - သေးငယ်သည်၊ သီဟ - ခြင်္သေ့၊ နာဒ - ဟိန်းသံ) ခြင်္သေ့ ဟိန်းသံ ဟိန်းရန် မိန့်ကြားသော သုတ်ငယ်။ |
| ၂။ မဟာသီဟနာဒသုတ် | -(မဟာ - ကြီးမားသည်၊ သီဟ ခြင်္သေ့၊ နာဒ - ဟိန်းသံ၊) ခြင်္သေ့ ဟိန်းသံ ဟိန်းရန် မိန့်ကြားသော သုတ်ကြီး။ |
| ၃။ မဟာဒုက္ခက္ခန္ဓသုတ် | -(မဟာ - ကြီးမားသည်၊ ဒုက္ခ- ဆင်းရဲ၊ ခန္ဓာ - အစု) ဆင်းရဲ အစုကို ပြသော သုတ်ကြီး။ |
| ၄။ စူဠဒုက္ခက္ခန္ဓသုတ် | -(စူဠ - သေးငယ်သည်) ဆင်းရဲ အစုကို ပြသော သုတ်ငယ်။ |
| ၅။ အနုမာနသုတ် | -(အနုမာန - ချင့်ချိန်ခြင်း) မိမိကို မိမိ ချင့်ချိန်ရန် ဟောပြသော သုတ်။ |
| ၆။ စေတောခိလသုတ် | -(စေတော - စိတ်၊ ခိလ - ဆူး ငြောင့်ခလုတ်၊) စိတ်၏ ဆူး |

ပြောင့်ခလုတ်များကို ပြသော သုတ်။

၇။ ဝနပတ္ထသုတ် -(ဝနပတ္ထ - တောအုပ်၊) နေသင့်/ မနေသင့်သော တောအုပ် စသည်ကို ပြသော သုတ်။

၈။ မဓုပိဏ္ဍိကသုတ် -(မဓုပိဏ္ဍိက - ပျားမုန့်၊) ပျားမုန့်နှင့် တူသောသုတ်။

၉။ ဒွေဓာဝိတက္ကသုတ် -(ဒွေဓာ - နှစ်အုပ်စု၊ ဝိတက္က - ကြံစည်ပုံ၊) ကြံစည်ပုံ နှစ်အုပ်စုကို ပြသောသုတ်။

၁၀။ ဝိတက္ကသဏ္ဌာနသုတ် -(ဝိတက္က - ကြံစည်ပုံ၊ သဏ္ဌာန ရပ်တန့်ကြောင်း) မကောင်းသော ကြံစည်ပုံများ ရပ်တန့်ကြောင်းကို ပြသော သုတ်။

## ၃ – ဩပမ္မဝဂ်

**ဩပမ္မဝဂ်** – ဥပမာဖြင့် ပြသော သုတ်များ အုပ်စု။

၁။ ကကစူပမသုတ် -(ကကစ - လွှ၊ ဥပမ - ဥပမာရှိသည်) လွှ ဥပမာဖြင့် ဟောပြသော သုတ်။

၂။ အလဂဒ္ဒူပမသုတ် -(အလဂဒ္ဒ - မြွေ၊ ဥပမ - ဥပမာ ရှိသည်၊) မြွေဖမ်းပုံ ဥပမာဖြင့် ဟောပြသောသုတ်။

၃။ ဝမ္မိကသုတ် -(ဝမ္မိက - တောင်ပို့) တောင်ပို့ ဥပမာဖြင့် ဟောပြသော သုတ်။

၄။ ရထဝိနီတသုတ် -(ရထ - ရထား, ယာဉ်, လှည်း၊ ဝိနီတ - ယဉ်ကျေးသောမြင်း) မြင်းရထား ဥပမာဖြင့် ဟောပြသောသုတ်။

၅။ နိဝါပသုတ် -(နိဝါပ - စိုက်ပျိုးထားသော မြက်ခင်း) မြက်ခင်းဥပမာဖြင့် ဟောပြသော သုတ်။

၆။ ပါသရာသိသုတ် - (ပါသ- ကျော့ကွင်း၊ ရာသိ- အစု၊ ကာမဂုဏ် ငါးပါးကို ကျော့ကွင်း ဥပမာထား၍ ဟောတော်မူသော သုတ်။

၇။ စူဠ ဟတ္ထိပဒေါပမသုတ် - (စူဠ- သေးငယ်သည်၊ ဟတ္ထိပဒ- ဆင်ခြေရာ၊ ဥပမာ- ဥပမာ။) ဆင်ခြေရာဥပမာဖြင့် ဟောပြတော်မူသော သုတ်။

| | |
|---|---|
| ၈။ မဟာဟတ္ထိပဒေါပမသုတ် | - ဆင်ခြေရာ ဥပမာဖြင့် ဟောပြတော်မူသော သုတ်။ ရှေ့သုတ်ထက်ကြီးသော သုတ်။ |
| ၉။ မဟာသာရောပမသုတ် | - အနှစ်ကို ဥပမာပြုကာ ဟောကြားတော်မူသော သုတ်ကြီး။ |
| ၁၀။ စူဠသာရောပမသုတ် | - အနှစ်ကို ဥပမာပြုကာ ဟောကြား-တော်မူသော သုတ်၊ ရှေ့သုတ်ထက် သေးငယ်သော သုတ်။ |

## ၄-- မဟာယမကဝဂ်

| | |
|---|---|
| **မဟာယမကဝဂ်** | - စုံတွဲ စုံတွဲ ဟောကြားတော်မူသော သုတ်အုပ်စု။ နောက်အုပ်စုထက်ကြီးသော အုပ်စု။ |
| ၁။ စူဠဂေါသိင်္ဂသုတ် | - ဂေါသိင်္ဂ အင်ကြင်းတောမှာ ဟောကြားတော်မူသော သုတ်။ နောက်သုတ်ထက် သေးငယ်သော သုတ်။ |
| ၂။ မဟာဂေါသိင်္ဂသုတ် | - ဂေါသိင်္ဂ အင်ကြင်းတောမှာ ဟောကြားတော်မူသော သုတ်၊ ရှေ့သုတ်ထက် ကြီးသော သုတ်။ |

၃။ မဟာဂေါပါလကသုတ် - နွားကျောင်းသား ဥပမာဖြင့် ဟောကြားတော်မူသော သုတ်။ နောက်သုတ်ထက် ကြီးသော သုတ်။

၄။ စူဠဂေါပါလကသုတ် - နွားကျောင်းသား ဥပမာဖြင့် ဟောကြားတော်မူသော သုတ်။ ရှေ့သုတ်ထက် သေးငယ်သော သုတ်။

၅။ စူဠသစ္စကသုတ် - သစ္စကပရိဗိုဇ်အား ဟောကြားတော်မူသော သုတ်။ နောက်သုတ်ထက် သေးငယ်သော သုတ်။

၆။ မဟာသစ္စကသုတ် - သစ္စကပရိဗိုဇ်ကို ဟောကြားတော်မူသော သုတ်၊ ရှေ့သုတ်ထက် ကြီးသော သုတ်။

၇။ စူဠတဏှာသင်္ခယသုတ် - တဏှာကုန်ကြောင်း တရားများကို ဟောကြားတော်မူသော သုတ်။ နောက်သုတ်ထက် သေးငယ်သော သုတ်။

၈။ မဟာတဏှာသင်္ခယသုတ် - တဏှာကုန်ကြောင်း တရားများကို ဟောကြားတော်မူသော သုတ်။

ရှေ့သုတ်ထက် သေးငယ်သော သုတ်။

၉။ မဟာအဿပုရသုတ် - အဿပုရနိဂုံးမှာ ဟောကြားတော်မူသော သုတ်။ နောက်သုတ်ထက် ကြီးသော သုတ်။

၁၀။ စူဠအဿပုရသုတ် - အဿပုရနိဂုံးမှာ ဟောကြားတော်မူသော သုတ်။ ရှေ့သုတ်ထက် သေးငယ်သော သုတ်။

## ၅ - စူဠယမကဝဂ်

**စူဠယမကဝဂ်** - စုံတွဲစုံတွဲဟောကြားတော်မူသော သုတ်အုပ်စု။ ရှေ့အုပ်စုထက် သေးငယ်သော အုပ်စု။

၁။ သာလေယျကသုတ် - သာလာရွာသူရွာသားများအား ဟောကြားတော်မူသော သုတ်။

၂။ ဝေရဉ္ဇကသုတ် - ဝေရဉ္ဇရွာသူရွာသားများအား ဟောကြားတော်မူသော သုတ်။

၃။ မဟာဝေဒလ္လသုတ် - နှစ်သက်မှုကို ရကာ ရကာ မေးမြန်းအပ်သော သုတ်။ နောက်သုတ်ထက် ကြီးသော သုတ်။

| | |
|---|---|
| ၄။ စူဠဝေဒလ္လသုတ် | - နှစ်သက်မှုကို ရကာ ရကာ မေးမြန်းအပ်သော သုတ်။ ရှေ့သုတ်ထက် သေးငယ်သော သုတ်။ |
| ၅။ စူဠဓမ္မသမာဒါနသုတ် | - တရားဆောက်တည်ပုံကို ဟောကြားတော်မူသော သုတ်။ နောက်သုတ်ထက် သေးငယ်သော သုတ်။ |
| ၆။ မဟာဓမ္မသမာဒါနသုတ် | - တရားဆောက်တည်ပုံကို ဟောကြားတော်မူသော သုတ်။ ရှေ့သုတ်ထက် ကြီးသော သုတ်။ |
| ၇။ ဝီမံသကသုတ် | - စူးစမ်းလေ့လာသော ရဟန်းအကြောင်းကို ဟောကြားတော်မူသော သုတ်။ |
| ၈။ ကောသမ္ဗိယသုတ် | - ကောသမ္ဗီမြို့မှာ သီတင်းသုံးကြသော ရဟန်းများအား ဟောကြားတော်မူသော သုတ်။ |
| ၉။ ဗြဟ္မနိမန္တနိကသုတ် | - ဗကဗြဟ္မာကို အမှန်အမှားခွဲခြားသိစေတော်မူသော သုတ်။ |
| ၁၀။ မာရတဇ္ဇနီယသုတ် | - မာရ်နတ်ကို မာန်မဲကြိမ်းမောင်းတော်မူသော သုတ်။ |

## အရှင်သာသနဝရ ရေးသားထုတ်ဝေပြီး ကျမ်းစာအုပ်များ

၁။ ဗုဒ္ဓဝင်နှင့် ဓမ္မစကြာ (တတိယအကြိမ်) (၂၀၀၉)
၂။ ဗုဒ္ဓ၏ ပုံတော်နှင့် ဂုဏ်တော်များ (၁၉၉၉)
၃။ မိဘမေတ္တာ (ဒုတိယအကြိမ်) (၂၀၀၉)
၄။ ဘဝငြိမ်းချမ်းအောင်နေမယ် (၂၀၀၀)
၅။ အနှိုင်းမဲ့ဗုဒ္ဓ၏ အနှိုင်းမဲ့တရားတော်များ
ဥပရိပဏ္ဏာသ (၁) (တတိယအကြိမ်) (၂၀၁၁)
၆။ အနှိုင်းမဲ့ဗုဒ္ဓ၏ အနှိုင်းမဲ့တရားတော်များ
ဥပရိပဏ္ဏာသ (၂) (တတိယအကြိမ်) (၂၀၁၁)
၇။ ဓမ္မလက်ဆောင် (၂၀၀၁)
၈။ အနှိုင်းမဲ့ဗုဒ္ဓ၏ အနှိုင်းမဲ့တရားတော်များ
မူလပဏ္ဏာသ (၁) (ဒုတိယအကြိမ်) (၂၀၁၁)
၉။ ပိဋက ဝိနိစ္ဆယကထာ (၁) (၂၀၀၇)
၁၀။ စိန်ရတနာ ပါဠိသင်နည်း (ဒုတိယအကြိမ်) (၂၀၁၁)
၁၁။ ပရိတ်တော် အဓိပ္ပာယ် ကြည်ညိုဖွယ် (၂၀၀၈)
၁၂။ ပရိတ်တော် လင်္ကာများ (၂၀၀၈)
၁၃။ ပဋ္ဌာန်းလင်္ကာများ (၂၀၀၈)
၁၄။ သဒ္ဒါ့အုတ်မြစ် (၂၀၀၉)
၁၅။ ဓမ္မပဒအဋ္ဌကထာ နိဿယ (ပထမတွဲ) (၂၀၁၀)

**ဖြန့်ချိရေး**

- သစ္စာမဏ္ဍိုင်စာပေ၊ ရွှေတိဂုံတောင်ဘက်မုခ်
ဖုန်း-၀၁-၃၈၇၁၄၉၊ ၀၉-၅၁၂၅၂၈၅

## ဓမ္မဗိမာန်ထုတ် ကျမ်းစာအုပ်များ

၁။ ဂါထာသုစိ (ဒုတိယအကြိမ်) (၂၀၁၀)
၂။ ဗုဒ္ဓဘာသာအရေး ဓမ္မဒဿန အတွေးအမြင်များ (၂၀၀၃)
၃။ WHAT BUDDHISM HAS TO OFFER THE WORLD (2003)
၄။ နှစ်ကျိပ်ရှစ်ဆူ ဗုဒ္ဓဝင် (၂၀၀၃)
၅။ ဣတိဝုတ်ပါဠိတော် နိဿယသစ် (၂၀၀၃)
၆။ သီလက္ခန် အဋ္ဌကထာ မြန်မာပြန် (၂၀၀၃)
၇။ အဋ္ဌသာလိနီ စည်းမျဉ်းရောင်ခြည် (၂၀၀၃)
၈။ ပိဋကတ်ဝတ္ထုလမ်းညွှန် (၂၀၀၄)
၉။ ဗုဒ္ဓညွှန်ပြ အလှကမ္ဘာ (၂၀၀၄)
၁၀။ မြန်မာနိုင်ငံနှင့် ဗုဒ္ဓသာသနာတော် (၂၀၀၄)
၁၁။ KHANDHA (THE AGGREGATES) AND THEIR NATURE (2005)
၁၂။ ဥဒါန်းပါဠိတော် နိဿယသစ် (၂၀၀၅)
၁၃။ သီလက္ခန်စည်းမျဉ်း အဖြေ (၂၀၀၅)
၁၄။ နေတ္တိအဋ္ဌကထာနိဿယ (ပထမတွဲ) (၂၀၀၅)
၁၅။ ဘာသာဋီကာလမ်းညွှန် (၂၀၀၇)
၁၆။ နေတ္တိအဋ္ဌကထာနိဿယ (ဒုတိယတွဲ) (၂၀၀၇)
၁၇။ သုတ်မဟာဝါအဋ္ဌကထာ မြန်မာပြန် (၂၀၀၉)
၁၈။ မဟာဝဂ္ဂဋီကာ နိဿယ (ပထမတွဲ) (၂၀၁၀)
၁၉။ မဟာဝဂ္ဂဋီကာ နိဿယ (ဒုတိယတွဲ) (၂၀၁၀)
၂၀။ အင်္ဂုတ္တိုရ်ပါဠိတော် နိဿယ (ပထမတွဲ) (၂၀၁၀)
၂၁။ အင်္ဂုတ္တိုရ်ပါဠိတော် နိဿယ (ဒုတိယတွဲ) (၂၀၁၀)
၂၂။ အင်္ဂုတ္တိုရ်ပါဠိတော် နိဿယ (တတိယတွဲ) (၂၀၁၁)
၂၃။ အင်္ဂုတ္တိုရ်ပါဠိတော် နိဿယ (စတုတ္ထတွဲ) (၂၀၁၁)

**ဖြန့်ချိရေး**

- သစ္စာမဏ္ဍိုင်စာပေ၊ ရွှေတိဂုံတောင်ဘက်မုခ်
  ဖုန်း–၀၁–၃၈၇၁၄၉၊ ၀၉–၅၁၂၅၂၈၅